စိတ်ကူးချိုချိုအနုပညာ

မောင်ထွန်းသူ

တို့ဘဝ တို့ကမ္ဘာ

John Steinbeck

Tortilla Flat

WHISPER OF WORDS

ပဌမအကြိမ်

About Author

မောင်ထွန်းသူ

၁၉၃၁ - ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်နေ့တွင် အဖ မြေတိုင်းစာရေး ဦးဖေတင်၊ အမိ ဒေါ်ဖြူတို့က မန္တလေးတိုင်း၊ ရမည်းသင်း ခရိုင်၊ ပျော်ဘွယ်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း သား ၂ ယောက်အနက် အကြီးဖြစ်၍ အမည်ရင်းမှာ ဦးတင်ထွန်းဖြစ်သည်။

ငယ်စဉ်ကပျော်ဘွယ်၊ရမည်းသင်း၊
ပျဉ်းမနားမြို့များတွင်ပညာသင်ကြားခဲ့သည်။
အထက်တန်းကျောင်းသားဘဝကတည်းက စာတိုပေစများ ရေးသားခဲ့သည်။

၁၉၅၁ - ရန်ကုန်တက္ကသိုလ်ဝင်တန်းကို ရမည်းသင်း အထကမှ အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်သို့ ဆက် တက် ခဲ့သည်။၁၉၅၅ - ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

မောင်ထွန်းသူသည် စာပေဝါသနာ ပါသည့်အလျောက် နိုင်ငံခြားဝတ္ထုများကို ရွေးချယ်၍ ကျွမ်းကျွမ်း ကျင်ကျင် မြန်မာဘာသာသို့ ပြန်ဆို ရေးသားခဲ့သည်။ မောင်ထွန်းသူ ရေးသား ထုတ်ဝေခဲ့သည့် တက်စ်၊ အကျဉ်းစံ၊ သံမဏိ ကြိုက်ခြေ၊ တို့ပိုင်တဲ့မြေ၊ တို့ဘဝ တို့ကမ္ဘာ၊ စိမ်းရက်လေအား၊ ဇာစ်မြစ်၊ နှစ်လောက၊ သစ္စာရှင်၊ ဆိုင်ဂုံ၊ နောက်ဆုံးမြေ၊ ရမ္ဘက်မီး စသည့် ဘာသာပြန်ဝတ္ထုများ ထင်ရှားခဲ့လေသည်။

ဘာသာပြန် စာရေးဆရာမောင်ထွန်းသူသည် ဘာသာပြန် ဝတ္ထုစာအုပ်ပေါင်း ခုနစ်ဆယ်ကျော်ကို ရေးသား ထုတ်ဝေခဲ့ ပြီးဖြစ်သည်။ ၁၉၈၃ ခုနှစ်၌ အစိုးရ ဝန်ထမ်းဘဝမှ အငြိမ်းစား ယူခဲ့ပြီးနောက် စာပေလောကအတွင်း ဝင်ရောက် ကျင်လည် ခဲ့သည်။

အသက် ၇၆-နှစ်အရွယ် ၂၀၀၇ - မတ်လ ၁၉ ရက်နေ့ နံနက် ၁၀: ၃၀ နာရီတွင် တောင်ဥက္ကလာရှိ အောင်ရတနာ အထူးကုဆေးခန်း၌ လူကြီးရောဂါဖြင့် ကွယ်လွန်သည်။

ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ယဉ်ယဉ်မြင့်နှင့် သားသမီးများ (ကိုလွင်ဦး)+ဒေါ်သိန်းသိန်း၊ (ကိုကိုနိုင်) + ဒေါ်မေချိုအေး၊ မသီတာ၊ ကိုကိုအောင်၊ ကိုဝင်းထူး+မတင်မြတ် မြတ်မိုး၊ ကိုမျိုး(IR)ဖြူးတီမဂ္ဂဇင်း၊ ကိုအောင်တင်ဝင်း+ မဇင်မာထွန်းသူနှင့် မြေး ၈ ဦး ကျန်ရစ်ခဲ့သည်။

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Marketဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့"ကြိုက်နှစ်သက်တယ်" စာရေးသူများအား"အသိမှတ် ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များကို အရင်က ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား"အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR

မြန်မာပြန်သူ၏ အမှာ

ဤဝတ္ထု"တော်တီလာဖလက်" (Tortilla Flats) သို့မဟုတ်"တို့ဘဝတို့ကမ္ဘာ"ကို ပထမအကြိမ် ပုံနှိပ် ထုတ်ဝေ ခဲ့သည် မှာ နှစ်ကာလအားဖြင့် ခုနစ်နစ်ပါးမျှ ရှိခဲ့ပြီဖြစ်ပါသည်။

ဤမျှလောက်သော အချိန်ကာလ အတွင်းတွင် ဤစာအုပ်ကို ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရန် စိတ်အား ထက် သန်နေကြသော ထုတ်ဝေသူများနှင့် တွေ့ရသည်မှာ ကျွန်တော့်အဖို့ ဝမ်းသာ အားတက်စရာ ဖြစ်ခဲ့ရသည် သာမက စိတ်ကြည်နူး ချမ်းသာခြင်းလည်း ဖြစ်ခဲ့ရပါသည်။

ထိုမျှသာမကပါ ကျွန်တော် ဤစာအုပ်ကို မြန်မာပြန်စဉ်က ကျွန်တော့် စိတ်ထဲ၌ ဖြစ်ပေါ်ခဲ့ရသည့်"ခံစားမှုများ"ကိုပါ ပြန်ပြောင်းသတိရမိခဲ့ပါ၏။

ကျွန်တော် ဤဝတ္ထုကို မြန်မာပြန်ခဲ့သည်မှာ ကြိုက်လွန်း၍ ဖြစ်သည်။ အထူးသဖြင့် ဇာတ်လမ်းဇာတ်ကွက် ဟူ၍ မည်မည်ရရ တခမ်းတနားမရှိဘဲ ဇာတ်ကောင်များကို ပီပြင်စွာ အသက်သွင်းထားနိုင်သည့် မူရင်းစာရေးဆရာ၏ စာရေးခြင်း အတတ်ပညာကိုကြိုက်သည်။ ပြုံးသည့်အခါ ပြုံးရပြီး ရယ်သည့်အခါ ရယ်ရသည့် အထေ့အငေါ့များ၊ သရော်သံများဖြင့် ပြည့်နေသည့် အရေးအသားများကို နှစ်သက်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ မြန်မာစာဖတ် ပရိတ်သတ်ထံသို့ ပေးချင်သောဆန္ဒ ပြင်းပြခဲ့ပါသည်။ ထို့အတွက်ကြောင့်လည်း ဤဝတ္ထုကို ကျွန်တော်ပြန်ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော်လည်း ဤဝတ္ထု၏ အခန်းငါးခန်းပြန်အပြီးတွင်"မိမိကိုယ်ကိုယ် မိမိမယုံကြည်သောစိတ်" ဝင်လာသည်။ တစ်နည်းအားဖြင့်ပြောရလျှင် သို့မဟုတ် အမှန်အတိုင်းဝန်ခံရလျှင်"ကိုယ့်စာဖတ် ပရိသတ်ပေါ်ကို မယုံကြည်သောစိတ်" ဝင်လာခြင်း ဖြစ်ပါသည်။ ဤစိတ်ဝင်လာရခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်ပါ။

ဤဝတ္ထုသည် ဇာတ်လမ်းဇာတ်ကွက်ဟူ၍ မည်မည်ရရမရှိသောဝတ္ထုဖြစ်သည်။ ပရိသတ်အများစု ကြိုက်တတ်သည့် အထိုးအကြိတ် အပစ်အခတ်နှင့် အသတ်အဖြတ်ဟူ၍ လုံးဝမပါသော ဝတ္ထုဖြစ်နေသည်။ လွမ်းစရာ၊ ဆွေးစရာနှင့် ရင်ခွေးစရာ အချစ်ဇာတ်လမ်းဟူ၍လည်း လုံးဝမပါသော ဝတ္ထုဖြစ်နေသည်။

ဤအကြောင်းများကြောင့်လည်း ကျွန်တော့စိတ်တွင် ဤစာအုပ်ကို စာဖတ်ပရိသတ်က နှစ်သက် လက်ခံနိုင်ကြ ပါ့မလားဟူသော သံသယ ဝင်လာခြင်း ဖြစ်သည်။

ယင်းသံသယ၏ ခြောက်လှန့်မှုသည် ကြီးမားလှသည်ဖြစ်ရာ ကျွန်တော်သည် ပြန်လက်စ ဤစာအုပ်ကို ဆက်၍ မပြန်တော့ဘဲ ရပ်ထားခဲ့မိပါသည်။ ဤစာအုပ်ကို ဆက်မပြန်ဘဲ ရပ်ထားသည့် တစ်နှစ်နီးပါး

ကာလအတွင်း အခြားစာအုပ် သုံးအုပ် ဆက်တိုက် ပြန်ဖြစ်ခဲ့ပါသည်။

တစ်ရက်တွင်မူ ကျွန်တော်သည် ဤဝတ္ထုစာမူကို အပျင်းပြေသဘောဖြင့် ပြန်၍ဖတ်မိသည်။ထိုအခါ-"ပထမ အချုပ်ထဲ ရောက်စတွင် ကြမ်းပိုးများက သူ့အားအနှောင့်အယှက် ပြုခဲ့ကြ၏။

သို့သော်လည်း ကြမ်းပိုးများက သူ့အရသာကို ကောင်းစွာ သိသွားကြပြီး သူကိုယ်တိုင်ကလည်း သူတို့၏ကိုက်ခဲမှုများကို မဖြုံတော့သည့် အခြေအနေသို့ ဆိုက်ရောက်လာသည့်အခါ သူတို့သည် နှစ်ဦးနှစ်ဖက် ငြိမ်ချမ်းစွာ အတူတွဲ၍ နေထိုင်နိုင်ခဲ့ ကြလေသည်" ဟူသော အရေးအသားမျိုး။

"လူတစ်ယောက်ဟာ ဆင်းရဲနေတဲ့အခါမှာ တွေးတတ်တယ်ကွ၊ တကယ်လို့ ငါ့မှာပိုက်ဆံရှိလာရင် ငါ့သူငယ်ချင်းတွေနဲ့ ဝေမျှသုံးမယ်ပေါ့၊ ဒါပေမယ့် ပိုက်ဆံလည်းရလာရော စေတနာလည်းဝေးရာကို ပြေးပါလေရော" ဟူသော စာပိုဒ်မျိုး။

"အမြင့်မြတ်ဆုံးသော သုစရိုက်များကို ပြုနိုင်စွမ်းရှိသည့်စိတ်သည် အယုတ်အညံ့ဆုံးသော ဒုစရိုက်မှုများကိုလည်း ပြုနိုင်စွမ်းရှိသည်" ဟူသော စာပိုဒ်မျိုးနှင့် တွေ့ရသည့်အခါ ပြုံးရယ်မိပြန်ပါသည်။

ထိုအခါ ဤဝတ္ထုကို စာဖတ်ပရိသတ်ထံပို့ပေးလိုစိတ်သည် တစ်ဖန်ပြန်ပေါ်လာပြန်သည်။ ဤသို့ဖြင့် ကျွန်တော် ဤဝတ္ထုကို မြန်မာပြန် ဖြစ်ခဲ့ပါသည်။

ဤဝတ္ထု"တို့ဘဝတို့ကမ္ဘာ"သည်-၁၉၆၂ခုနှစ်-စာပေနိုဘယ်ဆုရ-ကမ္ဘာကျော်အမေရိကန်-စာရေးဆရာကြီး"ဂျွန်စတိန်းဘက်"၏ လက်ရာဖြစ်သည်။

သူ၏"ဒေါသမာန်" (The Grapes of Wrath)၊"တို့ပိုင်တဲ့မြေ" (Or Mice and Men) နှင့်"ပုလဲ" (The Pearl) စသော ဝတ္ထုများကဲ့သို့ပင် ပြောစမှတ်ပြုရလောက်အောင် ထူးခြားသည့်ဝတ္ထုတစ်ပုဒ်ပင် ဖြစ်သည်။

"ဒေါသမာန်"သည် စနစ်တစ်ခု၏ပြောင်းလဲမှုနှင့် လူလူချင်း ကိုယ်ချင်းစာတရား ကင်းမဲ့မှုတို့ကြောင့် ဖရိုဖရဲပြိုကွဲကာ အခြေပျက်အနေပျက် ဖြစ်သွားရသော လူ့အဖွဲ့ အစည်း တစ်ခု၏ ဘဝကို ကြီးကျယ် ခမ်းနားလာအောင် ရေးဖွဲ့ထားသည့် ဝတ္ထုကြီးဖြစ်သည်။

တစ်နည်းအားဖြင့် ပြောရလျှင် လူ့အဖွဲ့အစည်းတစ်ခု၏"လူမှုအနိဋ္ဌရုံ"များကို မီးမောင်းထိုးပြထားသည့် ဝတ္ထုကြီး ဖြစ်၏။

"တို့ပိုင်တဲ့မြေ"သည် လယ်ယာလုပ်သားဘဝ မှ မြေမဲ့ယာမဲ့ဖြစ်ကာ အခြေအနေမဲ့သွားရသော လူနှစ်ယောက်၏ ထူးခြားသော သံယောဇဉ်နှင့် ကြေကွဲဖွယ်ရာ အဖြစ်ကို ခြယ်မှုန်းပြသထားသည့် ဝတ္ထုဖြစ်သည်။

"ပုလဲ"သည် တန်ဖိုး မဖြတ်နိုင်လောက်အောင် အဖိုးထိုက်တန်သည့် ပုလဲကြီးတစ် လုံးကိုရသဖြင့် ပတ်ဝန်းကျင်တွင် လောဘ၊ ဒေါသ၊ မောဟတရားများ

ဖုံးလွှမ်းရိုက်ခတ်ကာ ကိုယ်စိတ်နှစ်ပါးကြီးစွာ ဆင်းရဲသွားရရှာသည့် တံငါသည် မိသားစုတစ်စု၏ ဒုက္ခကို ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။

ဤဝတ္ထု"တို့ဘဝတို့ကမ္ဘာ"မှာမူ စပိန်၊ ရက်အင်ဒီးယန်း၊ မက္ကဆီကန်နှင့် ကော့ကေစီယန်လူမျိုး သွေးချင်းနှော၍ ပေါက်ဖွားလာသည့်"ပီဆာနိုး" ဟုခေါ်သော လူမျိုးစုတစ်စု၏ဘဝကို ဖွဲ့ဆိုထားခြင်းဖြစ်လေသည်။ ဂျွန်စတိန်းဘက်သည် မိခင်ကျောင်းဆရာမ၏ ပြုစုပျိုးထောင်ပေးမှုကြောင့် ငယ်စဉ်ကတည်းက စာကောင်းပေကောင်းများ ဖတ်ခြင်းတွင် ဝါသနာထုံခဲ့သူဖြစ်သည်။ ထိုစာအုပ်များကို ဖတ်ခြင်းအားဖြင့် ငယ်စဉ်ကတည်းက စာရေးဆရာဖြစ်ချင်စိတ် ပြင်းပြခဲ့သူ ဖြစ်သည်။ သူ၏မွေးရပ်ဇာတိ ဆလိုင်းနတ်စ်မြို့ အထက်တန်းကျောင်းမှာ ပညာသင်ကြားနေစဉ်ကတည်းက သူသည် ကျောင်းမဂ္ဂဇင်း၌ဆောင်းပါးများရေးခဲ့သည်။

စတင်းဖိုဒ်တက္ကသိုလ်သို့ ရောက်သွားသည့်အခါတွင်လည်း တက္ကသိုလ်မှထုတ်ဝေသမျှ စာစောင်များနှင့် မဂ္ဂဇင်းများ၌ သိပ္ပံဆောင်းပါးများ၊ ကဗျာများနှင့် သရော်စာများကို အဆက်မပြတ်ရေးခဲ့သည်။

တက္ကသိုလ်မှထွက်၍ အပြင်လောကသို့ရောက်သည့်အခါ ဂျွန်စတိန်းဘက်သည် သူကျောင်းသားဘဝက ရေးထားခဲ့သည့် ဝတ္ထုတိုများကို ထုတ်ဝေနိုင်ရန် အားထုတ်သည်။

သို့သော်လည်း သူ့ဝတ္ထုတိုများအပေါ် စိတ်ဝင်စားသည့် ထုတ်ဝေသူတစ်ဦးမျှမတွေ့ ။

ကံအားလျော်စွာ ၁၉၂၉ခုနှစ်တွင် သူ၏"ရွှေဖလား" အမည်ရှိ လုံးချင်းဝတ္ထုကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုဝတ္ထုမှာ သူတက္ကသိုလ်ကျောင်းသားဘဝက စတင် ရေးသားခဲ့သော ဝတ္ထုဖြစ်၍ ခြောက်ကြိမ်တိတိ ပြန်လည် ပြင်ဆင် ရေးသားထားသော ဝတ္ထုဖြစ်၏။

၁၇ရာစုအတွင်းက ကျော်ကြားခဲ့သော အင်္ဂလိပ်လူမျိုး ပင်လယ်ဓားပြကြီး"ဟင်နရီမော်ဂန်"(နောင်အခါတွင် ဂျမေကာ ကျွန်း၏ ဘုရင်ခံဖြစ်လာသူ)၏ အကြောင်းကိုနောက်ခံထား၍ ဇာတ်အိမ်တည်ထားသော ဝတ္ထုဖြစ်သည်။

စိတ်ကူးယဉ်မှု အများအပြားဖြင့် မွမ်းမံရေးဖွဲ့ထားသော ဤဝတ္ထုကို လူကြိုက်များလိမ့်မည်ဟု ဂျွန်းစတိန်းဘက်က မျှော်လင့်ခဲ့၏။ သို့သော်လည်း သူမျှော်လင့်သလိုဖြစ်မလာဘဲ စိတ်ဝင်စားသူ မရှိသလောက် အဖြစ်မျိုးနှင့်သာ ရင်ဆိုင်ခဲ့ရ၏။

ထို့ နောက်"မသိမသာ ဘုရားသခင်သို့"ဝတ္ထုနှင့်"ကောင်းကင်ဘုံနှင့်စားကျက်မြေများ" ဝတ္ထု ထွက်ခဲ့ပြန်သည်။ ထိုနှစ်အုပ်မှာလည်း ပရိသတ်မကြိုက်သဖြင့် အောင်မြင်မှုနှင့် ဝေးခဲ့ရန်းကန်ခဲ့ရ၏။

ဤသို့ဖြင့် သူ၏ လေးအုပ်မြောက်ဖြစ်သော"တော်တီလာဖလက်တ်" သို့မဟုတ်"တို့ဘဝတို့ကမ္ဘာ" ဝတ္ထုစာမူသည် ထုတ်ဝေသူမရှိတော့ဘဲ သူ့လက်ထဲ၌ သောင်တင်နေခဲ့ရလေတော့၏။

ယင်းသို့ သောင်မတင်ရေမကျ ဖြစ်နေခိုက်တွင် ဂွန်စတိန်းဘက်အား အထောက်အကူ ပြုသည့် ဖြစ်ရပ် တခုသည် မမျှော်လင့်ဘဲ ပေါ်ပေါက်လာသည်။ နယူးယောက်မြို့မှ အယ်ဒီတာတစ်ဦး ဖြစ်သော မတ်စကယ်ကိုဗ့ီစီသည် ရိုကာရိုမြို့သို့ အလည်သွားရ၏။ စာအုပ်ဆိုင်တဆိုင်သို့ဝင်ရာမှ ဂွန်စတိန်းဘက်အား အလားလာရှိနေသည့် စာရေးဆရာတစ်ယောက်ဟု မြင်လာသည်။

စာပေဝန်ဖန်ရေးဆရာ"ဂီလျံရိုးစ်ဘက်နက်က"တို့ဘဝတို့ကမ္ဘာ" မှ ဇာတ်ကောင်များသည် ကလေးဆိုးများနှင့် တူသည်။

သူတို့သည် မည်သည့်အရာကိုမှ အလေးအနက်မပြုကြ။ အရာရာတိုင်းကို ပေါ့ပေါ့တန်တန် သဘောထားကြသည်။ သူတို့သည် ကိုယ်ကြိုက်သလိုနေပြီး ကိုယ်ကောင်းသည်ထင်ရာကို လုပ်နေကြသော"ပျော်ပျော်နေသေခဲဝါဒသမားများ" ဖြစ်ကြသည်။ ဤလူစုကိုပင်လျှင် ဂွန်စတိန်းဘက်က ကိုယ်ချင်းစာနာစိတ်၊ သနားကြင်နာစိတ်တို့ဖြင့် ရေးဖွဲ့ခဲ့သည်။ အထူးသဖြင့် သူ၏ကရုဏာမကင်းသော သရော်မှုကလေးများကို သိမ်မွေ့စွာဖွဲ့ဆိုထားသည်ကို တွေ့ရသည်ဟု ဆိုခဲ့သည်။

စာပေပညာရှင်"အလန်ထရက်ချ်တင်းဘာ့ဂ်နှင့် ဘင်ဂျာမင်ဒီမော့"တို့ကမူ"ဂွန်းစတိန်းဘက်၏ တို့ဘဝတို့ကမ္ဘာသည် ဇာတ်လမ်းကို အသားပေးသည့်ဝတ္ထုမဟုတ်၊ ဇာတ်ကောင်စရိုက်ကို အလေးအနက်ပြုသည့်"စရိုက်ဖော်ဝတ္ထု" ဖြစ်သည်။ စရိုက်ဖော်ရင်းမှပင် ဘဝ၏အမြင်များကို သုံးသပ်တင်ပြသွားသည်ဖြစ်ရာ ယင်းသုံးသပ်တင်ပြချက်များကို မြင်အောင် ကြည့်နိုင်ကြဖို့ လိုပေသည်"ဟု ဝေဖန်ခဲ့ကြသည်။

ဤဝတ္ထု"တို့ဘဝတို့ကမ္ဘာ"ကို မြန်မာပြန်စဉ်က ကျွန်တော့်တွင် ဖြစ်ပေါ်ခဲ့သည့်"မဝံ့မရဲစိတ်"ကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း ဤစာအုပ်ထွက်လာသည့်အခါ စာဖတ်ပရိသတ်က နှစ်သက်လက်ခံသည့် စာအုပ် တစ်အုပ် ဖြစ်လာခဲ့ရပါသည်။

ဤစာအုပ်ကို နှစ်သက်လက်ခံကြောင်း ဝေဖန်ပြောဆိုသံများကိုလည်း ကြားခဲ့သိခဲ့ရပါသည်။

ထိုအခါ"ကိုယ့်စာဖတ်ပရိသတ်ပေါ် ကိုယ် မယုံကြည်သောစိတ်" ဝင်ခဲ့မိခြင်း၏အပြစ်ကို ကျွန်တော်မြင်လာခဲ့ပါသည်။ ဤအပြစ်အတွက် စာဖတ်ပရိသတ်က ကျွန်တော့်အား ခွင့်လွှတ်နိုင်ကြ လိမ့်မည်ဟု မျှော်လင့်ပါသည်။

မောင်ထွန်းသူ

၁၉၉၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်

နိဒါန်း

ဤဝတ္ထုသည် ဒင်နီ၏ အကြောင်း ဒင်နီ၏ သူငယ်ချင်းများ အကြောင်းနှင့် ဒင်နီ တို့အိမ်အကြောင်းကို ရေးဖွဲ့ ထားသော ဝတ္ထုဖြစ်သည်။ ထိုအရာသုံးခုမည်ကဲ့သို့ ပေါင်းစပ်ပြီး တစ်ခုတည်းဖြစ်သွားသည်ကို ဖော်ပြ ထားသော ဝတ္ထု တစ်ပုဒ် လည်း ဖြစ်သည်။

ထို့ကြောင့် ဤဝတ္ထုထဲ၌ ဒင်နီ၏ အိမ်အကြောင်း ပြောသည့်အခါ သစ်သားအမိုး၊ သစ်သားအကာ၊ လှော်ချင်းနှင့်ထုံးဖြူများ သုတ်ထားသော ကက်စတိုင်းလ် ဟုခေါ်သည့် စပိန် တောနင်းဆီရိုင်းများ အုံလိုက်ကျင်းလိုက် ပေါက်ရောက်နေသော အဆောက်အအုံ တစ်ခုအကြောင်းကိုသာ ကွက်၍ ပြောနေခြင်းမဟုတ်။

ဒင်နီ၏ အိမ်အကြောင်း ပြောနေသည့်အခါ လူတစ်စု အကြောင်းကိုပါ ပြောနေခြင်း ဖြစ်သည်ဟု နားလည်ဖို့ လိုသည်။ ထိုလူတစ်စုအတွင်း ပေါက်ဖွားလာသည့် သာယာမှုနှင့် ပျော်ရွှင်မှု၊ ကိုယ်ချင်းစာမှုနှင့် ကူညီ ရိုင်းပင်းမှု၊ နားလည်ရ ခက်လောက်အောင် နက်နဲလှသည့် ကြေကွဲဝမ်းနည်းမှု များအကြောင်းကိုပါ ပြောနေခြင်း ဖြစ်သည်ဟု နားလည်ဖို့ လိုသည်။

အဘယ်ကြောင့်ဆိုသော် ဒင်နီ၏ အိမ်သည် အင်္ဂလန်ပြည့်ရှင် ဘုရင်အာသာ ညီလာခံ ကျင်းပရာ နေရာနှင့် တူ၍ ဒင်နီ၏ သူငယ်ချင်းများသည် ထိုညီလာခံတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် နိုက် ခေါ် သူရဲကောင်းများနှင့် တူကြသောကြောင့်ပေတည်း။

ထို့ပြင်လည်း ဤဝတ္ထုသည် ထိုအုပ်စုကလေး မည်ကဲ့သို့ တည်ရှိလာသည်၊ လှပ၍ အမြော်အမြင်ရှိသော လူ့အဖွဲ့ အစည်းလေး တစ်ရပ် အဖြစ် မည်ကဲ့သို့ ရှင်သန်လာသည်၊ မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသည် စသည် များကို ဖော်ပြထားသော ဝတ္ထုဖြစ်၏။ ဤဝတ္ထုသည် ဒင်နီသူငယ်ချင်းများ၏ စွန့်စားခန်းများ။ သူတို့ လုပ်ခဲ့သော ကောင်းမှုများ၊ သူတို့၏ အတွေးအခေါ်များနှင့် သူတို့၏ ကြိုးပမ်းအားထုတ်မှု များကိုလည်း ဖော်ပြသည်။ နောက်ဆုံးတွင် ဤဝတ္ထုသည် ထိုအုပ်စုကလေးအတွင်းရှိ နှစ်လိုဖွယ်ရာကောင်းသည့် အရာဟူသမျှ မည်ကဲ့သို့ ကွယ်ပျောက်သွားကြရသည်ကိုလည်းကောင်း၊ ဤအုပ်စုကလေး မည်ကဲ့သိုပ ဖရိုဖရဲဖြစ်ကာ မည်ကဲ့သို့ ပြိုကွဲ ပျက်စီး သွားရသည်ကိုလည်းကောင်း ပြောပြလေသည်။

ကာလီဖိုးနီးယားပြည်နယ်၏ ပင်လယ်ကမ်းခြေ တစ်နေရာရှိ မြို့ဟောင်းတစ်မြို့ ဖြစ်သော မွန်ထရေးမြို့ တွင် ဤ အကြောင်းအရာများသည် လူသိများပြီး ထင်ရှားသောအရာများဖြစ်၏။ ထပ်တလဲလဲပြောနေကြသည့် အကြောင်းအရာ လည်းဖြစ်၏။ တစ်ခါတစ်ရံတွင် တခမ်းတနား ချဲ့ကား၍ပင်

ပြောဆိုတတ်ကြသည်။ တကယ်တော့ ဤဖြစ်စဉ်များကို ပေထက်အက္ခရာတင်၍ မှတ်တမ်းတင်ထားပါက ကောင်းပေလိမ့်မည်။

သို့မှသာလျှင် နောင်အနာဂတ်ကာလတစ်ခုအတွင်း၌ ရှိလာမည့် ပညာရှင်များသည် ဤပုံပြင် ဝတ္ထုများကို ကြားကြသည့်အခါ အာသာဘုရင်၏ အကြောင်း၊ ရိုလန်၏ အကြောင်းနှင့် ရော်ဘင်ဟု၏အကြောင်း ပြောသည့်အခါ သုံးနှုန်းပြောဆိုကြသကဲ့သို့ ပြောဆိုခြင်း ပြုကြလိမ့်မည်မဟုတ်။

"ဒင်နီဆိုတဲ့ လူမရှိဘူး၊ ဒင်နီ ရဲ့ သူငယ်ချင်းဆိုတာလည်း မရှိဘူး။ ဒင်နီရဲ့ အိမ်ဆိုတာလည်း မရှိဘူး။ ဒင်နီ ဆိုတာ စိတ်ကူးနဲ့ ဖန်ဆင်းကိုးကွယ်နေတဲ့ နတ်တစ်ပါးပါ၊သူရဲ့ ရည်ညွှန်းထားတဲ့ ရှေးဟောင်း အမှတ်အသားတွေပါ"ဟု လည်း ပြောကြလိမ့်မည် မဟုတ်။

မည်သို့ပင်ဖြစ်စေ ယခုအခါ ဤဖြစ်စဉ်သမိုင်းကို မှတ်တမ်းတင်ထားလိုက်ပြီဖြစ်ရာ ဤဖြစ်စဉ်များ အပေါ်၌ စိတ်ချဉ် ပေါက်နေကြသော ပညာရှင်များ၏ နှုတ်ခမ်းများဆီမှ သရော်သံ လှောင်သံများကို ကြားကြရတော့ မည် မဟုတ်။

မွန်ထရေးမြို့သည် တောင်ကုန်းတစ်ခု၏ ဆင်ခြေလျှောပေါ်၌ တည်ရှိသည်။ သူ့အောက်ဘက် အနိမ့်ထဲတွင် ပြာသော ပင်လယ် တွေရှိ၍ သူ့နောက်ဘက်တွင် မြင့်မားသော ထင်းရှူးပင်မည်းမည်းများဖြင့် ပြည့်နေသည့် တောအုပ်တစ်ခု ရှိသည်။ မြို့၏ အနိမ့်ပိုင်းများတွင် အမေရိကန်များ၊ အီတလီများ၊ ငါးဖမ်းလုပ်သားများနှင့် စည်သွတ်ဘူး စက်ရုံအလုပ်သမားများ နေထိုင်ကြသည်။

သို့သော်လည်း တောင်ကုန်းအပေါ်ဘက်ရှိ မြို့ဆင်ခြေဖုံးနှင့် တောအုပ်ထိတွေ့ ဆက်စပ်နေသောနေရာ၊ ကတ္တရာစေးနှင့် လုံးဝ အထိအတွေ့ မရှိသော လမ်းများရှိရာနေရာနှင့် လမ်းထောင့်များတွင် လမ်းမီးတိုင်ဟူ၍ လုံးဝ မရှိသောနေရာများ၌မူ မွန်ထရေးမြို့၏ မြို့သူမြို့သားဟောင်းများ နေထိုင်လျက်ရှိကြလေသည်။ သူတို့သည် ရှေးအခါက ပေလနယ်အတွင်း၌ ရှေးဟောင်း ဘရီဘွန်လူမျိုးများ အခိုင်အမာအခြေစိုက်ခဲ့ကြသည့်

နည်းတူ ထိုနေရာများတွင် အခိုင်အမာအခြေစိုက်၍ နေထိုင်လျက် ရှိကြ၏။ သူတို့ကား"ပီဆာနိုး"များ ပေတည်း။

သူတို့သည် ပေါင်းမြက်များ အလွန်ထူထပ်သော ခြံဝင်းများ အတွင်းရှိ သစ်သား အိမ်အိုအိမ်ဟောင်းများထဲ၌ နေ ကြသည်။

တောအုပ်အတွင်းမှ ထင်းရှူးပင်များသည် စီးပွားရေးပါဒနှင့် ကင်းသူများဖြစ်၏။ အလွန် ရှုပ်ထွေး သော အမေရိကန် စီးပွားရေးလုပ်ငန်း နည်းစနစ်များနှင့်လည်း လွတ်ကင်းနေသူများဖြစ်၏။ သူတို့ ထံတွင် ဘာမှမရှိ၊ အပေါင်ခံစရာပစ္စည်းလည်း ဘာတစ်ခုမှ မရှိသဖြင့် ထိုစီးပွားရေးစနစ်သည် သူတို့လူစုကို အလွန်ပြင်းထန်သော အရှိန်အဟုန်ဖြင့် ထိုးနှက် တိုက်ခိုက်ခြင်းမပြုနိုင်။

ပီဆာနိုးတစ်ဦးဆိုသည်မှာ ဘာလဲ။ သူသည်စပိန်၊ ရက်အင်ဒီးယန်း၊ မက္ကဆီကန်နှင့် ကော့ကေးဆီယန်း သွေးများ ရောနှောပေါင်းစပ်ထားသူဖြစ်သည်။ သူ၏ ဘိုးဘွားဘီဘင်များသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာ သို့မဟုတ် နှစ်ရာခန့်က ကယ်လီဖိုးနီးယားပြည်နယ်အတွင်း၌ နေထိုင်ခဲ့ကြသူများဖြစ်သည်။

သူသည် အင်္ဂလိပ်စကားကို ပီဆာနိုး လေသံဖြင့်ပြော၍ စပိန်စကားကိုလည်း ပီဆာနိုး လေသံဖြင့်ပင် ပြောသည်။ သူ့ကို ဘာလူမျိုးလဲဟု အမေးခံရသည့်အခါ သူသည် စိတ်ဆိုးမာန်ဆိုးဖြင့် စပိန်လူမျိုးစစ်စစ်ဖြစ်သည်ဟု ဒေါသတကြီး အဖြေပေးညပီး သူ့အင်္ကျီလက်မောင်းကို ပင့်တင်ကာ အဖြူရောင် သမ်းနေသည့် သူ့လက်မောင်းအတွင်း သားနုနုကို ပြသည်။

ရွှံ့စေးဖြင့် ပြုလုပ်ထားသော ဆေးတံတစ်ချောင်း၏ အရောင်ကဲ့သို့ အညိုရောင်သမ်းနေသည့် သူ၏ အသားရောင်သည် နေလောင်ဒဏ်ခံထားရကြောင်းကို ဖော်ပြလျက်ရှိသည်။ သူသည် ပီဆာနိုးတစ်ဦးဖြစ်၍ မွန်ထရေးမြို့၏အပေါ်ဘက် တောင်ကုန်းပေါ်ရှိ"တော်တီလာဖလက်"ဟု ခေါ်သော ရပ်ကွက်အတွင်း၌ နေထိုင်သည်။

ဒင်နီသည် ပီဆာနိုး တစ်ဦးဖြစ်၍ တော်တီလာဖလက်ရပ်ကွက်အတွင်း၌ မွေးဖွားကြီးပြင်းလာရသူဖြစ်ရာ လူတိုင်းက သူ့ကို ခင်ကြသည်။ သို့သော်လည်း သူသည် တော်တီလာဖလက် ရပ်ကွက်၏ ကလေးများထဲမှ ကလေး တစ်ဦး မျှသာဖြစ်၏။ အခြားကလေးများနှင့် မတူအောင် တစ်မူထူးခြားသည့် ကလေးတစ်ဦးတော့ မဟုတ်ပေ။ သူသည် ရပ်ကွက်အတွင်းရှိ လူတိုင်းလိုလိုနှင့် သွေးသား တော်စပ်မှုကြောင့်သော်လည်းကောင်း၊ သို့မဟုတ် ဖြစ်ရပ်တစ်ခုခုကြောင့်သော်လည်းကောင်း ဆက်သွယ်မှုရှိနေသူဖြစ်၏။

တော်တီလာဖလက် ရပ်ကွက်အတွင်း၌ အိမ်ငယ်နှစ်လုံးကို ပိုင်ဆိုင်နေသော သူ့အဘိုးသည် အရေးပါ အရာ ရောက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ရုံမျှမက သူ၏ ချမ်းသာကြွယ်ဝမှုအတွက် အများ၏ လေးစားမှုကို ခံယူနေရ သူလည်း ဖြစ်၏။ အကယ်၍ တစ်နေ့တခြား ကြီးပြင်းလာနေသော ဒင်နီသည် သစ်တောထဲသွား၍ အိပ်နေခြင်း၊ နွားခြံကြီးများထဲဝင်၍ အလုပ်လုပ်နေခြင်း၊ မပေးလိုမကမ်းလိုသူများထံမှ သူ့အတွက် အစားအစာနှင့် ဝိုင်အရက်များ လုယူခြင်း စသည်များကို နှစ်နှစ်ခြိုက်ခြိုက် လုပ်နေခဲ့ပါမူ ယင်းကဲ့သို့ ပြုလုပ်နေခြင်း များသည် သူ့တွင် အလွန်ဩဇာညောင်းသော ဆွေမျိုးညာတိများရှိ၍ မဟုတ်ပေ။

ဒင်နီသည် ကိုယ်လုံး ကိုယ်ထည် သေးညှက်ညှက်၊ အသားမည်းမည်း၊ အရုပ်ပုသော်လည်း တက်တက်ကြွကြွရှိသည်။ သူ့အသက် နှစ်ဆယ့်ငါးနှစ်တွင် သူ့ခြေထောက်များသည် မြင်းတစ်ကောင်၏ ဘေးနှစ်ဖက်ရှိ အတွေးများ အတိုင်း ကွေးလာနိုင်သည်အထိခွင်လာခဲ့လေသည်။

ယခုကဲ့သို့ ဒင်နီအသက် နှစ်ဆယ့်ငါးနှစ် အရွယ်ရောက်လာသည့်အခါ

ဂျာမနီနှင့် စစ်ဖြစ်ပြီဟူသော ကြေညာချက် ထွက်လာသည်။ စစ်သတင်းကို ကြားသိရသောအချိန်တွင် ဒင်နီနှင့် သူ၏ သူငယ်ချင်းပီလွန် (ပီလွန်သည် ဘွတ်ဖိနပ် အရောင်းအဝယ်လုပ်ငန်းပြုတ်၍ ယောင်သုံးဆယ်ဖြစ်နေသူတစ်ဦး ဖြစ်၏။) သူတို့သည် ဝိုင် နှစ်ဂါလန်ပုလင်းများဖြင့် သောက်ပွဲကြီး ကျင်းပနေခိုက်ဖြစ်သည်။ ကုန်တင်ကုန်ချ အထမ်းသမား ကောင်ကြီး ဂျိုးသည် ထင်းရှူးပင်များကြား မှ တလျှပ်လျှပ် ထွက်နေသော ပုလင်း အရောင် များကို မြင်သည်။

ထိုအခါ သူသည် ဒင်နီနှင့် ပီလွန်ထံ ရောက်လာညပီး အရက်ဝင်သောက်လေသည်။ ပုလင်းများထဲ၌ အရက် အတော် များများ လျော့လာသည်နှင့်အမျှ နိုင်ငံချစ်စိတ်သည် လူသုံးဦး၏ရင်ထဲ၌ ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။ ဝိုင်အရက်တစ်စက်မျှ မကျန်တော့သည့်အခါတွင် သူတို့သုံးသီးသည် သူတို့၏ ရဲဘော်ရဲဘက်စိတ်နှင့် သူတို့ တစ်ဦးချင်းစီ၏ လုံခြုံမှုအတွက် လက်မောင်းချင်းချိတ်ကာ တောင်ကုန်းပေါ်မှ ဆင်း လာကြပြီး မွန်ထရေး မြို့တွင်းသို့ ဝင်ခဲ့ကြသည်။

စစ်သား စုဆောင်းရေး စခန်းတစ်ခုရှေ့ အရောက်တွင် သူတို့သည် အမေရိကန် နိုင်ငံတော်ကြီး အဓွန့်ရှည်ပါစေဟု ကျယ်လောင်စွာ အော်ဟစ်၍ ဆုတောင်းပြီး ဂျာမနီနိုင်ငံကို အရေဆုတ်ပစ်မည်ဟု အော်ကြီး ဟစ်ကျယ် ကြွေးကြော်ကြသည်။ သူတို့သည် ဂျာမန်အင်ပါယာကြီးကို ပျစ်ပျစ်နှစ်နှစ် ဆဲရေး တိုင်းထွာ ကြသည်။ ပယ်ပယ် နယ်နယ် ကျိန်ဆဲကြသည်။

နောက်ဆုံးတွင် သူတို့၏ အသံများကြောင့် စစ်သားစုဆောင်းရေးစခန်းမှ တပ်ကြပ်ကြီးသည် အိပ်ပျော် နေရာမှ လန့်နိုးလာပြီး ယူနီဖောင်းကို ကသုတ်ကရက် ဝတ်ကာ အပြင်သို့ ထွက်လာသည်။ ဆူဆူညံညံ လုပ်နေကြသော သူတို့လူစုကို ငြိမ်ဆိတ်သွားအောင်လုပ်သည်။ ပြီးတော့ သူတို့ကို တပ်သားများအဖြစ် လက်ခံ စာရင်း သွင်းရန် သူ့ခုံတွင် ထိုင်သည်။

တပ်ကြပ်ကြီးက သူတို့ကို သူ့ခုံရှေ့၌ တန်းစီ၍ ရပ်ခိုင်းသည်။ သူတို့သည် အရက်သောက်လွန်း၍ ကာယိန္ဒြေ ပျက်ခြင်း ရှိမရှိဟူသော စစ်ဆေးချက်မှတစ်ပါး အခြားစစ်ဆေးချက်ဟူသမျှကို အောင်မြင်ကြသည်။ ထို့နောက် တပ်ကြပ်ကြီးက ပီလွန်ကို စတင်၍ မေးခွန်းများမေးသည်။

" မင်း ဘယ်တပ်ကို ဝင်ချင်သလဲ"

" ကျုပ်ကတော့ နေရာမရွေးဘူး"ဟု ပီလွန်က ခပ်ပျော်ပျော် လေသံဖြင့် ဖြေသည်။

ငါတို့ကတော့ မင်းလိုကောင်းမျိုးတွေကို ခြေလျင်တပ်အတွက် လိုနေတယ်ကွ"ဤသို့ဖြင့် ပီလွန်သည် ခြေလျင် တပ်သားအဖြစ် စာရင်းသွင်းခံရသည်။

ထို့နောက် တပ်ကြပ်ကြီးသည် သူ့မျက်နှာကို ကောင်းကြီးဂျိုးဘက်သို့

လှည့်လိုက်သည်။ ဂျိုးမှာ အမူးပြေစ ပြုနေပြီ။"မင်းကတော့ ဘယ်သွားချင်သလဲ"၊

" ကျွန်တော် အိမ်ပြန်ချင်တယ်"ဟု ကောင်ကြီးဂျိုးက စိတ်မချမ်းမြေ့သံဖြင့် ပြောသည်။တပ်ကြပ်ကြီးက သူ့ကိုလည်း ခြေလျင်တပ်မှာပင် စာရင်းသွင်းလိုက်၏။

နောက်ဆုံးတွင် သူသည် မတ်တတ်ကြီး အိပ်ပျော်နေသော ဒင်နီနှင့် မျက်နှာချင်းဆိုင်လိုက်သည်။"ကဲ မင်းကကော ဘယ် သွားချင် သလဲ"

ဟာ" ငါမေးနေတယ်၊ ဘယ်တပ် ကြိုက်သလဲလို့"

" ဘာတပ်လဲ"

" မင်း ဘာလုပ်တတ်သလဲ"

" ကျုပ်လား၊ ကျုပ်ဘာမဆို လုပ်တတ်တယ်"

" မင်း အရင်က ဘာလုပ်ဖူးသလဲ"

" ကျုပ်လား ကျုပ်က လားရေဆုတ် တဲ့ ကောင်ပဲ"

" အိုး ... ဟုတ်လား၊ မင်း လားဘယ်နှစ်ကောင်လောက် ထိန်းနိုင်မလဲ"

ဒင်နီက အလွန်ဂရုမစိုက်သည့် အမူအရာဖြင့် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။"ခင်ဗျားမှာလား ဘယ်နှစ်ကောင် ရှိလဲ""သုံးသောင်း လောက် ရှိတယ်"ဟု တပ်ကြပ်ကြီးက ပြောသည်။

ဒင်နီက
သူ့လက်တစ်ဖက်ကိုယမ်းလိုက်ပြီး“သူတို့ကိုကြိုးနဲ့ချည်လိုက်ဗျာ"ဟုဆိုသည်။
ထို့ကြောင့် စစ်ကြီးဖြစ်ပွား နေသည့် ကာလတစ်လျှောက်လုံး ဒင်နီသည် တက္ကဆက်ပြည်နယ်သို့သွားကာ လားများကိုကျောင်းနေရ၏။ ပီလွန် ကတော့ ခြေလျင်တပ်နှင့်အတူ အိုရီးဂွန်းပြည်နယ်အတွင်း၌ လှည့်လည်သွားနေရပြီး ကောင်ကြီးဂျိုးကတော့ ထောင်ကျ သွားလေသည်။

ဒင်နီ ၏ စစ်ပွဲမှ ပြန်လာခြင်း၊ အမွေစား အမွေခံဖြစ်နေမှုနှင့် သစ္စာပြုခြင်း

ဒင်နီသည် စစ်တပ်မှ ထွက်၍ အိမ်သို့ ပြန်လာသောအခါ၊ သူသည် အမွေစား အမွေခံတစ်ဦး ဖြစ်နေပြီး ပစ္စည်းပိုင်ရှင် တစ်ဦးဘဝသို့ ရောက်နေသည်ကို တွေ့ရလေ၏။ သူ့အဘိုးသည် ဒင်နီအတွက် တော်တီလာဖလက် ရပ်ကွက်အတွင်း၌ အိမ်ငယ်နှစ်လုံးထားကာ ကွယ်လွန်သွားခဲ့လေသည်။

ထိုသတင်းကို ကြားရသောအခါ၊ ဒင်နီသည် ပစ္စည်းပိုင်ရှင်ဘဝဖြင့် ပစ္စည်းထိန်းရမည့် တာဝန်အတွက် ရင်လေးလျက်ရှိသည်။ သူသည် သူ့ပစ္စည်းကို သွား၍ မကြည့်သေးမီ ဝိုင်တစ်ဂါလန် ဝယ်ကာ တစ်ယောက်တည်း ကုန်အောင်သောက်သည်။ ထိုအခါ၊ စိတ်ထဲတွင် လေးနေသော တာဝန်ကြီးသည် သူ့ထံမှ ထွက်ပြေးပြီး၊ သူ၏ အလွန်ဆိုးရွားသော စိတ်ရိုင်းစိတ်မိုက်များသည် အပြင်သို့ အန်ထွက်လာကြသည်။

သူသည် သံကုန် ဟစ်၍ အော်သည်။ အယ်လ်ဗာရေးနိုးလမ်းပေါ်ရှိ ဘီလျက်ခုံထဲမှ ကုလားထိုင်တချို့ကို ကိုင်ပေါက်ကာ ချိုးပစ်သည်။

တစ်ခဏမျှသာ ကြာပြီး၊ သူ့ဘက်က အနိုင်ရသော ရန်ပွဲနှစ်ပွဲ ဆက်တိုက်ဖြစ်သည်။ ဒင်နီကို ဂရုစိုက်သူ တစ်ဦးမျှ မရှိ။ နောက်ဆုံးတွင်၊ လေးကိုင်းသဖွယ် ခွင်နေသော သူ့ခြေထောက်များသည် လေးကွက် သိုင်းနင်းကာ၊ သူ့ခန္ဓာကိုယ်ကို သယ်ဆောင်ပြီး သင်္ဘောဆိပ်ဘက်ရှိ ဆိပ်ခံတံတားဆီသို့ ပို့ပေးသည်။

ယခုလို နံနက်စောစောစီးစီးဆိုလျှင်၊ အီတလီလူမျိုး ငါးဖမ်းလုပ်သားများသည် ပင်လယ်ပြင်သို့ ထွက်ရန် ရာဘာရှူးဖိနပ်ကြီးများကို စီး၍ သွားလာ လှုပ်ရှားလျက်ရှိကြလေသည်။

လူမျိုးရေး မုန်းတီးမှုသည် ဒင်နီ၏ ကောင်းသောစိတ်ကို လွှမ်းမိုးခြိယ်လှယ်သည်။ သူသည် ငါးဖမ်းလုပ်သားများအား အခြောက်တိုက် ကြိမ်းမောင်းကာရန်စသည်။"မိမစစ် ဖမစစ်တဲ့ စစ္စလီကောင်တွေ"ဟု လှမ်းအော်သည်။"ထောင်ကျွန်းက အောက်တန်းစားတွေ၊ ခွေးတွေက မွေးတဲ့ ခွေးတွေရဲ့ ခွေးသားတွေ"ဟု ခေါ်သည်။

သူ့နှာခေါင်းကို လက်မနှင့် တွန်းလိုက်ပြီး ခါးကို ကော့ကော့ပြသည်။ ငါးဖမ်းလုပ်သားများက သူ့ကို ကြည့်၍ ပြုံးဖြဲဖြဲ လုပ်နေကြသည်။ လက်တွင်းမှ လှော်တက်များကို ပြောင်း၍ ကိုင်လိုက်ကြပြီး—"ဟယ်လို ဒင်နီ၊ မင်းဘယ်တုန်းက အိမ်ပြန်ရောက်သလဲ၊ ကနေ့ည အလည်လာခဲ့ပါလား၊ ငါတို့မှာ ဝိုင်အရက် တစ်မျိုး

ရှိတယ်ကွ"

ခင်နီသည် ပို၍ စော်ကားမော်ကား ပြုလာသည်။ သူသည် သံကုန် ဟစ်၍ ယုတ်ယုတ်မာမာ ဆဲရေး တိုင်းထွာခြင်း ပြုသည်။

သူတို့ကတော့ လှမ်း၍ နှုတ်ဆက်သည်။"သွားတော့မယ်ဟေ့ ခင်နီ၊ ညကျမှ တွေ့ကြတာပေါ့"။

သူတို့သည် လှေငယ်များထဲသို့ ဆင်းကာ အင်ဂျင်စက်ကို နှိုးကြသည်။ ပြီးတော့ ပင်လယ်တွင်းသို့ အရှိန်ပြင်းစွာ ထွက်သွားကြလေသည်။

ခင်နီသည် အစော်ကားခံရသလို ဖြစ်၍ ကျန်ခဲ့သည်။ သူသည် အယ်လ်ဗာရေးဒိုး လမ်းမအတိုင်း ပြန်လျှောက်လာသည်။ ဒုတိယလမ်းထဲအရောက်တွင် ပုလိပ်တစ်ယောက်က သူ့ကို ဆွဲသည်။ ဥပဒေကို အလွန်အမင်း ရိုသေလေးစားသောစိတ်ကြောင့် ခင်နီသည် ပုလိပ်ခေါ်ရာသို့ ကုပ်ကုပ်ကလေး လိုက်ပါသွားသည်။ အကယ်၍သာ ပူပူနွေးနွေး တပ်ထွက်တစ်ယောက်သာ မဟုတ်ခဲ့ပါမူ ထောင်ဒဏ် ခြောက်လတိတိ အပြစ်ပေးခံရမည် ဖြစ်၏။

ယခုမူ တပ်ထွက် ပူပူနွေးနွေး ဖြစ်နေသဖြင့် တရားသူကြီးက ထောင်ဒဏ် ရက်ပေါင်း သုံးဆယ် မျှသာ အပြစ်ပေးလိုက်သည်။

ထို့ကြောင့် ခင်နီသည် မွန်ထရေးမြို့တော် အကျဉ်းထောင်ထဲရှိ ခုတင်လေးတစ်လုံးပေါ်၌ တစ်လကြာမျှ နေထိုင်ခဲ့ရသည်။ တစ်ခါတစ်ရံတွင် သူသည် ထောင်နံရံများပေါ်၌ ညစ်တီးညစ်ပတ်ပုံများ ရေးဆွဲနေတတ်၍ တစ်ခါတရံတွင်မူ သူ၏ စစ်သားဘဝကို ပြန်တွေးနေတတ်သည်။

မြို့တော်ထောင်အတွင်းရှိ အချုပ်ခန်းလေးထဲ၌ နေရသော ခင်နီအဖို့ အချိန်တွေ ကုန်ခဲလှသည်။ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှ၏။ မကြာမကြာဆိုသလို အရက်မူးသမားတစ်ယောက် တလေ တစ်ညတာမျှ ရောက်လာတတ်သော်လည်း အများအားဖြင့်မူ မွန်ထရေးမြို့အတွင်း၌ ရာဇဝတ်မှုများ မရှိတော့သည့်နှယ် အကျဉ်းသားသစ်ဟူ၍ တစ်ဦးတလေမျှ ရောက်မလာသဖြင့် ခင်နီခမျာ အထီးကျန် ဖြစ်နေရရှာသည်။

ပထမ ရောက်စတွင် ကြမ်းပိုးများက သူ့ကို အနှောင့်အယှက် ပြုခဲ့ကြ၏။ သို့သော်လည်း ကြမ်းပိုးများက သူ့အရသာကို ကောင်းစွာ သိသွားပြီး သူကလည်း သူတို့၏ ကိုက်ခဲမှုများကို မဖြုံတော့သည့် အခြေအနေသို့ ဆိုက်ရောက်လာသောအခါ သူတို့သည် နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းစွာ အတူတွဲ၍ နေထိုင်နိုင်ခဲ့ကြလေသည်။

ခင်နီသည် သရော်လှောင်ပြောင်သော နည်းတစ်ခုကို တီထွင်၍ ကစားပြန်သည်။ သူသည် ကြမ်းပိုးကြီးကြီး တစ်ကောင်ကို ဖမ်းကာ နံရံတွင် ကပ်၍ ဖိသတ်လိုက်ပြီး ခဲတံတစ်ချောင်းဖြင့် ကြမ်းပိုးအသေကောင်ကို ပတ်၍ စက်ဝိုင်းတစ်ခု ဆွဲသည်။ ပြီးတော့"မြို့တော်ဝန်ကလောက်"ဟု အမည်ပေးသည်။

ထို့နောက် ကြိမ်းပိုး တစ်ကောင်ပြီး တစ်ကောင် ဖမ်းကာ မြို့တော်မြို့နီစပယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ နာမည်များကို ပေးသည်။

မကြာမီမှာပင် နံရံတစ်ခုပေါ်၌ ဖိသတ်ပြီး ကပ်ထားသော ကြိမ်းပိုးအသေကောင်များဖြင့် ပြည့်လာသည်။ ကြိမ်းပိုး တစ်ကောင်ချင်းစီကို မြို့ထဲမှ အရာရှိကြီးများနှင့် သူဌေးကြီးများ၏ အမည်ပေးသည်။

အသေကောင်များတွင် နားရွက်များနှင့် အမြီးများ ဆွဲပေးသည်။ နှာခေါင်းကြီးများနှင့် နှုတ်ခမ်းမွေးကြီးများ တပ်ပေးသည်။

ဒင်နီလုပ်နေပုံကြောင့် ထောင်စောင့် တီတိုးရပ်ဖ်မှာ များစွာ စိတ်အနှောက်အယှက် ဖြစ်ရ၏။ သို့သော်လည်း သူသည် ဒင်နီကို အပြစ်ရှာခြင်း မပြု၊ အဘယ်ကြောင့်ဆိုသော် ဒင်နီသည် ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် သူ့ကို ထောင်ဒဏ်အပြစ် ပေးခဲ့သော တရားသူကြီးနှင့် သူ့ကို ဖမ်းဆီး အရေးယူခဲ့သည့် ပုလိပ်အဖွဲ့ တို့ကို သရော်ခြင်း၊ ရှုတ်ချခြင်း မပြုသောကြောင့်ပေတည်း။ တကယ်တော့ ဒင်နီသည် ဥပဒေကို အလွန် ရိုသေစိတ်ရှိနေသည် မဟုတ်ပါလား။

တစ်ညတွင် ထောင်သည် တိတ်ဆိတ်ငြိမ်သက်ကာ အထီးကျန်နိုင်လျက် ရှိသည်။ တီတိုးရပ်ဖ်သည် ဝိုင်နှစ်လုံး ဆွဲကာ ဒင်နီ၏ အခန်းထဲသို့ ဝင်လာသည်။ နောက်တစ်နာရီခန့် အကြာတွင် သူသည် နောက်ထပ် ဝိုင်ထပ်ယူရန် အပြင်သို့ ထွက်ပြန်၏။ ထိုအခါ ဒင်နီသည် သူနှင့်အတူ လိုက်သွားလေသည်။ ထောင်သည် တိတ်ဆိတ် ခြောက်သွေ့ကာ ငြီးငွေ့ဖွယ်ရာ ဖြစ်သွားသည်။

သူတို့နှစ်ယောက်သည် သူတို့ အရက်ဝယ်ရန် သွားသည့် တော်ရဲလီး၏ ဆိုင်ထဲမှာပင် ထိုင်၍ သောက်ကြရာ ဆိုင်ရှင် တော်ရဲလီးက ကန်ထုတ်လိုက်သည့် အချိန်ကျမှ အသောက်ရပ်ကြသည်။ ထို့နောက်တွင် ဒင်နီသည် သူနှင့်အတူ ထင်းရှူးတောအတွင်းသို့ ဝင်ကာ အိပ်ပျော်သွားသည်။ တီတိုးရပ်ဖ်ကတော့ ထောင်သို့ ဒယီးဒယိုင် ပြန်သွားပြီး"ဒင်နီ ထောင်မှ ထွက်ပြေးပြီ"ဟု သတင်းပို့လေသည်။

နောက်တစ်နေ့လယ် မွန်းတည့်ချိန်လောက်တွင် နေရောင်ထိုး၍ နိုးလာသော ဒင်နီသည် လိုက်လံ ဖမ်းဆီးသူများလက်မှ လွတ်မြောက်ရန် တစ်နေရာရာသို့ သွား၍ တစ်နေ့လုံး ပုန်းနေတော့မည်ဟု ဆုံးဖြတ်လိုက်၏။ သူသည် အိပ်နေသောနေရာမှ ထွက်ပြေးခဲ့ပြီး ချုံများနောက်တွင် ဝင်ပုန်းသည်။ မုဆိုးလိုက်ခံနေရသည့် မြေခွေးတစ်ကောင်သဖွယ် ချုံများထဲမှ အပြင်သို့ ချောင်း၍ ချောင်း၍ ကြည့်နေသည်။

ညမိုးချုပ်သောအခါ သူသည် ချုံများနောက်မှ ထွက်လာခဲ့ပြီး သူလုပ်စရာရှိသည့် အလုပ်ကို လုပ်သည်။

ဒင်နီ၏ လုပ်ငန်းမှာ ရိုးရိုးရှင်းရှင်းကလေး ဖြစ်၏။ သူသည် စားသောက်ဆိုင်၏ နောက်ဖေးပေါက်သို့ သွား၍"ကျုပ်ခွေးကျွေးဖို့

ပေါင်မုန့်ကျန်ကလေးများ မရှိဘူးလား"ဟု သူက ထမင်းချက်ကို မေးသည်။

အလိမ်ခံလွယ်သော ထမင်းချက် အစားအစာများ ထုပ်နေခိုက်တွင် ဒင်နီသည် ဝက်ပေါင်ခြောက် နှစ်ခု ကြက်ဥက လေးလုံး၊ သိုးသားစင်းကော လက်တဆုပ်စာနှင့် ယင်ရိုက်တံ တစ်ချောင်းကို ခိုးယူပြီးခဲ့လေပြီ။

နောက် ကြုံတဲ့အခါကျတော့ ပိုက်ဆံပေးပါမယ်"ဟု ဒင်နီကပြောသည်။

"ဒီ အစအန အကြွင်းအကျန်တွေ အတွက် ပိုက်ဆံပေးစရာ မလိုပါဘူးဗျာ၊ ခင်ဗျားမယူလည်း ကျွန်တော်က လွှင့် ပစ်မှာပဲဟာ။

ထိုအခါ ဒင်နီသည် သူကျူးလွန်ထားသော ခိုးမှုအတွက် အတော်ကြီး စိတ်သက်သာရာ ရသွားသည်။ အကယ်၍ သာ ပစ္စည်းရှင်များက အပေါ်ယံကြည့်ပြီး ယခုကဲ့သို့ လွှင့်ပစ်မည့် ပစ္စည်းများဟု ယူဆ ကြမည် ဆိုပါက သူ့တွင် အပြစ်မဖြစ်နိုင်။ သူသည် တော်ရဲလီ၏ ဆိုင်သို့သွားပြီး သူခိုးလာသည့် ကြက်ဥလေးလုံး၊ သိုးသား စင်းကောနှင့် ယင်ရိုက်တံ များကို သူ့အတွက် လိုအပ်နေသည့် ပစ္စည်းများနှင့် အလဲအလှယ် လုပ်သည်။ ထို့နောက် ညစာချက် ပြုတ်စားသောက်ရန် တောအုပ်ဆီသို့ ပြန်လာခဲ့လေသည်။

ညသည် မှောင်မိုက်ကာ စွတ်စိုထိုင်းမှိုင်းလျက်ရှိ၏။ ဆီးနှင်းများသည် ဇာပဝါ ပါးပါးများဖြင့် လွှမ်းခြုံကာဆီး ပေး ထားသည့်နှယ် မွန်ထရေးမြို့ ဆင်ခြေဖုံးနှင့် နယ်နိမိတ် သတ်မှတ်ထားသော ထင်းရှူးပင် မည်းမည်းများ ကြားတွင် ကျရောက် ပိတ်ဖုံးလျက်ရှိကြလေသည်။

ဒင်နီသည် ခေါင်းကို ငိုက်စိုက်ချကာ တောအုပ်၏ အကာအကွယ်အောက်သို့ အမြန်ဆုံး ရောက်လိုဇောဖြင့် ခပ်သုတ်သုတ် လျှောက်သွားလျက်ရှိ၏။ သူ့ရှေ့တည့်တည့်မှ သူ့လိုပင် တက်သုတ်ရိုက်သွားနေသော လူသဏ္ဍာန် တစ်ခုကို သူသတိထားမိသည်။ ထိုပုံသဏ္ဍာန်နှင့် မလှမ်းမကမ်းသို့ ရောက်လာသောအခါ သုတ်သီး သုတ်ပျာ သွားနေသူမှာ သူ့သူငယ်ချင်း ပီလွန်ဖြစ်နေသည်ကို သိလာသည်။ တကယ်တော့ ဒင်နီသည် ရက်ရော သူတစ်ဦးဖြစ်ပါ၏။ သို့သော်လည်း သူသည် ဝက်ပေါင်ခြောက် နှစ်ခုနှင့် ပေါင်မုန့် အစအန တစ်ထုပ် မှ တစ်ပါး အခြားအစားအစာများကို ရောင်းပစ်ခဲ့ပြီးဖြစ်၏။

ပီလွန်ကို မမြင်ဟန်ဆောင်ပြီး ကျော်သွားမယ်"ဟု ဒင်နီက ဆုံးဖြတ်သည်။"သူ လျှောက်သွား နေပုံ ကတော့ ကြက်ဆင်သားကြော် အဝအလံစားထားရတဲ့ လူတစ်ယောက်လိုပါလား။ ထို့နောက် ချက်ချင်း ထူးခြားမှုတစ်ခုကို သူသတိထားမိသည်။ ပီလွန်သည် ကုတ်အင်္ကျီစများကို စုဆွဲပြီး သူ့ဝမ်းဗိုက်ကိုဖုံးထားသည်မဟုတ်ပါလား။"ဟေ့ ပီလွန် သူငယ်ချင်း"

ဒင်နီက အော်၍နှုတ်ဆက်သည်။ ပီလွန်က သုတ်ခြေတင်ပြေးသည်။ ဒင်နီက နောက်မှ အပြေးအလွှားလိုက်သည်။"ဟေ့ကောင် ပီလွန် သူငယ်ချင်း၊ ဘယ်သွားမှာ မို့ ဒီလောက်အပြေးအလွှား သွားနေရတာလဲကွ" မလွတ်နိုင်မှန်း

သိသွားသောအခါ ပီလွန်သည် ဆက်မပြေးတော့ဘဲ ရပ်စောင့်နေသည်။ ဒင်နီသည် မောကြီး ပန်းကြီး ဖြင့် ပီလွန်အနီးသို့ ရောက်သွားသည်။ သို့သော်လည်း သူ့အသံက စိတ်အားထက်သန် တက်ကြွ သော လေသံပင် ဖြစ်သည်။

"ငါ မင်းကို လိုက်ရှာနေတာ သူငယ်ချင်းရေ၊ ဟောဒီမှာမြင်လား၊ ကြည့်စမ်း။ ဘုရားသခင်က ပေးသနားလိုက်တဲ့ ဝက်သားကြော် နှစ်တုံးနဲ့ ပေါင်မုန့်ချိုချိုလေး နှစ်အိတ်၊ ငါ့မှာရှိတာလေးကို တို့နှစ်ယောက် ဝေမျှစားကြရအောင်။

ပီလွန်က သူ့ပခုံးများကို တွန့်သည်။"အေး၊ မင်းပြောတာကောင်းသားပဲ"ဟု ရေရွတ်သည်။ သူတို့သည် အတူတွဲ၍ တောအုပ်တွင်းသို့ ဝင်ခဲ့ကြသည်။ ပီလွန်သည် နားဝေတိမ်တောင် ဖြစ်လျက်ရှိသည်။ သူသည် တစ်စုံတစ်ရာကို မဝေခွဲနိုင်သည့်ပုံမျိုး ဖြစ်နေသည်။

နောက်ဆုံးတွင် သူသည် ဖျတ်ခနဲ ရပ်လိုက်ပြီး သူ့သူငယ်ချင်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။"ဒင်နီ"ဟု စိတ်ထိခိုက်နေသံဖြင့် စကားစသည်။"ငါ့ကုတ်အင်္ကျီအောက်မှာ ဘရန်ဒီတစ်ပုလင်း ဖွက်ပြီး ယူလာတယ်ဆိုတာ မင်းဘယ်လိုလုပ်သိသလဲ ဟင်?"

"ဘရန်ဒီဟုတ်လား?" ဒင်နီက အော်ကြီးဟစ်ကျယ် ရေရွတ်သည်။"မင်းမှာ ဘရန်ဒီရှိသလား? ဩော်—ဒါဆိုရင် နေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲနေတဲ့ မင်းအမေကြီးဖို့ ဖြစ်ချင်ဖြစ်မှာပေါ့"ဟု အလွန် ရိုးသားဖြူစင်သည့် လေသံဖြင့် ပြောသည်။"ဒါမှမဟုတ်လည်း ငါတို့ဘုရားသခင် နောက်တစ်ကြိမ်လာတဲ့အခါမှာ ဧည့်ခံဖို့အတွက် မင်းသိမ်းထားတာ ဖြစ်ချင်လည်း ဖြစ်ပေမပေါ့။ ငါဘယ်သူလဲ သိတယ်မဟုတ်လား? မင်းမှာ ဘရန်ဒီပုလင်း ရှိတယ်ဆိုတာ ငါတကယ်မသိပါဘူးကွာ။ ပြီးတော့လည်း ငါရေမငတ်ပါဘူး။ ဒီဘရန်ဒီပုလင်းကို ငါက လက်ဖျားနဲ့တောင် မတို့ပါဘူး ယုံပါ။ ငါ့မှာရှိတဲ့ ဝက်သားကြော်ကို အတူတူစားကြဖို့ ငါက ဖိတ်ပါတယ်ကွ။ ဒါပေမယ့် ဘရန်ဒီပုလင်းကတော့ မင်းပိုင်တဲ့ပစ္စည်းပဲ။"

ပီလွန်က လေသံခပ်ပြင်းပြင်းဖြင့် ပြန်ပြောသည်။"ဒီမယ် ဒင်နီ၊ ငါ့ဘရန်ဒီကို တစ်ယောက်တစ်ဝက် အညီအမျှ သောက်ကြမယ်ဆိုရင်တော့ မင်းနဲ့ အတူတူ သောက်ကြဖို့ ဝန်မလေးပါဘူး။"

"တစ်ပုလင်းလုံး မင်းတစ်ယောက်တည်း သောက်မပစ်အောင် စောင့်ကြည့်မယ့် တာဝန်ကတော့ ငါ့မှာ ရှိလိမ့်မယ်။"

ဒင်နီသည် ဘရန်ဒီပုလင်းအကြောင်းကို လုံးဝစကားစပ်၍ မပြောတော့ပေ။

"ဟေ့၊ ဟောဒီနေရာလေးက ရှင်းတယ်။ ဒီနေရာမှာ ဝက်ပေါင်ခြောက်ကို ငါက ဟင်းချက်မယ်။ ဒီအိတ်ထဲက သကြားပေါင်မုန့်ကို မင်းက မီးကင်။ မင်းရဲ့ ဘရန်ဒီပုလင်းကိုတော့ ဟောဒီမှာ ချထားပေါ့၊ ပီလွန်ရာ။ ဒီနေရာဟာ အကောင်းဆုံးနေရာပဲ။ တို့နှစ်ယောက်လုံးမြင်နိုင်တဲ့နေရာကွ"

သူတို့သည် မီးတစ်ဖို မွှေးလိုက်ကြပြီး ဝက်ပေါင်ခြောက်များကို မီးကင်ကြသည်။ မလတ်ဆတ်တော့သည့် ပေါင်မုန့်ကို စားကြသည်။ ပုလင်းထဲမှ ဘရန်ဒီသည် လျင်မြန်စွာလျော့လာသည်။

စားပြီးကြသောအခါ သူတို့သည် မီးဖိုနားသို့ တိုးဝှေ့၍ ထိုင်ကြကာ ဝတ်ရည်စုပ်နေသော ပျားများသဖွယ် ပုလင်းထဲမှ ဘရန်ဒီကို ဖြည်းဖြည်းချင်း သောက်ကြသည်။

ဆီးနှင်းများသည် သူတို့အပေါ်သို့ တဖွဲဖွဲကျဆင်းလျက်ရှိရာ သူတို့ကုတ်အင်္ကျီများမှာ ရွှဲရွှဲစိုလျက်ရှိ၏။ သူတို့၏ ဘေးပတ်ပတ်လည်ရှိ ထင်းရှူးပင်များကြားမှ တိုးဝှေ့ တိုက်ခတ်လျက်ရှိသော လေသည် ဝမ်းနည်းကြေကွဲသံနှင့် ညည်းညူလျက်ရှိလေသည်။

တစ်ခဏမျှအကြာတွင် အထီးကျန်နိုင်လှသော စိတ်သည် ဒင်နီနှင့် ပီလွန်တို့အပေါ်ကျရောက်လာသည်။ ဒင်နီသည် ဆုံးရှုံးသွားခဲ့သော သူငယ်ချင်းများ အကြောင်းကို တွေးနေသည်။

"အာသာမော်ရဲတစ်ယောက် ဘယ်ရောက်သွားပြီလဲ"ဟု ဒင်နီက သူ့လက်ဖဝါးများကို လှန်လိုက်ပြီး လက်များကို ရှေ့သို့ဆန့်၍မေးသည်။

"ပြင်သစ်နိုင်ငံထဲမှာ သေသွားပြီ"ဟု လက်ဖဝါးများကို မှောက်လိုက်ပြီး စိတ်ပျက်လက် ပျက်အမူအရာဖြင့် လက်များကို ပြန်ချကာ သူ့မေးခွန်း သူပြန်ဖြေသည်။

"သူသေရတာ သူနိုင်ငံအတွက်နိုင်ငံခြားတိုင်းပြည်တစ်ပြည်မှာသွားပြီး သေရတယ်။ သူနဲ့မသိတဲ့ သူစိမ်းတစ်ရံဆံတွေက သူ့မြေပုံနားမှာ လမ်းလျှောက်နေကြမှာပဲ၊ သူတို့ကတော့ အဲဒီနေရာက မြေကြီးထဲမှာ အာသာမော်ရဲ တစ်ယောက် လဲလျောင်းနေတာ ဘယ်သိကြမလဲ"

သူသည် လက်များကို ပြန်၍ မြှောက် လိုက်ပြန်သည်။

"ငါတို့သူငယ်ချင်း ကောင်းမက်ဘလို ကော ဘယ်ရောက်နေလဲ ထောင်ထဲမှာ?"ဟု ပီလွန်ကပြောသည်။

"မက်ဘလိုက ငန်းတစ်ကောင်ခိုးလာပြီး ချုံတောထဲ ဝင်ပုန်းနေတယ်။ ငန်းက သူ့ကို ဆိတ်တော့ မက်ဘလိုက လန့်အော်တယ်။ ဒါနဲ့ပဲ သူ့ကို ဖမ်းမိသွားရော၊ အခုတော့ ထောင်ထဲ ရောက်သွားပြီး ခြောက်လ နေရမယ်"

ဒင်နီက သက်ပြင်းချလိုက်ပြီး ပြောနေသည့်အကြောင်းအရာကို ပြောင်းသည်။ အမှန်တော့ သူငယ်ချင်းတွေ အကြောင်း လျှောက်ပြောနေခြင်းမှာ အထီးကျန်နိုင်လွန်း၍ ပြောစရာမရှိ ပြောစရာရှာပြီး ပြောနေခြင်းဖြစ်၏။ သို့သော်လည်း အထီးကျန်နိုင်မှုသည် ယခုအထိ ပျောက်မသွား။ သူသည် ထွက်ပေါက်တစ်ခုရှာပြန်သည်။

"ငါတို့ဒီမှာလာပြီး ထိုင်နေကြတယ်"ဟု စကားစလေသည်။

"ကြေကွဲသော နှလုံးသားနဲ့ကွယ်"ဟု ပီလွန်က နဖေသံဖြင့် ဒင်နီ၏

စကားကို ဆက်ပေးသည်။

"လုပ်မနေစမ်းပါနဲ့၊ ဒါကဗျာတစ်ပုဒ်မှ မဟုတ်ဘဲ"ဟု ဒင်နီက ပြောသည်။

"ငါတို့က ဒီမှာလာပြီး ထိုင်နေကြတယ်၊ အိမ်ခြေယာမဲ့ ဖြစ်နေလို့။ ငါတို့ဟာ ငါတို့တိုင်းပြည်အတွက် အသက်စွန့်ခဲ့ကြသည်။ အခုတော့ ငါတို့"ခေါင်းပေါ်မှာ အမိုးတောင် မရှိဘူး။"

"အံမယ် ဘယ်တုန်းကများ ငါတို့ခေါင်းပေါ်မှာ အမိုးရှိခဲ့ဖူးလို့လဲကွာ"ဟု ပီလွန်က လှမ်းပြောသည်။

ဒင်နီက ဘရန်ဒီပုလင်းကို မော့သည်။ ပီလွန်က သူ့တံတောင်ကို တို့၍ သတိပေးပြီး ပုလင်းကို သူ့လက်ထဲမှ ဆွဲယူကာ မှပင် အမော့ရပ်သည်။

"ဒီအဖြစ်ကြောင့် ဖာအိမ်နှစ်အိမ် ပိုင်တဲ့ လူတစ်ယောက်အကြောင်းကို ငါသတိရမိတယ်"ဟု ဒင်နီက ပြောသည်။ ချက်ချင်းပင် သူ့ပါးစပ်သည် ဟသွားသည်။

"ပီလွန်"ဟု ထအော်သည်။"ဟေ့ပီလွန်။ ဝဝကစ်ကစ်ဘဲကလေး တစ်ကောင်နဲ့တူတဲ့ ငါ့သူငယ်ချင်းရယ်။ ငါမေ့နေလိုက်တာကွာ၊ ငါအမွေစား အမွေခံ တစ်ယောက်ဖြစ်နေပြီဟေ့၊ ငါအိမ်နှစ်လုံးတောင် ပိုင်နေပြီ သိလား"

"ဖာအိမ်တွေလား?"ဟု ပီလွန်က မျှော်လင့်ချက်ကြီးစွာဖြင့် မေးသည်။"မင်းဆိုတဲ့ကောင်ဟာ အမူးသမား လူညာ တစ်ယောက်ပဲ"ဟု ဆက်ပြောသည်။

"မဟုတ်ဘူး ပီလွန်၊ ငါအမှန်ပြောတာ၊ ငါ့အဘိုး သေသွားပြီ။ ငါနဲ့ အဲဒီအဘိုးရဲ့ အမွေခံဖြစ်လာတာ။ ငါက သူ့ရဲ့ အချစ်ဆုံးမြေးလေကွာ"

"မင်းက တစ်ဦးတည်းသော မြေးလား?"ဟု လက်တွေ့သမား ပီလွန် ပြောသည်။"အဲဒီအိမ်နှစ်လုံးက ဘယ်မှာလဲ?"

"တော်တီလာဖလက် ရပ်ကွက်ထဲက အဘိုးရဲ့ အိမ်ကို မင်းသိတယ်မဟုတ်လား ပီလွန်?"

"ဒီမွန်ထရေးမြို့မှာလား?"

"ဟုတ်တယ်လေကွာ၊ ဟောဒီတော်တီလာဖလက်ရပ်ကွက်ထဲမှာပေါ့"

"အဲဒီအိမ်နှစ်လုံးက ကောင်းသေးရဲ့လား?"

ဒင်နီသည် စိတ်လှုပ်ရှားလျက်ရှိသဖြင့် အမောတကော ဖြစ်နေသည်။

"ငါလည်း မသိသေးဘူးကွ၊ သူတို့ကို ငါပိုင်တာတောင် မေ့နေတာ"

ပီလွန်သည် နှုတ်ဆိတ်သွားကာ တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးနေသည်။ သူ့မျက်နှာသည် ပူဆွေးသောကရောက်ခြင်းကို ဖော်ပြနေသည်။

သူသည် ထင်းရှူးသား လက်တစ်ဆုပ်စာကိုယူ၍ မီးဖိုထဲသို့ ပစ်ထည့်လိုက်၏။ တဟုန်းဟုန်းတောက်နေသော မီးတောက်များကို ပြန်ငြိမ်းသွားသည်အထိ ငေးစိုက်ကြည့်နေသည်။

ပြီးတော့ သူသည် သောကမကင်းသည့် မျက်နှာထားဖြင့် ဒင်နီ၏

မျက်နှာကို အချိန်အတော်ကြာမျှ စိုက်ကြည့်နေသည်။

ထို့နောက် သက်ပြင်းကြီးတစ်ချက်ချသည်။

"အခုတော့ ပြီးသွားပါပြီပေါ့ကွာ"ဟု ဝမ်းနည်းသံဖြင့် ပြောသည်။

"အခုတော့ ပျော်စရာအချိန်တွေဟာ ကုန်ဆုံးသွားပြီပေါ့။ မင်းရဲ့သူငယ်ချင်းတွေကတော့ ဝမ်းနည်းကြမှာပါ၊ ဒါပေမယ့် သူတို့ရဲ့ ဝမ်းနည်းမှုထဲက"ဘာတစ်ခုမှ ထွက်လာမှာ မဟုတ်တော့ပါဘူး"

ဒင်နီက လက်ထဲမှ ဘရန်ဒီပုလင်းကို ချထားလိုက်သဖြင့် ပီလွန်က ကောက်ယူပြီး သူ့ရင်ခွင်ထဲသို့ ထည့်ထားလိုက်လေသည်။

"နေပါဦး၊ ညပြီးသွားပြီဆိုတာ ဘာလဲကွ"ဟု ဒင်နီက မေးသည်။"မင်းပြောတဲ့ အဓိပ္ပာယ်က ဘာလဲ"

"အခုဟာမျိုးနဲ့ ကြုံရတာ ဒါ ပထမဆုံးအကြိမ် မဟုတ်ပါဘူးကွာ"ဟု ပီလွန်က ဆိုသည်။"လူတစ်ယောက် ဆင်းရဲနေတဲ့အခါမှာ တွေးတတ်တယ်၊ 'တကယ်လို့ ငါ့မှာ ပိုက်ဆံရှိလာရင် ငါ့သူငယ်ချင်းတွေနဲ့ ဝေမျှသုံးမယ်' ပေါ့၊ ဒါပေမယ့် ပိုက်ဆံလည်း ရလာရော၊ စေတနာလည်း ဝေးရာကို ပြေးပါလေရော။ မင်းလည်းပဲ ဒီအတိုင်း ဖြစ်မှာပါပဲ သူငယ်ချင်းရယ်၊ မင်းက မင်းသူငယ်ချင်းထက် မြင့်သွားပြီ မဟုတ်လား။ မင်းက ပစ္စည်းပိုင်ရှင်ကြီး တစ်ယောက်ဖြစ်သွားပြီးလေ၊ ရသမျှ ဝေမျှပေးခဲ့တဲ့ မင်းရဲ့ သူငယ်ချင်းတွေကိုလည်း မင်း မေ့သွားမှာပါ။ သူတို့က ခွဲတိုက်ခဲ့တဲ့ ဘရန်ဒီကို တောင်မှ သတိရမှာ မဟုတ်တော့ပါဘူး"

ပီလွန်၏ စကားများသည် ဒင်နီစိတ်ကို များစွာ ထိခိုက်စေသည်။

"ငါ အဲသလိုကောင်စား မဟုတ်ဘူးကွ"ဟု အော်ပြောသည်။"ငါ မင်းကို ဘယ်တော့မှ မမေ့ဘူး ပီလွန်"

"အေးပေါ့လေ၊ အခုအချိန်မှာတော့ မင်း အဲသလိုပဲ ထင်မှာပေါ့"ဟု ပီလွန်က အေးတိအေးစက်လေသံဖြင့် ပြောသည်။"ဒါပေမယ့် မင်းမှာ အိပ်စရာ၊ နေစရာ အိမ်နှစ်လုံးရှိလာတဲ့အခါကျတော့ မင်း သိလာ မြင်လာမှာပေါ့၊ မင်းက မြို့တော်ဝန်နဲ့ ထမင်းလက်ဆုံစားချိန်မှာ ပီလွန်ဟာ သာမည အောက်တန်းစား ဆင်းရဲသား တစ်ယောက်ဖြစ်နေမှာကွ"

ဒင်နီက ဒယီးဒယိုင်ထရပ်ပြီး သူ့ကိုယ်သူ ဟန်နိုင်ရန် သစ်ပင်တစ်ပင်ကို မှီလိုက်၏။

"ဒီမှာဟေ့ ပီလွန်၊ ငါကျိန်ပြောလိုက်မယ်၊ ငါပိုင်သမျှ မင်းပိုင်သမျှ၊ ငါ့မှာ အိမ်တစ်လုံးရှိရင် မင်းမှာလည်း အိမ်တစ်လုံးရှိတယ်လို့သာ မှတ်လိုက်၊ ကဲကွာ ငါ့ကို ဘရန်ဒီတစ်ကျိုက်လောက်ပေးပါဦး"

"မင်းလို လူစားကို ယုံရမယ် မယုံရဘူးဆိုတာကတော့ စောင့်ကြည့်ရဦးမှာပေါ့လေကွာ"ဟု ပီလွန်က သိပ်ပြီး အားမရှိသော လေသံဖြင့် ပြောသည်။"တကယ်လို့ မင်းပြောတဲ့အတိုင်း ဖြစ်လာရင်တော့ အံ့ဩစရာ သိပ်ကောင်းတဲ့ လောကကြီး တစ်ခု ဖြစ်လာမှာပဲ။ မိုင်ပေါင်းထောင်ပေါင်းများစွာ

ပေးကွာတဲ့ အရပ်ဒေသက လူတွေတောင် ဒီအဖြစ်ကို လာပြီး ကြည့်ကြလိမ့်မယ်သိလား၊ အေး... ပြီးတော့ ပုလင်းကတော့ ပြောင်တလင်းခါ သွားပြီကွ”

လောဘရမ္မက်၏ ဖြားယောင်းသွေးဆောင်မှုကြောင့် ပီလွန်သည် ဒင်နီ၏ ညွှန်ကြားချက်မှုကို မခံယူနိုင်ဘဲ ဖြစ်ရခြင်း

ရှေ့နေသည် သူတို့ကို ဒုတိယအိမ်ခြံတံခါးဝ၌ ထားခဲ့ပြီး သူ၏ ဖို့ဒ်ကားပေါ်သို့ ပြန်တက်ကာ တောင်ကုန်းဆင်ခြေလျှောလမ်းအတိုင်း မောင်း၍ မွန်ထရေးမြို့တွင်းသို့ ဝင်သွားလေသည်။ ဒင်နီနှင့် ပီလွန်တို့သည် သစ်သားဝင်းတိုင်းများကာရံထားသည့် ဝင်းထရံရှေ့၌ ရပ်ကာ ကိုယ်ပိုင်ဖြစ်လာသော အိမ်ကို တစိမ့်စိမ့်ကြည့်၍ ပီတိဖြစ်လျက်ရှိသည်။ ထုံးဖြူများသုတ်ထားသဖြင့် ကွက်တိကွက်ကျားဖြစ်နေသော အိမ်သည် ခပ်နိမ့်နိမ့်၊ ခန်းဆီးများမရှိသော ပြတင်းပေါက်များသည် ဟာလာဟင်းလင်း။

သို့သော်လည်း အိမ်ရှေ့ဆင်ဝင်တွင် ပန်းရောင်ကတ်စတီလီနှင်းဆီပွင့်ကြီးတစ်ပွင့်ရှိသည်။

အဘိုးစိုက်ထားခဲ့သော ရေမွှေးပန်းများသည် အိမ်ရှေ့ခြံဝင်းထဲရှိ ပေါင်းပင်မြက်ပင်များကြားတွင် အုံလိုက်ကျင်းလိုက် ရှင်သန်လျက်ရှိကြလေသည်။

"အိမ်နှစ်လုံးမှာ ဒီအိမ်ဟာ အကောင်းဆုံးပဲကွ,"ဟု ပီလွန်က မှတ်ချက်ချသည်။"ပြီးတော့ ဒီအိမ်က ဟိုအိမ်ထက်လည်း ပိုကြီးတယ်။"

ဒင်နီ၏ လက်ထဲတွင် သော့တစ်ချောင်းကိုင်ထားသည်။ သူသည် ခနော်နနော်နဲ့ဖြစ်နေသော အိမ်ရှေ့ဆင်ဝင် ကြမ်းပြင်ပေါ်သို့ တက်ကာ ခြေဖျားထောက်၍ လျှောက်သွားပြီး အိမ်ရှေ့တံခါးကို ဖွင့်သည်။ အိမ်ရှေ့ခန်းသည် သူ့အဘိုးရှိစဉ်က အခင်းအကျင်းအတိုင်း ခြေရာလက်ရာမပျက်သေး။ နံရံပေါ်တွင် ၁၉၀၆ ခုနှစ် ပြက္ခဒိန်ဟောင်းတစ်ခုနှင့် ပိုးသားအလံတစ်ခု၊ သံဖြင့်ရိုက်ပြီး ချိတ်ဆွဲထားသည့် အနီရောင်စက္ကူနှင့် ဆီပန်းတစ်ခိုင်၊ လေမီးဖိုတစ်လုံး၊ ကျိုးပျက်နေသော လှုပ်ကုလားထိုင်များ။

ပီလွန်သည် အိမ်အတွင်းသို့ လျှောက်ကြည့်သည်။"သုံးခန်းတောင်ရှိတယ်ကွ,"ဟု အသက်ပင်ကောင်းစွာမရှူနိုင်ဘဲ ပြောသည်။"အိပ်ရာခုတင်တစ်လုံးနဲ့ လေလုံမီးဖိုတစ်ခုလည်း ရှိတယ်။ ငါတို့နေရရင်တော့ ပျော်မှာပဲ ဒင်နီ။"

ဒင်နီသည် အိမ်ထဲတွင် သတိထား၍ လျှောက်သွားနေသည်။ သူ့အဘိုးနှင့်နေခဲ့စဉ်က တွေ့ခဲ့ရသည့် ခါးသီးနေသော အတွေ့အကြုံများကို သတိရနေမိ၏။ သူ့ရှေ့မှ လျှောက်သွားနေသော ပီလွန်သည် မီးဖိုခန်းထဲသို့ ဝင်သွားသည်။ ရေဘုံဘိုင်ခေါင်းကို ဖွင့်လိုက်၏။

"ရေမလာပါလားဟေ့၊ ဟေ့ ဒင်နီ၊ ရေ ရအောင် ကုမ္ပဏီ

မင်းသွားပြောမှဖြစ်မယ် သူတို့သည် ထိုနေရာ၌ ရပ်ကာ တစ်ယောက်ကို တစ်ယောက် ကြည့်၍ ပြုံးကြသည်။ ဒင်နီ၏ မျက်နှာတွင် ပစ္စည်းအတွက်ကြောင့်ကြ စိတ်အရိပ်လက္ခဏာ ထင်ဟပ်နေသည်ကို ပီလွန်က သတိထားမိသည်။ ရှေ့လျှောက်ပြီး အပူအပင်ကင်းမဲ့သော ဘဝသည် တည်ရှိတော့မည်မထင်။ အခုဆိုလျှင် သူ့တွင် ကျိုးနိုင်ပျက်နိုင်သည့် ပြတင်းပေါက်များ ရှိနေပြီဖြစ်ရာ ယခင်ကလို သူတစ်ပါး၏ ပြတင်းပေါက်မှန်များကို လွတ်လွတ်လပ်လပ်လိုက်၍ ချိုးနိုင်ဖျက်နိုင်တော့မည် မဟုတ်။

ပီလွန်၏ စကားများသည် မှန်၏။ သူသည် သူ့သူငယ်ချင်းများကြားတွင် ပျော်ပျော်ပါးပါး ကြီးပြင်းခဲ့ရသူဖြစ်သဖြင့် ဘဝ၏ ဒဏ်ကို ကြံ့ကြံ့ခံနိုင်လာခဲ့သူ ဖြစ်သည်။

"ပီလွန်ရာ ဒီအိမ်ကို မင်းကပိုင်ပြီး ငါက မင်းဆီကပ်နေရတဲ့ အဖြစ်မျိုးဆိုရင် သိပ်ကောင်းမှာပဲ"ဟု ဒင်နီက ပြောသည်။

ဒင်နီသည် ရေရရှိရေးကိစ္စအတွက် မွန်ထရေးမြို့ထဲသို့ ထွက်သွားသည်။ ဒင်နီမရှိခိုက်တွင် ပီလွန်သည် မြက်ပင်ချုံပင်များ ထူထပ်စွာ ပေါက်ရောက်နေသည့် အိမ်နောက်ဖေးခြံဝင်းထဲသို့ဆင်း၍ ကြည့်သည်။ အိုမင်းလှပြီဖြစ်သော သီးပင်များသည် မည်းနက်ကာ အရိုးပြိုင်းပြိုင်း ထနေကြလေပြီ။ ပြုစုစောင့်ရှောက်မှု မရှိသဖြင့် အပင်အားလုံးလိုလိုပင် ကျိုးပဲ့ပျက်စီးနေကြပြီဖြစ်၏။

ရှက်ထည်တဲနှင့်တူသော ကြက်ခြံများသည် ပေါင်းပင်များကြားတွင် လဲလျောင်းလျက်ရှိကြသည်။ မြက်ပင်ချုံပင်များ ကြားတွင် အညစ်အကြေးအထပ်ထပ်တက်လျက်ရှိနေသည့် စည်ပတ်သံပြားတစ်ပုံ၊ ပြာပုံတစ်ပုံနှင့် ပေါက်ပြဲစုတ်ပြတ်နေသည့် မွေ့ရာဟောင်းကြီးတစ်ခုကိုလည်း တွေ့ရသည်။

ပီလွန်သည် ခြံဝင်းမှကျော်၍ အခြားတစ်ဖက်ရှိ မစ္စက်မော်ရေး၏ ကြက်ခြံကို လှမ်းကြည့်သည်။ သူသည် တခဏမျှနိုင်၍ စဉ်းစားနေပြီး ကြက်မများ ဝင်လာနိုင်အောင် ခြံစည်းရိုးတွင် အပေါက်ကလေးများ လျှောက်ဖောက်သည်။"အခုလို မြက်ပင်ရှည်ကြီးတွေကြားမှာ ဝပ်ကျင်းလုပ်ရတာ ကြက်မတွေက သဘောကျမှာပဲ"ဟု သူတွေးသည်။

ကြက်ဖများ ဝင်လာပြီး ကြက်မများကို မနှောက်ယှက်စေရန်နှင့် ဝပ်ကျင်းများအနားသို့ ကြက်ဖများ မကပ်နိုင်ရန် ထောင်ချောက်တစ်ခုကို ဘယ်လိုလုပ်ရမည်ကိုလည်း သူစိတ်ကူးသည်။"ငါတို့ ဒီအိမ်မှာ ပျော်ပျော်ပါးပါးနေသွားမယ်"ဟု ထပ်တွေးပြန်သည်။

ဒင်နီသည် မွန်ထရေးမြို့မှ ဒေါသတကြီးဖြင့် ပြန်လာသည်။"ကုမ္ပဏီက စရန်ငွေ တောင်းနေတယ်ကွ"ဟု ပြောသည်။

"စရန်ငွေ?

အေး သူတို့က ရေမပေးခင် စရန်ငွေ သုံးဒေါ်လာ လိုချင်နေတယ်"

သုံးဒေါ်လာ ဆိုတာ ဝိုင် သုံးဂါလံဖိုးပါလား"ဟု ပီလွန်က ရေရွတ်သည်။

"ဒါဆိုရင်တော့ မဖြစ်ဘူး၊ ငါတို့ဟိုဘက်အိမ်က မစ္စက်မော်ရေးဆီမှာ ရေတစ်ပုံး ဈေးကြီးတာပေါ့။"

"ဒါပေမယ့် ငါတို့လက်ထဲမှာ ဝိုင်ဝယ်ဖို့ သုံးဒေါ်လာမှ မရှိတာ။"

"အဲဒါ ငါသိပါတယ်,"ဟု ပီလွန်က ပြောသည်။"တို့အနေနဲ့ မစ္စက်မော်ရေးဆီက ဝိုင် နည်းနည်းပါးပါး ဈေးရင်လည်း ရချင်ရမှာပေါ့ကွ။"

မွန်းလွဲပိုင်းသည် ကုန်သွားသည်။

"မနက်ဖြန်ဆိုရင် ငါတို့အထိုင်ကျသွားမှာပါ,"ဟု ဒင်နီက ဆိုသည်။"မနက်ဖြန်ကျရင် ငါတို့ မြက်တွေ ချုံတွေရှင်းမယ်။ ဒီမှာပီလွန် မင်းက မြက်ပင် ပေါင်းပင်တွေကို ခုတ်ပြီး အမှိုက်တွေကို သွားပစ်ပေါ့။"

"ပေါင်းပင်တွေ ဟုတ်လား?" ပီလွန်က အလန့်တကြား ရေရွတ်သည်။"ဟိုမြက်ပင်တွေကိုတော့ မခုတ်ပါနဲ့ဦးကွာ။"

သူက တစ်ဆက်တည်းပင် မစ္စက်မော်ရေး၏ ကြက်များနှင့်ပတ်သက်၍ သူစိတ်ကူးစီစဉ်ထားပုံကို ရှင်းပြသည်။

ဒင်နီက ချက်ချင်းပင် သဘောတူသည်။

"သူငယ်ချင်းရာ မင်းအခုလို ငါနဲ့လာနေတာ ငါဝမ်းသာပါတယ်ကွာ,"ဟု ပြောသည်။"ကဲ... အခု ငါထင်းခွေနေတုန်း မင်းက ညစာအတွက် တစ်ခုခု ရအောင် အကြံအဖန် လုပ်ဦးမှဖြစ်မယ်။"

သူ့ဘရန်ဒီကို သတိရလာသော ပီလွန်က မူ သူ့အား ယခုလို ခိုင်းခြင်းသည် မတရားဟု ထင်သည်။

"တဖြည်းဖြည်းနဲ့ သူ့အကြွေးတွေ ငါ့ပေါ်မှာ တင်လာပြီ,"ဟု တွေးသည်။

"ငါ့လွတ်လပ်မှု ဆုံးရှုံးရတော့မယ်၊ ဒီဂျူးကောင်ရဲ့ အိမ်ကြောင့် ငါကျွန်တစ်ယောက် ဖြစ်ရတော့မှာပါကလား?"

သူ့စိတ်ထဲက ယင်းကဲ့သို့ တွေးနေသော်လည်း သူသည် ညစာအတွက် စားစရာ တစ်ခုခုရှာရန် အပြင်သို့ ထွက်လာခဲ့လေသည်။

အိမ်နှင့် နှစ်လမ်းကျော် ထင်းရှူးတောအစပ်သို့ ရောက်သောအခါ လမ်းပေါ်၌ အစာယက်နေသော ပလိုင်းမောက် ကြက်မျိုး ကြက်ဖတစ်ကောင်ကို လှမ်းမြင်သည်။ကြက်ဖမှာ မြီးကောင်ပေါက်အရွယ်ဖြစ်၍ အသံပင် မမှန်သေး။ ခြေထောက်၊ လည်ပင်းနှင့် ရင်ဘတ်စသော နေရာများတွင် အမွေးပင်မပေါက်သေး။

မစ္စက်မော်ရေး၏ ကြက်မများအတွက် စိုးရိမ်သောက ရောက်နေဟန်တူသော ပီလွန်သည် ဤကြက်ဖ ပေါက်စအပေါ် စိတ်ဝင်စားသွားသည်။

သူသည် မှောင်ရိပ်ကျနေသော ထင်းရှူးတောဘက်သို့ အသံမထွက်အောင် အသာကလေး လျှောက်သွားသည်။

ကြွက်ဖသည် သူ့ရှေ့မှ ထွက်ပြေးသွားသည်။

"ဒီကြွက်ကလေးဟာ အမွေးလဲမရှိဘူး၊ သနားစရာပါလား။ မနက်စောစော အရုဏ်တက်ချိန်ဆိုရင် တိုက်နေတဲ့ လေကလည်း အေး၊ နှင်းတွေကလည်း ကျနဲ့ ဒီအကောင် ဘယ်လောက် အေးရှာလိုက်မလဲ?"

"ဘုရားသခင်ကလည်း သူ့လို သတ္တဝါ ပေါက်စကလေးတွေကျတော့ အမြဲတမ်း သနားကြင်နာမှု မပြဘူးပေါ့" မင်းကတော့ ဘာမှ မသိနားမလည်ရှာတော့... ဆက်တွေးသည်..."အင်းလေ၊ မင်းကတော့ ဘာမှ မသိနားမလည်ရှာတော့ ဒီနေရာမှာ လာပြီးကစားနေတာပေါ့ ကြွက်ကလေးရယ်၊ ဒီလိုသာနေလို့ကတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းကားကြိတ်ခံရတော့မယ်။

တကယ်လို့ ကားက အသေကြိတ်လိုက်မယ်ဆိုရင်တော့ မင်းအတွက် အကောင်းဆုံးဖြစ်သွားမှာပေါ့ကွယ်။ အသေမကြိတ်ဘဲ ခြေထောက်ကျိုးရုံ၊ အတောင်ကျိုးရုံလောက် ကြိတ်သွားမယ်ဆိုရင်တော့ မင်းဘဝတစ်လျှောက်လုံး ဒုက္ခဆင်းရဲနဲ့ ရာသက်ပန်တွဲရတော့မှာ၊ ဘဝဟာ မင်းအတွက် ခက်ခဲကြမ်းတမ်းပြီး ပင်ပန်းတော့မှာသေချာတယ်။"

သူသည် အလွန်သတိကြီးစွာဖြင့် ကြွက်ပေါက်စနားကပ်မိအောင် ခပ်ဖြည်းဖြည်း လှုပ်ရှားသည်။ ကြွက်ပေါက်စကလည်း ပီလွန် လှုပ်ရှားလိုက်တိုင်း နောက်သို့ ဆုတ်၍ ထွက်ပြေးရန် ကြိုးစားသည်။ သို့သော်လည်း သူပြေးဖို့ ရွေးချယ်ထားသည့် လမ်းကြောင်းပေါ်တွင် ပီလွန်က အမြဲတစေ ရောက်ရောက်နေသဖြင့် မလှုပ်သာအောင် ဖြစ်လျက်ရှိ၏။ နောက်ဆုံးတွင် ကြွက်ပေါက်စသည် ထင်းရှူးတောထဲသို့ ဝင်ပြေးသည်။ ထိုအခါ ပီလွန်သည် ကြွက်ပေါက်စ ပြေးရာနောက်သို့ အေးအေးဆေးဆေး ဝင်လိုက်သွားလေသည်။

ချုံဖုတ်ထဲမှ နာကျင်သော ဝေဒနာခံစားရသည့် အော်သံ မကြားရ။ ဆင်းရဲဒုက္ခဖြင့် နပန်းလုံး၍ နေသွားရလိမ့်မည်ဟု ပီလွန်က ကြိုတင်နိမိတ်ဖက်ထားခဲ့သော ကြွက်ပေါက်စသည် ငြိမ်းချမ်းစွာပင် သေဆုံးသွားခဲ့သည်။ အနည်းဆုံး အသံတစ်ချက်ကလေးမျှ ထွက်မလာဘဲ တိတ်တိတ်ဆိတ်ဆိတ်ပင် အသက်ထွက်သွားသည်။

နောက်ဆယ်မိနစ်မျှအကြာတွင် ပီလွန်သည် တောအုပ်ထဲမှ ထွက်လာပြီး ဒင်နီ၏ အိမ်ဖက်သို့ ပြန်သည်။ ကြွက်ပေါက်စကိုမူ တစ်ပိုင်းစီ တစ်စစီဖြတ်ကာ သူ့အကျႌအိတ်ကပ်များအတွင်း၌ ခွဲပေ၍ ထည့်ထားပြီးဖြစ်၏။ ဤနေရာတွင် အမြဲတစေ ပီလွန် အသေးအနက်ပြု၍ လိုက်နာကျင့်သုံးသည့် သံမဏိစည်းကမ်းတစ်ခုရှိသည်။ ယင်းစည်းကမ်းချက်မှာ အခြားမဟုတ်— ကြွက်တစ်ကောင် ခိုးသည့်အခါ မည်သည့်အခြေအနေမျိုးနှင့် ကြုံရသည့်ဖြစ်စေ၊ ကြွက်၏ ခေါင်း၊ ခြေထောက်နှင့် အမွေးများကို အိမ်သို့ ယူမလာရ။ အဘယ်ကြောင့် ဟူမူ— ယင်းပစ္စည်းများမရှိလျှင် ကြွက်တစ်ကောင်ကို မည်သူကမျှ မည်သူမည်ဝါ၏ ကြွက်ပါဟု ခွဲခြား၍ ပြောနိုင်လိမ့်မည်မဟုတ်ဟုသော စည်းကမ်းချက်ပေတည်း။

ထိုညတွင် သူတို့၏ လေလုံမီးဖိုသည် တထိန်ထိန် တညီးညီး တောက်လောင်လျက်ရှိသည်။ မီးဖိုခေါင်းတိုင်အတွင်းမှ မီးတောက်မီးလျှံအသံများကို အဆက်မပြတ် ကြားနေရသည်။ အစာဝနေသော ဒင်နီနှင့် ပီလွန် တို့သည် နွေးနွေးထွေးထွေးနှင့် ပျော်ရွှင်မြူးထူးလျက်ရှိကြသည်။ လှုပ်ကုလားထိုင်များတွင် ထိုင်ကာ ရှေ့တိုးနောက်ငင်လှုပ်၍ စည်းစိမ်ခံစားနေကြသည်။ ညစာစားကြစဉ်က သူတို့သည် မှောင်မည်းနေသော အခန်းတွင်း၌ လေလုံမီးဖိုမှ မီးရောင်သာရှိတော့၏။ ဤအခြေအနေကို ပို၍ ပြည့်စုံသွားအောင် ဖန်တီးပေးသည့်အလား အိမ်ခေါင်မိုးထက်သို့ မိုးစက်မိုးပေါက်များ တဖြောက်ဖြောက်ကျလာသည်။ မိုးယိုနေသောအပေါက်များရှိသော်လည်း ယင်းအပေါက်များမှာ မည်သူမျှ မထိုင်လိုသည့်နေရာများ၏အပေါ်၌သာ ရှိလေသည်။

"အခု နေရထိုင်ရတာ တော်ပြီးကောင်းသကွာ"ဟု ပီလွန်က ပြောသည်။

"အလွန်အေးပြီး အမိုးအကာမရှိတဲ့နေရာတွေမှာ ငါတို့အိပ်ခဲ့ရတဲ့ညတွေကို မင်းပြန်စဉ်းစားကြည့်စမ်း၊ အမှန်က လူဆိုတာ ဒီလိုနေရမှာကွ"

"အေး ဟုတ်တယ်၊ ဆန်းတော့ အဆန်းသားကွ"ဟု ဒင်နီက ပြန်ပြောသည်။"လ ငါ့မှာလည်း အိမ်မရှိဘဲ နေခဲ့တာ နှစ်ပေါင်း မနည်းတော့ဘူး၊ အခုကျတော့လည်း အိမ်နှစ်လုံးတောင်ပိုင်နေတယ်။ အိမ်နှစ်လုံးထဲမှာ ငါမနေနိုင်ဘူး"

ပီလွန်က အလဟဿဖြစ်ခြင်းကို မုန်းသည်။

"ဟောဒီအချက်တစ်ချက်ကတော့ ငါ့စိတ်ကို တော်တော်အနှောင့်အယှက်ပေးနေတယ်၊ ဟိုအိမ်တစ်လုံးကို မင်းဘာပြုလို့ မငှားသလဲ" ဟုမေးသည်။

ဒင်နီ၏ ခြေထောက်များသည် ကြမ်းပြင်ပေါ်သို့ကျလာသည်။"ဟေ့ ပီလွန်၊ ငါအဲဒီအချက်ကို ဘာကြောင့်များ မစဉ်းစားမိတာပါလိမ့်" ထိုစိတ်ကူးများကို သူပို၍ သဘောကျလာသည်။

"ဒါပေမယ့် အဲဒီအိမ်ကို ဘယ်သူက ငှားမလဲ ပီလွန်"

"ငါ ငှားမယ်လေကွာ" ပီလွန်က ပြောသည်။"အိမ်လခကို တစ်လ ဆယ်ဒေါ်လာပေးမယ်"

"ဆယ့်ငါးဒေါ်လာ ပေးကွာ"ဟု ဒင်နီက ဆိုသည်။

"အိမ်က ကောင်းတယ်ကွ။ ဆယ့်ငါးဒေါ်လာတော့ ကောင်းကောင်းတန်ပါတယ်ကွာ"

ပီလွန်က ညည်းညူညူဖြင့် သဘောတူသည်။ တကယ်တော့ သူ့အနေဖြင့် ဆယ့်ငါးဒေါ်လာထက် ပို၍ တောင်းပါကလည်း သဘောတူမည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကိုယ့်အိမ် ကိုယ့်ယာနှင့်နေသော လူတစ်ယောက်၏

အဆင့်အတန်းမြင့်မားမှုကို သူမြင်တွေ့နေရသောကြောင့်ပေတည်း။

ပီလွန်သည် ထိုကဲ့သို့သော အဆင့်အတန်းမြင့်မားမှုကို ရယူလိုသော ဆန္ဒပြင်းပြလျက်ရှိလေသည်။

"ဒါဆိုရင် ဒီကိစ္စကို ငါတို့နှစ်ယောက် သဘောတူကြပြီ"ဟု ဒင်နီက ပြောသည်။"မင်းက ငါ့အိမ်ကို ဝှားမယ်၊ ငါကလည်း သဘောကောင်းတဲ့ အိမ်ရှင်တစ်ယောက် ဖြစ်အောင်နေမယ်၊ ငါမင်းကို ဒုက္ခမပေးဘူး"

ငွေကြေးနှင့်ပတ်သက်၍ ပီလွန်သည် သူ့ဘဝတစ်လျှောက်လုံးတွင် စစ်တပ်ထဲ၌ နေခဲ့ရသည့်နှစ်များမှလွဲ၍ ကျန်အချိန်များတွင် ဘယ်သောအခါကမှ လက်ထဲတွင် ဆယ့်ငါးဒေါ်လာပြည့်အောင် ပိုင်ဆိုင်ခြင်းမရှိခဲ့ပေ။ သို့ဖြစ်ရာ သူ့အနေဖြင့် အိမ်လခအတွက် စဉ်းစားစရာရှိနေ၏။ သို့သော်လည်း အိမ်လခပေးဖို့ အချိန်မကျမီ ဤတစ်လအတွင်း ဘာတွေဖြစ်လာနိုင်သည်ကို မည်သူက ကြိုတင်၍ ဟောနိုင်ပါမည်နည်း။ ထို့ကြောင့်လည်း သူသည် အိမ်လခအတွက် ပူပန်ခြင်းမဖြစ်တော့ဘဲ"နောင်ခါလာ နောင်ခါချေး"ဟု သဘောထားလိုက်လေသည်။

သူတို့သည် လှုပ်ကုလားထိုင်ကိုယ်စီဖြင့် မီးဖိုဘေး၌ ထိုင်ကာ ဖိမ်ယူလျက်ရှိကြသည်။ ဒင်နီသည် အပြင်သို့ အတန်ကြာမျှ ထွက်သွားပြီး ပန်းသီးတချို့ကို ကိုင်ကာ ပြန်ရောက်လာသည်။"မိုးကြောင့် ပျက်စီးကုန်မှာ စိုးရတယ်ကွ"ဟု ပြောသည်။

ပီလွန်သည် ထိုင်ရာမှ ထကာ ဖယောင်းတိုင်ကို ထွန်းသည်။ သူသည် အိပ်ခန်းထဲကို ဝင်သွားပြီး အတန်ကြာမှ ပြန်ထွက်လာသည်။ သူ့လက်ထဲတွင် အဝတ်လျှော်ဇလုံကြီးတစ်လုံး၊ ကိုင်းခွက်ကြီးတစ်လုံး၊ အနီရောင်ပန်းအိုးနှစ်လုံးနှင့် ငှက်ကုလားအုတ်မွှေးများဖြင့် ပြုလုပ်ထားသော ပန်းစည်းတစ်စည်း ပါလာသည်။"အိမ်ထဲမှာ ကျိုးနိုင်၊ ပဲ့နိုင်၊ ကွဲနိုင်၊ ရှုနိုင်မယ့် ပစ္စည်းတွေ များများ စားစားရှိတာ မကောင်းဘူးကွ"ဟု ပြောသည်။"အဲသလို မဖြစ်အောင် ကြိုတင်ပြီး လုပ်ထားတာ အကောင်းဆုံးပဲ။"

သူသည် နံရံတွင် ချိတ်ထားသည့် စက္ကူနှင်းဆီပန်းများကိုပါ ဖြုတ်ယူလိုက်သည်။"ဆီညော်ရာတော်ရဲလီးအတွက် အပိုမေတ္တာလက်ဆောင်တစ်ခုပေါ့ကွာ" ဟုရှင်းပြကာ အပြင်သို့ ထွက်သွားသည်။

ထို့နောက်ပိုင်းတွင် သူတို့နှစ်ယောက်သည် အပြင်းအထန် ငြင်းကြခုံကြသည်။ သို့သော်လည်း နှစ်ယောက်စလုံး မည်သူကနိုင်၍ မည်သူကရှုံးသည်ကို ဂရုမစိုက်။ တကယ်တော့လည်း နှစ်ယောက်စလုံးသည် ယနေ့ ကြုံခဲ့ရသည့် စိတ်လှုပ်ရှားစရာ အတွေ့အကြုံများကြောင့် အလွန်ပင်ပန်းနေကြပြီဖြစ်၏။

ဝိုင်အရက်ကလည်း သူတို့ကို အိပ်ချင်မှုးတူးဖြစ်လာအောင် ဖန်တီးပေးလျက်ရှိသည်။ နှစ်ယောက်သား ကြမ်းပြင်ပေါ် လဲလျောင်းကာ

အိပ်မောကျသွားကြလေ၏။

အတန်ကြာသောအခါ မီးဖိုမီး သေသွားသည်။ ဖယောင်းတိုင်သည် တဖြည်းဖြည်း တိုလာသည်။ ဖယောင်းရည်ထဲမှာ ချည့်နဲ့စွာ တောက်လောင်လျက်ရှိသော ပြာလဲ့လဲ့ မီးတောက်သည် တဖျပ်ဖျပ်ခါလျက်ရှိ၏။ နောက်ဆုံးတွင် တစ်အိမ်လုံး မှောင်မည်းပြီး တိတ်ဆိတ်ငြိမ်သက်ကာ အေးချမ်းလျက်ရှိလေသည်။

ပစ္စည်းများ ပိုင်ဆိုင်ခြင်းတည်းဟူသော အဆိပ်၏ ဒဏ်ကို ပီလွန် ခံရခြင်းနှင့် မကောင်းစိတ်က သူ့အပေါ် ယာယီ အောင်ပွဲခံသွားခြင်း

နောက်တစ်နေ့တွင် ပီလွန်သည် ဒင်နီပိုင် အခြားအိမ်သို့ ပြောင်းရွှေ့နေထိုင်သည်။ ထိုအိမ်သည် ဒင်နီနေသော အိမ်ထက်ငယ်သော်လည်း ကျန်အရာအားလုံးအတူတူပင်ဖြစ်သည်။ ဝရန်တာတွင် ပန်းရောင် ကတ်စတီလီ နှင်းဆီပင်ရှိ၍ ခြံဝင်းတစ်ဝင်းလုံး မြက်ပင်ပေါင်းပင်များဖုံးလွှမ်းနေသည်။ ပြီးတော့ မသီးနိုင် မပွင့်နိုင်တော့သည့် အိုမင်းလုပြီဖြစ်သော သီးပင်များ၊ အနီရောင် ရေမွှေးပန်းများနှင့် အိမ်နှင့် ကပ်လျက်ရှိသော မစ္စက်ဆိုတို၏ ကြွက်ခြံ။

အိမ်တစ်လုံး အငှားချထားသော ဒင်နီသည် ချက်ချင်းပင် အလွန်ကြီးကျယ်ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သွားသည်။ အိမ်တစ်လုံးငှား၍နေထိုင်သော ပီလွန်လည်း လူမှုဆက်ဆံရေးနယ်ပယ်တွင် အတော်ကြီးမြင့်မားသော အဆင့်သို့ ရောက်သွားသည်။

ဒင်နီဘက်မှ အိမ်လခရရန် မျှော်လင့်ချက်ထားမထားနှင့် ပီလွန်ဘက်မှ နှစ်ဦးသဘောတူသတ်မှတ်ထားသည့် အိမ်လခကို မှန်မှန်ပေးသွင်းရန် ရည်ရွယ်ခြင်းရှိမရှိဟူသော အချက်ကိုမူ ပြောရခက်သည်။ အကယ်၍ သူတို့နှစ်ယောက်သည် တစ်ယောက်က အိမ်လခကို တောင်းပြီး တစ်ယောက်က အိမ်လခကို ပေးခဲ့သည့်ရှိသော် နှစ်ယောက်စလုံး စိတ်ညစ်ကြရမည်ဖြစ်၏။ ဤသို့ဖြင့် ဒင်နီကလည်း အိမ်လခကို လုံးဝမတောင်း၊ ပီလွန်ကလည်း အိမ်လခကို လုံးဝမပေး။

သူငယ်ချင်းနှစ်ယောက်သည် လူချင်းမကြာခဏ ဆုံကြသည်။ တစ်ခါတစ်ရံတွင် ပီလွန်သည် ဝိုင်အရက် တစ်အိုးထမ်း၍ ဒင်နီထံ ရောက်လာတတ်သည်။ တစ်ခါတစ်ရံကျတော့လည်း အမဲကြော် တစ်တုံး နှစ်တုံးနှင့် ပေါက်လာတတ်သည်။ ထိုနည်းတူစွာပင် ဒင်နီကလည်း ပီလွန်ထံသို့ အလည်လာတတ်၏။ ကံကောင်းထောက်မ၍ ဒင်နီ၏ လက်ထဲ၌ ငွေစကြေးစရှင်သည့်အခါများတွင်လည်း ပီလွန်သည် ဒင်နီထံ ရောက်လာပြီး တစ်ညတာမျှ ဆူပူသောင်းကျန်းတတ်သည်။

သနားစရာကောင်းသည့် ပီလွန်ခမျာ သူ့လက်ထဲ၌သာ ငွေကြေးရှိပါက သူကချည်း ဒိုင်ခံ၍ အကုန်အကျ ခံချင်စိတ်ရှိပါ၏။ သို့သော်လည်း သူ့လက်ထဲတွင် သူ့သူငယ်ချင်း ဒင်နီကို ကျွေးမွေးပြုစုရလောက်အောင် ငွေကြေးမကပ်သည်ကခက်၏။

ပီလွန်သည် ရိုးသားဖြောင့်မတ်သူ တစ်ဦးဖြစ်သည့်အားလျော်စွာ

တစ်ခါတစ်ရံတွင် သူ့အပေါ် ကောင်းရှာသည့် ဒင်နီ၏ အကြောင်းနှင့် သူ၏ ဆင်းရဲမှုကို ဆက်စပ်တွေးတောကာ စိတ်မကောင်းဖြစ်လေ့ရှိသည်။

တစ်ညတွင် ပီလွန် လက်ထဲသို့ ငွေတစ်ဒေါ်လာ ရောက်လာသည်။ ထိုငွေတစ်ဒေါ်လာ ရောက်လာပုံမှာ အံ့ဩဖွယ်ကောင်းလွန်းလှသဖြင့် ချက်ချင်း မေ့သွားအောင် အားထုတ်သည်။ သူ့အနေဖြင့် ထိုအကြောင်းကို သတိရနေမိပါက ရူးသွားမည်ကို ကြောက်၍ ဖြစ်၏။

ထိုညက ဆန်ကာလိုစ် ဟိုတယ်ရှေ့၌ ရပ်နေသော လူတစ်ယောက်က သူ့လက်ထဲသို့ ငွေတစ်ဒေါ်လာကို ထိုးထည့်ကာ—

"မြန်မြန်ပြေးပြီး ဘီယာလေးလုံး ဝယ်ပေးစမ်း"ဟု ခိုင်းသည်။

ဤအဖြစ်မျိုးသည် အံ့ဖွယ်သရဲထူးကဲလှသည့် ကြုံတောင့်ကြုံခဲ အဖြစ်မျိုးဟု ပီလွန်က တွေးသည်။ ဤအဖြစ်မျိုးနှင့် ကြုံရသော လူတစ်ယောက်သည် ဤအဖြစ်ကို အလေးအနက် စဉ်းစားပြီး ပူပန်ကြောင့်ကြနေစရာလည်း မလို။ ပြန်၍ မေးခွန်းထုတ်ကာ စောဒက တက်နေစရာလည်း မလို။

သစ္စာရှိစွာဖြင့် သူခိုင်းသည့်အတိုင်း လုပ်ပေးဖို့သာ လိုသည်ဟု သူထင်သည်။ ထို့ကြောင့်လည်း သူသည် ထိုလူပေးသော တစ်ဒေါ်လာကို ယူ၍ ဒင်နီ လက်ထဲ ထည့်ရန် ထွက်လာခဲ့သည်။

သို့သော်လည်း လမ်းခုလတ်အရောက်တွင် ဝိုင်တစ်ဂါလန် ဝယ်သည်။

သူ့လက်ထဲ ဝိုင်ရောက်လာချိန်တွင် ဝဝတောင့်တောင့် မိန်းကလေးနှစ်ယောက်၏ ဆွဲဆောင်မှုကို သူခံရသည်။ ဤတွင် ပီလွန်သည် ထိုမိန်းကလေးနှစ်ယောက်ကို ခေါ်ယူ၍ သူ့အိမ်သို့ ပြန်လေသည်။

ထိုအနီးအနားသို့ လမ်းလျှောက်ထွက်လာသော ဒင်နီသည် အိမ်တွင်းမှ အသံဗလံများကို ကြားရသည့်အခါ ရွှင်လန်းဝမ်းမြောက်စွာဖြင့် အိမ်ထဲသို့ ဝင်လာသည်။

ပီလွန်က သူ့ကို ဆီး၍ မက်လဲတကင်း ကြိုဆိုပြီး အရာရာတိုင်းကို ဒင်နီ သဘောကျပြုရန် ပေးအပ်သည်။ ထို့နောက် ဒင်နီက မိန်းကလေးနှစ်ယောက်တည်းမှ တစ်ယောက်နှင့် ဝိုင်တစ်ဝက်ကို သူ့စိတ်တိုင်းကျ သုံးတော့မည်ဟု ကြံစည်အားထုတ်သောအခါ အလွန် ကြည့်ကောင်းသည့် ရန်ပွဲတစ်ပွဲ ပေါ်ပေါက်လာလေတော့သည်။

ဒင်နီ၏ သွားတစ်ချောင်း ထွက်သွားပြီး ပီလွန်၏ ရှပ်အင်္ကျီတစ်ထည်လုံး ရစရာမရှိအောင် စုတ်သွားသည်။

မိန်းကလေးနှစ်ယောက်က ဘေးမှ ရပ်ကာ သံသေးသံကြောင်ဖြင့် အော်ဟစ်ကြပြီး ရှုံးလိမ့်မည်ဟု ထင်သူကို မည်သူမည်ဝါဟု ရွေးမနေတော့ဘဲ ခြေထောက်များဖြင့် ဝိုင်း၍ ကန်ကြကျောက်ကြသည်။

နောက်ဆုံးတွင် ဒင်နီသည် ကြမ်းပြင်ပေါ်၌ လဲနေရာမှ ကျုံးထကာ

မိန်းကလေးတစ်ဦး၏ ဗိုက်ကို ခေါင်းဖြင့် ပြေးဆောင့်လိုက်သည်။ မိန်းကလေးသည် ခါးကိုကုန်း၍ ဗိုက်ကိုနှိပ်ကာ ဖားတစ်ကောင်ကဲ့သို့ ညည်းညူပြီး အိမ်ပြင်သို့ ထွက်သွားသည်။ ကျန်တစ်ဦးက ဟင်းအိုးတစ်လုံးကို ခိုးယူပြီး သူ့အဖော်နောက်သို့ လိုက်သွားလေသည်။

ဒင်နီနှင့် ပီလွန်တို့သည် မူးမူးရူးရူးဖြင့် မိန်းမများ၏ သစ္စာမဲ့မှုကို ပြောကာ တစ်ခဏမျှ ငိုလိုက်ကြသေးသည်။"မိန်းမတွေဟာ ခွေးမတွေနဲ့ အတူတူပဲ။ အဲဒါကို မင်းမသိဘူး"ဟု ဒင်နီက ပညာရှိကြီးလေသံဖြင့် ပြောသည်။

"ငါသိပါတယ် သူငယ်ချင်းရာ"ဟု ပီလွန်က ပြန်ပြောသည်။

"မင်းမသိပါဘူး"

"ငါသိပါတယ်"

"ငလိမ်ကောင်"

နောက်တစ်ကြိမ် ဆော်ကြပြန်သည်။သို့သော်လည်း ယခုဆော်ပွဲမှာ စောစောကပွဲလောက် ကြည့်မကောင်းပေ။ ထို့နောက် ပီလွန်သည် သူ့အိမ်လခ မပေးရသေးသည့်အဖြစ်ကို စဉ်းစားမိသည်။ သူ့အိမ်ရှင်ကို ယခုကဲ့သို့ ဆက်ဆံခြင်းသည် သူ့ဩ့ဝတ်မကျေပွန်ခြင်းကို ပြသည်ဟု တွေးမိသည်။

လပေါင်း တော်တော်များများ ကုန်လွန်လာသည်။ ပီလွန်သည် အိမ်လခအတွက် စိတ်ပူစပြုလာပြန်သည်။ အချိန်များကုန်လာသည်နှင့်အမျှ သူ့စိတ်သည် သောက၏ ဖိစီးမှုဒဏ်ကို မခံမရပ်နိုင်အောင် ဖြစ်လာသည်။

နောက်ဆုံးတွင် စိတ်ပျက်လက်ပျက်နှင့် ချင်ကီးထံသွား၍ဗီလာငါးများ ကိုင်ပေးရသည့် အလုပ်ကို တစ်နေကုန် ဝင်လုပ်ရာ လုပ်ခငွေ နှစ်ဒေါ်လာရသည်။ ညနေပိုင်းတွင် သူသည် သူ၏လက်ကိုင်ပဝါ နီရဲရဲကို လည်ပင်း၌ စည်းကာ သူ အမြတ်တနိုးထားသော သူ့အဖေ၏ ဦးထုပ်ကိုဆောင်း၍ သူရလာသည့် လုပ်ခ နှစ်ဒေါ်လာကို ဒင်နီအား အိမ်လခ အရစ်ကျပေးသည့်အနေဖြင့် ပေးထားလိုက်မည်ဟု စိတ်ကူးပြီး တောင်ကုန်းပေါ်သို့ တက်လာခဲ့လေသည်။

သို့သော်လည်း လမ်းခုလတ်တွင် စိတ်တစ်မျိုးပြောင်းကာ ဝိုင်နစ်ဂါလန် ဝယ်ပြီး"ဒီလိုလုပ်တာက အကောင်းဆုံး ဖြစ်မယ်" ဟုတွေးသည်။

နေဝင်ဖျော့ဖျော့အချိန်ဖြစ်၏။ ကောင်းကင်ပြင်ဝယ် ခရမ်းရောင်သမ်းလျက်ရှိလေသည်။

တစ်နေ့တာကုန်ဆုံးပြီး သာယာပျော်ရွှင်မှုများ အစမပြုသေးသည့် ချစ်စရာညနေခင်းဖြစ်သည်။

မည်းနက်နေသည့် ထင်းရှူးပင်များသည် ကောင်းကင်ပြင်ကို နောက်ခံပြု၍ကာ မားမားမတ်မတ် ရပ်လျက်ရှိကြသည်။ အမှောင်ရိပ်များသမ်းလျက်ရှိသဖြင့် မြေပြင်ထက်ရှိ အရာဝတ္ထုများကို သဲသဲကွဲကွဲ မမြင်ရပေ။ မိုးကောင်းကင်ကတော့ အလင်းရောင်ဖြင့် ကြည်လင်တောက်ပနေဆဲ။

မွန်ထရေးမြို့၏ ငါးစည်သွတ်စက်ရုံများဆီသို့ တစ်နေကုန်

သွားရောက်ကျက်စားခဲ့ကြသော စင်ရော်ငှက်များသည် အုပ်လိုက် သင်းလိုက်ဖွဲ့ကာ သူတို့ ဂေဟာကျောက်တောင်ကျောက်စွန်းများဆီသို့ ရှေ့ရှုပျံသန်းသွားနေကြလေသည်။

ပီလွန်သည် အလှကို ချစ်တတ်သူတစ်ဦးဖြစ်သည်။ အလှ၏ သဘာဝကို အလေးအနက်ဆင်ခြင်ပြီး အရသာခံတတ်သူတစ်ဦးလည်းဖြစ်၏။ သူသည် လင်းလက်နေသော ကောင်းကင်ကို မော့ကြည့်သည်။ သူ့ဝိညာဉ်သည် သူ့ခန္ဓာကိုယ်ထဲမှ ထွက်ခွာပြီး ဆည်းဆာ၏ အလှဆီသို့ ရောက်သွားသည်။ မကောင်းစိတ် မွေးတတ်သော၊ ရန်လိုတတ်သော၊ အရက်မူးပြီး ဆဲရေးတိုင်းထွာတတ်သော၊ ပုထုဇဉ်တစ်ဦးမျှသာဖြစ်သော ပီလွန်သည် ပင်ပန်းကြီးစွာဖြင့် ခပ်ဖြည်းဖြည်း ခပ်မှန်မှန် လျှောက်သွားလျက်ရှိသည်။

ဤအချိန်တွင် ပတ်ဝန်းကျင်အလှ၏ ရောင်ပြန်ဟပ်မှုကြောင့် ပီလွန်၏ စိတ်သည် နူးညံ့သိမ်မွေ့လာသည်။ သူသည် ဆည်းဆာ၏ နေရောင်အောက်တွင် အတောင်များကို ဖြန့်၍ ရေချိုးနေကြသော စင်ရော်ငှက်များဆီသို့ သွားကာ စိတ်ဝင်တစားကြည့်သည်။

ထိုအခါ ပီလွန်၏ ရုပ်သွင်သည် ချောမောလှပလာသည်။ ကျက်သရေရှိလာသည်။ သူ့အတွေးများသည်လည်း အတ္တအားကြီးခြင်းနှင့် အလိုရမ္မက်ကြီးခြင်းများကင်းလျက်ရှိသည်။ သူ့အတွေးများထဲတွင် အစွန်းအထင်း အညစ်အကြေးများ ကင်းစင်လျက်ရှိသည်။

"ငါတို့ရဲ့ အဘဘုရားသခင်ဟာ ညနေခင်းအလှနဲ့အတူ ရှိနေပါလား"ဟု သူတွေးသည်။

"ဒီငှက်တွေဟာ အဘဘုရားသခင်ရဲ့ နဖူးပေါ်ကဖြတ်ပြီး ပျံနေကြတာပဲ၊ ချစ်လှစွာသော ငှက်ကလေးတွေရယ်၊ ချစ်လှစွာသော စင်ရော်ကလေးတွေရယ်၊ ငါမင်းတို့ကို သိပ်ချစ်တယ်ကွယ်။

အလွန်သဘောကောင်းတဲ့ သခင်ကလေးတစ်ယောက်က အစာဝလို့ အိပ်မောကျနေတဲ့ သူ့ခွေးရဲ့ ဗိုက်ကို အသာအယာကလေး ပွတ်သပ်ပေးနေသလို၊ ယေရှုသခင်က ကလေးတွေရဲ့ ခေါင်းကို သူ့လက်နဲ့ ထိတွေ့ပွတ်သပ်ပေးနေသလို၊ မင်းတို့ရဲ့ အတောင်ပံတွေက ငါ့နှလုံးသားကို ရိုက်ခတ်နေပါတယ်။ ချစ်တဲ့ ငှက်ကလေးတွေရယ်၊ ရိုးသားပွင့်လင်းနေတဲ့ ငါ့နှလုံးသားကို မင်းတို့နဲ့အတူ သယ်ယူသွားပါလားကွယ်"

လူဆိုးပီလွန်၏ ခြေထောက်များသည် လှုပ်ရှားခြင်းကင်းမဲ့နေသည်။ ဤအခိုက်အတန့်တွင်"လူဆိုးပီလွန်" ဆိုသောသူသည် မရှိတော့။ ယခုလောလောဆယ်တွင် ပီလွန်၏ စိတ်ထားလောက် ဖြူစင်သန့်ရှင်းသော စိတ်သည် ဤကမ္ဘာလောက၌ ရှိအံ့မထင်။

ဂဲလ်ဗင်၏ ခွေးဆိုးတစ်ကောင်ဖြစ်သော ခွေးဘီလူးသည်ပင်လျှင် အမှောင်ထဲ၌ ရပ်နေသော ပီလွန်၏ ခြေထောက်များအနီးသို့

ရောက်လာပါလျက်နှင့် တစ်ခဏမျှ အနံ့ခံကြည့်ပြီး မကိုက်ဘဲ အသာပြန်လှည့်ထွက်သွားသည်။

"သန့်ရှင်းစင်ကြယ်သွားအောင် ဆေးကြောသုတ်သင်ပေးပြီး ကယ်တင်ထားသော ဝိညာဉ်တစ်ခုသည် အနန္တရာယ်နှစ်ဆတိုး၍ ရှိနေတတ်သည်။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာလောကအတွင်းရှိ အရာရာတိုင်းသည် ယင်းကဲ့သို့သော ဝိညာဉ်မျိုးကို ဖျက်ဆီးရန် အမြဲတစေ စောင့်ဆိုင်းကြံစည်နေကြသောကြောင့်ပေတည်း။"

"ကျွန်ုပ်၏ ဒူးခေါင်းများအောက်ရှိ ကောက်ရိုးများကပင်လျှင် ကျွန်ုပ်၏ စိတ်ပျံ့လွင့်ပြီး ဖြောင့်ဖြောင့်တန်းတန်း ဘုရားမရှိခိုးနိုင်အောင် အနှောက်အယှက်ပြုကြပါသည်"ဟု စိန့်ဩဂုတ်စတင်းက ပြောခဲ့ဖူးသည် မဟုတ်ပါလား။ တကယ်တော့ ပီလွန်၏ ဝိညာဉ်သည် အတိတ်ဘဝက ကြုံခဲ့ဖူးသည့် ဖြစ်ရပ်များ၏ မှတ်ကျောက်တင်ခြင်းကိုပင် ခံနိုင်စွမ်းရှိသည် မဟုတ်ပေ။

ရေချိုးနေကြသည့် ငှက်များကို မျက်ခြည်မပြတ်ကြည့်နေရင်းမှပင်"မစ္စက်ပက်စတာနိသည် အသားစင်းကောသွတ် မုန့်များပြုလုပ်သည့်အခါ တစ်ခါတစ်ရံ စင်ရော်ငှက်သားများ ထည့်တတ်သည်"ကို ပြေး၍ သတိရသည်။ ယင်းသတိရမှုကြောင့် သူ့ဗိုက်သည် ဆာလောင်မွတ်သိပ်ခြင်းဖြစ်လာသည်။

ယင်းဆာလောင်မွတ်သိပ်မှုသည် ကောင်းကင်ပြင်၏အလှတွင် ကျက်စားနေသော သူ့စိတ်အာရုံကို အခြားတစ်နေရာသို့ ရွှေ့လျားသွားအောင် ဖန်တီးလိုက်သည်။

ပီလွန်သည် ရှေ့သို့ ဆက်သွားသည်။"ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်၊ သို့မဟုတ် စိတ်ကောင်းနှင့် စိတ်ဆိုး ပေါင်းစပ်နေသော ကောက်ကျစ်စဉ်းလဲမှု"သည် တစ်ဖန် ပြန်၍ ဖြစ်ပေါ်လာသည်။

ဤအခိုက်အတန့်တွင် ဂဲလ်ဗင်၏ ခွေးဘီလူးသည် မာန်ဖီကာ ဒေါသတကြီးဟိန်းသည်။ပီလွန်၏ခြေသလုံးသားကို အားရပါးရ ခဲနိုင်သည့် အခွင့်ကောင်းကြီးတစ်ရပ် လက်လွှတ်လိုက်ရသဖြင့် စိတ်ထိခိုက်ခြင်းဖြစ်သွားပုံလည်းရသည်။ ပီလွန်သည် ဆွဲလာသော ဝိုင်ပုလင်းများ၏ အလေးချိန်မှ သက်သာရာရစေရန် လက်များကိုလှုပ်ကာ နေရာပြင်သည်။

အမြင့်မြတ်ဆုံးသော သုစရိုက်များကိုပြုနိုင်စွမ်းရှိသည့်စိတ်သည် အယုတ်ညံ့ဆုံးသော ဒုစရိုက်များကိုလည်း ပြုနိုင်စွမ်းရှိသည်ဟူသော အဆိုပြုချက်တစ်ချက် ရှိနေသည်ဖြစ်ရာ ယင်းအဆိုပြုချက် မှန်ကန်ကြောင်း ရှိနေပေသည့် သာဓကများသည် လူ့သမိုင်းဖြစ်စဉ်များထဲတွင် အများအပြား ရှိနေပေသည်။ မွန်မြတ်သော တရား များကို အားထုတ်၍ သူတော်စင်ဘဝသို့ ရောက်နေရာမှ အကျင့်ပြန်လည်ပျက်ပြားသွားရသောဘုန်းတော်ကြီးသည် ဘုရားသခင်နှင့် ဘုရားသခင်၏တရားတော်များအပေါ်၌

အခြားသာမန်ပုဂ္ဂိုလ်များထက် ပို၍ အကြည်အညိုကင်းမဲ့ တတ်၏။ အပျိုရည်ပျက်စ မိန်းမများထက် ပို၍ ငမ်းငမ်းတက်ဖြစ်တတ်၏။

ပီလွန်သည် တဒင်္ဂမျှ ကောင်းကင်ဘုံသို့ ရောက်သွားခဲ့သည်။ သို့သော်လည်း ထိုကဲ့သို့ ရောက်သွားသည့် အဖြစ်ကို သတိမထားမိချေ။ ကောင်းကင်ဘုံမှ လောလောလတ်လတ် ပြန်ရောက်စပီလွန်သည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသော လေဒဏ်ကို ကြံ့ကြံ့ခံလျက်ရှိသည်။ အခုလိုညမျိုးတွင် သူ့အား ဝန်းရံနေလေ့ရှိသော မကောင်းစိတ်များ၏ ဖြားယောင်းသွေးဆောင်မှုကိုလည်း ကြံ့ကြံ့ခံလျက်ရှိ၏။ သူ့ခြေထောက်များသည် ယခုချိန်ထိ ဒင့်နီအိမ်ဘက်သို့ ဦးတည်ကာ လှုပ်ရှားလျက်ပင်ရှိကြသေးသည်။ သို့သော်လည်း သူ့ခြေထောက်များထဲတွင် စေတနာရော စိတ်အားထက်သန်မှုပါ ရှိတော့သည်မဟုတ်ပေ။

သူ့ခြေထောက်များသည် အခြားတစ်ဖက်သို့ ကွေ့သွားရန် အချက်ပြမည့်အချိန်ကို စောင့်မျှော်လျက် ရှိကြသည်။ ထိုအချိန်တွင် ပီလွန်သည် သူသယ်ဆောင်လာသည့် ဝိုင်နှစ်ဂါလံကို တစ်ယောက်တည်း ကုန်အောင် သောက်ရလျှင် ထူးကဲပြောင်မြောက်စွာ မူးသွားမည့် အဖြစ်နှင့် နာရီပေါင်းများစွာ မူး၍ နေနိုင်မည့် အဖြစ်များကို တွေးတောနေခဲ့လေပြီ။

အခုဆိုလျှင် မှောင်မိုက်နေပြီဖြစ်၏။ ဖုန်ထူလွန်းလှသော လမ်းမနှင့် လမ်းမ၏ ဘေးတစ်ဖက်တစ်ချက်ရှိ ရေမြောင်းများကို ကောင်းစွာ မမြင်နိုင်တော့ပေ။ လောလောဆယ်တွင် ပီလွန်သည် သူ့စိတ် သူပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်၍မရသေး။ သူ့စိတ်သည် အလွန်နူးညံ့ပျော့ပျောင်းသည့် ငှက်တောင်လေးတစ်ခုသဖွယ် ရက်ရောခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတည်း ဟူသော စေတသိက် နှစ်ခုကြားတွင် တလှုပ်လှုပ်ဖြစ်လျက် ရှိသည်။

ထိုအခိုက်တွင် ပက်ဘလိုဆန်ချက်ဇ်သည် လမ်းဘေးမြောင်းထဲ၌ ထိုင်ကာ စီးကရက်တစ်လိပ်နှင့် ဝိုင်တစ်ခွက်လောက် သောက်ရလျှင် မည်မျှလောက်ကောင်းပါမည်နည်းဟု တွေးတောကာ ဆန္ဒပြင်းပြစွာဖြင့် တောင့်တလျက်ရှိလေသည်။

ပထမတွင် ပက်ဘလိုသည် ခြေသံများကို ကြားသည်။ ထို့နောက် တလှုပ်လှုပ်လာနေသော လူပုံသဏ္ဌာန် ခပ်ပါးပါး မြင်ရသည်။ အနီးသို့ ရောက်သောအခါ ပီလွန်မှန်းသိသွားသည်။"ဟေး သူငယ်ချင်း"ဟု ပက်ဘလိုက ဝမ်းသာအားရအော်၍ နှုတ်ဆက်သည်။"သယ်လာတဲ့ ဝန်ထုပ်ဝန်ပိုးတွေက များလှချေလားကွာ၊ ဘာတွေများတုံး"

ပီလွန်သည် တန့်ခနဲရပ်လိုက်ပြီး မြောင်းဘက်သို့ မျက်နှာချင်းဆိုင်လိုက်သည်။

"ငါက မင်းထောင်ကျနေတုန်းပဲ လို့ထင်တာ"ဟု လှမ်းပြောသည်။"မင်း ငန်းတစ်ကောင် ခိုးတာ ငါကြားတယ်ကွ"

"ဟုတ်တယ် ပီလွန်။ ငါဒန်းတစ်ကောင် ခိုးခဲ့တယ်"ဟု ပက်ဘလိုက ပြောင်ချော်ချော်လေသံဖြင့် ပြောသည်။

ဒါပေမယ့် ဘယ်သူကမှ ငါ့ကို ကြည်ကြည်ဖြူဖြူနဲ့ လက်မခံကြဘူး။ တရားသူကြီးက ပြောတယ် သူပေးတဲ့ အပြစ်ဒဏ်က ငါ့ကို ပြုပြင်မပေးနိုင်ဘူးတဲ့။ ပုလိပ်ကလည်း"ထောင်ထဲမှာ ငါစားနေတာဟာ လူသုံးယောက်စာ မကဘူး"လို့ ပြောတယ်။ ဒါနဲ့ပဲ"ငါ့ကို နောက်ထပ် ရာဇဝတ်မှု မကျူးလွန်ပါဘူး" ဆိုတဲ့ ခံဝန်ချုပ်နဲ့ လွှတ်လိုက်တယ်။ ပက်ဘလိုက သူ့စကားကို ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့် အဆုံးသတ်သည်။

ပီလွန်သည် တစ်ကိုယ်ကောင်းဆန်ခြင်းဟူသော မကောင်းစိတ်မှ လွတ်မြောက်သွားသည်။ သူ ဝယ်လာသည့် ဝိုင်ကို ဒန်နီထံ ယူမသွားသည်မှာ မှန်သော်လည်း၊ သူသည် ပက်ဘလိုကို သူ့အိမ်သို့လိုက်၍ ဝိုင် သောက်ရန် ဖိတ်သည်မဟုတ်ပါလား။

ပီလွန်နှင့် ပက်ဘလို တို့သည် အိမ်ထဲသို့ ပျော်ပျော်ပါးပါး ဝင်ရောက်သွားကြသည်။ ပီလွန်က ဖယောင်းတိုင်တစ်တိုင်ကို ထွန်းကာ အရက်ထည့်သောက်ရန် သစ်သီးထည့်သည့် ခွက်နှစ်ခွက်ကို ထုတ်၍ ချသည်။

"ကွက်တွင်းကို ရေလောင်းကြစို့"ဟု ပက်ဘလိုက ပြောသည်။ အရက်ကို ရေလိုသောက်နိုင်ပါသည်ဆိုသော ပီဆာနိုး နှစ်ယောက် အတွက်ပင်လျှင် ဝိုင် နှစ်ဂါလန်သည် များလွန်းလှ၏။ ဝိုင် နှစ်ဂါလန်ကို သောက်သူများ၌ ဖြစ်ပေါ်လာတတ်သည့် ဖြစ်စဉ်အဆင့်ဆင့်ကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်မည်ဆိုပါကလည်း အောက်ပါအတိုင်း တွေ့ရလိမ့်မည်—

ပထမပုလင်း၏ လည်ပင်းအောက်နားအထိ အရက်လျော့သွားချိန်တွင် အသောက်သမားများသည် စိတ်ဝင်စားဖွယ် ကောင်းသည့် အကြောင်းအရာများကို အလေးအနက်ထား၍ ပြောဆိုတတ်ကြသည်။

ပုလင်းလည်ပင်းအောက် နှစ်လက်မထိ လျော့သွားသောအခါ ကြည်နူးနှစ်သိမ့်ဖွယ်ကောင်းသည့် ရှေးဟောင်းနှောင်းဖြစ် အချစ်ရေးရာများကို တမ်းတမိကြ၏။

နောက်ထပ် တစ်လက်မတိုး၍ လျော့သွားချိန်တွင်မူ စိတ်နှလုံး မသာယာဖွယ်ကောင်းသည့် အတိတ်က ချစ်ပုံပြင်များ ဆီသို့ ရောက်သွားကြ၏။

ပထမပုလင်း ကုန်သွားသည့်အခါတွင်မူ မရေမရာနိုင်လွန်းလှသော ကြေကွဲဝမ်းနည်းမှုများ ဝင်လာသည်။ ဒုတိယပုလင်း၏ လည်ပင်းအောက်နားအထိ လျော့သွားသောအခါ စိတ်ပျက်ခြင်း၊ အားလျော့ခြင်း၊ တွေငေးမောခြင်းများ ဖြစ်လာသည်။

ထို့နောက် လက်နှစ်လုံးခန့် ထပ်၍လျော့သွားသည့်အခါ အလွန်စိတ်ပါလက်ပါဖြင့် သီချင်းဆိုမိကြသည်။ နောက်ထပ်လက်တစ်လုံး လျော့သွားသည့်အခါမူ လူကြိုက်များသည့် သီချင်းတိုင်းကို ဟိုတစ်စသည်တစ်ပိုင်း

ဆိုမိကြပြန်သည်။ အရက် နှစ်ဂါလန်၏ အဆင့်ဆင့်ဖြစ်စဉ်သည် ဤနေရာအရောက်တွင် ရပ်သွားသည်။

ထို့နောက် ဆက်လက်ဖြစ်ပေါ်လာမည့် ဖြစ်ရပ်များသည် ဖရိုဖရဲနှင့် မရေမရာနိုင်လွန်းလှ၏။ စည်းကမ်းတကျနှင့် အဆင့်ဆင့် ဖြစ်ပေါ်လာနိုင်သည့်အနေအထားမရှိတော့ စည်းလွတ်ဝါးလွတ် ဘာမဆိုဖြစ်နိုင်သော အနေအထားသို့ ဆိုက်ရောက်သွားပြီးဖြစ်၏။

ပထမပုလင်း၏ လည်ပင်းအောက် ရောက်သည့်အထိ အရက်လျော့သွားသောအခါတွင် အသောက်သမားများသည် စိတ်ဝင်စားစရာ အကြောင်းများကို လေးလေးနက်နက် ပြောဆိုဆွေးနွေးတတ်ကြသည် ဖြစ်ရာ ယခုလည်း ပီလွန်သည် ဤအဆင့်ရောက်သည်နှင့်တပြိုင်နက် သူ့အတွက်ပေါ်လာသည့် အကွက်ကောင်းကို ရအောင်ယူလေသည်။

"ဒီမယ် ပက်ဘလို"ဟု သူက စကားစသည်။"အိမ်ခြေရာခြေလည်း မရှိ၊ သူငယ်ချင်းအပေါင်းအသင်းလည်း မရှိဘဲ အခုလို ရေစိုမိုးစို ခံပြီး လမ်းဘေးရေမြောင်းတွေထဲ အိပ်နေရတဲ့ဘဝကို မင်းစိတ်မပျက်သေးဘူးလား"ဟု မေးသည်။

"ဟင့်အင်း၊ စိတ်မပျက်သေးဘူး"ဟု ပက်ဘလိုက ဖြေသည်။

ပီလွန်က ချော့ချော့မော့မော့ လေသံဖြင့် ပြောသည်။"အေးပေါ့လေ။ ငါလည်းပဲ အဲသလိုနေခဲ့ရတာပဲ သူငယ်ချင်းရဲ့၊ ရေမြောင်းထဲက ညစ်ပတ်ပေရေနေတဲ့ ခွေးလေ ခွေးလွင့်ဘဝတုန်းကတော့ ငါလည်းပဲ ကိုယ့်ဘဝကိုယ် ကျေနပ်နေတာပဲ။ အိမ်ကလေးတစ်လုံးနဲ့ နေရတာ ဘယ်လောက်အထိ စိတ်ချမ်းသာစရာကောင်းတယ် ဆိုတာ သိမှမသိသေးဘဲကိုး။ အမိုးနဲ့၊ အကာနဲ့၊ ဥယျာဉ်ကလေးနဲ့ နေရတဲ့ ဘဝဟာ အင်မတန် စိတ်အေးစရာကောင်းတဲ့ ဘဝကွ၊ ဒီမှာ ပက်ဘလို၊ အဲသလိုနေတာမှ လူလိုသူလို နေနတဲ့ ဘဝကွ"

"အေး၊ ဟုတ်တယ်၊ တကယ့်ကိုသာယာမှာပဲ"ဟု ပက်ဘလိုက ရေရွတ်သည်။

"ဒီမယ် ပက်ဘလို၊ မင်း ငါ့အိမ်မှာ တစ်ခြမ်းငှားမနေချင်ဘူးလား။ ဒါဆိုရင် အလွန်အေးတဲ့ မြေကြီးပေါ်မှာ မင်းကျောခင်းစရာ မလိုတော့ဘူး။ ဆိပ်ခံတံတားအောက်က သဲပြင်မာတွေပေါ်မှာ ကျောခင်းဖို့လည်း မလိုတော့ဘူး။ ဘယ်လောက်ဟန်ကျလဲ၊ မင်း ငါနဲ့အတူတူ နေရမယ်ဆိုရင် သဘောမကျဘူးလား ဟင်"

"သိပ်သဘောကျတာပေါ့ကွာ"ဟု ပက်ဘလိုက ပြောသည်။

"ဒီလိုလေကွာ၊ မင်းက အိမ်လခ တစ်လကို ဆယ့်ငါးဒေါ်လာပဲပေး၊ ဟုတ်လား၊ ပြီးတော့ ငါ့အိပ်ရာကလွဲပြီး တစ်အိမ်လုံးမှာရှိတဲ့ တခြားပစ္စည်းတွေကို သုံးချင်သလိုသုံးပေါ့၊ ဘယ့်နှယ်လဲ၊ မင်းစဉ်းစားပေါ့။

တကယ်လို့ မင်းဆီကို လူတစ်ယောက်က စာတစ်စောင်ရေးတယ်ဆိုပါတော့။ သူ့အနေနဲ့ စာကို အလွယ်တကူ ထည့်နိုင်ဖို့ နေရပ်လိပ်စာတစ်ခု ရသွားနိုင်တာပေါ့၊ ဟုတ်ဘူးလားကွာ။

"အေး၊ ဟုတ်တာပေါ့ကွ။ ဒါဆိုရင် သိပ်ကောင်းသွားမှာ"ဟု ပက်ဘလိုက ပြန်ပြောသည်။

ပီလွန်သည် အလွန်စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် သက်ပြင်းချသည်။ ဒင်နီကို ပေးရမည့် အိမ်လခကြွေးများ သူ့ပခုံးပေါ်၌ မည်မျှလောက်အထိ ပိလာမည်ကို မူ၊ သူ လုံးဝ သတိမထားမိပေ။ သူ သေချာပေါက် နားလည်ထားသည့် အချက်တစ်ချက်တော့ ရှိသည်။ ယင်းမှာ အခြားမဟုတ်၊ ပက်ဘလိုက ဘယ်တော့မှ အိမ်လခ ပေးလိမ့်မည်မဟုတ် ဟူသော အချက်ဖြစ်၏။ ထိုအချက်အတွက် သူ စိုးရိမ်ပူပန်ခြင်း မဖြစ်ပေ။ အကယ်၍ ဒင်နီက အိမ်လခတောင်းခဲ့ပါမူ၊ ပီလွန်အနေဖြင့်"ပက်ဘလိုဆီက အိမ်လခ ရတဲ့အခါကျမှ ပေးမယ်"ဟု ပြောနိုင်ပြီ မဟုတ်ပါလား။

သူတို့သည် ဝိုင်အရက်ကို ဆက်သောက်ကြသည်။ ဤသို့ဖြင့် အသောက်သမားတို့ ရင်ဆိုင်ရောက်ရတတ်သည့် နောက်တစ်ဆင့်ဖြစ်စဉ်ဆီသို့ ကူးပြောင်းရောက်ရှိသွားကြ၏။

ထိုအခါ သူငယ်စဉ် တောင်ကျေးကလေးဘဝက မည်မျှလောက် ပျော်ခဲ့ရသည်ကို ပီလွန် သတိရလာသည်။"အဲဒီတုန်းကများ ငါဘာကိုမှ ဂရုမစိုက်ခဲ့ဘူး။ နားမလည်ခဲ့ဘူး။ အိုကွာ၊ ငါသိပ်ကို ပျော်ခဲ့တာကွ။

ငါတို့အနေနဲ့ အဲဒီတုန်းကလောက် ဘယ်တော့မှ မပျော်ရတော့ပါဘူးကွာ"ဟု ပက်ဘလိုက ဝမ်းနည်းစွာဖြင့် ထောက်ခံလေသည်။

လူကောင်းတစ်ယောက်ဖြစ်သော ဂျီးဆပ်စ် မေရီယာ ကော်ကိုရန်

ပီလွန်နှင့် ပက်ဘလိုတို့၏ ဘဝသည် အလွန်သာယာဖြောင့်ဖြူးလျက်ရှိသည်။ မနက်ဆိုလျှင် ဘယ်တော့မှ အိပ်ရာမှ စောစောစီးစီးမနိုး။ ထင်းရှူးပင်များအပေါ်နေကျော်၍ တက်သွားချိန်နှင့် သူတို့အောက်ဘက်ရှိ ပင်လယ်တွေက ရေပြာပြာပေါ်၌ လှိုင်းဂယက်များ လူးလွန့်လှုပ်ရှားကာ တလျှပ်လျှပ်တောက်ပနေချိန်ကျမှ အေးအေးဆေးဆေး အိပ်ရာမှ ထကြလေသည်။

နေသာသော မနက်ဆိုလျှင် အလွန်ပျော်စရာ၊ ကြည်နူးစရာကောင်းသည်။ မြက်ပင်ချုံပင်များပေါ်၌ ကျနေကြသော နှင်းပေါက်များသည် နေရောင်အောက်တွင် ဖိတ်ဖိတ်တောက်နေကြသည်။

သစ်ရွက်များတွင် တွဲလဲခိုနေကြသော နှင်းပေါက်များသည် အဖိုးမထိုက်တန်သော်လည်း အလွန်လှပသည့် ကျောက်မျက်ရတနာများနှင့် တူသည်။ ဤမျှလောက် သာယာကြည်နူးစရာကောင်းသည့် နံနက်ခင်းတွင် ဘယ်လိုကိစ္စမျိုးကိုမှ အလျင်စလိုမလုပ်သင့်။ ဆူဆူညံညံ လှုပ်လှုပ်ရှားရှားနှင့် ပျာယာခတ်စရာလည်းမလို။ အခုလိုမနက်ခင်းမျိုးတွင် အတွေးအခေါ်သည် ဖြည်းဖြည်းမှန်မှန်ဖြစ်ရမည်။ လေးနက်ရမည်၊ အဖိုးထိုက်တန်ရမည်။

အပြာရောင်ဂျင်းဘောင်းဘီနှင့် အပြာရောင်ရှပ်အင်္ကျီများဝတ်ထားသော ပက်ဘလိုနှင့် ပီလွန်တို့သည် အိမ်နောက်ဖက်ရှိ လျှိုကလေးတစ်ခုသဖွယ်ဖြစ်နေသော မြေနိမ့်ပိုင်းပေါ်၌ အိမ်ရှေ့ဆင်ဝင်ဆီသို့ ပြန်ရောက်လာကြပြီး နားအေးပါးအေးထိုင်ကာ နေစာလှုံကြသည်။ မွန်ထရေးမြို့တွင်းရှိ လမ်းများပေါ်မှ တံငါသည်များ၏ ပင်လယ်ပြင်ထွက်ရန် နှိုးဆော်နေသည့် ခရာမှုတ်သံများကို နားစွင့်ကြသည်။ တော်တီလာဖလက်ရပ်ကွက်တွင်းမှ လူတို့၏ လှုပ်ရှားသံများ၊ အိပ်ချင်မူးတူးဖြင့် ပြောဆိုနေကြသည့် စကားသံများကို နားစွင့်ကြသည်။ ကမ္ဘာကြီး မှန်မှန်လည်ပတ်နေသမျှ ကာလပတ်လုံး နေ့စဉ်နေ့တိုင်း ဖြစ်ပျက်နေသည့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များသည် ရှိနေသည်မဟုတ်ပါလား။

ဆင်ဝင်တွင် ထိုင်နေကြသည့် သူတို့နှစ်ယောက်သည် သာယာငြိမ်းချမ်းလျက်ရှိကြ၏။ ကြမ်းပြင်ပေါ်၌ ချနင်းထားသည့် ခြေထောက်များပေါ် ယင်ကောင်များလာနားသည့်အခါများ၌သာ ခြေချောင်းကလေးများကို လူးလွန့်လှုပ်ရှားခြင်းပြုသည်။

"နှင်းပေါက်တွေသာ စိန်တုံးကလေးတွေဖြစ်မယ်ဆိုရင်

သိပ်ကောင်းမှာပဲ"ဟု ပက်ဘလို ပြောသည်။"ငါတို့နှစ်ယောက် သိပ်ကိုချမ်းသာသွားမှာ၊ ချမ်းသာရင် ငါတို့နှစ်ယောက် တစ်သက်လုံး အရက်ကိုကောင်းကောင်း သောက်သွားနိုင်မှာပဲနော်။"သို့သော်လည်း ယထာဘူတသမား ပီလွန်က ပက်ဘလို၏ စကားကို လက်မခံ။

"မင်းပြောသလိုဖြစ်ကုန်ရင် လူတိုင်းရဲ့ လက်ထဲမှာ စိန်တွေအများကြီးရှိကုန်မှာပေါ့၊ အဲဒီကျတော့ စိန်တွေဟာ ဘယ်မှာလာပြီး တန်ဖိုးရှိတော့မှာလဲ။ ဒါပေမယ့် ငါထင်တယ်၊ အရက်ကတော့ ဈေးတန်နေဦးမှာပဲ။ တကယ်လို့များ အခုလောလောလတ်လတ် အရက်မိုးတစ်နေကုန်ရွာလိုက်လို့ မင်းတို့ငါတို့က သံကန်ကြီးတစ်လုံးစာ ခံထားလိုက်နိုင်ရင် ဘယ်လောက်ဟန်မလဲ။"

"ရွာရင်လည်း အရက်ကောင်းကောင်းရွာပါမှ ဖြစ်မှာကွ"ဟု ပက်ဘလိုက ပြောသည်။"မင်းနောက်ဆုံးရလာတဲ့ မြောင်းပုပ်ရေလို အရက်မျိုးကို ဗုံးပေါလအော သောက်ရလို့ကတော့ အလကားပဲနေမှာပါ။"

"အဲဒီအရက်ကို ငါပိုက်ဆံပေးပြီး ဝယ်လာတာမဟုတ်ဘူးကွ"ဟု ပီလွန်က ပြောသည်။"ဟိုကပွဲခန်းဘေးက မြက်ပင်တွေကြားမှာ တစ်ယောက်ယောက်ကလာပြီး ဝှက်ထားတာတွေ့လို့ ယူလာတာ။ ဒါမျိုးကျတော့ အကောင်းစားရချင်လို့ ဘယ်ဖြစ်မလဲ။"သူတို့သည် သူတို့ပေါ်တွင် နားရန် အားထုတ်နေကြသော ယင်များကို သူတို့လက်များဖြင့် မောင်းကြသည်။

"ဟေ့ ဒီမယ်၊ မနေ့က ကော်နဲလီယာရှဗ်က မက္ကဆီကန် အသားမည်းကောင်ကို ဓားနဲ့ တိုက်လှွက်လိုက်တယ်ကွ။ သိလား"ဟု ပီလွန်က ပြောသည်။ပက်ဘလိုက မျက်လုံးများကို ပင့်၍ ကြည့်လိုက်ပြီး"သူတစ်ပြန် ကိုယ်တစ်ပြန် ချကြတာလား"ဟု မေးသည်။

"မဟုတ်ဘူးကွ၊ အမည်းကောင်က ကော်နဲလီယာမှာ လူသစ်တစ်ယောက် ရနေတယ်ဆိုတာ မသိဘူး၊ သူက မသိတော့ အိမ်ထဲဝင်ဖို့ ကြိုးစားတယ်၊ ဒီတော့ ကော်နဲလီယာက ဓားနဲ့ခုတ်တာပေါ့။ အမှန်တော့ ဒီအကောင် သိဖို့ သင့်တာပေါ့ကွာ"ဟု ပက်ဘလိုက မှတ်ချက်ချသည်။

"ဒီလိုကွ၊ ကော်နဲလီယာ လူသစ်တစ်ယောက် ရချိန်မှာ သူက မြို့ထဲကို ရောက်နေတယ်၊ ပြန်လာတော့ အိမ်ရှေ့ တံခါး သော့ခတ်ထားတာ တွေ့တယ်။ ဒါနဲ့ပဲ သူက ပြတင်းပေါက်က ဝင်ဖို့ ကြိုးစားတာ၊ ဒီအမည်းကောင်က အရူးပဲကွာ"ဟု ပက်ဘလိုက ပြောသည်။

"သူသေရောလား?"

"ဟာ မသေပါဘူး၊ လက်တွေမှာ ဒဏ်ရာ နည်းနည်းပါးပါး ရသွားရုံလောက်ပါ၊ ကော်နဲလီယာက ဒေါသမှ မကြီးဘဲ၊ သူ့အနေနဲ့က အမည်းကောင်ကို အိမ်ထဲ ဝင်မလာစေချင်လို့သာလုပ်တာပါ။"

"ကော်နဲလီယာဆိုတဲ့ ကောင်မကလည်း သိပ်ပြီး သစ္စာရှိတဲ့ မိန်းမတစ်ယောက်တော့ မဟုတ်ပါဘူး ပီလွန်ရာ"ဟု ပက်ဘလိုက ပြောသည်။

"ဒါပေမယ့် ဒီကောင်မဟာ လွန်ခဲ့တဲ့ ဆယ်နှစ် ယောက်က သေသွားတဲ့ သူ့အဖေအတွက် ဆုတောင်းပွဲတွေ လုပ်ပေးနေတုန်းကွ သိလား။ သူ့အဖေကလည်း ဆုတောင်းပွဲတွေ များများလုပ်ပေးဖို့လိုတဲ့ လူတစ်ယောက်ပဲကွ"ဟု ပီလွန်က ထင်မြင်ချက်ပေးသည်။

"သူက လူဆိုးကြီးတစ်ယောက် မဟုတ်လား၊ ဒါပေမယ့် ဟော့ ဒီလူကြီးက သူဆိုးတဲ့အတွက် ဘယ်တော့မှ ထောင်မကျခဲ့ဘူး၊ ပြီးတော့ သူ့အပြစ်တွေကိုလဲ ဘယ်တော့မှ ဝန်မခံဘူး၊ ဖြောင့်ချက်မပေးဘူးကွ။ အဘိုးကြီးရုဇ် သေခါနီးမှာ ဘုန်းကြီးတစ်ပါးက သူအသေဖြောင့်အောင် ဆုတောင်းပေးဖို့ ရောက်လာသတဲ့။ ရုဇ်ကလည်း သူ့အပြစ်တွေကို ထုတ်ဖော်ဝန်ခံသတဲ့၊ ကော်နဲလီယာ ပြောပြတဲ့အတိုင်းဆိုရင်တော့ အဘိုးကြီးရုဇ်ရဲ့ အခန်းထဲက ပြန်ထွက်လာတဲ့အခါ ဘုန်းကြီးရဲ့ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်ပြီး ဖြူဖွေးနေတာပဲတဲ့။ ဒါပေမယ့် နောက်ပိုင်းကျတော့ ရုဇ်ရဲ့ ဝန်ခံချက်တွေထဲက တစ်ဝက်လောက်ကို သူ မယုံကြည်ဘူးလို့ ဘုန်းကြီးက ပြောတယ်ဆိုပဲ။"

ပက်ဘလိုသည် သူ့ဒူးခေါင်းပေါ်လာ၍ နားသော ယင်ကောင်ကို ကြောင်တစ်ကောင်က ကြွက်တစ်ကောင်ကို ခုန်အုပ်လိုက်သည့်နှယ် ဖျပ်ခနဲ ရိုက်သတ်လိုက်သည်။

"ရုဇ်ဆိုတဲ့ ငနဲကြီးကလည်း လူလိမ်ကြီးတစ်ယောက်ပေါ့ကွာ"ဟု ပြောသည်။

"သူ့လို လူလိမ်လူညာကြီးတစ်ယောက်ရဲ့ ဝိညာဉ်အတွက် ဆုတောင်းပွဲတွေ များများလုပ်ပေးဖို့ လိုတာကတော့ အမှန်ပဲကွ။

ဒါပေမယ့် ကော်နဲလီယာ ရဲ့အိမ်ထဲမှာ မူးမူးရူးရူးနဲ့ အိပ်ပျော်နေတဲ့ ကောင်တွေရဲ့ အိတ်ကပ်ထဲက ရလာတဲ့ ငွေနဲ့လုပ်တဲ့ ဆုတောင်းပွဲတစ်ခုမှာ သန့်ရှင်းစင်ကြယ်မှုရှိလိမ့်မယ် မင်း ထင်သလားဟင်?

"ဆုတောင်းပွဲတစ်ခုဟာ ဆုတောင်းပွဲ တစ်ခုပါပဲကွာ"ဟု ပီလွန်က ပြန်ပြောသည်။

"မင်းကို အရက်တစ်ခွက် ရောင်းတဲ့အကောင်အနေနဲ့, မင်းပေးလိုက်တဲ့ ငွေကို ဘယ်ကရသလဲဆိုတာ ဘုရားသခင်က စိတ်မဝင်စားပါဘူး။မင်းအနေနဲ့ အရက်ကိုကြိုက်သလို, ဘုရားသခင်ကလည်း ဆုတောင်းပွဲကို ကြိုက်တာပါပဲကွ။

ဘုန်းကြီးမာဖီး ဟာ အချိန်ရှိသမျှ ငါးပဲထွက် မျှားနေတာပဲ၊ဒါပေမယ့် သူလုပ်ပေးတဲ့ ဆုတောင်းပွဲက မမြင့်မြတ်ပါဘူး၊ မသန့်စင်ပါဘူးလို့ ပြောနိုင်သလား? ဒီဟာတွေက ဘုန်းကြီးတွေ ရှင်းရမယ့် ပြဿနာတွေပါကွာ၊ ငါတို့က ပူနေစရာ မလိုပါဘူး။ငါကတော့ ကြက်ဥဘယ်ကရနိုင်သလဲဆိုတာ စဉ်းစားနေတယ်။ အခုချိန်မှာ ကြက်ဥတစ်လုံးလောက် စားလိုက်ရရင် သိပ်ကောင်းမယ်ကွ။

ပက်ဘလိုသည် နေရောင်ထိုးခံနေရသော သူ့မျက်လုံးများ လုံသွားအောင် ဦးထုပ်ကို ခပ်စောင်းစောင်း ဖြစ်အောင် ဆွဲချပြီး ပြင်၍ ဆောင်းလိုက်သည်။

"ချာလီမီလာက ငါ့ကိုပြောတယ်— ဒင်နီဆိုတဲ့ကောင် အထမ်းသမကောင်မလေး ရိုစာမာတင့် နဲ့ တွဲနေသတဲ့"။

ပီလွန်၏ခန္ဓာကိုယ်သည် ထိတ်လန့်အံ့ဩခြင်းဖြင့် တောင့်ခနဲဖြစ်သွားသည်။

"အဲဒီကောင်မလေးက ဒင်နီကို အရယူချင်ယူမှာ။ ဒီအထမ်းသမတွေဟာ ယောက်ျားတွေနဲ့ တွဲလိုက်ရရင် လက်ထပ်ဖို့လောက်ကစ စိတ်ကူးတာ။ သူတို့ ငွေလည်း မက်တယ်ကွ။ သူတို့နှစ်ယောက် လက်ထပ်ဖြစ်သွားရင်တော့ ဒင်နီက တို့ကို အိမ်လခ တောင်းတော့မှာပဲ။ ဟိုကောင်မ ရိုစာက အဝတ်အစားသစ်လိုချင်လိမ့်မယ်။

ဒီနေရာမှာတော့ မိန်းမအားလုံး သူ့လိုချည်းပါပဲ၊ ငါသူတို့အကြောင်း ကောင်းကောင်းသိတယ်"။ ပီလွန်၏စကားကြောင့် ပက်ဘလိုမှာလည်း စိတ်အနှောင့်အယှက်ဖြစ်သွားပုံရ၏။"တကယ်လို့ ငါတို့နှစ်ယောက် ဒင်နီဆီ အကျိုးအကြောင်းပြောပြရင်ကော?" ဟုသူက အကြံပေးသည်။"အင်း... ဒင်နီ ဆီမှာ ကြက်ဥရှိချင်ရှိမယ်"ဟု ပီလွန်က ရေရွတ်သည်။

"မစ္စက်မော်ရေး ရဲ့ ကြက်မတွေဟာ အလွန် ဥတဲ့ ကြက်မတွေကွ"။

သူတို့သည် ရှူးဖိနပ်များကို ကောက်၍စီးကာ ဒင်နီ၏ အိမ်ဘက်သို့ လျှောက်လာခဲ့ကြသည်။ ပီလွန်သည် လမ်းမပေါ်မှ ဘီယာပုလင်းအဖုံးတစ်ခုကို ကုန်း၍ကောက်လိုက်ပြီး တစ်ခွန်းမျှဆဲကာ လွှင့်ပစ်လိုက်သည်။"တချို့ယုတ်မာစုတ်ပဲ့တဲ့ ကောင်တွေက လမ်းပေါ်သွားနေတဲ့လူကို အထင်မှားအမြင်မှား ဖြစ်အောင် တမင်သက်သက် ဒီပုလင်းအဖုံးကို ချထားခဲ့တာဖြစ်မယ်ကွ"ဟု ပြောသည်။

"ငါလည်း မနေ့ညက အဲသလိုပဲ ကောက်ကြည့်မိခဲ့သေးတယ်"ဟု ပက်ဘလိုကပြောသည်။

သူသည် ခြံဝင်း တစ်ခုထဲမှ မှည့်စပြုနေသော အစိမ်းရောင် ဂျုံပင်များကို လှမ်းကြည့်ပြီး တစ်စုံတစ်ခုကို စဉ်းစား စိတ်ကူး လျက် ရှိ၏။

သူတို့သည် အိမ်ရှေ့ ဆင်ဝင်ရှိ နှင်းဆီချုံ တစ်ချုံနောက်တွင် ထိုင်၍ ခြေချောင်းများကို တလှုပ်လှုပ် လုပ်ကာ ယင် ခြောက်နေသော ဒင်နီကို အသင့်ပင်တွေ့သည်။

"ဟေး သူငယ်ချင်းတို့ပါလား"ဟု ဒင်နီက နှုတ်ဆက်သည်။

သူတို့သည် ဒင်နီ၏ ဘေးတွင်ထိုင်ပြီး ဦးထုပ်နှင့် ဖိနပ်များကို ချွတ်လိုက်ကြသည်။ ဒင်နီက ဆေးရွက်ကြီးမှုန့်ဗန်းနှင့် စက္ကူများ ထုတ်ကာ ပီလွန်၏ လက်သို့ လှမ်းပေးသည်။ ပီလွန်သည် ဒင်နီကို အလန့် တကြား လှမ်း၍ကြည့်၏။ သို့သော်လည်း သူ့ထင်မြင်ချက်များ ကိုတော့ ထုတ်ဖော်၍ မပြောပေ။

"ကော်နဲလီယာရစ်ဇ်က ဟို မက္ကဆီကန် လူမည်းကို ဓားနဲ့ထိုးသတဲ့ကွ"ဟု သူက လှမ်းပြောသည်။

"အေး၊ ငါလည်းကြားတယ်"ဟု ဒင်နီက ပြန်ပြောသည်။

ပက်ဘာလိုကလည်း စိတ်နာသောလေသံဖြင့် ဝင်ပြောသည်။

"ဒီမိန်းမတွေဟာ အကျင့်မကောင်းတာချည်း ပါပဲကွာ သူတို့နဲ့ တွဲရတာ အလွန်အန္တရာယ် ရှိတယ်"ဟု ပီလွန်က ထောက်ခံသည်။"ငါတစ်ခု ကြားတယ်၊ အထမ်းသမ ကောင်မလေး တစ်ယောက် ဒီရပ်ကွက်ထဲရောက်နေတယ်တဲ့၊ ဆင်းရဲဒုက္ခကို လိုက်ရှာနေတဲ့ ယောကျာ်း တစ်ယောက် အနေ နဲ့ သူ့ကို အမြဲသတိရနေအောင် လိုချင်တာပေးဖို့ ရောက်နေတာပဲကွ" ထိုအခါ ပက်ဘာလိုက အော့နှလုံးနာသည့်ဟန်ဖြင့် အသံတစ်ချက်ပြုပြီး သူ့လက်များကို သူ့ရှေ့ တည့်တည့် တွင် ဆန့်၍ ဖြန့်လိုက်သည်။

"အဲဒီတော့ ယောကျာ်းတစ်ယောက်အနေနဲ့ ဘာများလုပ်မလဲ" ဟုမေးသည်။

"ယုံကြည် စိတ်ချရတဲ့ လူ ကော သူ့အနားမှာ ရှိပါဦးမတဲ့လား"

နှစ်ယောက်သား ဒင်နီ၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ အကဲခတ်ကြ၏။ ဒန်နီ၏မျက်နှာပေါ်တွင် ထိတ်လန့် တုန်လှုပ် သွားသည့် လက္ခဏာမမြင်ရ။

"ကောင်မလေး နာမည်က ရိုစာ တဲ့"ဟု ပီလွန်က ပြောသည်။

"သူ့နောက်က နာမည်ကိုတော့ ငါမပြောတော့ပါဘူး။"

အခုလောက် ပြောရင် သိရောပေါ့။"ဩော်...မင်းပြောနေတာ ရိုစာမာတင်ကိုလား"ဟု ဒင်နီက သိပ်ပြီး စိတ်မဝင်စားသည့် အသံဖြင့် ပြောသည်။ မင်းတို့အနေနဲ့ အထမ်းသမ တစ်ယောက်ကို အထင်ကြီးနေလို့ကတော့ ဘယ်ဖြစ်မလဲကွာ ပက်ဘာလိုနှင့် ပီလွန်သည် စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် သက်ပြင်း ပြိုင်တူချကြသည်။

"မစ္စက်မော်ရေးရဲ့ ကြက်မ တွေကော ဘယ်လိုအခြေအနေရှိလဲ"ဟု ပီလွန်က အမှတ်တမဲ့မေးသည်။ ဒင်နီက စိတ်မကောင်းဟန်ဖြင့် ခေါင်းယမ်းသည်။"ကြက်မတွေအားလုံး သေကုန်ပြီ၊ မစ္စက်မော်ရေးက ပဲတွေကို အိုးထဲ မှာ ထည့်ထားတယ်၊ အိုးတွေက ကွဲကုန်ရော၊ မြေကြီးပေါ်ကျနေတဲ့ ပဲ တွေကို ပြန်ကောက်ပြီး ကြက်မတွေကို ကျွေးတယ်၊ အဲဒီတော့ ကြက်မ တွေ အားလုံးသေကုန်ပြီ။ တစ်ကောင် မှ မကျန်ဘူး""အဲဒီ ကြက်သေ တွေကော အခုဘယ်မှာလဲဟု ပက်ဘာလိုက မေးသည်။

ဘယ်သူကရယ်လို့တော့ မသိဘူး၊ တစ်ယောက်ယောက်သာ ကြက်သေတွေကို မစားနဲ့ စားရင် ဖျား လိမ့်မယ်လို့ မစ္စက်မော်ရေးကို ပြောတယ်၊ ဒါပေမယ့် ငါတို့က ကြက်အူ တွေကို ထုတ်ပြီး သန့်သွားအောင် လုပ် လိုက်တယ်၊ ပြီး တော့ ကြက်သားသည် တွေဆီ သွားရောင်းပစ်လိုက်တယ်။ လူသေတယ် လို့ကော ကြားသလားဟု ပက်ဘာလိုက ထပ်မေးသည်။

မကြားပါဘူး၊ ငါထင်ကတော့ အဲဒီကြက်တွေဟာ အကောင်းတွေပဲဖြစ်မှာပါ။ အဲဒီ ကြက်မတွေ ရောင်းလို့ရတဲ့ ငွေနဲ့ မင်းဝိုင်

နည်းနည်းပါးပါး ဝယ်ထားသေးသလား"ဟု ပီလွန်က မေးသည်။ဒင်နီက လှောင်ချင်ပြောင်ချင်သည့် မျက်နှာပေးဖြင့် ပီလွန်ကိုကြည့်၍ ပြုံးသည်။"မစ္စက်မော်ရေးက ဝယ်တယ်၊ မနေ့ညက ငါသူ့အိမ် သွားလည်တယ်၊ မီးရောင်နဲ့ကျတော့ မစ္စမော်ရေးဟာ မိန်းမချောကြီး တစ်ယောက် ပဲကွ၊ ပြီးတော့ သိပ်လည်း မအိုသေးပါဘူးကွ"။

ဤစကားကြောင့် ပက်ဘလိုနှင့် ပီလွန်တို့သည် နောက်တစ်ကြိမ် လန့်လာကြပြန်သည်။"ငါ့ အစ်မဝမ်းကွဲ ဂီလီ ပြောတာကတော့ မစ္စက်မော်ရေးက အသက်ငါးဆယ် ရှိပြီတဲ့"ဟု ပီလွန်က ပြောသည်။

ဒင်နီက သူ့လက်များကို ဖြန့်လျက်"အသက်ဘယ်လောက် ရှိနေပြီဆိုတဲ့အချက်က အရေးမကြီးပါဘူးကွာ"ဟု တွေးတွေး ဆဆ ပြောသည်။"သူ့မှာ အိမ်ပိုင်ရှိတယ်၊ ဘဏ်မှာ ဒေါ်လာငွေ နှစ်ရာအပ်ထားတယ်" ပြောနေရင်း ဒင်နီ၏ မျက်နှာသည် အနည်းငယ်ညှိုးသွားသည်။"ငါ မစ္စက်မော်ရေးကို လက်ဆောင်တစ်ခု ပေးချင် တယ်ကွာ

ပီလွန်နှင့် ပက်ဘလိုတို့သည် သူတို့ခြေထောက်များကို စိုက်ကြည့်နေကြသည်။ ဒင်နီထံမှ နောက်ထပ်စကား ပြောမလာ စေရန် အမူအရာဖြင့် ဟန့်တားကြသည်။ သို့သော် သူတို့၏ အားထုတ်မှုမှာ အကျိုးသက်ရောက်မှု မရှိပေ။

"တကယ်လို့သာ ငါ့မှာ ပိုက်ဆံနည်းနည်းပါးပါး ရှိနေရင် ချိုချဉ်ဘူးကြီး တစ်ဘူးလောက် ဝယ်ပေးချင်တယ်" သူသည် သူ့အိမ်ငှားနှစ်ယောက်ကို အဓိပ္ပာယ်ရှိသော မျက်နှာထားဖြင့် ကြည့်နေသည်။ သို့သော်လည်း သူတို့ ထံ မှ စကားပြန်မရ၊ တစ်ဒေါ်လာ နှစ်ဒေါ်လာလောက် ရရင် ဖြစ်ပါတယ်ကွာ"ဟု ထပ်၍ ပြောသည်။"ချင်ကီး ဗီလာငါး တွေ နေလှန်းနေတယ်"ဟု ပီလွန်က ပြောသည်။"မင်း သူ့ဆီသွားပြီး နေ့တစ်ဝက် လောက် ငါးခွဲပေးပါလား"

"အိမ်ပိုင်နှစ်လုံး ရှိတဲ့ လူတစ်ယောက်အနေနဲ့ ငါးသွားခွဲရမယ်ဆိုတာကတော့ ကြည့်လို့ကြားလို့ ကောင်းမယ် မထင် ပါဘူးကွာ၊ တကယ်လို့များ မင်းတို့က အိမ်လခ နည်းနည်းပါးပါး ပေးထားမယ်ဆိုရင် ပီလွန်က ထိုင်နေရာမှ ဒေါသတကြီး ထရပ်လိုက်သည်။"အမြဲတမ်းအိမ်လခပဲတောင်းနေတာပဲ"ဟု အော်ကြီး ဟစ်ကျယ် ဖြင့်ပြောသည်။"မင်းက တို့ကို လမ်းပေါ်ပြန်ရောက်သွားအောင် ဇွတ်လုပ်နေတာပေါ့လေ ဟုတ်လား၊ မင်းက အိပ်ရာပေါ်မှာ ဖိမ်နဲ့အိပ်၊ တို့ကတော့ မြောင်းကြိုမြောင်းကြားမှာအိပ်၊ အဲသလို အဖြစ်မျိုး ရောက်စေချင် တယ်ပေါ့၊ လာကွာ ပက်ဘလို၊ ဟောဒီက ငါတို့ အိမ်ရှင်သခင်ကြီး ဂျူးကြီး အတွက် ငွေသွားရှာကြရအောင် နှစ်ယောက်သား ဒင်နီ၏အိမ်ထဲမှ ခပ်တည်တည် ထွက်သွားကြလေသည်။

ငွေကို ငါတို့ဘယ်က ရမလဲ"ဟု ပက်ဘလိုက မေးသည်။

"ငါလဲ မသိဘူး"ဟု ပီလွန်က အဖြေပေးသည်။"ဒီအကောင် နောက်ထပ် တောင်းချင်မှ တောင်းတော့ မှာပါကွာ" သို့သော်လည်း ကိုယ်ချင်းစာတရား ကင်းမဲ့စွာဖြင့် တောင်းခံ လိုက်သည့်အတွက် နှစ် ယောက် စလုံး စိတ်အေး နားအေး မနေနိုင်ဘဲ ဖြစ်လျက်ရှိကြ၏။"ဒီအကောင်ကို နောက်တစ်ခါတွေ့ ရင် ဂျူးအို ကြီးလို့ ခေါ်ကြမယ်ကွာ"ဟု ပီလွန်က ဆိုသည်။"ဒီအကောင် ငါတို့ နဲ့ အပေါင်းအသင်းဖြစ်လာတာ နှစ်ပေါင်း မနည်းတော့ပါဘူး၊ သူ ဝတ်နေရင် ငါတို့က ကျွေးခဲ့ရတယ်၊ သူ့မှာ ဝတ်စရာ မရှိရင်လည်း ငါတို့ကပဲ အဝတ် အစား ပေးခဲ့ရတယ်"

ငါတို့ ပေးခဲ့ကျွေးခဲ့တာ ဘယ်တုန်းကလဲဟု ပက်ဘလိုက မေးသည်။"ငါတို့ လက်ထဲ ရှိနေတဲ့ အခါမျိုးမှာ ပေးတာပေါ့ကွ၊ မင်းကလည်း။ ငါဆိုလိုတာက သူ့မှာလည်း လိုနေတယ်၊ တို့ မှာလည်း ရှိနေမယ်ဆိုရင် ပေးမယ်ဆိုတဲ့ သဘောပြောတာ၊ ဒီမှာ ပက်ဘလို၊ ငါတို့က အဲသလို သူငယ်ချင်း မျိုး တွေပါကွာ၊ အခုတော့ ဒီကောင်က ဟိုမွတ်တားအိုမကြီးကို ချိုချဉ် တစ်ဘူး လက်ဆောင် ပေးချင်တာနဲ့ပဲ သူငယ် ချင်းချင်း မျက်နှာပျက်အောင် လုပ်တယ်။ တို့အချင်းချင်းရဲ့ ခင်မင်မှုကို မြေကြီးပေါ် ချပြီး ခြေထောက် နဲ့ နင်းချေပစ်တာပဲကွ"

ချိုချဉ်ဆိုတာကလည်း လူတွေနဲ့ တည့်တဲ့အစာ မဟုတ်ပါဘူးကွာ"ဟု ပက်ဘလိုက ပြောသည်။ စိတ်ထိခိုက် လှုပ်ရှားရလွန်းသဖြင့် ပီလွန်သည် ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ သူသည် လမ်းဘေးရှိ မြောင်းနှုတ်ခမ်း တွင်ထိုင်ပြီး လက်ပေါ် မေးထောက်တာ ကြေကွဲဝမ်းနည်းသော စိတ်ဖြင့် တွေဝ ငေးမော လျက် ရှိသည်။

ပက်ဘလိုကလည်း သူ့ဘေးမှာ ဝင်ထိုင်သည်။ သို့သော်လည်း သူကတော့ အမောဖြေရန် ဝင်ထိုင်ခြင်း ဖြစ်သည်။ သူနှင့် ဒင်နီ၏ ခင်မင်မှုမှာ ပီလွန်လောက် နှစ်မကြာသေး။ ပီလွန်လောက် ရင်းနှီးခြင်းလည်း မရှိသေး။ ထို့ကြောင့် ပီလွန် လောက် စိတ်ထိခိုက်ခြင်း မရှိ။

မြောင်း၏ အောက်ခြေသည် မြက်ခြောက်များ၊ ချုံနွယ်များဖြင့် ပိတ်ဖုံးလျက်ရှိသည်။ ဝမ်းနည်းခြင်းနှင့် မခံချိမခံသာဖြစ်ခြင်း တို့ကြောင့် စိတ်ပ်လျက်ရှိသော ပီလွန်သည် ခေါင်းကို ငိုက်စိုက်ချကာ မြက်ပင်၊ ချုံပင်များဆီသို့ ငေးကြည့်နေသည်။ ထိုအခိုက်မှာပင် ချုံတစ်ချုံ အောက်မှ လက်တစ်ဖက် ထိုးထွက် လာသည်ကို သူ မြင်လိုက်ရ၏။ ထို့နောက် လက်၏ဘေး၌ ဝိုင်ဂါလန်ဝက် ပုလင်းတစ်လုံးရှိနေသည်ကို တွေ့ရသည်။ သူသည် ပက်ဘလို၏ လက်မောင်းကို လှမ်းဆွဲပြီး လက်ညှိုးထိုးပြသည်။

ပက်ဘလိုက မျက်လုံးပြူး၍ ကြည့်သည်။ သူ သေနေတာများ ဖြစ်မလားပီလွန်၊ ပီလွန် အသက်တစ်ချက် အားရပါးရ ရှူလိုက်သည်။ သူ့ခေါင်းထဲသို့ ကြည်လင်သောအမြင် ပြန်ဝင်လာသည်။"တကယ်လို့ သူ သေနေတာဆိုရင်တော့ ဝိုင်ဟာ သူ့အတွက် အသုံးမဝင်တော့ဘူးကွ၊ ဝိုင်ကို

သူနဲ့အတူတူ မြေမြုပ်ပြစ်လို့ ကတော့ ဘယ်သင့်တော်ပါ့မလဲ"

သူတို့ မြင်နေရသောလက်သည် အသက်ဝင် လှုပ်ရှားလာပြီး ချုံထဲသို့ ပြန်ဝင်သွားသည်။ ထို့နောက် ညစ်ပတ် ပေရေပြီး အနီရောင် မုတ်ဆိတ်မွေး တိုနံ့နံ့များ ကျိုးတိုးကျဲတဲ ပေါက်နေသည့် ဂျီဆပ်မေရီယာကော်ကိုရန်၏မျက်နှာသည် ချုံထဲမှ ထွက်လာသည်။ ဟေး ပီလွန်၊ ဟေး ပက်ဘလို"ဟု အာလေးလျှာလေးသံဖြင့် နှုတ်ဆက်သည်။

ပီလွန်က မြောင်းထဲရှိ ချုံဖုတ်များပေါ်သို့ ခုန်ချလိုက်သည်။"သူငယ်ချင်း ဂျီးဆပ်မေရီးယာ မင်း ဘယ်လို ဖြစ်တာလဲ၊ နေမကောင်းဘူးလားဟင်"

ဂျီးဆပ်စ်မေရီယာက ပြုံးသည်။"အမူးလွန်သွားတာကွ"ဟု ရေရွတ်ပြီး ဒူးထောက်၍ ထိုင်လိုက်သည်။"ကဲ သူငယ်ချင်း တို့ လာကြ။ သောက်လှည့်ကြဦး၊ အရက်အများကြီး ကျန်သေးတယ် ပီလွန်က ဝိုင်ပုလင်းကို လှမ်းယူပြီး လေးကြိမ်တိတိ မော့လိုက်သည်။ ပုလင်းထဲတွင် ဝိုင်တစ်ပိုင်း ကျော်ကျော် ခန့်တော့ ကျန်သေးသည်။ ထို့နောက် ပက်ဘလိုက ပီလွန် လက်ထဲမှ ပုလင်းကို လှမ်းယူကာ ငှက်မွေးတစ်ခုနှင့် ကစားနေသည့် ကြောင်တစ်ကောင်သဖွယ် ပုလင်းကို မြှောက်ချည် ချချည်လုပ်၍ ကစား နေသည်။ သူသည်ပါးစပ်ကို အင်္ကျီလက်မောင်းဖြင့် သုတ်လိုက်ပြီး ပုလင်းကို နှာခေါင်းတွင်တေ့ကာ အနံ့ခံလိုက်သေးသည်။ ပါးစောင်နှစ်ဖက်မှ လည်ချောင်းတစ်လျှောက် ဆင်းသွားနေသည့် ဝိုင်အရက် စီးကျ သွားသံကို အတိုင်းသား ကြားနေရလေသည်။

ပီလွန်၏ လက်သည် ပက်ဘလို အသက်ပြန်၍ မရှူနိုင်သေးမီ ပုလင်းဆီသို့ ရောက်လာသည်။ ပြီးတော့ သူ့ သူငယ်ချင်း ဂျီးဆပ်မေရီယာ ဘက် သို့ လှည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။"ရတနာသိုက်ကို သစ်တောထဲက တွေ့ လာတာမဟုတ်လား"ဟုမေးသည်။"အလွန်ကြီးကျယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်က သူ သေတော့ မင်းအတွက် ထားခဲ့တာဖြစ်မယ်၊ ဟုတ်တယ် မဟုတ်လား သူငယ်ချင်း ဂျီးဆပ်မေရီယာသည် အချင်းချင်း ကိုယ်ချင်းစာတတ်သူ တစ်ဦးဖြစ်၏။ တစ်ဖက်သားအပေါ် သနားကြင်နာ တတ်သော စိတ်လည်းရှိသည်။

သူသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး တံတွေးတစ်ချက် ထွေး လိုက်သည်။"ငါ့လည်ချောင်းခြောက်နေပြီ" သူသည် ဝိုင်ကို ခပ်ဖြည်းဖြည်း ခပ်မှန်မှန်ပင် အချိန်ယူ၍ မော့သည်။ ဝိုင်တွေ အများကြီး ရှိနေသဖြင့် ဇိမ်ခံ၍ သောက်နေသူ တစ်ဦးနှင့် တူသည်။"လွန်ခဲ့တဲ့ နှစ်ညလောက်က ငါပင်လယ်ကမ်းစပ်ကိုသွားပြီး သဲသောင်ပြင် ပေါ် မှာ အိပ်တယ်"ဟု ပြောသည်။"တစ်ညမှာ လှိုင်းပုတ်လို့ လှေတစ်စီး ကမ်းကို ရောက်လာတယ်။ အောင်မယ် လှေက အတော့်ကို ကောင်းတဲ့ လှေကွ၊ ခတ်တက်တွေလဲ အသင့် ပါ လာတယ်။ လှေက အနည်းဆုံး ဒေါ်လာနှစ်ဆယ် ကတော့ ကောင်းကောင်းတန်တယ် သိလား၊ ဒါပေမယ့် အရောင်းအဝယ်က သိပ်ပြီး မြန်မြန်ဆန်ဆန် မဖြစ်ဘူး၊ ဒါနဲ့ပဲ ငါ့မှာ ခုနစ်ဒေါ်လာပဲ ရလိုက်တယ်"

"မင်းမှာ အဲဒီငွေ ကျန်သေးသလား"ဟု ပီလွန်က အားတက်သရော မေးသည်။ ဆက်ပြီး ဘယ်လိုဖြစ်တယ်ဆိုတာ ငါမင်းကို ပြောပြမယ်"ဟု ဂျီးဆပ်စ်မေရီယာက ဂုဏ်ယူသော လေသံ ဖြင့် ပြောသည်။"အဲဒီ ပိုက်ဆံနဲ့ ဝိုင်နှစ်ဂါလန်ဝယ်ပြီး ဒီသစ်တောဘက်ကို ယူလာခဲ့တယ်။ အဲဒီနောက်တော့ အေရာ အဲလားဂရော့စ်နဲ့ လမ်းလျှောက်ထွက်ကြတယ်၊ မွန်ထရေးမြို့ထဲရောက်တော့ သူ့အတွက် အတွင်းခံ ဘောင်းဘီ တစ်စုံ ဝယ်ပေးတယ်၊ အတွင်းခံတွေက ပန်းရောင် ကွ၊ ပိုးဘောင်းဘီဆိုတော့ သိပ်နုတယ် မဟုတ်လား၊ သူက အရမ်းကို သဘောကျသွားတာ အဲနောက်ပြီးတော့ ငါက သူ့ကို ဂီစကီတစ်ပက် ဝယ်တိုက်တယ်၊ နောက်ခဏ ကြာတော့ စစ်သားတစ်အုပ်နဲ့ ငါတို့ဆုံမိကြရော၊ သူကစစ်သားတွေနဲ့ ပါ သွားရော

ဟာကွာ လူကောင်းတစ်ယောက် ရဲ့ ငွေကိုခိုးတဲ့ သူခိုးမပါလား"ဟု ပီလွန်က တအံ့တသြ ရေရွတ်သည်။ အဲသလိုတော့လည်း မဟုတ်ဘူးကွာ"ဟု ဂျီးဆပ်စ်မေရီယာက ဖြေသည်။"ဘာပဲဖြစ်ဖြစ် သူသွားလိုရာ သွားရမယ့် အချိန် ရောက်နေပြီ၊ အဲသူလည်း သွားရော၊ ငါလည်း ဒီကိုရောက်လာပြီး အိပ်ပျော်သွားတာပဲ"" ဒါဆိုရင် မင်းမှာ ငွေလက်ကျန် မရှိတော့ဘူးပေါ့ ဟုတ်လား"

"ငါလည်း မသိသေးဘူးကွ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။"နေဦး ငါကြည့်လိုက်ဦးမယ်"သူသည် အိတ်ကပ်ထဲ သို့ လက်နှိုက်ပြီး တွန့်ကြေလိမ်ခေါက်နေသော တစ်ဒေါ်လာတန် သုံးရွက်နှင့် ဆယ့်ဆင့်ပြား တစ်စေ့ကို ထုတ်လိုက်သည်။"ကနေ့ည ငါအလောဘဲလားဂရော့စ် အတွက် ပစ္စည်းလေးတစ်ခု ဝယ်ပေး ရဦးမယ်ကွ" ဟုပြောသည်။

"ပစ္စည်းလေး တစ်ခုဆိုတာက ဘရာစီယာ အသေးစား တစ်ထည်ဝယ်ပေးဖို့ ပြောတာလား" 'အေး ဟုတ်တယ်"ဟု ဂျီးဆပ်စ်မေရီယာကပြောသည်။"ဒါပေမယ့် ဘရာစီယာက မင်းထင်သလောက် တော့ မသေးဘူးကွ။

သူ့ဟာက အကြီးကြီး" သူသည် ခေါင်းတပွပ်ပွပ် ဆိုးသည်။ ချက်ချင်း ပင် ပီလွန်သည် ဂျီးဆပ်စ်မေရီယာကအတွက် စိုးရိမ်ပူပန်လာသည်။" ညက လေမိ လို့ဖြစ်တာပဲ"ဟု ရေရွတ်သည်။"အပြင်လေဟာထဲ မှာ အိပ်တာ မကောင်းဘူးကွ၊ ကဲ လာကွာ ပက်ဘလို။ သူ့ကို တို့အိမ်ခေါ်သွားပြီး အအေးမိနေတာ ပျောက်အောင် ကုပေးကြမယ်၊ အဆုတ်တွေမှာ အအေးမိတဲ့ ရောဂါပဲ၊ အခုမှစကာရှိသေးတယ်၊ ကုလို့ရပါတယ်"

"မင်းတို့ ဘာတွေ လျှောက်ပြောနေကြတာလဲ"ဟု ဂျီးဆပ်စ်မေရီယာမေးသည်။"ငါ ဘာမှမဖြစ်ပါဘူးကွ" မင်းကတော့ အဲသလိုပဲ ထင်မှာပေါ့"ဟု ပီလွန်က ပြောသည်။"ရှူးဒေါ့ဖိုးကဲကင်း တစ်ယောက်လည်း အခု မင်း ထင်သလို ထင်ခဲ့တာပဲ၊ လွန်ခဲ့တဲ့ လတည်းက မင်းကိုယ်တိုင် အသုဘကို လိုက်ပို့ခဲ့ရတယ် မဟုတ်လား၊ အန်ဂျီ လီနာဗတ်စ်ကွတ်ဇ်ဆိုတဲ့ မိန်းမလည်း အဲသလိုထင်ခဲ့တာပဲ၊ သူလည်း ပြီးခဲ့တဲ့ အပတ်တည်းက သေသွားပြီ၊

မင်းသိတယ်မဟုတ်လား။

ဂျီးဆပ်စ်မေရီယာသည် ထိတ်လန့်ကြောက်ရွံ့ လာသည်။ အဲဒါ ဘာဖြစ်လို့လို့ မင်းထင်သလဲ၊

အဲဒါ တစ်ညလုံး အပြင်ဘက် လေတဟူးဟူးကြားမှာ ထွက်အိပ်လို့ပေါ့ကွ"ဟု ပီလွန်က ပညာရှိကြီး တစ်ယောက် လေသံဖြင့် ပြောသည်။"ဒီလောက်အေးတဲ့လေကို မင်းအဆုတ်တွေက ဘယ်လိုလုပ်ပြီး ခံနိုင်မှာလဲ"ပက်ဘလိုသည် ဝိုင်ပုလင်းကို မြက်ပင်များဖြင့် လုံအောင်ပတ်လိုက်သည်။ တစ်စုံတစ်ယောက် ကသာ မြင်လျှင် မြက်ပင်များအောက်၌ ဘာပစ္စည်းပါလာသည် မသိသဖြင့် အထူးအဆန်းဖြစ်နေလိမ့်မည်ဟု သူတွေးသည်။

ဂျီးဆပ်စ်မေရီယာနှင့် ဘေးချင်းယှဉ်၍ လျှောက်လာနေသော ပီလွန်သည် ဂျီးဆပ်စ်ယာ၏ ကိုယ်ကို မကြာခဏ စမ်းစစ်ကြည့်သည်။ ဤနည်းဖြင့် ဂျီးဆပ်စ် မေရီယာက သူ့ကိုယ်သူ နေမကောင်းဟု ထင်လာအောင် လုပ်သည်။ သူတို့သည် ဂျီးဆပ်စ်မေရီယာကို အိမ်သို့ခေါ်လာပြီး ခုတင်တစ်လုံးပေါ်၌ တင်ထားသည်။ ရာသီဥတုက ပူနွေး နေသော်လည်း သူတို့သည် ဂျီးဆပ်မေရီယာကို အိပ်ရာခင်းများ ခြုံပေး ထားသည်။

ပက်ဘလိုက အဆုတ်ရောဂါ၏ ဒဏ်ကို ခံနေရသော ဆင်းရဲသားများ အကြောင်းကို ကြားရသူ စိတ်လှုပ်ရှား လာ အောင် ပြောပြသည်။ ထို့နောက် ပီလွန်က အလွန်ချိုသာသော လေသံဖြင့် အိုးနှင့်အိမ်နှင့် နေရသည့် ဘဝ၏သာယာချမ်းမြေ့မှုကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြသည်။ ညကြီးမင်းကြီး အချိန်မတော်တွင် ဝိုင်အရက်ကလည်း ကုန်ပြီ၊ ပြောစရာ စကားလည်း ကုန်ပြီ။ ထူထပ်သိပ်သည်းစွာ ကျဆင်းလျက်ရှိသော မြူနှင်းများကလည်း သွေးစုပ်ဖုတ်ကောင်ကြီးများသွားလာလှုပ်ရှားနေကြသည့်နယ် မြေပြင်ပေါ်တွင် ရွေ့လျားလျက်ရှိကြသည်။

အလွန်စိုစွတ်ပြီး အလွန်အေးမြသော ထိုအချိန် ထိုကာလမျိုးတွင် မည်သူသည် အပြင်ထွက်၍ အိပ်ချင် ပါမည်နည်း။ မည်သူမဆို လေလုံမိုးလုံနှင့် နူးညံ့ပျော့ပျောင်းပြီး နွေးနွေးထွေးထွေးရှိလှသော အိပ်ရာပေါ်၌ ကလေးငယ် တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်သလို အိပ်ချင်ကြလိမ့်မည် မဟုတ်ပါလော စသည်ဖြင့် နားမဝင်ဝင်အောင် ပြောသည်။

ပီလွန်ပြောနေသည့် စကား ဤနေရာအရောက်တွင် ဂျီးဆပ်စ်မေရီယာအိပ်ပျော်သွားသည်။ ပီလွန်နှင့် ပက်ဘလိုက သူ့ကို မရအရရွှီးပြီး အရက် ထပ်တိုက်သည်။ ထို့နောက် ပီလွန်က တစ်ညလုံး နွေးနွေး ထွေးထွေးနှင့် ဖိမ်ရှိရှိ အိပ်ပြီး မနက်နေထွက် ၍ အိပ်ရာနိုးလာသည့်အခါ ခံစားရသည့် အရသာကို ဆက် ပြောသည်။ ထိုကဲ့သို့ လုံလုံခြုံခြုံ အိပ်ရသော လူတစ်ယောက်အနေဖြင့် ချမ်းလွန်း၍ တုန်တုန်ခိုက်ခိုက် ဖြစ်နေစရာ လည်းမလို၊

လက်များ ခဲကုန်မည်စိုး၍ ထုရိုက်နေစရာလည်း မလိုဟု သူကပြောသည်။

နောက်ဆုံးတွင် ပီလွန်နှင့် ပက်ဘလိုတို့သည် အမဲလိုက်မုဆိုးနှစ်ယောက်က သူတို့လိုက်နေသော သားကောင်ကို ချောင်ပိတ်၍ ဖမ်းသည့်နှယ် ဂျီးဆပ်စ်မေရီယာကို ကျုံးသွင်းပြီး ဖမ်းကြသည်။ သူတို့အိမ်တွင် တစ်လ ဆယ့်ငါးဒေါ်လာ ပေး၍ နေသွားရန် ဂျီးဆပ်စ်မေရီယာကို တိုက်တွန်းကြ၏။ ဂျီးဆပ်စ် ကလည်း ဝမ်းမြောက် ဝမ်းသာ လက်ခံသည်။ သုံးယောက်စလုံး တစ်ယောက်လက် တစ်ယောက်ဆွဲ၍ ခါကြသည်။ မြက်ပင်များနှင့် ထုပ်ထားသော ဝိုင်ပုလင်းသည် အပြင်သို့ ထွက်လာသည်။ ပီလွန်က ဝိုင်ကို စောစောက ထက် ပို၍ သောက်သည်။

အဘယ်ကြောင့်ဆိုသော် သူ့ရှေ့တွင် အခက်ခဲဆုံးသော အလုပ်တစ်ခုရှိနေသည်ကို သိနေသော ကြောင့် ပေတည်း။ ဂျီးဆပ်စ်မေရီယာ အရက်သောက်နေခိုက်တွင် ပီလွန်က အလွန်ချိုသာသော သိမ်မွေ့သော လေသံ ဖြင့် သူဖြစ်စေချင်သည့် ကိစ္စ ပြောသည်။

"မင်းအနေ နဲ့ အခုလောလောဆယ် ငွေသုံးဒေါ်လာတော့ ကြိုပေးထားပေါ့ကွာ"

ဂျီးဆပ်စ်မေရီယာသည် လက်ထဲမှ ဝိုင်ပုလင်းကို ဖျပ်ခနဲချလိုက်ပြီး ပီလွန်၏ မျက်နှာကို မလန့်တကြားဖြင့် ကြည့်သည်။"မပေးနိုင်ဘူးကွာ"ဟု လေသံ တင်းတင်း ဖြင့်ပြောသည်။"ငါ အေလာဘဲလားဂရော့စ်ကို ပစ္စည်း တစ်ခု ဝယ်ပေးဖို့ ကတိထားတယ်။ အိမ်လခကို အချိန်ကျမှပဲ ပေးမယ်၊ အခု မပေးဘူး

အမှားကြီး တစ်ခုကို သူ လုပ်မိပြီဟု ပီလွန်က နားလည်လိုက်သည်။"မင်း ပင်လယ်ကမ်းခြေက သဲသောင်ပြင် ပေါ်မှာ အိပ်နေတော့ ဘုရားသခင်က မင်းဆီကို လှေတစ်စင်း မျောလာအောင် လုပ်ပေး လိုက်တယ်၊ အဲဒါကို မင်းက စည်သွတ်ဘူး လုပ်တဲ့စက်ရုံက မိန်းမတစ်ယောက်ကို အတွင်းခံ ပိုးဘောင်းဘီ တွေ ဝယ်ပေးဖို့ လုပ်ပေး တာလို့ ထင်နေသလား၊ မဟုတ်ဘူး ငါ့လူ၊ မင်းမြေကြီးပေါ်မှာ မအိပ်ရအောင် လုပ်ပေး တာ၊ မြေကြီးပေါ်မှာအိပ်ရင်း အအေးမိပြီး သေမသွားအောင် လုပ်ပေးတာ၊ ဘုရားသခင်က အေလာဘဲလား ရဲ့ နို့ကြီးတွေပေါ် မှာ စိတ်ဝင်စားမတဲ့လား၊ အဲဒီတော့ ငါပြောမယ်၊ လုပ်နိုင်တာ တစ်နည်း ပဲ ရှိတယ်၊ ငါတို့ကို နှစ်ဒေါ်လာပေး၊ မင်းမှာကျန်တဲ့ တစ်ဒေါ်လာ နဲ့ နွားမတစ်ကောင်ရဲ့ နို့အုံကြီးတွေကို ကိုင်ထား နိုင်ဖို့အတွက် ပစ္စည်း တစ်ခု ဝယ်ပေးလိုက်ပေါ့၊ ဘယ်နှယ်လဲ၊

ဂျီးဆပ်စ်မေရီယာက ထိုအချိန်အထိ မပေးနိုင်ဟု ငြင်းနေဆဲ။

"ဒီမှာ ငါမင်းကို ရှင်းအောင် ပြောပြမယ်"ဟု ပီလွန်က သူ့စကားကို ဆက်သည်။"ငါတို့က ဒင်နီကို နှစ်ဒေါ် လာ ကြို ပေးမထားရင် ငါတို့အားလုံး လမ်းပေါ်ရောက်ကြမှာ သေချာတယ်၊ အဲဒါဆိုရင် မင်းရဲ့ အပြစ်ပဲ၊ ငါတို့ အားလုံး မြောင်းထဲ မှာ အိပ်နေတာကို မင်းကြည့်ရက် မြင်ရက်သလား သူငယ်ချင်းရယ်"

အဖက်ဖက် မှ ပစ်လွှတ်နေသည့် ကျည်ဆန်များ၏ ဒဏ်ကို မခံနိုင်သော ဂျီးဆက်စ်မေရီးယားကော်ကိုရန်သည် နောက်ဆုံး တွင် ဒူးထောက်အညံ့ခံသည်။ သူ့လက်ထဲမှ ဟောင်းနွမ်းကြေမွနေသော တစ်ဒေါ်လာတန် ငွေစက္ကူ နှစ်ရွက်သည် ပီလွန့် လက်တွင်းသို့ ကူးပြောင်းရောက်ရှိသွားလေ၏။

တင်းမာနေသော အခြေအနေသည် အခန်းထဲမှ လွင့်စဉ်ပြေးထွက်သွားသည်။ ထိုနေရာတွင် ငြိမ်းချမ်းမှုနှင့် ငြိမ်ဆိတ်မှုက နေရာယူလိုက်သည်။ ထိုအခါ ရဲဘော်ရဲဖက်စိတ်သည် ပြန်လည် တည်ရှိလာသည်။ ပီလွန် အဖို့ တော့ စိတ်အေးနားအေး ဖြစ်သွားပြီ။ ထိုအခါ ပက်ဘလိုက ဂျီးဆပ်စ်မေရီယာ အား ခြုံပေးထားသည့် သူ့အိပ်ရာ ခင်းကို ပြန်ယူပြီး သူ့ခုတင်ပေါ် ပြန်ခင်းသည်။ လူသုံးယောက်ကြားတွင် အာလာပသလ္လာပ ပြောကြသည့် စကားဝိုင်းသည် ပြန်လည် ပေါ်ပေါက်လာသည်။

ငါတို့ ဒင်နီကို ဒီ နှစ်ဒေါ်လာ သွားပေးမှ ဖြစ်မယ်။စောစောက သောက်ထားသည့် အရှိန်ကုန်သွားသဖြင့် ချင်ခြင်းတပ်လာပြန်သည်။ သူတို့သည် ဝိုင်ကို သောက်ကြပြန်၏။

"နေစမ်းပါဦး၊ ဘာများလုပ်မှာမို့လို့ ဒင်နီ ဆိုတဲ့ ကောင်က ဒီငွေနှစ်ဒေါ်လာကို အရေးတကြီး လိုနေ ရတာလဲကွ"ဟု ဂျီးဆပ်စပ်မေရီယာ ကမေးသည်။

ပီလွန်သည် သူ့ကိုယ်သူ ယုံကြည်စိတ် တိုးတက်လာနေပြီဖြစ်သည်။"တို့သူငယ်ချင်း ဒင်နီက မစ္စက်မော်ရေး နဲ့ တွဲနေတယ်ကွ၊ အဲသလိုပြောတာနဲ့ ဒင်နီကို အရူးတစ်ယောက်လို့ သွားပြီးမထင်လိုက်နဲ့၊ မစ္စက်မော်ရေးက ဘဏ် မှာ ဒေါ်လာငွေ နှစ်ရာတောင် အပ်ထားတာ၊ အဲဒါဒင်နီက မစ္စက်မော်ရေးကို လက်ဆောင်ပေးဖို့ ချိုချဉ်ဘူး တစ်ဘူး ဝယ်ချင်နေတယ်ကွ"

"ဒါက ဒင်နီနဲ့ဆိုင်တဲ့ ကိစ္စပါကွာ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။"တကယ်လို့ သူက မစ္စက်မော်ရေးရဲ့ သွားတွေကို ကိုက်စေချင်တယ် ဆိုရင် ဒါက သူ့ကိစ္စပဲပေါ့။ ငါတို့က မစ္စက်မော်ရေးရဲ့ သွားတွေအတွက် ပူစရာ လိုသလား၊ စိုးရိမ်ပူပန်သော အရိပ်ငွေ့ များသည် ပီလွန်၏ မျက်နှာတွင် ထင်ဟပ်လာသည်။"ဒါပေမယ့် တစ်ခုတော့ ရှိတယ်"ဟု ပြောသည်။"တကယ်လို့ ငါတို့ သူငယ်ချင်း ဒင်နီ ဟာ မစ္စက်မော်ရေးကို ချိုချဉ်ဘူး လက်ဆောင် ပေးရင် သူလည်း နည်းနည်းပါးပါး ယူစားမိမှာပဲ၊ ဒါဆိုရင် ငါတို့ သူငယ်ချင်းရဲ့ သွားတွေလည်း ကိုက်တော့မှာ"

ပက်ဘလိုက စိတ်မကောင်းဖြစ်ဟန်ဖြင့် ခေါင်းတယမ်းယမ်းလုပ်သည်။ သူ မှီခိုအားထားနေတဲ့ သူ့ရဲ့ သူငယ်ချင်း တွေက ဒင်နီ ရဲ့ သွားတွေကို ကိုက်အောင်လုပ်တဲ့ အဖြစ်မျိုးကတော့ မကောင်းဘူးကွ"ဒါဆိုရင် ငါတို့ဘယ်လို လုပ်ကြမလဲ"ဟု ဂျီးဆပ်စ်မေရီယာက မေးသည်။ ပြောစရာစကားမရှိ၍

မေးလိုက်ခြင်း ဖြစ်၏။

တကယ်တော့ သူတို့ ဘယ်လို လုပ်ချင်နေကြသည်၊ နောက်ဆုံး ဘာလုပ်ကြမည်ကို သူ ကောင်းစွာ သိနေသည်။ မည်သို့ပင်ဖြစ်စေ သူတို့ သုံးယောက်စလုံးသည် ဤကိစ္စနှင့် ပတ်သက်၍ တစ်ယောက် အပြောကို တစ်ယောက်က စိတ်ရှည်လက်ရှည်ဖြင့် စောင့်မျှော်နေကြသည်။ သို့သော်လည်း ဘယ်သူကမှ စ၍ မပြော။ အားလုံး ရေငုံနှုတ်ပိတ်နေကြသည်။ အခန်းထဲတွင် တိတ်ဆိတ်မှုက မင်းမူလျက်ရှိ၏။

ပီလွန်နှင့် ပက်ဘာလိုတို့ကတော့ ဘယ်လို လုပ်သင့်သည်ဟူသော အကြံပြုချက်သည် သူတို့ပါးစပ်မှစ၍ မထွက်သင့်ဟုလည်းကောင်း၊ ဤအကြံပြုချက်အပေါ်တွင် စိတ်ဝင်စားနေသူများအဖြစ်ငြိမ်သာ ရပ်တည် နေသင့်သည်ဟု လည်းကောင်း ယူဆကြသည်။ ဂျီးဆပ်စ်မေရီယာ ကလည်း ယူဆကာ နှုတ်ဆိတ်နေသည်။ သို့သော်လည်း ပီလွန်နှင့် ပက်ဘာလို တို့ထံမှ စကားတစ်လုံးမှ ထွက်မလာသောအခါ ထို တာဝန်ကို သူ့အားလုပ်စေချင် သည့် ဆန္ဒရှိနေကြောင်း ရိပ်မိလာသည်။ ထိုအခါ သူကပင်စ၍ တိတ်ဆိတ်ငြိမ် သက်မှုကို ဖြိုဖျက် လိုက်သည်။

"လူကုံထု အမျိုးသမီးတစ်ယောက်အတွက် ဆိုရင်တော့ ဝိုင်တစ်ဂါလန်ဟာ အကောင်းဆုံး လက်ဆောင် တစ်ခု ပဲကွ"ဟု သူကပြောသည်။

ပီလွန်နှင့် ပက်ဘာလိုသည် ဂျီးဆပ်စ်မေရီယာ၏ ဦးနှောက်ကောင်းခြင်းအတွက် များစွာ အံ့အားသင့် နေကြသည်။

"အေး ဟုတ်တယ်၊ သူပြောတာ အကောင်းဆုံးပဲ၊ တို့ကလည်း သူ့သွားတွေ ကောင်းနေအောင် ဝိုင် သောက်တာ အကောင်းဆုံးပဲလို့ ဒင်နီကို ရှင်းပြမယ်"။

"ဒါပေမယ့် ဒင်နီက ငါတို့ပြောတာကို ဂရုစိုက်ချင်မှ စိုက်မယ်၊ တကယ်လို့ မင်းက ဒင်နီကို ပိုက်ဆံ ပေးလိုက် ရင် အဲဒီပိုက်ဆံ နဲ့ သူ ဘာလုပ်မယ် ဆိုတာ မင်းပြောနိုင်သလား၊ သူ့အနေနဲ့ ချိုချဉ်ဘူးပဲ ဝယ်ချင်ဝယ်မှာ၊ အဲသလို ဖြစ်သွားရင်တော့ ငါတို့ စိတ်ပူခဲ့ရတာတွေဟာ အလဟဿ ဖြစ်ကုန်မှာပဲ..ပီလွန်နှင့် ပက်ဘာလိုသည် ဤကိစ္စအတွက် ဂျီးဆပ်စ်မေရီယာကို အဓိက ဇာတ်ဆောင်အဖြစ် အသိအမှတ်ပြု ထားသည်။ သူတို့ကစ၍ မပြောချင် မလုပ်ချင်သည့် ကိစ္စမှန်သမျှကို ဂျီးဆပ်စ်မေရီယာပေါ်၌သာ ပုံထားသည်။"တကယ်လို့ ဝိုင်ကို ငါတို့ဘာသာငါတို့ ဝယ်သွားပြီး ဒင်နီကို ပေးရင်ကော၊ ဒါဆိုရင် စိတ်ပူနေဖို့ မလိုတော့ဘူး"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။

သိပ်ဟုတ်တာပေါ့၊ အဲဒါက အဓိကအချက်ပဲ"ဟု ပီလွန်က ထအော်သည်။"ကဲ အခု မင်းအဖြေရသွားပြီ၊ မင်း တကယ်တော်တဲ့ ကောင်ပဲကွ။

ဂျီးဆပ်စ်မေရီယာက သူ့အားချီးမွမ်းလိုက်သည့်အတွက် ဣန္ဒြေပျက်မသွားဘဲ သိက္ခာရှိရှိပြုံးသည်။ သူရှာပေး လိုက်သော လုပ်နည်းကို ဤအခန်းထဲရှိ သူတို့သုံးဦးထဲမှ တစ်ဦးက အနေးနှင့် အမြန်ဆိုသလို လက်တွေ့

အကောင်အထည် ဖော်တော့မည်ကိုလည်း သူသဘောပေါက်သွားသည်။

ပက်ဘလိုက လက်ကျန် ဝိုင်ကို သုံးဦးအတွက် မျှ၍ ထည့်ပေးသည်။ အကောင်းဆုံးသော စိတ်ကူးကို ထုတ်နိုင် ခဲ့သဖြင့် သုံးယောက်စလုံး ဘဝင်ခိုက်ကာ ပီတိဖြစ်လျက်ရှိကြ၏။ တကယ်တော့ အများအကျိုးကို ရှေးရှုပြီး ဒါန မြောက်အောင် လုပ်ပေးလိုက်နိုင်သည့်အတွက် သူတို့အားလုံး ဂုဏ်ယူထိုက်သည် မဟုတ်ပါလော။"ငါတော့ ဗိုက်ဆာတယ်ကွာ"ဟု ပက်ဘလိုက မြည်တမ်းသည်။

ပီလွန်က ထိုင်ရာမှထကာ အပြင်သို့ ထွက်သွားပြီး နေကိုမော့ကြည့်သည်။ မွန်းလွဲသွားပြီကွဟု ပြောသည်။" ပက်ဘလိုနဲ့ ငါနဲ့ တော်ရဲလီဆိုင်ကို သွားပြီး ဝိုင်ဝယ်မယ်။ ဂျီးဆပ်စ်မေရီယာက မွန်ထရေးမြို့ထဲသွားပြီး စားစရာတစ်ခုခုရအောင်လုပ်၊ ဆိပ်ခံတံတားပေါ်က ငါးသည်မကြီး မစ္စက်ဘရူနိုက မင်းကို ငါးတစ်ကောင် ပေးချင် ပေးလိမ့်မယ်။ ပေါင်မုန့်ကျတော့ အခြားနေရာက ရှာပေါ့ကွာ၊

"ငါကတော့ မင်းတို့နဲ့ အတူတူပဲ သွားချင်တယ်ကွာ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။ ယင်းကဲ့သို့ ပြောခြင်း မှာ တရားကြောင့်မဟုတ်။ မဖြစ်မနေလုပ်ရမည့် ကိစ္စတစ်ခုပေါ်လာတိုင်း သူ့ သူငယ်ချင်း နှစ်ယောက်၏ခေါင်းထဲ၌ သူ့ကို ခိုင်းရန်သာ စိတ်ကူးရနေကြပြီဟု သံသယဝင်နေသောကြောင့်ပင်တည်း။

"မဖြစ်ဘူး ဂျီးဆပ်စ်မေရီယာ"ဟု သူ့သူငယ်ချင်း နှစ်ယောက်စလုံးက ပြောသည်။"အခုဆို နှစ်နာရီ ထိုးသွားပြီ၊ နောက် တစ်နာရီဆိုရင် သုံးနာရီထိုးတော့မယ်။ ငါတို့က မင်းနဲ့ ဒီအိမ်မှာ ပြန်ဆုံပြီး တစ်ခုခုတော့ စားဦး မှ၊ အစား တခုခု စားရင်လည်း ဝိုင်လေးတစ်ခွက်တစ်ဖလားတော့ လိုလိမ့်မယ်" ဂျီးဆပ်စ်မေရီယာသည် စိတ်မပါ့တပါဖြင့် မွန်ထရေးမြို့ ဘက်သို့ ထွက်သွားသည်။ ပက်ဘလိုနှင့် ပီလွန် တို့ကတော့ တောင်ကုန်းပေါ် မှ ဆင်းကာ တော်ရဲလီ၏ဆိုင်ဘက်သို့ ပျော်ပျော်ပါးပါး လျှောက်သွားကြ လေ၏။

စိန့်ဖရန်စစ်က ပီလွန်၊ ပက်ဘာလိုနှင့် ဂျီးဆပ်စ်မေရီယာ တို့အား သက်သာသော အပြစ်ဒဏ်ပေးခြင်း

မွန်းလွဲပိုင်းသည် တဖြည်းဖြည်းချင်း ကုန်ဆုံးသော ညနေပိုင်းသို့ ရောက်လာသည်။ ပျော်ပျော်နေတတ်သော လူ တစ်ယောက် ထံသို့ သူ မသိလိုက် မမြင်လိုက်ဘဲ အသက်ကြီးမှုတည်းဟူသော ဇရာကျရောက်လာပုံနှင့် တူလှ၏။ နေရောင်တွင် ရွှေရောင်ဝင်လာသည်။ ပင်လယ်ကွေ့ ရေပြင်သည် အပြာရောင်သမ်းလာသည်။ ကမ်းခြေဆီမှ တိုက်ခတ်လာနေသော လေအရှိန်ဖြင့် ထလာနေသည့် လှိုင်းဂယက်များသည် လူးလွန့်ပြေးသွား လျက်ရှိကြ၏။

ဒီရေ တက်သည့် နေရာများ၌သာ ငါးအဟပ်များသည်ဟု ယုံကြည်ကြသော ငါးဖမ်းလုပ်သားများသည် သူတို့ ယူထား သည့် မူလနေရာ ကျောက်ဆောင်များကို စွန့်ခွာသွားကြသည်။ ထိုအခါ ဒီရေကျသည့် နေရာ များ၌သာ ငါးအဟပ် များသည်ဟု ယူဆထားကြသော ငါးဖမ်းလုပ်သားများက ထိုနေရာများသို့ ရောက်လာကြပြီး နေရာယူကြလေသည်။

သုံးနာရီထိုးသောအခါ ပတ်ဝန်းကျင်တွင် တိုက်ခတ်လျက်ရှိသော လေသည် လေကြောင်းပြောင်းသွားသည်။ ပင်လယ်ကွေ့ ရေပြင်ပေါ်မှ ဖြတ်သန်း တိုက်ခတ်လာနေသည့် လေနှင့်အတူ ပင်လယ် ကျောက်ကပ်ပင် များ၏ အနံ့အသက်များသည် လိုက်ပါ လာလျက်ရှိ၏။ မွန်ထရေးမြို့ တွင်းရှိ အဆောက်အအုံမဲ့ သော မြေကွက်လပ်များ ပေါ် ၌ ပိုက်ဖာနေကြသော ငါးဖမ်းလုပ်သားများသည် လူတို့ပိုက်များအတွင်းမှ ချည်ငင်ရစ်တံ များကို ဘေးချကာ ဆေးလိပ်များ လိပ်ကြသည်။

မြို့တွင်းရှိ လမ်းမများပေါ်တွင် ဝက်မျက်စိများနှင့်တူသော မျက်လုံးများပိုင်ရှင် မိန်းမ ဝဝကြီးများသည် ပျားပန်းခပ် မျှ သွားလာနေကြသော မော်တော်ကားများ၏ ကြားမှ ဖြတ်ကာ ဒဲလ်မွန်တီ ဟိုတယ် ဘက်သို့ လက်ဖက်ရည်နှင့် ဂျင်အရက်သောက်ရန် သွားလျက်ရှိကြသည်။ အယ်လ်ဗာရေးဒိုးလမ်းပေါ်ရှိ စက်ချုပ်သမား ဟူးရိုးမားချာဒိုးသည် သူ့ဆိုင်တံခါးပေါ်တွင်"ငါးမိနစ်အကြာတွင် ပြန်ရောက်မည်"ဟူသော ဆိုင်းဘုတ်ကို ချိတ်ဆွဲပြီး အိမ်သို့ပြန်သည်။ ထင်းရှူးပင်များသည် လေယူရာတိမ်းကာ ယိမ်းနွဲ့ လှုပ်ရှားလျက် ရှိ ကြ၏။ ရာပေါင်းများစွာသော ကြွက်ခြံများဆီမှ ကြွက်မများ၏ မြည်သံများသည် သောသောညံလျက်ရှိလေသည်။

ပီလွန်၊ ပက်ဘာလိုတို့သည် တော်ရဲလီဆိုင်ရှေ့ ဝင်းထဲရှိ ကတ်စတီလီနှင်းဆီမြိုင်ရိပ်ကို ခို၍ အေးအေး ဆေးဆေး ထိုင်ကာ ဝိုင်ကို ဖိမ်ခံ၍ သောက်ရင်း ဆံပင်များ ဖြည်းဖြည်းချင်း ရှည်လာသကဲ့သို့ ဖြည်းဖြည်းချင်း ကုန်ဆုံး

သွားနေသော မွန်းလွဲပိုင်းကို စောင့်ဆိုင်းနေကြသည်။

" ငါတို့အနေနဲ့ ဒင်နီဆီကို ဝိုင်နှစ်ဂါလန် ယူမသွားတာ ကောင်းတယ်ကွ"ဟု ပီလွန်က ပြောသည်။"ဒီအကောင်က အရက်သောက်တဲ့ နေရာမှာ အတိုင်းအဆ မရှိအောင် သောက်တတ်တဲ့ကောင်"

ပက်ဘလိုက ထောက်ခံသည်။"ဒင်နီကြည့်ရတာ အတော့်ကို ကျန်းမာပုံရတယ်"ဟု သူက ပြောသည်။" ဒါ ပေမယ့် နေ့စဉ်လိုလို အရက်သောက်လွန်ပြီး သေလုမြောပါး ဖြစ်ဖြစ်သွားတဲ့ လူတွေအကြောင်း မင်းလည်း ကြားဖူး နေတာပဲ မဟုတ်လား၊ မင်းပြောတဲ့ ရှူးဒေါဖိုးကဲလင်းကို ကြည့်၊ ပြီးတော့ ဟိုမိန်းမ အန်ဂျီလီနာ ဗတ်စ်ကွက်ဇ်၊ သူတို့အဖြစ်က အတူတူပဲ"

"ရှူးဒေါ့ဖိုးက ပစိဖိတ် ဂရို့ရှ္ဘာ အထက်နားက ကျောက်ကျင်းကြီးထဲကို အရက်မူးပြီး လိမ့်ကျလို့သေတာ၊ အန်ဂျီ လီနာ ကတော့ မူးမူးရူးရူးနဲ့ မကောင်းတဲ့ ငါးသေတ္တာဘူးထဲက ငါးတွေကို စားမိလို့ အဆိပ်မိပြီး သေရတာ၊ ဒါပေမယ့် မင်းပြောတဲ့ အဓိပ္ပာယ်ကို ငါကောင်းကောင်း နားလည်ပါတယ်ကွ၊ ဒါတွေ အားလုံးဟာ အရက်မူးပြီး ဖြစ်ရတာတွေပဲ၊ အရက်သောက်လွန်လို့ သေရတဲ့ လူတွေ အများကြီးရှိနေတာပဲ" မွန်ထရေး မြို့သူမြို့သား အားလုံးသည် မကြာမီ ရောက်လာတော့မည့်ညအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ် လျက်ရှိကြလေသည်။

မစ္စက် ဂတ်ဂီးရက်စ်သည် ငရုတ်ချဉ်ရည်လုပ်ရန် ငရုတ်သီးစိမ်းများကို ခပ်ပါးပါး လှီးလျက်ရှိ၏။ အရက်ရောင်းသမား ရှုပတ်ဟိုဂန်သည် သူ့အရက်များတွင် ရေရောကာ ညသန်းခေါင်ကျော်မှ ရောင်းရန် သီးသန့် ဖယ်ထားသည်။ ပြီးတော့ ညဦးပိုင်းရောင်းမည့် ဂီစကီတွင် ငရုတ်ကောင်းမှုန့် အနည်းငယ်ထောင်း၍ ထည့်ကာ သမသွား အောင် ပုလင်းအားလုံးကို လှုပ်ပေးလျက်ရှိသည်။

အယ်လ်ပါးဆိုး ကပွဲရုံတွင်မူ ဘူးလက်ရှိဆင်ဒေးလ်သည် ဘီစကွတ်မုန့် တစ်ကာတွန်းထုပ်ကို ဖြေ၍ ပန်းကန်ပြား ကြီးများထဲတွင် မြင်သူများ၏ မျက်စိထဲတွင် လှနေအောင် စီ၍ထည့်နေသည်။ ရွှေနန်းတော် ဆေးဝါးကုမ္ပဏီသည် အဆောက်အအုံ၏ ဘေးတစ်ဖက်၌ ချထားသော အဖီတဲကို ပြန်၍ သိမ်းနေပြီ။

စာတိုက်ရှေ့၌ ထိုင်၍ ညနေခင်း အပန်းဖြေနေကြသော ယောကျ်ားတစ်စုသည် လမ်းသွားလမ်းလာများထဲမှ သူတို့ မိတ်ဆွေသူငယ်ချင်းများကို လှမ်း၍ နှုတ်ဆက်နေကြသည်။ ထို့နောက် သူတို့လူစုသည် ဆန်ဖရန်စစ္စကို မြို့မှဆိုက်ရောက်လာမည့် ဒဲလ်မွန်တီ အမြန်ရထားကို ကြည့်ရန် ဘူတာရုံဆီသို့ သွားကြသည်။

ငါးစည်သွတ်စက်ရုံများ တည်ရှိရာ ကမ်းခြေများ၌ အစုလိုက် အပုံလိုက် ရှိနေသည့် ငါးရိုးများဆီမှ အီလံနေ အောင် စားသောက်လာခဲ့ကြသော ပင်လယ်စင်ရော်များသည် သူတို့၏ အသိုက်များတည်ရှိရာ ကျောက်ဆောင်

များဆီသို့ ရှေးရှုပုံသန်းသွားနေကြလေပြီ။ ငှက်ကြီးတုံးစပ်များသည် တစ်ညတာမျှ နားခိုရန်အတွက် ရေပြင် ပေါ်တွင် သူတို့နှင့် သင့်ရာနေရာများကို အားကြိုးမာန်တက် လိုက်လံရှာဖွေလျက်ရှိကြ၏။

ပိုက်အကြီးစားများနှင့် ပင်လယ်ပြင်သို့ ထွက်သွားခဲ့သော ငါးဖမ်းမော်တော်များပေါ်မှ အီတလီ ငါးဖမ်းလုပ်သား များသည် သူတို့၏ ပိုက်ကြီးများကို လိပ်၍ သိမ်းနေကြလေပြီ။ အသက် ကိုးဆယ် ရှိနေပြီဖြစ်သော မစ္စအယ်လ် ပါအဲဗားရက်ဇ်သည် သူပြုနေကျ နေ့စဉ် ဝတ္တရားအတိုင်း ရေမွှေး ပန်းစည်းတစ်စည်းကို ရင်ခွင်တွင် ပိုက်ကာ ဆန်ကာလိုစ် ဘုရားရှိခိုးကျောင်း ဆီသို့ သွားလျက် ရှိသည်။

ပစိဖိတ်ဂရို့ရွာနှင့် ရွာအနီးအနား ပတ်ဝန်းကျင်ရှိ ရပ်ကွက်များအတွင်းမှ မက်သဒစ် ဘာသာဝင် များသည် သူတို့၏ရိပ်သာခန်းမ တွင် ဆွေးနွေးပွဲ ပြုလုပ်နေကြသည်။ ဆွေးနွေးပွဲတွင် အမျိုးသမီးငယ် တစ်ဦးက မွန်ထရေး မြို့အတွင်းရှိ ပြည့်တန်ဆာလုပ်ငန်းနှင့် ယင်းလုပ်ငန်း၏ ဆိုးရွားယုတ်မာမှုများအကြောင်းကို ရှင်းလင်း တင်ပြ လျက် ရှိရာ အားလုံးက စိတ်ဝင်တစားနားထောင်နေကြ၏။

အမျိုးသမီးငယ်က ဖြစ်ပေါ်နေသည့် အခြေအနေများ မည်မျှလောက် ကြောက်စရာ ကောင်းသည်ကို လက်တွေ့ သဘောပေါက် နားလည်စေရန် ကော်မတီဝင်များ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုဖို့ လိုသည် ထင်ကြောင်း ပြောပြနေသည်။ တကယ်တော့ သူတို့သည် ထိုနေရာများကို မကြာခဏ သွားရောက် ၍ ကြည့်ရှု လေ့လာ ခဲ့ဖူးကြပြီ။ သို့သော်လည်း သူတို့အနေဖြင့် အချက်အလက် အသစ်များကို ထပ်မံရရှိရန် သွားရောက် သင့်သည်ဟု သူကဆိုသည်။

နေမင်းသည် အနောက်အရပ်သို့ ဦးတည်၍ ရွေ့လျားသွားလျက် ရှိရာ အရောင်အဆင်းလည်း လိမ္မော်ရောင် သို့ ဖြည်းဖြည်းချင်း ကူးပြောင်း လျက်ရှိ၏။ တော်ရဲလီဆိုင်ရှေ့ ဝင်းထဲရှိ နှင်းဆီပင်ရိပ်များတွင် ဝင်၍ သောက်နေကြသော ပက်ဘာလိုနှင့် ပီလွန်တို့သည် ဝိုင်တစ်ဂါလန်ကို လက်စသတ်ပြီးကြလေပြီ။ တော်ရဲလီးသည် သူ့အိမ်ထဲမှ အပြင်သို့ထွက်သွားသည်။ ပီလွန်နှင့်ပက်ဘာလိုတို့သည် မွန်ထရေးမြို့ ဘက်သို့ သွားနေသောတော်ရဲလီကို သူတို့ မျက်စိအောက် မှ ပျောက်ကွယ်သွားသည်အထိ လိုက်၍ ကြည့်နေ ကြသည်။ ထို့နောက် သူတို့သည် အိမ်ထဲသို့ ဝင်ခဲ့ကြပြီး မစ္စက်တော်ရဲလီကို နည်းပရိယာယ် အမျိုးမျိုးသုံးကာ တစ်ပတ် ရိုက်ကာ ညစာကို စားကြသည်။ သူတို့သည် မစ္စက်တော်ရဲလီ၏ ဖင်ကို ရိုက်ကြသည်။"ထောပတ်ဆီ ရစ်နေသော ဘဲမကြီး"ဟု ခေါ်ကြသည်။

ယဉ်ကျေးဖွယ်ရာသော အမူအရာဖြင့် လွတ်လွတ်လပ်လပ် ဝိုင်း၍စကြ ပြောင်ကြ ကိုင်ကြတွယ်ကြသည်။ နောက်ဆုံးတွင် မစ္စက်တော်ရဲလီတစ်ယောက်

သွေးနားထင်ရောက်အောင် ဝိုင်း၍ မြှောက်ပင့်ပြောဆိုပြီး လစ်သွားကြ လေသည်။

မွန်ထရေးမြို့၏ညပိုင်းဖြစ်သည်။ တစ်မြို့လုံးမီးများဖြင့် ထိန်ထိန်လင်းလာသည်။ ပြတင်းပေါက်များသည် ခပ်ဖျော့ဖျော့ မီးရောင်များဖြင့် ဝင်းလက်လာကြသည်။ မွန်ထရေးဇာတ်ရုံ၏ ရှေ့ဘက် မျက်နှာစာရှိ"ရဲပြည်မှ ကလေးသူငယ်များ" ဟူသော နီယွန်ဆလိုက်မီး ကြော်ငြာစာတန်းသည် ပေါ်လာလိုက် ပျောက်သွားလိုက်။ ညပိုင်းတွင် ငါးအဟပ်များသည်ဟု စွဲစွဲညမဲမြဲ ယုံကြည်နေကြသည့် အယူသီးသော ယောက်ျားတစ်စုသည် အလွန်အေးစက်နေသည့် ပင်လယ်ကျောက်ဆောင်များပေါ်သို့ ရောက်လာကြသည်။ မြို့များသည် လမ်းများ ပေါ်တွင် လူးလိမ့်ပြေးသွားလျက် ရှိကြသည်။ မီးဖိုခေါင်းတိုင်များ၏ ပတ်ပတ်လည်တွင်လည်း ရစ်သိုင်းလာကြသည်။ ထင်းရှူးသား များကို မီးလောင်သော အနံ့များသည်လေနှင့်အတူ လိုက်ပါလာလျက် ရှိ၏။

ပက်ဘာလိုချင့် ပီလွန်သည် နှင်းဆီချုံ ဆီ သို့ ပြန်ကာ မြေကြီးပေါ်၌ ထိုင်ကြသည်။ သူတို့အနေဖြင့် လုပ်ချင်တာ လုပ်ခဲ့ပြီးကြပြီ ဖြစ်သော်လည်း အားရကျေနပ်ခြင်း မရှိသေး။"ဒီနေရာ မှာ အေးတယ်ကွာ"ဟု ပီလွန်က ပြောကာ နွေးထွေးသွားစေရန် ဝိုင်တစ်ခွက် သောက်သည်။"လုံလုံခြုံခြုံ နဲ့ နွေးနွေးထွေးထွေးရှိတဲ့ ကိုယ့်အိမ်ကိုယ် ပြန်သွားရင် ကောင်းမယ်"ဟု ပက်ဘာလိုက ပြောသည်။

" ဒါပေမယ့် အိမ် မှာ မီးလှုံစရာ ထင်းမှမရှိဘဲ"" ဖြစ်ပါတယ်"ဟု ပက်ဘာလိုက ပြောသည်။"မင်းက ဝိုင်ပုလင်းကို ယူပြီး ရှေ့ကသွားနှင့်၊ ငါက မင်းနဲ့ လမ်းထောင့်မှာ လာပြီးဆုံမယ်" ပက်ဘာလိုမှာလိုက်သည့်အတိုင်း နောက်နာရီဝက်ခန့် အကြာ တွင် ပီလွန်သည် လမ်းထောင့် မှ ရပ်၍ စောင့်နေသည်။

ပီလွန်သည် ပက်ဘာလို ရောက်အလာကို စိတ်ရှည်လက်ရှည် စောင့်သည်။ အဘယ်ကြောင့်ဆိုသော် သူ့ သူငယ်ချင်း များသည် မရှောင်သာမလွှဲသာ၍ ကြန့်ကြာရသည့် အရေးပေါ်ကိစ္စမျိုးနှင့် ကြုံရတတ်သူ တစ်ဦး ဖြစ်သည်ကို ကောင်းစွာ သိနေသောကြောင့်ပေတည်း။ ပက်ဘာလိုကို စောင့်မျှော်နေရင်းမှာပင် သူသည် စောစောက တော်ရဲလီ ထွက်သွားရာဘက်သို့ တစ်ဖက်သော မျက်စိဖြင့် မျက်ခြည်မပြတ် စောင့်ကြည့် နေသည်။ တော်ရဲလီသည် လူတစ်မျိုးဖြစ်၏။

တဒွတ်ထိုး တဇောက်ကန်းသမားဖြစ်သည်။ ပြဿနာရှိလာလျှင် အလွယ် လက်ခံတတ်သူမဟုတ်။ ထို့ပြင်လည်း တော်ရဲလီသည် အီတလီ လူမျိုးပီပီ လင်မယား ဆက်ဆံရေးနှင့် ပတ်သက်လာလျှင် ပုံကြီး မချဲ့သင့်သည်ကို ချဲ့တတ်သော အကျင့်ရှိသည်။ ရှုးကြောင်ကြောင် တွေးချင်တတ်သော စိတ်သဘောထားလည်းရှိ၏။ ပီလွန်သည် တော်ရဲလီ ပြန်လာမည်ကို စိုးရိမ်သော စိတ်ဖြင့် စောင့်ကြည့် နေသော်လည်း ပြန်လာသည်ကို မတွေ့ရ။ နောက်တစ်ခဏမျှအကြာတွင် ပက်ဘာလို ရောက်လာသည်။ သူ့လက်ထဲတွင်

တော်ရဲလီ၏ ထင်းရှူးသား ထင်းပုံထဲ မှ လစ်လာသည့် ထင်းတစ်ပွေ့ ပါလာသဖြင့် ဝမ်းသာ အားရ ဖြစ်နေမိလေသည်။

ပက်ဘလို ကတော့ သူ၏ စွန့်စားခန်း အကြောင်းကို အိမ်ပြန်ရောက်ချိန်အထိ တစ်ခွန်းမျှ မဟချေ။ ထို့နောက် အတန်ကြာမှ ဒင်နီ၏ လေသံနှင့် ဒင်နီသုံးခဲ့သည့် စကားလုံးများအတိုင်း ဖောက်သည်ချသည်။ ပီလွန်က ခေါင်းညိတ်ပြပြီး ဒသနိက ပညာရှင်လေသံဖြင့် ပြန်ပြောသည်။"လူတစ်ယောက်အနေနဲ့ ကိုယ်လိုချင်တဲ့ အရာအားလုံးကို ဆိုကြပါစို့ရဲ့ ကွာ၊ ဝိုင်ရယ်၊ အစားရယ်၊ အချစ်ရယ်၊ ထင်းရယ်၊ အဲဒါတွေအားလုံးကို တစ် နေရာတည်းက ရဖို့ဆိုတာ အလွန်ဖြစ်နိုင်ခဲတယ်ကွ၊ ဒီမယ် သူငယ်ချင်းပက်ဘလို။ ငါတို့အနေနဲ့ တော်ရဲလီကို တော့ မေ့ပစ်လို့ မရဘူး။ ငါတို့အမြဲသတိရနေသင့်တဲ့ လူတစ်ယောက်ပဲ။ တစ်နေ့နေ့ တစ်ချိန်ချိန် မှာ သူ့ကို ငါတို့က လက်ဆောင်လေး တစ်ခုခုလောက်တော့ ပေးမှဖြစ်မယ်"

ပီလွန်က ပက်ဘလို ခိုးလာသော ထင်းများဖြင့် မီးဖိုသည်။ ပြီးတော့ နှစ်ယောက်သား ကုလားထိုင်များကို မီးဖို များသို့ ဆွဲလာပြီး ထိုင်သည်။ ဝိုင်အိုးကိုလည်း အနည်းငယ် ပူနွေးသွားစေရန် မီးဖိုရှေ့၌ ချထား လိုက်သည်။ ပက်ဘလိုသည် သူဝယ်လာသော ဖယောင်းတိုင်ကို သူတော်စင် စိန့်ဖရန်စစ်ကိုအား ရည်စူး၍ ထွန်းညှိ ပူဇော်သည်။ ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ယနေ့ညအဖို့မီးနှင့်ဘာနှင့် ဖိမ်ကျလျက်ရှိ၏။

အမြတ်တနိုးထား၍ စီမံထားသော အစီအစဉ်မပြီးမြောက်မီ သူ့စိတ်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ပျံ့လွင့်လျက်ရှိသည်။ ပင်လယ်ခရုခွံတစ်ခုအတွင်း၌စိုက်ထားသော ဖယောင်းတိုင်မီးစာသည် လှပစွာ တောက် လောင်လျက်ရှိ၏။ ဖယောင်းတိုင်မီးရောင်ဖြင့် နံရံပေါ်တွင် ကျရောက်လျက်ရှိသော ပက်ဘလိုနှင့် ပီလွန်တို့၏ အရိပ်များသည် ယိမ်းကလျက် ရှိကြလေသည်။"ဂျီးဆပ်စ်မေရီယာဆိုတဲ့ကောင် ဘယ်များ သွားနေပါလိမ့်"ဟု ပီလွန်က ရေရွတ်သည်။

သူ ပြန်လာမယ်လို့ ကတိပေးသွားတာပဲလေကွာ"ဟု ပက်ဘလိုက ပြောသည်။"ဒီအကောင်ဟာ ယုံကြည် စိတ်ချရတဲ့ လူတစ်ယောက် ဟုတ်မဟုတ်တော့ ငါလည်း မသိဘူး"" တစ်ခုခု ဖြစ်နေလို့ ကြာနေတာနဲ့ တူပါ တယ် ပက်ဘလိုရာ၊ မုတ်ဆိတ်မွေးနီနီနဲ့ တစ်ဖက်သားအပေါ် သနားတတ်တဲ့ ဂျီးဆပ်စ်မေရီယာဟာ မိန်းမတွေနဲ့ တွေ့ ရင် အမြဲတမ်း ဒုက္ခရောက်တတ်တယ်ကွ""သူ့ဦးနှောက်ကကျိုင်းကောင်တစ်ကောင်ရဲ့ ဦးနှောက်နဲ့ အတူတူ ပဲကွ သိလား"ဟု ပက်ဘလိုက ပြောသည်။"ဒီကောင်က သီချင်းဆိုမယ်၊ ကစားမယ်၊ ခုန်မယ်၊ ပေါက်မယ်၊ ဒါပဲ သိတာ၊ သူ့အနေနဲ့က ဘာကိုမှ အလေးအနက်ထားတာ မဟုတ်ဘူး"

သူတို့အနေဖြင့် ဂျီးဆပ်မေရီယာ ရောက်လာသည်အထိ စောင့်နေဖို့

အချိန် မရှိတော့ပေ။ ဤသို့ဖြင့် ဂျီးဆပ်စ် မေရီယာ ဒယီးဒယိုင်ဖြင့် အိမ်တွင်းသို့ ဝင်လာသောအခါ သူတို့နှစ်ယောက်သည် ဒုတိယ ဝိုင်တစ်ဂါလန်ကို စတင်၍ သောက်နေကြပြီဖြစ်၏။ ဂျီးဆပ်စ်မေရီယာသည် သူ့ကိုယ်သူ လဲကျမသွားစေရန် တံခါး ပေါင်များကို ကိုင်ထားသည်။ သူ့ရုပ်အင်္ကျီ တစ်ထည်လုံးမှာ ရစရာမရှိအောင် စုတ်ပြဲလျက်ရှိပြီး သူ့မျက်နှာတွင် သွေးချင်းချင်း နီလျက်ရှိ၏။ မျက်လုံးတစ်ဖက်သည် ညိုမည်း ဖူးရောင်လျက်ရှိပြီး တလှုပ်လှုပ်ဖြစ်နေသော မီးရောင် အောက် တွင် အခြေအနေ မကောင်းကြောင်းကို ဖော်ပြလျက်ရှိလေသည်။

ပက်ဘလိုနှင့် ပီလွန်တို့က သူ့ထံသို့ အပြေးအလွှားသွား၍ တွဲကြသည်။"ဟာ တို့သူငယ်ချင်း ဘာဖြစ်တာ ပါလိမ့်၊ ဒဏ်ရာလည်း ရလာတယ်။ ချောက်ကမ်းပါးထိပ်က လိမ့်ကျတယ် ထင်တယ်။ ဒါမှတဟုတ် ရထားနဲ့များ တိုက်မိလာသလား" သူ့ သူငယ်ချင်းများ၏ စကားတွင် ပြောင်လှောင်လိုသည့်အသံ နည်းနည်းလေးမှမပါ။ သို့သော်လည်း ဤစကားများသည် သူ့ကို သရော်၍ပြောနေမှန်းတော့ ဂျီးဆပ်စ်မေရီယာက သိနေသည်။ သူသည် သူ့ သူငယ်ချင်းနှစ်ယောက်ကို ကောင်းနေသော မျက်လုံးတစ်ဖက်ဖြင့် ပြူး၍ ကြည့်နေသည်။

"မင်းတို့နှစ်ယောက်စလုံးရဲ့ အမေတွေဟာနို့အုံမရှိတဲ့နွားမကြီးတွေပဲ"ဟု သူကလှမ်းပြောသည်။ သူ့ သူငယ်ချင်း များက သူ့ ဆဲသံကြောင့် အလန့်တကြားဖြစ်ကာ နောက်သို့ ဆုတ်သွားကြသည်။"တို့ သူငယ်ချင်း တော့ စိတ်မမှန်သေးဘူး ထင်တယ်""သူ့ ခေါင်းခွံက အရိုးတော့ ကျိုးလာပြီနဲ့ တူတယ်ကွ""ဝိုင်နည်းနည်း တိုက်လိုက် စမ်းကွာ ပက်ဘလို"

ဂျီးဆပ်စ်မေရီယာသည် မီးဖိုဘေးတွင် သုန်သုန်မှုန်မှုန်ထိုင်ကာ ဝိုင်အိုးကို လက်ဖြင့်ကိုင်တွယ် ပွတ်သပ်နေသည်။ သူငယ်ချင်း နှစ်ယောက်ကမူ သူကြုံခဲ့ရသည့် စိတ်မကောင်းစရာ ဖြစ်ရပ်ကို ပြောပြလိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် စိတ်ရှည်လက်ရှည် စောင့်စားနားစွင့်နေကြသည်။ သို့သော်လည်း ဂျီးဆပ်စ်မေရီယာ ကတော့ မတုန်မလှုပ်၊ သူငယ်ချင်းနှစ်ယောက်ကို ဘာမှအသိ မပေးဘဲ ထားရသည့် အတွက် ကျေနပ် နေဟန်ရှိ၏။

ပီလွန်က အကြိမ်ပေါင်းများစွာ ချောင်းဟန့်ပြီး သတိပေးသည်။ ပက်ဘလိုကလည်း ဂျီးဆပ်စ် မေရီယာ၏ မျက်ခွက်ကို နားလည်မှု အပြည့်ရှိသော မျက်နှာထားဖြင့် ကြည့်ကာ ကြုံခဲ့ရသည့် အဖြစ်ကို ပြောပြ စေလိုသော ဆန္ဒ ဖော်ပြနေသည်။ သို့သော်လည်း ဂျီးဆပ်စ် မေရီယာသည်။ မျက်နှာမကြည် မသာဖြင့် ထိုင်ကာ မီးဖိုကို ကြည့်လိုက်၊ ဝိုင်အိုးကို ကြည့်လိုက်၊ ဖယောင်းတိုင်ကို ကြည့်လိုက်လုပ်လျက်ရှိ၏။ နောက်ဆုံးတွင် သူ၏ နှုတ်ဆိတ်မှုကြောင့် ပီလွန်သည် စိတ်မရှည်ဘဲ ဖြစ်လာသည်။

" စစ်သား တွေ နဲ့ ထပ်တွေ့ နဲ့ ထပ်တွေ့ လာလို့လား"ဟု ပီလွန်က

မေးသည်။

"ဟုတ်တယ်"ဟု ဂျီးဆပ်စ်မေရီယာက ဖြေသည်။"ဒီတစ်ခါကျတော့ သူတို့ရောက်လာတာက သိပ်စောလွန်း နေတယ်လေကွာ"

"ဒါဆိုရင်တော့ မင်းနဲ့ ဆော်လာတဲ့ စစ်သားအုပ်စုဟာ အနည်းဆုံး လူနှစ်ဆယ်လောက်တော့ ရှိမယ် ထင် တယ်"ဟု ပက်ဘလိုက သူငယ်ချင်းဖြစ်သူ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးလိုသော စေတနာဖြင့် ပြောသည်။"

ရန်ပွဲတစ်ပွဲ ဖြစ်ပြီဆိုရင် မင်း ဘယ်လောက်တော်တယ်ဆိုတာ လူတိုင်းသိနေကြတာပဲ၊ အခု ဟာက လူများလို့ သာ မင်းခံလာရတာပါ"

ထိုအခါ ဂျီးဆပ်စ်မေရီယာ၏မျက်နှာသည် အနည်းငယ်မျှ ရွှင်လန်းလာသည်။

သူတို့က လေးယောက်ကွ" ဟုပြောသည်။"ဟိုကောင်မ အေရာဘဲလားဂရောစ်က သူတို့ဘက် ဝင်ကူတယ်၊ ကောင်မက ငါ့ခေါင်းကို ကျောက်ခဲတစ်လုံး နဲ့ ထုတယ်"

ထိုစကား ကြားသောအခါ ပီလွန်တွင် အလွန်ခံပြင်းသော စိတ်ဖြစ်လာသည်။"ငါကတော့ မင်းကိုထပ်ပြီး သတိမပေးချင်တော့ဘူး"ဟု ဒေါသဖြင့် ပြောသည်။"စည်သွတ်စက်ရုံက သူ့လို အပေါစားမျိုးကို ပေးပေးက ရှောင်ဖို့ မင်းသူငယ်ချင်းတွေက မင်းကို ဘယ်လောက်အထိ သတိပေးခဲ့တယ်ဆိုတာ မင်း အသိဆုံးပဲ" ပြောမယ့် သာ ပြောနေသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဂျီးဆပ်စ်မေရီယာကို သူ သတိပေးခဲ့ခြင်း ရှိမရှိ အသေအချာပြန်၍ စဉ်းစားရသေးသည်။ ထိုအခါကျမှပင် သူ သတိပေးခဲ့ဖူးသည်ကို ပြန်၍ သတိရလာသည်။

သူ့လို အပေါစား လူဖြူ မိန်းမပျက်တွေဟာ အင်မတန်စုတ်ပဲ့ ယုတ်မာတယ် သူငယ်ချင်း"ဟု ပက်ဘလိုက ဝင် ပြောသည်။"မင်းပေးဖို့ စိတ်ကူးထားတဲ့ ပစ္စည်းကိုကော ပေးခဲ့မိသေးလား

ဂျီးဆပ်စမေရီယာ၏ လက်သည် သူ့အကျႌအိတ်ကပ်ဆီသို့ ရောက်သွားပြီး အထဲမှ တွန့်လိမ့်ကြေမွနေသော ရေယွန်ပိုးတုပန်းရောင် ဘရာစီယာတစ်ထည်ကို ဆွဲထုတ်လိုက်သည်။"အချိန်မကျသေးတာနဲ့ မပေးခဲ့ ရဘူးကွ၊ ဒီဘရာစီယာ အကြောင်း ပြောတော့မလို လုပ်နေတုန်း ရှိသေးတယ်၊ ပြီးတော့လည်း ငါတို့ နှစ်ယောက်က တောအုပ်ထဲမှာမှ မရောက်ကြသေးတာ"

ပီလွန်သည် နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်၍ အနံ့ခံပြီးခေါင်းတစ်ခါခါလုပ်သည်။ မင်း ပီစကီ သောက်လာတယ် ထင်တယ်၊ ဟုတ်လား"

ဂျီးဆပ်စ်မေရီယာက ခေါင်းညိတ်သည်။

အဲဒီဂီစကီကို မင်း ဘယ်ကရတာလဲ"

အဲဟို စစ်သားတွေဆီကပေါ့ကွ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။"သူတို့က ဂီစကီပုလင်းကို တံတား အောက်မှာ ဝှက်ထားတယ်။

အေရာဘဲလားက ဝှက်ထားတဲ့နေရာကို သိတော့ ငါ့ကို ပြောတယ်၊ ဒါပေမယ့် စစ်သားတွေက ငါတို့နှစ်ယောက်ကို ပုလင်းနဲ့အတူ လက်ပူးလက်ကျပ် မိသွားတာ"

ဇာတ်လမ်းသည် ဖြည်းဖြည်းချင်း ရုပ်လုံးပေါ်လာသည်။ ပီလွန်ကတော့ ဇာတ်လမ်းတစ်ခု နားထောင်ရလျှင် ဤပုံစံမျိုးကို သဘောကျသည်။ ဇာတ်လမ်းတစ်ခုလုံး ချက်ချင်း ရုပ်လုံးပေါ်လာပါက အရသာ အလွန်ပျက်သည်။ ဇာတ်လမ်းကောင်းဆိုသည်မှာ ကာယကံရှင်က ပြောပြထားပြီးသည့် အဖြစ်အပျက် တစ်ဝက်ကို နားထောင် သူက မိမိ၏ ကိုယ်ပိုင်အတွေ့ အကြုံနှင့် ပေါင်းစပ် ဖြည့်စွက်ယူမှ ဇာတ်လမ်းကောင်းဟု ဆိုနိုင်သည်။ သူသည် ဂျီးဆပ်စ်မေရီယာ၏ ရင်ခွင်ထက်မှ ပန်းရောင်ဘာရာစီယာကို လှမ်းယူပြီး အပေါ်ဘက်ပိုင်းကို သူ့လက်ချောင်း များဖြင့် အသာအယာ ပွတ်နေသည်။

သူ့မျက်လုံးများသည် တစ်စုံတစ်ခုသောအရာကို အလေး အနက် စဉ်းစားဆင်ခြင်နေကြောင်း ဖော်ပြလျက်ရှိ၏။ သို့သော်လည်း နောက်တစ်ခဏအတွင်းမှာပင် သူ့မျက်လုံးများသည် ဝမ်းသာ ကြည်နူးခြင်းဖြင့် တလက်လက် တောက်ပ လာသည်။

"ငါ အကြံရပြီ"ဟု အော်ကြီးဟစ်ကျယ် ပြောသည်။"ဒီဘာရာစီယာဒင်နီကိုပေးမယ်၊ ဒင်နီက မစွက်မော်ရေးကို လက်ဆောင်ပေးနိုင်တာပေါ့၊ ဟုတ်လား"

ဂျီးဆပ်စ်မေရီယာမှလွဲပြီး ကျန်လူတစ်စုက ထိုစိတ်ကူးကို ဝိုင်း၍ ဩဘာပေးကြသည်။ ဂျီးဆပ်စ်မေရီယာ ကတော့ သူ့ဘက်က တစ်ဖက်လူနှင့် မယှဉ်နိုင်လောက်အောင်ပင် မဲအရေအတွက် နည်းနေပြီ ဟုထင်သည်။ ပက်ဘလိုက အရှုံးဘက်ရောက်နေသော သူ့သူငယ်ချင်း၏ အဖြစ်ကို မားလည်သဖြင့် ဂျီးဆပ်စ် မေရီယာ၏ ဖန်ခွက်ထဲ သို့ ဝိုင်ထပ် ၍ ထည့်ပေးသည်။

နောက်ထပ် အချိန်အနည်းငယ်မျှ ကုန်လွန်သွားသောအခါ သုံးယောက်စလုံး ပြုံးပြုံးရွှင်ရွှင်ဖြစ်လာကြသည်။ ထိုအခါ ပီလွန်က သူ့အဖေ ကြုံခဲ့ရသည့် အလွန်ရယ်စရာကောင်းသော ဇာတ်လမ်းတစ်ခုကို ပြောပြသည်။ ဤတွင် အားလုံး တရင်းတနှီး ခင်ခင်မင်မင် ပြန်၍ဖြစ်ကာ စိတ်ဓာတ်များ ပြန်လည်တက်ကြွလာကြပြီး သီချင်း သံပြိုင်ဆိုကြသည်။ ဂျီးဆပ်စ်မေရီယာက သူရလာသောဒဏ်ရာမကြီးကြောင်း သက်သေပြသည့် အနေဖြင့် ခုန် ၍ပေါက်၍ ကွေးနေအောင် ကပြသည်။ ဝိုင်သည် တဖြည်းဖြည်း လျော့လာသည်။ သို့သော်လည်း အိုးထဲမှ ဝိုင်မကုန်ခင် သူငယ်ချင်းသုံးယောက်စလုံး အိပ်ချင်မူးတူး ဖြစ်လာကြ၏။ ပီလွန်၊ ပက်ဘလိုတို့သည် ဒယီးဒယိုင်ဖြင့် ထသွားပြီး အိပ်ရာပေါ်ရောက်သွားကြသည်။ ဂျီးဆပ်စ်မေရီယာကတော့ မီးဖို ဘေးရှိ ကြမ်းပြင်ပေါ်တွင် မှောက်သွားလေသည်။

မီးဖိုမီးသည် ဖြည်းဖြည်းချင်း သေသွားသည်။ တစ်အိမ်လုံးတွင် ဟောက်သံများ ဖုံးလွှမ်းလျက်ရှိသည်။ အိမ်ရှေ့ ခန်းထဲတွင်

သက်ဝင်လှုပ်ရှားနေသည့် အရာတစ်ခုကတော့ ကျန်နေသေးသည်။ ယင်းမှာ အခြားမဟုတ်။ အလွန် လျင်မြန်စွာ တောက်လောင်လျက်ရှိနေသော ဖယောင်းတိုင်။ လုံသွားနှင့်တူလှသော မီးစာသည် မြင့်ချည်တစ်ခါ နိမ့်ချည်တစ်လှည့်။

နောက်ပိုင်းတွင် ဤဖယောင်းတိုင်သည် ပီလွန်၊ ပက်ဘာလိုနှင့် ဂျီးဆပ်စ်မေရီယာတို့ကို လူအများလိုက်နာ ကျင့်သုံးအပ်သည့် သင်ခန်းစာတစ်ခုကို ပေးသည်။ အလယ်တည့်တည့်မှ ကြိုးကလေးတစ်ချောင်း ထည့်ထား သည့် ဖယောင်းတိုင်ဟု ခေါ်သော အရာဝတ္ထုသည် အပူဓာတ်ပေးခြင်းနှင့် မီးလောင်ခြင်းကို ဖြစ်စေတတ်သော သဘောရှိ၏။ မီးစာကို ထွန်းညှိလိုက်သည့် အခါဖယောင်းတိုင်သည် အရည်ပျော်ပြီး မီးစာကိုရှင်သန်စေသည်။ ဤသို့ဖြင့် ဖယောင်းတိုင်သည် မီးစာကုန် ဆီခန်းမဖြစ်သေးသမျှ နာရီပေါင်းများစွာ လောင်ကျွမ်းတတ်သည်။

ယနေ့ည ပီလွန်တို့ အိမ်ထဲ၌ ထွန်းကားသော ဖယောင်းတိုင်သည် မြင့်မြတ်သောရည်ရွယ်ချက်ရှိသည့် ပက်ဘာလိုက သူတော်စင်စိန့်ဖရစ်စစ်ကိုအတွက် ရည်စူး၍ ထွန်းညှိပူဇော်ထားခြင်းဖြစ်ရာ ဘာသာရေး ဆိုင်ရာ မြင့်မြတ်သော ဦးတည်ချက် ရှိသည်ဟု ဆိုရမည်။

ပထမတော့ ဖယောင်းတိုင် မီးတောက်သည် အထက်ကောင်ကင်ဘက် အထအလင်းရောင်ပေးသည်။ အပြင်ဘက် တွင် ဖေ့ယမ်းတိုက်ခတ်လျက်ရှိသောလေသည် အိမ်ထရံ၏ ပျဉ်ကြို ပျဉ်ကြားအပေါက်ကြို အပေါက်ကြား မှ အိမ်တွင်းသို့ တိုးခွေ့ ဝင်ရောက်လာသည်။ ဖယောင်းတိုင် မီးတောက်သည် ဘယ်ယိမ်း ညာနွဲ့ ဖြစ်လာသည်။ နံရံတွင်ထားသည့် ပြက္ခဒိန်သည် ပိုးသားသဖွယ်နူးညံ့၍ ပျော့ပျောင်းလှ၏။ ပြက္ခဒိန်ပေါ်ရှိ ချစ်စရာအလွန် ကောင်းသော မိန်းမပျို၏အလှသည် ပြတ်ပြတ်ထင်ထင် ရှိလှပါဘိသည်။ သို့သော်လည်း ပြက္ခဒိန် စာရွက်များသည် လေယူရာ တိမ်း၍ ယိမ်းနွဲ့ လှုပ်ရှားကြသည်။ နံရံထက်တွင် ငြိမ်ငြိမ် ဆိတ်ဆိတ် မနေ၊ ကွာလာလိုက် ပြန်ကပ်သွားလိုက်နှင့် ဆောင်တည်ရာမရ ဖြစ်နေသည်။ ထိုအခါ ပြက္ခဒိန်စာရွက်နှင့် ဖယောင်းတိုင် မီးတောက် တို့ ထိတွေ့ မိကြသည်။ ဤတွင် မီးတောက်သည် ကြီးမားလာပြီး နံရံ တစ်လျှောက် စွဲလောင်ကာ မျက်နှာကြက် အထိ တက်သည်။

မိုးကောင်းကင်ထက်ဆီမှ ပုဂ္ဂိုလ်ကြီးများသည် ခွင့်မလွှတ်နိုင်သော မျက်နှာထားများဖြင့် မီးတောက်မီးလျှံ များကို ငုံ့ကြည့်နေသည်။ အမှန်တော့ ဖယောင်းတိုင်သည် သူတို့ထံမှတစ်ဦးသောပုဂ္ဂိုလ်ကို ရည်ညွှန်း၍ပူဇော် ထားခြင်း ဖြစ်ရာ ထိုဖယောင်းတိုင်ကို စိန့်ဖရန်စစ်သည် ပိုင်ဆိုင်ရမည်ဖြစ်၏။ သို့သော်လည်း ယနေ့ညအဖို့ ထိုဖယောင်းတိုင်ထက် အဆများစွာပို၍ကြီးမားသော ဖယောင်းတိုင်တစ်တိုင် ပိုင်ဆိုင်နေပုံ ရလေသည်။

အကယ်၍ အိပ်မောကျခြင်း၏ အတိမ်အနက်ကို တိတိကျကျတိုင်းထွာ၍ ရမည်ဆိုပါက မီးလောင်မှုအတွက် တာဝန် ရှိသည်ဟု အပြစ်ဆိုထိုက်နေသော ပက်ဘလို၏လုပ်ဆောင်ချက်ကို တရားမျှတစွာ စဉ်းစားဆုံးဖြတ် နိုင်ဖွယ်ရာ ရှိ၏။ သို့သော်လည်း အိပ်ပျော်ခြင်းကို တိုင်းထွာနိုင်သည့် အတိုင်းအတာ နည်းစနစ် တိတိကျကျ မရှိသဖြင့် ထိုညက ပက်ဘလိုသည် ကုလားသေ ကုလားမော အိပ်မောကျနေသည်ဟုသာ ပြောရပေတော့ မည်။

နံရံတစ်လျှောက် လောင်သွားနေသော မီးတောက်များသည် ခေါင်မိုးရှိအပေါက်ကလေးများ ကြားမှ ထိုးထွက်ကာ ပတ်ဝန်းကျင် ညအမှောင်ထုကို အလင်းရောင်ပေးသည်။ တစ်အိမ်လုံးမှာ မီးတောက်မီးလျှံများ ဖြင့် သောသောညံလျက်ရှိ၏။ ဂျီဆပ်စ်မေရီသည် မျက်စိများကိုမဖွင့်ဘဲ အိပ်ချင်မူးတူးဖြင့် သူ့ကိုယ်ပေါ်မှ ကုပ်အကျီကို ချွတ်ပစ်ရန် တစ်ဖက်သို့စောင်းသည်။ ထိုအခါ မီးစွဲနေပြီဖြစ်သာ ခေါင်မိုးမှ အစအနတချို့သည် သူ့မျက်နှာ ပေါ်သို့ ကျသည်။ သူသည် တစ်ချက်မျှ အလန့်တကြား အော်ဟစ်လိုက်ပြီး ကြမ်းပေါ်မှခုန်၍ ထလိုက်ကာ သူ့ပတ်ပတ်လည်၌ စွဲလောင်နေသည့် မီးတောက်မီးလျှံများကို ကြောက်ရွံ့ တုန်လှုပ်စွာဖြင့် ရပ်ကြည့် နေသည်။ ပီလွန်၊ ပက်ဘလို သူသည် အသံကုန်ဟစ်၍ အခန်းထဲသို့ ပြေးဝင်ပြီး သူ့သူငယ်ချင်း နှစ်ယောက်ကို အတင်း ဆွဲထူကာ အိမ်အပြင်သို့ တွန်းထိုး၍ ထုတ်သည်။ ပီလွန်သည် ထိုအချိန် အထိ ပန်းရောင် ဘရာစီယာကို လက် ဖြင့် ဆုပ်ကိုင်ထားဆဲ။

သူတို့သည် မီးတဟုန်းဟုန်း လောင်နေသည့် အိမ်ကို အပြင်မှ ရပ်ကြည့်နေကြသည်။ တံခါးကို မီးစွဲနေပြီ ဖြစ်၏။ ဝိုင်အရက် နှစ်လက်မခန့် ကျန်နေသေးသည့် စားပွဲပေါ် မှ ဝိုင်အိုးကို အတိုင်းသား မြင်တွေ့ နေကြရလေသည်။ အသိဉာဏ် အလွန်ခေါင်းပါးသည့် သူရဲကောင်း အပြုမူမျိုးလုပ်ရန် ဟန်ပြင်နေသော ဂျီဆပ်စ်မေရီယာ၏ အရိပ်အကဲကို ပီလွန်က သတိထားသည်။ ဟေ့ကောင်မလုပ်နဲ့ ဟုအော်၍ ဟန့်ထားသည် သူ့ကို ပစ်ထားခဲ့တဲ့ အတွက် ငါတို့ကို အပြစ်ပေး တဲ့ အနေနဲ့ ဖြစ်သွားတာ သူ့ဘာသာသူ လောင်ပါစေတော့...

မီးသတ်ကားသံများသည် သူတို့ဆီ ရောက်လာကြသည်။ မွန်ထရေးမြို့ တွင်းရှိ မီးသတ်စက်ရုံမှ အပြေးအလွှား ထွက်လာကြသော မော်တော်ကားကြီးများသည် စက္ကင်းဂီယာထိုးကာ တောင်ကုန်း ပေါ် တက်လာနေကြပြီ။ မီးသတ်ကားအနီကြီးများသည် အိမ်ဖက်သို့ နီးလာသည်။ သူတို့ထံမှ ထွက်လာနေသော ဆလိုက် မီးရောင် များသည် ထင်းရှူးပင်များပေါ်သို့ ဖြန့်၍ဖြန့်၍ ကျလာလျက်ရှိလေသည်။

ပီလွန်က ဂျီးဆပ်စ်မေရီယာကို လှည့်ကြည့်သည်။ ဒင်နီဆီကို ပြေးပြောကွာ။ သူ့အိမ်မီးလောင် နေတယ်လို့ ပြေးပါကွ၊ မြန်မြန်ပြေးပါ။ ဟာ

မင်းကတော့ ဘာပြုလို့ မသွားတာလဲ။

နားထောင်စမ်းပါကွာဟု ပီလွန်က ပြောသည်။ မင်းသူ့အိမ်ကို တို့ဆီကတစ်ဆင့် ငှားနေတယ်ဆိုတာ ဒင်နီ မသိဘူးကွာ၊ ငါနဲ့ ပက်ဘာလိုကျတော့ သူသိနေတာ၊ ငါတို့သွားပြောရင် သူ စိတ်ဆိုးချင်ဆိုးမှာ။ ပီလွန်၏ စကားသည် သဘာဝကျသည်ဟု တွေးမိသော ဂျီဆပ်စ်မေရီယာသည် ဒင်နီ၏အိမ်ဖက်သို့ ဒုန်းစိုင်း၍ပြေးသည်။ တစ်အိမ် လုံးမှောင်မည်းလျက် ရှိ၏။ ဒင်နီရေ၊ ဟေး ဒင်နီဟု ဂျီးဆပ်စ်မေရီယာ အသံကုန်ဟစ်၍ အော်သည်။ ဟေး ဒင်နီ၊ မင်းအိမ်ကို မီးလောင်နေပြီကွ၊ အိမ်ထဲမှ ဖြေသံမကြားရ၊ ဒင်နီရေဟု ကျုံး၍ အော်ပြန်သည်။

အိမ်နီးချင်း မစ္စက်မော်ရေး၏ အိမ်ပြတင်းပေါက် တစ်ခုပွင့်သွားသည်။ အထဲမှ အလွန်စိတ်တိုနေ သော ဒင်နီ၏အသံကိုကြားရသည်။ မင်းက ဘာလိုချင်လို့ ဒီလောက် အော်နေရတာလဲ။ မင်းအိမ် မီးလောင်နေပြီ၊ ပက်ဘာလို နဲ့ ပီလွန်တို့ ငှားနေတဲ့အိမ်လေကွာ။ တစ်ခဏမျှ ဒင်နီ ငြိမ်ဆိတ်နေသည်။ ထို့နောက် မီးသတ်ကား ရောက် နေပြီလား ဟုမေးသည်။

ရောက်နေပြီဟု ဂျီးဆပ်စ်မေရီယာက အော်သည်။ ယခုအခါတွင် ကောင်းကင်တစ်ခွင်လုံး မီးရောင်ဖြင့် လင်းနေပြီဖြစ်၏။ မီးစွဲနေသော သစ်ဝါးများ၏ ပေါက်ကွဲသံများနှင့် ဖြိုးဖြိုးဖျစ်ဖျစ် မြည်သံများကိုပင် ကြားနေရလေပြီ။ ဒါဆိုရင် မီးသတ်ကားကတောင် ဘာမှ မလုပ်နိုင်တာ ငါက ဘာလုပ်နိုင်တော့မှာလဲ။ ပီလွန်က ငါ့ကို ဘာများလုပ်ပေးနိုင်မယ်လို့ ထင်နေပါလိမ့်။

ပြတင်းပေါက်တံခါး ဆောင့်ပတ်သံကို ဂျီးဆပ်စ်မေရီယာ ကြားလိုက်ရသည်။ သူသည် ချက်ချင်းပင် နောက်ပြန် လှည့်ပြီး မီးလောင်နေသည့် အိမ်ဘက်သို့ ကဆုန်စိုင်း၍ ပြေးလာခဲ့သည်။ အမှန်တော့ အခုလို အချိန်အခါ မျိုးတွင်ဒင်နီကို သွား၍ နှိုးရသည်မှာ မကောင်းမှန်း သူသိသည်။ သို့သော်လည်း ဖြစ်လာသည့် ကိစ္စက ဆုံးဖြတ်ရ ခက်သည်။ အကယ်၍ မပြောမိ၍ ဒင်နီမသိခဲ့သော် စိတ်ဆိုးကောင်း ဆိုးလိမ့်မည်။ ဘာပဲဖြစ်ဖြစ် အခုလိုလာပြီး အသိပေးလိုက်ရသည့်အတွက် သူဝမ်းသာသည်။ သူ့ဘာသာသူ လာချင်လည်း လာ၊ မလာချင် လည်းနေ။

ဤပြဿနာကတော့ မစ္စမော်ရေး၏ တာဝန်သာ ဖြစ်သည်။ အိမ်မှာ အိမ်ငယ်တစ်လုံးမျှဖြစ်ပြီး မီးလောင်စာများ ကလည်း အစုလိုက်အပုံလိုက် ရှိနေသည်။ ပြီးတော့ နံရံများကလည်း ခြောက်သယောင်းနေသည်။ ဤအိမ်ကို မီးလောင်ပြီး ပြာကျသွားပုံမှာ လျှင်မြန်လွန်းလှ၏။ တရုတ်တန်း၌ လောင်သောမီးပြီးလျှင် ယခုမီးသည် လောင်ပုံ အမြန်ဆုံးဟု သတ်မှတ်ရလိမ့်မည် ဖြစ်သည်။ မီးသတ်သမားများသည် မီးတဟုန်းဟုန်း တောက်လောင်နေသော နံရံများကို ကြည့်ပြီးအိမ်ပတ်ပတ်လည်မှ ချုံများ၊ သစ်ပင်များနှင့် အနီးအနားမှ အိမ်များကို ရေဖျန်းပေးကြသည်။ တစ်နာရီ မပြည့်မီမှာပင် တစ်အိမ်လုံး ပြာပုံအတိ ဖြစ်သွားသည်။ မီးသတ်ပိုက်များ အနေဖြင့် မီးတရဲရဲ ဖြစ်နေ သော ပြာပုံနှင့်

ကျောက်မီးသွေး အနည်းငယ်မျှကိုသာ ရေဖျန်းပေးရလေသည်။

ပီလွန်၊ ပက်ဘလိုနှင့် ဂျီးဆပ်စ်မေရီယာတို့သည် ပခုံးချင်းယှဉ်၍ ရပ်ကာမီးလောင်နေပုံကို အစအဆုံး ကြည့်ကြသည်။ ဒင်နီနှင့် မစ္စက်မော်ရေးတို့ နှစ်ယောက်မှလွဲ၍ မီးလောင်နေပုံကိုလာ၍ ကြည့်နေကြသော မွန်ထရေးမြို့၏လူဦးရေတစ်ဝက်ခန့်နှင့် တော်တီလာဖလက် ရပ်ကွက်အတွင်းမှ ရှိရှိသမျှ လူအားလုံးသည် တပျော်တပါး ရပ်ကြည့်နေကြသည်။ တစ်အိမ်လုံးပြာကျပြီး ကောင်းကင်တွင် မည်းနက်သောတိမ်လိပ်တိမ်ခိုးများ ဆိုင်းနေသည့် အခါကျမှပင် ပီလွန်သည် ရပ်ကြည့်နေရာမှ ငြိမ်ဆိတ်စွာ ထွက်ခွာသွားလေသည်။ မင်းက ဘယ်သွားမလို့ လဲဟု ပက်ဘလိုက နောက် မှ စ၍ အော်ပြောသည်။

ငါတောထဲသွားပြီး အိပ်ရေးဝအောင် ပြန်အိပ်မလို့၊ မင်းတို့လည်း ငါနဲ့လိုက်လာရင် ကောင်းမယ် ငါတို့ကို အခု အခိုက်အတန့် အတွင်းမှာ ဒင်နီမတွေ့တာ အကောင်းဆုံး ဖြစ်လိမ့်မယ် ထင်တယ် ဟုပီလွန်က ပြောသည်။ ထိုအခါ သူတို့က ခေါင်းညိတ်ကြပြီး ပီလွန်၏ နောက်မှ လိုက်သွားကြသည်။ အခုအဖြစ်ဟာ ငါတို့အတွက် တော့ သင်ခန်းစာတစ်ခုပဲကွဟု ပီလွန်က ပြောသသည်။ ဒီအဖြစ်ကို ကြည့်ပြီး ငါတို့အနေနဲ့ ညပိုင်း အရက် သောက် ရင်ဝိုင်အိုးကို အိမ်ထဲမှာ စိတ်ချလက်ချ ဘယ်တော့မှထားလို့မဖြစ်တော့ဘူးလို့ မှတ်ကြရမယ်။ အေးပေါ့လေဟု ပက် က်ဘလိုက မလိုတမာသံဖြင့် ရေရွတ်သည်။ နောက်တစ်ခါကျတော့ မင်းကိုယ်တိုင်ပဲ ဝိုင်အိုးကို အိမ်အပြင် ဘက် သွားထားပေါ့။ အဲဒီကျတော့ မင်းဝိုင်အိုးကို တခြားတစ်ကောင်က တိုသွားမှာပဲ၊ စိတ်သာချ။

ဒုစရိုက်သမား သုံးဦးသည် နောင်တရကာ ငြိမ်းချမ်းမှုကို ရရှိသွားကြခြင်း၊ ဒင်နီ၏ သူငယ်ချင်းများက ရဲဘော်ရဲဘက်ဘဝကို ပြန်လည် တည်ဆောက်ရန် သစ္စာဆိုကြခြင်း

နေသည် ထင်းရှူးပင်များ အထက်သို့ ရောက်သွားခဲ့လေပြီ။ မြေပြင်သည် ပူနွေးလာသည်။ ညပိုင်းက ရေမွှေးပန်း များပေါ် ၌ တွဲလွဲခိုနေခဲ့ကြသော နှင်းသီးနှင်းပေါက် များသည် ခြောက်သွေ့ ကုန်ကြပြီဖြစ်၏။ ဒင်နီသည် အိမ်ရှေ့ ဆင်ဝင် ၌ ထွက်၍ထိုင်ကာ နေစာလှုံရင်း လမ်းပေါ်မှ ဖြစ်ပျက်သမျှကို လှမ်းမျှော်ကြည့်လျက်ရှိ၏။ သူသည် ရှူးဖိနပ်များကို ချွတ်လိုက်ပြီး ခြေထောက်များကို ဆင်ဝင်တန်းပေါ်သို့ လှမ်းတင် ထားသည်။

သူသည် ယနေ့နံနက် အစောကြီး ထကာ သူ့အိမ်၏ မီးလောင်မြေနှင့် မြေပေါ်မှ ကောက်ကွေးနေသော ရေပိုက် များကို သွား၍ ကြည့်ရှု ခဲ့သည်။ သူ့အနေနှင့် နမော်နမဲ့ နိုင်လွန်းလှသော သူငယ်ချင်းများအပေါ် ထုံးစံအတိုင်း ဒေါသဖြစ်မိရုံမျှ မက ဆုံး ရှုံးသွားခဲ့ရသော ပစ္စည်းအတွက် နှမြောတသခြင်းဖြစ်မိသည်။ တကယ်တော့လည်း ရုပ်ဝတ္ထုပစ္စည်းသည် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုကို တန်ဖိုးရှိလာအောင် ပြုလုပ်ပေးတတ်သည် မဟုတ်ပါလော။ အိမ်တစ်လုံး ငှား၍ စား နေနိုင်သော လူတစ်ယောက်၏ ဘဝ ပျက်စီးရသည့် အဖြစ်ကိုကား သူ မတွေးတောဘဲ မနေနိုင်။ ဤလိုအပ်ချက် များသည် စိတ်၏ သာယာမှုကို ဖြစ်စေခဲ့၏။ သို့သော်လည်း ယခုအခါ ဤအရာ များသည် ပျက်သုဉ်းသွားခဲ့ရလေ ပြီ။ မည်သို့ပင်ဖြစ်စေ နောက်ဆုံးကျတော့လည်း သူ့စိတ်သည် နဂိုမူလ ရှိရင်းစွဲ အတိုင်း ပုံမှန် အနေအထား သို့ ပြန်လည်ရောက်ရှိလာသည်။ အနည်းဆုံး သူ့အပေါ်၌ ပိနေသည့် တာဝန်များထဲမှ အိမ်တစ်လုံးကို ထိန်းသိမ်းစောင့်ရှောက်ရခြင်းတည်းဟူသော တာဝန်တစ်ခု ကတော့ လျော့သွားပြီဟု တွေးကာ သူ့စိတ်သူ ဖြေနိုင်လာခဲ့လေသည်။

"တကယ်လို့ ဒီအိမ်ရှိနေမယ်ဆိုရင်လည်း ငါ့အနေနဲ့ အိမ်လခကို မက်မောနေဦးမှာပဲ"ဟုတွေးသည်။"ငါ့ သူငယ်ချင်း တွေ ကလည်း ငါ့ကို ပိုက်ဆံပေးစရာ ရှိနေတာနဲ့ သိပ်ပြီး ကပ်ကြမှာမဟုတ်တော့ဘူး၊ အခု ကျတော့ ဒီ အနှောင်အဖွဲ့တွေက လွတ်မြောက်သွားပြီး အရင်ကလိုပဲ ပျော်ပျော်ပါးပါး ပြန်ပြီး နေနိုင် ကြတော့မယ်" သို့သော်လည်း ဒင်နီသည် ရှေ့လျှောက်ပြီး သူငယ်ချင်းများနှင့် ပေါင်းသင်းဆက်ဆံရာ၌ သူ့ဘက်က စည်းကမ်း ကလနား ထား၍ ပေါင်းသင်းသွားမှသာ ဖြစ်တော့မည်ဟု သဘောပေါက်သည်။ ထိုကဲ့သို့

မလုပ် ပါက သူတို့က သူ့အား လူပျော့လူညံ့ တစ်ယောက်ဟု ယူဆကြပေလိမ့်မည်။ ထို့ကြောင့် သူသည် အိမ်ရှေ့ ဆင်ဝင်၌ထိုင်၍ သူ့ အပေါ်လာ၍ နားရန် အားထုတ်နေကြသော ယင်ကောင်များကို လက်တစ်ဖက်ဖြင့်ယမ်း၍ခြောက်ရင်း သူ့သူငယ်ချင်းများက သူ၏ ခင်မင်မှု အရိပ်အာဝါသကို ပြန်လည် ခိုလှုံခွင့်မပြုမီ ကြိုတင် ပြောထားသင့်သည့် အချက် အလက် များကို စဉ်းစားစိတ်ကူးနေသည်။

သူသည် သူတို့လိုသမျှအတွက် အမြဲတမ်း မှီခိုရမည့် လူတစ်ယောက် မဟုတ်ကြောင်း သိသွားအောင် ပြုမှဖြစ် လိမ့်မည်ဟုလည်းတွေးသည်။ မည်သို့ပင်ဖြစ်စေ ဟိုတစ်ချိန်တုန်းကလို လူတိုင်းကချစ်သော ဒင်နီ၊ ဝိုင်တစ်ဂါ လန် သို့မဟုတ် အမဲသားစလေးတစ်စနှစ်စ ရှိလာသည့်အခါ မရမက လိုက်ရှာပြီး အတိုက်ခံရ အကျွေးခံ ရသော ဒင်နီ၏ ဘဝကို ပြန်၍ ရလိုသည့်ဆန္ဒကတော့ ပြင်းပြင်းပြပြ တောင့်တနေဆဲပင်ဖြစ်သည်။ အိမ်နှစ်လုံးပိုင်ရှင် တစ်ဦးအနေဖြင့် သူ့ကိုလူချမ်းသာတစ်ဦးဟု အများကထင်ခဲ့ကြသည်။ ထို့ကြောင့်လည်း သူသည် အမြည်း ကောင်းများ ပါသော ပွဲကြီးပွဲကောင်းအရက်ဝိုင်း အမြောက် အမြားကို လက်လွှတ်ခဲ့ရ၏။

ပီလွန်၊ ပက်ဘလိုနှင့် ဂျီးဆပ်စ်မေရီယာတို့သည် ထင်းရှူးတောထဲ၌ နာရီပေါင်းများစွာ အိပ်နေခဲ့ကြသည်။ မနေ့ ညက ကြုံခဲ့ရသော အဖြစ်သည် ကြောက်စရာ ကောင်းလှသည်ဖြစ်ရာ သုံးဦးစလုံး ကိုယ်ရောစိတ်ပါ ပင်ပန်းပြီး အိပ်မောကျသွားခဲ့ခြင်းဖြစ်၏။ သို့သော်လည်း နောက်ဆုံးတွင် မွန်းတည့်နေ၏ ပြင်းထန်သော အပူရှိန်သည် သူတို့ မျက်နှာများထက် သို့ ကျလာသည်။ ပုရွက်ဆိတ်များကလည်း သူတို့ကိုယ်ပေါ်တွင် တရွရွ လျှောက်သွား နေကြသည်။ အပြာရောင် ဗွတ်ကလုံငှက် နှစ်ကောင်ကလည်း သူတို့ဘေး မြေပြင်ပေါ်၌ နားကာ တကျီကျီ တကျာကျာ ဖြင့် ဆူညံစွာအော်မြည်လျက် ရှိကြသည်။ ထိုအခါ အိပ်ပျော်နေရာမှ လန့်နိုး လာကြသည်။ သို့သော် လည်း လွတ်လွတ် ကျွတ်ကျွတ် နိုးလာခြင်းမျိုး မဟုတ်၊ အိပ်မှုန်စုံမွှားသာ ဖြစ်သည်။

သူတို့လူစု လွတ်လွတ် ကျွတ်ကျွတ် နိုးလာခြင်းမှာ သူတို့ အိပ်နေသော ချုံတစ်ဖက်၌ ပျော်ပွဲစား ထွက်လာ သည့် အဖွဲ့ တစ်ဖွဲ့က နေရာယူပြီး နေ့လယ်စာ စားခြင်းကြီးကို ဖွင့်လိုက်သောအခါ ခြင်းထဲမှ အစားအသောက်များ၏ အနံ့မျိုးစုံ သူတို့ထံရောက်လာ၍ ဖြစ်သည်။ သူတို့သည် နိုးလာလျှင်လာချင်း ထထိုင် ကြသည်။ ထို့နောက် သူတို့ ရင်ဆိုင်နေရသည့် ပြဿနာကို သတိရလာကြလေသည်။"မီးက ဘယ်လိုဖြစ်ပြီး စလောင်တာလဲ"ဟု ပီလွန်က စိတ်မကောင်းသံဖြင့်မေးသည်။ မည်သူမျှ အဖြေမပေး နိုင်ကြချေ။

ငါတို့သုံးယောက် အခုလောလောဆယ် တခြားမြို့ တစ်မြို့ကိုသွားပြီး ခဏတစ်ဖြုတ်လောက်နေရင် ကောင်း လိမ့်မယ်၊ ဆိုကြပါစို့၊ ဝတ်ဆန်ဗီးလ်မြို့ နဲ့ ဆလိုင်းနကစ်မြို့ တွေကိုပေါ့၊ အဲဒီမြို့ တွေဟာ နေလို့ထိုင်လို့ ကောင်း တဲ့ မြို့တွေပဲ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။

ပီလွန်က အိပ်ကပ်ထဲ မှ ဘာရာစီယာကို ထုတ်လိုက်ပြီး နူးညံ့သော အပေါ်သားကို လက်ချောင်းများဖြင့် ပွတ်နေ ပြန်သည်။ ထို့နောက် ဘာရာစီယာကိုနေရောင်တွင် ထောင်၍ ကြည့်နေသည်။"အဲသလို လုပ်လိုက်ရင် ပြဿနာကို မရှင်းဘဲ အချိန်ဆွဲနေသလို ဖြစ်သွားမှာကွ"ဟု သူက ပြောသည်။"ငါတို့ အနေ နဲ့ သားသမီး တွေက ဖအေဆီသွားပြီး တောင်းပန်သလို ဒင်နီဆီသွားပြီး ကိုယ့်အမှားကိုယ် ဝန်ခံလိုက်ရင် အကောင်းဆုံးဖြစ်မယ်လို့ ထင်တာပဲ၊ ဒါဆိုရင် သူ့အနေနဲ့ စိတ်ထိခိုက်ရှုံကလွဲပြီး ဘာမှပြောနိုင်မှာ မဟုတ်တော့ဘူး၊ ပြီးတော့ ဟောဒီ ဘာရာစီယာကို မစ္စက်မော်ရေးအတွက် လက်ဆောင်အဖြစ် ပေးနိုင်တယ်"သူ့ သူငယ်ချင်းများက သဘောတူကြောင်း ခေါင်းညိတ်ပြကြသည်။ ပီလွန်၏ မျက်လုံးများသည် ပျော်ပွဲစားထွက်လာသည့် အဖွဲ့ဆီသို့ ရောက်သွားသည်။ အထူးသဖြင့် နေ့လယ်စာထည့်ထားသော ခြင်းကြီးဆီမှ မခွာနိုင်။ ထိုခြင်းထဲမှ လာနေသော ကြက်ဥကြော်အနံ့သည် ဆွဲဆောင်မှုအပြည့်ရှိနေသည်။ ပီလွန်၏ နှာခေါင်းသည် ယုန်တစ်ကောင်၏ နှာခေါင်းသဖွယ် ရှုံ့ချီပွချီဖြစ်နေသည်။ ပြီးတော့ သူ့အတွေးနှင့်သူ ပြုံးသည်။ ကဲ သူငယ်ချင်းတို့ ငါဟိုဘက်နား လမ်းလျှောက်လိုက်ဦးမယ်၊ သိပ်မကြာပါဘူး၊ မင်းတို့နဲ့ ကျောက်ကျင်းနား မှာ ဆုံကြတာပေ့ါ၊ တစ်ခုတော့ မှာခဲ့ပါရစေ၊ ဖြစ်နိုင်ရင် ခြင်းကိုတော့ မယူခဲ့ပါနဲ့"

ပီလွန် ထိုင်ရာမှထပြီး သစ်ပင်ချုံပင်များကြားမှ တိုးဝှေ့သွားနေသည်ကို ပက်ဘလိုက ကြည့်နေသည်။ သူသည် ပျော်ပွဲစား ထွက်လာသည့် အဖွဲ့နှင့် နေ့လယ်စာခြင်းကြီးရှိရာနေရာနှင့် အလှမ်းမဝေးလှသော ထောင့်ဘက် သို့ ဦးတည်၍ သွားနေခြင်းဖြစ်၏။ အတန်ကြာသောအခါ ခွေးတစ်ကောင်ဟောင်သံ၊ ကြက်ဖတစ်ကောင် တွန်သံ၊ စူးစူးရှရှရယ်သံ၊ ကြောင်တစ်ကောင် မန်ဖီသံနှင့် အလန့်တကြားအော်လိုက်သည့် အသံတစ်သံ စသည်များကို ဆက်တိုက်ကြားရသည်။ ဤအသံများကို ကြားရသောအခါ ပက်ဘလိုနှင့် ဂျီးဆပ်စ်မေရီယာ တို့အဖို့ အဆန်းမဟုတ်သော်လည်း ပျော်ပွဲစားအဖွဲ့ အတွက်တော့ အလွန်အံ့ဩစရာကောင်းပြီး ဆွဲဆောင်မှုအပြည့်ရှိသော အရာများဖြစ်နေသည်။ ပျော်ပွဲစားအဖွဲ့မှ ယောက်ျားနှစ်ယောက်နှင့် မိန်းမနှစ်ယောက်သည် ခြင်းတောင်းကြီးကို ထားခဲ့ပြီး အသံမျိုးစုံ လာနေရာဘက်သို့ အပြေးအလွှား ထွက်သွားကြလေသည်။

ပက်ဘလိုနှင့် ဂျီးဆပ်စ်မေရီယာသည် ပီလွန်မှာခဲ့သည့် စကားကို ရိုသေလေးစားစွာ လိုက်နာကြသည်။ သူတို့သည် ခြင်းကြီးကို မယူ၊ သို့သော်လည်း ခြင်းထဲမှ ပစ္စည်းများသည် သူတို့ ဦးထုပ်များနှင့် ရှပ်အင်္ကျီများ အတွင်းသို့ ရောက်ကုန်ကြသည်။

မွန်းလွဲပိုင်း သုံးနာရီထိုးခန့်တွင် နောင်တရနေကြသော လူသုံးယောက်သည် ဒင်နီ၏ အိမ်ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်လာနေကြသည်။

သူတို့လက်များထဲတွင် ငြိမ်းချမ်းရေးကမ်းလှမ်းရန်အတွက် ယူဆောင်လာသော လက်ဆောင်ပစ္စည်းများဖြင့် ပြည့်လျက် ရှိသည်။ လက်ဆောင်များမှာ အမည်စုံလှ၏။ လိမ္မော်သီးများ၊ ပန်းသီးများ၊ ငှက်ပျောသီးများ၊ သစ်သီးရည်ပုလင်းများ၊ ဝက်ပေါင်ခြောက်ညှပ်ထားသည့် ပေါင်မုန့်များ၊ ကြက်ဥကြော်ညှပ် ပေါင်မုန့်များ၊ ဆိုဒါပုလင်းများ၊ အာလူးကြော်အိတ်များနှင့် စနေအထူးထုတ် အီးဗင်းနင်းပို့စ် သတင်း စာတစ်စောင်။ သူတို့ လာနေကြသည်ကို ဒင်နီက မြင်သည်။ သူသည် မတ်မတ်တောင့် တောင့်ရပ်ကာ သူပြောဖို့ စဉ်းစားထားသည့် စကားများကို ပြန်၍ သတိရအောင် အားထုတ်လျက်ရှိသည်။ သူတို့သည် ဒင်နီရှေ့သို့ ရောက်လာသောအခါ ခေါင်းငိုက်စိုက်ချ၍ ရပ်နေကြသည်။

သတို့ကို ဒင်နီက"ခွေးဝဲစားတွေ၊ သူခိုးတွေ"ဟု ဆီး၍ခေါ်သည်။ သူတို့၏ အမေများကို နွားမကြီးတွေဟု နာ မည်ပေးပြီး သူတို့ အဖေများကို သိုးနာကြီးတွေဟု နာမည်ပေးသည်။ ပီလွန်က သူကိုင်လာသည့် အိတ်ကိုဖွင့်ပြီး အထဲမှ အသားညှပ်ပေါင်မုန့်များကိုပြသည်။ ဒင်နီက မိတ်ဆွေအပေါင်းအသင်းများအပေါ်တွင် ယုံကြည်မှု မရှိတော့။ သူ၏ယုံကြည်မှုများမှာ အပေါင်းအသင်းများ၏ အနင်းအခြေ အဖျက်အဆီးကို ခံခဲ့ရပြီဟု ပြောသည်။

ဆက်၍ ပြောရန် ကြိုတင်စဉ်းစားထားသည့် စကားများကို ပြန် တွေးနေခိုက် ပက်ဘလိုက သူ့ရင်ဘက် အတွင်း ၌ ဝှက်၍ ယူလာသော ကြက်ဥပြုတ်များကို ပြလိုက်သဖြင့် ဘာတစ်ခုမှ စဉ်းစား၍ မရတော့ဘဲ ဖြစ်သွားသည်။ သို့သော်လည်း ဒင်နီသည် ချက်ချင်းပြန်၍ဣန္ဒြေဆည်ကာ ရှေးဘိုးဘွားဘီဘင်လက်ထက်က အမျိုးသား အမျိုး သမီးများ၏ စိတ်နေစိတ်ထားမြင့်မြတ်မှုနှင့် အကျင့်စာရိတ္တ ကောင်းပုံကို တသီကြီးလျှောက်ပြောပြန်သည်။

ပီလွန်က သူ့အိတ်ကပ်ထဲမှ ပန်းရောင်ဘရာစီယာကို ထုတ်၍ မြှောက်ပြသည်။ ဘရာစီယာသည် သူ့လက်ထဲတွင် တွဲလောင်း။ ထိုအခါ ဒင်နီသည် အားလုံးကို မေ့သွားပြီး ဆင်ဝင်တွင် ထိုင်ချလိုက်၏။ သူ့သူငယ်ချင်း များကလည်း သူနှင့်အတူရော၍ ထိုင်လိုက်ကြပြီး သူတို့ယူလာသည့် အထုပ်များကို ဖြေကြသည်။ အစားအစာများကို စားစဉ်တွင် စကားမပြောကြ။ မတင်မကျရှိနေသည့်ပုံမျိုးဖြင့် စားသောက်နေကြခြင်းဖြစ်၍ သာယာမှုမရှိ။ နောက်တစ်နာရီခန့် ကြာသောအခါ နေမှုထိုင်မှု အသားကျလာသည်။ ထိုအခါ ဒင်နီက"မီး ဘယ်လို စ လောင်တာလဲ"ဟု မေးသည်။

ငါတို့လည်း မသိဘူး"ဟု ပီလွန်က ဖြေသည်။"ငါတို့လည်း အိပ်ပျော်သွားရော မီးထလောင်တာပဲ၊ တို့ကို မုန်းနေတဲ့ ရန်သူတွေ ရှိချင်ရှိနေမှာ"" ငါကတော့ ဒီကိစ္စမှာ ဘုရားသခင်တောင် ပါချင်ပါလိမ့်မယ် ထင်တယ်"ဟု ပက်ဘလိုက ပြောသည်။"ဘုရားသခင် အနေနဲ့ အဲသလို မလုပ်ဘူးလို့ကော

ဘယ်သူပြောနိုင်မှာလဲ"ဟု ဂျီးဆပ်စ်မေရီယာက ဝင် ပြောသည်။

ပီလွန်က မစ္စက်မော်ရေးအတွက် လက်ဆောင်ဟု ပြောကာ သူ့လက်ထဲမှ ဘရာစီယာကို ဒင်နီအား လှမ်းပေးသည်။ ဒင်နီကတော့ မတုန်မလှုပ် နှုတ်ဆိတ်လျက်ရှိသည်။ သူသည် ဘရာစီယာကို မသင်္ကာသော မျက်လုံးများ ဖြင့်ကြည့်နေသည်။"အဲဒီမိန်းမက လက်ဆောင်ပေးရမယ့် မိန်းမတစ်ယောက် မဟုတ်တော့ဘူးကွ"ဟု ပြောသည်။"ငါတို့အနေနဲ့ မိန်းမတွေကို ပိုးခြေအိတ်ပေးပြီး ကပ်နေမိကြတာက များတယ်"ဟု ဆိုသည်။ အိမ်တစ်လုံးတည်းပိုင်သည့် လူတစ်ယောက်အဖြစ်သို့ ရောက်သွားချိန်မှစ၍ သူနှင့် မစ္စက်မော်ရေးတို့၏ ဆက်ဆံရေး အေးစက်စက် ဖြစ်သွားရသည်ကိုမူ သူ့သူငယ်ချင်းများအား ဖွင့်မပြော။

“ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ငါဘရာစီယာကို သိမ်းထားမယ်"ဟု ထပ်ပြောသည်။"တစ်နေ့ကျရင် တခြား မိန်းမ တစ်ယောက် အတွက် အသုံး ဝင်ချင် ဝင်မှာ" ညမိုးချုပ်၍ အမှောင်ရိပ်များ ကျလာသောအခါ သူတို့အားလုံး အိမ်ထဲသို့ဝင်ကြပြီး မီးမွေးကြသည်။ ဒင်နီက သူ့ သူငယ်ချင်းများကို ခွင့်လွှတ်ကြောင်း သက်သေပြသည့် အနေဖြင့် စပျစ်ဝိုင်နှင့် ဧည့်ခံသည်။ သူတို့သည် ပြန်လည် တည်ဆောက်လိုက်သည့် ဘဝသစ်ထဲတွင် အလွယ် တကူနှင့်ပင် အသားကျ သွားကြသည်။"မစ္စက်မော်ရေး ရဲ့ ကြက်မတွေ သေကုန်တာကတော့ ဆိုးတယ်နော်”ဟု ပီလွန်က ထင်မြင်ချက် ပေးသည်။

တနင်္လာနေ့ကျရင် သူ ကြက်မနှစ်ဒါဇင် ထပ်ဝယ်လိမ့်မယ်"ဟု ဒင်နီက ပြောသည်။ ပီလွန်က ပြုံး၍"မစ္စက်ဆိုတိုရဲ့ ကြက်မတွေကတော့ မနိုပ်ပါဘူး"ဟု ပြောသည်။"ငါက မစ္စက်ဆိုတိုကို ပြော တယ်။ ခင်ဗျား ကြက်မ တွေကို ယောက်သွားခွဲတွေ ကျွေးဖို့ လိုတယ်လို့၊ ဒါပေမယ့် သူက ငါပြောတာကို လုံးဝ ဂရုမစိုက်ဘူး"

သူတို့သည် စပျစ်ဝိုင်ကို သောက်ကြသည်။ စပျစ်ဝိုင်မှာ သူတို့၏ ရဲဘော်ရဲဘက်စိတ်ကို ပြန်လည် ရှင်သန်လာဖို့ အတွက်ကတော့ လုံလောက်သည်။"သူငယ်ချင်း အပေါင်းအသင်း ရှိတာကတော့ ကောင်းတယ်ကွ"ဟု ဒင်နီကပြောသည်။"သူငယ်ချင်း အပေါင်းအဖော်တစ်ယောက်မှ မရှိဘဲ တစ်ယောက်တည်း စပျစ်ဝိုင်သောက် နေရမယ်ဆိုရင် ဘယ်လောက်များ အထီးကျန် နိုင်လိုက် မလဲ"

"အသားညှပ်ပေါင်မုန့်ကို တစ်ယောက်တည်း စားရရင်လည်းအတူတူပါပဲကွာ"ဟု ပီလွန်က ဖြည့်စွက်ပေးသည်။ ပက်ဘလိုကတော့ အိမ်မီးလောင်ခြင်းသည် ကောင်းကင်ဘုံနှင့် အဆက်အစပ် ရှိနေသည်ဟု သံသယ ဖြစ်ဆဲ။"ကမ္ဘာလောက အားလုံးမှာ မင်းလိုသူငယ်ချင်းမျိုးဟာ နည်းနည်းပဲရှိမယ်၊ ဒီလိုကောင်းတဲ့ လူမျိုးကတော့ ဘယ်တော့မှ များများစားစား မပေးဘူးကွ"ဟု ပြောသည်။

ဒင်နီသည် သူ့သူငယ်ချင်းများ၏ လေလုံးမိုးလုံးနှင့် လှိုင်းလုံးများအောက်သို့နစ်မြုပ်မသွားမီ သတိပေး စကားတစ်ခွန်းကို ပြောသည်။ မင်းတို့ အားလုံးကို ငါပြောထားမယ်၊"ငါ့အိပ်ရာပေါ်ကိုတော့ တစ်ကောင်မှ တက်မအိပ်ရဘူး၊ အိပ်ရာက ငါတစ်ယောက်တည်းပဲ အိပ်မယ်၊ ဘယ်သူ့ကို မှ ခွဲဝေမပေးနိုင်ဘူး" မည်သူကမှ ဖွင့်ဟ၍မပြောကြသော်လည်း လေးဦးစလုံး၏ စိတ်က သူတို့အားလုံး ဒင်နီ၏ အိမ်၌ နေကြ ရတော့ မည်ဟု သိနေကြသည်။

ပီလွန်က အလွန်စိတ်လက် ပေါ့ပါးသွားဟန်ဖြင့် သက်ပြင်းချသည်။ အိမ်လခအတွက် ပူစရာမလိုတော့၊ အကြွေး ဆပ်ရမယ့် တာဝန်လည်း လုံးဝမရှိတော့၊ အခုချိန်မှစ၍ သူသည် အိမ်ငှားတစ်ယောက် မဟုတ်တော့။ ဧည့်သည် တစ်ယောက် ဖြစ်သွားပြီ။ သူ့စိတ်ထဲတွင် မီးလောင်ခြင်းကိုကျိတ်၍ ကျေးဇူးတင်လျက်ရှိလေသည်။ ငါတို့အားလုံး အတူတူနေကြရရင်တော့ သိပ်ကိုပျော်မှာပဲ ဒင်နီရာ"ဟု ပီလွန်က ပြောသည်။"ညတိုင်း ငါတို့ လူစု မီးဖိုဘေးမှာထိုင်၊ တို့မိတ်ဆွေ သူငယ်ချင်းတွေက လာလည်ကြ၊ တစ်ခါတလေ မိတ်ဖြစ်ဆွေဖြစ် သဘော နဲ့ ဝိုင်တွေဘာတွေသောက်၊ ဟုတ်ဘူးလားကွာ"

ထိုအခါ အရှုံးအမူး ကျေးဇူးတင်နေသော ဂျီးဆပ်စ်မေရီယာက အဆင်အခြင်ကင်းမဲ့သော ကတိတစ်ခုကို ပေးသည်။ ယင်းကဲ့သို့ လုပ်လိုက်ခြင်းသည် စပျစ်ဝိုင်ကြောင့်ဖြစ်၏။"ဟောဒီအိမ်ထဲမှာ ဒင်နီအတွက် အစားအစာ အမြဲတမ်းရှိနေအောင် လုပ်ပေးရမယ့် တာဝန်ကို ငါတို့က ယူမှာပေါ့"ဟု သူက စိတ်အားထက်သန်စွာဖြင့် ပြောသည်။ ငါတို့က တို့သူငယ်ချင်းကို ဘယ်တော့မှ မငတ်စေရဘူး"ဟု ကြုံးဝါးလိုက်သေးသည်။

ပီလွန်နှင့် ပက်ဘလိုက အလန့်တကြား မော့ကြည့်သည်။ သို့သော်လည်း ကတိစကားက ပြောပြီးနေပြီ။ အလွန်လှပပြီး အလွန်ရက်ရောသော စကားဖြစ်ပါ၏။ ဤစကားမျိုးကို မည်သူကမှ ဖျက်ဆီးနိုင်မည်မဟုတ်။ သို့သော်လည်း ထိုစကားကို ပြောအပြီးတွင် ပြောသူ ဂျီးဆပ်စ်မေရီယာကိုယ်တိုင် သူ့စကား၏ အတိုင်းအတာ ပမာဏကို ကောင်းစွာနားလည်နေသည်။ သူတို့အဖို့ မျှော်လင့်စရာဆို၍ တစ်ခုတည်းသာရှိတော့၏။ တခြားမဟုတ်၊ အခု ဂျီးဆပ်စ်မေရီယာ ပြောလိုက်သည့်စကားကို ဒင်နီမေ့သွားရန်ပင် ဖြစ်သည်။

"ခက်ပြီ"ဟု ပီလွန်က တစ်ယောက်တည်း ကျိတ်၍တွေးသည်။"တကယ်လို့သာ ဒီကတိအတည်ဖြစ်သွားရင် ဒီအလုပ်က အိမ်လခထက်အများကြီးဆိုးမှာ၊ ကျွန်ခံနေရမယ့်အလုပ်ပါလား""ငါတို့ သစ္စာပြုတယ် ဒင်နီ"ဟု ပီလွန်က ပြောသည်။

သူတို့သည် မျက်ရည်များ ဝိုင်းကာ မီးဖိုဘေး၌ ထိုင်နေကြသည်။ တစ်ယောက်အပေါ် တစ်ယောက် ချစ်ခင်ကြင်နာသောစိတ်သည် များစွာကြီးမားပြင်းထန်လျက်ရှိလေသည်။ ပက်ဘလိုက သူ့မျက်လုံးထဲ၌ ပြည့်နေသော မျက်ရည်များကို လက်ခုံဖြင့် ပွတ်၍သုတ်လိုက်ပြီး ပီလွန်၏ လေသံကို

လိုက်၍"ငါတို့အားလုံးစုပြီး ဒီအိမ်မှာအတူတူနေကြရင် သိပ်ကိုပျော်ကြမှာပဲ"ဟု ပြောလေသည်။

ဒင်နီ၏ သူငယ်ချင်းများသည် ကောင်းမှုပြုသော အဖွဲ့တစ်ဖွဲ့ ဖြစ်လာခြင်း၊ ဆင်းရဲဒုက္ခရောက်နေသည့် ပင်လယ်ဓားပြကို ကူညီစောင့်ရှောက်ကြခြင်း

ပင်လယ်ဓားပြကို လူအများက နေ့စဉ်မြင်ကြသည်။ သူ့ကိုမြင်သည့်အခါ တချို့ကရယ်ကြသည်။ တချို့ ကတော့ သူ့ကို သနားကြ၏။ သို့သော်လည်း သူ့အကြောင်းကို ရေရေရာရာ သိသူတစ်ဦးမှ မရှိ။ သူ့ကို အနှောင့်အယှက်ပေးမည့် လူလည်း တစ်ဦးမှမရှိ၊ သူ့ကိုယ်လုံးကိုယ်ထည်မှာ အလွန်ကြီးမားပြီး ရင်အုပ်ကျယ်ကျယ်နှင့် ရောမလူကြီး ဖြစ်သည်။ ထူထပ်ပြီး မည်းနက်သော မုတ်ဆိတ်ရှည်ကြီးရှိသည်။ သူသည် ဂျင်းဘောင်းဘီအပြာနှင့် ရှပ်အင်္ကျီအပြာကို ဝတ်သည်။

ဦးထုပ်တော့ မဆောင်း။ မြို့ထဲလာစဉ် ရှူးဖိနပ်စီးသည်။ လူကြီးတစ်ယောက်ယောက်နှင့် ရင်ဆိုင်တွေ့သည့်အခါများတွင် ပင်လယ်ဓားပြ၏ မျက်လုံးများသည် ကြောက်ရွံ့ခြင်းကို ဖော်ပြတတ်သည်။ ကြောက်လန့်ပြီး ထွက်ပြေးဟန်ပြင်နေသော တိရစ္ဆာန်တစ်ကောင်၏ အကြည့်မျိုးနှင့် အလွန်တူသည်။ ဤအကြည့်ကြောင့် မွန်ထရေးမြို့ရှိ ပီဆာနိုးလူမျိုးများက ပင်လယ်ဓားပြ၏ ဦးနှောက်သည် သူ့ခန္ဓာကိုယ်ရှိ အခြား အစိတ်အပိုင်းများလို ကြီးမားဖွံ့ဖြိုးခြင်းမရှိဟု နားလည်ကြသည်။

သူတို့က အလွန်ကြီးမားရှည်လျားသော သူ့မုတ်ဆိတ်ကြီးကို ကြည့်ပြီး"ပင်လယ်ဓားပြ”ဟု ခေါ်ကြခြင်း ဖြစ်၏။ ထင်းခြောက်များ တင်ထားသည့် လက်တွန်းလှည်းကို တွန်း၍ လမ်းတကာတွင် ဝင်ထွက်သွားလာနေသော ပင်လယ်ဓားပြကို လူအများက နေ့စဉ်မြင်တွေ့ကြသည်။ သူသည် ထင်းအားလုံးရောင်း၍ မကုန်မချင်း လက် တွန်းလှည်းကို တွန်း၍ မရပ်မနား သွားနေလေ့ရှိ၏။

သူသွားလေရာသို့ သူ့နောက်မှ တကောက်ကောက် လိုက်နေသည့် အုပ်စုမှာ သူ၏ ခွေးငါးကောင်ဖြစ်သည်။ အင်ရီခွေး၏ အမြီးသည် အမွေးထူထူပွပွ ဖြစ်သော်လည်း ပုံပန်းသဏ္ဍာန်က ခွေးသမင်နှင့် တူသည်။ ပါဂျာရီကိုသည် အညိုရောင်ဖြစ်၍ အမွေးများမှာ တွန့်လိပ်လိပ်ဖြစ်၏။

ဤခွေးတွင် ထူးခြားမှုဆို၍ ဤနှစ်ခုသာလျှင်ရှိသည်။ ရှူးဒေါ့ကို မြင်ကြသော လမ်းသွားလမ်းလာများက"ဒီခွေးဟာ အမေရိကန်ခွေးပဲ"ဟု ပြောကြသည်။ ဖလတ်မှာ ခွေးဘီလူးအငယ်စားမျိုးဖြစ်၍ ဆီညောင် အလက်သွန် မဆင်မှာ အေရီဒေးလ် ခွေးမျိုးတစ်ကောင်ဖြစ်လေသည်။ သူတို့ငါးကောင်သည် ပင်လယ်ဓားပြနောက်မှ တပ်စုလေးတစ်စုသဖွယ် အမြဲတစေ လိုက်လာလေ့ရှိ၏။

သူတို့သည် သူတို့သခင်ကို အလွန်ရိုသေကြသည်။ သခင်၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်၍ နေထိုင်တတ်ကြသည်။ သခင် သူ့လက်တွန်းလှည်းကို ရပ်၍ ခဏတစ်ဖြုတ် ထိုင်နားသည့်အခါ သူတို့သည် သခင်၏ ရင်ခွင်ထက်သို့ သူ့ထက်ငါ ဦးအောင် အလုအယက် တက်ထိုင်ကြသည်။ ပြီးတော့ သူတို့ နားရွက်များကို နောက်ခြေနှင့် ကုတ်နေတတ်ကြလေသည်။

အချို့လူများသည် ပင်လယ်ဓားပြကို နံနက်စောစောစီးစီး အလ်ယ်ဗာရေးဒိုး လမ်းမကြီးပေါ်၌ သွားလာ နေသည်ကို မြင်တွေ့တတ်ကြသည်။ တချို့ကတော့ သူထင်းခွေနေသည်ကို မြင်တွေ့တတ်ကြ၏။ တချို့ကမူ သူထင်းရောင်းသည်ကိုပါ သိကြသည်။ ပီလွန်မှလွဲ၍ အခြားလူအားလုံးသည် ပင်လယ်ဓားပြအကြောင်းကို သည့်ထက်ပိုပြီး မသိကြချေ။ သူဘာတွေ လုပ်နေသည်ကိုလည်း မသိကြချေ။ သို့သော်လည်း ပီလွန်ကတော့ ကောင်းကောင်းသိ၏။ တကယ်တော့ ပီလွန်သည် လူတိုင်းကိုသိ၏။ လူတိုင်း၏ အကြောင်းကိုပါသိ၏။ အရာရာတိုင်းကိုလည်း သိ၏။

ပင်လယ်ဓားပြသည် တော်တီလာဖလက် ရပ်ကွက်အတွင်းရှိ လူမနေသော အိမ်တစ်လုံး၏ ခြံဝင်းထဲမှ စွန့်ပစ် ထားသော ကြက်ခြံတစ်ခြံတွင် နေသည်။ သူသည် လူမရှိသော အိမ်ထဲ၌ ဝင်၍နေပါက ဇက်ရဲလက်ရဲ နိုင်လွန်းသည်ဟု အထင်ခံရမည်ကို တွေးတောပြီး စိုးရိမ်ဟန်တူ၏။ အိမ်ထဲသို့ဝင်၍ မနေချေ။ သူ့ခွေးများသည် သူ့ဘေး ပတ်ပတ်လည်နှင့် သူ့ကိုယ်ပေါ်တွင် နေကြသည်။ ပင်လယ်ဓားပြကလည်း သူ့ခွေးများနှင့် ထိုကဲ့သို့ နေရခြင်းကို သဘောကျသည်။ ခွေးများ သူ့အနီး၌ ကပ်၍ အိပ်နေကြသည့်အတွက် အေးမြသော ညများတွင် နွေးနွေးထွေးထွေး အိပ်ရသည်။ အကယ်၍ သူ့ခြေဖျား အေးလာပါက သူ့ခွေး ဆီညော်အလက်သွန်မဆင်၏ ဗိုက်အောက်သို့ ထိုးသွင်းထားလိုက်ခြင်းဖြင့် ပူနွေးလာနိုင်သည်။ သူနေထိုင်လျက်ရှိသော ကြက်တဲမှာ အလွန်နိမ့်လှသည်ဖြစ်ရာ အထဲသို့ဝင်သည့်အခါတိုင်း လေးဖက်ထောက်၍ ဝင်ရလေသည်။

ပင်လယ်ဓားပြသည် နေ့စဉ်နံနက်တိုင်း အိပ်ရာမှ အစောကြီးထကာ ကြက်တဲအပြင်သို့ လေးဖက်တွား၍ ထွက်သည်။ သူ့ခွေးများကလည်း အမွေးများကိုခါ၍ အေးမြသောလေကို အနံ့ခံ၍ သူ့နောက်မှ ကပ်လိုက်ကြသည်။ ထို့နောက် သူတို့အုပ်စုသည် မွန်ထရေးမြို့ထဲသို့ သွားပြီး နောက်ဖေးလမ်းကြားတစ်ခုတွင် ဝင်၍ လုပ်စရာရှိသည် များကို လုပ်ကြသည်။ သူတို့ဝင်သော နောက်ဖေးလမ်းကြားတွင် စားသောက်ဆိုင် လေးဆိုင် ငါးဆိုင် ခန့် ရှိသည်။ ပင်လယ်ဓားပြသည် ထိုဆိုင်တစ်ဆိုင်၏နောက်ဖေးတံခါးပေါက် မှ တစ်ဆင့် မီးဖိုချောင်သို့ ဝင်သည်။ ထိုအခါ ထမင်းချက်များက အစားအစာ အကျန်အကြွင်းအစအနများကို ထုပ်ထားသည့် စက္ကူအိတ်များ သူ့ကို ဆီး၍ပေးကြသည်။ ဘာကြောင့် ထိုကဲ့သို့လုပ်မိသည်ကို သူတို့ကိုယ်တိုင်လည်း မပြောတတ်ကြချေ။

ပင်လယ်ဓားပြအနေဖြင့် နေရာတိုင်းသို့ ရောက်ပြီး သူ့လက်များတွင်

အထုပ်များဖြင့် ပြည့်လာသောခါ လာလမ်းအတိုင်းပြန်ကာ တောင်ကုန်းပေါ်တက်သည်။ မွန်ရိုးလမ်းထဲ ဝင်မိသည့်အခါ မြေကွက်လပ်တစ်ခုတွင် ဝင်ထိုင်သည်။ ခွေးများကလည်း သူ့ကို ဝိုင်းအုံနေကြသည်။ ထိုအခါ သူသည် ရလာသောအထုပ်များကို ဖြည်၍ အထဲမှ အစားအစာများကိုထုတ်ကာ ခွေးများကိုချကျွေးသည်။ သူ့အတွက်ကတော့ အထုပ်တစ်ထုပ်ကို ဖြေလိုက်တိုင်း ပေါင်မုန့်တစ်ချပ် သို့မဟုတ် အသားတစ်တုံး နှစ်တုံး နှိုက်ယူထားလေ့ရှိ၏။

သို့သော်လည်း အစားအစာများထဲမှ အကောင်းဆုံးကို ရွေးထုတ်၍ ယူခြင်းမပြုပေ။ ထိုအချိန်တွင် ခွေး များသည် ဆောင့်ကြောင့်ထိုင်ကာ သွားရည်တများများနှင့် ချကျွေးမည့်အစာကို စောင့်မျှော်ကြသည်။ သူ့ခွေး များသည် အစာကို မာန်ဖီပြီး တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲခြင်းမပြုကြချေ။ ဤတစ်ချက်သည် ဘေးလူများ အတွက် ထူးဆန်းသော အချက်တချက်ဖြစ်နေသည်... အမှန်တော့ ပင်လယ်ဓါးမြ၏ခွေးများသည် ဘယ်တော့မှ တစ်ကောင်ကို တစ်ကောင် ကိုက်ခဲခြင်းမပြုကြပေ။ သို့သော်လည်း မွန်ထရေးမြို့တွင်းရှိ လမ်းများပေါ်၌ သွား လာလှုပ်ရှားနေကြသော ခြေလေးချောင်းသတ္တဝါ ဟူသမျှကိုကား အတင်းဓမ္မလိုက်၍ ကိုက်ခဲလေ့ရှိ၏။ တစ်ခါ တစ်ရံ လမ်းပေါ်တွင် ခွေးကြီး ငါးကောင်က ခွေးပုလေးတစ်ကောင် နောက်သို့ သဲသဲမဲမဲ လိုက်နေပုံမှာ အလွန် ကြည့်ကောင်းသည့် ပွဲကြီး ပွဲကောင်း တစ်ချက် ဖြစ်နေတတ်လေသည်။

ပင်လယ်ဓားပြ စားသောက်ပြီးချိန်တွင် နေ၏ အလင်းရောင်သည် ပီပီပြင်ပြင် ထိုးဖောက်ဝင်ရောက်လျက် ရှိနေလေပြီ။ သူသည် ရုတ်တရက် ထိုင်ရာမှ မထသေးဘဲ နံနက်ခင်း အလင်းရောင်နှင့်အတူ အပြာရောင်သို့ ပြောင်း လာနေသည့် ကောင်းကင်ပြင်ကို စောင့်ကြည့်ကာ တွေဝေငေးမောနေ၏။ သူ့အောက်ဘက် အနိမ့်ပိုင်းရှိ ပင်လယ်ကမ်းစပ်တွင် သစ်များတင်ထားသည့် နှစ်ပင်တိုင် ရွက်သင်္ဘောများကို မြင်နေရ၏။ တရုတ်အငူ တစ်ဖက်မှ လာနေသော ခေါင်းလောင်းသံများကိုကြားနေရသည်။ ခွေးများသည် သူ့ဘေးပတ်ပတ်လည်တွင် ဝပ်ကာ အရိုးကိုက်နေကြသည်။

ပင်လယ်ဓားပြသည် နေ့၏ သာယာမှုကို မျက်စိဖြင့် အရသာခံခြင်း မပြုဘဲနားအာရုံ ဖြင့်သာ အရသာ ခံနေဟန်ရှိ၏။ သူ့မျက်လုံးများသည် လှုပ်ရှားခြင်းမရှိသော်လည်း စိတ်ဝင်စားမှု ရှိခြင်းကိုကား ဖော်ပြလျက် ရှိသည်။ သူ၏ ကြီးမားသော လက်များသည် သူ့ခွေးများ၏ အမွေးများကြားတွင် လျှောက်သွားလျက် ရှိသည်။ နာရီဝက်ခန့် ကြာသောအခါ သူသည် မြေကွက်လပ်၏ထောင့်သို့သွားကာ သူ့ လက်တွန်းလှည်းပေါ်၌ အုပ်ထားသော အဝတ်ကြမ်းကြီးကို ဆွဲဖယ်သည်။

ညနေတိုင်းလာ၍ မြှုပ်ထားခဲ့သော ပုဆိန်ကို မြေကြီးထဲမှ ပြန်ဖော်သည်။

ထို့နောက် တောင်ကုန်းပေါ်သို့ တက်ရာ လမ်းအတိုင်း လက်တွန်းလှည်းကို တွန်းသွားပြီး သစ်တောထဲသို့ ဝင်သည်။ သစ်ပင် အခြောက်တစ်ပင် တွေ့ ကာမှပင် သူ့လှည်းကို ရပ်သည်။ မွန်း တည့်ချိန်တွင် သူသည် လှည်းတစ်ဏီးစာ ထင်းခြောက်များ ရပြီဖြစ်၏။ ထိုအခါ သူသည် လက်တွန်းလှည်းကို တွန်း၍ မြို့ထဲသို့ဝင်သည်။ ခွေးများကလည်း သူ့နောက်မှ တကောက်ကောက်။ သူကတော့ လက်တွန်းလှည်း တစ်စီးစာ ထင်းများကို နှစ်ဆင့်ငါးဆင့်နှင့် မရောင်းရမချင်း တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်နေတတ်လေသည်။

သူ လုပ်ပုံကိုင်ပုံများကို ကောင်းစွာ မြင်နိုင်သိနိုင်၏။ သို့သော်လည်း သူ ထင်းရောင်း၍ ရသည့်ပိုက်ဆံ နှစ်ဆယ့် ငါးဆင့်စေ့ကို သူ ဘာလုပ်သနည်း။ ဒါကျတော့ မည်သူမှ မပြောနိုင်ပေ။ သူသည် ထင်းရောင်းရ၍ ရသည့် ထိုငွေကို လုံးဝ သုံးစွဲခြင်းမပြု။ ညပိုင်းတွင် သူ့ခွေးများ၏ အစောင့်အရှောက်ဖြင့် တောထဲသို့ ဝင်ကာ တစ်နေ့တွက် ရငွေနှစ်ဆယ့် ငါးဆင့်စေ့ကို အခြားရာပေါင်းများစွာသော နှစ်ဆယ့်ငါးဆင့်စေ့များနှင့် ရော၍ မြေမြှုပ်သည်။ အခြား တစ်နေရာတွင်လည်း သူမြှုပ်၍ ဝှက်ထားသည့်ငွေများများစွာ ရှိနေသေး၏။ အလွန် ပါးနပ်ထက်မြက်သော ပီလွန်သည် ယုတ္တိတန်သော ဖြစ်စဉ်တစ်ခုကို အကျိုးအကြောင်းနှင့် ဆင်ခြင်စဉ်းစား ခြင်းအားဖြင့် ပင်လယ်ဓားပြ၏ဥစ္စာသိုက်ကို ရှာဖွေတွေ့ ရှိနေသည်။ ပီလွန်ဆင်ခြင် သုံးသပ်ပုံမှာ ဤသို့ဖြစ်သည်။"ဒီပင်လယ်ဓားပြဟာ နေ့တိုင်းနှစ်ဆယ့်ငါးဆင့်ရတယ်။ တကယ်လို့ ဆယ်ဆင့်စေ့ နှစ်စေ့ နဲ ငါးဆင့်စေ့ တစ်စေ့ ရရင် စတိုးဆိုင် တစ်ဆိုင်ကို ဝင်ပြီး နှစ်ဆယ့်ငါးဆင့်စေ့နဲ့ လဲယူတယ်။ အဲဒီငွေကို သူလုံးဝမသုံးဘူး။ ဒါကြောင့်မို့ သူဟာ ဒီငွေကို တစ်နေရာရာမှာ ဝှက်ထားတာ ဖြစ်မယ်..

ပီလွန်သည် ပင်လယ်ဓားပြ ဆုဆောင်းရရှိမည့် ငွေအရေအတွက်ကို ခန့်မှန်း တွက်ချက်ကြည့်သည်။ ပင်လယ် ဓားပြ ဤပုံ ဤနည်း အတိုင်း နေလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီ။ တစ်ပတ်တွင် ခြောက်ရက်တိတိထင်းခွေပြီး ရောင်းသည်။ တနင်္ဂနွေနေ့များကျတော့ ဘုရားရှိခိုးကျောင်း သွားသည်။ သူ့ အဝတ်အစား များကို ဟိုလူပေးသည်လူပေးဖြင့် ရသည်။ သူ့အစားအစာကိုမူ စားသောက်ဆိုင်များ၏ နောက်ဖေးပေါက် မှ ရသည်။ သို့ ဆိုလျှင် ပီလွန်၏ခေါင်းထဲတွင် ဂဏန်းအရေအတွက် အများကြီး ရလာသည်။ ထို့နောက် အတိအကျ ခန့်မှန်း၍ မရသဖြင့် လက်လျှော့လိုက်သည်။"ဘာပဲဖြစ်ဖြစ် ပင်လယ်ဓားပြ လက်ထဲမှာ အနည်းဆုံး ဒေါ်လာတစ်ရာတော့ ရှိရမည်"ဟု သူတွေးသည်။

ဤ အချက်အလက်များကို သူစဉ်းစား တွေးတော လာခဲ့သည်မှာ အချိန်ကာလ အတော်ကြာခဲ့ပြီး။ သို့သော် လည်း ရယူလိုသောစိတ်မဖြစ်ပေါ်ခဲ့။ ဂျီးဆပ်စ်မေရီယာက ဒင်နီကို မိုက်မဲသော ကတိပေးလိုက်ပြီး သည့်နောက် ပိုင်းကျခါမှ ပင်လယ်ဓားပြ၏ဥစ္စာသိုက်ကိုရလျှင်

ကောင်းလေစွဟူသောတောင့်တစိတ် ဝင်လာခဲ့ ခြင်းဖြစ်လေသည်။

ဤကိစ္စကို လက်တွေ့ အကောင်အထည် မဖော်မီ အချိန်များစွာယူ၍ သင့်မသင့် စဉ်းစားသည်။ သူ့အနေ ဖြင့် ပင်လယ်ဓားပြအတွက် များစွာ စိတ်မကောင်းဖြစ်မိ၏။"သူ့ ဘဝက ဖားတစ်ပိုင်း ငါးတစ်ပိုင်း ဘဝ ပါလား၊ သနားစရာသတ္တဝါပဲ"ဟု ရေရွတ်သည်။"ဘုရားသခင်ကလည်း သူ့မှာ ရှိသင့်ရှိထိုက်တဲ့ ဦးနှောက် ကိုပြည့်ပြည့်ဝဝ မပေးလိုက်ဘူး၊ သူ့ဘဝဟာ သူ့ကိုယ်သူတောင် ပြန်ပြီး ညစ်ပတ်ပေရေပြီး နံဟောင်နေတဲ့ ကြွက်တွဲထဲမှာ နေရ ကာ၊ စားရပြန်တော့လဲ သူ့ခွေးတွေကိုသာ ကျွေးသင့်တဲ့ အစားအစာကို စားရရှာတယ်၊ သူ့အဝတ်တွေကလည်း အမြဲတမ်း ဟောင်းနွမ်းစုတ်ပြတ်နေတာပဲ၊ ဦးနှောက်က မကောင်းရှာတော့ သူ့ငွေတွေကို မသုံးရက် မစားရက်ဘဲ ဝှက်ထားရှာတယ်။

ပင်လယ်ဓားပြနှင့် ပတ်သက်၍ ပီလွန်သည် ကရုဏာတရားကို အခြေခံပြီး စဉ်းစားသည်။ ထို့နောက်မှ အဖြေကို ရှာသည်။"သူ့အတွက် သူဘယ်လိုလုပ်ရမယ်ဆိုတာ မသိလို့ မလုပ်နိုင်တဲ့ အရာတွေကို လုပ်နိုင်အောင် လုပ် တတ်အောင် သင်ကြားပြသပေးမယ်၊ လုပ်ကိုင်ပေးမယ်ဆိုရင် ကုသိုလ်ကောင်းမှု တစ်ခုကို ပြုတာနဲ့ အတူတူပဲ မဟုတ်လား"ဟု တွေးသည်။"ဥပမာ သူ့ကို နွေးနွေးထွေးထွေးဖြစ်မယ့် အဝတ်အစား တွေ ဝယ်ပေးတာတို့။ လူနဲ့ တန်တဲ့ အစားအစာ တွေ ဝယ်ကျွေးတာတို့ ဘာတို့ဟာ လုပ်သင့်တဲ့ အလုပ် တွေပဲ၊ ဒါပေမယ့် ငါ့မှာ ငွေ တစ်ပြားမှ ရှိဘူး။ သူ့ကို ကူညီစောင့်ရှောက်ပေးချင်တဲ့ စိတ်စေတနာဟာ ငါ့ရဲ့ နှလုံးသားကြားမှာ ငြိတွယ်နေပေ မယ့် ငွေမရှိတော့ ခက်တာပေါ့၊ လူလူချင်း ကိုယ်ချင်းစာတရားကို အခြေခံထား တဲ့ ဒီလိုကုသိုလ်ကောင်းမှုမျိုးကို ဘယ်နည်းနဲ့ ထိရောက်အောင် လုပ်နိုင်ပါတော့မလဲ။

ဤသို့ဖြင့် ပီလွန်သည် ခိုင်မာသော ခြေကုပ်တစ်ခုကို ရလာသည်။ သူသည် စာကလေး တစ်ကောင်ကို ဖမ်းရန် နာရီပေါင်းများစွာ အချိန်ကုန်ခံ၍ ချောင်းနေသည့် ကြောင်တစ်ကောင်သဖွယ် ခုန်အုပ်လိုက်ရန် အသင့် ဖြစ်နေလေပြီ။"ငါအကြံရပြီ"ဟု သူ့ဦးနှောက်က ပြောသည်။"အကြံက ဒီလို၊ ပင်လယ်ဓားပြမှာ ငွေ ရှိတယ်၊ ဒါပေမယ့် အဲဒီငွေကို သုံးဖို့ ဦးနှောက်မရှိဘူး၊ ငါ့မှာ ဦးနှောက်ရှိတယ်။ငါ့ဦးနှောက်ကို သုံးဖို့ သူ့ကို ပေးမယ်၊ ငါ့စိတ်ကို လွတ်လပ်စွာ သုံးဖို့ ခွင့်ပြုမယ်၊ ဒါမှပဲ လူတစ်ပိုင်းသာ ဖြစ်နေတဲ့ ဒီသနားစရာ သတ္တဝါကို ကိုယ်ချင်းစာတရား ထားပြီး စောင့်ရှောက်ရာရောက်မှာ။

ပီလွန် တည်ဆောက်ခဲ့ဖူးသမျှသော အတွေးအခေါ် အဆောက်အအုံများထဲတွင် ဤစိတ်ကူးသည်လည်း အကောင်းဆုံးနှင့် အလှအပဆုံး တစ်ခုပင် ဖြစ်၏။ သူ့လက်ရာကို ပရိသတ်အား ပြချင်စိတ် ပြင်းပြနေသည့် ပန်းချီဆရာ၏စိတ်မျိုးဝင်လာသည်။ ထိုအခါ ပီလွန်သည် သူ့စိတ်ကူးနှင့် သူ့အကြံကို ထုတ်ဖော် ပြောပြ လိုသော စိတ်ဝင်လာသည်။"ငါ့အကြံ

ပက်ဘာလိုကို ပြောပြမယ်"ဟုတွေးသည်။ သို့သော်လည်း ပက်ဘာလို အနေဖြင့် ဤအလုပ်မျိုးကို လုပ်ချင်စိတ် ရှိပါမည်လော။ ပက်ဘာလိုသည် ရိုးသားဖြောင့်မတ်သူ တစ်ဦး ဖြစ်နေ မလား၊ ပီလွန်သည် သူ့အကြံကို ယခုလောလောဆယ် ပက်ဘာလိုအား ဖွင့်ဟ၍ အသိမပေးရန် ဆုံးဖြတ် လိုက်လေသည်။

ဆိုးရွားယုတ်ညံ့သော အရာတိုင်း၏ အပေါ်ယံ မျက်နှာပြင်သည် နှင်းခဲသဖွယ် ဖြူဖွေးနေတတ်သည်မှာ အလွန် အံ့အားသင့်စရာ ကောင်းလှ၏။ ပြီးတော့ အထက်ကောင်းကင်ဘုံမှ နတ်သားများ၏ ဖုံးကွယ်နေသော အစိတ်အပိုင်းများ တွင် ကုဋ္ဌနူနာ စွဲကပ်နေတတ်သည်မှာလည်း အကြီးအကျယ် အံ့သြဖွယ်ရာပင်ဖြစ်၏။ ယင်း ကဲ့သို့ တွေးမိသောအခါ ပီလွန်သည် မကောင်းသော အရာတိုင်း၌ ရှိနေတတ်သည့် ကောင်းသော အရာကို မည်ကဲ့သို့ ရှာဖွေဖော်ထုတ်ရမည်ကို နားလည်သွားသည်။

ထိုအခါ ဂုဏ်သိက္ခာနှင့် စိတ်ငြိမ်းချမ်းမှုသည် ပီလွန်၏ ရင်တွင်း၌ ပြန်လည်ကိန်းအောင်းလာသည်။ ဝမ်းနည်းစွာ ဖြင့် ဝန်ခံရမည့် အချက်တစ်ချက်တော့ ရှိ၏။ သူတော် စင်တစ်ဦး ဖြစ်လိုသော စိတ်ဆန္ဒဖြင့် မိမိတွင် မိုက်မဲခြင်းလည်း မရှိ၊ မိမိသာလျှင် မှန်ကန်ပါသည်ဟူသော အယူ အဆမျိုးလည်းမရှိ၊ လောဘ လည်း မရှိပါ ဟူ၍ကား ပီလွန်မပြောနိုင်ပေ။

ထိုညတွင် ပီလွန်သည် ပင်လယ်ဓားပြ သူ့ခွေးများနှင့်အတူ နေထိုင်ရာ ကြိုက်တဲသို့ အလည်သွားသည်။ မီးဖို ဘေး၌ ထိုင်နေကြသော ဒင်နီ၊ ပက်ဘာလို၊ ဂျီးဆပ်စ်မေရီယာတို့သည် ပီလွန်ထွက်သွားသည်ကို မြင်ကြသော် လည်း မေးခြင်း မြန်းခြင်းမပြုကြပေ။ ချစ်ရေးချစ်ရာ ကိစ္စတစ်ခုခုကြောင့်သော် လည်းကောင်း၊ ဝိုင်ရနိုင်မည့် နေရာကို သိ၍သော် လည်းကောင်း သွားသည်ဟု တွက်ကြသည်။ မည်သို့ပင်ဖြစ်စေ ဤအရေးကိစ္စ နှစ်ခုစလုံးသည် ပီလွန်က ဖွင့်မပြောသမျှ ကာလပတ်လုံး သူတို့နှင့် မဆိုင်ဟု ယူဆကြလေသည်။

အပြင်ဘက်တွင် မှောင်မည်းလျက်ရှိသည်။ ပီလွန်၏ အင်္ကျီအိတ်ကပ်ထဲတွင် ဖယောင်းတိုင် တစ်တိုင်ပါလာသည်။ သူ ပင်လယ်ဓားပြနှင့် စကားပြောသည့်အခါ ဤဖယောင်းတိုင်၏အကူအညီဖြင့် ပင်လယ်ဓားပြ၏ မျက်နှာ အရိပ် အကဲကို မြင်နိုင်မည်ဟု ယူဆ၍ ယူလာခြင်းဖြစ်၏။ ထို့ပြင်လည်း သကြားကိတ်မုန့် တစ်လုံးကို စက္ကူအိတ်တစ်ခုနှင့် ထည့်၍ ယူလာသည်။ မုန့်ဖိုတစ်ဖိုတွင် အလုပ်လုပ်သော ဆူစီဖရန်စစ္စကိုအား ဂျာလီဂတ်ဇ်မင်းက ချစ်လာစေရန် ဆေးနည်းတစ်ခု သူက ပေးခဲ့သဖြင့် ဆူစီဖရန်စ္စကိုက ကျေးဇူး တုံ့ပြန် သော အားဖြင့် ပေးလိုက်သော မုန့်ဖြစ်သည်။ ဂျာလီသည် ကြေးနန်းစာပို့ လုလင်တစ်ဦးဖြစ်၍ မော်တော် ဆိုင်ကယ် စီးဖို့ ဖိတ်ခေါ်လျှင် ဆူစီက လိုက်ဖို့ အသင့်ပြင်သည်။

မည်သို့ပင်ဖြစ်စေ သူယူလာသော မုန့်ကို ပင်လယ်ဓားပြက ကြိုက်လိမ့်မည်ဟု ပီလွန်က တွေးသည်။ ညသည် မှောင်နှင့် မည်းမည်း။

ပီလွန်သည် မြေကွက်လပ်များ၊ မြက်ပင်၊ ပေါင်းပင်များနှင့် ဥယျာဉ်ပျက် များကြားရှိ လမ်းကျယ်အတိုင်း စမ်းတဝါးဝါးဖြင့် လျှောက်သွားသည်။

ဂဲလ်ဗက်ဇ်၏ခွေးဘီလူးသည် အနံ့ခံကာ ခြံပြင်ဘက်သို့ ထွက်လာသည်။ ပီလွန်က ဆီး၍ ချော့သည်။"ခွေးလိမ္မာကလေး"ဟု အလွန်နူးညံ့ သော လေသံဖြင့်ခေါ်သည်။ ခွေးချောခွေးလှကလေး"ဟုလည်း ခေါ်သည်။ အမှန်တော့ ထိုစကားများသည် လိမ်ပြောနေသော စကားများဖြစ်၏။ သို့သော်လည်း ခွေးဘီလူးက သဘောကျသည်။ ချက်ချင်းပင် ပြန်လှည့်ပြီး ခြံထဲသို့ ဝင်သွားလေသည်။

နောက်ဆုံးတွင် ပီလွန်သည် ပင်လယ်ဓားပြနေသော မြေကွက်လပ်ပေါ်သို့ ဆိုက်ရောက်သွားသည်။ သူတို့၏ သခင်ကို ရန်ပြုဖို့လာသည်ဟု သံသယဝင်လျှင် ပင်လယ်ဓားပြ၏ ခွေးများသည် ဝိုင်း၍ ဟောင်ကြဲဟိန်းကြဲ ကိုက်ကြဲ ခဲကြဲ လုပ်တတ်၏။ ဤအထာကိုသိသော ပီလွန်သည် သတိကြီးစွာထား၍ ဝင်သည်။ သို့သော်လည်း ကြက်တဲအတွင်းမှ ခွေးဟိန်းသံကို သူကြားလိုက်ရသည်။

"ပင်လယ်ဓားပြရေ"ဟု သူက အသံပေးသည်။"မင်း သူငယ်ချင်း ပီလွန် လာလည်တာပါကွ၊ မင်းနဲ့ စကား ပြောချင်လို့ပါ"

အတွင်း၌ ငြိမ်ဆိတ်လျက်ရှိ၏။ ခွေးဟိန်းသံများကတော့ ရပ်သွားသည်။"ဟော့ ပင်လယ်ဓါးပြ ငါပါကွ" ပီလွန်ပါ" အတွင်းမှ ထွက်လာသည့် အသံမှာ ကြည်ကြည်သာသာ မဟုတ်။"မလာနဲ့တော့ဗျာ၊ ကျုပ် အိပ်တော့မလို့ ခွေး တွေလည်း အိပ်နေပြီ၊ ညဉ့်နက်နေပြီ ပီလွန်ရေ၊ အထဲမှာ မှောင်မည်းနေပြီ၊ ခင်ဗျားလည်း ပြန်အိပ် ချေတော့"

"ငါ ဖယောင်းတိုင် တစ်တိုင် ယူလာပါတယ်ကွ"ဟု ပီလွန်က ပြန်ပြောသည်။"မင်း အိမ်ထဲမှာ မှောင် နေပေမယ့် ဖယောင်းတိုင် ထွန်းလိုက်ရင် လင်းလာမှာပေါ့။ မင်းအတွက် ကိတ်မုန့် တစ်လုံးလည်း ယူလာ တယ်" ကြက်တဲအတွင်းမှ လှုပ်ရှားလူးလွန့်သံများ မသဲမကွဲ ကြားရသည်။"ဒီလိုဆိုလည်း လာခဲ့ဗျာ"ဟု ပင်လယ်ဓားပြက ပြောသည်။"ခွေးတွေကို နားလည်အောင် ပြောလိုက်ဦးမယ်" သူ မြက်ပင်များကြားမှဖြတ်၍ ရှေ့သို့ တိုးသွားနေခိုက်တွင် ပင်လယ်ဓားပြက သူ့ခွေးများအား"ပီလွန်ပါကွ၊ ရန်ပြုမယ့်လူ မဟုတ်ပါဘူး"ဟု ပြောသံကြားရသည်။ ပီလွန်သည် ကြက်တဲဝင်ပေါက် အနီးတွင် မီးခြစ်ကို ခြစ်လိုက်ပြီး ဖယောင်းတိုင်ကို ညှိသည်။

ပင်လယ်ဓားပြသည် ညစ်ပတ်ပေရေနေသော ကြမ်းပြင်ပေါ်၌ ထိုင်လျက်ရှိပြီး သူ့ခွေးများက သူ့အနီးတွင် ဝိုင်းရံ လျက်ရှိကြသည်။ အင်ရီခွေးက ပီလွန်ကို တစ်ချက်ကြည့်လိုက်ပြီး ဟိန်းသည်။"ဒီအကောင်က တခြားကောင် တွေလို မပါးနပ်ဘူးဗျ"ဟု ပင်လယ်ဓားပြက ပြောသည်။ သူ့မျက်လုံးများသည် ပျော်ရွှင်မြူးတူး နေသော ကလေးငယ် တစ်ယောက်၏ အကြည့်မျိုးကို ဖော်ပြနေသည်။ သူပြုံးလိုက်သည့်အခါ ဖြူဖွေးနေသော သွားများသည်

ဖယောင်းတိုင်မီးရောင်တွင် လက်ခနဲ ဖြစ်သွားလေသည်။

ပီလွန်က လက်ထဲမှ အိတ်ကို လှမ်းပေးသည်။"ရော့ မင်းဖို့ ယူလာတဲ့ ကိတ်မုန့်" ပင်လယ်ဓားပြကြီး အိတ်ကို လှမ်းယူပြီး အတွင်းသို့ ငုံ့ကြည့်သည်။ ထို့နောက် ပြုံးလိုက်ပြီး အိတ်ထဲမှ မုန့်ကို ထုတ်သည်။ ခွေးများက သူ့မျက်နှာကို မော့ကြည့်ကာ သွားရည်တများများ ဖြစ်လာကြသည်။ ပင်လယ်ဓားပြသည် ကိတ်မုန့်ကို ခုနစ်ခု အညီအမျှ ဖဲ့သည်။ ပထမဆုံးအပိုင်းကို သူ့ညှော်သည် ပီလွန်အား လှမ်းပေးသည်။"

ကဲရော့ အင်ရီကွေး၊ ဒီဟာက မင်းဖို့"ဟု ပြောသည်။"ရော့ ဖလက်၊ ဒါက မင်းအတွက် ဆီညှော် အလက်သွန် မဆင်က ဒါကိုယူ" ခွေးများသည် သူတို့ရသော ဝေစုကို ချက်ချင်း ဝါးမျိုပစ်လိုက်ကြပြီးနောက် နောက်ထပ် မျှော် ကြပြန်သည်။

ပင်လယ်ဓားပြသည် သူ့လက်ထဲ၌ ကျန်နေသည့် သူ့ဝေစုကို သူ့ပါးစပ်ထဲ ထည့်လိုက်ပြီး ခွေးများကို သူ့လက်နှစ်ဖက်ဖြင့် ခါပြသည်။"မင်းတို့မြင်တဲ့ အတိုင်းပဲ၊ မရှိတော့ဘူးကွ"ဟု ပြောသည်။ ခွေးများသည် ချက်ချင်းပင် သူ့ဘေးပတ်ပတ်လည်တွင် ပြန်ခွေကြသည်။

ပီလွန်သည် ကြမ်းပြင်ပေါ်တွင် ဝင်ထိုင်ပြီး ဖယောင်းတိုင်ကို သူ့ရှေ့တည့်တည့် မြေကြီးပေါ်၌ ချထား၍ ထွန်းသည်၊ ပင်လယ်ဓားပြ၏ မျက်လုံးများက ဘာကိစ္စဘာတာလဲဟု မေးလျက်ရှိသည်။ ပီလွန်ကတော့ စကားချက် ချင်းမဖြေ၊ ပင်လယ်ဓားပြ၏ဦးခေါင်းထဲတွင် မေးခွန်းပေါင်း အမြောက်အမြား ပေါ်လာအောင် ငြိမ်ဆိတ် စွာ စောင့်နေသည်။ နောက်ဆုံးကျမှ"မင်းသူငယ်ချင်းတွေအတွက် စိတ်မပူဘူးလား"ဟု မေးသည်။

ပင်လယ်ဓားပြ၏ မျက်လုံးများသည် အံ့အားသင့်ခြင်းကို ဖော်ပြလျက် ရှိသည်။"ကျုပ်က ဟုတ်လား၊ ကျုပ်သူ ငယ်ချင်း တွေ အတွက်တဲ့၊ ဘာ သူငယ်ချင်းလဲ"

ပီလွန်က လေသံအေးအေးပျော့ပျော့ဖြင့် ပြောသည်။"ည်။"မင်းကို သတိရနေတဲ့ သူငယ်ချင်းတွေ မင်းမှာ အများကြီး ရှိတယ်၊ မင်းကို သူတို့လာမတွေ့ ကြတာက တခြားကြောင့် မဟု င့် မဟုတ်ဘူး၊ မင်းက မာနကြီးလို့၊ မင်းအခု လို အဝတ် တွေ စုတ်စုတ်ပြတ်ပြတ်နဲ့ အစားကြွင်း အစားကျန်တွေကို ခွေး ခွးတွေနဲ့ ဝေမျှစားပြီး ဒီကြက်တဲထဲမှာ နေရတဲ့အဖြစ်ကို သူတို့မြင်ရင် မင်း အရှက်ရသွားမှာလည်း သူတို့က စိုးရိမ်တ စိုးရိမ်တယ်ကွ၊ ဒါပေမယ့် သူတို့က မင်း အခုလို တောက် ဘက်သျှောက်ကြီး နေသွားရင်လည်း ဒုက္ခရောက်သွားမှာကို တွေးပြီး ပူနေကြတယ်

ပင်လယ်ဓားပြသည် ပီလွန်၏ စကားများ၊ များကို နားထောင်ရင်း အသက်မှ ဖြောင့်ဖြောင့်တန်းတန်း မရှူနိုင် လောက် အောင် အံ့အားသင့်လျက် ရှိသည်။ သူ ကြားနေရသည့် စကားများမှာ အသစ်အဆန်းများ ဖြစ်၏။ ဤစကားများ၏ အဓိပ္ပာယ်ကို သူ့ဦးနှောက်က လိုက်၍မမီ၊ မီအောင် ကြိုးစားပါသော်လည်းမရ၊

ပီလွန်၏ စကားများ အပေါ်တွင် သံသယဖြစ်ခြင်းတော့ မရှိ၊"ကျုပ်မှာ အဲသလို သူငယ်ချင်းတွေ ရှိနေသလား"ဟု တအံ့တသြ ရေရွတ်သည်။

"အဲဒါကို ကျုပ် မသိဘူးဗျ၊ သူတို့က ကျုပ်အတွက် စိတ်ပူနေကြတယ် ဆိုတာ လည်း မသိပေါင်ဗျာ၊ တကယ်လို့ ကျုပ်သာသိရင်တော့ သူတို့ စိတ်မပူအောင် ကျုပ်ကပြောမှာပါ ပီလွန်ရာ"သူသည် တံတွေးတစ်ချက် မျိုလိုက်သည်။"ခင်ဗျား မြင်သားပဲ ပီလွန်ရာ၊ ခွေးတွေကလည်း ဒီနေရာမှာ နေရတာ ကြိုက် ကြတယ်။ ကျုပ်ကလည်း သူတို့ ကြိုက်တဲ့နေရာကို သဘောကျတယ်၊ ဒါကြောင့် နေတာ ပါဗျာ။ ကျုပ် အခုလိုနေလို့ သူငယ်ချင်းတွေ စိတ်မကောင်း ဖြစ်ကုန်လိမ့်မယ်လို့ မတွေးခဲ့မိဘူးဗျ" ပြောနေရင်း မှာပင် ပင်လယ်ဓားပြ၏ မျက်လုံးများတွင် မျက်ရည်များစို့လာသည်။

အေးပေါ့လေကွာ"ဟု ပီလွန်က ပြောသည်။"ဒါပေမယ့် သူတို့ကတော့ မင်း နေရထိုင်ရတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်ကြတာပေါ့။

ပင်လယ်ဓားပြသည် မြေကြီးကို ငုံ့ကြည့်ပြီး ပီလွန်၏ စကားကို ပီပီပြင်ပြင် နားလည်နိုင်ရန် စဉ်းစား တွေးတောသည်။ သို့သော်လည်း စဉ်းစားစရာ ပြဿနာရှိလာ၍ စဉ်းစားသည့်အခါများ၌ ကြုံရတတ်သည့်အတိုင်း သူ့ဦး နှောက်က ရီပေနောက်ကျိလာသည်။

သူလိုချင်သော အကူအညီ ဦးနှောက်ထဲက ထွက်မလာ။ အားကိုးရာ မဲ့ခြင်း တည်းဟူသော ခံစားမှု တစ်ခုသာလျှင် ပေါ်လာသည်။ သူသည် သူ့ခွေးများကို အားကိုး လို စိတ်ဖြင့် လှမ်းကြည့်သည်။ ခွေးများမှာ သူတို့နှင့်ဆိုင်သော အလုပ်မဟုတ်သဖြင့် အိပ်ပျော်နေကြလေပြီ။ ထိုအခါ သူသည် ပီလွန်၏ မျက်နှာကို အားကိုးတကြီးဖြင့် ကြည့်သည်။"ကျုပ် ဘာလုပ်ရမယ် ဆိုတာ ခင်ဗျားက ပြောပြမှပဲ သိမှာ ပီလွန်၊ ဒါတွေကို ကျုပ်နားမလည်ဘူး"

ပီလွန်အဖို့ကတော့ ဤကိစ္စမှာ အလွန်လွယ်သည်။ အလွန်လွယ်လွန်းသဖြင့် ပီလွန်၏ စိတ်တွင် အနည်းငယ် ရှက် စိတ်ဝင်လိုက်မိသေးသည်။ သူသည် တစ်ခဏမျှ စဉ်းစားကာ နောက်တွန့်လျက်ရှိ၏။ ဤကိစ္စကို မလုပ် တော့ပါဘူးဟု ပင် ဆုံးဖြတ်လုနီးနီးဖြစ်သွားသည်။ သို့သော်လည်း သူ ထိုကဲ့သို့ ဆုံးဖြတ်မိပါက သူ့ကိုယ်သူ အကြီး အကျယ် ဒေါ်ပွမိလိမ့်မည်ဟု ကောင်းကောင်းသိသည်။"မင်းသူငယ်ချင်းတွေက ဆင်းရဲကြတယ်ကွ"ဟု သူကပြောသည်။"သူတို့က မင်းကို သိပ်ပြီး ကူညီချင်ကြတယ်။ ဒါပေမယ့် သူတို့မှာ ငွေကမရှိကြဘူး၊ တကယ်လို့ မင်းမှာ ဝှက်ထားတဲ့ ငွေကလေး ဘာကလေးများရှိရင် ထုတ်ပါလားကွာ၊ မင်းအတွက် အဝတ်အစား ဝယ်ပေါ့၊ အစားအသောက်ကိုလည်း သူများပေးတာတွေ မစားတော့ဘဲ ကိုယ့်ဘာသာကိုယ် စိတ်ကြိုက်ဝယ်စား ပေါ့ ဝှက်ထားတဲ့ငွေကို ထုတ်ပေါ့ ပင်လယ်ဓားပြရာ။

ပီလွန်က သူ စကားပြောနေခိုက်တွင် ပင်လယ်ဓားပြ၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်၍ အကဲခတ်သည်။ ပင် လယ်ဓားပြသည်

မျက်လွှာများချထားသည်။ သံသယရှိနေသည့်သဘော၊ ထို့နောက် သူ့မျက်နှာသည် မသာမယာ ဖြစ်လာသည်။ နောက်တစ်ခဏအတွင်းမှာပင် ပီလွန်သည် အချက်နှစ်ချက်ကို အသေအချာ သိလာသည်။ ပထမတစ်ချက်မှာ ပင်လယ်ဓားပြတွင် ဝှက်ထားသည့် ငွေများရှိနေသည်ဟူသော အချက် ဖြစ်၍ ဒုတိယတစ်ချက်မှာ ထိုငွေများကို ရဖို့မှာ ထင်သလောက် ချောင်လိမ့်မည်မဟုတ် ဟူသော အချက် ဖြစ်၏။ သူ့ အနေနှင့်ကတော့ ဒုတိယအချက်ကို ကောင်းစွာ နားလည်လိုက်ရသည့်အတွက် ကျေနပ်သည်။ ပင်လယ်ဓားပြသည် ပီလွန်အလွန်သဘောကျသည့် ကိုင်ရတွယ်ရ ခက်သော ပြဿနာမျိုး ဖြစ်နေသည် မဟုတ် ပါလော။

ပင်လယ်ဓားပြသည် ပီလွန်ကို ကြည့်နေသည်။ သူ့မျက်လုံးများထဲတွင် ကောက်ကျစ်စဉ်းလဲသော အရိပ် အငွေ့ များရှိနေသည်။ ထိုအရိပ်အငွေ့ များနှင့်အတူ ဖြူစင်ဖြောင့်မတ်သော သဘောထားရှိနေပုံကိုလည်း ဖော်ပြ လျက် ရှိ၏။

"ကျုပ်မှာ ဝှက်ထားတဲ့ငွေ မရှိပါဘူးဗျာ"ဟု ပြောသည်။ သူငယ်ချင်းရာ၊ မင်းနေ့တိုင်း ထင်းထွက်ရောင်းလို့ နှစ်ဆယ့်ငါးဆင့်စေ့ တစ်စေ့ အမြဲရနေတာ ငါတွေ့နေ တာပဲ။ မင်း အဲဒီငွေကို လုံးဝ မသုံးဘူးဆိုတာလည်း ငါသိနေပါတယ်ကွာ"ဤတစ်ကြိမ်တွင်မူ ပင်လယ်ဓားပြ၏ဦးနှောက်က သူ့ကို အကျဉ်းအကျပ်ထဲမှ လွတ်မြောက်အောင် ကယ်တင်သည်။"ကျုပ်က သိပ်ပြီး ဆင်းရဲတဲ့ အဘွားအိုကြီး တစ်ယောက်ကို အမြဲပေးပစ်တာဟု လေပျော့ ကလေးဖြင့် စကားကို လက်စသတ်သည်။ ဤသို့ဖြင့် သူသည် ထိုအကြောင်းကို နောက်ထပ် မပြော နိုင်အောင် တံခါးကို တင်းကျပ်စွာ ပိတ်လိုက်လေသည်။

ဒါ ညာတာပဲဖြစ်မယ်လဟု ပီလွန်က တွေးသည်။ သူသည် ထိုင်ရာမှ ထလိုက်ပြီး သူ့ဖယောင်းတိုင်ကိုယူသည်။"အေးလေ၊ ငါကတော့ မင်းသူငယ်ချင်းတွေက မင်းအတွက် ဘယ်လို စိတ်မကောင်း ဖြစ်နေကြတယ် ဆိုတာ တွေးမိလို့ပါ"ဟု ပြောသည်။"မင်းအနေနဲ့ ဘာမှမလုပ်နိုင်ဘူး ဆိုတာ ငါကလည်း မင်းအတွက် ဘာမှ လုပ်မပေးနိုင်ဘူးပေါ့လကွာ။

ပင်လယ်ဓားပြ မျက်နှာသည် ပြန်၍ချိုသာ ပျော့ပျောင်းလာသည်။"ကျုပ် နေကောင်းပါတယ်လို့ ပြောပြ လိုက်ပါဗျာ"ဟု သူက တောင်းပန်သည်။"ကျုပ်ဆီကို အလည်လာကြဖို့လည်း ကျုပ်သူငယ်ချင်းတွေကို ပြောပြ ပေး ပါ။ ကျုပ်က မာနရှိတဲ့လူလည်း မဟုတ်ပါဘူး၊ သူတို့လာရင် ကျုပ်က ဝမ်းသာစွာနဲ့ ကြိုဆိုပါမယ်၊ ခင်ဗျား ကျုပ်ကိုယ်စား ပြောပြပေးမယ် မဟုတ်လား ပီလွန်။

"ငါပြောပေးမယ်လေ"ဟု ပီလွန်က စိတ်မပါတပါလေသံဖြင့် ပြောသည်။

"ဒါပေမယ့် မင်းအတွက် သူတို့ စိတ်မကောင်း ဖြစ်နေကြတာကို သက်သာရာရသွားအောင် မင်းက ဘာမှ လုပ်မပေးတော့ သူတို့အနေနဲ့ ကျေနပ်ကြမှာတော့ မဟုတ်ဘူး"ပီလွန်က ဖယောင်းတိုင်မီးကို မှုတ်၍ ငြိမ်းပစ်

လိုက်ပြီး အမှောင်ထုအတွင်းသို့ တိုးဝင်သွားသည်။ ပင်လယ်ဓားပြသည် သူ၏ ဥစ္စာသိုက် ဘယ်နေရာ ၌ ဝှက်ထားသည်ကို ဘယ်တော့မှ ပြောလိမ့်မည်မဟုတ်ကြောင်း ပီလွန်နားလည်သည်။ ခိုးကြောင် ခိုးဝှက် လုပ်ယူမှသာ ဤဥစ္စာသိုက်ကို တွေ့နိုင် ပေတော့မည်။ အတင်းဓမ္မနည်းဖြင့် ယူမှသာ ဤငွေများကို ရပေတော့မည်။ အခြားနည်းမရှိတော့။ ဤတစ်နည်း သာလျှင် ရှိတော့၏။

ထိုအချိန် မှ စ၍ ပီလွန်သည် ပင်လယ်ဓားပြ၏ လှုပ်ရှားမှု ဟူသမျှကို မျက်ခြည်မပြတ် မခံတော့ဘဲ စောင့်ကြည့်သည်။ တစ်ခါတစ်ရံ ပင်လယ်ဓားပြထံသွား၍ အချိန်အကြာကြီး စကားပြောသည်။ သူသိလိုသော အရာ တစ်စွန်း တစ်စမှ မသိရ။ ပင်လယ်ဓားပြ၏ ရတနာသိုက်ကို ရှာဖွေတွေ့ ဖို့ရဖို့ အရေး ကား ပေးသည်ထက်သာ ပေးလျက်ရှိသည်။ ထိုဂုတနာသိုက်သည် ကြိုက်တဲအတွင်း တစ်နေရာ၌ လည်းကောင်း၊ တောအုပ်အတွင်း တစ်နေရာ၌သော်လည်းကောင်း ရှိရမည်။

ပင်လယ်ဓားပြ အနေဖြင့် သူဝှက်ထားသည့် နေရာသို့ ညပိုင်း ညဥ့်နက်မှသာ သွားလိမ့်မည်ဟု ယူဆရလေသည်။

အချိန်များစွာ အကုန်ခံပြီး စောင့်သော်လည်း အကြောင်းမထူးဘဲ ဖြစ်နေသည့်အခါ ပီလွန်သည် စိတ်မရှည် နိုင် အောင် ဖြစ်လာသည်။ တစ်စုံတစ်ဦးထံမှ အကူအညီနှင့် အကြံဉာဏ်ရယူဖို့ လိုပြီဟု သူ သဘောပေါက် လာသည်။ သူလိုနေသော အရာကို သူ့ရဲဘော်များဖြစ်သော ဒင်နီ၊ ပက်ဘလိုနှင့် ဂျီးဆပ်စ်မေရီ ယာတို့ထံမှလွဲ၍ အခြားဘယ်သူက ပေးနိုင်ပါမည်နည်း။ ခိုးကြောင်ခိုးဝှက် လုပ်ရမည့် နေရာတွင် သူတို့လောက် တော်သူ မည်သူ ရှိနိုင်ပါအံ့နည်း။ တစ်ဖက်သားကို လှည့်စားသည့် နေရာ၌ သူတို့လောက် ကျွမ်းကျင်သူ မည်သူ ရှိနိုင်ပါအံ့နည်း။ ကရုဏာတရားကို စိတ်အေးနားအေးဖြင့် အရည်ပျော်သွားအောင် လုပ်ရာ ၌ သူတို့လောက် လုပ် ရက်သူ မည်သူရှိနိုင်ပါအံ့နည်း။

ပီလွန်သည် သူ၏ လျှို့ဝှက်ချက်ကို သူတို့အား ဖွင့်ပြောပြီး တိုင်ပင်သည်။ ပထမဦးစွာ သူ၏ ကြံစည် စိတ်ကူးထားသမျှကို သူတို့နားလည် လက်ခံသွားအောင် ရှင်းပြသည်။ ပင်လယ်ဓားပြ ဆင်းရဲပုံ၊ သူ အားကိုးရာ မဲ့ ဖြစ်နေပုံနှင့် ထိုနှစ်ခုအတွက် သူရှာထားသော အကြံကို ပြောပြသည်။ သူရှာထားသည့် ပြဿနာ၏ အဖြေကို ကြားရသောအခါ သူ့ သူငယ်ချင်းများသည် ပင်လယ်ဓားပြကို သနားကရုဏာဖြစ်ကာ ကူညီလိုစိတ် အရှူးအမူး ဖြစ်ပေါ်လာကြ၏။ သူတို့က ပီလွန်၏ စေတနာကို ဝိုင်း၍ ချီးမွမ်းထောမနာ ပြုကြသည်။ သူတို့၏မျက်နှာများတွင် ကြင်နာမှု အရိပ်အယောင်များ လွှမ်းလျက်ရှိသည်။ ပက်ဘလိုကတော့ ပင်လယ်ဓားပြ၏ ရတနာသိုက်သည် ဒေါ်လာငွေတစ်ရာအထက် ရှိလိမ့်မည်ဟု တွေးလေသည်။

သူတို့၏ ရှင်လန်းတက်ကြွမှု အနည်ထိုင်သွားသောအခါ လုပ်ငန်းစီမံချက်ကို စဉ်းစားကြံဆကြ၏။"ငါတို့ သူ့ကို အမြဲစောင့်ကြည့်ရမယ်"ဟု ပက်ဘလိုက ပြောသည်။

"ငါစောင့်ကြည့်ခဲ့ပြီးပြီ"ဟု ပီလွန်က ဆိုသည်။"ညပိုင်းဆိုရင် သူ ထွက်ကြည့်မှာပဲ၊ သူ့နောက်က သိပ်ကပ်ပြီး လိုက်လို့ကလည်း မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ခွေးအုပ်က သရဲတွေလို နောက်က ကပ်လိုက်နေတာ၊ အဲဒီတော့ ဒီကိစ္စ တယ်ပြီးမချောင်လှဘူးကွ"တခြား ဖြစ်နိုင်တဲ့ နည်းလမ်းတွေကော မင်းသုံးကြည့်ပြီးပြီလားဟု ဒင်နီက မေးသည်။

"အေး သုံးပြီးပြီ" နောက်ဆုံးတွင် လူတစ်ဖက်သားအပေါ် ညှာတာထောက်ထားတတ်သော ဂျီးဆပ်စ်မေရီယာက နည်းလမ်း တစ်ခု ကိုရှာတွေ့သည်။"အဲ အဲဒီကြက်ခြံထဲ နေသမျှ ကာလပတ်လုံးတော့ ဒီကိစ္စဟာ ခက်ခဲနေမှာပဲ"သူက ပြောသည်။"ဒါပေမယ့် သူ ဒီမှာ လာပြီး ငါတို့နဲ့ အတူတူနေမယ် ဆိုကြပါစို့၊ ငါတို့က သူ့ကို သနားကြင်နာမှု ပြတာနဲ့ပဲ သူ့အလိုလို စိတ်ပြောင်းပြီး ထုတ်ပြောချင်ပြောလာလိမ့်မယ်၊ ဒါမှမဟုတ်လည်း ညရောက်လို့ သူအပြင် ထွက်ရင် ငါတို့ လိုက်ချောင်းလို့ လွယ်လိမ့်မယ်"

ဂျီးဆပ်စ်မေရီယာ၏ အကြံကို ကျန်လူစုက အသေအချာ ဆင်ခြင်သုံးသပ်ကြသည်။ တစ်ခါတလေ စားသောက် ဆိုင်တွေက ရလာတဲ့ အသားတွေဟာ အကောင်းတွေကွ၊ လတ်လတ်ဆတ်ဆတ်ကြီးတွေ၊ သိလား"ဟု ပက်ဘလိုက သူ့စိတ်ကူးနှင့်သူ ပြောသည်။"သူရလာတဲ့ အသားကြော်တစ်ခုကို ငါတစ်ခါတုန်းက မြင်ခဲ့ဖူးတယ်။ အသားနည်းနည်းပါးပါးပဲလျော့တယ်" ငွေက ဒေါ်လာနှစ်ရာတောင် ရှိချင်ရှိမယ်ကွ"ဟု ပီလွန်က ပြောသည်။

ဒင်နီက ကန့်ကွက်ချက် တစ်ချက်တင်ပြသည်။"ဒါပေမယ့်ကွာ။ ဟိုခွေး တွေက ခွကျတယ်၊ သူ ဒီမှာလာနေရင် သူ့ခွေးတွေ ပါလာမှာ""ခွေးတွေက ခွေးကောင်းတွေကွ"ဟု ပီလွန်က ပြောသည်။ ခွေးတွေက သူ့စကားကို သိပ် နားထောင်ကြတာ၊ မင်းက ထောင့်တစ်ထောင့်မှာ မျဉ်းတစ်ကြောင်းဆွဲပြီး မင်း ခွေးတွေကို ဒီစည်းထဲက မထွက်စေနဲ့လို့ ပြောထား လိုက်။ သူက သူ့ခွေးတွေကို ပြောထားလိမ့်မယ်၊ ခွေးတွေကလည်း သူ့စကား နားထောင်မှာပဲ"

"တစ်မနက်ခင်းက ငါပင်လယ်ဓားပြနဲ့ ဆုံမိခဲ့ဖူးတယ်။ သူ့ လက်ထဲမှာ ကိတ်မုန့်တစ်ပိုင်း ပါလာတယ်၊ ကော်ဖီထဲလို့ နည်းနည်းလေးပဲ စိုတယ်ကွ"ဟု ပက်ဘလိုက ဝင်ပြောပြလေသည်။

ပြဿနာသည် သူ့အလိုလိုပင် ဖြေရှင်းပြီးသား ဖြစ်သွားသည်။ သူတို့အနေဖြင့် ကော်မတီတစ်ရပ်ဖွဲ့ လိုက်ပြီးပင်လယ်ဓားပြ ထံ သွားလည်ကြသည်။ သူတို့အားလုံး ကြက်တဲအတွင်းသို့ ဝင်သွားသောအခါ ပြည့်ကျပ်သွားသည်။ ပင်လယ်ဓားပြက သူ၏ ဝမ်းသာပျော်ရွှင်မှုကို မရိပ်မိစေရန် အသံသြကြီးဖြင့် ဆီး၍နှုတ်ဆက်သည်။

"ရာသီဥတုက ဆိုးတယ်"ဟု သူက ပြောသည်။"ခင်ဗျားတို့ကတော့ ယုံချင်မှယုံမယ်၊ ကျုပ် ရှူးဒေါ့ရဲ့ လည်ပင်းက မွှားတစ်ကောင်တွေ့တာ ခိုဥလောက်ကို ကြီးတယ်ဗျ" သူ့ အိမ်အကြောင်း ပြောသည့် အခါတွင်လည်း သူသည် အိမ်ရှင်တစ်ယောက် ပြောသင့်သည့် စကားမျိုးကို ပြောသည်။ အိမ်က သိပ်ကျဉ်း တယ်ဗျာ၊ သူငယ်ချင်းတွေ လာလည်ဖို့ သင့်တဲ့အိမ်မျိုး မဟုတ်ပါဘူး၊ ဒါပေမယ့်ဗျာ၊ နွေးနွေးထွေးထွေးနဲ့ သပ်သပ် ရပ်ရပ်တော့ ရှိပါတယ်၊ အထူးသဖြင့် ခွေးတွေအတွက်ကတော့ အလွန်အဆင် ပြေတဲ့ နေရာပဲ"

ထို့နောက် ပီလွန်က စကားစပြောသည်။ ပင်လယ်ဓားပြအတွက် သောက ရောက်လွန်းသဖြင့် သူငယ်ချင်း အားလုံး အသက်ပင် ဆုံးရှုံးရတော့မလောက် ဖြစ်နေကြကြောင်း၊ သို့သော်လည်း ပင်လယ်ဓားပြကသာ သူတို့နှင့် အတူ နေမည်ဆိုပါမူ သူတို့အားလုံး အိပ်ပျော်စားဝင်ဖြစ်ပြီး စိတ်လည်း ချမ်းသာကြ ရလိမ့်မည်ဖြစ်ကြောင်း ရှင်းပြသည်။

ဤစကားများသည် ပင်လယ်ဓားပြအဖို့ အကြီးအကျယ် ထိတ်လန့် ချောက်ချားစရာ ဖြစ်သွားသည်။ သူသည် သူ့ လက်များကို စိုက်ကြည့်နေသည်။ ပြီးတော့ သူ့ခွေးများကို လှမ်းကြည့်သည်။ သို့သော် ခွေးများက သူ့ကို မကြည့် နိုင်ကြပေ။ နောက်ဆုံးတွင် သူသည် ဝမ်းသာပျော်ရွှင်လွန်း၍ စို့နေသော သူ့မျက်လုံးများထဲမှ မျက်ရည်စ များကို လက်ခုံနှင့်သုတ်သည်။ မျက်ရည်စများ ပေသွားသော သူ့လက်ခုံကို သူ့မုတ်ဆိတ်မွေးကြီး နှင့်ပွတ်၍ သုတ်ပစ်သည်။

"ခွေးတွေကိုရောလား"ဟု ခပ်တိုးတိုးမေးသည်။"ခင်ဗျားတို့က ခွေးတွေကိုပါ လာပြီး နေစေချင်တာလား၊ ခင်ဗျားတို့အားလုံး ခွေးတွေနဲ့လည်း သူငယ်ချင်းတွေပဲလား" ပီလွန်က ခေါင်းညိတ်ပြသည်။"အေးပေါ့၊ ခွေးတွေလည်း ပါရမှာပေါ့၊ ခွေးတွေအတွက် တစ်နေရာ သီးသန့် လုပ် ပေးမယ်လေ"

ပင်လယ်ဓားပြသည် များစွာ ဂုဏ်ယူလျက် ရှိသည်။ သူ့ကိုယ်သူ မထိန်းနိုင် မသိမ်းနိုင် ဖြစ်သွားမည်ကိုပင် စိုးရိမ်ပူပန်လျက်ရှိသည်။"အခု ခင်ဗျားတို့ ပြန်ကြတော့ဗျာ"ဟု တောင်းပန်သံဖြင့် ပြောသည်။" အခု ခင်ဗျားတို့ အိမ်ပြန်ကြပါ၊ မနက်ဖြန်ကျတော့ ကျွန်တော်လာခဲ့ပါ့မယ် ပင်လယ်ဓားပြ မည်ကဲ့သို့ ခံစားနေရသည်ကို သူတို့အားလုံး နားလည်ကြသည်။ သူတို့သည် ကြက်တဲတံခါးမှ လေးဖက်တွား၍ ပြန်ထွက်လာကြပြီး ပင်လယ်ဓားပြကို တစ်ယောက်တည်းထားကာ ပြန်လာခဲ့ကြလေသည်။"ငါတို့နဲ့သာ အတူနေလို့ကတော့ ဒီကောင်ကြီး ပျော်သွားမှာပါကွာ"ဟု ဂျီးဆပ်စ်မေရီယာက မှတ်ချက်ချသည်။ အလွန် သနားစရာကောင်းလောက်အောင်ကို အထီးကျန်နိုင်တဲ့ လူတစ်ယောက်ပါကွာ"ဟု ဒင်နီက ထောက်ခံသည်။" တကယ်လို့ စောစောက တည်းကသာ ငါသိရင် သူ့မှာ ငွေရှိရှိ မရှိရှိ ငါခေါ်ပြီးတာ ကြာလှပြီ ပေါ့ကွာ သူတို့အားလုံး ပျော်မြူးနေကြလေသည်။

အသစ်ပေါ်ပေါက်လာသော ပေါင်းသင်းဆက်ဆံရေးသည် ချက်ချင်းပင်

အဆင်ပြေသွားသည်။ ဒင်နီက ညှော့ ခန်းမ၏ထောင့်တစ်နေရာတွင် အပြာရောင် မြေဖြူခဲ တစ်ခဲဖြင့် စက်ဝိုင်းခြမ်းတစ်ခြမ်း ရေးဆွဲပြီး အိမ်ထဲ၌ ရှိနေ ချိန်တွင် ခွေးများနေရမည့်နေရာ သူ သတ်မှတ်ပေးသည်။ ပင်လယ်ဓားပြကိုလည်း ထိုသတ်မှတ် နယ်မြေ အတွင်း ၌ ခွေးများနှင့်အတူ အိပ်ရမည်ဟု နေရာချထားပေးသည်။

လူ ငါးယောက်နှင့် ခွေးငါးကောင်ရှိနေသော အိမ်သည် အနည်းငယ် ကျဉ်းလာသည်။ သို့သော်လည်း ပထမအတူ နေစတွင် သူတို့အမြင်သည် တစ်မျိုးဖြစ်လာသည်။ ပင်လယ်ဓားပြကို အခုလို ဖိတ်ခေါ်၍ အိမ်၌ အတူတူ နေထိုင်ခြင်းသည် သူတို့ကို မကောင်းမှုပြုခြင်းမှ အကာအကွယ် ပေးနေသည့် ကောင်းကင်တမန် နတ်သား၏လုံ့ဆော် တိုက်တွန်းမှုကြောင့် ဖြစ်သည်ဟု ဒင်နီနှင့် သူ့အပေါင်းအသင်းများက ယူဆကြ လေသည်။

ပင်လယ်ဓားပြသည် နေ့စဉ်နံနက်တိုင်း သူ့သူငယ်ချင်းများ မနိုးမီ အစောကြီးထ၍ သူ၏ နောက်တော်ပါ ခွေးများ နှင့်အတူ စားသောက်ဆိုင်များနှင့် သဘော်ဆိပ် ဇာတံတားများဖြစ်ရာ ပေးစရာရှိသမျှကို ရက်ရက် ရောရော ပေး ကြသည်။ သူရသော အထုပ်များသည် တစ်နေ့ထက် တစ်နေ့ ပို၍ပို၍ များလာသည်။ သူသည် ရလာသော ပစ္စည်းများကို သူ့အဖော် ပီဆာနိုးများအား ခွဲဝေပေးသည်။ ပီဆာနိုများကလည်း လက်ခံ ရယူသည်။ လတ်လတ် ဆတ်ဆတ် ငါးများ၊ မုန့်အကြွင်းအကျန်များ၊ မလတ်ဆတ်တော့သည့် ပေါင်မုန့်များ၊ အမဲသား အစအန များအားလုံး ရသမျှကို စားကြသောက်ကြသည်။ သူတို့အားလုံး မကြောင့်မကြနေရသည့် အခြေအနေ သို့ ရောက်လာသည်။

သူပေးသမျှကို သူတို့လူစုက လက်ခံစားသုံးခြင်းသည် ပင်လယ်ဓားပြ၏ စိတ်နှလုံးကို အထိခိုက်ဆုံးသော အရာ ဖြစ်သည်။ စိတ်ကြည်နူးစရာ အကောင်းဆုံးလည်းဖြစ်သည်။ သူတို့က သူ့အတွက် ဘာတွေပဲ လုပ်ပေး လုပ်ပေး ထိုလုပ်သမျှ အရာအားလုံးသည် ထိုအပြုအမူလောက် သူ့နှလုံးကို စားသောက်နေကြသည့် သူတို့ လူစုအား ကြည့်သော ပင်လယ်ဓားပြ၏ မျက်လုံးများသည် အလွန်လေးစားကြည်ညိုခြင်းကို ဖော်ပြ နေတတ် လေသည်။

ညပိုင်းတွင် သူတို့အားလုံး မီးဖိုအနီး ၌ ဝိုင်း၍ ထိုင်ကြသည်။ ဗိုက်ပြည့်လွန်း၍ ငြီးငွေ့ နေသော နတ်ဘုရားများ လေသံ ဖြင့် တော်တီလာဖလက် ရပ်ကွက်အတွင်းမှ ဖြစ်သမျှ အရေးအခင်းများကို အတင်းအဖျင်းအဖြစ် ပြောတတ်ကြသည်။ ထိုအချိန်များ တွင် ပင်လယ်ဓားပြ၏မျက်လုံးများသည် သူ့ သူငယ်ချင်းများ၏ ပါးစပ်ပေါက် တစ်ခုချင်းဆီ သို့ရွှေ့လျားသွားလာနေတတ်၏။ သူ့နှုတ်ခမ်းများမှာလည်း အဆက်မပြတ် လှုပ်ရှား နေသည်။ သူ့ မိတ်ဆွေများ ပြောသွားသည့် စကားများကို သူ့နှုတ်မှ တီးတိုးလိုက်၍ ရေရွတ်နေခြင်း ဖြစ်လေသည်။ သူ၏ နေပုံ ထိုင်ပုံများကို ကြည့်ကာ သူ့ခွေးများက သူ့သခင်အပေါ် မနာလိုဝန်တို စိတ် ဖြစ်သည့် အမူအရာကိုပင် ဖော်ပြလာကြသည်။

တစ်အိမ်လုံး မည်းမှောင်ပြီး တိတ်ဆိတ်နေချိန် ခွေးများနှင့်အတူ ထွေးလုံးရစ်ပတ် အိပ်နေချိန်သို့ ရောက်လာ သောအခါ"သူတို့ဟာ ငါ့သူငယ်ချင်းတွေ"ဟု တစ်ယောက်တည်း ကျိတ်၍ သူ့ကိုယ်သူ ပြောနေတတ်သည်။ ဤ လူစုသည် သူ့ကို အလွန် ချစ်ကြသဖြင့် သူတစ်ယောက်တည်း နေရခြင်းကို မမြင်ရက် မကြည့်ရက် နိုင်အောင်ပင် စိတ်မကောင်းဖြစ်ကြရှာသည်။ တကယ်တော့ ဤအဖြစ်သည် ပင်လယ်ဓားပြအတွက် အလွန် ထူးဆန်းအံ့သြ ဖွယ် ကောင်းသည့် အရာတစ်ခုဖြစ်သည်။

မယုံကြည်နိုင်စရာကောင်းသည် အရာ တခုလည်း ဖြစ်သည်။ အခုဆိုလျှင် သူ၏ လက်တွန်းလှည်းသည် ဒင်နီ၏ခြံဝင်း အတွင်း၌ ရောက်နေပြီ။ နေ့စဉ် ဤအိမ်မှနေ၍ ထွက်ကာ သူလုပ်နေကျအတိုင်း ထင်းခွေပြီး ရောင်းလျက်ရှိသည်။ သို့သော်လည်း ညပိုင်း သူ့ သူငယ်ချင်းများ၏ စကားဝိုင်းကို လက်လွတ်သွားမည် စိုးသဖြင့် မြေမြှုပ်ထားသည့် သူ့ဥစ္စာသိုက်ဆီကိုပင် မသွားနိုင်ဖြစ်နေသည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပြီ။ သူ နောက်ထပ်ရလာသော နှစ်ဆယ့်ငါးဆင့်စေ့များကို မြေမမြှုပ်ရသည်မှာလည်း ကြာခဲ့ပြီ။

သူ့ သူငယ်ချင်းများသည် သူ့အပေါ်၌ ကြင်နာကြရုံမက လိုလေသေးမရှိအောင် ပြုစုကြပါ၏။ သို့သော်လည်း သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေခြင်းကတော့ သူ့အတွက် စဉ်းစားစရာ ဖြစ်နေသည်။ သူလှည်းကိုတွန်းပြီး သစ်တောထဲသို့ ထင်းခွေဝင်သည့်အခါ သူ့သူငယ်ချင်းတစ်ဦးက သူနှင့် လိုက်လာသည်။ သူ ထင်းခွေ နေသည့်အခါ သူ့သူငယ်ချင်းတစ်ဦးက သူနှင့်လိုက်လာသည်။ သူ ထင်းခွေနေသည့်အခါ အနီးအနား မှာ သစ်တုံးတစ်တုံးပေါ် ထိုင်၍ စောင့်နေသည်။

ညနေပိုင်းအချိန် သူ၏ နောက်ဆုံးအလုပ်ကို လုပ်ရန်အတွက် ချောက်ထဲသို့ ဆင်းသည့်အခါတွင်လည်း ဒင်နီ သို့မဟုတ် ပက်ဘလို သို့မဟုတ် ပီလွန် သို့မဟုတ် ဂျီးဆပ်စ်မေရီယာသည် သူနှင့် အဖော် လိုက်လာတတ်သည်။ သို့ဖြစ်ရာ ညဉ့်နက်ပိုင်းရောက်၍ အပြင်ထွက်ချင် သည့်အခါ သူ့နောက်မှ အဂိုပ်တစ်ခု ပါမလာအောင် တိတ်တိတ်ကလေး ထွက်ရမလို ဖြစ်လျက်ရှိရာ သူ့မှာ မလွတ်မလပ် ဖြစ်နေရလေသည်။

ဒင်နီတို့ လူစုသည် ပင်လယ်ဓားပြကို မျက်ခြည်မပြတ် စောင့်ကြည့်လာခဲ့သည်မှာ တစ်ပတ်တိတိပင် ရှိခဲ့သည်။ နောက်ဆုံးတွင် စိတ်ပျက်လာကြသည်။ တိုက်ရိုက်နည်းကို အသုံးပြုမှသာ ဖြစ်တော့မည်ဟု သဘောပေါက် လာကြသည်။ ဤသို့ဖြင့် တစ်ညနေခင်းတွင် လူတစ်ဦးတစ်ယောက်အနေဖြင့် သူ့ပစ္စည်း များကို မြေမြှုပ်ရန် သင့်မသင့်ဟူသော ပြဿနာသည် ဆွေးနွေးစရာ အကြောင်းတစ်ခု ဖြစ်လာခဲ့လေသည်။

ဆွေးနွေးခြင်းကို ပီလွန်က စသည်။"ငါ့မှာ ကော်တရာ ကပ်စေးနဲ

ဦးလေးတစ်ယောက်ရှိခဲ့တယ်၊ သူက သူ့ရွှေ တွေကို သစ်တောထဲမှာ မြှုပ်ထားတယ်။ တစ်နေ့ကျတော့ သူဝှက်ထားတဲ့ ရွှေတွေကို သွားကြည့် တယ်။ မရှိတော့ဘူး၊ တစ်ယောက်ယောက်က တွေ့လို့ ယူသွားတာပေါ့၊ ဦးလေးလည်း အဘိုးကြီးဖြစ်နေပြီ၊ သူစုဆောင်း ထားသမျှ အကုန်ပါသွားတာဆိုတော့ စိတ်ထိခိုက်ပြီး ကြိုးဆွဲချသေသွားတယ်"ဘေးမှ နားထောင် နေသော ပင်လယ်ဓားပြ၏ မျက်နှာတွင် စိုးရိမ်သောကရိပ်များ ယှက်သန်လာသည်ကို မြင်လိုက် ရသဖြင့် ပီလွန်သည် စိတ်ထဲမှ ကျိတ်၍ ကျေနပ်သွားသည်။ ဒင်နီ ကလည်း ထိုအရိပ်အကဲကို မြင်သည်။ ထို့ကြောင့် သူကပါ ဝင်၍ ပြောသည်။

"ဒီအိမ်ကိုပိုင်တဲ့ ငါ့အဘိုးလည်း အဲသလိုပဲကွ၊သူ့ငွေတွေကို မြေကြီးထဲ မြှုပ်ထားတယ်၊ ဘယ်ရွှေ့ ဘယ်မျှ ဆိုတာတော့ ငါမသိပါ ဘူး။ ဒါပေမယ့် အများက သူ့ကို လူချမ်းသာတစ်ယောက်လို့ သိနေကြတယ်။ အဲဒီတော့ ဒေါ်လာငွေ သုံးလေးရာ လောက်တော့ ရှိမယ်ထင်တယ်၊ အဘိုးက ကျင်းတူးပြီး ငွေမြှုပ်တာကွ၊ ပြီးတော့မှ ကျင်းကို အကျအနပြန်ဖုံးပြီး ထင်းရှူးဆူးတွေအပေါ်က စိုက်ထားတယ်၊ သူကတော့ သူ့နေရာကို ဘယ်သူမှ သိမှာမဟုတ်ဘူးလို့ ထင်နေတာပေါ့၊ ဒါပေမယ့် တစ်ရက် သူသွားကြည့်တော့ ကျင်းတူးထားတာ တွေ့ရတယ်။ အထဲက ငွေတွေကတော့ ပါသွားပြီ"

ပင်လယ်ဓားပြ၏ နှုတ်ခမ်းများသည် တလှုပ်လှုပ်၊ သူတို့ပြောနေသည့် စကားများကို သံယောင်လိုက်၍ ရေရွတ် နေသည်။ စိုးရိမ်ထိတ်လန့်မှုသည် သူ့မျက်နှာတွင် အထင်းသားပေါ်နေသည်။ သူ့လက်ချောင်း များသည် ဆီညှော် အလက်သွန်မဆင်၏ လည်ပင်းမွေးများကို ထိုးဆွလျက်ရှိ၏။ ကျန်လူစုသည် တစ်ယောက် မျက်နှာတစ် ယောက် ကြည့်လိုက်ကြပြီး ထိုအကြောင်းကို ဆက်မပြောဘဲ ရပ်ထား လိုက်ကြသည်။

ညပိုင်းအိပ်ရာဝင်ကြသောအခါ ပင်လယ်ဓားပြသည် အိမ်ထဲမှ တိတ်တိတ်ကလေး ထွက်သွားသည်။ သူ့ခွေးများ ကလည်း ကုပ်ကုပ်ရုပ်ရုပ် လိုက်သွားကြသည်။ ပီလွန်ကလည်း သူတို့နောက်မှ အသာ လိုက်သွားသည်။ ပင်လယ် ဓားပြသည် သစ်တောထဲသို့ လျင်မြန်ဖျတ်လတ်သော ခြေလှမ်းများဖြင့် ဝင်သည်။ မှောင်ထဲတွင်ပင် ဖြစ်သော်လည်း သွားနေကျဖြစ်သဖြင့် ချုံဖုတ်များကို အလွယ်တကူပင် ကျော်လွှား ဖြတ်သန်း သွားလျက်ရှိသည်။

သူ့နောက်မှ လိုက်နေသော ပီလွန်ကတော့ အလဲလဲအကွဲကွဲ ဖြစ်လျက်ရှိသည်။ သို့သော်လည်း နှစ်မိုင်ခန့် သွား မိသောအခါ ပီလွန်သည် မျက်စိလည်ကာ တဝဲလည်လည် ဖြစ်နေသည်။ ချုံပင် နွယ်ပင်များနှင့် ထိုးမိခြစ်မိသဖြင့် အဝတ်များစုတ်ပြတ် ပေါက်ပြဲကုန်သည်။ သူသည် ခဏမျှရပ်၍ အမောဖြေသည်။ သူ့ရှေ့မှ လာနေသော အသံများသည် ပျောက်ကွယ်ခဲ့လေပြီ။ သူသည် ရပ်၍ နားစွင့်သည်။ သို့သော်လည်း ပင်လယ်ဓားပြကို လုံးဝ မမြင်ရတော့ပေ။

နှစ်နာရီခန့် အကြာတွင် ပီလွန်သည် လာလမ်းအတိုင်းပင် ပင်ပန်းနွမ်းနယ်စွာဖြင့် ပြန်လာသည်။ ပင်လယ်ဓားပြသည် သူ့ခွေးများ၏ အလယ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိလေပြီ။ အိမ်ထဲ ဝင်လာသော ပီလွန်ကို ခွေးများက ခေါင်းထောင်၍ ကြည့်ကြသည်။ ပီလွန်၏ စိတ်ထဲတွင် ခွေးများက သူ့ကိုကြည့်ပြီး လှောင်ပြုံးပြုံးနေကြသည်ဟု ထင်ကာ နောက်တစ်နေ့ နံနက်တွင် မခံချိသူတို့သည် မခံသာ ဖြစ်လျက် ရှိလေသည်။ ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ကြပြန်သည်။

"သူ့နောက်ကလိုက်ရတာ မလွယ်ဘူးကွ"ဟု ပီလွန်က ဆိုသည်။"သူက ပျောက်သွားတာ၊ သူက မှောင်ထဲမှာ ကောင်းကောင်းမြင်တယ်။ ဘယ်နားမှာ ဘာပင်ရှိတယ် ဆိုတာလည်းသူသိတယ်။ ငါတို့ တခြား နည်းလမ်း တစ်ခုတော့ ရှာဦးမှ ဖြစ်မယ်""တစ်ယောက်တည်း လိုက်လို့ကတော့ မလုံလောက်ဘူးထင်တယ်"ဟု ပက်ဘလိုက ထင်မြင်ချက် ပေးသည်။ တကယ်လို့ ငါတို့အားလုံး သူ့နောက်က လိုက်ကြမယ်ဆိုရင် တစ်ယောက်ကတော့ သူ့ကို ခြေရာခံ မိမှာပဲ"

"ကဲလေ ငါတို့ ကနေ့ည ထပ်ပြီး တိုင်ပင်ကြသေးတာပေါ့"ဟု ဂျီးဆပ်စ်မေရီယာက ဝင်ပြောသည်။"ငါ့အသိအမျိုးသမီး တစ်ယောက်က ငါ့ကို ဝိုင်နည်းနည်း ပေးလိမ့်မယ်"ဟု သူကဆိုသည်။"ပင်လယ်ဓားပြဗိုက်ထဲ ဝိုင် နည်းနည်းဝင်သွားရင် အလွယ်တကူနဲ့ ကိုယ်ယောင်ဖျောက်နိုင်မှာ မဟုတ်ဘူး"

ဂျီးဆပ်စ်မေရီယာ၏မိတ်ဆွေအမျိုးသမီးက ဝိုင်တစ်ဂါလန် ပေးလိုက်သည်။ ထိုညက သူငယ်ချင်းများနှင့် အတူတူ ထိုင်၍ သူတို့စကားများကို နားထောင်ရင်း ဝိုင်သောက်နေရသော ပင်လယ်ဓားပြသည် အတိုင်း အဆ မသိနိုင်လောက်အောင် ပျော်မြူးလျက်ရှိသည်။ သူ့ဘဝတွင် ဤပျော်ရွှင်မှုမျိုးကို ရခဲပါဘိခြင်း၊ သူ့ သူငယ်ချင်း များကို တအားကုန် ပွေ့ဖက်ပြီး သူတို့ကို သူအလွန်ချစ်ကြောင်း ပြောပြလိုက်ချင်သောစိတ် ပြင်းထန်စွာ ဖြစ်ပေါ်လျက်ရှိသည်။ သို့သော်လည်း ထိုအလုပ်မျိုးကို သူ လုပ်၍မဖြစ်။ လုပ်လိုက်လျှင် သူတို့အားလုံးက သူ့ကို အရက်မူးနေပြီဟု ထင်ကြလိမ့်မည်။ သူ အလွန်ချစ်ခင်ကြောင်း ပြသသည့်အနေဖြင့် အလွန် ထူးခြားသော အရာ တစ်ခုကို လုပ်ပြချင်သည့် ဆန္ဒသည် သူ့ရင်တွင်း၌ ကိန်းအောင်းလျက် ရှိလေသည်။

"မနေ့ညက ငါတို့ ငွေတွေကို မြေကြီးထဲမြှုပ်တဲ့အကြောင်း ပြောခဲ့ကြတယ်နော်"ဟု ပီလွန်က စသည်။"ကနေ့ည ငါတစ်ခုသတိရပြန်ပြီ၊ ငါ့အစ်ကိုဝမ်းကွဲ တစ်ယောက်ပေါ့၊ သူက လူလည်တစ်ယောက်ကွ၊ တကယ်လို့ လူတစ်ယောက်က ငွေကို ဘယ်သူမှ ရှာမတွေ့ မယ့်နေရာမှာ ဝှက်ထားနိုင်တယ် ဆိုရင် အဲဒီလူ ဟာ သူပဲ၊ အဲဒါ သူက သူ့ငွေကိုယူသွားပြီး ဝှက်ထားတယ်၊ မင်းတို့တွေ့ ဖူးချင် တွေ့ဖူးကြမှာပါ။ သူက ဇောတံတား တွေဘက် လည်ပြီး ငါးခေါင်းတွေ တောင်းတတ်တယ်၊ ဟင်းချိုချက်သောက်ဖို့လို့ ပြောပြီး တောင်းတာ၊

အဲဒါ ငါ့အစ်ကိုဝမ်းကွဲ ပေါ့ကွ၊ ဒါပေမယ့် သူမြှုပ်ထားခဲ့တဲ့ငွေကို တစ်ယောက်ယောက်က ဖော်ယူ သွားတာ ခံရတယ်

ပင်လယ်ဓားပြ၏ မျက်နှာတွင် သောကငွေ့များ ထင်ဟပ်လာပြန်သည်။ ပုံပြင်များ တစ်ခုပြီးတစ်ခု ပြောကြသည်။ ပုံပြင်တိုင်းတွင် ငွေမြှုပ်နှံသူအားလုံး ဒုက္ခရောက်ကြသည်ဟူသော နိဂုံးဖြင့် အဆုံးသတ်သည်။"လူတစ်ယောက်ဟာ သူ့ငွေကို သူနဲ့ နီးနီးကပ်ကပ်ထားတာ အကောင်းဆုံးပဲကွ၊ မကြာမကြာလည်း လိုအပ်တဲ့ နေရာတွေမှာ သုံးရမယ်၊ သူငယ်ချင်းအပေါင်းအသင်းတွေအတွက်လည်း အကုန်အကျခံရမယ်"ဟု ဒင်နီက စကားကို အဆုံးသတ်သည်။

သူတို့သည် ပင်လယ်ဓားပြကို အကဲခတ်ကြသည်။ သူတို့ ပြောနေကြသည့် အခိုက်မှာပင် ပင်လယ်ဓားပြ၏ မျက်နှာပေါ်၌ စောစောက ထင်ဟပ်နေသည့် သောကရိပ်များ ပျောက်သွားပြီး ထိုနေရာတွင် အပြုံး ဝင်လာသည်။ အခုကျတော့လည်း သူသည် ဝိုင်ကို အေးအေးဆေးဆေး သောက်နေသည်။ သူ့မျက်လုံးများမှာလည်း ပျော်ရွှင် မှုဖြင့် ဝင်းလက်နေကြသည်။

သူ့ သူငယ်ချင်းများကတော့ စိတ်ပျက်နေကြပြီ၊ သူတို့ကြံစည်သမျှ မအောင်မြင်သဖြင့် အကြံရ ကျပ်နေကြသည်။ သူတို့ ကောင်းခဲ့သမျှ၊ သူတို့ ကိုယ်ချင်းစာတရား ထားခဲ့သမျှ အလဟဿ ဖြစ်ရပြီ။ သူတို့သည် သောက်လက်စ ဝိုင်ကို လက်စသတ်ပြီး မရွှင်သောစိတ်ဖြင့် အိပ်ရာဝင်ကြသည်။

ည လူခြေတိတ်ချိန်တွင် ဖြစ်ပျက်သမျှ အရာရာတို့ကို ပီလွန်မသိဟူ၍ မရှိ၊ သိသည်က များ၏။ အဘယ်ကြောင့် ဆိုသော် ခန္ဓာကိုယ်ရှိ အခြားအစိတ်အပိုင်းများ အိပ်ပျော်နေကြသော်လည်း သူ့နားကတော့ အမြဲတစေ နိုးကြား စေခြင်းကြောင့်ပင်တည်း။ ယခုလည်း ပင်လယ်ဓားပြနှင့် သူ့ခွေးများအိမ်ထဲမှ တိတ်တိတ် ကလေး ထွက်သွား ကြသည်ကို ပီလွန်၏ နားများက ကြားလိုက်သည်။ သူသည် အိပ်ရာမှ ကပျာကသီ လူးလဲထကာ သူငယ်ချင်း များကို နှိုးသည်။ နောက်တစ်ခဏအတွင်းတွင် သူတို့ လေးယောက်သည် သစ်တောဘက် သို့ လျှောက်သွားနေ သော ပင်လယ်ဓားပြ၏ နောက်မှ လိုက်နေကြလေသည်။ သူတို့လူစု ထင်းရှူးတောထဲသို့ ဝင်မိကြချိန်တွင် အလွန်မှောင်မိုက်နေလေပြီ။

လူလေးယောက်သည် သစ်ပင်များနှင့်ဝင်၍ လဲသူကလဲသည်၊သူတို့ရှေ့မှ သွား နေသည့် ပင်လယ်ဓားပြ တို့၏ အသံကို အဆက်မပြတ် ကြားနေရဆဲ၊ သူတို့သည် ယမန်နေ့ညက ပီလွန်ရောက် ခဲ့သည့်နေရာအထိ အပင်ပန်း ခံ၍ လိုက်ကြသည်။ ထိုနေရာအရောက်တွင် ချက်ချင်းပင် ငြိမ်ဆိတ်သွားသည်။ သစ်ပင်ကြို သစ်ပင်ကြား မှ တိုးဝှေ့ဖြတ်သန်းသွားနေသည့် လေသံမှတစ်ပါး တခြားဘာသံမှ မကြားရ၊ သူတို့သည် ထိုနေရာ၏အနီးတစ်ပိုက်ရှိ သစ်ပင်များ၊ ချုံပင်များကြားတွင် ပိုက်စိပ်တိုက်၍ ရှာကြသည်။ သို့သော်လည်း ပင်လယ်ဓားပြသည် ပျောက်ကွယ်လျက်ရှိလေသည်။

နောက်ဆုံးတွင် သူတို့သည် အေးမြခြင်းနှင့် စိတ်ပျက်ဝမ်းနည်းခြင်းများကို

ရင်ဝယ်ပိုက်ကာ မွန်ထရေးမြို့ ဘက် သို့ ပြန်လျှောက်လာကြသည်။ သူတို့ အိမ်ပြန်မရောက်မီ အရုဏ်တက်လေသည်။ ပင်လယ်ကွေ့ ရေပြင်ထက်တွင် နေရောင်တောက်လျက်ရှိပြီ၊ မွန်ထရေးမြို့တွင်းမှ မီးခိုးများသည် တလိပ်လိပ် တက်လျက်ရှိ၏။

ပင်လယ်ဓားပြသည် ဆင်ဝင်သို့ ထွက်လာပြီး သူတို့ကို ဆီးကြိုနှုတ်ဆက်သည်။ သူ့မျက်နှာသည် ကြည်လင်ရွှင် လန်းလျက်ရှိ၏။ သူတို့သည် မသာယာသော မျက်နှာများဖြင့် သူ့ရှေ့မှ ဖြတ်လျှောက်ပြီး ဧည့်ခန်းထဲသို့ တန်းစီ၍ ဝင်ခဲ့ကြသည်။ ဧည့်ခန်းစားပွဲပေါ်တွင်မူ ရွက်ဖျင်အိတ်တစ်လုံး။

ပင်လယ်ဓားပြသည် သူတို့နောက်မှ လိုက်လာသည်။"ကျုပ်ခင်ဗျားကို လိမ်ပြောခဲ့တာ ပီလွန်ရ"ဟု သူက ပြောသည်။"ကျုပ်မှာ ငွေမရှိဘူးလို့ ခင်ဗျားကို ပြောခဲ့တယ်မဟုတ်လား၊ အဲဒါကြောက်လို့ဗျ၊ ကျုပ်အနေနဲ့ ကျုပ် ရဲ့ မိတ်ဆွေတွေအကြောင်းကို ကောင်းကောင်းမှ မသိသေးဘဲကိုးဗျ၊ ဟုတ်ဘူးလား။ ဝှက်ထားတဲ့ ငွေတွေကို ခဏခဏ လူခိုးခံရတယ်လို့ ခင်ဗျားတို့ ပြောကြတယ် မဟုတ်လား၊ အဲဒါတွေကြားရတော့ ကျုပ် ကြောက်လာပြန်ရော၊ ဒီငွေကို လုံခြုံအောင် သိမ်းထားနိုင်တဲ့ နည်းလမ်းကို ကျုပ် မနေ့ညကမှ သိရတာ၊ ကျုပ်ရဲ့ ငွေတွေဟာ ကျုပ်ရဲ့ သူငယ်ချင်းတွေနဲ့ ထားမှ လုံခြုံမှာဗျ၊ ကျုပ်ရဲ့ သူငယ်ချင်းတွေက ကျုပ်အတွက် ဒီငွေကို စောင့်ရှောက်ပေးထားမယ်ဆိုရင် ဘယ်ကောင်မှ မခိုးနိုင်တော့ဘူးပေါ့"

လူလေးယောက်သည် ပင်လယ်ဓားပြကို အလန့်တကြား ကြည့်နေကြသည်။ မင်းငွေကို ပြန်ယူသွားပြီးတောထဲမှာ ဝှက်ထားကွာ"ဟု ဒင်နီက ဒေါသတကြီးဖြင့် ပြောသည်။"ငါတို့ မင်းငွေကို သိမ်းမပေးနိုင်ဘူး"
လူလေးယောက်သည် ပင်လယ်ဓားပြကို အလန့်တကြား ကြည့်နေကြသည်။"မင်းငွေကို ပြန်ယူသွားပြီး တောထဲမှာ ဝှက်ထားကွာ"ဟု ဒင်နီက ဒေါသတကြီးဖြင့် ပြောသည်။"ငါတို့ မင်းငွေကို သိမ်းမပေးနိုင်ဘူး"

"မဖြစ်ဘူး"ဟု ပင်လယ်ဓားပြက ပြောသည်။"ဟိုတောထဲမှာထားရင် ကျုပ် စိတ်မချတော့ဘူး၊ ကျုပ်ရဲ့ သူငယ်ချင်း တွေက ကျုပ်ငွေတွေကို စောင့်ရှောက်ပေးထားတယ်ဆိုရင် ကျုပ် ပျော်မယ်၊ စိတ်ချမ်းသာမယ်၊ ခင်ဗျား တို့ ကျုပ်ပြောတာ ယုံချင်မှယုံမယ်၊ လွန်ခဲ့တဲ့ နှစ်ညက ကျုပ်တောထဲသွားတိုင်း လူတစ်ယောက် လိုက် လိုက်လာတယ်၊ အဲဒါ ကျုပ်ငွေတွေကို ခိုးမလို့ဗျ" ထိုစကားသည် လူလည်ပီလွန်အတွက် အလွန်ကြောက်စရာကောင်းသော ထိုးနှက်ချက်တစ်ချက်ဖြစ်သည်။ သို့သော်လည်း ပါးနပ်သော ပီလွန်သည် ထိုလက်သီးချက်မှ လွတ်မြောက်ရန် အားထုတ်သည်။"ဒီငွေအားလုံးကို ငါတို့ လက်ထဲမအပ်ခင် မင်းသုံးဖို့ နည်းနည်းပါးပါး ထုတ်ချင်ဦးမှာပေါ့"ဟု ရေလာမြောင်းပေး စကားကို ချိုသာစွာဖြင့် ပြောသည်။

ပင်လယ်စားပြကြ ခေါင်းခါသည်။"ဟင့်အင်းဗျာ၊ ငွေတော့ ကျုပ်မထုတ်ဘူး၊ ဒီငွေက ကတိပြုပြီး စုထားတဲ့ ငွေဗျ၊ နှစ်ဆယ့်ငါးဆင့်စေ့ပေါင်း တစ်ထောင်ပြည့်ရင် ရွှေဖယောင်းတိုင်စင်တစ်ခု ဝယ်ပြီး စိန့်ဖရန့်စစ် အရှင်မြတ်ကို လှူမလို့။ အဖြစ်က ဒီလိုဗျာ၊ ဟိုတစ်ချိန်က ကျုပ်မှာ ခွေးနေကောင်းသွားရင် ရွှေဖယောင်းတိုင်စင် တစ်ခု လှူမယ်လို့ အဓိဋ္ဌာန်ပြုခဲ့မိတယ်၊ အဲဒီခွေးက နေကောင်းသွားတယ်ဗျ""အဲဒီအကောင် ဒီခွေးတွေထဲမှာ ပါသလား"ဟု ပီလွန်က မေးသည်။

"မပါဘူး"ဟု ပင်လယ်စားပြကြ ဖြေသည်။"နေကောင်းပြီး သိပ်မကြာလိုက်ခင်မှာပဲ ထရပ်ကားတစ်စီး ကြိတ်လို့ သေသွားတယ်" သူတို့အဖို့ လမ်းပိတ်သွားလေပြီ။ ငွေကို တခြားနေရာတွင် သုံးမည်ဟု မျှော်လင့်ထားသဖြင့် ခဲလေသမျှ သဲရေကျ ဖြစ်ရလေပြီ။ ဒင်နီနှင့် ပက်ဘလိုသည် အောက်သိုးသိုး မျက်နှာထားဖြင့် ငွေအိတ်ကိုမ၍ အိမ်ခန်းထဲ သို့ ယူသွားပြီး ဒင်နီ၏ ခေါင်းအုံးအောက်၌ ထားလိုက်သည်။ တစ်ချိန်က ရှိခဲ့သည့် စိတ်ကူး အတိုင်း ဆိုပါက ဤငွေအိတ် ခေါင်းအုံးအောက်၌ ရှိနေသည်ဟူသော အသိဖြင့် ရွှင်လန်း ဝမ်းမြောက်ကြရမည် ဖြစ်၏။ အခုတော့လည်း သူတို့၏ အဖြစ်မှာ ရင်နာစရာ ကောင်းလှချေသည်။ ဤငွေကို သုံးရဖို့ မျှော်လင့်ချက် မရှိတော့။ သူတို့ အတွက် အခါအခွင့်ကတော့ ပေါ်လာပါ၏။ သို့သော်လည်း ချက်ချင်းပင် ကွယ်ပျောက် ခဲ့လေသည်။

ပင်လယ်စားပြသည် သူတို့ရှေ့၌ရပ်လျက်ရှိသည်။ သူ့မျက်လုံးများတွင် ဝမ်းသာလွန်း၍ စို့လာသော မျက်ရည် များ။ သူ့ အနေနှင့် သူ့ သူငယ်ချင်းများအပေါ် အလွန်ချစ်ကြောင်း သက်သေထူနိုင်ခဲ့ပြီး မဟုတ်ပါလော။" ကျုပ်တစ်ယောက်တည်း ကြက်တဲထဲမှာ နေခဲ့ရတဲ့ နှစ်တွေဟာ မနည်းဘူး"ဟု ပင်လယ်စားပြကြ ပြောသည်။"အဲဒီတုန်းကဆိုရင် ကျုပ်ဟာ သာယာပျော်ရွှင်မှု ဆိုတာကို လုံးဝမသိခဲ့ရဘူး။ ဒါပေမယ့် အခုတော့ အိုဗျာ အခုဆိုရင် ကျုပ်လေ သိပ်ကိုပျော်တာပဲ။

ဒင်နီ၏ သူငယ်ချင်းများ စိန့်အင်ဒရူးပွဲတော် အကြိုနေ့တွင် လျှို့ဝှက်သော ရတနာကို ရှာဖွေခြင်း၊ ပီလွန် ရတနာကို တွေ့ရှိခြင်းနှင့် နောက်ပိုင်းတွင် သက္ကလတ် ဘောင်းဘီ တစ်စုံသည် နှစ်ကြိမ်တိတိ ပိုင်ရှင်ပြောင်းခြင်း

အကယ်၍သာ ကောင်ကြီးဂျိုးသည် အာဇာနည်သူရဲကောင်းတစ်ဦးဖြစ်ခဲ့ပါမူ အလွန်စိတ်ဆင်းရဲစရာ ကောင်း သောအချိန်များကို စစ်တပ်ထဲ၌သာ ကုန်လွန်စေလိမ့်မည်ဖြစ်၏။ သို့သော်လည်း သူသည် ထိုကဲ့သို့သော လူစား မဟုတ်သဖြင့် မွန်ထရေးမြို့၏ထောင်အတွင်း၌ ထိုက်သင့်သော လေ့ကျင့် သင်ကြားမှု များကို ရယူခဲ့ပြီးသည့် နောက်ပိုင်းတွင် နိုင်ငံချစ်စိတ်ရှိသူများ ကြုံတွေ့ ရတတ်သည့် ဆင်းရဲ ဒုက္ခကြီးမှ လွတ်မြောက်ခဲ့သည်။

ထိုမျှသာ မကသေး၊ သူ့၌ရှိသော အပြစ်ဒဏ်ကို ခံရင်း ယောက်ျားတစ်ယောက်သည် သူ၏ နေ့များကို တစ်ဝက် အိပ်ပြီး တစ်ဝက်နိုးနေခြင်းဖြင့် အချိန်ကုန်ရသောဘဝဖြစ်သည့် အားလျော်စွာ ယောက်ျား တစ်ယောက် အနေဖြင့် သူ၏နှစ်များကို တစ်ဝက်ထောင်ထဲ၌နေပြီး တစ်ပက်ကို ထောင်အပြင်၌နေခြင်းဖြင့် အချိန်ကာလကို မှန်ကန်စွာအသုံးချ၍ ကုန်လွယ်စေရမည်ဟူသော အသိအမြင်ကိုပါ အခိုင်အမာ ရရှိခဲ့ လေသည်။ တကယ်တော့ လည်း ကောင်ကြီးဂျိုးသည် စစ်ကြီးဖြစ်နေသည့် ကာလအတွင်း အပြင်မှာ နေရသော အချိန်ထက် ထောင်၌နေရ သောအချိန်က ပို၍များ၏။

အရပ်သားများ၏ ဘဝတွင် လူတစ်ယောက်သည် အပြစ်တစ်ခု ကျူးလွန်ခြားအံ့၊ ထိုသူသည် သူ ကျူးလွန် ခဲ့သော အပြစ်များ အတွက် ထိုက်သင့်သော ပြစ်ဒဏ်ကိုခံရသည်။ သို့သော်လည်း စစ်တပ်၏ ဥပဒေများတွင် သဘောတရားသစ် တစ်ခု ပေါင်းစပ်ထားသည်ဖြစ်ရာ လူတစ်ယောက်ကို သူကျူးလွန်ခဲ့သော ပြစ်မှု အတွက် သာမက သူမ ကျူးလွန်သော အရာများအတွက်လည်း အပြစ်ဒဏ်ပေးကြ၏။ ကောင်းကြီးဂျိုးသည် ဤ သဘောတရား၏အနက်အဓိပ္ပာယ်ကို လုံးဝ စဉ်းစား၍မရပေ။

သူသည် သူ့ရိုင်ဖယ်သေနတ်ကို တိုက်ချွတ် ခြင်းမပြု။ သူ့နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို ဘယ်တော့မှ မရိတ်။ တစ်ကြိမ် နှစ်ကြိမ် မျှ ခွင့်ယူသွားပြီး တပ်ကို ပြန်မလာ။ သူ့တွင် ဤချွတ်ယွင်းချက် များနှင့် အတူ သူ့ကို အလုပ်တစ်ခုကို ခိုင်းလိုက်သည့်အခါတိုင်း ဆင် ခြေဆင်လက် ပေးနေတတ်သည့် ဝါသနာ ရှိခြင်းတည်း ဟူသော ချွတ်ယွင်းချက်လည်းရှိ၏။

သာမန်အားဖြင့် သူသည် စစ်တပ် သက်တမ်း တစ်ဝက်ကို ထောင်တွင်း၌ အချိန်ဖြုန်းခဲ့သည်။ စစ်တပ်တွင် နှစ် နှစ်မျှ အမှုထမ်းခဲ့ရာ ထောင်ထဲတွင် ဆယ့်ရှစ်လမျှ နေခဲ့ရ၏။ သူ့အနေဖြင့် စစ်တပ်ထဲတွင် နေခဲ့ရသည့် ဘဝ တွင် ပျော်ရွှင်သာယာမှု မရှိခဲ့ချေ။ မွန်ထရေး ထောင်ထဲတွင်မူ သူသည် အစစအရာရာ သက်သောင့် သက်သာ ရှိခဲ့သည်။ အပေါင်းအသင်းများနှင့်လည်း ဆုံမိခဲ့သည်။ တပ်ထဲတွင်မူကား သူ့ကိုတင်သည့် စွဲချက် မှာ များလွန်းလှ သဖြင့် ခေါင်းအလွန်ရှုပ်ရသည်။

သို့ဖြစ်ရာ တပ်အပေါ်၌ စိတ်ကုန်သောအစွဲသည် သူ့စိတ်တွင် ရာသက်ပန် အစွဲ တစ်ခုသဖွယ် ဖြစ်လာခဲ့ လေသည်။ စစ်ကြီးပြီးသွား၍ စစ်တပ်အားလုံးကို ဖျက်လိုက်သည့်အခါ ကောင်ကြီးဂျိုးသည် ထောင်မှ မလွတ်သေး။ ခြောက်လ တိတိ အပြစ်ဒဏ် ခံနေရသေးသည်။ စွဲချက်မှာ တာဝန်ကျနေစဉ် အရက်မူးခြင်း၊ တပ်ကြပ်ကို ရေနံဆီပုံး ဖြင့် ရိုက်ခြင်း၊ သူ၏ ကိုယ်ပိုင်အမှတ်ကို ပြောရန် ငြင်းဆိုခြင်း (သူ မမှတ်မိ၍ မပြောခြင်း မျှသာ ဖြစ်၏။ ထိုစဉ်က ဘာ ကိုမှ သတိမရသဖြင့် မေးသမျှ မေးခွန်းတိုင်းကို ဖြေရန် ငြင်းခဲ့သည်။) ပဲပြုတ် နှစ်ဂါလန် ခိုးခြင်းနှင့် ဗိုလ်မှူး၏မြင်းကိုစီးခြင်း စသည်ဖြင့် အများကြီးဖြစ်သည်။

အကယ်၍ ထိုအချိန်က စစ်ပြေငြိမ်းရေး စာချုပ်သာ လက်မှတ်မထိုးရသေးလျှင် ကောင်ကြီးဂျိုးသည် သေနတ် ဖြင့် ပစ်သတ်ခံရဖွယ်ရာရှိ၏။ သူသည် အခြားသော စစ်မှုထမ်းဟောင်းများ ကိုယ့်အရပ် ကိုယ့်ဒေသ ပြန်ရောက်ကာ စစ်အောင်ပွဲ၏အရသာ ဟူသမျှကို စားသောက်ပါးမျို၍ ကုန်ခါမှ သူ့နေရပ် မွန်ထရေးမြို့ သို့ ပြန်လည် ဆိုက်ရောက်ခဲ့ရ၏။

ကောင်ကြီးဂျိုး မီးရထား ပေါ်မှဆင်းလာသောအခါ သူ့ကိုယ်တွင် စစ်သုံး အနွေးထည်ကြီး၊ ကျူးနစ်ရှပ်အင်္ကျီနှင့် သက္ကလတ်ဘောင်းဘီ နှစ်ထည် ထပ်၍ ဝတ်ထားသည်။

မြို့ထဲတွင် ဥပဒေဖြင့် ဟိုဟာမလုပ်ရ။ ဒီဟာမလုပ်ရဟူသော တားဆီးပိတ်ပင်မှုမှတစ်ပါး အခြားပြောင်းလဲမှု ဘာတစ်ခုမှ မရှိ၊ မည်သို့ပင်ဖြစ်စေ ယင်းတားမြစ် ပိတ်ပင်မှုများသည် တော်ရဲလီး၏ဆိုင်ကို အသွင် ပြောင်းအောင် မလုပ်နိုင်ခဲ့ပေ။ ဂျိုးသည် သူ၏ အနွေးထည်အင်္ကျီကြီးကို ဝိုင်နှစ်ဂါလန်နှင့် အလဲအလှယ် လုပ်ပြီးသော် သူ၏ သူငယ်ချင်းစစ်၊ သူငယ်ချင်းကောင်း များကို လိုက်ရှာသည်။

ထိုညတွင် သူ့သူငယ်ချင်းများကိုတော့ မတွေ့၊ သို့သော်လည်း မွန်ထရေးမြို့ထဲတွင် လူများကို ထောင်ချောက်ထဲကျအောင် လုပ်ပေးမည့် လူဆိုး လူလည်များ၊ မိန်းမရွှင်များနှင့် ဖာခေါင်းများသည် ကတွတ်ဝက ဗိုင်းစောင့် သည့်နှယ် လာသမျှကို အမဲဖျက်ရန် စောင့်နေကြသည်ကိုကား ထုံးစံအတိုင်း တွေ့ရသည်။ ဂျိုးကိုယ်တိုင် ကလည်း ကိုယ်ကျင့်တရား ကောင်းရေးကို များစွာ အရေးထားသူမဟုတ်၊ ထို့ကြောင့် သူတို့ဆင် ထားသည့် ထောင်ချောက်ထဲသို့

အကျခံရန် ဝန်မလေး။ သူကိုယ်တိုင်ကလည်း အခုလို ထောင်ချောက်မျိုး ကိုကြိုက်သူဖြစ်သည်။

မကြာမီမှာပင် အင်္ကျီနှင့် လဲလာသော ဝိုင်တစ်ဂါလန် ပြောင်သွားသည်။ လက်ထဲတွင် ပိုက်ဆံလည်း မရှိတော့။ ထိုအခါ သူ့ကို ပိုင်း၍ အမဲဖျက်နေကြသော လူလည်လူလိမ်များက သူ့ကို ထောင်ချောက်ထဲမှ ပြန်ထုတ်ရန် အား ထုတ်ကြသည်။ သူကလည်း ထောင်ချောက်ထဲမှ မထွက်၊ အဘယ်ကြောင့်ဟူမူ ထောင်ချောက်ထဲ ၌ နေရသည် မှာ သူ့အဖို့ သက်သောင့်သက်သာ ဖြစ်နေပြီ မဟုတ်ပါလော။

ဤသို့ဖြင့် သူတို့လူစုက သူ့ကို အကြမ်းနည်းသုံး၍ ဆွဲထုတ်ပစ်ရန် ကြိုးစားကြသည်။

ကောင်ကြီးဂျိုးကလည်း ကြောက်စရာကောင်းလောက်အောင် အပြင်းအထန် ခုခံသည်။ ပရိဘောဂ ပစ္စည်း အားလုံးကို ထုရိုက် ကိုင်ပေါက်ဖျက်ဆီးသည်၊ ပြတင်းပေါက်တံခါးများကို ခွဲပစ်သည်၊ အဝတ်အစား မလုံ့တလုံ ဖြစ်နေသော မိန်းမများကို ငယ်သံပါအောင် အော်ဟစ်ပြီး ညအမှောင်ထုထဲသို့ ထွက်ပြေး ကုန်အောင် ရမ်းသည်။ ထိုကဲ့သို့ ထင်သလိုလုပ်၍ အားရကာမှ ပေါ်လာသည့် စိတ်ကူးအရ အိမ်ကို မီးရှို့သည်။

နောက်ဆုံးတွင် ပုလိပ်တစ်ယောက် ရောက်လာပြီး သူ့ကို ဆွဲသည်၊ ကောင်ကြီးဂျိုးက ပျော်ရွှင်မြူးထူးစွာဖြင့် သက်ပြင်းချသည်။ သူ့အိမ်ကို နောက်တစ်ကြိမ် ရောက်ရဦးတော့မည် မဟုတ်ပါလား။ သူ့ကို ချက်ချင်း ရုံးတင်သည်။ အမှုစစ်သည်မှာ မကြာလိုက်။ ဂျူရီတစ်ယောက်မှ မပါသော စစ်ဆေးကြားနာမှု ဖြစ်၏။ သူ့ကို ထောင်ဒဏ်ရက်ပေါင်း သုံးဆယ်ချသည်။ ဂျိုးသည် သူ့အတွက် ပေးထားသော သားရေခေါက် ခုတင် ပေါ်လှဲကာ ထောင်ဒဏ်ကာလ၏ဆယ်ပုံတစ်ပုံကို ကုလားသေကုလားမော အိပ်နေခြင်းဖြင့် အချိန်ကုန် လွန်စေခဲ့သည်။ ကောင်ကြီးဂျိုးသည် မွန်ထရေးထောင်ကို အလွန်သဘောကျသည်။ လူပေါင်းစုံကို တွေ့ရသည့်နေရာ တစ်နေရာဖြစ်၏။ အကယ်၍သာ ကြာကြာ နေရမည်ဆိုပါက ဝင်လိုက်ထွက်လိုက် လုပ်နေသော သူ့ သူငယ်ချင်း များနှင့် ဆုံမိတတ်သည်။ အချိန်သည် ကုန်လွယ်လှပါဘိခြင်း၊ သူထောင်ထဲမှ ထွက်ရသောအခါ ဝမ်းနည်း မိသည်၊ သို့သော်လည်း သိပ်ပြီး ဝမ်းနည်းစရာတော့ မလို၊ ထောင်ထဲပြန်လာဖို့ အလွန် လွယ်ကူသည်ကို သူကောင်းကောင်းကြီး သိထားသည်။

သူသည် ထောင်ချောက်ထဲသို့ နောက်ထပ်တစ်ဖန် ပြန်၍ ကျလိုသော်လည်း လက်ထဲတွင် ငွေမရှိ၊ ဝိုင်မရှိ၊ သူ့ ပေါင်းဟောင်း သင်းဟောင်းများဖြစ်သော ပီလွန်၊ ဒင်နီနှင့် ပက်ဘလိုတို့ကို တွေ့ လို တွေ့ငြား လမ်းတကာ ဝင်၍ ပိုက်စိပ်တိုက် ရှာပါသော်လည်း မတွေ့ ၊ ပုလိပ်ဆာဂျင် ကတော့ သူတို့သုံးဦးကို မဖမ်းရသည်မှာ ကြာပြီဟု ပြောသည်။"သူတို့

သေကုန်ပြီနဲ့တူတယ်"ဟု ဂျိုးက ပြောသည်။

သူသည် ဝမ်းနည်းစွာဖြင့် တော်ရဲလီ၏ဆိုင်သွားသည်။ သို့သော်လည်း တော်ရဲလီသည် ငွေမရှိသူ၊ ပစ္စည်းချင်း အလဲအလှယ်လုပ်ရန် ရုပ်ဝတ္ထုပစ္စည်း မရှိသူများကို တရင်းတနှီး ပေါင်းသူမဟုတ်၊ သူသည် ကောင်ကြီးဂျိုးကို ဝတ်ကျေ တမ်းကျေမျှသာ ပြောဆိုဆက်ဆံသည်။ သို့သော်လည်း တော်ရဲလီက ဒင်နီသည် တော်တီလာ ဖလက် ရပ်ကွက်တွင်းရှိ အိမ်တစ်လုံးကို အမွေရလိုက်သဖြင့် သူ့ သူငယ်ချင်း များနှင့်အတူ ထို အိမ်တွင် နေထိုင်လျက်ရှိကြောင်း သတင်းပေးသည်။

ကောင်ကြီးဂျိုးသည် သူ့ သူငယ်ချင်းများကို တွေ့ လိုသောဆန္ဒ အလွန်ပြင်းပြလာသည်။ ထိုနေ့ ညနေခင်း တွင် သူသည် ဒင်နီနှင့် ပီလွန်ကို ရှာရန် တော်တီလာဖလက် ရပ်ကွက်ဘက်သို့ ထွက်လာခဲ့၏။ တောင်ကုန်း အတက် လမ်းမပေါ် သို့ သူ ရောက်သွားချိန်တွင် မှောင်စပျိုးလာလေပြီ။ လမ်းခုလတ်မှာပင် တစ်ဖက်မှ ရေးကြီး သုတ်ပျာလျှောက်လာနေသော ပီလွန်နှင့် ဆုံမိသည်။

"ဟေ့ပီလွန် ငါမင်းတို့ဆီလာတာကွ""ဘယ်လို"ဂျိုး"ဟု ပီလွန်က ပြန်နှုတ်ဆက်သည်။"မင်း ဘယ်ပျောက်နေတာလဲ""ငါစစ်တပ်ထဲ ရောက်နေတယ်ဟု"ဂျိုး"က ပြန်ဖြေသည်။

ပီလွန်သည် ဂျိုးနှင့် ဆုံမိသည့်အပေါ်တွင် စိတ်ဝင်စားပုံမရ၊"ငါ သွားစရာ ရှိသေးတယ်ကွ"" ငါမင်းနဲ့ လိုက် မယ်လေ"ဟု ဂျိုးပြန်ပြောသည်။ ပီလွန်က ရပ်ပြီး ဂျိုးကို အကဲခတ်သည်။"ကနေ့ည ဘာညဆိုတာ မင်း မသိတော့ဘူးလား"သူမေးသည်။

"ဟင့်အင်း၊ ဘာညလဲ"" စိန့်အင်ဒရူးပွဲ အကြိုနေ့ညကွ"ပီလွန်ပြောမှပင် သူသတိရသည်၊ ယနေ့ညသည် ထောင်ထဲ အချုပ်ထဲ ရောက်မနေသည့် ပီဆာနိုး ယောက်ျားမှန်သမျှ သစ်တောများအတွင်း၌ လျှောက်သွားပြီး ဥစ္စာသိုက်များ ရှာဖွေကြမည့် ညဖြစ်၏။ ယခုလို စိန့်အင်ဒရူးပွဲတော် အကြိုနေ့များတွင် မြေကြီးထဲ၌ မြှုပ်နှံခြင်း ခံထားရသည့် ရွှေငွေရတနာ ပစ္စည်းများသည် မြေကို ဖောက်ထွင်း၍ အလင်းရောင်ပေးတတ်သည်ဟု သူတို့ ယုံကြည်ကြသည်။ သစ်တောများအတွင်းတွင် ဥစ္စာသိုက် အမြောက်အမြား ရှိသည်ဟုလည်း သူတို့ ယုံကြည် ထားကြ၏။

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာအတွင်း မွန်ထရေး မြို့သည် ရန်သူများ၏ ကျူးကျော်တိုက်ခိုက်မှုကို အကြိမ်ပေါင်း များစွာ ခံခဲ့ရသည်။ ယင်းကဲ့သို့ ဝင်ရောက်တိုက် ခြင်းခံရသည့်အခါတိုင်း မွန်ထရေးမြို့ တွင်းမှ လူအများသည် သူတို့ပိုင် အဖိုးတန် ရွှေငွေရတနာ ပစ္စည်းများကို သစ်တောများအတွင်းသို့ မြေမြှုပ်ထားလေ့ရှိသည်ဟု သူတို့ ယုံကြည်ထားကြ၏။

ညသည် ကြည်လင်သာယာလျက်ရှိ၏။ ယနေ့ညအဖို့တော့ ပီလွန်သည် စိတ်ကူးယဉ်ဝါဒသမားတစ်ဦးဖြစ်နေသည်။ ယနေ့ညအဖို့ သူသည် အယူသမားမလုပ်၊ အပေးသမားလုပ်မည်ဟု စိတ်ကူးဆုံးဖြတ်ထားသည်။ ယနေ့ည

အဖို့ ကရုဏာတရား ဝငှဖြန့်ဖြူးခြင်းဟူသော တာဝန်ကို သူယူမည်။

"မင်း လိုက်ချင်လည်း လိုက်ပေါ့၊ ဒါပေမယ့် ငါတို့အနေနဲ့ ဥစ္စာသိုက်တွေ့ ရင် တွေ့ တဲ့ပစ္စည်းတွေကို ဘယ်လို လုပ်ရမယ် ဆိုတာ ငါဆုံးဖြတ်ရလိမ့်မယ်၊ ငါဆုံးဖြတ်တာကို မင်း မနာခံဘူးဆိုရင်တော့ အခုကတည်းက ကိုယ့် လမ်းကိုယ်သွား၊ ကိုယ့်ပစ္စည်းကိုယ်ရှာတာ အကောင်းဆုံးပဲ"ကောင်ကြီးဂျိုးသည် သူ၏ ကိုယ်ပိုင်အား ထုတ်မှုကို အသုံးချရာ၌ ကျွမ်းကျင်လိမ္မာသူတစ်ဦးမဟုတ်၊"ငါ မင်း နဲ့ ပဲလိုက်မယ် ပီလွန်"ဟု ပြောသည်။

' ဥစ္စာသိုက်ကို ငါအရေးမထားပါဘူးကွ"

သူတို့နှစ်ယောက် သစ်တောထဲ ဝင်သွားခိုက်မှာပင် ညအမှောင်သည် ကျရောက်လာသည်။

သူတို့ ခြေထောက် များသည် ထင်းရှူးဆူးများကို နင်းမိကြသည်။ မြူနှင်းများသည် ကောင်းကင်ပြင်တွင် ရစ်ဆိုင်းလျက် ရှိကြသည်။ မြူနှင်းများနောက်တွင် လမင်းသည် ပုန်းကွယ်လျက်ရှိသည်။ သစ်တောပေါ်သို့ ဖြာကျ လျက်ရှိသော ဇာပဝါ ပါးပါး နောက်မှ ထိုးဖောက်လာနေသည့် အလင်းရောင်နှင့် တူလျက်ရှိသည်။ သစ်ပင် ပင်စည်များသည် မှုန်မွှား မွှား လရောင်အောက်တွင် အကောင်အထည်မရှိသော အရိပ်များနှင့် တူနေသည်။ ချုံပုတ်များသည် ပီပီပြင်ပြင် မရှိ၊ အခုလို ညမျိုးတွင် သရဲတစ္ဆေများသည် လွတ်လပ်စွာ လှုပ်ရှား သွားလာ နိုင်၏။ ညသည် ချောက်ချားဖွယ်ရာ ကောင်းလှချေသည်။

ပီလွန်နှင့် ကောင်ကြီးဂျိုးတို့သည် သူတို့လို သစ်တောအတွင်း၌ လှည့်လည်သွားလာနေကြသော လူများနှင့် မကြာ မကြာ ဆုံမိကြသည်။ ထိုလူစု၏ ဦးခေါင်းများသည် ငုံ့ထားကြသည်၊ တိတ်တိတ်ဆိတ်ဆိတ် သွားလာလှုပ် ရှားနေကြခြင်းဖြစ်၏။ ပီလွန်တို့ကို တွေ့ သော်လည်း နှုတ်ဆက်စကားမပြော။ သူတို့နှင့် ဆုံမိသမျှ လူအားလုံးကို လူသားစစ်စစ် တွေ ချည်း ဖြစ်သည်ဟု မည်သူက အာမခံ၍ ပြောနိုင်ပါမည်နည်း။ လူယောင် ဆောင်ထားသည့် နာနာဘာဝ တွေ ပါချင်လည်း ပါနိုင်စရာရှိ၏။

အချို့ လူများသည် ပစ္စည်းများ မြှုပ်နှံထားကြသည့် အဘိုးအိုများ ဖြစ်သည်ကို ပီလွန် ရော ဂျိုးပါ သိကြသည်။ ဤ အဘိုးအိုများက တော့ ပစ္စည်းရှာရန် လာကြခြင်းမဟုတ်။ သူတို့ မြှုပ်ထားသည့် ပစ္စည်းများကို အခြားလူများ တွေ့ သွားမည်စိုး၍ လာရောက်ကြည့်ရှုကြခြင်းဖြစ်သည်။ ပီလွန်သည် သူတော်စင်ပုံပါသော လက်ဖွဲ့ တစ်ခုကို လည်ပင်း၌ ဆွဲထားသည်။ ကောင်ကြီးဂျိုးကတော့ တစ်လမ်းလုံး သူ့လက်နှစ်ဖက်ကိုယှက်၍ လက်ပါး ကပ်တိုင်ပုံသဏ္ဍာန် ပြုလုပ်ပြီး လိုက်လာသည်။ သူတို့သည် တစ္ဆေသူရဲအခြောက်ခံရမည်ကို ကြောက်ရွံ့ နေကြ၏။ သို့သော်လည်း သူတို့ကို သူတော်စင်ပုဂ္ဂိုလ်များက အကာ အကွယ်ပေးနေသဖြင့် လုံခြုံမှုတော့ အပြည့်အဝ

ရှိနေသည်ဟု ယုံကြည်ထားကြလေသည်။

လေသည် ထန်လာသည်။ မြူနှင်းများသည် လမင်းပေါ်မှ ဖြတ်သန်းကာ တရိပ်ရိပ် ပြေးသွားလျက်ရှိကြ၏။ လေ အရှိန်ဖြင့် သစ်ပင်ချုံပင်များသည် လှုပ်ရှားလာကြသည်။ သစ်ပင်ထိပ်ဖျားများဆီမှ အော်မြည် ညည်းတွားသံများ ကြားလာရသည်။ အခုလိုညမျိုးတွင် သစ်ပင်များ၏အသံကို နားထောင်ရသည်မှာ ကြောက်စရာ ကောင်းသည်ဟု ပီလွန်က ထင်သည်။ ထို့ကြောင့်လည်း သူသည် သစ်ပင်များ၏ အသံကို နားမထောင် မိစေရန်သူ့နားများကို ပတ်ဝန်းကျင်မှ အခြားအသံဗလံများအပေါ် စူးစိုက်နေလိုက်ပြီးလျှင် အားထုတ်လျက် ရှိလေသည်။

ပီလွန်သည် သစ်တောအတွင်းရှိ ကွေ့ကောက်နေသော လူသွားလမ်းများအတိုင်း ကွေ့ကာ ပတ်ကာ သွားလျက် ရှိသည်။ ဂျိုးကတော့ အလွန် နိုးနိုးကြားကြား ဖြစ်နေသော ခွေးတစ်ကောင် သဖွယ် သူ့ဘေးမှ ကပ် ၍ လိုက်သည်။ အလွန် နှုတ်ဆိတ်လျက်ရှိသော လူများသည် သူတို့ဘေးမှ မကြာမကြာ ဖြတ်လျှောက် သွားနေ ကြသည်။

လမ်းတစ်ဖက်ရှိ အငူပေါ်မှ မြူနှင်းများ ထူထပ်သိမ်းသည်းစွာ ကျလာတော့မည်ဟု သတိပေးနေ သော ဥဩသံသည် စူးရှစွာ ထွက်ပေါ်လာသည်။ တစ်ချိန်သောအခါက သောင်ခုံ ကျောက်တန်း အောက်ဘက်၌ နစ်မြုပ် သွားခဲ့ကြသော သင်္ဘောများနှင့် သေဆုံးသွားခဲ့ကြသော လူများအတွက် ငိုကြွေးမြည်တမ်း နေသည်ဟု ပင် ထင်ရ၏။

ညသည် နွေးနွေးထွေးထွေးတော့ ရှိပါ၏။ သို့သော်လည်း ပီလွန်သည် ကြောက်စိတ်ဖြင့် တစ်ကိုယ် လုံး အေးစက်ကာ တုန်လျက်ရှိသည်။ သူသည် အန္တရာယ်ကင်း ဂါထာတစ်ခုကို ခပ်တိုးတိုး ရွတ်သည်။ ခေါင်းကြီးကို ငုံ့၍ လျှောက်လာနေသော မွဲခြောက်ခြောက် အရောင်အဆင်းရှိသည့် လူ တစ်ယောက်သည် သူတို့ ဘေး မှ ရိပ်ခနဲ ဖြတ်သွားသည် ပီလွန်နှင့် ဂျိုးတို့သည် နောက်ထပ် တစ်နာရီခန့် ဆက်၍ လျှောက်နေကြပြန်သည်။ ရုတ်တရက် ပီလွန်က ရပ်လိုက်ပြီး ဂျိုး၏လက်မောင်းကို လှမ်းဆွဲသည်။"ဟော့ ... ဂျိုး၊ မင်း မြင် လား"ဟု မေးသည်။

ဘယ်မှာလဲ"

" ရှေ့တည့်တည့်မှာကွ"

" အာ ... အင်း၊ ငါမြင်မိသလိုပဲ"

ပီလွန်က သူ့ ရှေ့တည့်တည့် ဆယ်ကိုက်ခန့် အကွာရှိ မြေကြီးပေါ်တွင် အပြာရောင် အလင်းတန်း တစ်ခုကို ဂိုးတိုး ပါးတား မြင်မိသည်ဟု ထင်နေသည်။

ဟော့ကောင် ဂျိုး"ဟု ပီလွန်က တိုးတိုးခေါ်သည်။"အရှည်သုံးပေလောက်ရှိတဲ့ တုတ်နှစ်ချောင်း ရှာ ချေကွာ၊ ငါဒီနေရာက ဘယ်မှ သွားလို့ မဖြစ်ဘူး။ ဟို အလင်းရောင် ပျောက်သွားမှာ စိုးရတယ်"ကောင်ကြီး ဂျိုးသည် တုတ်ရှာရန် လမ်းတစ်ဖက်သို့ ဖဲ့ဆင်းသွားသည်။

ထင်းရှူးကိုင်းခြောက်များ ချိုးဖဲ့နေသံကို ကြားရသည်။ ပီလွန်သည် သူ မြင်နေရသော မီးခိုးတန်းလိုလို အရောင်ကို မျက်ခြည် မပြတ် ကြည့်နေသည်။

အလင်းရောင်သည် မှေးမှိန်လွန်းသဖြင့် တစ်ခါတစ်ရံ ပျောက်ကွယ်သွားတော့မည်ဟု ထင်ရ၏။ တစ်ခါတစ်ရံ ကျတော့လည်း သူမြင်နေရသည်မှာ အလင်းရောင်မှ ဟုတ်ပါ လေစဟူသော သံသယ ဝင်လာသည်။ ဂျိုးက သူ့လက်အောက်ထဲသို့ တုတ်များ ထိုးထည့်ပေးချိန် အထိ သူ့မျက်စိများသည် သူ မြင်နေ ရသည့် အရာပေါ်မှမခွာ၊ ပီလွန်သည် ထင်းရှူးသော တုတ်နှစ် ချောင်းကို တစ်ခုပေါ် တစ်ခု ကန့်လန့် ဖြတ်ကာ လက်ဝါးကပ်တိုင်ပုံ ပြုလုပ်လိုက်ပြီး ရှေ့သို့ ခပ်ဖြည်း ဖြည်း လျှောက်သွားသည်။ သူ ကပ်သွားသည့်အခါ အလင်းရောင် ဘယ်နေရာက လာနေသည်ကို မြင်ရသည်။ ထင်းရှူးဆူးများ ကျနေသည့် ချိုင့်ခွက်ကလေးထဲမှ လာနေ ခြင်းဖြစ်၍ စက်ပိုင်းပုံသဏ္ဍာန် ဖြစ်နေသည်ကို တွေ့ရလေသည်။

ပီလွန်က သူကိုင်လာသည့် လက်ဝါးကပ်တိုင်ကို ချိုင့်ခွက်ကလေး ပေါ်ချလိုက်ပြီး ရေရွတ်သည်။"ဒီနေရာမှာရှိတဲ့ ပစ္စည်းဥစ္စာမှန်သမျှကို ငါတွေ့တာ အားလုံး ငါပိုင်တယ်၊ မကောင်းတဲ့ ဝိညာဉ်တွေ ဖယ်ကြဲ ရှားကြဲ၊ ပေးရာကို သွားကြဲ၊ ဒီပစ္စည်းဥစ္စာတွေကို မြှုပ်နှံခဲ့တဲ့ လူတွေရဲ့ ဝိညာဉ်တွေ ဒီနားမလာကြနဲ့၊ သွားကြဲ၊ ဖယ်ကြဲ၊ ရှားကြဲ" ထို့နောက် သူသည် သက်ပြင်းကြီး တစ်ချက်ချလိုက်ပြီး မြေပြင်ပေါ် ဖင်ချထိုင်သည်။

"ငါတို့တွေ့ပြီ သူငယ်ချင်း ဂျိုးရေ"ဟု သူကပြောသည်။"နှစ်ပေါင်းများစွာ ငါရှာနေတဲ့ ပစ္စည်းကို ငါအခု တွေ့ပြီ"

တူးကြရအောင်လေကွာ"ဟု ကောင်ကြီးဂျိုးက ပြောသည်။

ပီလွန်က ခေါင်းခါသည်၊"ဂိညာဉ်တွေ ဒီအနီးနားက ထွက်သွားမှ တူးရမှာကွ၊ အခု ငါတို့ ဒီနေရာမှာ ထိုင်နေတာ တောင် အန္တရာယ်က အများသားရယ်၊ မင်းဆိုတဲ့ကောင်က အရူးပဲ ကောင်ကြီးဂျိုး၊ ငါတို့ ဒီနေရာ မှာ မိုးစင်စင် လင်းတဲ့အထိ ထိုင်နေရမှာ၊ ပြီးတော့မှ ဒီနေရာကို အမှတ်အသားတစ်ခု လုပ်ခဲ့ရမယ်၊ မနက်ဖြန် ညကျ မှ တူးရမှာ၊ အခုဆို ဒီနေရာက အလင်းရောင်ကို တခြားလူတွေ မမြင်အောင် လက်ဝါးကပ်တိုင်နဲ့ အုပ်ထား လိုက်ပြီးပြီ၊ မနက်ဖြန် ညဆိုရင် ဘာအန္တရာယ်မှ မရှိတော့ဘူး"

ညသည် တိတ်ဆိတ်လျက်ရှိရာ ချောက်ချားစဖွယ် ကောင်းလှ၏။ သို့သော်လည်း လက်ဝါးကပ်တိုင်က သူတို့ကို လုံခြုံမှုပေးလျက်ရှိသည်။ သူတို့ အဖို့တော့ လက်ဝါးကပ်တိုင်သည် အနွေးဓာတ်ပေးနေသည့် မီးပုံကြီး တစ်ပုံနှင့် တူနေသည်။ မည်သို့ပင်ဖြစ်စေ မီးပုံကြီးနှင့်တူသော လက်ဝါးကပ်တိုင်သည် သူတို့၏ လုံခြုံမှုကို ရှေ့မှသာ ပေး နေခြင်းဖြစ်ရာ သူတို့ နောက်ကျောဘက်ကို တစ္ဆေသရဲများက ရန်ရှာနိုင်စရာ ရှိနေသည်။

ပီလွန်သည် ထိုင်နေရာမှထကာ ထိုနေရာ၏ ဘေးပတ်ပတ်လည်တွင်

စည်းဝိုင်းကြီးတစ်ခု ဆွဲလိုက်သည်။"တန်ခိုး အကြီးဆုံးသော ဘုရားသခင်၏ အမိန့်၊ တစ္ဆေသရဲနှင့် မကောင်းဆိုးဝါး ဝိညာဉ်များ ဤစည်းပိုင်း အတွင်း သို့ မဝင်ရ"ဟု ရွတ်လိုက်သည်။ ထို့နောက် သူနေရာတွင် ပြန်ထိုင်သည်။ ပီလွန်ရောဂျိုးပါ နှစ်ဦးလုံး စိတ်အေး သွား ကြသည်။ သူတို့၏ နားများသည် မကောင်းဆိုးပါး တစ္ဆေသရဲများ၏ ခြေသံကို ကြားနေ ရသည်။ သူတို့၏ မျက်စိ များသည် သူတို့ဘေးပတ်ပတ်လည်မှ ဖြတ်သန်းသွားလာနေကြသော ထို မကောင်းဆိုးဝါး များ၏ မှုန်ပါးပါး အရိပ် များကို မြင်နေရသည်။ သို့သော်လည်း သူတို့တားထားသည့် စည်းပိုင်းသည် ဖြတ်သန်းဝင်ရောက်ရန် ခက်ခဲသည်။ ဤကမ္ဘာလောကမှ မည်သည့် မကောင်းဆိုးဝါးမှ မဝင်နိုင် လောက်အောင် ခိုင်မာသည့် စည်းပိုင်းဖြစ်သည်။

"မင်း ငွေတွေရရင် ဘာလုပ်ဖို့ စိတ်ကူးထားလဲ"ဟု ကောင်ကြီးဂျိုးက မေးသည်။ ပီလွန်က ဂျိုးကို အော့နှလုံးနာသည့် မျက်နှာထားဖြင့်ကြည့်သည်။"မင်း ဆိုတဲ့ကောင်ဟာ ခက်ပါတယ်၊ မင်း ဥစ္စာသိုက် မတူးဖူး ဘူးလား ဂျိုး၊ မတူဖူးဘူးနဲ့တူပါတယ်၊ မတူးဖူးတော့လည်း ဘယ်လိုတူးရမယ်ဆိုတာ မင်း ဘယ်သိ မလဲ၊ အခုရမယ့် ပစ္စည်းတွေကို ငါယူထားလို့ မဖြစ်ဘူး၊ တကယ်လို့ ငါပဲယူထားမယ်လို့ စိတ်က ရည်ရွယ် လိုက်ရင် ဒီပစ္စည်းတွေဟာ သူ့ဘာသာသူ အလိုအလျောက် မြေကြီးထဲ နက်သည်ထက် နက် ဝင်သွားမှာ၊ ငါဘယ်ပဲ ရှာရှာ တွေ့မှာမဟုတ်တော့ဘူး။ အဲဒီတော့ ဘယ်လိုနည်းနဲ့မှ မင်းထင်သလို လုပ်လို့ မဖြစ်ဘူး။ အခု ငါရည်ရွယ်ထားတာက ဒီပစ္စည်းရရင် ဒင်နီကို ပေးမှာကွ"

ထိုအခါ ကျမှပင် ပီလွန်၏ စိတ်ကူးယဉ်ထားမှုသည် ရုပ်လုံးပေါ်လာသည်။ သူသည် ဒင်နီက သူ့အပေါ် မည်မျှ အထိ ကောင်းရှာသည်ကို ဂျိုး အား အသေးစိတ် ပြောပြသည်။"တို့အနေကတော့ အခုထိ သူ့အတွက် ဘာတစ်ခုမှ လုပ်မပေးရသေးဘူး"ဟု ပီလွန်က ပြောသည်။"အိမ်လခ လည်း တစ်ပြားမှ မပေးရသေးဘူး၊ တစ်ခါတစ်လေ ငါတို့က အရက်မူးပြီး သူ့အိမ်က စားပွဲ၊ ကုလားထိုင် တွေကို ဖျက်ဆီးကြသေးတယ်။

တစ်ခါတလေများ သူနဲ့ရန်ဖြစ်ပြီး ငါတို့က ထိုးကြကြိတ်ကြ ဆဲကြဆိုကြ လုပ်သေးတယ်၊ အိုကွာ၊ ငါတို့ လူစုဟာ အလွန်ဆိုးတဲ့ ကောင်တွေပါ ကောင်ကြီးဂျိုးရာ သိလား၊ ငါတို့ အားလုံးပါပဲ။ ဟိုကောင် ပက်ဘလို ရယ်၊ ဂျီးဆပ်စ်မေရီယာရယ်၊ ပြီးတော့ ပင်လယ်ဓားပြဆိုတဲ့ ကောင်ကြီးက ဒီသစ်တောထဲဝင်ပြီး သိုက်တူး မလို့ လိုက်ရှာနေကြတာ၊ အဲဒီတော့ ရတဲ့ပစ္စည်းတွေကို ဒင်နီအတွက်လို့ ရည်ရွယ်ထားတယ်၊ ဒင်နီက သိပ်ကောင်း ရှာတယ် ဂျိုး၊ သူက သဘောလည်းကောင်း၊ သနားလည်း သနားတတ်တယ်၊ သူကောင်း သလောက် ငါတို့က ဆိုးတယ်၊ ဒါပေမယ့် အခုလို ရွှေငွေပစ္စည်းတွေရလို့ သူ့ကို ပေးမယ် ဆိုရင်တော့ သူ သိပ်ဝမ်းသာ မှာကွ၊ သိလား တကယ်တော့ကွာ ငါ့နှလုံးသားက ဖြူစင်ပြီး အတ္တစိတ်နည်းလို့သာ ဟောဒီဥစ္စာ

သိုက်ကို တွေ့တာကွ"

" မင်းအတွက် နည်းနည်းပါးပါးလောက် ယူမထားတော့ဘူးလား"ဟု ကောင်းကြီးဂျိုးက မေးသည်။"ဝိုင် တစ်ဂါလန် ဖိုး လောက်တောင် ယူထားဖို့ စိတ်မကူးဘူးလား"

ယနေ့ည အဖို့တော့ ဒုစရိုက်ကောင် ပီလွန်တွင် သူတော်ကောင်းစိတ်ဝင်နေသည်။"ရွှေတွေ့ရင် ရွှေးစလေး တစ် စတောင် မယူဘူး၊ ငွေဆိုရင်လည်း တစ်ပြားတစ်ချပ်မှ ယူထားဖို့ စိတ်မကူးဘူး၊ ရသမျှအားလုံး ဒင်နီကိုပဲ ပေးမယ်"ကောင်းကြီးဂျိုး စိတ်ပျက်သွားသည်။"ငါ မင်းနောက်က တကောက်ကောက် လိုက်နေရပြီး ဝိုင်လေး တစ်ခွက်တစ်ဖလား မှ မသောက်ရတော့ဘူးလားကွာ"ဟု ညည်းညည်းညူညူ ပြောသည်။"ဒင်နီ မှာ ငွေရှိရင်ကတော့ မနေပါဘူးကွာ"ဟု ပီလွန်က ပြောသည်။"သူ့အနေနဲ့ ဝိုင် နည်းနည်းပါးပါးတော့ ဝယ်မှာပါ၊ တစ်ခုတော့ မင်းကို ပြောထားမယ်၊ ငါကတော့ ဝုင်ဝယ်ဖို့ သူ့ကို တိုက်တွန်းလိမ့်မယ်လို့ မမျှော်လင့်နဲ့။

သူပိုင်တဲ့ငွေ သူ့သဘောနဲ့သူ ဝယ်တာပဲ ကောင်းတယ်၊ အေး သူဝယ်ရင် မင်းကလည်း သူနဲ့ အဆင်ပြေရင် တစ်ခွက်တစ်ဖလား တော့ သောက်ရမှာပေ့ါ ဟုတ်ဖူးလား

ဒင်နီ အကြောင်း ကောင်းကောင်းသိနေသော ကောင်ကြီးဂျိုးသည် စိတ်သက်သာရာ ရသွားသည်။ သူ့ လက်ထဲ၌ ငွေသာရှိပါစေ ဒင်နီသည် ဝိုင်အများကြီး ဝယ်လိမ့်မည်ဟု တွေးမိသည်။ ညသည် တရွေ့ရွေ့ ကုန်ဆုံးလာသည်။ လသည် အနောက်ဘက်သို့ လျှောဆင်းသွားလေပြီ။ သစ်တောအုပ်သည် အမှောင်ထုအောက်သို့ ရောက်သွားသည်။ မြို့နှင်းများအတွက် သတိပေးဥသြသံသည် အဆက်မပြတ် အော်မြည် နေဆဲ။ ပီလွန်သည် ကောင်ကြီးဂျိုးကို စိတ်ကောင်းထားရန် တရားဟောလျက်ရှိလေသည်။

ကရုဏာတရား ထားတာရယ်၊ ရက်ရောတာရယ်၊ အဲဒီနှစ်မျိုးစလုံးဟာ သိပ်တန်ဖိုးရှိတယ်ကွ သိလား"ဟု သူက ဆိုသည်။"အဲဒီစိတ်မျိုးကို လက်တွေ့ အကောင်အထည် ဖော်သွားမယ်ဆိုရင် မင်း နတ်ပြည် ရောက်မှာ သေချာတယ်။ လောလောဆယ်လည်း မင်းကို အကျိုးပေးမှာပဲ၊ မင်းကို ဘုရားသခင် ကြည့် မနေဘူး၊ ဗိုက်ဝအောင် ကျွေးမယ်၊ ကုလားအုတ်မွေး လို နူးညံ့တဲ့ အဝတ်တွေ ပေးမယ်၊ ငါဟာ အမြဲတမ်း လူကောင်း တစ်ယောက် မဖြစ်ခဲ့ပါဘူး ဂျိုးရာ၊ ဒါကို အခု ပွင့်ပွင့်လင်းလင်း ဝန်ခံတယ်။

ပီလွန့်အကြောင်းကို ကောင်ကြီးဂျိုးက ကောင်းကောင်းသိသည်။ ငါဟာ ဆိုးခဲ့ပါတယ်ကွာ"ဟု ပီလွန်က သူ့ကိုယ်သူ အလွန်ကျေနပ်သော လေသံဖြင့် ဆက်ပြောသည်။ သူသည် ဤစကားမျိုး ပြောနေရခြင်းတွင် အရသာတွေ့ နေဟန်တူ၏။"ငါဟာ လိမ်ခဲ့ညာခဲ့တယ်၊ ခိုးခဲ့တယ်၊တဏှာရာဂ လည်း ကြီးခဲ့တယ်၊ သူများမယားလည်း ကြာခိုခဲ့တယ်၊"အေးကွ၊ ဟုတ်တယ်၊ ငါလည်း မင်းလိုပဲ"ဟု

ကောင်ကြီးဂျိုး ဝမ်းသာအားရထောက်ခံသည်။

" အဲဒီတော့ ရလာတဲ့ အကျိုးကျေးဇူးကဘာလဲ ကောင်ကြီးဂျိုး၊ မင်းစဉ်းစားကြည့်စမ်း၊ ငါ့မှာ အင်မတန် ယုတ်ညံ့ တဲ့ စိတ်ထားတွေလည်း ရှိခဲ့တယ်။ ငါဟာ ငရဲသွားရမယ့်ကောင်ပါ၊ ငါသိပါတယ်၊ ငါ့အနေနဲ့ ဒီနေ့ ဒီရက် အထိဘုန်းတော်ကြီးဆီမှာ ကိုယ်ပြုခဲ့တဲ့အမှားတွေကို ဝန်ခံချက် မပေးသေးပေမယ့် အခုလို စိတ်ပြောင်း တယ် ဆိုရင်ပဲ ဘုရားသခင်က ကျေနပ်လိမ့်မယ်လို့ ငါ့စိတ်ထဲမှာ ခံစားနေရတယ်၊ အဲဒီတော့ကွာ ငါပြောမယ်၊ မင်းလည်းပဲ မင်းစိတ်ဓာတ်နဲ့ မင်းရဲ့ လုပ်နည်းလုပ်ဟန်တွေကို ပြောင်းပစ်လိုက်မယ်ဆိုရင် ကောင်း မှာပဲ၊ ဆိုကြပါစို့ကွာ တကယ်လို့ မင်းအနေနဲ့ အရက်မူးတာတွေ၊ ရန်ဖြစ်တာတွေ၊ ဒိုရာဂီလျံရဲ့ ဂေဟာက ကောင်မတွေနဲ့ ပျော်ပါးတာတွေကိုသာ စွန့်လွှတ်လိုက်မယ်ဆိုရင် မင်းစိတ်ထဲမှာလည်း ငါအခု ခံစားနေရ သလို ခံစားမှာပဲကွ"

သို့သော်လည်း ထိုအချိန်တွင် ကောင်ကြီးဂျိုးသည် ပီလွန်၏ တရားဒေသနာကို မကြားတော့ပေ။ သူသည် အိပ် မောကျနေပြီဖြစ်၏။ ကောင်ကြီးဂျိုးသည် လှုပ်လှုပ်ရှားရှားမနေရလျှင် သူ့မျက်လုံးများကို ဘယ်တော့မှ ကျယ်ကျယ် ဖွင့်ထားနိုင်သူ မဟုတ်။

ပီလွန်ကတော့ သူ့နေရာ၌ အေးအေးဆေးဆေး ထိုင်ကာ သူတွေ့ထားသည့် နေရာကို မမှိတ်သော မျက်စိများဖြင့် စောင့်ကြည့်လျက်ရှိသည်။ ကောင်းကင်သည် ညိုမှိုင်းမှိုင်းဖြစ်လာသည်။ မြူနှင်းများ နောက်ကွယ်မှ အရုဏ်သည် ဖြည်းဖြည်းချင်း ထိုးဖောက်ဝင်ရောက်စပြုပြီး မထင်မရှားဖြစ်နေသော ထင်းရှူးပင် များသည် ပီပီပြင်ပြင် ရုပ်လုံးပေါ်လာကြသည်။ လေသည်လည်း ငြိမ်သွားခဲ့လေပြီ။ ချုံကြိုချုံကြားမှ ယုန်များသည် ခုန်ဆွ ခုန်ဆွ လုပ်ကာ ထွက်လာကြသည်။ အိပ်ချင်လွန်းအားကြီးသဖြင့် မျက်ခွံများလေးလျက်ရှိသော ပီလွန်သည် စိတ်ကတော့ ပျော်ရွှင်တက်ကြွလျက်ပင်ရှိလေသည်။ အလင်းရောင်ဝင်လာသောအခါ သူသည် ကောင်ကြီးဂျိုးကို ခြေထောက်ဖြင့် ကန်၍ နှိုးပြီး"ဟေ့ ဂျိုး၊ ထတော့ ဒင်နီဆီသွားဖို့ အချိန်ကျပြီး လင်းနေပြီဟ"ဟုပြောသည်။

ထို့နောက် ဥစ္စာသိုက်ဟု သတ်မှတ်ထားသောနေရာ၌ ချထားသော ထင်းရှူးသား လက်ဝါးကပ်တိုင်ကို ဆက်၍ သုံးရန် မလိုတော့သဖြင့် ဖျတ်ခနဲ ကော်ယူပြီး လွှင့်ပစ်လိုက်သည်။ ပြီးတော့ ညက ဆွဲထားသည့် စည်းဝိုင်းကို ပြန်ဖျက်သည်။"ကဲ ပြီးသွားပြီ၊ အခုချိန်မှာ အမှတ်အသားတွေ ထားခဲ့လို့ မဖြစ်တော့ဘူး၊ အနီးအနားက သစ်ပင်တွေနဲ့ ကျောက်တုံးကျောက်ခဲတွေကို ကြည့်ပြီး ဒီနေရာကို မှတ်မိနေအောင်တော့ လုပ်ထားဦးမှ"

"ငါတို့ အခုချက်ချင်း ဘာပြုလို့ မတူးသေးတာလဲကွာ"ဟု ကောင်ကြီးဂျိုးက မေးသည်။

"ဩ မင်းက တော်တီလာဖလက်ရေပ်ကွက်ထဲက ရှိသမျှလူအကုန်ထွက်ပြီး

ငါတို့ကိုကူညီစေချင်လို့လား"ဟု ပီလွန်က ငေါ့တော့တော့လေသံဖြင့် ပြောသည်။ သူတို့သည် ပတ်ဝန်းကျင်ကို ဂရုတစိုက်လေ့လာကြသည်။ ညာဘက်မှာ သစ်ပင်သုံးပင် အစုလိုက်ရှိတယ်၊ ဘယ်ဘက်မှာ နှစ်ပင်၊ ဟိုဘက်မှာ ချုံဖုတ်တစ်ခုနဲ့ ဒီဘက်မှာ ကျောက်တုံးတစ်တုံး"သူရေရွတ်သည်။ နောက်ဆုံးတွင် သူတို့သည် ထိုနေရာမှ ထွက်လာခဲ့ကြသည်။

သို့သော်လည်း ထိုအချိန်တွင် ကောင်ကြီးဂျိုးသည် ပီလွန်၏ တရားဒေသနာကို မကြားတော့ပေ။ သူသည် အိပ် မောကျနေပြီဖြစ်၏။ ကောင်ကြီးဂျိုးသည် လှုပ်လှုပ်ရှားရှားမနေရလျှင် သူ့မျက်လုံးများကို ဘယ်တော့မှ ကျယ်ကျယ် ဖွင့်ထားနိုင်သူ မဟုတ်။

ပီလွန်ကတော့ သူ့နေရာ၌ အေးအေးဆေးဆေး ထိုင်ကာ သူတွေ့ထားသည့် နေရာကို မမှိတ်သော မျက်စိ များဖြင့် စောင့်ကြည့်လျက်ရှိသည်။ ကောင်းကင်သည် ညိုမှိုင်းမှိုင်းဖြစ်လာသည်။ မြူနှင်းများ နောက်ကွယ်မှ အရုဏ်သည် ဖြည်းဖြည်းချင်း ထိုးဖောက်ဝင်ရောက်စပြုပြီး မထင်မရှားဖြစ်နေသော ထင်းရှူးပင် များသည် ပီပီပြင်ပြင် ရုပ်လုံးပေါ်လာကြသည်။ လေသည်လည်း ငြိမ်သွားခဲ့လေပြီ။ ချုံကြိုချုံကြား မှ ယုန်များသည် ခုန်ဆွခုန်ဆွ လုပ်ကာ ထွက်လာကြသည်။ အိပ်ချင်လွန်းအားကြီးသဖြင့် မျက်ခွံများ လေးလျက်ရှိ သော ပီလွန်သည် စိတ်ကတော့ ပျော်ရွှင်တက်ကြွလျက်ပင်ရှိလေသည်။

အလင်းရောင်ဝင်လာသောအခါ သူသည် ကောင်ကြီးဂျိုးကို ခြေထောက်ဖြင့် ကန်၍ နှိုးပြီး"ဟေ့ ဂျိုး၊ ထတော့ ဒင်နီဆီသွားဖို့ အချိန်ကျပြီ၊ လင်းနေပြီဟ"ဟုပြောသည်။

ထို့နောက် ဥစ္စာသိုက်ဟု သတ်မှတ်ထားသော နေရာ၌ ချထားသော ထင်းရှူးသား လက်ဝါးကပ်တိုင်ကို ဆက်၍သုံးရန် မလိုတော့သဖြင့် ဖျတ်ခနဲ ကော်ယူပြီး လွှင့်ပစ်လိုက်သည်။ ပြီးတော့ ညက ဆွဲထားသည့် စည်းဝိုင်းကို ပြန်ဖျက်သည်။"ကဲ ပြီးသွားပြီ၊ အခုချိန်မှာ အမှတ်အသားတွေ ထားခဲ့လို့ မဖြစ်တော့ဘူး၊ အနီးအနားက သစ်ပင်တွေနဲ့ ကျောက်တုံးကျောက်ခဲတွေကို ကြည့်ပြီး ဒီနေရာကို မှတ်မိနေအောင်တော့ လုပ်ထားဦးမှ"

" ငါတို့ အခုချက်ချင်း ဘာပြုလို့ မတူးသေးတာလဲကွာ"ဟု ကောင်ကြီးဂျိုးက မေးသည်။

" သြ မင်းက တော်တိလာဖလက်ရပ်ကွက်ထဲက ရှိသမျှလူ အကုန်ထွက်ပြီး ငါတို့ကို ကူညီစေချင်လို့လား"ဟု ပီလွန်က ငေါ့တော့တော့လေသံဖြင့် ပြောသည်။

သူတို့သည် ပတ်ဝန်းကျင်ကို ဂရုတစိုက်လေ့လာကြသည်။

" ညာဘက်မှာ သစ်ပင်သုံးပင် အစုလိုက်ရှိတယ်၊ ဘယ်ဘက်မှာ နှစ်ပင်၊ ဟိုဘက်မှာ ချုံဖုတ်တစ်ခုနဲ့ ဒီဘက်မှာ ကျောက်တုံးတစ်တုံး"သူရေရွတ်သည်။ နောက်ဆုံးတွင် သူတို့သည် ထိုနေရာမှ ထွက်လာခဲ့ကြသည်။ လျှောက်လာနေကြရင်းမှလည်း လမ်းကို သတိထား၍ မှတ်လာကြသည်။

ဒင်နီ၏ အိမ်တွင် ပင်ပန်းမောဟိုက်နေကြသော သူငယ်ချင်းများနှင့် ပြန်လည် ဆုံတွေ့ကြသည်။"မင်း တွေ့ခဲ့ လား"ဟု သူငယ်ချင်းများက အားတက်သရော ဆီး၍မေးကြသည်။

" ဟင့်အင်း၊ မတွေ့ဘူး"ဟု ပီလွန်က ဂျိုးမပြောမီ သူက လက်ဦးအောင် ကပျာကယာဖြေသည်။

" ပက်ဘလိုက သူ အလင်းရောင်ကို မြင့်တယ်လို့ထင်တယ်၊ ဒါပေမယ့် သူ အဲဒီနေရာမရောက်ခင် ပြန်ပျောက် သွားတယ်၊ ပြီးတော့ ပင်လယ်စားပြကလည်း အဘွားအိုသရဲမကြီးတစ်ကောင်ကို မြင်ခဲ့တယ်။ သေသွား တဲ့ သူ့ခွေးက အဲဒီ အဘွားကြီး သရဲမ ဆီမှာ ရောက်နေသတဲ့"

ပင်လယ်စားပြက ပြုံးသည်။"သရဲမအဘွားကြီးက ကျုပ်ကို လှမ်းပြောတယ်၊ ကျုပ်ခွေးက သူ့ဆီမှာ ပျော်နေ သတဲ့"

" ဟောဒီမှာ ကောင်ကြီးဂျိုး၊ စစ်တပ်က ပြန်လာတာ"ဟု ပီလွန်က ပြောသည်။

" ဟယ်လို ဂျိုး"

" မင်းတို့က နေရာကောင်းလေးတစ်ခုကို ရထားကြတာကိုးကွ"ဟု ဂျိုးက ရေရွတ်ကာ ကုလားထိုင်တွင် ဝင်ထိုင်သည်။

" မင်း ငါ့အိပ်ရာပေါ်တော့ လာမအိပ်နဲ့" သူ့အိမ်တွင် ဂျိုးကပ်၍နေတော့မည်ဟု နားလည်လိုက်သော ဒင်နီက လှမ်းပြောသည်။ ကုလားထိုင်ပေါ်၌ ဂျိုးထိုင်နေပုံမှာ ပိုင်စိုးပိုင်နင်း နိုင်လွန်းလှသဖြင့် ဤအိမ်မှ ကုတ်နှင့် ကော် ၍ ချသည့်တိုင်အောင် ခွာတော့မည်မဟုတ်ဟု ဒင်နီက ယူဆသည်။

ပင်လယ်စားပြသည် သူ့လက်တွန်းလှည်းကို ထုတ်၍ ထင်းခွေရန် ထွက်သွားသည်။ ကျန်လူငါးဦးကတော့ မြူနှင်းများကို ထိုးဖောက်၍ ကျလာသော နေရောင်အောက်တွင် လဲလျောင်းကာ အိပ်ပျော်ခြင်းသို့ ရောက်ကြ လေ၏။

ညနေစောင်းကာမှပင် သူတို့အားလုံး နိုးကြသည်။ သို့သော်လည်း လဲနေရာမှ ချက်ချင်းမထ။ ခြေများ လက်များ ဆန့်တန်းကာ အပျင်းထုတ်နေကြသေးသည်။ ထို့နောက် ထထိုင်ပြီး အောက်ဘက် ပင်လယ်ကွေ့ ဆီသို့ မျှော် ကြည့်သည်။ အညိုရောင် ရေနံ့တင်သင်္ဘောတစ်စင်းသည် ပင်လယ်ပြင်ဆီသို့ ဦးတည်၍ ခုတ်မောင်း သွားလျက် ရှိလေသည်။ စားပွဲပေါ်တွင် ပင်လယ်စားပြထားခဲ့သည့် စက္ကူအိတ်များ၊ အိတ်များထဲတွင် သူရလာသည့် အစား အစာများ ရှိသည်။ သူတို့သည် အိတ်များထဲမှ အစားအစာကို ထုတ်ယူပြီး ခွဲဝေစားကြသည်။

ကောင်ကြီးဂျိုးသည် အိမ်ဝင်းထဲမှ ထွက်သွားသည်။"ငါ အခုပဲ ပြန်လာမယ်"ဟု ပီလွန်ကို လှမ်းပြောသည်။

ပီလွန်က စိတ်မချသော မျက်လုံးများဖြင့် ဂျိုးထွက်သွားရာဘက်သို့ မျှော်ကြည့်နေသည်။ ဂျိုးသည် ထင်းရှူး တောဘက် သို့ သွားနေခြင်းမဟုတ်။

မွန်ထရေးမြို့တွင်းသို့ ဦးတည်၍ သွားနေခြင်းဖြစ်၏။ အိမ်ထဲ၌ ကျန်နေ ခဲ့သော သူငယ်ချင်း လေးယောက်သည် ငြိမ်ဆိတ်စွာ ထိုင်၍ ပျင်းရိငြီးငွေ့စွာဖြင့် ညပိုင်းအရောက်ကို မျှော်လင့် စောင့်စား နေကြသည်။

နေဝင်ဖျိုးဖျအချိန်တွင် ကောင်ကြီးဂျိုး ပြန်ရောက်လာသည်။ သူနှင့် ပီလွန်သည် အခြားလူများ မကြား နိုင်အောင် ခြံဝင်းအတွင်းသို့ ဆင်း၍ တိုင်ပင်စရာ ရှိသည်များကို တိုင်ပင်ကြသည်။

"ငါတို့ မစ္စက်မော်ရေးဆီက ပစ္စည်းတွေ ခဏသွားငှားမယ်"ဟု ပီလွန်က ပြောသည်။"သူ့ကြိုက်ခြံဘေးမှာ ထောင်ထားတဲ့ ဂေါ်ပြားတစ်လက်နဲ့ ပေါက်ချွန်းတစ်လက်ဆိုရင် အလုပ်ဖြစ်တယ်"

မိုးစုပ်စုပ်ချုပ်၍ အမှောင်ထုဖုံးလာသောအခါ သူတို့နှစ်ယောက် အိမ်မှ ထွက်သည်။"ဂျိုးရဲ့ သူငယ်ချင်း ကောင်မလေး တွေနဲ့ သွားတွေ့လိုက်ဦးမယ်"ဟု ပီလွန်က ဒင်နီတို့ကို အသိပေးခဲ့သည်။ သူတို့သည် မစ္စက် မော်ရေးအိမ် သို့ တိတ်တိတ်ဝင်ပြီး ပစ္စည်းများငှားသည်။

ထို့နောက် ကောင်ကြီးဂျိုးသည် လမ်းမဘေးတစ်နေရာရှိ ပေါင်းမြက်များကို ဖြဲ၍ အထဲမှ ဝိုင်တစ်ဂါလံပုံးကို ထုတ်ယူ လိုက်သည်။

"ရတနာတွေကို မင်းက အရက်နဲ့ လဲလာခဲ့ပြီပေါ့လေ"ဟု ပီလွန်က ဒေါသတကြီး အော်မေးသည်။"မင်းဟာ သစ္စာဖောက် လောက်ကောင်၊ ခွေးတစ်ကောင်က မွေးတဲ့ခွေး"

ကောင်ကြီးဂျိုးက လေသံပျော့ပျော့ဖြင့် ပီလွန်ကို ချော့သည်။"ရတနာတွေ ဘယ်နေရာမှာ ရှိနေတယ် ဆိုတာ ငါလုံးဝမပြောခဲ့ပါဘူး ပီလွန်ရာ၊ ငါပြောခဲ့တာက ငါတို့ရတနာသိုက်တစ်ခု တွေ့ထားတယ်၊ ဒါပေမယ့် အဲဒီသိုက်က ဒင်နီအတွက်ထားတာ၊ ဒင်နီလက်ထဲ ရတနာတွေ ရောက်သွားတဲ့အခါမှာ ငါက သူ့ဆီက ငွေတစ်ဒေါ်လာ ချေးပြီး ဝိုင်ဖိုးပေးမယ်၊ အခု ဝိုင်တစ်ဂါလံ အကြွေးရောင်းလိုက်လို့ ပြောခဲ့တာပါ"

"အဲသလောက် ပြောရုံကလေးနဲ့ သူတို့က မင်းစကားကို ယုံကြည်ပြီး ဝိုင်အကြွေး ပေးမတဲ့လားကွဟင်"ဟု ပီလွန်က ဒေါသတကြီးဖြင့် မေးပြန်သည်။

"အေး...အဲအဲ"ကောင်ကြီးဂျိုးသည် တွန့်ဆုတ်ဆုတ်ဖြစ်လျက်ရှိ၏။"ငါ တစ်ဒေါ်လာ ပြန်ဆပ်မယ်ဆိုတာ ယုံကြည်အောင် ပစ္စည်းတစ်ခု ထားခဲ့တယ်ကွ"

ပီလွန်သည် ပို၍ ဒေါသကြီးလာပြီး ဂျိုး၏ လည်ပင်းကို ခုန်၍ဆွဲပြီး ညှစ်ထားသည်။"မင်း ဘာပစ္စည်း ထားပစ် ခဲ့ သလဲ"

"စောင်လေးတစ်ထည်ပဲ ပေးခဲ့တာပါ ပီလွန်ရာ"ဟု ဂျိုးက ငိုသံပါဖြင့် ပြောသည်။"တစ်ထည်ဆိုမှ တစ်ထည် တည်းပါကွာ"

ပီလွန်က ဂျိုးကို အားကုန်ထုတ်၍ လှုပ်ယမ်းသည်။ သို့သော်လည်း ဂျိုး၏ ကိုယ်လုံးမှာ အလွန်ကြီးမား လေးလံလှ သဖြင့် သူ့ကိုယ်သူ ခါယမ်းသလိုသာ ဖြစ်လျက်ရှိသည်။"ဘာစောင်လဲကွဟေ၊ ဘာစောင်လဲ"ဟု အော်သည်။"ဟော့ကောင်

ပြောလေကွာ၊ မင်းခုခိုး လာတဲ့စောင်က ဘာစောင်လဲ"

ကောင်ကြီးဂျ◌ျ◌ိးက ငိုသည်။"ဒင်နီ စောင်နှစ်ထည်တည်းက တစ်ထည်ပါကွာ၊ တကယ်ပြောတာပါ၊ တစ်ထည် တည်းပါ သူ့မှာ နှစ်ထည်ရှိတယ်မဟုတ်လား။ အဲဒါ ငါက အသေးဆုံးတစ်ထည်ကို ယူခဲ့တာပါ၊ ငါ့ကို မလုပ်ပါနဲ့ ကွာ၊ ဟိုမှာ ကျန်ခဲ့တဲ့တစ်ထည်က အကြီးပါ၊ ငါတို့ရတနာတွေကို တွေ့တဲ့အခါ သူ့စောင်ကို ပြန်ရွေးပေး မှာပါ"

ပီလါန်က သူ့ကို တအားတွန်း၍ လှည့်လိုက်ပြီး ခြေထောက်နှင့်ဆောင့်၍ ဆောင့်၍ ကန်သည်။"ဝက်ကောင်" ဟုခေါ်သည်။"ခွေးသူခိုး၊ မင်းစောင်ကို ပြန်ပြီး တောင်းပေးရင် ပေး၊ မပေးရင် မင်းကို အသေသတ်မယ်"

ကောင်ကြီးဂျိုးက ချော့ဖို့အားထုတ်သည်။"ဒင်နီ စောင်နှစ်ထည်တည်းက တစ်ထည်ပါကွာ၊ တကယ် ပြောတာပါ၊ တစ်ထည်တည်းပါ သူ့မှာ နှစ်ထည်ရှိတယ် မဟုတ်လား။ အဲဒါ ငါက အသေးဆုံး တစ်ထည်ကို ယူခဲ့တာပါ၊ ငါ့ကို မလုပ်ပါနဲ့ကွာ၊ ဟိုမှာ ကျန်ခဲ့တဲ့တစ်ထည်က အကြီးပါ။ ငါတို့ရတနာတွေကို တွေ့တဲ့အခါ သူ့ စောင်ကို ပြန်ရွေးပေးမှာပါ"

ပီလွန်က သူ့ကို တအားတွန်း၍ လှည့်လိုက်ပြီး ခြေထောက်နှင့် ဆောင့်၍ ဆောင့်၍ ကန်သည်။"ဝက်ကောင် လဟု ခေါ်သည်။"ခွးသူခိုး၊ မင်းစောင်ကို ပြန်ပြီးတောင်းပေးရင်ပေး၊ မပေးရင် မင်းကို အသေသတ်မယ်"

ကောင်ကြီးဂျိုးက ချော့ဖို့အားထုတ်သည်။"ငါတို့နှစ်ယောက် ဒင်နီကောင်းစားဖို့အတွက် ဘယ်လောက် အပင် ပန်းခံပြီး လုပ်နေရတယ်ဆိုတာကို ငါတွေးမိလို့ပါကွာ"ဟု သူကပြောသည်။"ပြီးတော့ ဒင်နီအနေနဲ့ စောင် အသစ် တစ်ရာတောင် ဝယ်နိုင်မှာဆိုတော့ သူဝမ်းသာမှာပဲလို့လည်း ငါတွေးမိပါသေးတယ်ကွ"

" ဟော့ကောင် ငြိမ်ငြိမ်နေစမ်း"ဟု ပီလွန်က ပြောသည်။"မင်း ဟို စောင်ပဲရအောင် ပြန်ယူပေးရမယ်၊ မယူ ပေးရင် မင်းကို ကျောက်ခဲနဲ့ စိစိညက်ညက် ကြေအောင်ထုမယ်" သူသည် ဝိုင်းပုံဖော့ဆို့ကိုဖွင့်ကာ သူ့ဒေါသကို ပြေစေရန် တစ်ကျိုက်နှစ်ကျိုက်မျှ မော့သည်။ ပြီးတော့ ဝိုင်ပုံးကို ပြန်ပိတ်လိုက်သည်။ ဂျိုးက သူ့ကိုပါ တိုက်ရန် ပြောသော်လည်း တစ်စက်ကလေးမျှပင် မပေးချေ။"ဒီစောင်ခိုးတဲ့အတွက် ရတနာသိုက်တူးရင် မင်းတစ်ယောက် တည်း ဒိုင်ခံပြီး တူးရမယ်သိလား၊ ဂေါ်ပြားနဲ့ ပေါက်ချွန်းကိုယူလာလိုက်ခဲ့"

ကောင်ကြီးဂျိုးသည် ခွေးလိမ္မာလေးတစ်ကောင်သဖွယ် တစ်ချက်မျှ ညည်းလိုက်ပြီး ပီလွန်ခိုင်းသည့်အတိုင်း နာ ခံသည်။ သူသည် အမှန်ဘက်က ရပ်တည်နေသော ပီလွန်ကို မဆန့်ကျင်ရဲ။

ယမန်နေ့ညက သူတို့တွေ့ခဲ့သော နေရာကို ရုတ်တရက် ရှာမတွေ့သဖြင့် နှစ်ယောက်သား အချိန် အတော်ကြာ မျှ တဝဲလည်လည် ဖြစ်နေသည်။ ပီလွန်က

တန်းစီ၍ ပေါက်နေသော သစ်ပင်သုံးပင်ကို လက်ညှိုး ထိုးပြပြီး"ဟော ဟိုမှာ တွေ့ပြီ"ဟု ပြောလိုက်သည့်အခါ အချိန်အတော်ကြီး နောက်ကျ လျက်ရှိလေပြီ။

သူတို့သည် ညက တွေ့ခဲ့သည့် ချိုင့်ခွက်ကလေးကို မတွေ့တွေ့အောင် ရှာကြသည်။ ကောင်းကင်တွင် မြူနှင်းများ ကင်းစင်နေသော ညဖြစ်၍ လရောင်သည် သူတို့အား ကူညီပံ့ပိုးပေးလျက်ရှိလေသည်။

တူးဖော်ရမည့် တာဝန်ကို သူမယူဟု ဆုံးဖြတ်ထားပြီးဖြစ်သော ပီလွန်က ရတနာသိုက်တူးဖော်ရေးအတွက် ညွှန် ကြားချက်အသစ်တစ်ခု ထုတ်ပြန်သည်။"ငွေမြှုပ်တဲ့ လူတွေဟာ တစ်ခါတစ်လေ အိတ်ကြီးတွေနဲ့ ထည့်ပြီး မြှုပ်တက်ကြတယ်ကွ" ဟုပြောသည်။"အဝတ်အိတ်ဆိုတာမျိုးက မြေကြီးထဲမှာ ကြာကြာ မြှုပ်ထားရင် ဆွေးမြည့်ပြီး စုတ်ပြဲကုန်တတ်တယ်၊ တကယ်လို့ ဒီနေရာတင်ကွက်ပြီး တည့်တည့်တူသွားရင် အကုန်လုံး ရချင်မှ ရမယ်"ဟု သူက ပြောပြောဆိုဆို ချိုင့်ခွက်ကလေးပတ်လည်မှ စက်ဝိုင်း တစ်ခု ဆွဲလိုက်သည်။"ကဲ၊ တွေ့လား ဒီမျဉ်းကြောင်းအတိုင်း ပတ်ပတ်လည်သာ တူးပေတော့ ဒါဆိုရင် အိတ်စုတ်လို့ ဘေးမှာ ထွက်ကျနေတဲ့ ငွေတွေ ကိုပါ ရနိုင်တယ်"

" မင်းကတော့ မတူးဘူးလား"ဟု ကောင်ကြီးဂျိုးက မေးသည်။

ပီလွန် ဒေါသကြီးလာပြန်သည်။"မင်းက ငါ့ကို စောင်သူခိုးလို့ ထင်နေသလားဟင်"ဟု အော်ကြီး ဟစ်ကျယ် မေးသည်။"မင်းက ငါ့ကို နေစရာ၊ အိပ်စရာပေးထားတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အိပ်ရာပေါ်က ပစ္စည်းကို ခိုးတဲ့ သူခိုးတစ်ကောင်လို့များ ထင်နေသလား"

" ကောင်ပြီလေ၊ ဒါပေမယ့် ငါတစ်ယောက်တည်းတော့ မတူးနိုင်ဘူး"ဟု ကောင်ကြီးဂျိုးက ပြန်ပြောသည်။

ပီလွန်သည် မနေ့ညက သူ့လက်ဝါးကပ်တိုင်လုပ်ပြီး လွှင့်ပစ်ခဲ့သော ထင်းရှူးသားတစ်ချောင်းကို ကောက်ကိုင်ပြီး ကောင်ကြီးဂျိုးဆီ ကပ်သွားသည်။"သူခိုး၊ သစ္စာမရှိတဲ့လူရဲ့ ဝက်၊ အခုချက်ချင်း ဂေါ်ပြားကို ယူခဲ့စမ်း"

ကောင်ကြီးဂျိုး၏ သတ္တိသည် အဝေးသို့ ပြေးထွက်သွားသည်။ သူသည် မြေကြီးပေါ်၌ ချထားသော ဂေါ်ပြားကို ကောက်ကိုင်၏။ အကယ်၍သာ ကောင်ကြီးဂျိုး၏ စိတ်သည် သန့်ရှင်းစင်ကြယ်ခဲ့ပါမူ ပီလွန် ခိုင်းသော အလုပ်ကို မလုပ်နိုင်ဟု အကျောက်အကန် ငြင်းဆန်လိမ့်မည်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ မှန်ကန်သော အကြောင်းတရား ဘက်မှ ရပ်တည်ခြင်းဟူသော လက်နက်နှင့် ထင်းရှူးသားတုတ်တည်းဟူသော ရုပ်ဝတ္ထုလက်နက်များ ကိုင်ဆောင်ထားသည့် ပီလွန်ကို ကြောက်ရွံ့သောစိတ်က အဆမတန် ကြီးမားလျက် ရှိသဖြင့် ပြန်လှန်၍ မငြင်းတော့ဘဲ လက်မြှောက်အရှုံးပေးသည်။

ကောင်ကြီးဂျိုးသည် မြေတူးမြေကော်ရသည့်အလုပ်ကို အလွန်ရွံရှာစက်ဆုပ်သူဖြစ်သည်။ ဂေါ်ပြား ကိုင်ရသည့် အလုပ်မှာ သူ့အတွက် လုံးဝဆွဲဆောင်မှုမရှိသော အလုပ်တစ်ခုဖြစ်၏။ ထိုအလုပ်၏ ရည်မှန်းချက် မှာ

တစ်နေရာမှ မြေကြီးကိုယူ၍ နောက်တစ်နေရာသို့ ပုံပေးရခြင်းဖြစ်ရာ အလွန်မိုက်မဲပြီး အကျိုးမရှိသော အလုပ် တစ်ခုဟု သူယူဆသည်။ ထို့ကြောင့်လည်း ဂေါ်ပြားတစ်ချောင်းနှင့် ကော်ရ ပုံရသည့်အလုပ်သည် လက်တွေ့အားဖြင့် ဘာမှမရသည့် အလုပ်ဟု သူထင်သည်။ ဤအလုပ်ကို သူမကြိုက်ခြင်း မှာ အခုမှမဟုတ်၊ ဟိုတုန်းကတည်းကဖြစ်သည်။ သူ စစ်ထဲဝင်ခဲ့ခြင်းသည် စစ်တိုက်လို၍ ဖြစ်၏။ သို့သော်လည်း သူသည် ဂေါ်ပြား တစ်လက်နှင့် တူးရဆွရသည့် အလုပ်မှတစ်ပါး အခြား ဘာအလုပ် ကိုမှ မလုပ်ခဲ့ရ။

ပီလွန်သည် သူ့ကို စောင့်ကြည့်နေသည်။ နေမကောင်း၍၊ ဆာ၍၊ အားနည်း၍ဟု အကြောင်းပြနိုင်စရာ လမ်းမရှိ။ ပြီးတော့ ပီလွန်သည် တောင်းပန်၍၊ အသနားခံ၍ ရမည့်လူစားမဟုတ်။ ဒင်နီ၏ စောင်ကို ခိုးထားသည့် အမှုက သူ့အပေါ် ပတ်နေခြင်းသည် ပို၍ဆိုးသည်။ သို့သော်လည်း သူသည် တူးရင်းဆီရင်းမှ ညည်းသည်။ တဖျစ်တောက် တောက် ရေရွတ်၍ မကျေနပ်ခြင်းကို ဖော်ပြသည်။ သူ့ လက်ဖဝါးတွေ ပေါက်ကုန်ပြီ ဟုပြောကာ လက်ဖဝါးများကို ပြသည်။ ပီလွန်ကတော့ နည်းနည်းကလေးမှ မလျှော့။ ဆက်တူး ဖို့သာ ခိုင်းသည်။

သန်းခေါင်ချိန် ရောက်လာသည်။ တွင်းသည် ဆက်တူးဖို့သာခိုင်းသည်။ မွန်ထရေးမြို့ဘက်မှ ကြက်တွန်သ ံများကို ကြားလာရ၏။ လသည် သစ်ပင်များ၏ နောက်သို့ ရောက်သည်အထိ လျှောဆင်းသွားခဲ့ လေပြီ။ ကောင်ကြီးဂျိုး မှာ မေပန်းနွမ်းနယ်လျက်ရှိပြီ။ သို့သော်လည်း ပီလွန်က အရပ်မခိုင်း။ နေ့၏ အလင်းရောင် ဝင်မလာမီ ကလေးမှာပင် ကောင်ကြီးဂျိုး၏ လက်ထဲမှ ဂေါ်ပြားသည် မာကျောသော အရာဝတ္ထုတစ်ခုနှင့် ထိမိသည်။

" ဟေး တွေ့ပြီကွ ပီလါန်"ဟု ဂျိုးက အော်သည်။

ဂေါ်ပြားနှင့် ထိမိသော အရာဝတ္ထုသည် ခပ်ကြီးကြီးလေးထောင့်စပ်စပ်။ သူတို့သည် အရှုးအမူး ဆက်တူးကြသည်။ မှောင်မိုက်နေဆဲဖြစ်၍ ပစ္စည်းကို ကောင်းစွာ မမြင်ရသေး။

" သတိထားတူးကွ"ဟု ပီလွန်က ပြောသည်။"ပစ္စည်းကို မခိုက်မိစေနဲ့"

ပီလွန်က လက်ဖြင့်နှိုက်ကာ စမ်းကြည့်သည်။ သူ့လက်နှင့် ထိတွေ့မိသော အရာဝတ္ထုသည် သတ္တုပြားလိုလို ဘာလိုလို။ သူသည် တွင်းထဲသို့ ငုံ့ကြည့်သည်။ မြင်ရသည်မှာ ဝိုးတိုးဝါးတား။ အင်္ဂတေကိုင်ထားသော လေးထောင့်စပ်စပ် ကျောက်ပြားတစ်ချပ်။ အပေါ်ဘက်တွင် အညိုရောင် သတ္တုအဝိုင်းတစ်ချပ်။ သတ္တုပြား ပေါ်၌ ရေးထိုးထားသည့် စာလုံးများကို ပီလွန်က တစ်လုံးချင်း ပေါင်းဖတ်သည်။

" အမေရိကန်ပြည်ထောင်စု မြေတိုင်းဌာန၊ ၁၉၁၅၊ အမြင့်ပေ ၆၀၀"

ပီလွန် စိတ်ပျက်လက်ပျက်ဖြစ်ကာ အရပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

" ရတနာသိုက် မဟုတ်ဘူးလား"ဟု ကောင်ကြီးဂျိုးက စိတ်ထိခိုက်နေသဖြင့် မေးသည်။

ပီလွန်က အဖြေမပေး။ ကောင်ကြီးဂျိုးသည် အင်္ဂတေကျောက်တိုင်ကို ကိုင်ကြည့်သည်။ သူ့မျက်ခုံးများသည် တစ်စုံတစ်ရာကို စဉ်းစားနေသည့်နှယ် တွန့်လျက်ရှိလေသည်။ သူသည် ဝမ်းနည်းပက်လက်ဖြစ်နေသော ပီလွန်ကို လှည့်ကြည့်သည်။"ငါတို့ ဒီသတ္တုပြားကို ခွာရောင်းရင်တော့ ပိုက်ဆံရမှာပါ"

စိတ်ထိခိုက်နေသော ပီလွန်က တစ်ချက်မော့ကြည့်သည်။"ဂျော်နီပွမ်ပွမ် ဆိုတဲ့ကောင် ဒါမျိုးတစ်ခု တွေ့ဖူး တယ်"ဟု သူက အလွန်စိတ်မကောင်းဖြစ်သည့် လေသံဖြင့်ပြောသည်။"ဂျော်နီပွမ်ပွမ်က သတ္တုပြားကို ခွာပြီး သွားရောင်းတယ်။ အဲဒါ ကျောက်တိုင် တူးမှု နဲ့ ဖမ်းပြီး တရားစွဲတာ ထောင်တစ်နှစ် ကျသွား တယ်။ ထောင်ဒဏ် တစ်နှစ် နဲ့ ဒဏ်ငွေဒေါ်လာ နှစ်ထောင်ချတာ"စိတ်ထိခိုက်နေသော ပီလွန်သည် ဝမ်းနည်းစရာ ကောင်းလှ သည့် ထိုနေရာမှ ဝေးရာသို့ ထွက်သွားချင်သည်။ သူသည် ဝိုင်အိုးကို မြက်ပင်များနှင့် ပတ်၍ ထုပ်လိုက်ပြီး ထိုင်ရာမှထကာ တောင်ကုန်းပေါ်မှ ဆင်းလာခဲ့လေသည်။

ကောင်ကြီးဂျိုးက နောက်မှ ပြေးလိုက်သည်။"မင်းက ဘယ်သွားမှာလဲ"ဟု မေးသည်။

" ငါမပြောတတ်ဘူး"ဟု ပီလွန်က ဖြေသည်။

သူတို့ နှစ်ယောက် ပင်လယ် သဲသောင်ပြင်ပေါ်ရောက်ချိန်တွင် နေသည် သာလျက်ရှိလေပြီ။ သို့သော်လည်း ပီလွန်သည် ရှေ့ကိုဆက်၍သွားနေဆဲ။ သူသည် ပင်လယ်ကမ်းခြေရေစပ်တစ်လျှောက် လျှောက်သွား နေသည်။ မွန်ထရေးမြို့သည် သူတို့နောက်ဘက်တွင် အဝေးကြီး ကျန်ခဲ့သည်။ ပင်လယ်ကမ်းခြေရှိ သဲသောင်များနှင့် လှုပ် ရှားပြေးလွှားနေသော လှိုင်းလုံးများသည် ပီလွန်၏ ကြေကွဲဝမ်းနည်းသော အဖြစ်ကို ဆီး၍ ကြည့်နေသည့်နှယ် ရှိသည်။ နောက်ဆုံးတွင် သူသည် ခြောက်သွေ့သော သဲသောင်တစ်နေရာ၌ ထိုင်သည်။ ကောင်ကြီး ဂျိုးက သူ့ဘေးမှာ ဝင်ထိုင်သည်။ ငြိမ်ဆိတ်နေသော ပီလွန်ကို ကြည့်ကာ ဤမျှလောက် စိတ်ထိခိုက် သွားရခြင်းသည် သူ့တာဝန်မကင်း ဟုပင် စိတ်ထဲက ခံစားနေရသည်။

ပီလွန်သည် မြက်များနှင့်ပတ်ထားသည့် ဝိုင်အိုးကိုထုတ်၍ မော့သည်။ ကြေကွဲဝမ်းနည်းခြင်းသည် ကရုဏာတရား၏ မိခင်ဖြစ်သည်ဟူသော စကားနှင့်အညီ ထင်တိုင်းမပေါက်သဖြင့် စိတ်ဆင်းရဲနေသော ပီလွန်သည် လူဆိုးလူသွမ်းတစ်ဦးဖြစ်သော ကောင်ကြီးဂျိုးအပေါ် သနားစိတ် ဝင်လာသည်။ သူသည် လက်ထဲ မှ ဝိုင် ကိုဂျိုးလက်သို့ လှမ်းပေးလိုက်လေသည်။

"ငါတို့ ဘယ်လောက်အထိ တည်ဆောက်ထားခဲ့ရသလဲကွာ"ဟု ပီလွန်က ပြောသည်။"ရွှေအိတ်တွေကို ဘယ် နည်းဘယ်ပုံ သယ်သွားလိုက်မယ်၊ ဒင်နီလက်ထဲကို ဘယ်လိုထည့်ပေးလိုက်မယ်လို့ ငါတွေး လာခဲ့ သမျှ ဟာ အလဟဿ ဖြစ်ခဲ့ရပြီ။ ရွှေအိတ်တွေကိုသာ ပေးလိုက်ရင် သူ့မျက်နှာ ဘယ်လိုဖြစ်သွားမလဲ၊ ဒီကောင် တအား အံ့သြသွားမှာကွ၊ ယုံမှာတောင်

မဟုတ်ဘူးကွ၊ သိလား"သူသည် ဝိုင်အိုးကို ပြန်ယူပြီး မရပ်မနား မော့ပြန်သည်။"အားလုံး သွားတာပဲ၊ ဘာတစ်ခုမှ မကျန်တော့ဘူး"

နေသည် သဲသောင်ပြင်ကို ပူနွေးသွားအောင် အရောင်လွှတ်ပေးလျက်ရှိသည်။ စိတ်ထိခိုက်လွန်းအားကြီးနေ သော ပီလွန်၏ခေါင်းထဲတွင် သစ္စာမဲ့သော စိတ်ကူးများ ဝင်လာနေသည်။ သူသည် အဆိုးထဲမှ အကောင်း ရှာရန် ကြံစည်လျက်ရှိ၏။

စကားနည်းသော ကောင်ကြီးဂျိုးကတော့ ဝိုင်ကိုသာ အဆက်မပြတ် မော့နေသည်ဖြစ်ရာ သူသောက်သင့် သောက်ထိုက်သည့် သူ့ဝေစုထက်ပင် ကျော်သွားခဲ့လေပြီ။ ထိုအခါကျမှပင် ပီလွန်သည် ဂျိုး၏ လက်ထဲမှ ဝိုင်အိုးကို ဒေါသတကြီးဆွဲယူလိုက်ပြီး စိတ်ဆိုးမာန်ဆိုးဖြင့် ထပ်တလဲလဲ မော့သည်။

"ဒါပေမယ့် တစ်ခုတော့ရှိပါတယ်"ဟု ပီလွန်က အဘိဓမ္မာဆရာ လေသံဖြင့်ပြောသည်။"ငါတို့က ရွှေတွေတွေ့လို့ သူ့ကိုပေးပေမယ့် ဒင်နီအတွက်က ကောင်းချင်မှကောင်းမှာပေါ့၊ သူဟာ ဘ၀ တစ်လျှောက် လုံး ဆင်းရဲလာခဲ့တဲ့ကောင်၊ ချမ်းသာလာရင် ဒီကောင် ရူးချင်ရူးသွားမှာ"

ကောင်ကြီးဂျိုးက အလွန်တည်ငြိမ်လေးနက်သော မျက်နှာထားဖြင့် ခေါင်းဆက်ပြသည်။ အိုးထဲရှိ ဝိုင် ကတော့ လျော့သည်ထက် လျော့သွားနေသည်။

"စိတ်ချမ်းသာ ပျော်ရွှင်မှုသည် ချမ်းသာကြွယ်ဝခြင်းထက်ကောင်း၏ ဆိုတဲ့စကားရှိတယ်ကွ"ဟု ပီလွန်က ပြောသည်။"တကယ်လို့သာ ငါတို့အနေနဲ့ ဒင်နီကို စိတ်ပျော်အောင် စိတ်ချမ်းသာအောင် လုပ်ပေးနိုင် မယ် ဆိုရင် သူ့ ကိုငွေပေးတာထက် ပိုကောင်းမှာ"

ကောင်ကြီးဂျိုးက နောက်တစ်ကြိမ် ခေါင်းထပ်ညိတ်ပြပြီး သူ့ဖိနပ်များကို ချွတ်သည်။"အေးပေါ့ သူ့ကို ပျော် အောင်လုပ်ပေးပေါ့၊ အဲဒါ အဓိကပဲ"

ပီလွန်က ကောင်ကြီးဂျိုးကို လှမ်းမေးကြည့်သည်။"မင်းကတော့ ဝက်တစ်ကောင်ပါပဲ၊ လူနဲ့သူနဲ့နေလို့ မသင့် တော်တဲ့ ကောင်စားပါ"ဟု ပြောသည်။"ဒင်နီရဲ့ စောင်ကို ခိုးတဲ့ကောင်ဆိုတော့ ဝက်စားကျင်းထဲမှာထားပြီး အာလူးခွံ လောက်ပဲ ကျွေးဖို့တော်တဲ့ ကောင်စားပဲ"

နေပူရှိန်တက်လာလေ အိပ်ချင်လေဖြစ်လာသည်။ ညင်သာသော လှိုင်းပုတ်သံများသည် ကမ်းစပ် တစ်လျှောက် မှာ ပေါ်လာလျက်ရှိ၏။ ပီလွန်သည် သူ့ရှူးဖိနပ်များကို ချွတ်သည်။

သူတို့သည် ဝိုင်အိုးထဲ၌ ဝိုင်တစ်စက်မျှမကျန်အောင် သောက်ကြသည်။ ကမ်းစပ်တွင် လှိုင်းများက တလှုပ်လှုပ်။" အမှန်တော့ မင်းဟာ လူဆိုးတစ်ယောက် မဟုတ်ပါဘူး"ဟု ပီလွန်က ပြောသည်။ သို့သော် လည်း သူ့စကား ကမ်းလှမ်းပြောလိုက်သည့်အချိန်တွင် ကောင်ကြီး ဂျိုး မှာ အိပ်ပျော်သွားပြီဖြစ်ရာ သူ့စကားကို မကြားနိုင်တော့ပေ။ ပီလွန်သည် သူ့ကုတ်အကျႌကိုချွတ်၍ သူ့မျက်နှာပေါ် အုပ်လိုက်သည်။ နောက် မိနစ်အနည်းငယ်မျှ ကြာသောအခါ သူပါ

အိပ်ပျော်သွားသည်။

နေသည် ကောင်းကင်ထက်တွင် တရွေ့ရွေ့သွားလျက်ရှိသည်။ ဒီရေသည် ကမ်းစပ်ဆီသို့ ပြန်၍ တက်လာသည်။ ထို့နောက် ပြန်ဆုတ်သွားသည်။ မြူးထူးပြေးလွှားနေကြသော ပင်လယ်သတ္တဝါများသည် အိပ်ပျော် နေသော လူနှစ်ယောက်အပေါ် လျှောက်သွားနေကြသည်။ ခွေးလေတစ်ကောင်သည် သူတို့နှစ်ယောက် အနီးသို့ ကပ်ကာ အနံ့ခံသည်။ ခရုခွံများကို လိုက်ကောက်နေကြသော အသက်ခပ်ကြီးကြီး မိန်းမနှစ်ယောက်သည် အသေကောင်များသဖွယ် ဖြစ်နေကြသော လူနှစ်ယောက်ကို မြင်သောအခါ ရုတ်တရက် လန့်နိုးလာပြီး သူတို့အား ဗလက္ကာရပြုမည်စိုးသဖြင့် သုတ်သီး သုတ်ပျာ ကျော်ဖြတ်သွားကြသည်။ ယခုလို မူးရူးပြီး အိပ်ပျော်နေကြသော လူလေလူလွင့် များကို နိုင်အောင်မထိန်းနိုင်ခြင်းသည် ပုလိပ် များ၏ အပြစ်ဟု သူတို့ကယူဆကြသည်။"နှစ်ကောင်စလုံး မူးနေတာ"ဟု တစ်ဦးက ပြောလေသည်။

ကျန်တစ်ဦးက အိပ်ပျော်နေသူများဆီသို့ နောက်ပြန်တစ်ချက် လှည့်ကြည့်ပြီး"မူးရူးနေတဲ့ သတ္တဝါတွေ"ဟု ရေရွတ်သည်။

နေသည် မွန်ထရေးမြို့၏ နောက်ဘက်ရှိ တောင်ကုန်း၏ နောက်ဘက်တွင် ဝင်ရောက် ပျောက်ကွယ် သွားသည်။ ထိုအချိန်ရောက်ခါမှပင် ပီလွန်အိပ်နေရာမှ နိုးသည်။ သူ့ပါးစပ်သည်ခြောက်သွေ့လျက်ရှိ၏။ သူ့ခေါင်းတစ်ခုလုံး မှာ မခံမရပ်နိုင်လောက်အောင် ကိုက်ခဲ လျက်ရှိသည်။ ကောင်ကြီးဂျိုးထံမှ ဟောက်သံကတော့ အဆက်မပြတ် ပေါ်လာနေဆဲ။

"ဂျိုး"

ပီလွန်က အော်ခေါ်သည်။ သို့သော်လည်း ဂျိုးသည် ခေါ်သံ၊ အော်သံများ အလှမ်းမမီနိုင် တော့သည့် နေရာ၌ရောက်နေပြီ။ ပီလွန်သည် သဲပြင်ကို တံတောင်ဖြင့် ထောက်၍ ထထိုင် ကာပင်လယ်ပြင်ကို လှမ်းကြည့်သည်။"ဝိုင်နည်းနည်းလောက်သာ ထပ်သောက် လိုက် ရရင် အာခြောက်ပြေ သွားမှာ"ဟု တွေးသည်။ သူသည် ဝိုင်အိုးကိုယူ၍ ဖင်ကပ်ကလေး တစ်စက် နှစ်စက်မျှ ရလိုရငြား မော့သည်။ ထို့နောက် သူ့အကျ ႌအိတ်ကပ်များကို အတွင်းအပြင် လှန်ကြည့်သည်။ သူအိပ်မောကျနေခိုက် တန်ခိုးရှင်တစ်ဦးဦးက သူ့အိတ် ကပ်များထဲသို့ အဖိုးတန်ရတနာ ပစ္စည်းတစ်ခုခု ထည့်သွားလေမလားဟူသော မျှော်လင့် ချက်ဖြင့် ထိုကဲ့သို့ လုပ်ကြည့်နေခြင်းဖြစ်၏။

သို့သော်လည်း အိတ်ကပ်များထဲတွင် ဘာမှမရှိ။ ကျိုးပဲ့နေသော အိတ်ဆောင်မောင်းချ ဓားတစ်လက်တော့ တွေ့သည်။ ဤဓား ကိုဝိုင်တစ်ခွက်နှင့် လဲသောက်ရန်အားထုတ်ခဲ့သည်မှာ အကြိမ်နှစ်ဆယ်ထက် မနည်းရှိခဲ့ ပြီ။ သို့သော်လည်း မည်သူကမှမလဲ။ ပြီးတော့ ငါးမျှားချိတ်တစ်ခု၊ ညစ်ပတ်ပေရေနေ သော ကြိုးတစ်စ၊ ခွေးသွား တစ်ချောင်းနှင့် သူသိသမျှသော သော့ပေါက်များထဲမှ

ဘယ်သော့ပေါက်နှင့်မျှ မတော်သည့် သော့အများအပြားကို တွေ့သည်။ အိတ်ကပ်များထဲ မှ သူနှိုက်၍ ရသမျှပစ္စည်းများထဲတွင် တော်ရဲလီဆိုင်မှ တန်ဖိုး ရှိသည်ဟု သတ်မှတ် မည့်ပစ္စည်း ဟူ၍ ဘာတစ်ခုမျှမရှိ။

ပီလွန်သည် ကောင်ကြီးဂျိုးကိုကြည့်၍ စဉ်းစားလျက်ရှိသည်။"သနားစရာတော့ ကောင်းတဲ့အကောင်ပဲ"ဟု တွေးသည်။"သူနိုးလာရင်လည်း ငါ့လိုပဲ အာခြောက်မှာ၊ သူနိုး လာရင်တိုက်ဖို့ ငါ့မှာဝိုင်ရှိနေရင် ဘယ်လောက် ကောင်း လိုက်မလဲ" သူသည်ကောင်ကြီးဂျိုး ကိုအကြမ်ပေါင်းများစွာ တအားလှုပ်၍ လှုပ်နိုးသည်။ ကောင်ကြီးဂျိုးကတော့ မနိုး။ ပါးစပ်မှ မပီမသသော စကားများ ရေရွတ်လျက်ရှိသည်။ ထို့နောက် ဟောက်သံများ ထွက်လာ ပြန်သည်။

ပီလွန်သည် ကောင်ကြီးဂျိုး၏ အိတ်ကပ်များကို နှိုက်ကြည့်သည်။ ဘောင်းဘီ ကြေးကြယ်သီးများ၊"ဒပ်ချ်မင်းစားသောက်ဆိုင်တွင် ကောင်းကောင်းစားပါ"ဟူသော စာတန်းထိုးထားသည့် သတ္တုပြား တစ်ချပ်၊ ခေါင်းမပါတော့သည့် မီးခြစ်ဆံ လေးငါးချောင်းနှင့် ဆေးရွက်ကြီးအနည်းငယ်ကိုသာ တွေ့သည်။

ပီလွန်သည် စိတ်ပျက်လက်ပျက်ဖြစ်သော သဲပြင်ပေါ်ပြန်၍ ထိုင်ချလိုက်သည်။ ဝိုင်သောက် ချင်လွန်း၍ သူ့လည်ချောင်း တစ်ခု လုံးမှာ ခြောက်သွေ့ပူလောင်လျက် ရှိ၏။ ယခုအတိုင်း သာဆိုပါက သူသည် ဤသဲသောင်ပြင် ပေါ် ၌ ထိုင်နေရင်လုံးပါးပါးကာ အသက်ထွက် ရတော့မည်ထင်၏။

ကောင်ကြီးဂျိုးဝတ်ထားသော သက္ကလတ်ဘောင်ဘီများကို ပီလွန်သတိထားမိသည်။ သူ့လက်ချောင်း များဖြင့် ဘောင်းဘီအသားကို အသာကိုင်ကြည့်ပြီး"တယ်ကောင်း တဲ့အစပါလား"ဟု တွေးသည်။"သူ့သူငယ်ချင်း တွေက ဂျင်းဘောင်းဘီဝတ်နေရတဲ့အချိန် မှာသူ့လို ပေပေရေရေကောင်က ဒီလောက် အသားကောင်း တဲ့ အသက္ကလတ်ဘောင်းဘီ ကိုဘာပြုလို့ဝတ်ရမှာလဲ" ထို့နောက်ကောင်ကြီးဂျိုးနှင့် ကြည့်မကောင်း ဖြစ်လောက်အောင် မတော်သည့် ဘောင်ဘီ၏ အဖြစ်ကို သတိပြုမိပြန်သည်။ အပေါ်ဆုံး ကြယ်သီး နှစ်လုံး မတပ်ဘဲ ထားသည့်ကြားမှပင် ဘောင်းဘီသည် အလွန်ကျပ်လျက်ရှိသည်။ ဒီဘောင်းဘီ တွေကို သန့်သန့်ပြန့်ပြန့် လူတစ်ယောက်သာဝတ်လိုက်ရင် ဘယ်လောက်များ ကြည့် ကောင်းလိုက်မလဲ။

ဒင်နီ၏အပေါ်၌ ဂျိုးကလုပ်ထားသည့် ပြစ်မှုကို ပီလွန်သတိရလာသည်။ သူသည် ဒင်နီ၏ ကိုယ်စား လက်စားချေ သည့် နတ်သားတစ်ပါးအဖြစ်သို့ ချက်ချင်းရောက်သွားသည်။ ဒီလိုမည်းမည်း ကြုတ်ကြုတ် ကောင်က ဒင်နီ့ပစ္စည်းခိုးတယ်ဆိုတာက သက်သက်စော်ကား တာပဲ၊ ဘာပြုလို့ ဒီလိုလုပ်ရမှာလဲဟု တွေးသည်။ ဒီကောင်နိုးလာရင် ငါထပ်ဆော်ဦးမယ်၊

ဒါပေမယ့်သူပြစ်မှုက ခိုးတာပဲ၊ ပစ္စည်းခိုးတဲ့အတွက် ငါသူ့ကို ထပ်ရိုက်ရင် သူ့ကိုလိမ္မာ လာအောင်ဆုံးမရာ ရောက်ပ့ါမလား၊ အပြစ်ဒဏ်ပေးတယ်ဆိုတာက အပြစ်ဒဏ်ခံရတဲ့လူ မှာသင်ခန်းစာရသွားမှ ကောင်းတာ။ ယင်းကဲ့သို့တွေးမိသောအခါ ပီလွန်၏အခြေအနေသည် အပေါ်စီး ရလာသည်။

အကယ်၍သာ သူလုပ်တတ်ပါကဂျိုးကို ဒင်နီ၏ကိုယ်စား လက်စားချေရာလည်းရောက်မည်၊ ကောင်ကြီးဂျိုးကို စည်းကမ်းရှိသွားအောင် ပြုပြင်ပေးရာ လည်းရောက်မည်၊ လူ့ကျင့်ဝတ်ကို ထိန်းရမည့် တာဝန် ကိုလည်း နားလည်သဘော ပေါက်သွားအောင် အသိပညာပေးရာလည်း ရောက်မည်၊ သူ့စိတ်ကူး ရသည့် အတိုင်းသာ အပြစ်ပေးလိုက်မည်ဆိုပါက ဝိုင်နည်းနည်းရစရာလည်း ရှိသည်။

သူသည်ကောင်ကြီးဂျိုးကို တစ်ဖတ်သို့စောင်းသွားအောင် အားကုန်ထုတ်၍ တွန်းလိုက်သည်။ ကောင်ကြီးဂျိုးသည် သူတွန်းလိုက်သည့်အတိုင်း တစ်ဖက်သို့ စောင်းသွားပြီးကာမှ အခြောက်ခံလိုက်ရသည့် ယင် တစ်ကောင်ပြန် ၍ နားသည့်နှယ် သူ့ဘက်သို့ပြန်လိမ့်လာပြီး သူ့ကိုယ်တွင်ကပ်နေသည်။ ပီလွန်သည် ဂျိုး၏ ခါး မှ ဘောင်းဘီများကို ကျင်လည်စွာ ချွတ် ယူပြီးကျကျနန လိပ်ကာထွက်လာခဲ့လေသည်။

ဆိုင်တွင် တော်ရဲလီးမရှိပေ။ သူ့မိန်းမပစ္စတော်ရဲလီးက ဆီး၍တံခါးဖွင့်ပေးသည်။ ပီလွန်၏ ဟန်အမူအရာသည် ခိုးကြောင်ခိုးဝှက်၊ သို့သော်လည်း နောက်ဆုံးကျတော့ ဘောင်းဘီများ ကိုထုတ်ပြသည်။

မစ္စက်တော်ရဲလီက ခေါင်းခါသည်။

"သေသေချာချာ ကြည့်ပါဦးဗျာ"ဟု ပီလွန်က ပြောသည်။"ခင်ဗျားကပေရေနေတာနဲ့ အစွန်းတွေ၊ အကွက်တွေ လောက်ဆိုသာ မဲကြည့်နေတာကိုး၊ ဒီအစကို သေသေချာချာ ကိုင်ကြည့်စမ်းပါဦး၊ လျှော်ဖွပ်ပြီး မီးပူ သာ တိုက်လိုက်လို့ကတော့ ကောင်းမှကောင်းဆို တဲ့ ဘောင်းဘီတွေ ဖြစ်သွားမှာဗျ၊ ခင်ဗျားယောကျ်ား တော်ရဲလီး ပြန်လာတယ်ဆိုပါတော့၊ သူအပြင်က စိတ်ဆိုးစရာ တစ်ခုခုနဲ့ ကြုံလာလို့ ဒေါသတွေဖြစ်ပြီး ပြန်လာတယ် ဆိုပါ တော့၊ မျက်နှာကြီးက မှုန်တေတေ အောက်သိုးသိုး ဖြစ်နေတယ် ဆိုပါတော့၊ အဲ...... အဲဒီအချိန်မှာ ခင်ဗျားက ဟောဒီဘောင်းဘီတွေကို ထုတ်ပြလိုက်ရင် သူဘာဖြစ်သွား မယ် ထင်သလဲ၊ ဟား သူ့မျက်လုံး တွေဟာ ဝင်းလက်လာမယ်၊ သိပ်ကိုပျော်လာမယ်၊ သူကခင် ဗျားကိုပွေ့ပြီး ရင်ခွင်မှာ တင်ထား မှာ သေချာတယ်၊ အောင်မယ် ပြီးတော့ ခင်ဗျားကို ပြုံးပြုံးကြီး စိုက်ကြည့်နေမှာ၊ ဝိုင်လေးတစ်ဂါလံ ပေးလိုက်လို့ ခင်ဗျားတို့လင်မယားမှာ အတိုင်းအဆမသိနိုင်တဲ့ စိတ်ချမ်းသာမှုကို ရမှာပါဗျ"

"နင့်ဘောင်းဘီတွေက ဖင်ထိုင်တဲ့ နေရာတွေမှာ ပါးနေပြီ"ဟု မစ္စက်တော်ရဲလီးက ပြောသည်။

ပီလွန်က ဘောင်းဘီများကို အလင်းရောင်အောက်တွင်

ထောင်ပြီသည်။"ဘယ်လောက် များပါးသေးလို့ လဲဗျာ၊ ခင်ဗျားမလည်း ကြည့်ပဲကြည့်စမ်းပါဦး၊ ဟိုဘက်ကို တိုးလျှိုးပေါက် မြင်ရလို့လား၊ မမြင်ရပါဘူးဗျ၊ ထူလိုက်တာ မှ အလွန်ပဲ ပထမတန်းစား အခြေအနေပဲ ရှိနေပါသေးတယ်"

"ဘယ်ဟုတ် ရမှာလဲ"ဟု မစ္စက်တော်ရဲလီးက ပြန်ပြောသည်။

"ခင်ဗျားဟာ ခင်ဗျားရဲ့ ယောက်ျားအပေါ် တော်တော်ရက်စက်တဲ့ မိန်းမကြီးပါလား၊ သူစိတ်ချမ်းသာအောင် ခင်ဗျားက လုပ်မှမလုပ်ချင်ဘဲကိုး၊ အင်းပေါ့လေ၊ ဒါကြောင့်လဲ နှလုံးသားရှိတဲ့ တခြားမိန်းမတွေဆီ သူသွားသွား ရစ်နေတာ ကျုပ်မြင်ရတာကိုး၊ ဒါပေါ့လေ မဆန်းပါဘူး၊ ကဲဗျာ ဒီလောက်တောင် ဖြစ်နေရင် လည်း တစ်စိတ်ပဲပေးဗျာ"

နောက်ဆုံးတွင် မစ္စက်ဟော်ရဲလီက အည့်ခံကာ ပီလွန်တောင်းသည့်အတိုင်း ဝိုင်တစ်စိတ် ပေးသည်။ ပီလွန်ကလည်း ရလျှင်ရချင်း သောက်သည်။"ခင်ဗျားဟာ သာယာပျော်ရွှင်မှုရဲ့ တန်ဖိုးကို ဈေးနှိမ်ဖို့ ကြိုးစားနေ တဲ့ မိန်းမကြီးပဲ၊ တကယ်တော့ ကျုပ်ဘောင်းဘီတွေ အတွက် ဝိုင်ဂါလံဝက်တော့ ရသင့်တယ်ဗျာ"

မစ္စက်တောရဲလီး၏ နှလုံးသားသည် ကျောက်ခဲတမျှမာကျောလှ၏။ နောက်ထပ် ဝိုင်တစ် စက်မျှပင် မပေးချေ။ ပီလွန်သည် မီးဖိုခန်းထဲ၌ ထိုင်ကာ မှိုင်တွေချလျက်ရှိသည်။"ဂျူးမကြီး၊ ဒီမိန်းမကြီးဟာ ဂျူးမကြီးပဲ၊ ကောင်ကြီးဂျိုး ရဲ့ ဘောင်းဘီတွေ ကောင်းရဲ့သား နဲ့ လိမ်ယူတယ်"

ပီလွန်သည် သဲသောင်ပေါ်၌ ကျန်ခဲ့သော သူ့သူငယ်ချင်းဂျိုးအတွက် စိတ်မကောင်း ဖြစ်မိသည်။ ဂျိုး အတွက် သူဘာများလုပ်ပေးနိုင်ပါမည်နည်း။ အကယ်၍ သူ့မြို့ထဲသို့ လာခဲ့ပါမူ အဖမ်းခံချင်ခံရလိမ့် မည်။ သူ့ဘောင်းဘီများကိုတော့ ဤဂျူးစ္စာမကြီးက တန်ရာတန်ကြေး မပေးဘဲ ယူလိုက်ပြီ။ ဘောင်းဘီ အကောင်းစားများကို ဝိုင်တစ်စိတ်ပေး၍ ယူလိုက်ခြင်းသည် မတရား ကျလွန်းလှ၏။ ယင်းကဲ့သို့ တွေး လိုက်မိသောအခါ ပီလွန်သည် မစ္စက်တော်ရဲလီးအပေါ် အကြီးအကျယ် ဒေါပွလာသည်။

" ခဏနေရင် ကျုပ်သွားတော့မှာပါ"ဟု သူက မစ္စက်တော်ရဲလီးကို လှမ်းပြောသည်။ မစ္စက်တော်ရဲလီးသည် ဘောင်းဘီ များကို မီးဖိုတစ်ဖက်ရှိ အခန်းကလေးထဲမှ ကြိုးတန်းပေါ် လှမ်းတင်လိုက်သည်။

" အေး သွားတော့၊ ဂွတ်ဘိုင်"ဟု မစ္စက်တော်ရဲလီးက နှုတ်ဆက်ပြီး ညစာချက်ဖို့အတွက် စတိုခန်းထဲသို့ ဝင်သွားသည်။ ပီလွန်သည် ကြိုးတန်းပေါ်မှ ဘောင်းဘီများကိုသာမက ဒင်နီ၏ စောင်ကိုပါ လှမ်းယူပြီး အခန်းထဲ မှ ခပ်သုတ်သုတ် ထွက်လာခဲ့လေ၏။

ပီလွန်သည် ကောင်ကြီးဂျိုးကို ထားခဲ့သည့် သောင်ပြင်ဘက်သို့ ပြန်လာသည်။ သဲပြင်ပေါ်တွင် တထိန်ထိန် တညီးညီး ဖြစ်နေသော မီးပုံကြီးကို အဝေးမှပင် လှမ်းမြင်နေရ၏။ မီးပုံကြီးရှေ့တွင် တလှုပ်လှုပ်ဖြစ် နေသော

အရိပ်မည်းမည်းများ။ အမှောင်ရိပ်များသည် ပတ်ဝန်းကျင်တွင် ကျရောက်လျက် ရှိလေပြီ။ သူသည် မီးပုံမှ မီးရောင်ကိုအားပြု၍ လျှောက်လာခဲ့သည်။ အနီးသို့ ရောက်သွားသည့်အခါကျမှပင် မိန်းကလေး ကင်းထောက် အဖွဲ့ဝင်များ ဖြစ်နေသည်ကို တွေ့ရသည်။ သူသည် သတိထား၍ လျှောက် ကာ သူ့သူငယ်ချင်း ကိုရှာသည်။

ပထမတော့ သူသည် ကောင်ကြီးဂျိုးကို မမြင်။ အတန်ကြာရှာမိသောအခါမှ သူ့တစ်ကိုယ်လုံးကို သဲများ ဖြင့်ဖုံး၍ သောင်ပြင်ပေါ်၌ လှဲအိပ်နေသော ကောင်ကြီးဂျိုးကို လှမ်းမြင်ရသည်။ ကောင်ကြီးဂျိုးမှာ အအေးဒဏ်ကို အပြင်းအထန် ခံနေရသည်။ သူ့ကိုမြင်သောအခါ ရုတ်တရက် စကား မပြောနိုင်။ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက်ရှိသည်။ ပီလွန်က ဂျိုးထံသို့ လျှောက်သွားပြီး ဘောင်းဘီ များကို မြှောက်ပြသည်။

" ရော့ဟေ့ ဂျိုး၊ မင်းဘောင်းဘီတွေကို ပြန်ရတာ ဝမ်းသာပေတော့"

ဂျိုးသည် သွားချင်တဆတ်ဆတ်ရိုက်ကာ တစ်ကိုယ်လုံးတုန်လျက်ရှိသည်။"ငါ့ဘောင်းဘီတွေကို ဘယ် အကောင် ခိုးသွားတာလဲ ပီလွန်၊ ဘောင်းဘီမပါဘဲ ငါအခုလိုကြီး လှဲနေရတာ နာရီပေါင်းကို မနည်း တော့ဘူး၊ ဟိုကောင်မလေးတွေ ရှိနေလို့ ဘယ်ကိုမှလည်း မသွားရဲဘူး"

ပီလွန်သည် မီးပုံကြီးကိုပတ်၍ ခုန်ပေါက်ပြေးလွှားနေကြသည့် ကောင်မလေးများနှင့် ကောင်ကြီးဂျိုးကြား မှ ရပ်ကာ အကာအကွယ်ပေးနေရသည်။ ကောင်ကြီးဂျိုးသည် သူ့ကိုယ်၊ ပေါင်နှင့် ခြေထောက်များ၌ ကပ် နေသော သဲများကို ခါချပြီး ဘောင်းဘီများကို ကသောကမျော ဝတ်သည်။ ထို့ နောက် နှစ်ယောက် ဘေးချင်း ယှဉ်ကာ သဲသောင်ပြင်ပေါ်အတိုင်း မွန်ထရေးမြို့ဘက်သို့ ဦးတည်၍ လျှောက်သွားကြသည်။ သောင်ပြင်၏ နောက်ဘက် ရှိ သဲသောင်ကြီးများသည် ခုန်၍ အုပ်ဖမ်းရန် အသင့် စောင့်ဆိုင်း ချောင်းမြောင်း နေကြသည့် အမဲလိုက် ခွေးကြီးများနှင့် တူလှ၏။ လှိုင်းဂယက်များသည် အသာအယာ ရိုက်ခတ်လျက် ရှိသည်။ ညသည် အေးလှ ၏။ အပူငွေ့များသည် တဖြည်းဖြည်းချင်း ဆုတ်ခွာသွားနေကြလေပြီ။

ပီလွန်သည် ယခုအချိန်ထိ ငေးငိုင်တွေေဝနေဆဲ။ ကောင်ကြီးဂျိုးသည် ပီလွန်စိတ်ညစ်နေသည်ကို ရိပ် မိသည်။ နောက်ဆုံးတွင် ပီလွန်က ကောင်ကြီးဂျိုးကို လှည့်ကြည့်ပြီး"ငါတို့အနေနဲ့ အခုကြုံခဲ့ရတဲ့ အဖြစ်ကို ကြည့်ပြီး မိန်းမတစ်ယောက်ကို ယုံကြည်စိတ်ချခြင်းဟာ မိုက်မဲမှုကြီးတစ်ခုပဲလို့ သင်ခန်းစာ ယူရမယ်"ဟု ပြောလေသည်။

" ငါ့ဘောင်းဘီ တွေ ခိုးသွားတာ မိန်းမလား"ဟု ကောင်ကြီးဂျိုးက မေးသည်။"ဘယ်သူလဲကွ၊ ငါ့ကို ပြောစမ်းပါ၊ ဒီကောင်မကို ဆောင့်ကန်ပစ်လိုက်မယ်"

ပီလွန်ခေါင်းယမ်းသည်။"သူ့ကို အပြစ်ဒဏ်ပေးပြီးပါပြီ၊ သူ့အပြစ်နဲ့သူ

ခံသွားရတြဲ့သဘောပဲ၊ အဲဒါဟာ အကောင်းဆုံးသော အပြစ်ပေးနည်းပဲကွ။ သူက မင်းဘောင်းဘီတွေကို ရသွားတယ်၊ လောဘတက်ပြီး ဝယ်တာ၊ ဟောအခုတော့ အဲဒီဘောင်းဘီတွေ သူ့လက်ထဲမှာ မရှိတော့ဘူး"

ဤစကားများမှာ ကောင်ကြီးဂျိုး နားလည်သဘောပေါက်ရန် အလွန်အလှမ်းေဝေးသည့် စကားများဖြစ်၏။ သို့သော်လည်း ကောင်ကြီးဂျိုးက စပ်စပ်စုစု လုပ်၍ မေးမြန်းခြင်းမပြု။ ပီလွန်ကလည်း ဤအဖြစ်ကို လျှို့ဝှက်သည်းဖို ဇာတ်လမ်းအဖြစ်သာ ထားချင်သည်။"အေးကွာ၊ ငါ့ ဘောင်းဘီတွေကို ပြန်ယူလာ တဲ့ အတွက် မင်းကို ကျေးဇူးသိပ်တင်တယ် ပီလွန်"ဟု ကောင်ကြီးဂျိုးက ပြောသည်။ သို့သော်လည်း ပီလွန်သည် ဒသနိက အမြင်တစ်ရပ်ပေါ်တွင် စိတ်ဝင်စားပြီး အလေးအနက် ဆင်ခြင်စဉ်းစားနေသဖြင့် ကောင်ကြီးဂျိုး၏ ကျေးဇူးတင် စကားကို မကြားနိုင်။

"တကယ်တော့ကွာ၊ ဒီကိစ္စဟာ အလကားပါ"ဟု ပီလွန်က ရေရွတ်သည်။"ဒီကိစ္စတစ်ခုလုံးကို ခြုံကြည့်ပြီး ငါတို့ယူထားလိုက်တဲ့ သင်ခန်းစာက တန်ဖိုးသိပ်ရှိတာကွ"

သူတို့သည် သောင်ပြင်ထက်မှနေ၍ တောင်ကုန်းပေါ်သို့ တက်လာကြပြီး ဓာတ်ငွေ့စက်ရုံ မျှော်စင်ကြီး ရှေ့မှ ဖြတ်လျှောက်လာခဲ့ကြသည်။

ကောင်ကြီးဂျိုးသည် ပီလွန်နှင့် ပေါင်းရသင်းရသည့်အတွက် များစွာ ပျော်ရွှင်လျက်ရှိ၏။"သူငယ်ချင်း အပေါင်းအသင်း တွေပေါ်မှာ အလွန်စောင့်ရှောက်တဲ့ကောင် တစ်ယောက်ပါလား၊ ကိုယ့်သူငယ်ချင်း အိပ်ပျော်နေချိန် မှာ အန္တရာယ်မဖြစ်အောင် စောင့်ရှောက်ကာကွယ်ပေးရှာတယ်"ဟု တွေးသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပီလွန်ကောင်းကျိုးဖြစ်အောင် ကျေးဇူးတုံ့ပြန်မည်ဟုလည်း ဆုံးဖြတ်လိုက် လေသည်။

ဒင်နီသည် သန့်ရှင်းရေး အလုပ်သမားတစ်ဦး၏ ထောင်အဖမ်းကို ခံရခြင်းနှင့် ဒင်နီနှင့် သူငယ်ချင်းများက သူ့ကို ဝိုင်း၍ ကယ်တင်ကြခြင်း

ဒိုလိုရက်စ် အင်ဂရာစီယာ ရာမီးရာက်ဇ်သည် တော်တီလာဖလက် ရပ်ကွက်၏ အစွန် အမြင့်ပိုင်းကျကျ နေရာ တွင် အိမ်ငယ်ကလေးတစ်လုံးနှင့် နေထိုင်သည်။ သူသည် မွန်ထရေးမြို့ထဲမှ ဂုဏ်သရေရှိ အမျိုးသမီး ကြီး တချို့၏ အိမ်များသို့ သွားရောက်ပြီး အိမ်မှုကိစ္စများကို လုပ်ပေးကိုင်ပေးခြင်းဖြင့် အသက်မွေးသည်။ သူသည် မိန်းမချော မိန်းမလှတစ်ယောက်မဟုတ်။ ပိန်ကြုံသော မျက်နှာသည် ပီဆာနိုးမ တစ်ယောက် စစ်မှန်ကြောင်း ဖော်ပြနေသည်။ သို့သော်လည်း သူ၏ ကိုယ်လုံးကိုယ်ပေါက်ထဲတွင် ကာမဂုဏ်အာရုံကို ခံစားချင် လာအောင် ဆွဲဆောင်နိုင်သည့် လှုပ်ရှားမှုများရှိသည်။ တချို့ယောကျ်ားများကတော့ လိုဏ်သံပေါက်နေသည့် သူ့အသံကို စွဲကြသည်။ ပြင်းပြသော ရာဂဆန္ဒကို ဖော်ပြနေသည့် သူ့မျက်လုံးများသည် သေွးသားတောင့်တမှု တစ်ခုတည်းကိုသာ အဓိကထားကြသော ဖိုသတ္တဝါများအတွက် ဆွဲဆောင်မှု အပြည့်ရှိ လေသည်။

သူသည် အပြောအဆို တိုတောင်းပြီး အပြုအမူ ကြမ်းတမ်းသည်။ သူ၏ အပြောအဆိုနှင့် အပြုအမူများကို ကြည့် ပါက နည်းနည်းကလေးမှ နှစ်လိုဖွယ်ရာမရှိ။ သို့သော်လည်း တစ်ခုနှင့်တစ်ခု ပေါင်းစပ်ဖွဲ့စည်း လျက်ရှိသော အခြားချစ်ခင်မက်မောဖွယ်ရာ အရည်အသွေးများက ရှိနေသဖြင့် သူ့ကို"တော်တီလာဖလက် မှ ချစ်စရာ ရာမီးရက်ဇ်"ဟု အမည်ပေးထားကြသည်။

မည်သို့ပင်ဖြစ်စေ ရာမီးရာက်ဇ်တစ်ယောက် သားကောင်ရှာသည့်အခါများတွင် သူ၏ လှုပ်ရှားမှုများကို မြင်ရသည် မှာ အလွန်စိတ်သာယာဖို့ ကောင်းသည်။

သူ့အိမ်ရှေ့ ဝင်းခြံတံခါးကို မှီ၍ ရပ်နေသည့် ကိုယ် ဟန်အမူအရာ၊ အိပ်ချင်မူးတူး ဖြစ်နေဟန်ဖြင့် ပြောနေသည့် သူ့အသံ။ နွေရာသီ လှိုင်းလုံးများ လှုပ်ရှားနောက်ကြည့်နှယ် ဘယ်ပြောင်းညာနွဲ့ အိအိစက်စက် လှုပ်ရှား နေကြသော တင်ပါးကြီးများ၊ ဤ အရာအားလုံးသည် မြင်သူတကာတို့၏ စိတ်နှလုံးကို ဆွဲကိုင်ခါယမ်းလျက်ရှိသည်။ သို့ဖြစ်ရာ ဤကမ္ဘာ လောကတွင် ဤမျှလောက်လေးနက်ပြီး ဤမျှလောက် အဓိပ္ပာယ် ပါသော လှုပ်ရှားမှုမျိုးကို သူ့လောက် မည်သူမှ ဖန်တီးနိုင်မည် မဟုတ်ဟုပင် ထင်ရလောက်၏။

သာမန် အချိန်များတွင်မူ သူ့အသံသည် စွာတာတာနှင့် စူးစူးရှရှ နိုင်လွန်းသည်။ မျက်နှာထားကလည်း ခက်ထန် မာကျော လှ၏။ သွားလာလှုပ်ရှားပုံများကလည်း လေးလံထိုင်းမှိုင်းလှ၏။ သူ့စိတ်နေစိတ်ထား

မှာလည်း တစ်ကိုယ်ကောင်း ဆန်လွန်းသောအတ္တက လွှမ်းမိုးလျက်ရှိသည်။ သို့သော်လည်း ရက်သတ္တ တစ်ပတ် လျှင် တစ်ကြိမ် နှစ်ကြိမ်မျှ နူးညံ့ပျော့ပျောင်းသော အတ္တစိတ်ဝင်လာလေ့ရှိသည်။ အထူးသဖြင့် ထိုစိတ်သည် ညနေစောင်းအချိန်များတွင် အများဆုံး ဝင်လာတတ်လေသည်။

ဒင်နီ အမွေစားအမွေခံ တစ်ဦးဖြစ်လာသည်ဟူသော သတင်းကို ချစ်စရာ ကြားသည့်အခါ သူ ဝမ်းမြောက် ဝမ်းသာဖြစ်သည်။ တော်တီလာဖလက်ရပ်ကွက်အတွင်းမှ အခြားသော မိန်းမများပြုလုပ်သကဲ့သို့ သူ့ကိုယ်သူ ဒင်နီ၏ ဇနီးမယားအဖြစ် စိတ်ကူးယဉ် အိပ်မက်မက်သည်။ ညနေတိုင်း ချစ်စရာသည် သူ့ အိမ်ရှေ့ ဝင်းတံခါးတိုင်ကို တင်ပါးတစ်ဖက်နှင့် မှေးမှီ၍ရပ်ကာ သူ့အိမ်ရှေ့မှ ဒင်နီဖြတ်အလာကိုမျှော်သည်။ သူ့ထောင်ချောက်ထဲသို့ ဒင်နီ ကျအလာကို စောင့်စားသည်။ သို့သော်လည်း အချိန်တွေသာ အများကြီး ကုန်သွားသည်။ ငါးစာပစ်ထားသော သူ့ထောင်ချောက်တွင်းသို့ ဒင်နီကျမလာ၊ ထောင်ချောက်ထဲသို့ ကျလာနေသူ များမှာ အိမ်ခြေရာမဲ့ ရက် အင်းဒီးယန်း လူမျိုးများနှင့် ပီဆာနိုး လူမျိုးများသာဖြစ်သည်။

သူတို့ လူစုမှာ အိမ်ခြေရာခြေရှိဖို့ မဆို ထားနှင့်၊ အဝတ်အစားပင် ကောင်းကောင်း မဝတ်နိုင်သည့် လူများဖြစ်သည်။ အများအားဖြင့် သူတို့ လူစုမှာ အဝတ်အစား စုတစုတ်ပြတ်ပြတ် ပေပေရေရေနှင့် တောပုန်း လိုလို ဝရမ်းပြေးလိုလို လူစားများသာဖြစ်လေသည်။

ချစ်စရာအနေဖြင့် အဘယ်မှာလျှင် ကျေနပ်နိုင်ပါမည်နည်း။ ဒင်နီ၏ အိမ်မှ ကြည့်လျှင် ချစ်စရာ၏ အိမ်သည် တောင်ကုန်းအမြင့်ပိုင်း၌ တည်ရှိသည်ဖြစ်ရာ ဒင်နီမကြာခဏ လာတတ်သည့်လမ်း မဟုတ်။ သူမလာလျှင် ကိုယ်ကသွားရမည်ဟူသော သဘောဖြင့် ဒင်နီကို အရှာထွက်ဖို့မှာလည်း ချစ်စရာ မလုပ်နိုင်သည့်ကိစ္စ၊ အဘယ်ကြောင့် ဟူမူ သူသည် အမျိုးသမီးတစ်ဦး ဖြစ်နေသည် မဟုတ်ပါလား။ အကယ်၍ ဒင်နီက သူ့အိမ်ဘက် သို့ လျှောက်လာမည်။ သူနှင့်ဆုံမိပြီး စကားပြောကြမည်။ ထိုအခါ အိမ်ထဲဖိတ်ခေါ်ပြီး ဝိုင်တစ်ခွက် တစ်ဖလား တိုက်မည်။

ထို့နောက် ဖိုသဘာဝက အင်အားကြီးပြီး မ ဆိုသော သတ္တဝါ၏ အားနည်းမှုများကြောင့် ကိုယ်ပိုင် ပစ္စည်းများကို ထိုးအပ်ရသည်က တစ်မျိုး၊ သို့သော်လည်း သူ့အိမ်ဝင်း တံခါးမှ ခွာထွက်ပြီး သူ့ထံသွားဖို့ ဆိုသည်ကတော့ တွေးပင် မတွေးဝံ့။

ဤသို့ဖြင့် ချစ်စရာသည် ဒင်နီရောက်အလာကို ညနေတိုင်း မျှော်လင့်စောင့်စားခဲ့၏။ သို့သော်လည်း သူ မျှော်လင့်သည့်အတိုင်း ဖြစ်မလာသဖြင့် ကံကြမ္မာက ပေးသည့် လက်ဆောင်များ ဖြစ်သော ဂျင်း ဘောင်ဘီဝတ် လူဆန်းစားများကိုသာ လက်ခံရယူခြင်းဖြင့် အချိန်ကုန်လာခဲ့ရသည်မှာ လပေါင်းများစွာ ကြာလာ ခဲ့သည်။ သို့သော်လည်း တော်တီလာဖလက်

ရပ်ကွက်အတွင်း၌ သွားစရာလမ်းမှာ များများ စားစား ရှိသည် မဟုတ်ပေ။ မည်သည့်နည်းနှင့်မဆို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဒင်နီသည် ဒိုလိုရက်ဇ် အင်ဂရာစီယာ ရာမီးရက်ဇ်၏ အိမ်ဝင်းတံခါးရှေ့မှ ဖြတ်လျှောက်လာမိသည်သာဖြစ်၏။ ထင်သည့်အတိုင်းပင် တစ်ရက် တွင် ဒင်နီသည် ချစ်စရာ၏ အိမ်ရှေ့မှ ဖြတ်လျှောက်လာသည်။

အမှန်တော့ သူတို့သည် တစ်ယောက်နှင့် သိကျွမ်းလာခဲ့ကြသည်မှာကြာပြီ။ ချစ်စရာအနေဖြင့် ဒင်နီ အလာကို ယခုလောက်အထိ အကြီးအကျယ်မျှော်လင့် စောင့်စားရသည့် အဖြစ်မျိုးနှင့် လုံးဝ ကြုံခဲ့ဖူးခြင်းမရှိ။ ယခုတစ်ကြိမ်သည် ပထမဆုံး အကြိမ်ဖြစ်၏။ ထိုနေ့မနက်က ဒင်နီသည် ဗဟို ထောက်ပံ့ရေး ကုမ္ပဏီမှ ပိုင်ဆိုင် သော ကြေးနီပြားပတ် စည်ပိုင်းတစ်လုံးကို တွေ့သည်။ သူတွေ့သော စည်ပိုင်း၏ အနီးအနားတွင် ကုမ္ပဏီ မှ လူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိသဖြင့် စည်ပိုင်းသည် အသုံး မလိုတော့၍ စွန့်ပစ်လိုက်သည့် ပုံသကူ ပစ္စည်းတစ်ခုဟု သူ့သလောနှင့်သူ လိုရာဆွဲ၍ ဆုံးဖြတ်လိုက်ကာ အပိုင်စီးလိုက်၏။ ထို့နောက် စည်ပိုင်း မှ ကြေးပြားအားလုံးကို ခွာ၍ ဆာလာအိတ် တစ်လုံးတွင် ထည့်သည်။

ပြီးတော့ ပင်လယ်ဓားပြ၏ လက်တွန်းလှည်းကို ခဏငှားပြီး ပင်လယ်ဓားပြကိုပင် တွန်းပို့ခိုင်းသည်။ သူသည် ထိုပစ္စည်းကို အနောက်ပိုင်း ဒေသ ထောက်ပံ့ရေးကုမ္ပဏီသို့ ယူသွားပြီး သုံးဒေါ်လာနှင့် ရောင်းသည်။ စည်ပိုင်း ကိုမူ ပင်လယ်ဓားပြလက်သို့ ဝကွက်အပ်လိုက်သည်။

" မင်း ထည့်ချင်တာ ထည့်ရတာပေါ့ကွာလဟု ဒင်နီက ပြောသည်။ စည်ပိုင်းလွတ်ကို ရသည့်အတွက် ပင်လယ်ဓားပြမှာ အလွန်အမင်း ပျော်မြူးလျက်ရှိလေသည်။

ထို့နောက် တိကျပြတ်သားသော အစီအစဉ်ဖြင့် တော်ရဲလီးဆိုင်သို့ တန်း၍သွားရန် တောင်ကုန်းပေါ်မှ ဆင်းလာ ခဲ့၏။ ငွေသုံးဒေါ်လာသည် သူ့အကျႌအိတ်ကပ်ထဲတွင် အသင့်ပါလာသည်။

ဒင်နီ လျှောက်လာနေခိုက်တွင် ဒိုလိုရက်ဇ်၏ ချိုအေးသာယာသော သီချင်းဆိုသံကို ကြားရသည်။ ထိုအခါ ဒင်နီသည် ရှေ့ဆက်၍ မလျှောက်နိုင်တော့ဘဲ ရပ်လိုက်သည်။ သူ၏ မူလအစီအစဉ်များထဲတွင် တော်လှန်မှု တစ်ရပ်ဖြစ်ပေါ်လာသည်။"နေကောင်းရဲ့လားချစ်စရာ"ဟု သူကလှမ်း၍ နှုတ်ဆက်သည်။

" ကျွန်မ နေကောင်းတယ် ဆိုတော့ကော ဘာထူးမှာလဲ၊ ကျွန်မရဲ့ မိတ်ဆွေ သူငယ်ချင်းတွေက ကျွန်မကို ဆေးဖော် ကြောဖက်တောင် လုပ်ကြတော့တာမှ မဟုတ်တာ"ဟု ကန့်ကလျလေသံဖြင့် ခနဲ့ တဲ့တဲ့ ပြောသည်။ သူ့တင်ပါးများကိုလည်း နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ဖြစ်သွားအောင် ခါလိုက် ယမ်းလိုက် လှုပ်လိုက်သည်။

" နင့်စကားက ဘာအဓိပ္ပာယ်လဲဟ"ဟု ဒင်နီက မေးသည်။

" ရှင်းပါတယ်၊ ကျွန်မရဲ့ မိတ်ဆွေ ဒင်နီတောင်မှ ကျွန်မဆီ အလည်လာလို့လား"

" အခု ငါနင့်ဆီ အလည်လာတာလေ"

ချစ်စရာက ဝင်းတံခါးကို အနည်းငယ် ဟလိုက်သည်။"ကိုယ့်မိတ်ဆွေချင်း ခင်မင်ကြောင်း ပြတဲ့ အနေနဲ့ အိမ်ထဲ ဝင်ပြီး ဝိုင်လေးတစ်ခွက် တစ်ဖလားမှ မသောက်တော့ဘူးလားရှင်ရယ်" ဒင်နီက အိမ်ထဲသို့ ဝင်လိုက် သွားသည်။" ရှင်က ဒီဘက်ကို ဘာလာလုပ်တာလဲ"ဟု ဒိုလိုရက်ဇ်က ချိုးမကလေး ကူသံမျိုးဖြင့် ထပ်မေး ပြန်သည်။

ထိုအခါ ဒင်နီသည် အမှားတစ်ခု ပြုမိသည်။ သူ ဤဘက်ပိုင်းသို့ လာရသည့် အကြောင်းကိစ္စကို အခြောက် တိုက် မကြွားသင့်ဘဲ ကြွားမိသည်။ သူရလာသည့် ငွေသုံးဒေါ်လာ အကြောင်းကိုလည်း ထုတ် ဖော်ပြော မိသည်။

"ကျွန်မမှာ ဝိုင်က အလုံအလောက် မရှိတော့ဘူးရှင့်၊ အပ်ထောက်အရွယ်လောက်ရှိတဲ့ ခွက်ကလေး နှစ်ခွက်စာ လောက်ပဲ ရှိတော့တယ်"ဟု ဒိုလိုရက်ဇ်က ပြောသည်။

သူတို့သည် ချစ်စရာ၏ မီးဖိုခန်းထဲတွင် ထိုင်ကာ ဝိုင်တစ်ယောက်တစ်ခွက် သောက်ကြသည်။ နောက် တစ်ခဏမျှ အကြာတွင် ဒင်နီသည် ချစ်စရာကို ကိုယ်ထိလက်ရောက် ထိကပါး ရိကပါး လုပ်သည်။ သူ သိထား သမျှ ဆိုလျှင် ချစ်စရာသည် ဤအပြုအမူမျိုးကို လွယ်လွယ်နှင့် လက်ခံတတ်သူ မဟုတ်။ အခုအခံ ရှိတတ်သည်။ ယခုတော့ အထင်နှင့်အမြင် များစွာ ကွာနေသဖြင့် အံ့ဩနေမိ၏။ ချစ်စရာသည် သူပြုသမျှ နုတော့ မည့် အနေအထားကို ဖော်ပြနေသည်။ ထိုအခါ သူ့ရင်ထဲတွင် ပြင်းပြသော အလိုရမ္မက် ပေါက်ဖွား လာသည်။

"ရှင် ကနေ့ည ကျွန်မနဲ့ ထပ်တွေ့ချင်သေးတယ် မဟုတ်လား ဒင်နီ"ဟု ချစ်စရာက မြူဆွယ်သံဖြင့် မေးသည်။ သူ့မျက်လုံးများကလည်း အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ကြည့်ကာ ဖိတ်ခေါ်လျက်ရှိ၏။

ဒင်နီ ကလည်း ချက်ချင်း သဘောပေါက်သည်။"အေး ငါတစ်ခေါက်ပြန်လာခဲ့မယ်"ဟု ကတိပေး လိုက်သည်။ ဒင်နီသည် မူလက စိတ်ကူးစီစဉ်ထားသည့်အတိုင်း တော်ရဲလီးဆိုင်သို့ သွားရန် တောင်ကုန်းပေါ်မှ ပြန် ဆင်းလာခဲ့သည်။ သူ့ရင်တွင်း၌ စောစောက ဖြစ်ပေါ်ခဲ့သော ရမ္မက်ဆန္ဒသည် အသွင်တစ်မျိုး ပြောင်း လာသည်။

ရိုင်းစိုင်းပြီး မာန်ဖီနေသော ဝံပုလွေတစ်ကောင်၏ စိတ်မျိုးမှသည် စိတ်လှုပ်ရှားမှုအားကြီးသော ဝက်ဝံတစ်ကောင်စိတ်မျိုးသို့ ကူးပြောင်းသွားသည်။"ချစ်စရာအတွက် ငါဝိုင်ဝယ်သွားမယ်" ဟုတွေးသည်။

တောင်ကုန်းဆင်ခြေလျှော လမ်းအတိုင်း ဆင်းလာနေခိုက် လမ်းခုလတ်တွင် ပက်ဘလိုနှင့် ဆုံမိသည်။"မင်း ဘယ်သွား မလို့လဲ"ဟု

ပက်ဘလိုက မေးသည်။

"သူငယ်ချင်းချင်း ရပ်ပြီး စကားပြောနေဖို့ အချိန်မရှိဘူးကွ"ဟု ဒင်နီကပြန်ပြောသည်။"ငါ အခု အမျိုး သမီး တစ်ယောက်အတွက် ဝိုင်သွားဝယ်မလို့ မင်း လိုက်ချင်ရင် လိုက်ခဲ့၊ ဝိုင် တစ်ခွက်တော့ သောက်ရ မယ်၊ အမျိုးသမီး တွေ အတွက် ဝိုင်ဝယ်ရတဲ့ အလုပ်ကလည်း စိတ်ကုန်စရာပါပဲကွာ၊ သူတို့အတွက်ဆိုပြီး သွားဝယ်ရော၊ ဟိုရောက်တော့ အပေါင်းအသင်းတွေနဲ့ တွေ့ပြီး ဝိုင်သောက်ကြတာနဲ့ပဲ ဝိုင်အားလုံး ကုန်ရော"

ပက်ဘလိုက ဒင်နီ့စကားကို ထောက်ခံသည်။ ဤအဖြစ်မျိုးနှင့်ကြုံရသည်မှာသည်းမခံနိုင်စရာဖြစ်သည်။ သူကိုယ်တိုင်က လည်း ဒင်နီ၏ ဝိုင်ကို လိုက်၍ မသောက်ချင်။ သို့သော်လည်း သူက ခေါ်နေ သဖြင့် အဖော် အဖြစ် လိုက်သွားပြီး အားနာပါးနာဖြင့် တစ်ခွက်လောက်သော သောက်မည်ဟု စိတ်ကူးသည်။

သူတို့သည် တော်ရဲလီး၏ ဆိုင်သို့ ရောက်သွားကြသည်။ ဒင်နီ ဝယ်လိုက်သော ဝိုင်တစ်ဂါလန်ထဲမှ တစ် ယောက် တစ်ခွက် သောက်ကြသည်။ သူနှင့် အလွန်ရင်းနှီးခင်မင်သော သူငယ်ချင်း တစ်ယောက်ကို ဝိုင် တစ်ခွက်တည်း တိုက်ခြင်းသည် မျက်နှာမထောက်ရာကျသည်။ မလေးမစားပြုရာ ရောက်သည်ဟု ဒင်နီက ဝန်ခံ စကား ပြောသည်။ ထိုအခါ ပက်ဘလိုကလည်း နောက်ထပ်တိုက်ရန် လှိုက်လှိုက်လှဲလှဲ တောင်းပန် နေသည်။ ဤသို့ဖြင့် သူတို့သည် နောက်ထပ် တစ်ယောက် တစ်ခွက်မော့ကြပြန်သည်။

" အမျိုးသမီးတွေဟာ ဝိုင်ကို အများကြီး သောက်လို့ မကောင်းပါဘူး"ဟု ဒင်နီက တွေးသည်။"သိပ် သောက် ရင် သူတို့ ကိုယ် သူတို့ ဘယ်ထိန်းနိုင်မှာလဲ၊ ပြီးတော့လည်း ယောကျ်ားတစ်ယောက်က နိုးကြား တက်ကြွ နေစေချင်တဲ့ အာရုံဟာ လေးလံထိုင်းမှိုင်းကုန်မှာပေါ့" သူတို့သည် နောက်ထပ် တစ်ခွက်ပြီးတစ်ခွက် သောက်ကြပြန်သည်။ ဝိုင်တစ်ဂါလန်သည် နောက်ထပ် ဒင်နီဝယ်မည့် လက်ဆောင်နှင့် ပေါင်းလိုက်လျှင် အလွန် များသော လက်ဆောင်တစ်ခုဖြစ်လာနိုင်သည်။ ထို့ကြောင့် သူတို့သည် ဝိုင်ဂါလန် ဝက် ကုန်သည် အထိ တိုင်းထွာသတ်မှတ်၍ သောက်ကြပြန်သည်။ ထို့နောက် ဝိုင် အကျန် ဂါလန်ဝက်ကို ဒင်နီက မြောင်းတစ်ခုထဲရှိ မြက်ပင် ချုံပင်များကြားသို့ပ ထိုးထည့်ပြီး ဝှက်သည်။

" ငါလက်ဆောင် ပေး ဖို့ ပစ္စည်းတစ်ခု သွားဝယ်မလို့ကွ၊ မင်း ငါနဲ့ လိုက်စေချင်တယ်"ဟု ဒင်နီက ပြောသည်။

ဒင်နီက ခေါ်နေသည့် အကြောင်းရင်းကို ပက်ဘလို နားလည်သည်။ သူ ခေါ်နေသည့် အကြောင်းရင်း တစ်ဝက် မှာ သူနှင့် အဖော်ရစေလို၍ ဖြစ်ပြီး ကျန်တစ်ဝက်မှာ ပက်ဘလိုကို သူ့မျက်ကွယ်၌ လွှတ်ထား ခဲ့ပါက သူ ဝှက်ထားသည့် ဝိုင်ဂါလန်ဝက်ကို ခိုးသွားမည်စိုး၍ ဖြစ်သည်။ ထို့ကြောင့်

ပက်ဘလိုက မငြင်း။ သူတို့ နှစ်ယောက်သား မွန်ထရေးမြို့ဘက်သို့ ရင်ကော့၍ လျှောက်ခဲ့ကြသည်။

ဆီမွန် ရွှေငွေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးနှင့် ငွေချေးလုပ်ငန်း ကုမ္ပဏီပိုင်ရှင် မစ္စတာ ဆီမွန်က သူ တို့ကို ခရီးဦးကြိုပြုပြီး သူ့စတိုးဆိုင်အတွင်းသို့ ခေါ်သွင်းသွားသည်။ ဆိုင်ထဲတွင် ဆက်က လိုဖုန်းများ၊ ရေဒီယို များ၊ ရိုင်ဖယ်သေနတ်များ၊ ဓားများ၊ ငါးမျှားတံများနှင့် ရှေးဟောင်းငွေဒင်္ဂါးများ။ အားလုံး တစ်ကြိမ်သုံးပြီး ပစ္စည်းများ ချည်း ဖြစ်သည်။

"ခင်ဗျား တို့ ပစ္စည်းတစ်ခုခု ဝယ်ဖို့ စိတ်ကူးရှိဟန်တူပါရဲ့"ဟု မစ္စတာ ဆီမွန်ကမေးသည်။

"ဟုတ်ကဲ့"ဟု ဒင်နီက ဖြေသည်။

ဆိုင်ရှင်က သူ့ဆိုင်ရှိ ပစ္စည်းစာရင်းကို တစ်ခုချင်းစီ ဖတ်ပြသည်။ ဖတ်နေရင်းမှ ဒန်သတ္တု အမှိုက်ရှင်းစက် တစ်လုံး အပေါ် စိတ်ဝင်စားဟန်ဖြင့် ငေးကြည့်နေသည့် ဒင်နီကို သတိထားလိုက်မိသဖြင့် ဆက်မဖတ် တော့ဘဲ ရပ်ပစ်လိုက်သည်။ အမှိုက်ရှင်းစက်၏ အမှုန်ထိန်းအိတ်သည် အပြာရောင်၊ ဝါယာကြိုး မှာ အနက်ရောင်၊ အသစ်ကျပ်ချွတ်ကဲ့သို့ပင် ပြောင်လက်နေဆဲ၊ မစ္စတာ ဆီမွန်က စက်ရှိရာသို့ သွားပြီး သူ့ လက်ဖြင့် အသာအယာ ပွတ်သပ်သည်။ ပြီးတော့ နောက်တစ်လှမ်းဆုတ်၍ ရပ်လိုက်ပြီး"ခင်ဗျား ဒီစက်ကို စိတ်ဝင်စား နေသလား"ဟု မေးသည်။

"ဘယ်လောက်လဲ"

"ဆယ့်လေး ဒေါ်လာ"

မစစ္စတာဆီမွန် နှုတ်မှ ထွက်လာသောဈေးမှာ"ဆိုဈေး" မျှသာ ဖြစ်၏။ ဒင်နီ လက်ထဲတွင် ငွေမည်မျှ ရှိနေသည်ကို သိရှိရန် အားထုတ်လို၍ ပြောလိုက်သော ဈေးမဟုတ်၊ ဒင်နီကလည်း အမှိုက်ရှင်းစက်ကို လိုချင်သည်။ စက်က အရွယ်အစားကြီးသည်။ တောက်တောက် ပြောင်ပြောင် ရှိသည်။ စက်သစ်နှင့် ဘာမျှ မခြား၊ တော်တီလာဖလက် ရပ်ကွက်ထဲတွင် ဘယ်အမျိုးသမီးမှ ဤစက်မျိုးကို မပိုင်၊ လိုချင်စိတ် တစ်ခုတည်း အတွင်း ၌ လျှပ်စစ်မီး မရှိသည့် အဖြစ်ကို လုံးဝ သတိမရ။ ဒင်နီက သူပေးနိုင်သော ငွေနှစ် ဒေါ်လာကို ကောင်တာ ပေါ် တင်လိုက်ပြီး တစ်ဖက်မှအဖြေကို စောင့်သည်။ မစ္စတာဆီမွန်ကလည်း လက်ခံသည်။ ထို့နောက် စက်တစ်ခုလုံးကို ဖုန်ခါခြင်း၊ ပွတ်တိုက်ခြင်း စသည့် အလုပ်များ ဆက်တိုက် ဖြစ်လာသည်။ အားလုံးပြီး သွားသောအခါ ဒင်နီသည် အမှိုက်ရှင်းစက်ကို မ၍ ဆိုင်ပြင်သို့ ထွက်လာခဲ့ လေ၏။

ထိုနေ့မှစ၍ မွန်းလွဲပိုင်း အချိန်တိုင်း ချစ်စရာသည့် အမှိုက်ရှင်းစက်ကို အိမ်ပြင်သို့ထုတ်ယူကာ ကုလား ထိုင်တစ်လုံး တွင် မှီ၍ တောင်ထားလေ့ရှိသည်။ အိမ်နီးနားချင်းများနှင့် မိတ်ဆွေအပေါင်းအသင်း များက ကြည့်နေပြီ ဆိုလျှင် သူသည် အမှိုက်ရှင်းစက်ကို ရှေ့ထိုးနောက်ငင် ဆွဲပြသည်။ ပါးစပ်မှလည်း မော်တာ

မြည်သံနှင့် တူသော အသံကို မြည်သည်။

"ငါ့ သူငယ်ချင်း အမျိုးသားက လူချမ်းသာ တစ်ယောက်ဟဲ့"ဟု ပြောသည်။"မကြာခင် အိမ်မှာ လျှပ်စစ်မီး သွယ်ပေးမှာ၊ အဲဒီကျရင် ဟောဒီ စက်ဟာ ဟောဒီလို ဟောဒီလို အလုပ်လုပ်မှာ၊ တစ်အိမ်လုံးကို သန့်ရှင်း နေမှာပဲ"

သူ့အပေါင်းအသင်းများကမူ သူ့စက်၏ ဂုဏ်ကို သေးငယ်နုပ်ဖွဲ့ သွားအောင်ပြောကြသည်။"နင့်စက်ကို လည်အောင် မလုပ်နိုင်တာကတော့ ဆိုးပါတယ်ဟယ်။ တို့ကတော့ တံမြက်စည်း တစ်ချောင်းနဲ့ အမှိုက်သိမ်း ဂေါ်ပြားကိုပဲ အမြဲတမ်းသုံးတာ၊ တစ်အိမ်လုံး ပြောင်စင်နေတာပါပဲတော်"

မနာလို ဝန်တိုသူများက မည်မျှပင် သေးဖွဲ့အောင် ပြောနေသော်လည်း စက်၏ ဂုဏ်မှာ ကျသွားခြင်းမရှိ။ ဤစက်မျိုး တစ်လုံးကို ပိုင်ဆိုင်ထားသည့်အတွက် ချစ်စရာသည် တော်တီလာဖလက် ရပ်ကွက်အတွင်းရှိ ပေါင်းသင်း ဆက်ဆံရေး နယ်ပယ်၌ ထိပ်ဆုံးသို့ ရောက်သွားသည်။ သူ့နာမည်ကို ရုတ်တရက် မမှတ်မိသူများက"အမှိုက်ရှင်းစက်နဲ့ မိန်းမဟာလေ"ဟု ပြောစမှတ်ပြုကြသည်။ သူ၏ ပြိုင်ဘက် ရန်သူတော်များ သူ့အိမ်ရှေ့မှ ဖြတ်လျှောက်သွားသည့်အခါများတွင်လည်း အမှိုက်ရှင်းစက် တွန်းသော ချစ်စရာကို ပြတင်းပေါက်မှ လှမ်းမြင်ရသည်။ သူ့ပါးစပ်မှ ထွက်လာနေသည့် စက်မြည်သံများကိုလည်း ကြားရသည်။

သူ့ကြောင့် ရပ်ကွက်ထဲရှိ အိမ်အပေါင်း အမြောက်အမြားတွင် မနာလို ဝန်တိုမှုများ ပေါ်နေကြသည်။ သူ့ အမူအရာ ကလည်း ခေါင်းတမော်မော် လည်ကြောတထောင်ထောင် ဖြစ်လာသည်။ စကားပြောကြ ပြီဆိုပါကလည်း"ဒီကနေ့မနက် ကျွန်မ အမှိုက်ရှင်းစက် တွန်းနေတုန်း ရာမွန်ဖြတ်သွားတာ မြင်လိုက် ရတယ်"စသော အပြောမျိုး ပြောလေ့ရှိသည်။ သူ့ပါးစပ်မှ ဘာတွေပဲ ပြောပြော အမှိုက်ရှင်းစက် မပါ လျှင် မပြီး သလောက် ဖြစ်လာသည်။

အမှိုက်ရှင်းစက်ကြောင့် အခြေအနေ မြင့်လာသော ချစ်စရာသည် စက်လက်ဆောင်ပေးသူ ဒင်နီကို ပစ် ပယ်ခြင်းမပြုပေ။ ဒင်နီကို လိုလေသေးမရှိအောင် ပြုစုသည်။ ဒင်နီရှိနေလျှင် သူ့တစ်ကိုယ်လုံးသည် လေထဲတွင် ယိမ်းနွဲ့ လှုပ်ရှားနေသည့် ထင်းရှူးပင် တစ်ပင်နှင့် သူသည်။ ဒင်နီကလည်း ညစဉ် ညတိုင်း ချစ်စရာအိမ်မှ ဘယ်ကိုမှမသွား။

ပထမတွင် ဒင်နီ၏ သူငယ်ချင်းများသည် သူတို့သူငယ်ချင်း တစ်ယောက်အိမ်မှ ပျောက်နေခြင်းကို လုံးဝ ဂရုမစိုက် ကြချေ။ ဤကဲ့သို့သော အဖြစ်မျိုးနှင့် ကြုံရတတ်သည်မှာ ယောကျ်ားတိုင်း၏ အကျင့်ဖြစ်၍ ယောကျ်ား တိုင်း၏ အခွင့်အရေးတစ်ရပ်ဖြစ်သဖြင့် သူတို့အဖို့ ထူးဆန်းသော အရာတစ်ခု မဟုတ်ပေ။ ထို့ကြောင့် လည်း ဒင်နီအတွက် ပူပန်ကြောင့်ကြခြင်း မဖြစ်ကြပေ။ ဤသို့ဖြင့် သီတင်းအပတ်ပေါင်းများစွာ ကုန်လွန် လာခဲ့သည်။ ယခင်ကနှင့်

မတူသော ဒင်နီ၏ ပြောင်းလဲမှုများကို လည်း သတိပြုမိလာကြသည်။ ဒင်နီသည် တွေတွေဝေဝေဖြစ်လာသည်။ အသားအရေများ ဖြူဖပ်ဖြူ ရော်ဖြစ်လာသည်။ အမှိုက်ရှင်း စက် အတွက် ချစ်စရာ၏ကျေးဇူးတုံ့ပြန်မှုသည် ဒင်နီ၏ ကာယကျန်းမာမှုကို များစွာ ထိခိုက်စေသည်ဟုလည်း သူ့သူငယ်ချင်း များက နားလည်သဘောပေါက်လာသည်။ ထို့ပြင် လည်း သူတို့ သူငယ်ချင်း၏ အာရုံကို သူ့တစ်ဦးတည်းအပေါ်၌သာ စူးစိုက်နေအောင် လုပ်ထားသည့် ချစ်စရာအပေါ်၌လည်း မနာလိုတိုရှည် ဖြစ်လာ ကြသည်။

ဤသို့ဖြင့် ပီလွန်၊ ပက်ဘလိုနှင့် ဂျီးဆပ်စ်မေရီယာတို့သည် ဒင်နီ၏ မေတ္တာကျက်စား နားနေရာ အသိုက်ကို သူ မရှိခိုက် ချင်းနင်းဝင်ရောက်ကြပြီး ဖျက်ဆီးပစ်ရန် ကြိုးစားအားထုတ်ကြသည်။ သို့သော် လည်း သူ့ဂုဏ်နှင့် သူ့သိက္ခာကို တက်အောင်၊ သူ့အခြေအနေကို မြင့်မားအောင် လုပ်ပေးခဲ့သည့် ယောက်ျား တစ်ယောက်၏ကျေးဇူးကို အလေးအနက်ပြုနေဆဲ ဖြစ်သော ချစ်စရာသည် ဒင်နီအပေါ်၌ သစ္စာစောင့်သိနေသဖြင့် ကြံရကျပ်နေသည်။ ချစ်စရာအနေဖြင့် သူတို့အားလုံးကို လုံးဝလိမ်ခံခြင်းကား မဟုတ်။ ကံကြမ္မာဆိုသည်မှာ ကံသေကံမ ပြောနိုင်သည် မဟုတ်။ နောက်အနာဂတ်ကာလတွင် သူတို့ လူစုထဲ မှ တစ်ဦးဦးနှင့် တွဲနေဖို့ လိုအပ်ချင် လိုအပ်လာလိမ့်မည် ဖြစ်၏။ထို့ကြောင့် သူတို့နှင့် မိတ်ဆွေ အပျက် မခံ။ လိမ္မာပါးနပ်စွာဖြင့် လှည့်စားပြီး ကြိုးရှည်ရှည်နှင့် လှန်ထားသည်။ သို့သော်လည်း ယခု လောလောဆယ် ဒင်နီ ကွယ်ရာ တွင် ဒင်နီ သူငယ်ချင်းများအား မျှတ ခွဲဝေပေးဖို့ ဆိုသည်ကတော့ မဖြစ် နိုင်သေး။

ထို့ကြောင့် ဒင်နီ၏သူငယ်ချင်းများသည် စိတ်ပျက်လက်ပျက် ဖြစ်နေကြသည့်ကြားမှ ချစ်စရာကို ပျက်စီးခြင်း ငါးပါး တိုင် အောင် လုပ်ရန်ကြံစည်စိတ်ကူးကြသည်။

ဒင်နီသည် ချစ်စရာအပေါ်တွင် စိတ်ကုန်ချင် ကုန်နေလောက်ပြီ။ အကယ်၍ ယင်းစိတ်မျိုး ဒင်နီ၌ ရှိနေခဲ့ ပါမူ သူသည် အမှန်အတိုင်း ထုတ်ဖော်ဝန်ခံခြင်းတော့ ပြုလုပ်မည် မဟုတ်။ သို့ဆိုလျှင် မိမိတို့က အလိုက်သိစွာ ဖြင့် ဝင်ရောက်ဖြေရှင်းပေးဖို့ လိုမည်ဟု ထင်သည်။

တစ်နေ့သော မွန်းလွဲပိုင်း သုံးနာရီထိုးခန့်တွင် ပီလွန်၊ ပက်ဘလို၊ ဂျီးဆပ်စ်မေရီယာနှင့် ကောင်ကြီးဂျိုး တို့သည် တိုက်ပွဲတစ်ခုမှ အောင်မြင်စွာ ပြန်လာကြသည်။ ဤတိုက်ပွဲတွင် ပီလွန်၏ စိတ်ကူးကို ပက်ဘလိုနှင့် ဂျီးဆပ်စ်မေရီယာ တို့၏ အားထုတ်မှုနှင့် ပေါင်းစပ်ပြီး ခက်ခက်ခဲခဲနှင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဤတိုက်ပွဲတွင် ကောင်ကြီးဂျိုး၏ ကူညီလှုပ်ရှားမှု လုံးဝမပါဝင်ခဲ့ပေ။

သူငယ်ချင်း လေးယောက်သည် တိုက်ပွဲမှ အပြေးအလွှား ပြန်လာခဲ့ကြသည်။ ခက်ခဲစွာဖြင့် အနိုင်ရ လိုက်သောပွဲဖြစ်၍ လေးယောက်စလုံး

ပျော်မြူးနေကြသည်။ သူတို့ ပျော်ရွှင်မြူးတူးနေသော အချိန်တွင် မွန်ထရေးမြို့တွင်းရှိ အီတလီ အမျိုးသားတစ်ယောက်မှာမူ လူလိမ်ခံရသဖြင့် စိတ်နောက်ကျို ရှုပ်ထွေးလျက် ရှိလေသည်။

ပီလွန်သည် အိုင်ဗီခေါ် နံရံကပ် ပန်းအနွယ်များဖြင့် ထုတ်ထားသော ဝိုင်တစ်ဂါလန်အိုးကို သယ်လာသည်။ လေးယောက် သား ဒင်နီ၏အိမ်ထဲသို့ တပျော်တပါး ဝင်ရောက်သွားကြပြီး ပီလွန်က သူ့လက်ထဲမှ ဝိုင်တစ်ဂါလန်အိုးကို စားပွဲပေါ် သို့ လှမ်းတင်လိုက်သည်။

ထိုအချိန် ကျမှပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ဒင်နီအိပ်ရာမှနိုးသည်။ သူ့ သူငယ်ချင်းများကို ကြည့်၍ တစ်ချက်မျှ ပြုံးလိုက်ပြီး အိပ်ရာထက်မှ ထလာသည်။ ခွက်များ သွားယူပြီး ဝိုင်ထည့်ပေးသည်။ မောပန်း နွမ်းနယ် လာကြသော သူ့သူငယ်ချင်း လေးယောက်သည် ကုလားထိုင်များတွင် ခြေပစ်လက် ပစ် ထိုင်ကြသည်။

သူတို့သည် ဝိုင်ကို အေးအေးဆေးဆေး အရသာခံ၍ သောက်ကြသည်။ ဤအချိန်သည် အနားယူချိန် ဖြစ်၏။ တော်တီလာဖလက် ရပ်ကွက်အတွင်းရှိ လူတိုင်းလိုလိုပင် နားကြသော အချိန်ဖြစ်၏ မနက်ပိုင်းက လုပ်ခဲ့ပြီး သမျှ ဖြစ်ခဲ့ပြီးသမျှများကို ပြန်၍ စားမြုံ့ပြန်ကြသည်။ အတင်းအဖျင်း သတင်းအဖြစ် ပြောကြ ဆိုကြ ဝေဖန် ကြသည်။ ညပိုင်းတွင် ဖြစ်ပျက်လာနိုင်ဖွယ်ရာ ရှိသည်များကို ဆွေးနွေးမှန်းဆကြသည်။ သူတို့အဖို့ အခုလို မွန်းလွဲပိုင်း အချိန်တွင် ပြောမဆုံးပေါင် တောသုံးတောင်ဟု ဆိုရလောက် အောင် ပြောစရာတွေက များသည်။

"ဟေ့ ဒီမယ်၊ ဟိုကောင်မ ကော်နဲလီယာရစ်ဇ်လေ၊ လူတစ်ယောက် ကနေ့ မနက်ပဲ ရသွားတယ်ကွ"ဟု ပီလွန်က ပြောသည်။"အဲဒီလူက ထိပ်ပြောင်ကွ သိလား၊ သူ့နာမည်က ကစ်လ်ပက်ထရစ်တဲ့၊ ကော်နဲ လီယာက ပြောတယ်၊ သူစောစောက တွဲနေတဲ့ကောင် ပြန်မလာတာ သုံးရက်ရှိသွားပြီတဲ့။ အဲသလို လုပ် တာကို သူ မကြိုက်ဘူးတဲ့"

"ဟာကွာ ကော်နဲလီယာဆိုတဲ့ ကောင်မက သိပ်ပြီး စိတ်အပြောင်းအလဲ မြန်တယ်ကွ"ဟု ဒင်နီက ပြောသည်။ သူသည် အမှိုက်ရှင်းစက်ဟူသော ကျောက်ဆောင်ကြီးပေါ်၌ တည်ဆောက်ထား သည့် သူ့ချစ်ရိပ်မြုံ ကလေး၏ အခြေခိုင်မှုကို တွေးကာ စိတ်ထဲတွင် ကျေနပ်သာယာလျက် ရှိလေသည်။

"ကော်နဲလီယာရဲ့ အဖြေကြီးက ပိုဆိုးတယ်ကွသိလား"ဟု ပက်ဘလိုက ဝင်ပြောသည်။"သူကတော့ ဘယ်တော့မှ အမှန်မပြောဘူး။ တစ်ခါတုန်းက သူ ငါ့ဆီက ငွေတစ်ဒေါ်လာ ချေးသွားဖူး တယ်၊ ငါက သူ ငွေချေး သွားတာကို ကော်နဲလီယာကို ပြောပြတယ်။ ဒါပေမယ့် သူက ပြန်မဆပ်ဘူး"

"တစ်သွေးတည်းက ပေါက်ဖွားလာတဲ့ လူနှစ်ယောက်ပဲကွာ၊ မျိုးရိုးသိရင် ခွေး အကြောင်း သိတာပဲ မဟုတ်လား" ပီလွန်က ပြောသည်။

ဒင်နီက ခွက်များအတွင်းသို့ ဝိုင် ထပ်ဖြည့်ပြန်သည်။ ဝိုင်တစ်ဂါလန်မှာ အတော်လျော့သွားခဲ့လေပြီ။ သူသည် လျော့နေသည့် ဝိုင်အိုးကို စိတ်မကောင်းဖြစ်သော မျက်နှာထားဖြင့် ငေးကြည့်နေသည်။

ငြိမ်နေသော ဂျီးဆပ်မေရီယာက စကားဝင်ပြောသည်။"ငါ ဆူစီဖရန် စစ္စကိုနဲ့ တွေ့ခဲ့တယ်။ ဆေးနည်း ကအတော့်ကို အစွမ်းထက်သူ ချာလီဂတ်ဇ်မင်း ရဲ့ မော်တော်ဆိုင်ကယ် နဲ့ လိုက်လိုက်သွားတာ သုံးခါတောင် ရှိပြီတဲ့။ ပထမနှစ်ခေါက် လိုက်ရတုန်းက အဲဒီပီယဆေး ကျွေးလိုက်တယ်တဲ့၊ ဆေးလည်း စားပြီးရော ချာလီဂတ်ဇ် လည်း နေမကောင်းဖြစ်တာပဲတဲ့၊ ဆူစီကတော့အဲသလိုဖြစ်တာ မကောင်းဘူးလို့ ထင်နေတယ်။

" အဲဒီ ဆေးနည်းထဲ မှာ ဘာပါသတဲ့လဲ"ဟု ပက်ဘလိုက မေးသည်။

ပီလွန်က ဆေးနည်းကို ထုတ်ဖော်၍ မပြောချင်။"ဘာတွေပါတယ် ဆိုတာ အသေးစိတ် တော့ မသိ ပါဘူးကွာ၊ ငါထင်တာကတော့ အဲဒီအထဲမှာပါတဲ့ ဝက်သစ်ချသားပြာကြောင့် ချာလီဂတ်ဇ် နေထိုင် မကောင်း ဖြစ်သွား တယ် ထင်တာပဲ"

ဝိုင် တစ်ဂါလန်မှာ အကုန်ခြွလွှန်းလှချေသည်။ အပေါင်းအသင်းခြောက်ဦးစလုံးသည် ရေစက်မပြေကြ သေး။ နောက်ထပ် ဝိုင်သောက်ချင်သော ဆန္ဒသည် ပြင်းပြနေကြဆဲ။ ပီလွန်က သူ့အဖော်များ၏ မျက်လုံးများကို သေသေချာချာ လိုက်ကြည့်သည်။ သူတို့ကလည်း ပီလွန်ကို ပြန်ကြည့်ကြသည်။ အကြံ အစည်ကို လက်တွေ့ အကောင် အထည် ဖော်ဖို့ အသင့်ဖြစ်ပြီ။

ပီလွန်က ချောင်းတစ်ချက် ဟန့်ကာ လည်ချောင်းရှင်းလိုက်သည်။"မင်း အခုတလော ဘာတွေ လျှောက်လုပ် နေတာလဲ ဒင်နီ၊ တစ်မြို့လုံးက မင်းကို ဝိုင်းပြီး သရော်နေကြပြီ"

"မင်းစကားက ဘာအဓိပ္ပာယ်လဲ ပီလွန်"

"လူတွေက ပြောနေကြတယ်လေကွာ၊ မင်းက မိန်းမတစ်ယောက်ကို အမှိုက်ရှင်းစက် တစ်လုံးဝယ်ပေး တယ်တဲ့၊ အဲဒီစက်က အိမ်မှာ လျှပ်စစ်မီးမရှိဘဲနဲ့ အလုပ်မလုပ်နိုင်ဘူးတဲ့၊ မီးသွယ်မပေးနိုင်ဘဲ စက်ဝယ် ပေးတော့ ရယ်စရာ ဖြစ်နေတာပေါ့"

ဒင်နီ စိတ်မသက်မသာဖြစ်လာသည်။"ဒါကတော့ကွာ အဲဒီအမျိုးသမီးက အမှိုက်ရှင်းစက်ကို သဘောကျ နေတာ ကိုးကွ"

"အေးလေ၊ ဒါက ထားလိုက်ပါတော့၊ အခု သူက လျှောက်ပြောနေတယ်။ မင်းက သူ့အိမ်မှာ လျှပ်စစ်မီး သွယ်ပေးမယ်လို့ ကတိပေးထားပြီတဲ့။ မကြာခင် အဲဒီစက်ကို ခိုင်းလို့ရတော့မယ်တဲ့"

ဒင်နီ၏ စိတ်သည် ပို၍ အနှောက်အယှက် ဖြစ်သွားပုံရသည်။"သူက အဲသလိုပဲ ပြောသတဲ့လား"

"ပြောနေတယ်လို့ ငါ့ကို ပြောကြတာပဲ"

"ငါက လုပ်မပေးပါဘူးကြ"

"တကယ်လို့ ဒီကိစ္စဟာ ရယ်စရာ မကောင်းဘူးလို့ ငါ့စိတ်က ထင်ရင်တော့လည်း ဒီစကားမျိုးတွေ ပြောပြီး ကိုယ့်သူငယ်ချင်း တစ်ယောက်ကို သရော်နေကြတာဟာ ငါစိတ်ဆိုးသင့်တဲ့ ကိစ္စပေါ့ကွာ၊ ဟုတ်ဘူးလား၊ အခုတော့"

"တကယ်လို့ သူက မီးသွယ်ပေးပါလို့ ပူဆာရင်ကော မင်းဘယ်လိုလုပ်မလဲ"ဟု ဂျီးဆပ်စ်မေရီယာက ကြားဖြတ်မေးသည်။

"မလုပ်ပေးနိုင်ဘူးလို့ ပြောမှာပေါ့ကွ"ဟု ဒင်နီက ဖြေသည်။

ပီလွန်က ရယ်သည်။"ငါ မင်းအနားမှာ ရှိချင်သကွာ၊ မလုပ်ပေးနိုင်ဘူးလို့ မိန်းမတစ်ယောက်ကို လွယ် လွယ် ကလေး ပြောလို့ရမယ် ထင်သလား"

ဤကိစ္စနှင့် ပတ်သက်၍ သူ့သူငယ်ချင်း အားလုံးက သူ့ကို ဆန့်ကျင်နေကြပြီဟု ဒင်နီ စိတ်ထဲက သိလာသည်။"ဒီလိုဆို ငါဘယ်လို လုပ်ရမလဲ"ဟု မေးသည်။

ပီလွန်က ပြဿနာကို အလိန် အလေးအနက်ထားပြီး ဆင်ခြင်သုံးသပ်သည်။ လက်တွေ့ လုပ်နိုင်မည့် နည်းလမ်းများကို ရှာသည်။"တကယ်လို့ မင်းအမျိုးသမီးမှာ အမှိုက်ရှင်းစက် မရှိတော့ရင် သူ့အိမ်မှာ လျှပ်စစ်မီး သွယ်ဖို့ မလိုတော့ဘူးကွ"ဟု ပြောသည်။

ကျန်လူစုက တညီတညွတ်တည်း ခေါင်းညိတ်ပြကာ ထောက်ခံကြသည်။

"ဒါကြောင့်"ဟု ပီလွန်က စကားဆက်သည်။"လုပ်ရမှာက အမှိုက်ရှင်းစက်ကို သူ့အိမ်က ဖယ်ရှား ပစ်ရမယ်"

"ဟာ အဲဒါတော့ မလွယ်ဘူး ကိုယ့်လူ၊ သူ့အနေနဲ့ ငါ့ကို စက်ပြန်ယူဖို့ ဘယ်နည်းနဲ့မှ မပေးဘူး"ဟု ဒင်နီက ပြောသည်။

"ဒီလိုဆို ငါတို့က ကူညီမှာပေါ့ကွာ"ဟု ပီလွန်က ပြောသည်။"စက်ကို ငါသွားယူမယ်၊ မင်းက စက် အစား ဝိုင်တစ်ဂါလန်ဝယ်ပြီး လက်ဆောင်ပြန်ပေးလိုက်၊ ဒါဆိုရင် မင်းစက် ဘယ်ရောက်လို့ ဘယ် ရောက်သွားမှန်းတောင် သူ သိမှာ မဟုတ်ဘူး"

"ငါတို့ စက်ဝင်ယူရင် အိမ်နီးနားချင်းတွေ မြင်သွားမှာပေါ့ကွ"

"မပူပါနဲ့ဟု ပီလွန်က ဆိုသည်။"မင်းက ဒီမှာပဲ အေးအေးဆေးဆေး နေခဲ့ ဒင်နီ၊ စက်ကို ငါ့ဘာသာငါ သွားယူမယ်"

သူ့ပြဿနာကို သူ့သူငယ်ချင်းများက ဝိုင်း၍ ဖြေရှင်းပေးလိုက်သဖြင့် ဒင်နီမှာ များစွာ စိတ်သက်သာရာ ရသွားသည်။ သူသည် အခုမှပင် သက်ပြင်းချနိုင်လေတော့သည်။

ပီလွန်သည် တော်တီလာဖလက် ရပ်ကွက်အတွင်း၌ ဖြစ်ပျက်နေသမျှကို သိသူဖြစ်၏။ ပြီးတော့ သူ့ မျက်လုံး များက မြင်မြင်သမျှနှင့် သူ့နားများက ကြားကြားသမျှကို သူ့စိတ်က မှတ်သားထားတတ်သူဖြစ်သည်။ နေ့စဉ် မွန်းလွဲပိုင်း

အချိန် လေးနာရီခွဲတိတိတွင် ချစ်စရာသည် စတိုးဆိုင်သို့ သွားလေ့ရှိကြောင်း သူ မှတ်သား ထားဖူးသည်။ သို့ဖြစ်ရာ ဤပြဿနာကို ဖြေရှင်းရာ၌ ဤအချက်ကို ထိရောက်စွာ အသုံးချ ဖို့လိုသည်ဟု သူ ချက်ချင်း နားလည်လိုက်သည်။

"ဒီကိစ္စကို ဘယ်လို လုပ်ကိုင်သွားတယ်ဆိုတာ မင်းဘာမှ မသိလေကောင်းလေပဲ"ဟု ပီလွန်က ဒင်နီကို ပြောသည်။

ခြံထဲ၌ ဂုန်နီအိတ်တစ်လုံး အသင့်ရှိနေသည်။ ပီလွန်သည် သူ့ဓားဖြင့် နှင်းဆီကိုင်းကြီး တစ်ကိုင်းကို ခုတ်၍ အိတ်ထဲသို့ ထိုးထည့်သည်။

ချစ်စရာအိမ်တွင် သူ တွက်ထားသည့်အတိုင်း ချစ်စရာမရှိ၊ အိမ်ထဲသို့ ဝင်၍ အမှိုက်ရှင်းစက်ကို ဂုန်နီ အိတ်ထဲထည့်ကာ အပေါ်မှ နှင်းဆီကိုင်းကြီးဖြင့် ကျကျနန ဖုံးရသည့် အလုပ်မှာ ပီလွန် အဖို့ ငှက်ပျော သီး အခွံနွာစား ရသည်ထက် ပင် လွယ်သေးသည်။

သူ အိမ်ဝင်းထဲမှ ပြန်ထွက်လာသည့်အခါ ချစ်စရာနှင့် ဆုံမိသည်။ ပီလွန်က ခေါင်းမှ ဦးထုပ်ကို ချွတ်ကာ ယဉ်ကျေး သိမ်မွေ့စွာဖြင့် နှုတ်ဆက်သည်။"တစ်နေ့နေ့ကျမှ လာလည်ဦးမယ်"ဟု သူက ပြောသည်။

"အခု ဝင်ပါဦးလား ပီလွန်"

"အခုတော့ မဖြစ်သေးဘူး၊ မွန်ထရေးမြို့ထဲမှာ လုပ်စရာ အလုပ်တစ်ခုရှိနေလို့ နောက်တောင် ကျနေပြီ"

" ဒီနှင်းဆီကိုင်းကြီးက ဘယ်သွားပို့မှာလဲ"

"မွန်ထရေးမြို့ထဲက လူတစ်ယောက်က ဝယ်မယ်ဆိုလို့ ယူလာတာ၊ သိပ်မျိုးကောင်းတဲ့ နှင်းဆီအပင် ဘယ်လောက်သန်သလဲ၊ ကြည့်ပါဦး"

"အလည်လာခဲ့ဦးနော် ပီလွန်"

သူလမ်းမပေါ် လျှောက်လာခိုက်တွင် အိမ်ထဲမှ ပစ္စည်းပျောက်၍ အော်ဟစ်သံမကြားရ၊" ဘယ်နည်းနဲ့မဆို လောလောဆယ်ကတော့ သိမှာ မဟုတ်သေးဘူး"ဟု တွေးသည်။

ပြဿနာ တစ်ဝက်ကတော့ ပြေလည်သွားပြီ။ သို့သော်လည်း ထပ်မံဖြေရှင်းဖို့ တစ်ဝက် ကျန်နေသေး ၏။"ဒီစက်ပြန်ရရင် ဒင်နီက တကယ်လို့ သူ့လက်ထဲ ပြန်ပေးလိုက်ရင် ချစ်စရာက ဒီစက်ကို ဒင်နီ ပြန် ယူသွားတာလို့ သိသွားမှာပဲ၊ ငါဒီစက်ကို လွှင့်ပစ်ရမလား၊ ဘယ်ဖြစ်မလဲ၊ စက်က တန်ဖိုး ရှိနေသေး တာပဲ၊ လုပ်ရမှာက ဒီစက်ကို လက်ထဲမှာ မထားဖို့ဘဲ၊ ဒါပေမယ့် သူ့ရဲ့ တန်ဖိုးကိုတော့ တစ်နည်းနည်းနဲ့ သုံးနိုင်နေသေးတာပဲ"

ဤသို့ဖြင့် ပြဿနာ တစ်ခုလုံးသည် ဖြေရှင်းပြီးဖြစ်သွားသည်။ ပီလွန်၏ခြေထောက်များသည် တောင် ကုန်းပေါ်မှ ဆင်းကာ တော်ရဲလီးဆိုင်သို့ ဦးတည်လျှက်ရှိလေသည်။

အမှိုက်ရှင်းစက်သည် စက်ကြီးဖြစ်၍ အရောင်ကလည်းယခုအချိန်အထိ တောက်ပြောင်သစ်လွင်ဆဲ၊ ဘယ်နည်းနှင့်မဆို တစ်မျိုးတစ်ဖုံ

သုံးလို့ကတော့ရနိုင်သေးသည်။
ပီလါန်တောင်ကုန်းပေါ်သို့ ပြန်တက်လာသည့်အခါ သူ့လက်တစ်ဖက်တစ်ချက်တွင် ဝိုင်တစ်ဂါလန်ဝင်အိုး တစ်လုံးစီ ပါလာသည်။
ဒင်နီ၏ အိမ်ထဲသို့ ပီလွန် ဝင်သွားသည့်အခါ သူငယ်ချင်းများက တိတ်တိတ်ဆိတ်ဆိတ်ပင် ဆီးကြိုကြ လေသည်။ ပီလွန်သည် လက်ထဲမှ အိုးများကို စားပွဲပေါ်ချလိုက်သည်။"မင်း အမျိုးသမီးကိုပေးဖို့ ငါမင်းအတွက် လက်ဆောင် တစ်ခု ယူလာတယ်"ဟု ဒင်နီကို လှမ်းပြောသည်။"ဟောဒါကတော့ ငါတို့ အတွက်"
သူတို့သည် တပျော်တပါး ဝိုင်းဖွဲ့၍ ထိုင်ကြသည်။ အားလုံးရေငတ်လွန်း၍ လည်ချောင်းတွေ ခြောက် ကုန်ပြီ။ ဝိုင်တစ်ဂါလန်သည် တစ်ခဏ အတွင်းပြောင်သွားသည်။ ပထမတစ်ဂါလန် ကုန်အသွားတွင် ပီ လွန်သည် သူ့လက်ထဲမှ ဖန်ခွက်ကို ဖယောင်းတိုင် မီးရောင်တွင် ထောင်၍ ကြည့်လိုက်သည်။"အမှန်ကတော့ ဖြစ်လာ သမျှ အဖြစ်အပျက်တွေက အရေးကြီးတာ မဟုတ်ဘူးကွ"ဟု ပြောသည်။"ဒါပေမယ့် ဖြစ်လာသမျှ အရာရာတိုင်း မှာ ပါလာတဲ့ သင်ခန်းစာကသာ အရေးကြီးတာ၊ အခုကိစ္စမှာ ကြည့်၊ လက်ဆောင်တစ်ခု ပေးတော့မယ် ဆိုရင် ပစ္စည်းရွေးတာမှန်ဖို့ သိပ်အရေးကြီးတယ်။
သိလား၊ အထူးဖြင့် မိန်းမတစ်ယောက်ကို ပေးမယ့် လက်ဆောင်ဟာ နောက်ထပ် နောက်ဆက်တွဲ လက်ဆောင် တစ်ခု ထပ်ဆောင်း ပေးရမယ့် ပစ္စည်းမျိုး မဖြစ်သင့်ဘူး၊ အဲဒါ အခုလောလောဆယ် ဒင်နီရဲ့ အဖြစ်က ပေးတဲ့ သင်ခန်းစာပဲ။ ပြီးတော့ ငါတို့ ထပ်ယူရမယ့် သင်ခန်းစာက လက်ဆောင်ပေးတဲ့အခါမှာ သိပ်ပြီး တန်ဖိုးကြီးတဲ့ ပစ္စည်းတစ်ခုကို လက်ဆောင်အဖြစ် ဘယ်တော့မှ မပေးသင့်ဘူး၊ အဲသလိုပေးတာဟာ ဒုစရိုက်မှု တစ်ခုကို ပြုရာရောက်သွားနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်ကပေးလိုက်တဲ့ လက်ဆောင် ပစ္စည်း ကြောင့် ရလာတဲ့ လူမှာ လောဘဝင်လာရင် ဒါဟာ ငရဲကြီးမှာပဲ မဟုတ်လား"
ဝိုင်တစ်ဂါလန်ကတော့ ကုန်သွားပြီ။ သူငယ်ချင်းများက ဒင်နီ၏ အရိပ်အခြည်ကို အကဲခတ်ကြသည်။ ဒင်နီကတော့ မလှုပ်မချောက်။ သို့သော်လည်း သူငယ်ချင်းများက သူ့ထံမှ တစ်စုံတစ်ခုကို ရလိုသော သဘောဖြင့် မျှော်လင့်စောင့်စားနေကြမှန်း သူ ရိပ်မိနေသည်။
"အမျိုးသမီးက အတော့်ကို တက်တက်ကြွကြွရှိတယ်ကွ"ဟု ရေရွတ်သည်။"ပြီးတော့ ကြင်ကြင်နာ နာလည်း ရှိတယ်၊ ဒါပေမယ့် ဟာကွာ အသုံးမကျပါဘူး၊ ဒါတွေဟာ အလကားပါ ဒီကိစ္စကို ငါစိတ်ကုန် ပြီ" သူသည် ဝိုင်ဒုတိယအိုးကို ဆွဲယူပြီး အဖုံးကို ဖွင့်လိုက်သည်။
တစ်ဖက်သောထောင့် ခွေးများ၏ အလယ်၌ ထိုင်နေသော ပင်လယ်စားပြသည် သူ့အတွေးနှင့်သူ ပြုံးသည်။ အံ့ဩ ချီးမွမ်းသော စကားများကို

တီးတိုးရေရွတ်သည်။"ဒါတွေဟာ အလကားပါ။ ဒီကိစ္စကို ငါစိတ်ကုန်ပြီ" ပင်လယ်စားပြသည် ထိုစကားများကို အလွန်သဘောကျသည်။"သိပ်ကို ကောင်းတဲ့ စကား" ဟုတွေးသည်။

ဒုတိယ ဝိုင်အိုးသည် မကြာခင်မှာပင် တစ်ဝက်ကျိုးသွားသည်။ သူတို့လူစု သီချင်းနှစ်ပုဒ် ဆိုပြီးစတွင် ဂျော်နီပွမ်ပွမ် ရောက်လာသည်။"ကျုပ်တော်ရဲလီးဆိုင်က လာတာ"ဟု ဂျော်နီက ပြောသည်။"တော် ရဲလီး တော့ အရူးကြီးလို ဖြစ်နေပြီ၊ ဒေါသတွေကြီးပြီး အော်လိုက်ဟစ်လိုက် စားပွဲကို လက်သီးနဲ့ ထုလိုက်တာ ဟာဗျာ ပြောင်းဆန်နေတာပဲ"

အားလုံးက ကြားရသည့် သတင်းအပေါ်တွင် စိတ်ဝင်စားကြသည်။"တစ်ခုခုဖြစ်လို့ နေမှာပေါ့၊ တော်ရဲ လီး အနေနဲ့ ခံသင့်ခံထိုက်လို့ ဖြစ်လာတာပဲနေမှာပါ"

"ဟာ ဒီကောင်က သူ့ဖောက်သည်တွေကို ဝိုင်တစ်ခွက် တစ်ဖလားတောင် အလကား ပေးသောက် ချင်တာမှ မဟုတ်ဘဲ"

"တော်ရဲလီး ဘာဖြစ်လို့လဲကွ ဂျော်နီ"ဟု ပက်ဘလိုက မေးသည်။

ဂျော်နီပွမ်ပွမ်က သူ့ကိုတ်သော ဝိုင်ခွက်ကို လှမ်းယူသည်။"တော်ရဲလီး ပြောနေတာကတော့ သူ ပီလွန် ဆီက အမှိုက်ရှင်းစက် တစ်လုံး ဝယ်လိုက်သတဲ့။ အဲဒါ သူ့ဆိုင်က ပလပ်ပေါက်မှာ ထိုးပြီးတွန်းတာ လုံးဝ မသွားဘူး တဲ့၊ ဒါနဲ့ စက်ဖုံးဖွင့်ကြည့်လိုက်တော့ အထဲမှာ မော်တာ မပါဘူးတဲ့၊ သူကတော့ အော်ပြော နေတာပဲ၊ ပီလွန်ကို ငါသတ်မယ်တဲ့"

ပီလွန် တုန်လှုပ်သွားသည်။"ဟာ စက်ထဲမှာ မော်တာမပါတာ ငါမသိရိုး အမှန်ပါကွာ၊ တကယ်ပါ"ဟု ပြောသည်။"ဒါပေမယ့် တော်ရဲလီး ခံသင့်ခံထိုက်လို့ ရလာတဲ့ အပြစ်ဒဏ် တစ်ခုပဲကွ၊ အဲဒီစက်ဟာ ဝိုင်သုံးဂါလန် လေးဂါလန်တော့ တန်တယ်ကွ၊ ဒါပေမယ့် ကော်တရာ ကပ်စေးနှဲကောင် တော်ရဲလီးက ငါ့ကို နှစ်ဂါလန် ထက် ပိုမပေးဘူး"ဒင်နီ ကတော့ ပီလွန်ကို စိတ်ထဲက ကျိတ်၍ ကျေးဇူးတင်နေဆဲ။ သူသည် ဝိုင်ခွက်ထဲမှ ဝိုင်ကို နှုတ် ခမ်းများ ဖြင့် စုပ်ယူလိုက်သည်။"တော်ရဲလီး ရဲ့ဝိုင်ကလည်း တစ်နေ့တခြား ညံ့သထက်ညံ့ပြီး အညံ့ဆုံးဖြစ်လာပြီ"ဟု ပြောသည်။"ဒီပုံအတိုင်းသာဆိုရင် ဝက်တွေတောင် သောက်မှာ မဟုတ်ဘူး"

မမျှော်လင့် ဘဲ တော်ရဲလီးကို လက်စားချေသလို ဖြစ်သွားရသည့်အတွက် သူတို့၏ စိတ်တွင် ကျေနပ် သလိုလို ဖြစ်နေမိကြ၏။

"တကယ်လို့ တော်ရဲလီးက မကြည်တော့ကော ဘာဖြစ်လဲ"ဟု ဒင်နီက ပြောသည်။"ငါတို့ သောက်ချင် တဲ့အခါ တခြားဆိုင်က ဝယ်ကြတာပေါ့"

သူငယ်ချင်းတစ်စုသည် တပ်ကြပ်တစ်ယောက်ကို ကူညီစောင့်ရှောက်ကြခြင်း၊ ယင်းကဲ့သို့ ကူညီစောင့်ရှောက်ရာမှ ဖခင်တစ်ဦး၌ ရှိအပ်သည့် တာဝန်ဝတ္တရားတစ်ခုကို သိနားလည်လိုက်ရခြင်း

ဂျီးဆပ်စ်မေရီယာ ကော်ကိုရန်သည် ကရုဏာတရားကို လက်ကိုင်ထားတတ်သူဖြစ်သည်။ ဝေဒနာတစ်ခုခု ခံစား နေရလျှင် ထိုဝေဒနာမှ သက်သာရာရအောင် ကူညီတတ်သည်။ ပူဆွေးသောက ရောက်နေလျှင် ပူဆွေးသောက ရောက်နေခြင်းမှ လျော့ပါး ပျောက်ပျက်သွားအောင် ဖျောင်းဖျတတ်သည်။ ပျော်ရွှင်ကြည်နူး နေလျှင် သူကပါ ရော၍ ပျော်ရွှင်ကြည်နူးနေတတ်သည်။ သူ့နှလုံးသားသည် နူးညံ့သည်၊ ပျော့ပျောင်းသည်၊ သိမ်မွေ့သည်။

ဂျိုစီခြေထောက် ကျိုးသွားစဉ်က ဂျိုစီကို ထမ်း၍ လေးမိုင်ခရီးကို မရပ်မနား သယ်ဆောင်လာခဲ့သူမှာ ဂျီးဆပ် မေရီယာ ပင် ဖြစ်သည်။ မစ္စက်ပါလိုချီကို တစ်ယောက် သူ အလွန်ချစ်သည့် ဆိတ်တစ်ကောင် ပျောက်ခဲ့ဖူးသည်။ နို့ကောင်းကောင်းထွက်သော ဆိတ်မဖြစ်၍ မစ္စက် ပါလိုချီကိုမှာ နှမြောလည်း နှမြောသည်။ အလွန် ချစ်သော ဆိတ်မဖြစ်သဖြင့် များစွာ ပူဆွေးသောကရောက်ရသည်။ မစ္စက်ပါလိုချီကို၏ အဖြစ်ကို မကြည့်ရက်သူ မှာ ဂျီးဆပ်စ်မေရီယာပင်ဖြစ်သည်။ သူသည် ပျောက်သွားသော ဆိတ်ကို ခြေရာခံ၍လိုက်ရာ ကောင်ကြီးဂျိုး၏လက်ထဲတွင် သတ်လုဆဲဆဲ တွေ့ရသည်။ သူက မသတ်ရန် တားမြစ်ပြီး ပြန်ပေးလိုက်ရန် ဖျောင်းဖျသည်။ ဤသို့ဖြင့် ဆိတ်သည် ပိုင်ရှင်၏ လက်ထဲသို့ ပြန်ရောက်သွားခဲ့၏။ တစ်ချိန်က ချာလီပတ်ရှိသည် မြောင်းတစ်ခုထဲသို့ လိမ့်ကျပြီး သတိလစ်နေခဲ့သည်။ သူ့ကို မြောင်းထဲမှ ဆွဲတင်ပြီး ပြုစု စောင့်ရှောက်ခဲ့သူ မှာ လည်း ဂျီးဆပ်စ်မေရီယာပင် ဖြစ်လေသည်။

ကောင်းသော အမှုကိစ္စများကို ဆောင်ရွက်ပေးချင်တတ်သော ဂျီးဆပ်စ်မေရီယာသည် အမြဲတမ်းလိုလို ကောင်း သော အမှုကိစ္စများ ဆောင်ရွက်ပေးရမည့် အခြေအနေမျိုးနှင့်ကြုံရတတ်၏။

စိတ်ကောင်း နှလုံးကောင်းရှိသည့် ဤအကျင့်စရိုက်များကြောင့် တစ်ချိန်သောအခါ"တကယ်လို့သာ ဂျီးဆပ်စ်မေရီယာကို ဘုရားရှိခိုးကျောင်းမှာ တာဝန်ပေးထားမယ်ဆိုရင် ငါတို့ မွန်ထရေးတစ်မြို့လုံး သူတော်စင် တစ်ပါး ရထားသလို နေမှာပဲ"ဟု ပီလွန်က မှတ်ချက်ချဖူးလေသည်။

ဂျီးဆပ်စ်မေရီယာသည် နေ့စဉ်မှန်မှန် ဆက်သွယ်ရေးရုံးဘက်သို့ သွားလေ့ရှိသည်။ ထိုကဲ့သို့ သွားခြင်းမှာ အကြောင်းနှစ်ခု ရှိသည်။ ပထမအကြောင်းမှာ သူ့မိတ်ဆွေ အပေါင်းအသင်းများနှင့် ဆုံမိတတ်၍ဖြစ်သည်။ ဒုတိယ အကြောင်း မှာ လေကောင်းလေသန့်ရသည့် ဆက်သွယ်ရေးရုံးထောင့်တွင် စုနေတတ်သော မိန်းကလေး ကျသည်၊ ယုတ်နိမ့်သည်ဟု တွက်၍မဖြစ်ပေ။ ပန်းချီပြခန်းများနှင့် ကပွဲများသို့ သွားရောက် ကြည့်ရှုလေ့ ရှိသော လူများကဲ့သို့ပင် ဂျီးဆပ်စ်မေရီယာကလည်း မိန်းကလေးများ၏ ခြေထောက်အလှကို အနုပညာ မျက်စိဖြင့် ကြည့် လို၍သာ ဖြစ်သည်။

တစ်နေ့တွင် သူသည် ဆက်သွယ်ရေး ရုံးထောင့်နံရံကို မှီ၍ ရပ်နေသည်။ နှစ်နာရီတိတိမျှ ကြာသွားပြီ ဖြစ်သော် လည်း သူ့စိတ်တိုင်းကျအလှကို မမြင်ရ၊ ထိုအခိုက်တွင် သနားစရာကောင်းသည့် မြင်ကွင်းတစ်ခုနှင့် ကြုံရသည်။ ပုလိပ်တစ်ယောက်သည် အသက်ဆယ့်ခြောက်နှစ်ခန့်ရှိ လူငယ်တစ်ယောက်ကိုဆွဲ၍ လမ်းဘေး ပလက်ဖောင်း ပေါ် လျှောက်လာသည်။ လူငယ်၏ လက်ထဲတွင် အရောင်ညိုမွဲမွဲ စောင်တစ်ထည် ဖြင့် ထုပ်ထားသော နို့စို့ကလေး တစ်ယောက် ပွေ့လာသည်။

ပုလိပ်က"ငါဖြင့် မင်းလုပ်နေပုံကို နားမလည်ဘူး၊ ရေမြောင်းထဲ မှာ တစ်နေကုန် ထိုင်နေလို့ ဘယ်ဖြစ် မလဲကွ၊ ငါတို့ မင်းအကြောင်းတော့ စုံစမ်းရလိမ့်ဦးမယ်"

လူငယ် မှာ စပိန်လူမျိုးတစ်ဦးဖြစ်၍ အသံဝဲပုံများ ထူးခြားသည်။"ဒါပေမယ့်ဗျာ ကျုပ်မကောင်းတာ ဘာမှ မလုပ် ပါဘူး။ ဘာကြောင့် ခင်ဗျားက ကျုပ်ကို အခုလို ခေါ်လာရတာလဲ"ဟု လူငယ်က ပြန်ပြောသည်။

ပုလိပ်က ဂျီးဆပ်စ်မေရီယာကို မြင်သည်။"ဟေး ပီဆာနိုး"ဟု လှမ်းခေါ်သည်။"ဒီကောင် ဘာပြော နေတာလဲ၊ ငါနားမလည်လို့"

ဂျီးဆပ်စ်မေရီယာက လူငယ်ကို လှမ်းမေးသည်။"ငါ မင်းကို ကူညီနိုင်မလား"

လူငယ်သည် အတော်ကြီး အားတက်သွားပုံရသည်။"ကျုပ် အလုပ်လုပ်ဖို့ လာခဲ့တာပါ။ မက္ကဆီကန်လူမျိုး တချို့က ဒီမြို့မှာ အလုပ်ပေါတယ်လို့ ပြောကြတယ်၊ ဒီရောက်တော့လည်း ဘာအလုပ်မှ မရှိဘူး၊ ကျုပ် မောလို့ ထိုင်နားနေတုန်း ဒီလူရောက်လာပြီး ဆွဲခေါ်လာတာပဲ"

ဂျီးဆပ်စ်မေရီယာက ခေါင်းတစ်ချက် ညိတ်ပြပြီး ပုလိပ်ဘက်သို့ ပြန်လှည့်လိုက်သည်။"သူ ရာဇဝတ်မှု တစ်ခုခု ကျူးလွန်လို့လား"

"မကျူးလွန်ပါဘူး၊ ဒါပေမယ့် ဒီကောင် အယ်ဗာရေးဒိုး လမ်းဘေးက ရေမြောင်းထဲမှာ ထိုင်နေတာ သုံးနာရီ လောက်ကြာတယ်"

"သူ ကျွန်တော့် သူငယ်ချင်း တစ်ယောက်ပါ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။"ကျွန်တော် သူ့ကို ခေါ်သွား ပါ့မယ်"

"အေးလေ ခေါ်သွားပေါ့၊ နောက်ထပ် ရေမြောင်းထဲ မထိုင်စေနဲ့တော့"

ဂျီးဆပ်စ်မေရီယာနှင့် သူ့မိတ်ဆွေသစ်တို့သည် တောင်ကုန်းပေါ်သို့ ပြန်တက်လာကြသည်။"ငါ မင်းကို ငါနေတဲ့အိမ် ခေါ်သွားမယ်၊ ဟိုရောက်ရင် တစ်ခုခုတော့ စားရမှာပေါ့၊ ကလေးက ဘယ်သူ့ကလေးလဲ"

"ကျုပ်ကလေး ပါ"ဟု လူငယ်က ပြောသည်။"ကျုပ်က တပ်ကြပ်တစ်ယောက် ပါ၊ ကလေးက ကျုပ်ကလေး ပါ၊ အခု ဖျားနေတယ်၊ ဒါပေမယ့် သူကြီးလာရင် ဗိုလ်ချုပ်ကြီး ဖြစ်မှာ"

"ဘယ်လို အဖျားမျိုးလဲတပ်ကြပ်"

"ကျုပ်လည်း မသိဘူး၊ ဖျားနေတာပဲ" ပြောပြောဆိုဆို စောင်ခြုံကိုလှစ်၍ ကလေးမျက်နှာကိုပြသည်။ ကလေး မှာ အတော်ကြီး ဖျားနေပုံရသည်။

ဂျီးဆပ်စ်မေရီယာ၏ကရုဏာစိတ်သည် ကြီးမားလာသည်။"ငါနေတဲ့ အိမ်ရှင်က ငါ့သူငယ်ချင်းပဲ၊ လူကောင်း တစ်ယောက်ပဲ တပ်ကြပ်၊ လူတစ်ယောက်က ဒုက္ခရောက်နေရင် အကူအညီ တောင်းရမှာပဲ၊ ငါတို့ အဲဒီအိမ်ကို သွားမယ်၊ ဒင်နီက လက်ခံမှာပါ။

ငါ့မိတ်ဆွေ မစ္စက်ပါလိုချီကိုမှာ ဆိတ်တစ်ကောင်ရှိတယ်။ ကလေးအတွက် သူ့ဆီက ဆိတ်နို့ နည်းနည်းပါးပါး တောင်းပြီး တိုက်မယ်"

တပ်ကြပ်၏ မျက်နှာသည် ပထမဆုံးအကြိမ် ပြန်လည် ကြည်လင်လာပြီး အလွန်စိတ်အေးသွားဟန်ဖြင့် ပြုံးသည်။"မိတ်ဆွေ အပေါင်းအသင်းရှိတာဟာ ကောင်းတယ်ဗျ"ဟု ပြောသည်။"ကျုပ် ဒုက္ခရောက်ရင် တောင်းပြီး တော့ ကျွေးရ ကျွေးရ ဖြစ်တဲ့နည်းနဲ့ ရှာကျွေးမယ့် မိတ်ဆွေတွေဟာ တိုရီယွန် မြို့မှာတော့ အများကြီး ရှိပါတယ်။ ချမ်းသာတဲ့ သူငယ်ချင်းတွေလည်း ရှိပါတယ်။ ဒါပေမယ့် သူတို့ကျတော့ ကျုပ်ရဲ့ လိုအပ်ချက်ကို မသိကြပါဘူးဗျာ"

ဂျီးဆပ်စ်မေရီယာသည် ဒင်နီ၏ ခြံဝင်းတံခါးကို တွန်းဖွင့်ပြီး သူ့မိတ်ဆွေသစ်နှင့်အတူ အိမ်ထဲသို့ ဝင်ခဲ့ ကြသည်။ ဒင်နီ၊ ပက်ဘလိုနှင့် ကောင်ကြီးဂျိုးတို့သည် ဧည့်ခန်းထဲ၌ ထိုင်ကာ သူ့အလိုလို တန်ခိုးဣဒ္ဓိပါဒ်နှင့် ရောက်လာ မည့် အစားအစာကို စောင့်နေကြသည်။ ဂျီးဆပ်စ်မေရီယာက နောက်တွန့်နေသော လူငယ်၏ ကျောကို တွန်း ၍ အခန်းထဲ သို့ သွင်းသည်။

"ဟောဒီမှာ လူငယ်စစ်သား တစ်ယောက်၊ တပ်ကြပ်ကွ"ဟု လှမ်းပြောသည်။"သူ့ မှာ ကလေးပေါက်စန လေး ပါလာတယ်၊ ကလေးက ဖျားနေရှာတယ်ကွာ"

ထိုင်နေသူများသည် ကသောကမျော ထကာ တပ်ကြပ်အနီး သို့ ကပ်သွားကြသည်။ တပ်ကြပ်က စောင်ခြုံကို ဖွင့် ၍ ကလေးမျက်နှာကို ပြသည်။

"အေး ဟုတ်တယ်၊ ကလေးကတော့ ဖျားနေတာ အမှန်ပဲ"ဟု ဒင်နီက ပြောသည်။"ငါတို့ ဆရာဝန် တစ်ယောက် ပင့်မှ ဖြစ်မယ်ထင်တယ်"

သို့သော်လည်း တပ်ကြပ်က ခေါင်းယမ်းသည်။"ဆရာဝန်တွေ ဘာတွေ

ပင့်မနေပါနဲ့၊ ကျုပ်ကလည်း ဆရာဝန် တွေကို သိမ်မပြချင်ဘူး၊ ကလေးက မငိုပါဘူး၊ အစာလည်း သိပ်မစားနိုင်ပါဘူး၊ နားနားနေနေ နေရရင် နေကောင်း သွားမှာပါ"

ဤအခိုက်တွင် ပီလွန်သည် အပြင်မှ ပြန်ရောက်လာပြီး ကလေးကို စေ့စေ့စပ်စပ် ကြည့်သည်။"ဟာ ကလေးက ဖျားနေတာပဲကွ"ဟု ပြောသည်။

ပီလွန်သည် ချက်ချင်းပင် အခြေအနေကို ထိန်းသည်။ သူက ဂျီးဆပ်စ်မေရီယာကို ဆိတ်နို့ နည်းနည်းယူရန် မစ္စက်ပါလိုချီကို ထံ လွှတ်သည်။ ကောင်ကြီးဂျိုးနှင့် ပက်ဘလိုတို့က ပန်းသီးထည့်သည့် ကတ်ထူဘူးခွံ တစ်လုံး ယူသွားရန်နှင့် ဘူးထဲတွင် မြက်ခြောက်ခံပြီး သိုးရေတပ်ချပ်ရှာ၍ ခင်းခဲ့ရန် ခိုင်းသည်။ ဒင်နီက ကလေးကို သူ့ အိပ်ရာပေါ် သိပ်ရန် ပြောသည်။ ဧည့်ခန်းထဲတွင် ရပ်နေသော တပ်ကြိုပ်သည် သဘော ကောင်းသည့် ဤလူစုကို ကြည့်၍ ပြုံးသည်။ နောက်ဆုံးတွင် ကလေးကို ပန်းသီးဘူးလွတ်ထဲ ထည့်သိပ်သည်။ ကလေး၏ မျက်လုံးများမှာ တွေတွေငေးငေး နိုင်လွန်းလှ၏။ ဆိတ်နို့ တိုက်ကြည့်သည်။ လက်မခံ။

ပင်လယ်စားပြီသည် ငါးကွင်းရုပ်များ ထည့်လာသော အိတ်တစ်လုံးနှင့် ပြန်ရောက်လာသည်။ သူရလာသော ငါးကို တစ်ယောက်တစ်လက် ခုတ်ထစ်ပြီး ချက်ကာ ညစာ စားကြသည်။ ကလေးကို ငါးဖတ်နည်းနည်း ကျွေး ကြည့် သေးသည်။ မစား။ သူတို့သည် ညစာကို ဖြောင့်ဖြောင့် မစားနိုင်။ မကြာခဏ တစ်ယောက် တစ်လှည့် ထကာ ကလေးကို သွားကြည့်သည်။ ညစာစားပြီးသောအခါ သူတို့သည် မီးဖိုဘေး၌ ငြိမ်သက်စွာ ထိုင်နေကြသည်။

တပ်ကြိုပ်သည် နှုတ်ဆိတ်လျက်ရှိသည်။ သူ့အကြောင်းကိုပင် မပြော။ သူ့အကြောင်းကိုမှ ပြောမပြသည့် အတွက် ကျန်လူစုသည် စိတ်မကောင်းဖြစ်နေကြသည်။ သို့သော်လည်း အချိန်တန်လျှင် ပြောလာ လိမ့်မည်ဟု သူတို့ နားလည်ထားကြသည်။ အကြားအမြင် ဗဟုသုတကို ရွှေတွင်းလောက် တန်ဖိုးထားလျက်ရှိသော ပီလွန်သည် တပ်ကြိုပ်ကို သူ့အကြောင်း ပြောပြလာစေရန် ရေလာမြောင်းပေး စကားများ ပြောလျက် ရှိလေသည်။

"ဒီလောက် အသက်ငယ်တဲ့ စစ်သားတစ်ယောက်ကို ကလေးတစ်ယောက် အဖေအဖြစ်နဲ့ တွေ့ရတာ အံ့ဩစရာ ပဲ၊ ဒါမျိုးကို တွေ့ဖို့မလွယ်ဘူး"ဟု ပီလွန်က လေအေးကလေးဖြင့် ဖြေသည်။

တပ်ကြိုပ်က ပြုံးသည်။

ပက်ဘလိုက ဝင်ပြောသည်။"ဒီကလေးက အာဒမ် နဲ့ ဧဝ တို့ ရဲ့ အချစ်ဥယျာဉ်ထဲက ကောက်ရလာတဲ့ ကလေး ဖြစ်ချင်ဖြစ်မှာ၊ အဲဒီကလေးမျိုးတွေဟာ အကောင်းဆုံး အမျိုးအစားတွေချည်းပဲ၊ သူတို့မှာ အကောင်း တွေချည်း ပါလာတတ်တယ်"

"ငါတို့လည်း စစ်သားဟောင်းတွေပဲ"ဟု ဒင်နီက

ပြောသည်။"ငါတို့သေတဲ့အခါ အမြောက်တင်တဲ့ ရထား ပေါ်မှာ တင်ပြီး သဂြိုဟ်ခံကြရမှာပဲ၊ ငါတို့ရဲ့ ခေါင်းပေါ်မှာ သေနတ်တွေ ဖောက်ပြီးမှ မြေမြှုပ်မှာကွ"

တစ်ယောက်တစ်ပေါက် စကားဝိုင်းပြောကြခြင်းဖြင့် တပ်ကြပ်ထံမှ သူ့အကြောင်း ပြောလာလိမ့်မည်ဟု မျှော် လင့်ချက်ထားကြသည်။ တပ်ကြပ်သည် သူတို့ကို တလေးတစား ကြည့်နေသည်။"တိုရီယွန်မြို့က ကျုပ် သူငယ်ချင်း တွေ နဲ့ ဘာမှမခြားပါဘူး။ ဒီကလေးက ကျုပ်ကလေးပါ၊ ကျုပ်မိန်းမက မွေးလိုက်တဲ့ ကလေးပါ"

"ဒါဆိုရင် မင်းမိန်းမက အခု ဘယ်မှာလဲ"ဟု ပီလွန်က မေးသည်။

တပ်ကြပ် မျက်နှာပေါ်မှ အပြုံးရိပ်သည် ဖျတ်ခနဲ ပျောက်သွားသည်။"သူ အခု မက္ကဆီကိုနိုင်ငံမှာ"ဟု ပြောသည်။ သူ့ မျက်နှာသည် ပြန်၍ ကြည်လင်ရွှင်လန်းလာပြန်သည်။"ကျုပ်လူတစ်ယောက် တွေ့ဖူးတယ်၊ သူက ကျုပ်ကို အထူးအဆန်းတစ်ခု ပြောသွားတယ်။ သူ ပြောတာက ကျုပ်တို့ ကလေးတွေကို ကျုပ်တို့ ဖြစ်စေချင် သလို ဖြစ်လာအောင် လုပ်လို့ ရတယ်တဲ့၊ သူက မင်းအနေနဲ့ ကလေးကို မင်း ဖြစ်စေချင်တာ မကြာမကြာ ပြော ပေးပါ၊ သူကြီးလာတဲ့အခါ မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာလိမ့်မယ်လို့ ပြောတယ်၊ ကျုပ်ကတော့ ဒီကလေးကို မင်းဗိုလ်ချုပ်ကြီး ဖြစ်ရမယ်လို့ ခဏခဏ ပြောပေးနေတာပဲ။ သူ ဗိုလ်ချုပ်ကြီး ဖြစ်လာလိမ့် မယ်လို့ ထင်သလားဟင်"

အားလုံးက ခေါင်းညိတ်ကြသည်။"ဖြစ်ချင်လည်းဖြစ်မှာပဲ"ဟု ပီလွန်က ပြောသည်။"ငါ အဲဒီနည်းကို မကြား ဖူးဘူးကွ"

"ကျုပ် ဒီစကားကို တစ်နေ့ တစ်နေ့ အကြိမ် နှစ်ဆယ်ပြောတယ်၊ မင်းနုရယ်လ်၊ မင်း ဗိုလ်ချုပ်ကြီး ဖြစ်ရမယ်၊ မင်း ပန်းပွားကြီးတွေနဲ့ စလွယ်ကြီးတွေ တပ်ရမယ်၊ မင်းခါးက ရွှေဓားကြီးဖြစ်ရမယ်။ စစ်မြင်းကြီးကို စီးရမယ်လို့ ပြောတာ၊ ဟိုလူကတော့ ကျုပ်ကသာ ဒီစကားကို မှန်မှန်ပြောပေးသွားရင် ကျုပ်သားဟာ မုချဗိုလ်ချုပ်ကြီး ဖြစ်ရ မယ်လို့ ပြောတာပဲ"

ဒင်နီက ထိုင်ရာမှ ထကာ ပန်းသီးဘူးဆီသို့ သွားသည်။"မင်းဗိုလ်ချုပ်ကြီး ဖြစ်ရမယ်"ဟု ကလေးကို ငုံ့ကြည့် ပြီးပြောသည်။"မင်းကြီးလာရင် အကြီးဆုံး ဗိုလ်ချုပ်ကြီးဖြစ်ရမယ်"

ကျန်လူစုက ပါ ထလိုက်သွားကြညပီ"မင်း ဗိုလ်ချုပ်ကြီး ဖြစ်ရမယ်"ဟူသော စကားကို တစ်ယောက် တစ်ခွန်း ပြောပေးကြသည်။

ပင်လယ်ဓားပြကမူ"မင်း ဗိုလ်ချုပ်ကြီးဖြစ်ရမယ်"ဟု တိုးတိုးကလေးရွတ်သည်။ ဤစကားကို သူ့ခွေးတစ် ကောင် အား ပြော၍ ပြောသည့်အတိုင်း ဖြစ်လာမည်ဆိုပါက မည်မျှ ကောင်းပါမည်နည်းဟုတွေးသည်။

" ကလေး ကတော့ သိပ်ကို ဖျားနေတာပဲ"ဟု ဒင်နီက ပြောသည်။"သူ့ကို နွေးနွေးထွေးထွေးဖြစ်အောင် ထားမှပဲ"

အားလုံး ကိုယ့်နေရာ ကိုယ် ပြန်ထိုင်လိုက်ကြသည်။

" အင်း၊ မင်းမိန်းမ ကတော့ မက္ကဆီကိုနိုင်ငံမှာ နေခဲ့တယ် ဟုတ်လား"ဟု ပီလွန်က စကားစသည်။

တပ်ကြပ်သည် မျက်မှောင်ကုပ်ကာ တစ်ခဏမျှ စဉ်းစားနေသည်။ ထို့နောက် အားရပါးရ ပြုံးလိုက်သည်။"ကျုပ် ခင်ဗျားတို့ကို ပြောပြပါမယ်။ လူစိမ်းတွေကို ပြောပြဖို့ မသင့်တဲ့ အကြောင်းအရာ တစ်ခုပါ။ ဒါပေမယ့် ခင်ဗျား တို့ ကတော့ ကျုပ် မိတ်ဆွေကောင်းတွေ ဖြစ်နေပြီပဲ၊ ကျုပ်ဟာ ချီဟူရာ ဟူရာ မြို့က စစ်သား တစ်ယောက် ပါ။ ကျုပ်က စည်းကမ်းလိုက်နာတယ်။ သန့်သန့် ရှင်းရှင်း နေတတ်တယ်။ ကျုပ်ရဲ့ သေနတ် ကိုလည်း အမြဲတမ်း တိုက်တယ်။

ဒါကြောင့် ကျုပ်ကို တပ်ကြပ်ရာထူး တိုးပေးတယ်။ အဲဒီနောက်တော့ အလွန်ချော အလွန်လှတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ခဲ့တယ်။ သူ ကျုပ်ကို လက်ထပ်ခဲ့တာ ကျုပ်လက်မောင်းက အရစ်တွေ ကြောင့် လို့တော့ မပြောချင်ပါဘူး။ ဒါပေမယ့် သူဟာ အသက်လည်း ငယ်တယ်။ သူ့မျက်လုံးတွေဟာ ကြည်လင် ဝင်းလဲ့ နေတယ်၊ သွားတွေကလည်း ဖြူဖွေးညီညာပြီး ပုလဲသွယ်စီထားသလိုပဲ၊ သူ့ဆံပင်တွေဟာ ရှည်လျားပြီး တောက်ပြောင်နေတာပဲ၊ သူက သိပ် လှလွန်းတော့ ကျုပ်သူနဲ့ရပြီး မကြာခင်မှာပဲ ဒီကလေးကို မွေးတာပဲ"

"ဒါတော့ ကောင်းတာပေါ့ကွ" ဒင်နီက ပြောသည်။"မင်းနေရာမှာ ငါဖြစ်လိုက်ချင်ပါဘိတယ်၊ ကလေးတစ် ယောက် ရတာလောက် ကောင်းတာ ဘယ်ရှိပါ့မလည်း"

"မှန်ပါတယ်"ဟု တပ်ကြပ်က ပြောသည်။"ကျုပ်ကလည်း သိပ်ဝမ်းသာခဲ့ပါတယ်။ ကျုပ်တို့ကလေးကို ရေဖျန်း မင်္ဂလာ လုပ်တဲ့နေ့မှာ ကျုပ်ဟာ စလွယ်တွေဘာတွေ တပ်သွားမိပါသေးတယ်၊ ဘုရားရှိခိုးကျောင်းထဲက ကျုပ်တို့ ပြန်ထွက်လာတော့ ပန်းပွားတွေ စလွယ်တွေနဲ့ ငွေဓားကြီး ခါးမှာချိတ်ထားတဲ့ ကက်ပတိန် တစ်ယောက်နဲ့ ဆုံမိတယ်၊ သူက ကျုပ်မိန်းမကို မြင်သွားတယ်၊ မကြာလိုက်ပါဘူး၊ ကျုပ်မိန်းမဟာ အဲဒီစစ်ဗိုလ်နဲ့ လိုက်ပြေးတာပါပဲ၊ နောက်တော့ ကျုပ်က အဲဒီစစ်ဗိုလ်ဆီသွားပြီး ကျုပ်မိန်းမကို ပြန်ပေးပါလို့ ပြောတယ်။ သူက မင်းအထက်အရာရှိကို ဒီစကားမျိုးပြောတာဟာ မင်းအဆင့်ကို တန်ဖိုးမထားလို့ဘဲလို့ ပြောတယ်" တပ်ကြပ်သည် သူ့ပလက်နှစ်ဖက်ကို ဖြန့်ကာ ပခုံးများကို တွန့်လိုက်သည်။

"အံမယ် ခွေးသူခိုးက"ဟု ဂျီးဆပ်စ်မေရီယာက ရေရွတ်သည်။

"မင်းရဲ့ သူငယ်ချင်းတွေကို ခေါ်သွားပြီး အဲဒီကောင်ကို သတ်ကွာ"ဟု ပက်ဘလိုက ပြောသည်။

"ဘာမှ လုပ်လို့ မရပါဘူး၊ အပထမညမှာ ကျုပ်ကို လူတစ်ယောက်က ပြတင်းပေါက်ကနေပြီး သေနတ်နဲ့ ချောင်းပစ်တယ်၊ ဒုတိယည မှာ သေနတ်ကျည်ဆန် မတော်တဆ ထွက်သွားတယ်ဆိုပြီး ကျုပ်ဆီကို ကျည်ဆန်

ရောက်လာတယ်၊ ကံကြီးပေလို့ပေါ့၊ ဒါနဲ့ပဲ ကျုပ် အဲဒီဒေသက အပြီးအပိုင် ထွက်လာခဲ့တာ၊ ကလေး ကိုလည်း ကျုပ် တစ်ပါတည်း ခေါ်လာခဲ့တယ်"

အားလုံး၏ မျက်နှာများတွင် ဒေါသရောင် လွှမ်းမိုးလျက် ရှိသည်။ ခက်ထန်တင်းမာလျက်ရှိသော မျက်လုံးများသည် ကြောက်စရာ ကောင်းလှသည်။ အခန်းထောင့် သူ့နေရာတွင် ထိုင်နေသော ပင်လယ်ဓားပြ၏ နှုတ်မှ ဒေါသ တကြီး ကြိမ်းဝါးသံ ထွက်လာသည်။ ပြီးတော့ သူ့ခွေးများ၏ မာန်ဖီသံနှင့် ဟိန်းသံများ။

" ငါတို့လူစု အဲဒီမှာ ရှိလိုက်ရင် ဘယ်လောက် ကောင်းလိုက်မလဲကွာ"ဟု ပီလွန်က ကြိတ်မနိုင် ခဲမရ အသံ ဖြင့် ရေ`ရွတ်သည်။"ငါတို့ရှိလို့ကတော့ အဲဒီကောင် လူ့ပြည်မှာ လူလာဖြစ်ရတာ မှားလေခြင်းလို့ ဖြစ်သွား စေရမယ်၊ ငါ့အဘိုးက ဘုန်းတော်ကြီး တစ်ပါးကြောင့် စိတ်ဆင်းရဲခဲ့ရဖူးတယ်၊ အဲဒါ သူဘာလုပ်တယ် ထင်သလဲ၊ အဲဒီ ဘုန်းကြီးကို ကိုယ်တုံးလုံးချွတ်ပြီး နွားခြံထဲက တိုင်တစ်တိုင်မှာ ကြိုးနဲ့ တုပ်ထားတယ်၊ ပြီးတော့ နွားပေါက်စ တစ်ကောင်ကို သူ့ဆီလွှတ်ထားတယ်၊ အိုကွာ ခံလိုက်ရတာမှ ဘာပြောကောင်းမလဲ၊ အဲဒီလို ကောင်မျိုးကို လုပ် နိုင်တဲ့ နည်းတွေ အများကြီး ရှိပါတယ်ကွာ"

" ကျုပ်က သာမန်တပ်ကြပ်တစ်ယောက် မဟုတ်လားဗျာ"ဟု လူငယ်က ပြောသည်။

" ထွက်ပြေးရုံကလွဲပြီး ဘာ ပြန်လုပ်နိုင်မှာလဲ"။ ရှက်စိတ်ကြောင့် ထွက်လာသော မျက်ရည်များသည် မျက်လုံး များတွင် အပြည့်။"သူ့ အထက်အရာရှိ ကက်ပတိန်အဆင့်ရှိတဲ့ လူက မုန်းပြီဆိုရင် တပ်ကြပ် တစ်ယောက် အဖို့ အကူအညီ မရတော့ဘူး ပေါ့ဗျာ၊ ဒါကြောင့် ကျုပ် ထွက်ပြေးလာရတာ၊ ဖရက်စ်နိုမြို့ ရောက်တော့ ကျုပ်စောစောက ပြောခဲ့တဲ့လူနဲ့ တွေ့ တယ်။ သူက ကျုပ်သား မင်နုရယ်ကို ကျုပ်ဖြစ်စေချင် သလို ဖြစ်လာအောင် လုပ်နိုင်တယ်လို့ ပြောတယ်၊ ကျုပ် လည်း မင်း ဗိုလ်ချုပ်ကြီး ဖြစ်စေရမယ်၊ မင်းပန်းပွား တွေ စလွယ်တွေ တပ်ပြီး ရွှေဓားကြီးတပ်ရမယ်လို့ နေ့တိုင်း အကြိမ်နှစ်ဆယ် ပြောခဲ့တယ်"

ဤအဖြစ်မျိုးသည် မိတ်ဆွေ အပေါင်းအသင်းများ၏ ဝိုင်းဝန်းကူညီမှုကို ရဖို့အလွန်လိုအပ်၏။ သို့သော်လည်း ဖြစ် ပွားခဲ့သော နေရာမှာ ဝေးကွာလွန်းလှသည်ဖြစ်ရာ ကိုယ်ရောစိတ်ပါထပြီး ကူညီဖို့ မဖြစ်နိုင်ပါ။ သူတို့သည် အံ့သြ ချီးမွမ်းသည့် မျက်နှာထားများဖြင့် တပ်ကြပ်ကို ကြည့်နေကြသည်။ သူသည် ဤမျှလောက် ကြီးမားသော စွန့်စားခန်းမျိုးနှင့် ရင်ဆိုင်သင့်သည့် အရွယ်မဟုတ်ပေ။ သူ့အသက်မှာ ငယ်လွန်းလှသေး၏။

ငါတို့လူစု အခုလောလောဆယ် တိုရီယွန်မြို့မှာ ရှိနေချင်သကွာ"ဟု ဒင်နီက ရေရွတ်သည်။"အဲဒီမှာသာ ဆိုရင် ဘယ်လိုလုပ်ရမယ်ဆိုတာကို ပီလွန်က စီစဉ်ပေးမှာပဲ၊ ငါတို့ အဲဒီကို မသွားနိုင်တာ နာတာပဲကွာ"

သူများ စကားပြောလျှင် အိပ်ပျော်သွားတတ်သော ကောင်ကြီးဂျိုးသည်

တပ်ကြပ်၏ ဇာတ်လမ်းတွင် စိတ်ဝင် စားနေသဖြင့် မအိပ်နိုင်။ သူသည် စက္ကူဘူး ရှိရာသို့ ထသွားပြီး ငုံ့ကြည့်သည်။"မင်းဟာ ဗိုလ်ချုပ်ကြီးဖြစ်မယ့် ကလေးပဲ"ဟု ပြောသည်။ ထို့နောက် အလန့်တကြား အော်ပြောသည်။"ဟေ့ လာကြည့်ကြစမ်း၊ ကလေး လှုပ် နေတာက ရယ်စရာကြီး"

အားလုံး အပြေးအလွှားထသွားပြီး ကလေးကို ကြည့်ကြသည်။ ကလေးခမျာ တက်စပြုနေပြီ။ ခြေထောက် ကလေး များသည် တစိုးစိုး တဆတ်ဆတ်နှင့် အကြောဆွဲနေသည်။ လက်ကလေးများသည် ဟိုကုတ်သည်ခြစ် ခြစ်နေသည်။

"ဆရာဝန်၊ ဆရာဝန်"ဟု ဒင်နီက အော်သည်၊"ငါတို့ ဆရာဝန်ခေါ်မှဖြစ်မယ်" သို့သော်လည်း ဆရာဝန် ခေါ်၍ အကျိုးမရှိနိုင်တော့သည့် အခြေအနေကို သူတို့အားလုံး ရိပ်မိနေကြသည်။ နီးကပ်လာသော သေခြင်းတရားကို မြင်နေရကြရသည်။ သူတို့ ဝိုင်းအုံပြီး ကြည့်နေခိုက်မှာပင် ကလေးသည် တစ်ကိုယ်လုံး တောင့်တင်း သွားပြီး ငြိမ် ကျသွားသည်။ ကလေး၏ ပါးစပ်သည် ပွင့်လာသည်။ ကလေးတွင် အသက်မရှိတော့။ ကလေး၏ အဖြစ်ကို ကြည့်ပြီး သနားနေသော ဒင်နီသည် သူ့စောင်ကို ယူ၍ ဘူးခွံပေါ်မှာ ဖုံးပေးသည်။ တပ်ကြပ်သည် တောင့်တောင့် ကြီးရပ်ကာ ရှေ့တည့်တည့်ကို ငေးစိုက်ကြည့်နေသည်။ ထိတ်လန့် တုန်လှုပ် မှုက ပြင်းထန်သဖြင့် စကားပင် မပြောနိုင်။

ဂျီးဆပ်စ်မေရီယာက တပ်ကြပ်၏လက်မောင်းကို အသာဆုပ်ကိုင်ကာ ကုလားထိုင်တစ်လုံးပေါ် ထိုင်ခိုင်းသည်။"မင်းအသက်အများကြီး ငယ်ပါသေးတယ်ကွာ"ဟု ပြောသည်။"မင်းအနေနဲ့ ကလေးတွေ အများကြီး အများကြီး ရနိုင်ပါသေးတယ်"

" သူ သေသွားပြီ၊ သူ ဘယ်တော့မှ ဗိုလ်ချုပ်ကြီး မဖြစ်နိုင်တော့ဘူး"

အားလုံး၏ မျက်လုံးများထဲတွင် မျက်ရည်များဖြင့် ပြည့်နေသည်။ ထောင့်ထဲ၌ စုပြုံ၍ ဝပ်နေကြသော ခွေးများသည် တအင်အင် ညည်းညူလျက် ရှိကြသည်။ ပင်လယ်စားပြသည် သူ့ခေါင်းကို သူ့ခွေးဆီညော် အလက်သွန် မဆင်၏ အမွေးများကြားတွင် ထိုးမြှုပ်ထားသည်။

ပီလွန်က အလွန်နူးညံ့သိမ်မွေ့သော လေသံဖြင့် ပြောသည်။"အခုတော့ ဟိုစစ်ဗိုလ်ကို မင်းကိုယ်တိုင်ပဲ သတ် ရတော့မှာပေါ့၊ သူ့ကို လက်စားချေဖို့ စီစဉ်ထားတဲ့အတွက် မင်းကို ငါတို့က ဂုဏ်ပြုပါတယ်ကွာ၊ ဒါပေမယ့် မင်း အစီအစဉ်က ပျက်သွားပြီဆိုတော့ မင်းကိုယ်တိုင်ပဲ လက်တုံ့ပြန်ရတော့မှာပေါ့၊ ဟုတ်ဘူးလား၊ ငါတို့ကလည်း တတ်နိုင်သမျှ ကူညီကြပါမယ်"

တပ်ကြပ်က နားမလည်သော မျက်လုံးများဖြင့် ကြည့်နေသည်။"လက်စားချေတယ်၊ ဟုတ်လား"ဟု မေးသည်။"ကက်ပတိန်ကို သတ်ရမယ် ဟုတ်လား၊ ခင်ဗျား ပြောတာ ဘာအဓိပ္ပာယ်လဲ"မင်း အစီအစဉ်က

ရှင်းရှင်းကလေးပါ"ဟု ပီလွန်က ပြောသည်။"ဒီကလေးက ကြီးလာမယ်၊ မင်းဆန္ဒအတိုင်း ဗိုလ်ချုပ်ကြီး ဖြစ်လာမယ်၊ ဟိုစစ်ဗိုလ်ကို တွေ့မယ်၊ အဲဒီတော့ သူက တဖြည်းဖြည်းချင်း ညှဉ်းသတ်မယ်၊ သိပ်ကောင်းတဲ့ အစီအစဉ်တွေ၊ ရေရှည်စီမံကိန်းပဲ။ စောင့်ရတာတော့ကြာမယ်၊ အချိန်တန်တော့ ထချလိုက်၊ ဟုတ်လား၊ ငါတို့က မင်းစိတ်ကို ချီးကျူးပါတယ်ကွာ"

တပ်ကြပ်သည် နဝေတိမ်တောင် ဖြစ်နေဆဲပင်။"ဘာလဲ"ဟု ထပ်မေးသည်။"ဒီစစ်ဗိုလ်နဲ့ ထပ်ပြီး ပတ်သက်စရာ အကြောင်း မရှိတော့ဘူး။ သူက ကက်ပတိန်ပဲ"

"ဒီလိုဆိုလည်း မင်းက မင်းရဲ့ကလေးကို ဘာကြောင့် စစ်ဗိုလ်ချုပ်ကြီး ဖြစ်စေချင်ရတာလဲ၊ ဘယ်လို သဘော ကြောင့်လဲ"

တပ်ကြပ်သည် စိတ်ကသိကအောက် ဖြစ်သွားသည်။"ဖခင်တစ်ယောက်အနေနဲ့ သူ့ သားသမီးကို ကောင်းစား စေချင်တယ် ဆိုတာက တာဝန်တစ်ခုပါ။ ကျုပ်က ကျုပ်သား မင်နုရယ်လ်ကို ကျုပ်ထက် အဆင့်မြင့် စေချင်တယ်"

"မင်း ရည်မှန်းချက်က ဒါ တစ်ခုတည်းပဲလား"ဟု ဒင်နီက တအံ့တသြမေးသည်။

"ဒီလိုလေ"ဟု တပ်ကြပ်က ပြောသည်။"ကျုပ်မိန်းမက သိပ်လှတယ်၊ လှပေမယ့် အကျင့်မဆိုးပါဘူး၊ မိန်းမ ကောင်း တစ်ယောက်ပါ၊ ဒါပေမယ့် အဲဟို ကက်ပတိန်က သူ့ကို လုယူသွားတယ်၊ ဒီကက်ပတိန်မှာ ပန်းပွား လည်း နည်းနည်းပဲ တပ်ရတယ်၊ စလွယ်လဲ နည်းနည်းပဲ တပ်ခွင့်ရတယ်၊ သူ့ခါးမှာ ချိတ်တဲ့ ဓားကျတော့ ငွေဓားပဲ၊ စဉ်း စားကြည့်ပေါ့" သူသည် စကားကိုဖြတ်၍ လက်နှစ်ဖက်ကို ဆန့်လိုက်သည်။"တကယ်လို့ ပန်းပွားတို့ စလွယ်တို့ နည်းနည်းပဲ တပ်ခွင့် ရတဲ့ သူလို ကက်ပတိန် တစ်ယောက်က ကျုပ် မိန်းမကို လုယူခွင့် ရှိရင် ခင်ဗျားတို့ တွေးကြည့် စမ်း၊ စလွယ်အကြီးကြီး သိုင်းခွင့်ရပြီး ရွှေဓားကြီး ချိတ်ခွင့်ရတဲ့ ဗိုလ်ချုပ်ကြီး တစ်ယောက်သာ ဆိုရင် သူယူချင်တာ အကုန်ယူနိုင်မယ် မဟုတ်လား"

အားလုံး မီးကို ရှေ့နှင့်ဖျန်းလိုက်သည့်နှယ် ငြိမ်ဆိတ်သွားသည်။ ဒင်နီ၊ ပီလွန်၊ ပက်ဘလို၊ ဂျီးဆပ်စ်မေရီယာ၊ ပင်လယ်ဓားပြနှင့် ကောင်ကြီးဂျိုးတို့သည် တပ်ကြပ်၏ မူဝါဒကို အချိန်များစွာယူ၍ စဉ်းစားနေကြသည်။ စဉ်းစားပြီး၍ ဘဝင်ကျသွားကြသည့်အခါ အားလုံးက ဒင်နီပြောမည့် စကားကို စောင့်မျှော်ကြသည်။

"သနားစရာပဲကွာ"ဟု နောက်ဆုံးတွင် ဒင်နီက ရေရွတ်သည်။"လောကမှာ သူတို့သားသမီးတွေ ကောင်းစား ရေးကို စိတ်နှလုံးဖြူဖြူစင်စင်နဲ့ ဆန္ဒရှိကြတဲ့ မိဘအရေအတွက်က နည်းနည်းပါးပါးပဲရှိတယ်၊ အခု သူ့စကား ကြားရတော့မှ ကလေးသေတုန်းကထက်ပိုပြီး ဝမ်းနည်းစရာကောင်းနေပြီ၊ ဘာကြောင့်လည်း ဆိုတော့ အခုလို စိတ်ထားရှိတဲ့ ဖအေမျိုးနဲ့သာ နေရရင် သူ့အဖို့ ဘယ်လောက်များ

ပျော်စရာ ကောင်းလိုက် မလဲ၊ အခုတော့ သူ့ခမျာ ပျော်စရာအလွန်ကောင်းတဲ့ ဘဝတစ်ခုနဲ့ လဲ့ရှာတာပေါ့"

ဒင်နီ၏ သူငယ်ချင်းများက တည်ငြိမ်လေးနက်သော မျက်နှာများဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေကြသည်။

"ကဲ၊ ဒီလိုဆိုရင် မင်းဘာ ဆက်လုပ်မယ်စိတ်ကူးသလဲ"ဟု တပ်ကြပ်ကို စတွေ့ခဲ့သူ ဂျီးဆပ်စ်မေရီယာက မေးသည်။

"ကျုပ် မက္ကဆီကို နိုင်ငံကို ပြန်မှာပေါ့"ဟု တပ်ကြပ်က ပြောသည်။"ကျုပ်ဟာ စစ်သားဘဝကို နှစ်နှစ် ကာကာ ကြိုက်တဲ့ စစ်သားတစ်ယောက်ပါ။ ကျုပ်ရဲ့ ရိုင်ဖယ်သေနတ်ကို အရင်ကလိုပဲ ဂရုတစိုက် တိုက်သွား ရင် တစ်နေ့ကျ ကျုပ်လည်းပဲ အရာရှိတစ်ယောက် ဖြစ်ချင်ဖြစ်လာမှာပါ၊ ဘယ်သူက မဖြစ်ဘူးလို့ ပြောနိုင်မလဲ"

သူငယ်ချင်း ခြောက်ဦးသည် တပ်ကြပ်ကို ချီးမွမ်းသည့် မျက်နှာထားများနှင့် ကြည့်သည်။ သူ့လိုလူစားမျိုး တစ်ယောက်နှင့် သိခွင့်ရလိုက်သည့်အတွက် ဂုဏ်ယူမဆုံးအောင် ဖြစ်နေကြလေသည်။

ဝိရောဓိဖြစ်နေသည့် အခြေအနေများကြားမှနေ၍ ကောင်ကြီးဂျိုးထံသို့ ချစ်ခြင်းမေတ္တာ ဆိုက်ရောက်လာခြင်း

ကောင်ကြီးဂျိုး အဖို့တော့ အချစ်ဆိုသည်မှာ တစ်စုံတစ်ခု လုပ်ရန်သာ ဖြစ်သည်။ သူ့အနေဖြင့် အချစ် ဆိုသော အရာ၏သဘောသဘာဝကိုသည်ထက်ပို၍မသိ။ နားလည် မလည်။ ခံလည်း မခံစားတတ်။ သူကြုံခဲ့ရသည့် ချစ်ရေး ချစ်ရာ ကိစ္စများတွင် စိတ်ဝင်စားဖွယ်ကောင်းသော ချစ်ရေးချစ်ရာ ကိစ္စတစ်ခု ရှိခဲ့ဖူးသည်။

ထိုနေ့က မွန်ထရေးမြို့တွင် မိုးရွာလျက်ရှိသည်။ ထင်းရှူးပင်များဆီမှ မိုးစက်များသည် တစ်နေ့လုံး အဆက် မပြတ် ကျရောက်လျက် ရှိသည်။ တော်တီလာဖလက် ရပ်ကွက်အတွင်းမှ ပီဆာနိုများသည် အိမ်ထဲမှ အိမ်ပြင် မထွက်ကြ။ သို့သော်လည်း ရှိရှိသမျှ မီးဖိုခေါင်းတိုင် များမှ အပြာရောင် မီးခိုးများသည် တလူလူ လွင့် တက် လျက် ရှိကြသည်။ ပတ်ဝန်းကျင်လေထုတွင် ထင်းရှူးသား မီးခိုးနံ့သည် တသင်းသင်း ပျံ့လျက်ရှိသည်။

မွန်းလွဲပိုင်း ငါးနာရီထိုးခန့်တွင် မိုးသည် တစ်ခဏမျှ တိတ်သွားသည်။ ထိုအခိုက်တွင် တစ်နေကုန်နီးပါးမျှ ပင်လယ်ကမ်းစပ် သောင်ပြင်ပေါ်ရှိ လှေတစ်စင်းအောက်၌ ဝင်၍ အိပ်ပျော်နေသော ကောင်ကြီးဂျိုးသည် အပြင် သို့ ထွက်လာပြီး ဒင်နီ၏ အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်လာသည်။ သူသည် တစ်ကိုယ်လုံး အေးစက်ကာ အငမ်းမရ ဆာလောင်လျက် ရှိလေသည်။

သူသည် တော်တီလာဖလက် ရပ်ကွက်အစွန်သို့ ရောက်လာသောအခါ မိုးသည် ဖြုန်းခနဲ ရွာချပြန်သည်။ ကောင်ကြီးဂျိုး တစ်ကိုယ်လုံး ရစရာမရှိအောင် ရွှဲရွှဲစိုကုန်သည်။ သူသည် မိုးလွတ်ရန် အနီးဆုံး အိမ်တစ်လုံးသို့ အပြေးအလွှားဝင်ကပ်သည်။ ထိုအိမ်တွင် နေသူမှာ တီယာအစ်ဂ်နေစီယာဆိုသည့် အမျိုးသမီးတစ်ဦးဖြစ်သည်။

အမျိုးသမီးသည် အသက် လေးဆယ့်ငါးနှစ်ခန့်ရှိပြီ။ မုဆိုးမဘဝဖြင့် အချိန်ကုန်လွန်ခဲ့သည်မှာ ကြာပြီ။ ငွေကြေး လည်းအထိုက်အလျောက်ရှိသည်။ သူသည် စကားနည်းသူဖြစ်၍ စရိုက်လည်း ခပ်ကြမ်းကြမ်း ဖြစ်၏။ တော်တီလာဖလက်ရပ်ကွက်မှ လူများက အဆင့်အတန်း နိမ့်သည်ဟု ယူဆထားသော ရက်အင်ဒီးယန်း သွေး ပါသူဖြစ်သည်။

သူ့အိမ်သို့ ကောင်ကြီးဂျိုး ပြေးဝင်သွားသော အချိန်တွင် သူသည် ဝိုင်တစ်ဂါလံအိုးကိုဖွင့်၍ တစ်ခွက် တစ်ဖလား မော့ရန် ဟန်ပြင်နေခိုက်ဖြစ်သည်။ လူသံကြား၍ ဝိုင်အိုးကို ကုလားထိုင်အောက် သွင်း၍ ဝှက်ရန် အားထုတ် လိုက်သေးသော်လည်း မရတော့ပေ။ ကောင်ကြီးဂျိုးသည် အိမ်ရှေ့တံခါးဝ၌

ရပ်နေသည်။ သူ့ကိုယ်ပေါ် မှ မိုးရေ များသည် ကြမ်းပြင်ပေါ်သို့ တစက်စက်ကျလျက်ရှိနေသည်။ တီယာအစ်ဂ်နေစီယာသည် သူ့ မီးဖိုထဲမှ မီးများကို သံမီးကောက်ဖြင့် ထိုးဆွပေးနေသည်။

" ဝိုင်တစ်ခွက် သောက်မလား"

" သောက်တာပေ့ါ"ဟု ကောင်ကြီးဂျိုးက ပြန်ပြောသည်။ သောက်လက်စ ဝိုင်တစ်ခွက် မကုန်သေးမီ ကောင်ကြီးဂျိုး၏မျက်လုံးများသည် ဝိုင်အိုးပေါ်သို့ စူးစိုက်လျက် ရှိပြန်သည်။ ဤသို့ဖြင့် သူ့နှုတ်ခမ်းမှ စကား တစ်ခွန်း မှ ထပ်မပြောခင် ဝိုင်သုံးခွက် ဗိုက်ထဲဝင်သွားသည်။ ထိုအချိန်ကျမှပင် သူသည် နေသာထိုင်သာ ရှိသွားကာ သူ့မျက်လုံးများအတွင်း ရှိနေသော ဝံပုလွေ တစ်ကောင်၏ ဘောဘရမ္ဗက်တက်နေသည့် အကြည့်သည် ကွယ်ပျောက်သွားသည်။

တီယာ အစ်ဂ်နေစီယာကတော့ သူ့ဝိုင်အိုးကို လမ်းဆုံးပြီဟု သဘောထားလိုက်သည်။ သူသည် ကောင်ကြီးဂျိုးနှင့် အတူထိုင်ကာ ဝိုင်ကို ဖြည်းဖြည်းမှန်မှန် သောက်နေသည်။ သူ့လက်ထဲသို့ လေးခွက် မြောက် ဝိုင်ခွက်ရောက်သွားသောအခါ ကောင်ကြီးဂျိုးသည် စိတ်လက် ကြည်လင်လာသည်။

" တော်ရဲလီးဆိုင်က ဝိုင် မဟုတ်ဘူး ထင်တယ်"ဟု သူက စကားစသည်။

" မဟုတ်ဘူး၊ ကျွန်မ သူငယ်ချင်း အီတလီအမျိုးသမီး တစ်ယောက်ဆီကရတာ" သူ့ခွက်ထဲ ဝိုင်ထည့်ရင်းမှ တီယာ အစ်ဂ်နေစီယာက အဖြေပေးသည်။

မိုးချုပ်သွားပြီ။ တီယာအစ်ဂ်နေစီယာက ရေနံဆီ မီးအိမ်ကို ထွန်းကာ မီးဖိုထဲသို့ ထင်းများ ထပ်ထည့်သည်။ ဝိုင်သောက် နေသမျှ ကာလပတ်လုံး မီးရှိမှ ဖြစ်မည်ဟု သူတွေးသည်။ သူ့မျက်လုံးများသည် ကိုယ်လုံး ကိုယ်ထည် ကြီးမားထွားကျိုင်းလွန်းသော ကောင်ကြီးဂျိုးပေါ်မှ မခွာနိုင်။ စေ့စေ့စပ်စပ် ကြည့်၍ အကဲ ခတ် လျက် ရှိသည်။ အကဲခတ် နေဆဲမှာပင် သူ့ရင်ထဲတွင် ပူခနဲ၊ နွေးခနဲ ဖြစ်လာလျက် ရှိလေသည်။

" ရှင် မိုးရွာကြီးထဲ မှာ အလုပ်လုပ်နေတာကိုး၊ သနားစရာပဲ"ဟု သူက ပြောသည်။"ရှင့် ကုတ်အကျႌကြီးကို ချွတ်ပြီး လှန်းထားလိုက်ပါလား"

ကောင်ကြီးဂျိုးသည် လိမ်ညာပြီး ပြောတတ်သူ မဟုတ်ပေ။ တစ်ဖက်သားကို လိမ်ဖို့အတွက် မြန်မြန်ဆန်ဆန် စဉ်းစား စိတ်ကူး တတ်သူလည်း မဟုတ်ပေ။ အခုလည်း တီယာအစ်ဂ်နေစီယာ၏ မေးခွန်းကို အမှန်အတိုင်း ဖြေသည်။"မဟုတ်ပါဘူး။ ကျုပ်ပင်လယ်ကမ်းစပ်က လှေတစ်စင်းအောက်မှာ တစ်နေ့လုံး ဝင်အိပ်နေတာပါ"

" ဒါပေမယ့် ရှင့် တစ်ကိုယ်လုံး မိုးရေတွေ နဲ့ ရွှဲနေတာပဲ၊ သနားစရာပါလား"ဟု ပြောသည်။ သူ ဖော်ပြ လိုက်သည့် ကြင်နာမှုအတွက် ကောင်ကြီးဂျိုးထံမှ တစ်စုံတစ်ခုသော တုံ့ပြန်မှု ရှိမရှိ စူးစမ်းနေသည်။

သို့သော်လည်း ကောင်ကြီးဂျုံး၏ မျက်နှာသည် သူ မိုးစိုပြီး အေးအေးဆေးဆေး ထိုင်၍ ဝိုင်သောက် နေရသဖြင့် ကျေနပ်သာယာမှု ရှိနေသည့် အရိပ်လက္ခဏာများ တစ်ပါးအခြားမည်သည့် ထူးခြားချက်ကိုမှ ဖော်ပြခြင်း မရှိချေ။ သူသည် ဝိုင်ထပ်ထည့်ပေးရန် ဖန်ခွက်ကို ထိုးပေးသည်။ တစ်နေ့လုံး ဘာမှ မစား ရသဖြင့် အူနှင့်ပဟောင်းလောင်းဖြစ်လျက်ရှိလေရာ သူ သောက်သမျှဝိုင်သည် အစွမ်းပြလျက် ရှိလေပြီ။

တီယာ အစ်ဂ်နေစီယာက ထိုင်နေတာ မကောင်းဘူး၊ အအေးမိပြီး ဖျားလိမ့်မယ်၊ ကဲ လာ၊ ကုတ်အင်္ကျီကို ကျွန်မ ပါ ကူပြီး ချွတ်ပေးမယ်"

ကောင်ကြီးဂျိုးသည် သူ့ဖင်ကို ကုလားထိုင်တွင် သံမှိုနှင့် စွဲထားသည့်နှယ် ကျောက်ချ၍ ထိုင်နေသည်။"ကိစ္စ မရှိပါဘူး၊ ဘာမှ မဖြစ်ပါဘူး"ဟု ပြောကာ ထိုင်ရာမှ မထ။

တီယာ်စ်ဂ်နေစီယာသည် သူ့ဖန်ခွက်ထဲသို့ ဝိုင်နောက်ထပ် ထပ်ထည့်သည်။ မီးဖိုမှ မီးတောက်များသည် အိမ်ခေါင်မိုးပေါ် ကျနေသည့် မိုးပေါက်သံများနှင့် စည်းချက်ကျကျ ယိမ်းထိုးလှုပ်ရှားလျက်ရှိသည်။

ကောင်ကြီးဂျိုးသည် ခင်မင်ရင်းနှီးလိုသော အမူအရာ လုံးဝမပြ၊ ယဉ်ကျေးသိမ်မွေ့သည့် လက္ခဏာကိုလည်း မပြ။ သူ့အိမ်ရှင်မ တစ်ယောက်လုံးလုံး သူ့အနီး၌ ရှိနေသည်ဟူ၍လည်း အသိအမှတ် ပြုပုံမရ။ ဝိုင်ကိုသာ အငမ်းမရ သောက်လျက်ရှိသည်။ သူသည် မီးဖိုကို ငေးကြည့်ပြီး ပြုံးသည်။ ကုလားထိုင်ပေါ်တွင် အကျအန ထိုင်ကာ ဒူးတနှန့်နှန့် လုပ်လျက်ရှိ၏။

ဒေါသဖြစ်ခြင်းနှင့် မျှော်လင့်ချက် ကင်းမဲ့ခြင်းများသည် တီယာအစ်ဂ်နေစီယာ၏ ရင်ထဲတွင် ပြင်းထန်စွာ ဖြစ်ပေါ် လာသည်။"ဒီအကောင် ဝက်ပဲ" ဟုတွေးသည်။"အလွန် ညစ်ပတ်တဲ့ တိရစ္ဆာန်ကောင်ပါလား၊ မိုးရွာထဲ လျှောက် သွားနေတဲ့ နွားမတစ်ကောင်ကို အိမ်ထဲ သွင်းထားတာကမှ ကောင်းလိမ့်ဦးမယ်၊ တခြား လူ တစ်ယောက် သာဆိုရင် ပျူပျူငှာငှာနဲ့ စကားလေး ဘာလေး ပြောမှာ"

ကောင်ကြီးဂျိုးသည် သူ့ဖန်ခွက်ကို တီယာအစ်ဂ်နေစီယာ ဘက်သို့ ထိုးပေးပြန်သည်။

တီယာအစ်ဂ်နေစီယာက နောက်တစ်ကြိမ် အရဲစွန့်၍ ကြိုးစားကြည့်ပြန်သည်။"အခုလို လုံလုံခြုံခြုံနဲ့ နွေးနွေး ထွေးထွေးရှိတဲ့ အိမ်မျိုးမှာ အခုလိုမိုးတွေ သဲကြီးမဲကြီး ရွာနေတုန်း နေရရင် ပျော်စရာကို ရနိုင်တယ်"ဟု ပြောသည်။"မိုးကလဲ ရွာ၊ မီးဖိုကလည်း အခုလို တထိန်ထိန် တညီးညီး လောင်နေတဲ့ အချိန်မျိုးမှာ လူတွေ ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ပြီး ခင်မင်ရင်းနှီးဖို့ ကောင်းတယ်၊ ရှင့်စိတ်ထဲမှာ ခင်မင် ရင်းနှီး ချင်တဲ့စိတ် ပေါ်မလာ ဘူးလားဟင်"

" ပေါ်တာပေါ့"ဟု ကောင်ကြီးဂျိုးက ဖြေသည်။

" မီးရောင်က ရှင့် မျက်လုံးတွေကို သိပ်ထိုးနေတယ် ထင်ပါရဲ့နော်"ဟု တီယာအစ်ဂ်နေစီယာက ကြာမှုပါပါ ဖြင့် ပြောသည်။"ကျွန်မ မှန်အိမ်မီးကို မှုတ်လိုက်ရမလား ဟင်"

" ဟာ ရပါတယ်၊ ကျုပ်မှာ ဘာမှမဖြစ်ပါဘူး"ဟု ကောင်ကြီးဂျိုးက ပြန်ပြောသည်။"တကယ်လို့ ရေနံဆီကုန် မှာ ကြောက်လို့ ငြိမ်းထားချင်ရင်တော့ မှုတ်ထားလိုက်ပေ့ါ၊ ခင်ဗျားသဘောပဲ"

တီယာအစ်ဂ်နေစီယာက မှန်အိမ်ပြောင်း ထိပ်ဝမှ ငုံ့ကာ မီးကို မှုတ်လိုက်သည်။ အခန်းထဲတွင် အမှောင်ထုက လွှမ်းခြုံသွားသည်။

ထို့နောက် သူသည် သူ့ကုလားထိုင်တွင် ထိုင်ကာ ကောင်ကြီးဂျိုး၏ ယောက်ျားပီသသော လှုပ်ရှားမှုကို မျှော်လင့် စောင့်စားသည်။ ကောင်ကြီးဂျိုးဆီမှ ကုလားထိုင် လှုပ်ရှားသံကိုတော့ ကြားနေရ၏။ မီးဖိုထဲမှ သေးငယ်သော မီးရောင်သည် တလှုပ်လှုပ်။ ကောင်ကြီးဂျိုးဆီမှ ကုလားထိုင် လှုပ်သံကို မကြားရတော့။ တီယာအစ်ဂ်နေစီယာသည် ကောင်ကြီးဂျိုး သူ့ထံ ပြေးဝင်အလာကို အားတင်း၍ စောင့်စားနေသည်။ သို့သော် လည်း ဘာမှဖြစ်မလာ။

" ရှင်စဉ်းစားကြည့်စမ်း"ဟု တီယာအစ်ဂ်နေစီယာက ပြောသည်။"ရှင့်အနေနဲ့ မိုးတွေ လေတွေထဲမှာ အကာအရံ မရှိတဲ့ တဲတစ်လုံးထဲ ရောက်နေရင် ဘယ်လိုနေမလဲ၊ စောစောက ရှင်ပြောသလို လှေတစ်စင်း အောက်က အလွန်အေးတဲ့ သဲပြင်ပေါ် အိပ်နေတယ်ဆိုပါတော့ ဘယ်လိုနေမလဲ၊ အခု ကြည့်စမ်း၊ ရှင် အဲသလို နေရတာ မဟုတ်ဘူး။ ကုလားထိုင် တစ်လုံးပေါ်မှာ အကျအန ဖိမ်နဲ့ ထိုင်ပြီးနေရတာ၊ ပြီးတော့ အမျိုးသမီး တစ်ယောက်ကို အဖော်လုပ်ပြီး ဝိုင်သောက်နေရတာ"

ကောင်ကြီးဂျိုးထံမှ အဖြေမရ၊ သူ့အသံကိုလည်း မကြားရ။ သူ့မျက်နှာကိုလည်း မမြင်ရ၊ တီယာအစ်ဂ်နေစီယာသည် သူ့ဝိုင်ဖန်ခွက်ကို မော့လိုက်သည်။"ကျွန်မ သူငယ်ချင်း ကော်နဲလီးယားရှဇ်က ပြောဖူး တယ်၊ သူ့မိတ်ဆွေ တချို့ဟာ မိုးမိလို့ သူ့ဆီ ဝင်ခိုဖူးတယ်တဲ့၊ သူက ဂရုတစိုက် ပြုစုလိုက်ရင် အလွန် ရင်းနှီး တဲ့ လူတွေ ဖြစ်ကုန် တာပဲတဲ့"

ကောင်ကြီးဂျိုးဘက်မှာ အရာဝတ္ထုတစ်ခု လွတ်ကျသံ ထွက်လာသည်။ ဖန်ခွက် လွတ်ကျသွားပြီဟု သူ သိလိုက်၏။ လွတ်ကျသံ ကြားရသော်လည်း လူ၏ လှုပ်ရှားမှု လူးလွန့်သံကိုတော့ မကြားရ၊"နေမကောင်း လို့များလား"ဟု သူတွေးသည်။"သတိလစ်ချင် လစ်နေမှာ" သူသည် ထိုင်နေရာမှ ခုန်၍ ထလိုက်ပြီး မီးခြစ်ကို ကပျာကယာခြစ်ကာ မှန်အိမ်ကို ထွန်းသည်။ ထို့နောက် သူ့ဧည့်သည်ကို လှည့်ကြည့်သည်။

ကောင်ကြီးဂျိုးသည် အသေကောင် တစ်ကောင်သဖွယ် အိပ်မောကျလျက်ရှိ၏။ သူ့ခြေထောက် နှစ်ချောင်းကို သူ့ရှေ့တည့်တည့်တွင် ဆန့်ဆန့်ကြီး ချထားသည်။ သူ့ခေါင်းသည် နောက်သို့ လန်လျက် ပါးစပ်ကတော့

ဟောင်း လောင်း၊ သူ ကြည့်နေခိုက်မှာပင် အလွန်ကျယ်လောင် စူးရှသော ဟောက်သံသည် ကောင်ကြီးဂျိုး၏ပါးစပ်မှ ထွက်လာနေသည်။ ကောင်ကြီးဂျိုးသည် မအိပ်ဘဲ နေနိုင်သူ မဟုတ်။

တီယာအစ်ဂ်နေစီယာ၏ရက်အင်ဒီးယန်းသွေးသည် ဆူပွက်လှုပ်ရှား လာသည်။ ဒေါသပြင်းစွာ ထွက် နေသော် လည်း အော်ဟစ်ခြင်း မပြု။

သူသည် သူ့ထင်းပုံရှိရာသို့ သွားသည်။ ထင်းစည်းထဲမှ တစ်ချောင်းကို ဆွဲထုတ်ပြီး ဆကြည့်သည်။ ထို့နောက် ထင်းချောင်းကို ပြန်ချပြီး နောက်တစ်ချောင်း ထပ်ယူသည်။ ဆကြည့်သည်။ ပြီးတော့ ကောင်ကြီးဂျိုးထံသို့ ခြေသံ မကြားအောင် လျှောက်သွားပြီး တအားလွှဲရိုက်သည်။ ပထမတစ်ချက်သည် ကောင် ကြီးဂျိုး၏ ပခုံးကို ရိုက်မိသည်။ ကောင်ကြီးဂျိုးသည် ကုလားထိုင်ပေါ်မှ လွင့်စင်၍ ကျသွားသည်။

" ဝက်ကြီး"ဟု တီယာအစ်ဂ်နေစီယာက သံကုန်ဟစ်၍ အော်သည်။"လူယုတ်မာကောင်၊ နင့်ဘာသာနင် ရွှံ့ထဲ ရေထဲမှာပဲ ပြန်နေ"

ကောင်ကြီးဂျိုးသည် ကြမ်းပြင်ပေါ်တွင် တစ်ပတ်လည်သွားသည်။ ဒုတိယရိုက်ချက်သည် ဖင်ကို ရိုက်မိသည်။ ကောင်ကြီးဂျိုး မှာ ထိုအခါကျမှပင် နိုးသည်။

" ဟ ... ဘာဖြစ်တာလဲ"ဟု ကယောင်ကတမ်းရေရွတ်သည်။"ခင်ဗျားဘာလုပ်တာလဲ"

" ငါဘာလုပ်တယ်ဆိုတာ နင့်ကိုပြမယ်"ဟု တီယာအစ်ဂ်နေစီယာက အော်သည်။ သူသည် အိမ်ရှေ့တံခါးကို ပြေးဖွင့်ပြီး ကောင်ကြီးဂျိုးထံ ပြန်ပြေးလာကာ ထင်းချောင်းဖြင့် မရပ်မနား ရိုက်သည်။ ထင်းချောင်းသည် ကောင် ကြီးဂျိုး၏ကျောပြင်၊ ပခုံးနှင့် ခေါင်းကိုထိသည်။ သူသည် သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့် ကာပြီး အပြင်ဘက် သို့ ထွက်ပြေးသည်။

" မလုပ်ပါနဲ့ဗျာ၊ မလုပ်ပါနဲ့" ဟုလည်း အော်သည်။"ဘယ်လိုဖြစ်တာလဲ၊ မလုပ်ပါနဲ့ဗျ၊ ဘာဖြစ်လို့လဲ"

ကောင်ကြီးဂျိုးသည် ပဆုပ်ပနီကောင်လိုက်၍ တုတ်ခြင်းခံရသူ တစ်ယောက်သဖွယ် ကဆုန်စိုင်း၍ ပြေးသည်။ ရွှံ့ဗွက်များဖြင့် ပြည့်နေသော လမ်းမပေါ်သို့ ရောက်သွားသည်။ တီယာအစ်ဂ်နေစီယာ၏ ဒေါသမှာ ကြောက်စရာ ကောင်းလှ၏။ သူသည် လမ်းမပေါ်ထိ ပြေးလိုက်ဆဲ၊ လက်ထဲမှာ ထင်းချောင်းဖြင့် ရိုက်နေဆဲ။

" ဟေး ဟေး တော်တော့လေဗျာ၊ မလုပ်နဲ့တော့လေ"ဟု ကောင်ကြီးဂျိုးက အော်ကာ တီယာအစ်ဂ်နေစီယာ၏ လက်နှစ်ဖက်ကို အတင်းဆွဲပြီး ချုပ်ကိုင်ထားသည်။ တီယာအစ်ဂ်နေစီယာသည် ကောင်ကြီးဂျိုး လက်ထဲမှ လွတ် မြောက်ရန် ပြင်းထန်စွာ ရုန်းသည်။

" ဟဲ့ ဝက် ... ဟဲ့ နွား"

လွှတ်ပေးလိုက်လျှင် ဆက်၍ အရိုက်ခံရဦးမည်ကို သိနေသော ကောင်ကြီးဂျိုးသည် တီယာအစ်ဂ်နေစီယာ၏ လက်နှစ်ဖက်ကို တင်းကျပ်စွာ ချုပ်ကိုင်ထားသည်။ ထိုကဲ့သို့ လက်နှစ်ဖက်ကို ချုပ်ကိုင်ပြီး ရပ်နေသည့် တဒင်္ဂအတွင်းမှာပင် ချစ်ခြင်းမေတ္တာသည် ကောင်ကြီးဂျိုးထံ ဆိုက်ရောက်လာသည်။ ချစ်ခြင်းမေတ္တာသည် သူ့ ဦးခေါင်းထဲတွင် မြည်ဟည်းလျက်ရှိသည်။ အရှိန်အဟုန် ပြင်းစွာဖြင့် စီးဆင်းလာသော ရေစီးကြောင်းကြီး သဖွယ် သူ့တစ်ကိုယ်လုံးကို ပြင်းထန်စွာ ဝင်တိုက်သည်။ တောအုပ်တစ်ခုလုံးကို ပြောင်းဆန်သွားအောင် တိုက်ခတ် နေသည့် လေမုန်တိုင်းသဖွယ် သူ့တစ်ကိုယ်လုံးကို လှုပ်ခါပစ်သည်။ သူသည် တီယာအစ်ဂ် နေစီယာ ဒေါသပြေသွားသည်အထိ လက်နှစ်ဖက်ကို မလွှတ်။

ဒင်နီ၏ သူငယ်ချင်းများက ပင်လယ်ဓားပြအား သူ့အစီအစဉ်အတိုင်း စောင့်ထိန်းနိုင်ရန် ဝိုင်းဝန်း ကူညီကြခြင်း၊ ပင်လယ်ဓားပြ၏ ခွေးများသည် ကောင်းမြတ်သော အတိတ်နိမိတ်တစ်ခုကို မြင်ကြခြင်း

နေ့စဉ် မွန်းလွဲပိုင်းအချိန်တွင် ပင်လယ်ဓားပြသည် သူ့လက်တွန်းလှည်းအလွတ်ကို တွန်း၍ တောင်ကုန်း ပေါ် တက်ကာ ဒင်နီ၏ခြံတွင်းသို့ ဝင်သည်။ လက်တွန်းလှည်းကို ခြံဝင်းတိုင်၌ မှီ၍ထောင်ကာ ဂုန်နီ အိတ်ဟောင်းနှင့် အုပ်သည်။ ထို့နောက် သူ့ ရဲတင်းကို မြေကြီးထဲမြှုပ်သည်။ ပုဆိန်ကို မြေကြီးထဲထားလျှင် ရဲတင်းသွား များကို ပို၍ထက်စေသည်ဟု လူအများက ပြောကြ၍ ဖြစ်၏။ ထိုကိစ္စ ပြီးစီးသောအခါ အိမ်ထဲသို့ ဝင် သွားပြီး သူ့လည်ပင်း၌ ကြိုးနှင့် ဆွဲထားသော ရှုံ့ကြိုးနှင့် အိတ်ကို ဖွင့်ကာ ထင်းရှောင်း၍ရသော ငွေနှစ်ဆယ့် ငါးဆင့်ပြားကို ထုတ်၍ ဒင်နီလက်သို့ ပေးဆပ်သည်။

ထိုအခါ ဒင်နီက ပင်လယ်ဓားပြနှင့် သူ့သူငယ်ချင်းများကို ခေါ်၍ အိပ်ခန်းထဲ ဝင်သည်။ သူ့ခေါင်းအုံး အောက် မှ ငွေအိတ်ကို ဖွင့်၍ နှစ်ဆယ့်ငါးဆင့်ပြားကို ထည့်သည်။ ဤ လုပ်ငန်းစဉ်မှာ နေ့စဉ်နေ့တိုင်း နိစ္စဓူဝ လုပ်ရ သော အလုပ်ဖြစ်၏။ ဤ လုပ်ငန်းကို မှန်မှန် လုပ်လာခဲ့သည် အချိန် ကာလသည် ကြာမြင့်လာခဲ့ပြီဖြစ်သည်။

အချိန်ကာလ ကြာလာသည်နှင့်အမျှ ငွေအိတ်သည် အချင်းချင်း ခင်မင်ရင်းနှီးမှုကို ဖော်ပြသည့် အထိမ်းအမှတ် လက္ခဏာတစ်ရပ်သဖွယ် ဖြစ်လာသည်။ အချင်းချင်း ယုံကြည်မှု စိတ်ချမှု၏ သင်္ကေတတစ်ခု ဖြစ်လာသည်။ သူတို့အားလုံး ထိုငွေကို အကြောင်းပြု၍ ဂုဏ်ယူကြသည်။ သူတို့အနေဖြင့် ထိုငွေအပေါ်တွင် လောဘစိတ် မထား၊ စိတ်ကို သန့်ရှင်းစွာ ထားနိုင်ခဲ့ကြသည်။ ထို့ကြောင့်လည်း သူတို့သည် သူတို့၏ စိတ်ဓာတ် လက္ခဏာ အတွက် သူတို့ကိုယ်သူတို့ လေးစားခြင်း ဖြစ်ခဲ့ကြသည်။

လူတစ်ယောက်ကို စိတ်ချရသည်ဟူသော လက္ခဏာသည် အလွန်ကောင်းမြတ်သော အရည်အသွေး တစ်ရပ် ဖြစ်သည်ဟု သူတို့ ယူဆကြသည်။ ဤငွေနှင့် ပတ်သက်၍ သူတို့ စိတ်ထဲတွင် ရကောင်းစေဟူသော စိတ်မျိုး မထားသည် မှာ ကြာခဲ့ပြီ။ ဤငွေကို မေ့မေ့ပျောက် ပျောက် ဖြစ်သွားသည်မှာလည်း ကြာသွားပြီ။ တစ်ချိန်သောအခါ ကမူ ဤငွေနှင့် ဝယ်လျှင် ဝိုင်မည်မျှရမည်ကို ချင့်တွက်ခန့်မှန်းပြီး မသုံးထိုက်ဟူသော အခြေခံ

သဘောတရားကို နားလည်သည့် အချိန်မှစ၍ ထိုငွေအပေါ်တွင် တွယ်တာခြင်း မရှိခဲ့တော့ပေ။ တကယ်တော့ ဤငွေထုပ်သည် ရွှေဖယောင်းတိုင် စင်တစ်ခု ဝယ်ရန်ဖြစ်၏။ ထိုရွှေ ဖယောင်းတိုင် စင်ကို ပိုင်ဆိုင် မည့် ပုဂ္ဂိုလ်မှာ သူတော်စင် စိန့်ဖရန်စစ် ဖြစ်၏။

သို့ဖြစ်ရာ ဤငွေထုပ် အပေါ်၌ မြစ်မှား၍ မဖြစ်ဟု သူတို့အားလုံးက ခံယူကြလေသည်။

တစ်ညနေခင်း တွင် သတင်းတစ်ခု ရောက်လာသည်။ ပင်လယ်ကမ်းခြေတစ်နေရာ၌ ချထားသော ကမ်းစောင့် တပ်ဖွဲ့ သဘော်ကလေးသည် ကာမဲလ်ဘက်သို့ ပြောင်းသွားပြီဟူသော သတင်းဖြစ်၏။ ထိုသတင်း ရချိန် တွင် ကောင်ကြီးဂျိုးမှာ သူ့ကိစ္စနှင့်သူ အဝေး သို့ ရောက်နေခိုက် ဖြစ်သည်။ ဒင်နီ၊ ပက်ဘလို၊ ပီလွန်၊ ဂျီးဆပ်စ်မေရီယာ၊ ပင်လယ်စားပြနှင့် သူ့ခွေးများသည် ကမ်းစောင့်တပ်ဖွဲ့ စခန်းချ သွားခဲ့ သည့် နေရာ သို့ တပျော် တပါး ထွက်လာခဲ့ကြသည်။

ကမ်းစောင့်တပ်ဖွဲ့ နေရာပြောင်းသွားသည့်အခါ နေရာဟောင်းတွင် သူတို့အတွက် အသုံးဝင်မည့် ပစ္စည်း အဟောင်း အတိုအထွာများ ကျန်နေခဲ့တတ်၏။ ယင်းပစ္စည်းများကို ရှာဖွေ ကောက်ယူရသည်။ သူငယ်ချင်း တစ်သိုက်သည် ပင်လယ်ကမ်းစပ်တွင် ဟိုဘက်ပြေးလိုက်သည်ဘက်ပြေးလိုက်နှင့် တစ်ည လုံး အလုပ်ရှုပ် နေကြသည်။ အသားနှင့် သစ်သီးစည်သွတ်ဘူးများ၊ ဂျက်ကက်အကျႌဟောင်း နှစ်ထည်။ ရေစည် ပိုင်း တစ်လုံးနှင့် မက်ရှင်းဂန်း သေနတ်အပျက်ကြီး တစ်လက် စသည်ဖြင့် ပစ္စည်းအမျိုးပေါင်း အမြောက်အမြားကို အစုလိုက် အပုံလိုက် ရကြသည်။ နံနက် လင်းသောအခါ သူတို့ ကောက်ယူရရှိသည့် ပစ္စည်းပုံမှာ အတော် ကြီးကြီး မားမား ဖြစ်နေခဲ့လေပြီ။

သူတို့လူစု ပစ္စည်းအတိုအထွာများ ရှာဖွေကောက်ယူရနေသမျှကို ဘေးမှ ရပ်ကြည့်နေသော လူတစ်စုတည်း မှ တစ်ဦးက သူတို့ပစ္စည်းအားလုံးကို ငါးဒေါ်လာပေးသဖြင့် ချက်ချင်း ရောင်းပစ်လိုက်ကြသည်။ ဤပစ္စည်း များကို ခြောက်မိုင်မျှ ကွာဝေးသော တော်တီလာဖလက် ရပ်ကွက်သို့ တောင်ကုန်းလမ်းအတိုင်း သယ်ယူ သွားရ မည့် အလုပ် မှာ သူတို့အဖို့ မလွယ်ကူသော အလုပ်တစ်ခု ဖြစ်နေသည်မဟုတ်ပါလော။

သတို့နှင့် အတူလိုက်လာပြီး ပစ္စည်းကောက်နေရသဖြင့် ပင်လယ်စားပြသည် ထင်းခွေ ထင်းရောင်း ပျက်ခဲ့ရ၏။ ထို့ကြောင့် ဒင်နီက ပင်လယ်စားပြကို သူရနေကျ နှစ်ဆယ့်ဆင့်တစ်ပြား လုပ်ခအဖြစ် ပေးသည်။ ပင်လယ်စားပြက သူ့လည်ပင်း၌ ဆွဲထားသည့် ရှုံ့ကြိုးအိတ်လေးထဲသို့ ထည့်၍ သိမ်းဆည်းသည်။ ထို့နောက် သူတို့သည် မော မောပန်းပန်းဖြင့် ပြန်လာခဲ့ကြသည်။ ပင်ပန်းနွမ်းနယ်လျက်ရှိကြသည်ဟု ဆိုရသော်လည်း စိတ်ကတော့ ပျော်ရွှင် မြူးတူးနေကြသည်။ သူတို့သည် မွန်ထရေးမြို့ဘက်သို့ စီတန်း၍ ပြန်လာခဲ့ကြ

လေသည်။

အိမ်သို့ ပြန်ရောက်ကြသည့်အခါ မွန်းလွဲနေလေပြီ။ ပင်လယ်ဓားပြက သူလုပ်နေကျအတိုင်း လည်ပင်းမှ အိတ်၏ရှုံ့ကြိုးကိုဖြေ၍ အထဲမှ နှစ်ဆယ့်ငါးဆင့်စေ့ကို ထုတ်ကာ ဒင်နီ၏ လက်သို့ အပ်သည်။ အားလုံး အိပ်ခန်းထဲသို့ ဝင်ခဲ့ကြသည်။ ဒင်နီက သူ့လက်ကို သူ့ခေါင်းအုံးအောက်သို့ ထိုးနှိုက်သည်။ သူ့လက်သည် ချက်ချင်း ပြန်ထွက်လာသည်။ လက်ထဲတွင် ဘာမှပါမလာ၊ သူသည် ခေါင်းအုံးကို ဆွဲဖယ်ပစ်သည်။ မွေ့ရာကို လှန် ပစ်သည်။

ထို့နောက် သူ့ သူငယ်ချင်းများဘက်သို့ လှည့်ကြည့်သည်။ သူ့မျက်လုံးများသည် ကျားနာတစ်ကောင်၏ မျက်လုံးများ သဖွယ် ကြောက်စရာကောင်းလှ၏။ သူသည် တစ်ယောက်စီကို စေ့စေ့စပ်စပ် လိုက်ကြည့်လျက်ရှိသည်။ လူတိုင်း၏ မျက်နှာတွင် ထိန့်လန့်ခြင်း၊ အံ့သြခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ ပေါင်းစပ်ဖွဲ့စည်း ထားသည့် အရိပ်လက္ခဏာကို တွေ့မြင်ရသည်။

" ကဲ ဘယ်လိုလဲ"ဟု ဒင်နီက စကားစသည်။ ပင်လယ်ဓားပြ ကတော့ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ဒင်နီက ပင်လယ်ဓားပြ၏ ပခုံးကို ဖက်ထားသည်။"မငိုပါနဲ့ သူငယ်ချင်းရယ်"ဟု ပြောသည်။"မင်းငွေကို ပြန်ရမှာပါကွာ"

အားလုံး အခန်းထဲမှ ငြိမ်သက်စွာ ပြန်ထွက်လာကြသည်။ ဒင်နီသည် ခြံဝင်းထဲသို့ ဆင်းသွားပြီး အရှည် သုံးပေ ခန့် ရှိသော ထင်းရှူးသားကြီး တစ်ချောင်းကို ကောက်ကာ လွှဲလွှဲပြီး ရိုက်ကြည့်သည်။ ပက်ဘလိုက မီးဖိုခန်းထဲ ဝင်သွားပြီး ပြန်ထွက်လာသောအခါ သံစည်ကြီးများ ဖွင့်သည့် ဓားကောက်ကြီး ကိုင်လာသည်။ ဂျီးဆပ်စ်မေရီယာသည် အိမ်အောက်မှ ပေါက်ချွန်းကြီးကို ဆွဲထုတ်လာသည်။ ပင်လယ်ဓားပြသည်သူတို့ လုပ်ကိုင် နေပုံများကို နားမလည်သဖြင့် အလွန်စိတ်ညစ်စိတ်ရှုပ်နေသည့် မျက်နှာထားဖြင့် ကြည့်နေသည်။ သူတို့ အားလုံး အိမ်ထဲ ပြန်ဝင်ကာ ပြန်ထိုင်ကြသည်။

ပင်လယ်ဓားပြက တောင်ကုန်းအောက်ဘက်သို့ လက်ညှိုးထိုးပြပြီး"သူလား"ဟု မေးသည်။

ဒင်နီက ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြသည်။ သူ့မျက်လုံးများ၏ အကြည့်မှာ ကြောက်စရာကောင်းလှ၏။ ကုလားထိုင်ပေါ် ၌ ထိုင်နေသော သူ့တစ်ကိုယ်လုံးသည် တလှုပ်လှုပ်၊ ပေါက်လိုက်ရန် ဟန်ပြင်နေသည့် မြွေတစ်ကောင် နှင့်တူသည်။

ပင်လယ်ဓားပြသည် ခြံဝင်းထဲသို့ ဆင်းကာ သူ့ ရဲတင်းကို ပြန်ဖော်ပြီး ယူလာသည်။

သူတို့သည် နာရီပေါင်းများစွာကြာမျှ ထိုင်နေကြသည်။ စကားလည်း တစ်ခွန်းမျှ မပြော၊ သွေးအေးအေးဖြင့် ထွက်နေသော ဒေါသရှိန်သည် တက်နေဆဲ၊ အိမ်ထဲ၌ ရှိနေသည့် အခြေအနေသည် မီးစွဲနေသော စနက်တံ ကုန်၍ ဒိုင်းနမိုက်

ထပေါက်လျှင် ကွဲအက်လွင့်စဉ်သွားရန် အသင့်ပြင်ထားသည့် ကျောက်တုံးကြီးတစ်တုံး၏ အခြေအနေ မျိုး ဖြစ်လေသည်။

မွန်းလွဲပိုင်းသည် ကုန်ဆုံးသွားသည်။ တောင်စွယ်တွင် နေကွယ်ပြီ၊ တော်တီလာဖလက် ရပ်ကွက်တစ်ခုလုံး ငြိမ်ဆိတ် လျက်ရှိသည်။ အိမ်ဘက်သို့ လျှောက်လာနေသည့် သူ့ခြေသံများကို သူတို့အားလုံး ကြားကြသည်။ သူ တို့ လက်များသည် လက်နက်များကို တအားဆုပ်ကိုင်ထားကြသည်။ ကောင်ကြီးဂျိုးသည် ဒယိမ်း ဒယိုင် ဖြင့် အိမ်ရှေ့တံခါးဝမှ ဝင်လာသည်။ လက်ထဲတွင် ဝိုင်တစ်ဂါလန်တစ်ပုံး ဆွဲလျက်။ သူ့မျက်လုံးများသည် သူငယ်ချင်း အားလုံး၏ မျက်နှာများကို လိုက်ကြည့်သည်။ သူ့ သူငယ်ချင်းများကတော့ သူ့ကို ပြန်မကြည့်။ သူတို့နေရာ တွင် မလှုပ်မယှက် ထိုင်နေသည်။

" ဟယ်လို"ဟု ကောင်ကြီးဂျိုးက နှုတ်ဆက်သည်။

" ဟယ်လို"ဟု ဒင်နီက တုံ့ပြန်သည်။ ပြီးတော့ ထရပ်သည်။ သူသည် ကောင်ကြီးဂျိုး၏ မျက်နှာကို မကြည့်၊ အနီး သို့လည်း မလာ၊ သူ့ဘေးမှ ဖြတ်လျှောက်သွားမည့် ဟန်မျိုးဖြင့် လျှောက်လာသည်။ ဘေးချင်း ယှဉ်မိသောအခါ သူသည် လက်ထဲမှ ထင်းရှူးသားတုတ်ဖြင့်လွဲ၍ရိုက်သည်။ ရိုက်ချက်သည် ကောင်ကြီး ဂျိုး၏နောက်စေ့ပေါ် သို့ကျလာသည်။ ကောင်ကြီးဂျိုးသည် ဗိုင်းခနဲလဲကျကာ သတိလစ်သွားလေသည်။

ဒင်နီက သူ့အိတ်ထဲမှ ကြိုးတစ်ချောင်းကိုယူကာ ကောင်ကြီးဂျိုး၏ လက်နှစ်ဖက်ကို ပူး၍ချည်သည်။"ရေပေးကွာ"ဟု သူ့လူများဘက်လှည့်၍ ပြောသည်။

ပက်ဘလိုက ရေတစ်ပုံး ဆွဲယူလာပြီး ကောင်ကြီးဂျိုး၏ မျက်နှာကို တအားကုန်ဆောင့်၍ ပက်လိုက်သည်။ ကောင်ကြီးဂျိုးသည် ခေါင်းကိုမော့ကာ ကြက်ဖတစ်ကောင် လည်တံဆန့်သလို သူ့လည်ပင်းကို ဆန့်လိုက်သည်။ သူသည် မျက်လုံးများကို ဖွင့်ကာ သူငယ်ချင်းများကို ငေးတိငေးကြောင် ကြည့်နေသည်။ အားလုံးက သူ့ကို စကားမပြော။

ဒင်နီသည် လက်ထဲမှ တုတ်ကို ဂေါက်ရိုက်သမားတစ်ဦး ဂေါက်တံဖြင့် ဂေါက်သီးရိုက်ရန် ဆ၍ ဆ၍ ချိန်နေသည့် နှယ် ဆ၍ ဆ၍ ချိန်နေသည်။ သူ့တုတ်သည် ကောင်ကြီးဂျိုး၏ ပခုံးပေါ်သို့ ကျလာသည်။ ထို့ နောက် ကျန်လူစုက သွေးအေးအေးဖြင့် စနစ်တကျ ထုကြထောင်းကြရိုက်ကြ နှက်ကြသည်။ ဂျီးဆပ်စ်မေရီယာက ခြေထောက်များကို တာဝန်ယူ၍ ဒင်နီက ပခုံးနှင့် ရင်ဘတ်ကို တာဝန်ယူသည်။ ကောင်ကြီးဂျိုးသည် ကြမ်းပြင်ပေါ်တွင် ဟိုလူးသည်လိမ့် ဖြစ်လျက်ရှိသည်။ သူတို့သည် ကောင်ကြီးဂျိုး၏ တစ်ကိုယ်လုံးကို နှံ့နှံ့စပ်စပ် ဖြစ်အောင် အကွက်ချ၍ ရိုက်သည်။ ပင်လယ်ဓားပြသည် သူ့ရဲတင်းကိုင်ကာ ဘာမှ ဝင်မလုပ်နိုင်ဘဲ အသာပင် ရပ်ကြည့်နေရလေသည်။

နောက်ဆုံးတွင် ကောင်ကြီးဂျိုး၏ ခန္ဓာကိုယ် ရှေ့ပိုင်း တစ်ပိုင်းလုံးကို

အားရအောင် ရိုက်နှက်ပြီးသော် ရပ်လိုက် ကြသည်။ ပက်ဘလိုက ကောင်ကြီးဂျိုး၏ ဘေးတွင် ဒူးထောက်၍ထိုင်ကာ လက်ထဲမှာ ဓားကောက်ကြီးဖြင့် ကောင်ကြီးဂျိုး၏ ဦးခေါင်းကို ကြိတ်၍ လှီးလိုက်တော့မည့် ပုံစံဖြင့် ချိန်ထားသည်။ ပီလွန်က ကောင်ကြီးဂျိုး၏ ဖိနပ်နှစ်ဖက်ကို ဆွဲချွတ်ပြီး ထပ်၍ ရိုက်ရန် တုတ်ကို ကောက်ကိုင်သည်။

ကောင်ကြီးဂျိုးသည် ကြောက်လန့်တကြားအော်သည်။"အိမ်ရှေ့တံခါးဝဘေးမှာ မြှုပ်ထားတယ်"ဟု ပြောသည်။"ငါ့ကို သနားကြပါကွာ၊ မသတ်ကြပါနဲ့"

ဒင်နီနှင့် ပီလွန် တို့သည် အပြင်သို့ ထွက်သွားကြသည်။ မိနစ်အနည်းငယ်မျှအတွင်း ငွေအိတ်ကို ဆွဲ၍ ပြန်ရောက် လာကြသည်။"ဒီအထဲက မင်းဘယ်လောက် ယူသုံးထားသလဲ"ဟု ဒင်နီက မေးသည်။ သူ့အသံ တွင် ဒေါသမပြေသေးသည့် အရိပ်အငွေ့ ပါနေဆဲ။

" လေးဒေါ်လာတည်းပါ၊ ဘုရားစူးပါစေရဲ့၊ လေးဒေါ်လာတည်း ယူသုံးရပါသေးတယ်၊ ငါအလုပ်လုပ်ပြီး အဲဒီ လေး ဒေါ်လာ ပြန်ထည့်ပါ့မယ်"

ဒင်နီက ကောင်ကြီးဂျိုးကို လက်မောင်းမှ ဆွဲကိုင်ကာ အလျားမှောက် ဖြစ်သွားအောင် လှိမ့်၍ တွန်း လိုက်သည်။ ထို့နောက် အားလုံးက ကောင်ကြီးဂျိုး၏ ကျောပြင်ကို တစ်ယောက်တစ်ချက် ထိုးကြိ ရိုက်ကြပြန်သည်။ အော်သံ များသည် ပထမတွင် ကျယ်လောင် စူးရှသော်လည်း တဖြည်းဖြည်း တိမ်ဝင်ကာ နောက်ဆုံး တွင် ပျောက်သွားသည်။ ကောင်ကြီးဂျိုးသည် ဒုတိယအကြိမ် သတိလစ်သွားပြန်လေပြီ။

ထိုအခါကျမှပင် သူတို့သည် အရိုက်ရပ်ကြသည်။ ထို့နောက် ပီလွန်က ကောင်ကြီးဂျိုး၏ အပြာရောင် ရှပ်အကျႌနှစ်ခြမ်းကွဲသွားအောင် ဆွဲဆုတ် လိုက်သည်။ ထုရိုက်ထားသဖြင့် ပျော့အိအိဖြစ်နေသော ကျောပြင်သည် ပေါ်လာသည်။ ထိုအခါ သူ့လက်ထဲမှ ဓားကောက်အချွန်ဖြင့် ကြက်ခြေခတ်အမှတ်အသားတစ်ခု ခြစ်လိုက်သည်။ ဓားရာတစ်လျှောက်မှ သွေးများ စိမ့် ထွက်လာသည်။ ပက်ဘလိုက ဆားလက်တစ်ဆုပ် သွားယူပြီး ဓားနှင့် ခြစ်ထားသည့် အရာပေါ် လျှောက်၍ သိပ် ပေးသည်။ နောက်ဆုံးတွင် ဒင်နီက သတိလစ်နေသော ကောင်ကြီးဂျိုး ကိုယ်ပေါ်သို့ သူ့စောင်တစ်ထည်ဖြင့် ခြုံ ပေးလိုက်လေသည်။

" အခုဆိုရင်တော့ ဒီကောင် မှတ်လောက်ပါပြီ၊ နောက်ဆိုရင် ရိုးသားဖြောင့်မတ်သွားလိမ့်မယ်လို့ ငါထင်တယ်"ဟု ဒင်နီက ပြောသည်။

" ငါတို့ ငွေတွေကို ရေကြည့်ရင် ကောင်းမယ်"ဟု ပီလွန်က အကြံပေးသည်။"ဒီငွေတွေ ရေတွက် မကြည့်တာ လည်း ကြာပြီမဟုတ်လား" သူတို့သည် ကောင်ကြီးဂျိုးနှင့်ပါလာသည့် ဝိုင်အဖုံးကို ဖွင့်ကာ ပုလင်းထဲ ပြောင်းထည့်ပြီး တစ်ယောက်တစ်လှည့် သောက်ကြသည်။ သူတို့အားလုံး

အလုပ်ကြီးတစ်ခု လုပ်လိုက် ရသဖြင့် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်နေကြပြီမဟုတ်ပါလား။

ထိုပနောက် သူတို့သည် နှစ်ဆယ့်ငါးဆင့်စေ့များကို ဆယ်စေ့စီပုံ၍ ရေတွက်ကြသည်။ အလွန် စိတ်လှုပ်ရှား စွာဖြင့် နောက်တစ်ကြိမ်ထပ်၍ ရေပြန်သည်။"ဟေ့ကောင် ပင်လယ်ဓားပြ"ဟု ဒင်နီက အလန့် တကြား ထအော်သည်။"မင်းငွေက တစ်ထောင်ကျော်နေပြီဟ၊ ခုနစ်ဒေါ်လာတောင် ပိုနေသေးတယ်၊ မင်း သူတော်စင် စိန့်ဖရန်စစ် အတွက် ရွှေဖယောင်းတိုင် ဝယ်လို့ ဖြစ်ပြီကွ"

ပင်လယ်ဓားပြသည် သူ့ေ◌ေ◌ွးများနှင့်အတူ သူ့နေရာသို့ သွားထိုင်သည်။ သူ့ခေါင်းကို သူ့ခွေး ဖလက်၏ ကိုယ်ပေါ် တင်ကာ ဝမ်းနည်းပက်လက် ငိုကြွေးသည်။ သခင်ငိုသောအခါ သူ့ခွေးများသည် ဂနာမြိုင်မ် ဖြစ်လာကြသည်။ တချို့က နှာခေါင်းများဖြင့် ထိုးကြသည်။ ဖလက်ကတော့ သူ့သခင် ခေါင်းတင်ထားသဖြင့် ငြိမ်နေသည်။

ဒင်နီက ငွေအားလုံးကို အိတ်ထဲသို့ ပြန်ထည့်ပြီး ငွေအိတ်ကို သူ့ခေါင်းအုံးအောက်သို့ ပြန်ထားလိုက်သည်။

ထိုအချိန်တွင် ကောင်ကြီးရ◌ျ◌ိုးသည် သတိပြန်လည်လာလေပြီ။ သူ့ထံမှ ညည်းသံများ အဆက်မပြတ် ထွက်လာ နေသည်။ အဘယ်ကြောင့်ဆိုသော် သူ့ကျောပြင်မှ ဒဏ်ရာများတွင် သိပ်ထားသည့် ဆားများက အစွမ်းပြ နေပြီ ဖြစ်သောကြောင့်ပေတည်း။ လူတစ်ဖက်သားကို ကရုဏာမကင်း ဖြစ်တတ်သော ဂျီးဆပ်စ်မေရီယာက ထသွားပြီး ကြိုးဖြည်ပေးသည်။ ဝိုင်တစ်ခွက်ကိုပါ ငှဲ၍ပေးသည်။"ငါတို့ ဘုရားသခင်တောင် မှ သူ့ရန်သူတွေအပေါ်မှာ သနားတဲ့ စိတ်ထားတယ်"ဟု ပြောကာ သူ့စိတ်သူ ဖြေသည်။

ဂျီးဆပ်စ်မေရီယာ၏ထိုအပြုအမူကြောင့် ကျန်လူစုပါ စိတ်မကောင်းဖြစ်သွားကြသည်။ အားလုံး ကောင်ကြီးဂျိုး အနီး၌ ဝိုင်းထိုင်ကာ သိမ်သိမ်မွေ့မွေ့ ဆက်ဆံကြသည်။ ကောင်ကြီးဂျိုးကို ပွေ့ချီပြီး ဒင်နီ၏ အိပ်ရာပေါ် တင်၍ ကျောပြင်မှ ဆားသိပ်ထားသော ဒဏ်ရာကို ရေဖြင့် ဆေးကြော သုတ်သင်ပေးကြသည်။ ရေဝတ် ဖြင့် ခေါင်းကို အုပ်ပေးကြသည်။ ကောင်ကြီးဂျိုးထံမှ ညည်းသံထွက်လာတတ်သည်။ အခုလို ကြင်နာမှု ပြုကြပြန်တော့လည်း ကောင်ကြီးရ◌ျ◌ိုးသည် နောင်တ ရချင်မှရပေလိမ့်မည်။ သို့သော်လည်း ကိုယ့်အချင်းချင်း၏ ပစ္စည်းကို နောက်ထပ် ဘယ်တော့မှ ခိုးတော့မည်မဟုတ် ဟူ၍ကား ပြောနိုင်စရာ ရှိ၏။

ပင်လယ်ဓားပြ၏ စိတ်ချောင်ချားမှုသည် ပြေသွားပြီးဖြစ်၏။ သူသည် ဝိုင်ကို အရသာခံ၍ သောက်နေရာမှ သူ့ အတွက် အစီအစဉ် ချပေးနေသော ဒင်နီ၏စကားများကို နားထောင်လျက်ရှိလေသည်။

" တကယ်လို့ ဒီငွေတွေကို မြို့ထဲယူသွားပြီး ဘဏ်မှာ အပ်မယ်ဆိုရင်

ပစ္စည်းရောင်းစက်ထဲက ငါတို့ ခိုးလာတဲ့ ငွေ ကိုထင်ချင်ထင်ကြမှာ၊ အဲဒီတော့ ဒီငွေတွေကို ဘုန်းကြီးရာမွန်ဆီမှာ အကျိုးအကြောင်း ပြောပြပြီး အပ်ထားလိုက်တာ အကောင်းဆုံး ဖြစ်လိမ့်မယ်။ သူ့ဆီမှာ အပ်ထားလိုက်ရင် သူကိုယ်တိုင် ရွှေဖယောင်းတိုင် စင်ကို ဝယ်ပေးမှာပဲ၊ ပြီးတော့ သူကိုယ်တိုင်ပဲ ရေစက်ချပေးမှာပေ့ါ၊ အဲဒီအချိန်ကျတော့ ပင်လယ်ဓားပြက ဘုရား ရှိခိုးကျောင်း သွားတာပေ့ါ၊ တနင်္ဂနွေနေ့ တစ်နေ့မှာ လုပ်ဖြစ်အောင် ဘုန်းကြီးရာမွန်က စီစဉ် ပေးချင် ပေးမှာပေ့ါ"

ပီလွန်က အလွန်စိတ်ပျက်သော မျက်နှာထားဖြင့် ပင်လယ်ဓားပြ၏ ညစ်ပတ်ပေရေ စုတ်ပြတ်နေသော အဝတ်များကို ကြည့်သည်။"မင်းစုထားတဲ့ ငွေထဲက ပိုနေတဲ့ အစွန်းထွက် ခုနစ်ဒေါ်လာကို ယူပြီး မနက်ဖြန်ကျ အဝတ်အစားအသစ်တော့ ဝယ်မှဖြစ်မယ်၊ သာမန်-အချိန်မှာ မင်းကိုယ်ပေါ်က အဝတ်တွေနဲ့ သွားလို့ လာလို့ ရပေမယ့် အခုလိုပွဲကျတော့ သွားလို့မသင့်ဘူး။ ဒီလိုအခါမျိုးမှာ မြောင်းပုပ်ထဲက ကြွက်စုတ်လိုသွားရင် မင်းရော တို့ပါ သိက္ခာကျမယ်ကွ"

" ကျုပ် မနက်ဖြန်ကျတော့ သွားဝယ်ပါ့မယ်"ဟု ပင်လယ်ဓားပြက ကတိပေးသည်။နောက်တစ်နေ့တွင် ပင်လယ်ဓားပြသည် သူပေးထားသည့် ကတိအတိုင်း မွန်ထရေးမြို့ထဲသို့ သွားသည်။ သူ့ စိတ်ထဲ မှ ကောင်းနိုးရာရာများကို သတိနှင့်ကြည့်၍ စေ့စေ့စပ်စပ် ဈေးဆစ်ပြီးမှ ဝယ်သည်။ သူပြန်လာသည့်အခါ အစိမ်းနှင့်အပြာ ရောထားသည့် လည်စည်း ပိုးလက်ကိုင်ပဝါ တစ်ထည်နှင့် မှန်စများကို ရောင်စုံကျောက်တုများ လုပ်၍ စီခြယ်ထားသော ခါးပတ်ကြီး တစ်ခုပါလာသည်။ ဝယ်လာသော ပစ္စည်း များကို ကြည့်ပြီး သူ့ သူငယ်ချင်း များက တအံ့တသြ ချီးမွမ်းကြသည်။

" ဒါတွေ ဝယ်လာတာကတော့ ဟုတ်ပါပြီ၊ အဝတ်အစားကျတော့ မင်းက ဘာဝတ်မှာလဲ"ဟု ဒင်နီက စိတ်ပျက် လက်ပျက် မေးသည်။"မင်းခြေထောက်က ရောင်နေတဲ့အနာ သက်သာအောင်ဆိုပြီး ဖောက်ထား တဲ့ ဖိနပ် အပေါက်က ခြေချောင်းတွေ ထွက်နေပြီ၊ ဖိနပ်ကလည်း မဟန်တော့ဘူး၊ အပေါ်ဝတ် အကျႌကလည်း စုတ်ပြတ် နေတာပဲ၊ ဦးထုပ် လည်း မရှိဘူး၊ ဘယ်လိုလုပ်ကြမလဲ"

" ထူးပါဘူးကွာ၊ ငါတို့ အဝတ်အစားတွေ ငှားလိုက်တာပေ့ါ"ဟု ဂျီးဆပ်မေရီယာက ဝင်ပြောသည်။"ငါ့ဆီက ကုတ်အကျႌ တစ်ထည်ရှိတယ် မဟုတ်လား။ ဟိုအကောင် ကောင်ကြီးဂျိုးဆီမှာ အပြာရောင် ဘောင်းဘီတွေ ရှိ နေတာပဲ ဖြစ်ပါတယ်"

" ငါတို့အဝတ်တွေ သူ့ကို ငှားလိုက်ရင် ငါတို့မှာ ဝတ်စရာ မကျန်တော့ဘူး။ ငါတို့က ဘယ်လိုလုပ်ပြီး လိုက်နိုင် တော့မှာလဲ"ဟု ပီလွန်က ညည်းညည်းပြောသည်။

" ရွှေဖယောင်းတိုင်စင် လှူမှာက ငါတို့မှ မဟုတ်ဘဲကွ"ဟု

ဂျီးဆပ်စ်မေရီယာက ပြောသည်။"ဘုန်းကြီးရာမွန် ကလည်း ငါတို့ ဘယ်လိုပဲ ဝတ်လာလာ ဘာမှပြောမယ် မထင်ပါဘူး"

ထိုနေ့ မွန်းလွဲပိုင်းတွင် သူတို့သည် ပင်လယ်ဓားပြ၏ ငွေထုပ်ကို ဝန်းရံစောင့်ရှောက်ကာ ဘုန်းတော်ကြီး၏ အိမ် သို့ သွားပို့ကြသည်။ ဘုန်းတော်ကြီးက ပင်လယ်ဓားပြ ပြောပြသည့် နေမကောင်း ဖြစ်ခဲ့သော ခွေးအကြောင်းကို နားထောင်သည်။ သူ့မျက်လုံးများသည် ကြင်နာမှုကို ဖော်ပြလျက်ရှိသည်။

" အဲဒီ နောက်မှာတော့ ခွေးရဲ့ နှာ ခေါင်းဟာ ခြောက်လာတယ်၊ သူ့မျက်လုံးတွေကလည်း ပင်လယ်ရေထဲက ဆယ်လို့ရ တဲ့ ပုလင်းအရောင်လို ဖြစ်လာ တယ်။ ညည်းတာလည်း အဆက်မပြတ်ဘူး၊ သူ့ကိုယ်ထဲက နာနေလို့ အဲသလိုဖြစ်တာ"ဟု ပင်လယ်ဓားပြက ပြောသည်။"ဒါနဲ့ပဲ တပည့်တော်က သူတော်စင် စိန့်ဖရန့်စစ်ဆီ မှာ ဒီခွေးနေကောင်းသွားရင် ရွှေဖယောင်းတိုင်စင် တစ်ခု လှူပါ့မယ်လို့ အဓိဋ္ဌာန် ပြုပြီး ဆုတောင်း ခဲ့ တယ်။ အရှင် စိန့်ဖရန့်စစ်ဟာ တပည့် တော်ရဲ့ ကျေးဇူးရှင်ပါ၊ တပည့်တော် ဆုတောင်းပြီး မကြာခင်မှာပဲ တန်ခိုးဣဒ္ဓိပါဒ် ပြတော့တာပါပဲ။ ဘာကြောင့် လဲဆိုတော့ တပည့်တော် ခွေးက အမြီးကို သုံးကြိမ် တိတိ နန့်ပြတယ်။ အဲသလိုလည်း ပြုပြီးရော တစ်ခါတည်း နေကောင်းသွားတာပဲ၊ ဒါဟာ သူတော်စင် စိန့်ဖရန့်စစ် ကပြတဲ့ တန်ခိုးဣဒ္ဓိပါဒ်ပါပဲ၊ တပည့်တော် ထင်တာမှန်တယ် မဟုတ်လား"

ဘုန်းတော်ကြီးက ခေါင်းညိတ်ပြသည်။"မှန်ပါတယ်ကွယ်"ဟု ပြောသည်။"အဲဒါ ဟာ သူတော်စင် အရှင်စိန့် ဖရန့်စစ်က ပြတဲ့ တန်ခိုးဣဒ္ဓိပါတ်ပါပဲ၊ ငါမင်းအတွက် ရွှေဖယောင်းတိုင်စင် ဝယ်ပေးပါ့မယ်" ပင်လယ်ဓားပြက ဘုန်းတော်ကြီး စကားကို ကြားရသောအခါ အလွန်ဝမ်းသာသည်။ တစ်ကြိမ် တစ်ခါမျှ အဓိဋ္ဌာန် ပြုရုံဖြင့် သူတော်စင် ပုဂ္ဂိုလ်တစ်ဦးထံ မှ အဖြေရဖို့ဆိုသည်မှာ အလွန်မလွယ်သည့် ကိစ္စဖြစ်သည်။ ဤသတင်းကို တစ်ဆင့် စကား တစ်ဆင့်ကြား၍ လူများနားလို့ ရောက်သွားခဲ့ပါမူ သူသည် တော်လီလာဖလက် ရပ်ကွက် တွင် အမြင့်ဆုံး သော နေရာသို့ ရောက်ရတော့မည်ဖြစ်၏။ အခုပဲကြည့်၊ သူ့မိတ်ဆွေများက သူ့ကိုကြည့်ပုံမှာ စောစောကထက် တလေးတစားရှိလာသည်။

ယခင် တုန်းကတော့ သူ့ကို သူတို့လောက် ဥာဏ်မကောင်းဟု ထင် ခဲ့ကြသည်။ သို့သော်လည်း အခုကျတော့ သူ့တွင် ရှိနေသည့် နည်းပါးသော ဥာဏ်ရည်ဥာဏ်သွေးတွင် ကောင်းကင်ဘုံ မှ သူတော်စင်များ၏ တန်ခိုး လာရောက်ပေါင်းစပ်လျက်ရှိကြောင်းကို သူတို့ ဒိဋ္ဌမျက် မြင်တွေ့သွားကြရပြီ မဟုတ်ပါလား။

သူတို့သည် ဒင်နီ၏ အိမ်သို့ ပြန်လာကြသည်။ ခွေးအုပ်သည် သူတို့နောက်မှ တကောက်ကောက်။ ပင်လယ်ဓားပြသည် တစ်လမ်းလုံး သူ့အဖြစ်သူ ကျေနပ်ကာ ပီတိဖြစ်လာသည်။ သူ့တစ်ကိုယ်လုံးမှာ စိတ်၏ ချမ်းသာမှု

တည်းဟူသော ပီတိလှိုင်းသည် စိမ့်ဝင်ပျံ့နှံ့လျက်ရှိ၏။ ပီဆာနိုးတစ်စုမှာလည်း ပင်လယ်ဓားပြ၏ ငွေကို ကာကွယ်စောင့်ရှောက်ပေးလိုက်ရသည့်အတွက် ကုသိုလ်စိတ်ပွားလာသည်။ ပီလွန်သည် ဤငွေကို ခိုးယူ ဖို့ ပထမဆုံး ကြံစည်ခဲ့သူဖြစ်၏။ သို့သော်လည်း မခိုးဖြစ်ခဲ့ပေ။ အခုကျတော့လည်း ယင်းကဲ့သို့ မခိုးဖြစ်ခဲ့ သည့်အတွက် သူ့စိတ်မှာများစွာ သက်သာရာရခဲ့၏။

ပင်လယ်ကမ်းခြေမှ ကောက်ယူခဲ့သော တိုလီမိုလီ ပစ္စည်းအဟောင်းအမြင်းများ ရောင်းခဲ့သည့် ငွေ ငါးဒေါ်လာသည် ဒင်နီ၏ အိတ်ကပ်ထဲတွင် ရှိနေသေးသည်။ အခုလိုအချိန်တွင် ထိုငွေကို ဘယ်လိုသုံးလျှင် သင့်မည်ကို ဒင်နီ ကောင်းစွာသိသည်။ သူသည် ပီလွန်ကို ခေါ်၍ ဈေးသို့သွားကာ အမဲသားဟင်း ခုနှစ်ပေါင်၊ ကြက်သွန်နီ တစ်အိတ်၊ ပေါင်မုန့်နှင့်သကြားမုန့်များ ဝယ်သည်။ ပက်ဘလိုနှင့် ဂျီးဆပ်မေရီယာတို့ တော်ရဲလီးဆိုင် သို့ သွားကာ ဝိုင်နှစ်ဂါလံ ဝယ်သည်။ ဟိုတုန်းကလို အိမ်အပြန်လမ်းတွင် ဝိုင်ကို သောက်လာခြင်း မပြု။

ထိုညတွင် မီးဖိုမီးကို တထိန်ထိန် တညီးညီး တောက်လောင်နေအောင် ဖိုထားသည်။ စားပွဲပေါ်တွင် ဖယောင်းတိုင် နှစ်တိုင် ထွန်းထားသည်။ သူငယ်ချင်း တစ်စုသည် အစားအစာကို အလျှံပယ် စားကြသည်။ ပင်လယ်ဓားပြကို ဂုဏ်ပြုသည့် ပါတီပွဲ တစ်ခုပေတည်း။ ပင်လယ်ဓားပြသည် ဤပါတီပွဲတွင် သူ့ကိုယ်သူ ဂုဏ်သိက္ခာ တက်အောင် ပြုမူနေထိုင်လျက် ရှိ၏။ သို့သော်လည်း သူ့ကိုယ်သူ တည်ငြိမ်လေးနက်သော မျက်နှာ ထားဖြင့် ဣန္ဒြေရရ နေနိုင်ရန် ကြိုးစား၍ မရဖြစ်နေသည်။ ပြုံးစရာအကြောင်းထူး မရှိပါဘဲလျက် တပြုံးပြုံးဖြစ်နေသည်။

အစားအစာများကို အဝအပြဲ စားပြီးသောအခါ သူတို့အားလုံး ဝိုင်းထိုင်ကာ ဝိုင်အရသာ ခံကြသည်။ သူတို့က ပင်လယ်ဓားပြကို"တို့များရဲ့ သူငယ်ချင်း"ဟု ခေါ်ကြသည်။

ဂျီးဆပ်စ်မေရီယာက မေးခွန်းတစ်ခု ထုတ်သည်။"အဲဒါ ဖြစ်တုန်းက မင်းစိတ်ထဲမှာ ဘယ်လိုခံစားရသလဲ၊ ဟို ဟာကွာ၊ မင်းက ရွှေဖယောင်းတိုင် လှူမယ်လို့ အဓိဋ္ဌာန် ပြုလိုက်တော့ မင်းခွေး နေကောင်းလာတယ်လေ၊ အဲဒီ တုန်းက မင်းစိတ်ထဲမှာ ဘယ်လိုရှိခဲ့သလဲ၊ အတိတ်နိမိတ် ပြတာကိုကော မျက်စိနဲ့ မြင်ခဲ့သေးလား"

ပင်လယ်ဓားပြက ထိုစဉ်က အဖြစ်အပျက်ကို သတိပြန်ရလာအောင် အားထုတ်သည်။"ဘယ်လိုမှ မခံစားရဘူး၊ ဘာမှလည်း မမြင်ခဲ့ဘူးလို့ ထင်တာပဲ၊ အတိတ်နိမိတ်တော့ နည်းနည်းပါးပါး မြင်ခဲ့ရသလား မပြောတတ်ဘူး၊ ကျုပ် သူတော်စင် စိန့်ဖရန့်စစ်ကို လေထဲမှာ မြင်ခဲ့မိတယ်လို့ ထင်တာပဲ၊ သူ့တစ်ကိုယ်လုံး နေမင်းကြီး လို လင်း လက်နေတယ်"

" မင်းကလည်းကွာ၊ သေသေချာချာ မမှတ်မိဘူးလား"ဟု ပီလွန်က ဝင်ထောက်သည်။

" မှတ်မိသလိုလိုတော့ ရှိပါတယ်။ စိန့်ဖရန်စစ်က ကျုပ်ကို ကြည့်နေတယ်။ ပြီးတော့ ပြုံးပြတယ်။ အဲဒါပဲ နောက် တော့ ဘာမှမပြောတော့ဘူး၊ သူပြောသွားတာက အို အလွန်ညစ်ပတ် ပေရေနေသော လူသား ခွေးတွေကို သနား ပါတဲ့"

" သူက မင်းကို အဲဒီလိုပဲ ခေါ်ရသလားကွာ"

" ဟုတ်တယ်၊ အဲသလိုပဲ ပြောသွားတယ်၊ သူ့အနေနဲ့ အဲသလို မပြောလို့ ဘယ်ဖြစ်မလဲ၊ လိမ်ပြောရင် သူတော်စင် ဘယ်ဟုတ်တော့မှာလဲဗျာ"

" အကုန်လုံးကို မင်းမှတ်မိမယ် မထင်ပါဘူးကွာ"ဟု ပက်ဘလိုက ပြောသည်။

" အင်းပေါ့ ဟုတ်ချင်ဟုတ်မှာပဲ" ပင်လယ်ဓားပြသည် သူ့ကို အားလုံးက ဝိုင်း၍ မျက်နှာသာ ပေးပြီး အရေးတယူ ပြုနေကြသည့်အတွက် သာယာပျော်ရွှင်မှုဖြင့် ယစ်မူးလျက် ရှိလေသည်။

" ငါ့အဘွားကတော့ မယ်တော် မာရီယာကိုတောင် မြင်ဖူးတယ်ကွ"ဟု ဂျိုးဆပ်စ်မေရီယာက ပြောသည်။"အဲဒီ တုန်းက အဘွားဟာ နေမကောင်းဖြစ်နေတယ်။ သေခါနီးဆဲဆဲပေါ့၊ အဘွားအော်ပြောနေတဲ့ စကားတွေကို ငါကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားရတာ၊ အို ငါမယ်တော်မာရီယာကို မြင်နေရတယ်။ အို မယ်တော် မေရီလို့ ပြောနေတာကွ"

" ဒါတွေက တချို့လူတွေသာ မြင်ရတာကွ"ဟု ဒင်နီက ပြောသည်။"ငါ့အဖေက သိပ်ပြီးကောင်းတဲ့ လူတစ်ယောက် မဟုတ်ဘူး၊ ဒါပေမယ့် သူဟာ သူတော်စင်တွေကို မြင်နေရတယ်၊ ဒါမျိုးက အဲဒီပုဂ္ဂိုလ်တွေကို မြင်ရတဲ့ အချိန်မှာ သူ့စိတ်ဟာ ကောင်းသလား ဆိုးသလားဆိုတဲ့ အချက်ပေါ်မှာ တည်နေတယ်၊ မင်း တခြား အတိတ်နမိတ် တွေ ကော မြင်ဖူးသေးသလား ပင်လယ်ဓားပြ"

" ဟင့်အင်း"ဟု ပင်လယ်ဓားပြက ဖြေသည်။"နောက်ထပ် မြင်ရတွေ့ရမှာလည်း ကျုပ် ကြောက်ပါတယ် ဗျာ"

သူတို့ပါတီပွဲကလေးသည် သိမ်မွေ့ညင်သာစွာဖြင့် စခန်းသွားလျက်ရှိသည်။ ထိုညအဖို့ အိမ်ထဲတွင် သူတို့ သာလျှင် ရှိကြသည်မဟုတ်။ အိမ်နံရံ များသည် သူတို့ကို ကြည့်နေကြသည်ဟု စိတ်ထဲက ခံစားနေကြ ရသည်။

" တနင်္ဂနွေနေ့ဆိုရင် မင်းရဲ့ ရွှေဖယောင်းတိုင်စင်ဟာ ဘုရားရှိခိုးကျောင်းထဲ ရောက်နေတော့မယ်"ဟု ပီလွန်က ပြောသည်။"မင်းတို့ကို တို့အဝတ်တွေ ငှားလိုက်ရမှာဆိုတော့ ငါတို့ လိုက်နိုင်မှာ မဟုတ်ဘူး။"မင်းတို့ကို တို့ အဝတ်တွေ ငှားလိုက်ရမှာဆိုတော့ ငါတို့လိုက်နိုင်မှာ မဟုတ်ဘူး၊ ဘုန်းကြီးရာမွန် ကတော့ မင်းနာမည်ကို ထုတ်ပြီး ပြောချင်မှ ပြောမှာ၊ ဒါပေမယ့် မင်းလှူတဲ့ ဖယောင်းတိုင်စင် အကြောင်းကိုတော့ မပြောဘဲနေမှာ မဟုတ်ဘူး၊ သူ ဘာတွေပြောတယ်ဆိုတာ မင်းမှတ်လာခဲ့ကွာ၊ ပြီးတော့ ငါတို့ကို ပြန်ပြောပေါ့၊

ဟုတ်ဘူးလား"

ထို့နောက် ပီလွန်၏ မျက်နှာထားသည် တည်ငြိမ်သွားသည်။"သူငယ်ချင်းကလေးရေ၊ ကနေ့တော့ ဘုန်းကြီး ရာမွန် ရဲ့ အိမ်ထဲမှာ မင်းခွေးတွေနဲ့ ပြည့်သွားတာပဲ၊ ကနေ့တစ်နေ့ အဖို့တော့ အကြောင်းမဟုတ်ပါဘူး။ ဒါပေမယ့် တနင်္ဂနွေနေ့ သွားရင်တော့ မင်းခွေးတွေ ခေါ်သွားလို့ မဖြစ်ပေဘူး ထင်တယ်။ ခွေးတွေ ဘုရားရှိခိုး ကျောင်းထဲ ဝင်တာကတော့ မသင့်လျော်ဘူးကွ၊ ခွေးတွေကို အိမ်မှာပဲ ထားခဲ့ပါကွာ"

ပင်လယ်စားပြသည် စိတ်ထိခိုက်သွားပုံရသည်။"ကျုပ်ခွေးတွေကလည်း လိုက်ချင်ကြမှာပဲ၊ ကျုပ်သူတို့ကို ဘယ်လိုလုပ်ပြီး ထားခဲ့ရမှာလဲ၊ ဘယ်မှာထားခဲ့ရမှာလဲ"

" ဒါမျိုးကျတော့ ကိုယ့်ကိုယ်ထိန်းမှပေါ့ ပင်လယ်စားပြရယ်။ နောက်ဆုံး ကုသိုလ်ကောင်းမှု ပြီးဆုံးခါနီးမှာ ဘုရား သခင် ရဲ့ အထွတ်အမြတ်နေရာကို မင်း ပြစ်မှားချင် သလား"

" မပြစ်မှားချင်ဘူး"ဟု ပင်လယ်စားပြက ပြောသည်။

" အေးလေ၊ အဲသလို ဆိုရင်တော့ ခွေးတွေကို အိမ်မှာပဲထားခဲ့ပေါ့၊ ငါတို့က မင်းခွေးတွေကို ဘာမှ မဖြစ်အောင် ကြည့်ထားပါ့မယ်၊ ဘုရားရှိခိုးကျောင်းထဲ ခေါ်သွားရင်တော့ ပြစ်မှားသလို ဖြစ်သွားမှာ သေချာ တယ်ကွ"

ထိုညက သူတို့ အရက်သောက်ပုံမှာ အေးအေးဆေးဆေး တည်တည် ငြိမ်ငြိမ် ရှိလှ၏။ ညဥ့်နက်ပိုင်း လူခြေတိတ် ချိန်တွင် ညစ်ပတ်စုတ်ပြတ်သော သီချင်းတစ်ပုဒ်ကို သံကုန်ဟစ်၍ ဆိုမိကြသည်။ သူတို့စိတ် များသည် မကောင်းသော မိန်းမများဆီသို့ တရစ်ဝဲဝဲ ရောက်သွားကြသေးသည်။ ထို့နောက် အရက် သောက်တိုင်း လုပ်နေကျဖြစ်သည့် တစ်ယောက်ကို တစ်ယောက် ဆော်ရန် တာစူ၍ မရကြချေ။ သူတို့ တစ်သက်တာတွင် မကောင်းသော အရာဟူ၍ ဘာတစ်ခုမှ မဖြစ်ဘဲ ပြီးဆုံးသွားသည့် အရက်ဝိုင်းမှာ ဤတစ်ကြိမ် သာလျှင် ရှိသေးသည်ဟု ပြောစမှတ် ပြုနိုင်ပြီ ဖြစ်လေသည်။

တနင်္ဂနွေနေ့ နံနက်သည် သူတို့ အလုပ်အရှုပ်ဆုံးနေ့ဖြစ်သည်။ သူတို့သည် ပင်လယ်စားပြကို ရေချိုးပေးကြသည်။ နားရွက်ပေါက်များနှင့် နှာခေါင်းပေါက်များတွင် ချေးညှော်စင် မစင် ဂရုစိုက်၍ ကြည့်ကြသည်။ စောင်ကြီး ပတ်ထားသော ကောင်ကြီးဂျိုးသည် သူ၏ အပြာရောင် ဘောင်းဘီရှည်များကို ဝတ်နေသည့် ပင်လယ်စားပြ အား ထိုင်ကြည့်နေသည်။ မှန်များကို ရတနာအတုလုပ်၍ စီခြယ်ထားသော ခါးပတ်ကြီးကို ကုတ်အကျႌ အပြင်ဘက် မှ ထုတ်၍ မပတ်ရန် ပင်လယ်စားပြအား ဝိုင်း၍ နားချကြသည်။ ခါးပတ်ကို အထဲတွင် ပတ်ပြီး ကုတ်အကျႌကို ဟထားလိုက်လျှင် အရောင်များသည် ဝင်းခနဲ လက်ခနဲ ဖြစ်ကာ ပို၍ ကြည့်ကောင်းလိမ့်မည်ဟု နားဝင်အောင် ရှင်းပြ၏ ခြေထောက်နှင့် တော်သော ဖိနပ်မှာ ကောင်ကြီးဂျိုး ဖိနပ် သာရှိ၏။ ထိုတစ်ရန်တည်းသော ဖိနပ်မှာ

ပင်လယ်စားပြ၏ ဖိနပ်ထက်ပင် စုတ်ချာနေ၏။

ထိုဖိနပ်ကို စီးပေးရာ၌ အခက်ခဲဆုံး အပိုင်းမှာ ရောင်နေသော ခြေထောက်များကို လေသလပ်အောင် ဖောက်ထားသည့် အပေါက်ကို လူမမြင်အောင် ကာကွယ်ပေးဖို့ ဖြစ်သည်။သည်အတိုင်းထားလျှင် အပေါက်မှ ထွက်နေသော ခြေချောင်းများကို အတိုင်းသားမြင်နေရ၏။ ဤပြဿနာကို ပီလွန်က သူ့နည်း သူ့ဟန်ဖြင့် ဖြေရှင်းသည်။ မီးဖိုမှ ကျပ်ခိုးများဖြင့် ပင်လယ်စားပြ၏ ခြေချောင်းများကို မည်းနက်သွားအောင် သုတ်ပေးသည်။ ဤသို့ဖြင့် ဖိနပ်အရောင်နှင့် ခွဲခြား၍ မရနိုင်တော့ပေ။

နောက်ဆုံးတွင် ပင်လယ်စားပြ၏ ဝတ်စားဆင်ယင်မှုသည် ပြီးဆုံးသွားသည်။ သူ့ခေါင်းတွင် ပီလွန့်ဖခင်၏ ဦးထုပ်၊ ကိုယ်ပေါ်တွင် ဒင်နီ၏ ရှပ်အကျ ၊ ခါးတွင် ကောင်ကြီးဂျိုး၏ဘောင်းဘီ၊ လည်တိုင်တွင် သူကိုယ်တိုင် ဝယ်လာ သည့် လက်ကိုင်ပဝါကြီး စည်းလျက်၊ ခါးတွင် ပတ်ထားသည့် ခါးပတ်မှ အရောင်သည် တဖျပ်ဖျပ်၊ သူသည် သူငယ်ချင်းများ ရှေ့မှောက် တွင် လမ်းလျှောက်ပြသည်။

" ခြေထောက်ကို မြှောက်ပြီး လျှောက်ကွ"

" ဖိနပ်ကို ရှပ်မတိုက်နဲ့"

" လက်ကိုင်ပဝါကြီးကို ခဏခဏ မကိုင်နဲ့လေကွာ"

" လူတွေက မင်းကို အဝတ်အစားသစ် မဝတ်ဖူးလို့ ထင်ကုန်လိမ့်မယ်ကွ"

ပင်လယ်စားပြက သူ့မိတ်ဆွေများကို လှည့်ကြည့်သည်။"ခွေးတွေကို ခေါ်သွားရင်လည်း ဖြစ်မှာပါဗျာ၊ ကျုပ်က သူတို့ကို ဘုရားရှိခိုးကျောင်းထဲ မဝင်နဲ့လို့ ပြောရင် နားထောင်မှာပါ"ဟု ပြောသည်။

သို့သော်လည်း ပီဆာနိုးများက အလျှော့မပေး။"မခေါ်နဲ့ကွာ"ဟု ဒင်နီက ကန့်ကွက်သည်။"ဒီကောင်တွေ တစ်နည်းနည်း နဲ့ အထဲဝင်မှာပဲ၊ သူတို့ကို အိမ်မှာပဲထားခဲ့၊ ဘာမှမဖြစ်အောင် ငါတို့ ကြည့်ထားပေးမယ်"

" အဲသလို ထားခဲ့ရင် သူတို့ ကြိုက်မှာမဟုတ်ဘူးဗျ"ဟု ပင်လယ်စားကပြက ပြောသည်။"သူတို့ ပျင်းနေမှာ စိုးရတယ်" သူသည် အခန်းထောင့်ထဲတွင် ခွေနေကြသော ခွေးများကို လှည့်ကြည့်သည်။"မင်းတို့ ဒီမှာနေခဲ့ကြဟု" လှမ်းပြောသည်။"ဘုရားရှိခိုးကျောင်းကို မင်းတို့ လိုက်လို့မဖြစ်ဘူး၊ ငါပြန်လာတဲ့အထိ ငါ့မိတ်ဆွေတွေနဲ့ မင်းတို့ နေခဲ့ကြ"။ ထို့နောက် ပင်လယ်စားပြသည် အိမ်ထဲမှ ထွက်ကာ တံခါးကို အသာပြန်ပိတ်သည်။ ရုတ်တရက် ချက်ချင်း ခွေးဟောင်သံများနှင့်အတူ အူသံများသည် အိမ်ထဲတွင် သောသောညံ သွားသည်။ သူ့မိတ်ဆွေများ အပေါ်တွင် ယုံကြည်စိတ်ချမှု အပြည့်အဝရှိနေပြီဖြစ်သော ပင်လယ်စားပြသည် နောက်ပိုင်းသို့ ပြန်လှည့် မလာတော့ချေ။

လမ်းပေါ်တွင် လျှောက်လာနေသော ပင်လယ်စားပြ၏ စိတ်သည်

သူ့ခွေးများ ပါမလာသဖြင့် မလုံမလဲ ဖြစ်နေသည်။ သူ့စိတ်ထဲတွင် အကာအကွယ် မဲ့နေသလိုလို၊ ကိုယ်လုံးတီးကြီး လျှောက်နေရသလို ခံစား နေရသည်။ သူသည် တစ်ယောက်တည်း သွားရ လာရမည်ကို ကြောက်သည်။ သူ တစ်ယောက်တည်း ဆိုလျှင် တစ်ယောက်ယောက်က သူ့ကို ရန်ပြုလိမ့်မည်ဟု ထင်နေသည်။ သို့သော်လည်း သူသည် စိတ်ကိုတင်းကာ ရဲရဲဝံ့ဝံ့ပင် လျှောက်သွားသည်။ မြို့ထဲမှ ဖြတ်၍ မြို့ပြင်ထွက်ကာ ဘုရားရှိခိုးကျောင်းဆီသို့ ဦး တည်လျက်။

သူသည် ဘုရားဝတ်မပြုမီ ထုံးစံအတိုင်း ကျောက်စီရေခွက်ထဲမှ ဘုရားသခင်တော်၏ ရေစင်တော်တွင် လက်ဖြင့် နှစ်၍ နဖူးနှင့်ပခုံး နှစ်ဖက်ကို တို့ကာ ကြက်ခြေခတ် လုပ်လိုက်ပြီးနောက် မယ်တော်မာရီယာ၏ ရုပ်တု ရှေ့တွင် ခဏမျှ ဒူးထောက်ကာ အရိုအသေပြုသည်။ ထို့နောက်တွင် ဘုရားရှိခိုးကျောင်းမကြီးထဲသို့ ဝင်ခဲ့သည်။ ဘုရားရှိခိုးကျောင်းထဲတွင် မှောင်မည်းလျက်ရှိ၏။ သို့သော်လည်း စင်မြင့်ထက်ရှိ လက်ဝါးကပ် တိုင်ကြီးတွင်မူ ဖယောင်းတိုင်များ ထွန်းထားသည်။ ဘေးတစ်ဖက် တစ်ချက်ရှိ ရုပ်တုများရှေ့တွင်လည်း ဖယောင်းတိုင် များသည် တလက်လက် လင်းနေကြသည်။

ပင်လယ်ဓားပြသည် လက်ဝါးကပ်တိုင်ကြီးရှေ့၌ ထိုင်ကာ တွေဝေငေးမောနေသည်။ သူ့စိတ်ထဲတွင် မြင့်မြတ် သော ဤအရာသည် သူနှင့် အလွန်အလှမ်းဝေးလှသည်ဟု ထင်နေမိ၏။ သူလို ဆင်းရဲသား ပါမွှား တစ်ယောက် အနေဖြင့် ဘုရားသခင်နှင့် နီးစပ်ရန် မလွယ်ကူဟု တွေးနေမိသည်။ သူ့မျက်လုံးများသည် သူ့ရင်ကို နွေးထွေးသွား စေမည့် အရာ၊ သူ့ကို ကြောက်လန့်သောစိတ် မဝင်အောင် ပြုလုပ်နိုင်မည့် အရာကို စူးစမ်းရှာဖွေ လျက်ရှိသည်။ စိန့်ဖရန်စစ်ရုပ်တုရှေ့တွင် ရွှေဖယောင်းတိုင်စင် တစ်ခု၊ ထိုစင်ပေါ်၌ တင်ထွန်း ထားသည့် ဖယောင်းတိုင်ကြီးသည် တဝင်းဝင်း တလက်လက်။

ပင်လယ်ဓားပြ၏စိတ်သည် လှုပ်ရှားလျက်ရှိ၏။

လူအများသည် ဝင်ကြ ထွက်ကြနှင့် လှုပ်ရှားလျက်ရှိသည်။ ဘုရားရှိခိုးကျောင်း တံခါးသည် ပိတ်လိုက် ဖွင့်လိုက်နှင့် ရပ်နားနေသည်မရှိ။ ဘုရားဝတ်ပြုပွဲစပြီ။ ပင်လယ်ဓားပြသည် ဝတ်ပြုပွဲအပေါ် အာရုံစူးစိုက်၍မရ၊ သူ့မျက်လုံးများသည် သူတော်စင် စိန့်ဖရန်စစ်၏ ရုပ်တုနှင့် ရုပ်တုရှေ့ရှိ ဖယောင်းတိုင် စင်ပေါ်၌ စူးစိုက်လျက် ရှိသည်။ ကြည့်နေရသည်မှာ ကျက်သရေ ရှိလှပါဘိ၏။ သပ္ပာယ်လှဘိ၏။ ဖယောင်းတိုင်စင်ကို လှူခဲ့သူမှာ သူမှ ဟုတ်ပါလေစ။ ပင်လယ်ဓားပြသည် သူ့ကိုယ်သူ မယုံ ကြည် နိုင်လောက်အောင် ဖြစ်လျက်ရှိ၏။ သူလှူထားသော ဖယောင်းတိုင်စင်ကို သူတော်စင် စိန့်ဖရန့်စစ်က နှစ်သက် ပါမည်လား။ သူသည် သံသယ မကင်းသော မျက်လုံးများဖြင့် ရုပ်တု၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေသည်။ ရုပ်တု၏ မျက်နှာသည် မကြာခဏ ပြုံးပြုံးနေသည်ဟု ထင်၏။ အပြုံးမှာ စိတ်ချမ်းမြေ့ သာယာမှုကို ဖော်ပြသော အပြုံး။

နောက်ဆုံးတွင် ဘုရားဝတ်ပြုပွဲ ပြီးသွားသဖြင့် ဘုန်းတော်ကြီးက

ဓမ္မသြဒ်ဝါဒစကား ပြောကြားသည်။"ယနေ့ ဘုရားရှိခိုးကျောင်းထဲမှာ အင်မတန် သစ်လွင်တဲ့ အလှတစ်ပါး ပေါက်ဖွားနေတယ်"ဟု ဘုန်းတော်ကြီး ရာမွန်က မိန့်ကြားသည်။" ဒီ ဘုရားရှိခိုးကျောင်းရဲ့ သားသမီးတွေထဲက သားတစ်ယောက်ဟာ သူတော်စင် အရှင်သူမြတ် စိန့်ဖရန်စစ် ရဲ့ ဂုဏ်တော်ကို ပူဇော်တဲ့အနေနဲ့ ရွှေဖယောင်းတိုင် စင်တစ်စင်ကို လှူခဲ့တယ်" ဘုန်းတော်ကြီးက ပင်လယ်ဓားပြ ပြောခဲ့သည့် နေမကောင်းဖြစ်ခဲ့သော ခွေးအကြောင်းကို ပြောပြသည်။ သူ့ မျက်လုံးများသည် တရားနာပရိသတ်၏ အရိပ်အခြည်ကို အကဲခတ်လျက်ရှိ၏။ တချို့က ပြုံးနေကြသည်ကို သူမြင်သွားသည်။

" ဒီ အဖြစ်အပျက်ကလေးဟာ ရယ်စရာကောင်းတယ်လို့ တွက်လို့ မဖြစ်ဘူး"ဟု ပြောသည်။"စိန့်ဖရန်စစ် ဟာ တိရစ္ဆာန်တွေအပေါ်မှာ မေတ္တာထားရှာတယ်၊ ဒါကြောင့်မို့လည်း သူတို့ကို တရားဟောတော်မူတယ် မဟုတ်လား" ထို့နောက် ဘုန်းတော်ကြီးရာမွန်က ဂုတ်ဘီယို၏ ဝံပုလွေယုတ်ဇာတ်ကြောင်း၊ ချိုးလည်ပြောက် များနှင့် မိုးဆွေငှက်များ ဇာတ်ကြောင်းကို ဟောပြသည်။ ပင်လယ်ဓားပြသည် အံ့အားကြီးသင့်ကာ ဘုန်းတော်ကြီး၏ မျက်နှာကို ငေးကြည့်နေသည်။

ရုတ်တရက် တံခါးဆီမှ ပေါ်လာသော တိုးသံ၊ ဝှေ့သံများ၊ ခွေးဟောင်သံများနှင့် တံခါးကို ကုတ်ခြစ်သံများ။ တံခါးသည် ဖြိုန်းခနဲပွင့်သွားပြီး ဖလက်၊ ရူးဒွေ၊ အင်ရီကွေး။ ပါဂျာရီတို့နှင့် ဆီညော်အလက်သွန်မဆင် တို့သည် ဝရုန်းသုန်းကား ကဆုန်ပေါက်၍ ဝင်လာကြသည်။ သူတို့သည် နှုတ်သီးများကို အပေါ်သို့ မော့၍ အနံ့ခံပြီး ပင်လယ်ဓားပြ ကိုယ်ပေါ်သို့ ခုန်တက်ကာ တစ်ကိုယ်လုံး နမ်းကြ၊ ရှုပ်ကြ၊ လျှာများနှင့် လျက်ကြ၊ ပါးစပ် များမှလည်း တအင်အင် အော်ကြ။

ဘုန်းတော်ကြီးသည် စကား ဆက်မပြောတော့ဘဲ ရပ်သွားသည်။ တင်းမာသော မျက်နှာထားဖြင့် ပင်လယ်ဓားပြ တို့ကို ကြည့်နေသည်။ ပင်လယ်ဓားပြခမျာ ဘာမှ မတတ်နိုင်တော့ဘဲ ဘုန်းကြီး၏ မျက်နှာကို ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ပြန်ကြည့်နေသည်။ မြင့်မြတ်သော နေရာတွင် သူ့ခွေးများကြောင့် ယုတ်ညံ့မှု တစ်ခုကို ကျူးလွန်သည့် အခြေအနေသို့ ဆိုက်ရောက်သွားခဲ့ရလေပြီ။

ထို့နောက် ဘုန်းတော်ကြီး ရာမွန်က ဟက်ဟက်ပက်ပက် ရယ်ချလိုက်သဖြင့် တရားနာ ပရိသတ်ကပါ လိုက် ၍ ရယ်ကြသည်။"မင်းခွေးတွေကို အပြင်ကို ခေါ်ထုတ်သွား"ဟု သူက လှမ်းပြောသည်။"ငါတို့ တရားပွဲပြီးချိန် အထိ သူတို့ကို အပြင်က စောင့်ခိုင်းထား"

ပင်လယ်ဓားပြသည် တောင်းပန်တိုးလျှိုးသည့် မျက်နှာထားဖြင့် တစ်ချက်မျှ မော့ကြည့်လိုက်ပြီး သူ့ ခွေးများကို ခေါ်ထုတ်သွားသည်။"မင်းတို့ လုပ်တာ မှားတယ်"ဟု သူ့ခွေးများကို ပြောသည်။"ငါမင်းတို့ကို စိတ်ဆိုးတယ်၊ မင်းတို့ကြောင့် ငါအရှက်ကွဲရတယ်" ခွေးများသည် မြေကြီးပေါ်၌ ဝပ်ကာ တအင်အင်

ညည်းနေကြသည်။"မင်းတို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ငါသိတယ်"ဟု ပင်လယ်ဓားပြကြက ထပ်ပြောသည်။"မင်းတို့ ငါ့မိတ်ဆွေတွေကို ကိုက်ပြီး ပြတင်းပေါက်က ခုန်ဆင်းလာတယ်။ ပြီးတော့ ဒီကိုလာတယ်၊ မင်းတို့ဟာ ယုတ်မာတဲ့ ခွေးတွေပါလား၊ ကဲ အခု ဒီနေရာက ဘယ်မှမသွားနဲ့၊ ဒီနေရာကနေ စောင့်ကြ"

သူသည် စိတ်ညစ် စိတ်ရှုပ်ထွေးစွာဖြင့် ဘုရားရှိခိုးကျောင်းထဲသို့ ပြန်ဝင်သည်။ ယခုအချိန်အထိ အရယ် မရပ်နိုင် ကြသေးပေ တရားနာပရိသတ်က သူ့ကို ဝိုင်းကြည့်နေကြသည်။ သူသည် ရှက်စိတ်ဖြင့် မွှန်ထူကာ သူ့နေရာသူ ပြန်ထိုင်သည်။

"မရှက်ပါနဲ့"ဟု ဘုန်းတော်ကြီး ရာမွန်က လှမ်းပြောသည်။"မင်းခွေးတွေက မင်းကိုချစ်တာ၊ မင်းက မင်းခွေးတွေကို ချစ်တာဟာ ဒုစရိုက်မှုတစ်ခုမဟုတ်ပါဘူး။ စိန့်ဖရန်စစ်ကလည်း တိရစ္ဆာန်တွေကို ချစ်တာပဲ မဟုတ်လား" ထို့နောက် ဘုန်းတော်ကြီးက သူတော်စင်နှင့် တိရစ္ဆာန်များ၏ ဇာတ်ကြောင်းများကို ထပ်မံပြောပြ ပြန်သည်။

ပင်လယ်ဓားပြသည် စိတ်သက်သာရာ ရသွားသည်။"ဒီစကားတွေကို ခွေးတွေသာ ကြားရင် ဝမ်းသာ ကြမှာပဲ"ဟု တွေးသည်။ တရားပွဲပြီးဆုံးသွားချိန်အထိ ဘုန်းတော်ကြီး ဟောပြောလိုက်သော ဇာတ်လမ်း များသည် သူ့နားထဲမှ မထွက်သေး။ အခမ်းအနား ပြီးသွားသည့်အခါ သူသည် ရှေ့ဆုံးမှ ဦးအောင် အပြင်သို့ ထွက်သည်။ သူ့ခွေးများက သူ့ကို ဆီးကြိုနှုတ်ဆက်နေကြသည်။

" ကဲ လာကြ"ဟု ပင်လယ်ဓားပြကခေါ်သည်။"ငါ မင်းတို့ကို ပြောစရာရှိတယ်" သူသည် ထင်းရှူးတောဘက်သို့ ခပ်သုတ်သုတ်သွားသည်။ ခွေးများက သူ့နောက်မှ အပြေးအလွှားလိုက်ကြသည်။ ထင်းရှူးပင်များကြားတွင် လမ်းသွယ်ကဲ့သို့ ဖြစ်နေသော နေရာသို့ ရောက်မှ အပြေးရပ်သည်။

" မင်းတို့ တစ်တွေ ဘုရားရှိခိုးကျောင်းထဲဝင်ပြီး ဘုန်းတော်ကြီးဟောတဲ့ တရားကိုသာ နာရရင် ကောင်းမှာ"ဟု ပြောသည်။ သူသည် အနီးအနားမှ ကျောက်တုံးများကို ကောက်ကာ တစ်လုံးပေါ်တစ်လုံးဆင့်၍ တင်သည်။"ဟောဒီမှာတွေ့လား၊ ဒါက သူတော်စင် ရုပ်တုကွ"ဟု သူ့ခွေးများကို လှမ်းပြောသည်။ သူသည် တုတ်တစ်ချောင်း ကောက်၍ မြေကြီးပေါ်၌ စိုက်လိုက်သည်။"ဒီဟာ ကတော့ ဖယောင်းတိုင်စင်ကွ။ စင်ပေါ် မှ ဖယောင်းတိုင် ထွန်းထားတယ် ဆိုပါတော့ကွာ၊ ဟုတ်လား"

သူတို့ ထိုင်နေသော နေရာသည် သစ်ရိပ်များကြောင့် ခပ်မှောင်မှောင် ဖြစ်နေသည်။ လေသည် ထင်းရှူးနံ့ သင်း လျက်ရှိသည်။ ဖြည်းဖြည်းသာသာ တိုက်ခတ်လျက်ရှိသော လေအရှိန်ဖြင့် သစ်ပင်များသည် ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ ပင်လယ်ဓားပြသည် သူ့ခွေးများဘက် လှည့်၍ အမိန့်ပေးသည်။"ကဲ လာ အင်ရီကွေးက ဒီနေရာမှာ ထိုင်၊ ရှူးဒေါကလည်း ဒီနေရာမှာပဲထိုင်၊ ဖလက်က

အငယ်ဆုံးအကောင်ဆိုတော့ သူ့ကို ဒီနေရာ ပေးမှ၊ ပါဂျရီတို ကတော့ ဒီဘက်းမှာထိုင်၊ ဟော့ကောင် ဆီညော်အလက်သွန်ဆင်၊ မင်းက လှဲမနေနဲ့ဦး"

ပင်လယ်ဓားပြသည် ခွေးများကို နှစ်တန်းခွဲ၍ နေရာချပေးသည်။ နှစ်ကောင်က ရှေ့တန်း၊ သုံးကောင်က နောက် တန်း။

" ငါမင်းတို့ကို ပြောပြမယ်"ဟု သူက ပြောသည်။"မင်းတို့ ဘုရားရှိခိုးကျောင်းထဲ ဝင်တာကို ခွင့်လွှတ်လိုက်တယ်။ ဘုန်းတော်ကြီး ရာမွန်က အခု တစ်ကြိမ် ဘုရားရှိခိုးကျောင်းထဲကို မင်းတို့ ဝင်တာဟာ ယုတ်ညံ့အောင် ပြုတာ မဟုတ်ဘူးလို့ ပြောလိုက်တယ်၊ မင်းတို့ကို ထပ်ပြီးပြောစရာ ရှိသေးတယ်၊ သေသေချာချာ နားထောင်ကြ"

ခွေးများသည် သူတို့နေရာတွင် သူတို့ထိုင်ကာ သူတို့သခင် ပြောသမျှကို နားစွင့်နေကြသည်။ ဆီညော်အလက်သွန်မဆင်က အမြီးတနန်နန်လုပ်သည်။"ဒီနေရာဟာ အမြီးနှန့်ဖို့နေရာ မဟုတ်ဘူးကွ"ဟု ပင်လယ်ဓားပြက လှမ်းပြောသည်။"စိန်ဖရန့်စစ်ကတော့ ခွင့်လွှတ်မှာပါ၊ ဒါပေမယ့် ငါကတော့ ငါ့စကားပြော နေတာကို နားထောင်ရင် အမြီးနန့်တာ မကြိုက်ဘူး၊ ကဲ အားလုံးနားထောင်ကြ၊ ငါမင်းတို့ကို စိန်ဖရန်စစ် အကြောင်း ပြောပြမယ်"

ထို့နေ့အဖို့ ပင်လယ်ဓားပြ၏ မှတ်ဉာဏ်များသည် များစွာ ကောင်းလျက်ရှိသည်။ ခွေးများသည် သူပေးထားသော နေရာမှ မရွေ့။ ခွေးများ၏ မျက်လုံးများသည် သူ့နှုတ်ခမ်းပေါ်၌ စူးစိုက်လျက်ရှိသည်။ သူသည် ဘုန်းတော်ကြီး ဟောပြောလိုက်သည့် ဇာတ်ဝတ္ထုများကို တစ်လုံးမကျန် ပြောပြနေသည်။

သူပြောလိုသမျှ ပြောပြီးသောအခါ သူသည် ခွေးများ၏ အရိပ်အခြေကို တည်ငြိမ်လေးနက်သော မျက်နှာထား ဖြင့် အကဲခတ်သည်။"သူတော်စင် စိန်ဖရန်စစ်ဟာ အဲဒီအလုပ်တွေ လုပ်ခဲ့တယ်ကွ"ဟု ပြောသည်။ သစ်ပင်များသည် အော်မြည် ညည်းညူလျက်ရှိကြ၏။ ထင်းရှူးတော တစ်တောလုံး ငြိမ်ဆိတ် နေသည်။

ရုတ်တရက် ပင်လယ်ဓားပြ၏ နောက်မှ အသံတစ်သံ ထွက်လာသည်။ အသံမှာ ခပ်သေးသေး။ ခွေးများက အသံလာရာ ဆီသို့ ဖျတ်ခနဲ မော့ကြည့်လိုက်ကြသည်။ ပင်လယ်ဓားပြကတော့ နောက်သို့ လှည့်မကြည့်ရဲ။ ကြောက်စိတ်ဖြင့် အသာကလေး ငြိမ်နေသည်။ အချိန်အတော်ကြာမျှ ကုန်လွန်သွားသည်။

ထို့နောက် ခွေးများသည် မော့ကြည့်ရာမှ သူတို့ခေါင်းများကို အောက်သို့ ဖျတ်ခနဲ ပြန်ငုံ့လိုက်ကြသည်။ သစ်ပင် ထိပ်များဆီမှ သစ်ရွက်လေတိုးသံများနှင့် ဖြည်းဖြည်းချင်း ရွေ့လျားသွားနေသော နေရောင် အကွက်များ။

ပင်လယ်ဓားပြသည် အလွန်အမင်း ပျော်ရွှင်မြူးကြွလျက်ရှိသည်။"မင်းတို့သူ့ကို မြင်လိုက်တယ်မဟုတ်လား"ဟု အော်မေးသည်။"အဲဒါ သူတော်စင် စိန်ဖရန့်စစ်ပေါ့၊ သူတော်စင်

ကိုယ်ရောင်ပြတာကို မြင်ရင် မင်း တို့ဟာ တကယ့်ခွေးကောင်တွေပဲကွ"

ခွေးများသည် သူတို့ထိုင်နေကြသည့် နေရာများမှ ခုန်ထလာကြသည်။ သူတို့ ပါးစပ်များသည် ဟလျက်။ သူတို့ အမြီးများသည် နှန့်လျက်။

ဒင်နီ၏ အပေါင်းအသင်းများသည် ဒုက္ခရောက်နေသည့် အမျိုးသမီးတစ်ဦးကို ကူညီစောင့်ရှောက်ရန် အကြောင်းဖန်လာခြင်း

ဆိုနိုရာ တီရီဆီနာ ကော်တက်ဇ်သည် သားသမီးရှစ်ယောက်၊ သူ့မိခင်ကြီးနှင့် အတူ တော်လီလာဖလက် ရပ်ကွက် တောင်ဘက်ဖျား ချောက်ကမ်းပါး တစ်ခု၏ ထိပ်ရှိ သပ်ရပ်သန့်ရှင်းသော ကော့တိတ်ချ်ခေါ် တစ်ထပ်တိုက် ကလေးတွင် နေသည်။ တီရီဆီနာမှာ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့် လှလှချင့် တည်ငြိမ် ရင့်ကျက်သော အမျိုးသမီးတစ်ယောက်ဖြစ်သည်။ အသက်မှာ သုံးဆယ်နီးပါး။ သူ့အမေမှာ အလွန် ရှေးဆန်၍ ပိန်ခြောက်ခြောက်နှင့် သွားတစ်ချောင်းမှ မရှိတော့သည့် အသက်ငါးဆယ်နီးပါးအရွယ် မိန်းမ ကြီးတစ်ယောက်ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ ရှေးဟောင်းခေတ် မျိုးဆက်တစ်ခု၏ အမွေအနှစ်ကို မြင်ရသကဲ့သို့ ရှိသည်။ အင်ဂျီလီကာဟုခေါ်သော သူ့နာမည်ကို မှတ်မိသူပင် ရပ်ကွက်ထဲ၌ တစ်ယောက်မျှ မရှိ တော့ဟု ယူဆရ၏။

အဘွားကြီးသည် ရက်သတ္တ တစ်ပတ်လုံးလုံး အလုပ်နှင့် လက်နှင့်ပြတ်သည်ဟု မရှိပေ။ သူ့တာဝန်မှာ သူ့မြေး ရှစ်ယောက်ထဲ မှ ခုနစ်ယောက်ကို ကျွေးမွေး သုတ်သင်ရန်၊ ထိန်းကျောင်းရန်၊ ရေမိုးချိုး အဝတ်အစား လဲပေးရန်နှင့် သိပ်ရန် ဖြစ်သည်။ သမီးဖြစ်သူ တီရီဆီနာကတော့ ရှစ်ယောက်မြောက်ကလေး၏ ဝေယျာဝစ္စများနှင့် ကိုးယောက်မြောက် မွေးလာမည့် ကလေးအတွက် ကြိုတင်ပြင်ဆင်မှုများဖြင့် မအားမလပ် ဖြစ်နေသည်က များလေသည်။

မည်သို့ပင်ဖြစ်စေ၊ တနင်္ဂနွေ တစ်ရက်မှာတော့ဖြင့် အဘွားကြီးသည် အလွန်ရှေးကျပြီး ခေတ်မမီတော့သည့် အနက်ရောင် အဝတ်အစားများကို ဝတ်၍ ကောက်ရိုးဦးထုပ်အနက်ကို ဆောင်း၍ ဘုရားရှိခိုးကျောင်းသို့ မှန်မှန် သွားကာ ဝတ်ပြုသည်။ တစ်လလျှင် တစ်ရက် မွန်းလွဲပိုင်းအချိန်တွင် ဘုန်းတော်ကြီးထံ သွား၍ သူပြုမိ ခဲ့သော အမှားများကို ဝန်ခံခြင်းပြုသည်။ ဘာသာတရား၏ ထုံးစံအရ သူပြုခဲ့မိသော အမှားများကို ဝန်ခံခြင်း ဖြစ်သည်။ သူ့အနေဖြင့် မည်သည့် အမှားများကို ကျူးလွန်ခဲ့မိလေသနည်း။ ဘေးလူများအဖို့တော့ သူ့တွင် မကောင်းမှု ဒုစရိုက်ပြုစရာ အချိန်လည်းမရှိ။ မကောင်းမှုပြုစရာ ပတ်ဝန်းကျင်ကလည်းမရှိ။ သူ နေထိုင်လျက် ရှိသည့် သမီး တီရီဆီနာ၏ အိမ်တွင် ကလေးများမှတစ်ပါး အခြားဘယ်သူမှ ရှိသည်မဟုတ်။ ဤကလေးများ အတွက် မနားမနေ အလုပ်လုပ်နေရသော သူ့တွင် မကောင်းမှုပြုစရာ အချိန်လည်း မရှိနိုင်။

ပထမဆုံးကလေး ကိုယ်ဝန်ရှိချိန်တွင် တီရီဆီနာ၏အသက်မှာ ဆယ့်လေးနှစ်မျှသာ ရှိသေးသည်ဖြစ်ရာ သူ့ အဖို့ အကြီးအကျယ် ထိတ်လန့်ချောက်ချားစရာကြီးတစ်ခု ဖြစ်ခဲ့၏။ ထို့ကြောင့်လည်း သူသည် ထိုကလေးကို ညပိုင်း လူခြေတိတ်ချိန်တွင် ကပွဲများ ပြုလုပ်ရာ ပန်းခြံအတွင်း၌ တိတ်တိတ်ကျိတ်၍ မွေးဖွားခဲ့ပြီး မွေးကင်းစ ကလေးကို သတင်းစာစက္ကူဟောင်းနှင့် ထုပ်ကာ ညစောင့်တွေ့နိုင်မည့် နေရာတစ်နေရာ၌ အသာ စွန့်ပစ်ထားခဲ့ခြင်း ဖြစ်သည်။ ဤကိစ္စမှာ လျှို့ဝှက်ချက်တစ်ခုဖြစ်၏။ အကယ်၍ သက်ဆိုင်ရာများကသာ သိသွားခဲ့ ပါမူ တီရီဆီနာသည် ဒုက္ခနှင့် ကြုံရဖို့ရှိလေသည်။

တီရီဆီနာ အသက် ဆယ့်ခြောက်နှစ်တွင် မစ္စတာ အဲလ်ဖရက်ကော်တက်ဇ်က တရားဝင် လက်ထပ်ယူပြီး သူ့ နာမည်ကို ဆက်ခံခွင့်ပေးရုံမက မိသားစု၏ အခြေခံ အုတ်မြစ်များအဖြစ် အယ်လ်ဖရက်ဒိုးနှင့် အီနီ ဟူသော ကလေးနှစ်ယောက်ကို ဖွားမြင်စေခဲ့သည်။ မစ္စတာ ကော်တက်ဇ်သည် သူ့အမည်ကို ဆက်ခံခွင့် ပေးရာ၌ များစွာ မှပင် ကြည်ကြည်ဖြူဖြူ ရှိခဲ့၏။ အမှန်တော့ သူသည် မစ္စတာ ကော်တက်ဇ်ဟူသော နာမည်ကို ယာယီသဘောဖြင့် ပြောင်းလဲမှည့်ခေါ်ထားခြင်းဖြစ်သည်။ သူသည် မွန်ထရေးမြို့သို့ ပြောင်းရွှေ့မလာမီ အချိန်နှင့် မွန်ထရေးမြို့မှ ထွက်ခွာသွားချိန်တွင် သူ့နာမည်မှာ ဂတ်လီဖိုးဖြစ်လေသည်။ သူသည် ဒုတိယ ကလေး အီနီကို မွေးဖွားပြီးနောက် မွန်ထရေးမြို့မှ တစ်ခါတည်း အပြီးအပိုင် ထွက်ခွာသွားခဲ့သည်။ တီရီဆီနာကို လက်ထပ်ပြီး အတူတကွ ပေါင်းသင်းနေထိုင်ရခြင်းသည် ဘဝတစ်လျှောက်လုံး တည်ငြိမ်မှု ရရှိလိမ့်မည် မဟုတ်ဟူသော အချက်ကိုကြိုတင်ခန့်မှန်း သိမြင်၍ ယင်းကဲ့သို့ ပြုလုပ်သွားခြင်းဖြစ်ပေလိမ့်မည်။

တီရီဆီနာသည် မိခင်လောင်းဘဝသို့ မှန်မှန်ရောက်ရှိနေခြင်းအတွက် သူ့ကိုယ်သူ အံ့သြခြင်းတော့ ဖြစ်မိ၏။ တစ်ခါတစ်ရံ တွင် သူသည် မိခင်လောင်းဘဝသို့ ဆိုက်ရောက်နေပြီး ဖြစ်သော်လည်း မကြာမီ မွေးဖွားလာတော့ မည့်သူ့ဗိုက်ထဲမှ ကလေးအဖေ မည်သူမည်ဝါမှန်း အတိအကျ မသိချေ။ ဤအဖြစ်မှာလည်း သူ့ အတွက် အံ့သြ စရာတစ်ခုပင်ဖြစ်၏။

သို့သော်လည်း ဤအဖြစ်မျိုးနှင့် ကြုံရဖန်များလာသည့်အခါ သူ့အဖြစ်သည် ထူးလျက်နှင့် မဆန်းသလို ဖြစ်လာ ခဲ့သည်။ ဤသို့ဖြင့် သူဘဝတွင် ချစ်သူဆိုသည်မှာ ရှိဖို့မလိုအပ်ဟူသော အမြင်မျိုး ဝင်လာ ခဲ့သည်။ သူ့အမြင် မှန်မမှန် ဟူသော ကိစ္စမှာ ဆုံးဖြတ်ရ ခက်လာသည့်အခါတိုင်း သူသည် ဤပြဿနာကို သခင်ယေရှု၏မိခင်လက်ထဲသို့ ပုံ၍ အပ်လေ့ရှိသည်။ ယင်းကဲ့သို့ ပုံအပ်ရခြင်းမှာလည်း တခြားကြောင့် မဟုတ်။ ဤအဖြစ်မျိုးနှင့် ကြုံရသည့် ဘဝအကြောင်းကို ယခင်ယေရှု၏ မိခင်က သူ့ထက်ပို၍ နားလည်သည်ဟု ထင်သောကြောင့် ပေတည်း။

သူ့အပြစ်သူ ဝန်ခံချက်ပေးပြီး အာပတ်ဖြေသော အလုပ်ကို တီရိဆီနာသည် မကြာခဏ လုပ်လေ့ရှိ၏။ ဘုန်းတော်ကြီး ရာမွန် အဖို့က တီရိဆီနာသည် မှော်လင့်ချက် မရှိတော့သည့် အာပတ်ဖြေသူ တစ်ဦး ဖြစ်သည်။ သူ့ရှေ့တွင် ဒူးနှစ်ဖက်ထောက်၍၊ လက်နှစ်ဖက်ယှဉ်၍၊ နှုတ်ခမ်းများလှုပ်၍ သူကျူးလွန်ပြီးခဲ့သမျှ အပြစ် များကို ဝန်ခံပြီး အာပတ်ဖြေနေသော တီရိဆီနာ၏ မျက်လွှာများအောက်မှ မျက်လုံးများသည် နောက်ထပ် ဒုစရိုက် အသစ်တစ်ခုပြုရန် အားယူနေသည့်နှယ် တဖျတ်ဖျတ်တောက်လျက် ရှိကြသည်။

ယခု လောလောဆယ်တွင်လည်း တီရိဆီနာသည် ကိုးယောက်မြောက် ကလေးမွေးဖွားပြီးစဖြစ်၍ ဘာအလုပ် မှ မလုပ်နိုင်သည့် အချိန်ဖြစ်ရာ သူ့မိခင်တွင် တာဝန်အသစ်တစ်ခု တိုးလာပြီဖြစ်သည်။ အကြီးဆုံး အယ်ဖ်ဖရက်ဒိုး ကျောင်းနေသည်မှာ သုံးနှစ်တွင်း ရောက်ပြီဖြစ်၍ အီနီမှာ ဒုတိယနှစ်တွင်း ရောက်နေပြီ ဖြစ်သည်။ ပန့်ချိတိုမှာမူ ကျောင်းစနေရပြီဖြစ်၏။

ဤအချိန်ကာလတွင် ကယ်လီဖိုးနီးယားပြည်နယ်အတွင်း၌ ကျောင်းသူနာပြု ဆရာမများက ကျောင်းတွင်းရှိ အတန်းတိုင်း သို့ ဝင်၍ ကလေးသူငယ်များကို စစ်ဆေးခြင်းနှင့် ကလေးသူငယ်များ၏ နေအိမ်ပတ်ဝန်းကျင် အခြေအနေကို အသေးစိတ် လေ့လာသုံးသပ်ခြင်း စသော လုပ်ငန်းများ ခေတ်စားနေချိန် ဖြစ်သည်။ ဤသို့ဖြင့် အသက်အရွယ်နှင့် မလိုက်အောင် ပိန်လှီ သေးကွေးနေသည်ဟူသော အထင်ဖြင့် အယ်လ်ဖရက်ဒိုး အား ကျောင်းအုပ်ကြီးရုံးခန်းသို့ ဆင့်ခေါ်ခြင်းခံရလေသည်။

ကျောင်းသူနာပြု ဆရာမသည် ကလေးစိတ်ပညာဘာသာရပ်ကို ကျကျနန သင်ကြားလာခဲ့ရသူ ဖြစ်သည့် အားလျော်စွာ အလွန်ကြင်နာပြီး ပျော့ပျောင်းချိုသာသော လေသံဖြင့်"ဖရက်ဒီ၊ မင်း အစားဝဝလင်လင် စားရရဲ့လား"ဟု မေးသည်။

" စားရပါတယ်"ဟု အယ်လ်ဖရက်ဒိုက ဖြေသည်။

" ဟုတ်ပြီ၊ ဒါဆိုရင် မနက်စာ ဘာတွေ စားရသလဲ၊ ဆရာမကို ပြောပြစမ်း"

" ပဲနဲ့ တော်တီလာမုန့် စားရပါတယ်"

သူနာပြုဆရာမက စိတ်ပျက်သော အမူအရာဖြင့် ကျောင်းအုပ်ကြီးဘက်သို့ လှည့်၍ ခေါင်းတစ်ချက်ဆက်ပြသည်။"မင်း အိမ်ပြန်ပြီး နေ့လယ်စာ စားတော့ကော ဘာတွေ စားရသလဲ"

" ကျွန်တော် အိမ်မှ မပြန်ဘဲ"

" နေ့လယ်စာ မစားဘူးလားကွယ့်"

" စားတာပေ့ါ၊ ကျွန်တော် အိမ်က ပဲနဲ့ တော်တီလာမုန့် ထုပ် ယူလာတယ်"

သူနာပြုဆရာမ၏မျက်လုံးများသည် ထိတ်လန့်အံ့သြခြင်းကို ဖော်ပြနေသည်။" ညကျတော့ကော မင်း ဘာစားသလဲ"

" တော်တီလာမုန့်နဲ့ ပဲပေ့ါ"

သူနာပြုဆရာမ ထံမှ ကလေးစိတ်ပညာသည် ထွက်ပြေးသွားသည်။"နင် အဲဒီနေရာမှာ ရပ်နေတာဟာ တော်တီ လာမုန့် နဲ့ ပဲကလွဲပြီး တခြားဘာမှမစားဘူးလို့ ပြောဖို့ ရပ်နေတာလား"

အယ်လ်ဖရက်ဒိုး အံ့အားသင့်သွားသည်။"ဘုရားသခင် ကယ်တော်မူပါ"ဟု ရေရွတ်သည်။"ဆရာမက ကျွန်တော့်ကို တခြားဘာများ ပြောစေချင်လို့လဲ"

ဤသို့ဖြင့် ဤဖြစ်ရပ်ကို သူနာပြုဆရာမက ကျောင်းဆရာဝန်ထံ နှုတ်ဖြင့် အစီရင်ခံသည်။ ဆရာဝန်က ဆရာမ ပြောသမျှကို နားထောင်၍ ထိတ်လန့်အံ့ဩခြင်းဖြစ်သည်။ တစ်နေ့တွင် ဆရာဝန်သည် သူ့ကားဖြင့် တီရီဆီနာ၏အိမ်သို့ ရောက်လာပြီး လေ့လာစုံစမ်းသည်။ သူ ခြံဝင်းထဲ ဝင်သွားခိုက်တွင် ကလေးတစ်အုပ်၏ ဆူဆူညံညံ အသံများကို ကြားရသည်။ ဆရာဝန်သည် မီးဖိုခန်းအဝမှရပ်၍ အထဲကို လှမ်းကြည့်သည်။ အဘွားကြီးသည် သစ်သား ယောင်းမကြီးတစ်ချောင်းဖြင့် မီးဖိုပေါ်မှ အိုးကို မွှေလျက်ရှိ၏။ အိုးထဲမှ ပဲပြုတ် များသည် ကြမ်းပေါ်သို့ လွင့်စဉ်ကျလာလျက် ရှိသည်။ ဆူညံနေသော ကလေးများ၏ အသံသည် မီးကို ရေနှင့် သတ်လိုက်သည့် နှယ် တိတ်သွားသည်။

ကလေးများသည် ကြမ်းပြင်ပေါ်၌ ကျနေသည့် ပဲပြုတ်များကို တစ်စေ့ချင်းစီ လိုက်ကောက်ကာ စားကြသည်။ အဘွားကြီး ကုလားထိုင်တစ်လုံးပေါ်တွင် တစ်ခဏမျှထိုင်၍ နားနေခိုက်တွင် ကလေးများသည် အိပ်ရာ ခုတင်အောက်၊ ကုလားထိုင်အောက်၊ မီးဖိုခုံအောက်သို့ လေးဖက်ထောက်ဝင်ကာ ပိုးကောင်များ လိုက်ဖမ်း နေကြသည်။ ဆရာဝန်သည် အိမ်ထဲတွင် နှစ်နာရီကြာမျှ လေ့လာသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ သိပ္ပံ နည်းကျသော စိတ်ဝင်စားမှုသည် ကပြောင်းကပြန် ဖြစ်ကုန်သောကြောင့်ပေတည်း။

ဆရာဝန်သည် ခေါင်းတခါခါလုပ်၍ ပြန်သွားသည်။

သူ လေ့လာခဲ့သမျှကို ပြန်၍ ဖောက်သည်ချသောအခါတွင်လည်း သူသည် ခေါင်းတခါခါပင်ဖြစ်သည်။"ကျွန်တော် သိထားသမျှ နည်းတွေနဲ့ သူတို့ကို စမ်းသပ်ကြည့်ခဲ့တာပဲဗျာ"ဟု သူက ပြောသည်။"သူတို့ရဲ့ သွား၊ အရေပြား၊ သွေး၊ အရိုး၊ မျက်လုံးအားလုံး တစ်ခုမကျန် စစ်ဆေးခဲ့တယ်။ အခု သူတို့စားနေတဲ့ အစားအစာ ဟာ မွေးကတည်းက စားလာကြတာ၊ ဒါပေမယ့် သူတို့လောက် သန်စွမ်းကျန်းမာတဲ့ ကလေး တွေကို လုံးဝ မမြင်ဖူး သေးဘူးဆိုတာ ကျွန်တော် ပြောရဲတယ်" သူသည် ပြောရင်းက စိတ်လှုပ်ရှား လျက်ရှိသည်။"ဒီကောင်ပေါက်စ ကလေးတွေရဲ့ သွားတွေဟာ တကယ်ကို ကောင်းတာပဲ၊ ဒီလောက် ခိုင်တဲ့ သွားမျိုး တစ်ခါ မှ မတွေ့ခဲ့ဖူးဘူး"

တီရီဆီနာသည် သူ့မိသားစုအတွက် အစာကို မည်ကဲ့သို့ စုဆောင်းရရှိပါသနည်း။ သူ စုဆောင်းပုံမှာ အံ့ဩစရာ တော့ ကောင်းသည်။ ပဲကြိတ်သူများ အလုပ်ခွင် ဝင်နေကြသည့်အခါ တီရီဆီနာသည် စောင်ကြီး တစ်ထည်ကို ပဲကြိတ်စက်၏လေအောက်ဘက်မှ ဖြန့်ခင်းထားလိုက်သည်။

လေထန်သည့် မွန်းလွဲပိုင်း အချိန် များတွင် ပဲကြိတ် စက်ဆီမှ ပဲမှုန့်များသည် လေနှင့်အတူ လိုက်ပါလာပြီး သူခင်းထားသည့် စောင် ပေါ်သို့ ကျသည်။ ဤနည်းဖြင့် တစ်ကြိမ် ပဲများ ကြိတ်ပြီးသည့်အခါတိုင်း သူသည် ပဲမှုန့် ပေါင်နှစ်ဆယ်၊ သို့မဟုတ် ပေါင်နှစ်ဆယ် ကျော်ကျော်ခန့်ကို ရရှိလေသည်။

ဆောင်းအကုန် နွေအကူး ကြားကာလ ရာသီတွင် အဘွားကြီးသည် လမ်းလျှောက်နိုင်သည့် သူ့မြေးများနှင့် အတူ ယာကွက်များ အတွင်းသို့ ဆင်း၍ ဆန်ကာတစ်ချပ်နှင့် ပဲကောက်သင်း ကောက်သည်။ ပဲခင်းရှင်များ တားမြစ်ခြင်း မပြု။ အဘွားကြီး တစ်ယောက် သူတို့ပဲခင်းထဲဝင်၍ ကောက်သင်းကောက်ခြင်းကြောင့် အကျိုးစီးပွား ထိခိုက်စရာ လုံးဝမရှိ။ မည်သို့ပင်ဖြစ်စေ အဘွားကြီးအဖို့ကတော့ ပဲခင်းများမှ ပဲသီးနှံ အထွက်ကောင်းသည့် နှစ်တွင် ပဲမှုန့် ပေါင်လေးရာခန့်သာ စုဆောင်းရရှိထားပါမူ ငတ်မွတ်ခေါင်းပါးမှု ဘေးနှင့် ကြုံရမည်ကို ကြောက်စရာ မလိုတော့ပေ။

အခြား စားသောက်ဖွယ်ရာ ပစ္စည်းများဖြစ်သော သကြား၊ ခရမ်းချဉ်သီး။ ငရုတ်ကောင်းမှုန့်၊ ကော်ဖီမှုန့်၊ ငါး၊ သို့မဟုတ် အသားတစ်မျိုးမျိုးသည် ကံကောင်း၍ အကြောင်း လှသည့် အခါများ၊ ဘုရားသခင်က စောင်မ ကူညီသည့် အခါများနှင့် မိမိတို့၏ လုံ့လဝီရိယနှင့် သို့မဟုတ် လိမ္မာ ပါးနပ်မှုကို ကောင်းစွာ အသုံးချနိုင်သည့်အခါ များတွင် အလွယ်တကူ ရလာတတ်သည်။ အမြဲတစေ ရနိုင်သည်မဟုတ်။ သို့ဖြစ်ရာ ပဲမှုန့်သာ များများ ရထားဖို့ လို၏။ ပဲမှုန့်အလုံအလောက်ရှိနေပါမူ မိမိ၏ ဘဝသည် လုံခြုံသည်။ တကယ်တော့ ပဲသည် ဝမ်းဗိုက်၏ခေါင်မိုးတစ်ခုဖြစ်၍ စီးပွားရေး အအေးဒဏ်ကို ကောင်းစွာ ခံနိုင်သည့် အပေါ်ဝတ် အနွေးထည်ကြီး တစ်ထည် ပင် ဖြစ်ပေသည်။

တီနိုရာတီရီဆီနာ ကော်တကဲဇ် မိသားစု၏ သာယာချမ်းမြေ့မှုနှင့် ဘဝကို ခြိမ်းခြောက်နိုင်သော အရာဟူ၍ တစ်ခု တည်းသာရှိ၏။ ယင်းမှာ အခြားမဟုတ်၊ ပဲသီးနှံ ပျက်စီးခြင်းပင်ဖြစ်သည်။

ပဲများ မှည့်လာသည့်အခါ ချုံပင်များကို နုတ်၍ ပဲပင်များပေါ် အုပ်ပေးရသည်။ သီးနေသည့် ပဲတောင့်များ ခြောက်ပြီး ကွဲပ်သွားစေရန်အတွက် ထိုကဲ့သို့ လုပ်ပေးရခြင်းဖြစ်၏။ ထို့ကြောင့် မိုးမရွာပါစေနှင့်ဟု ဆုတောင်းပြီး စောင့်ကြည့်နေဖို့သာရှိသည်။ ထိုအချိန်တွင် ယာသမားများသည် မိုးကောင်းကင် အရိပ်အခြည်ကို မျက်ခြည် မပြတ် စောင့်ကြည့်နေတတ်ကြသည်။ အကယ်၍ မိုးရွာခဲ့ပါမူ အုပ်ပြီးသား ချုံပင် များကို ဖယ်၍ နောက်ထပ်တစ်ကြိမ် အုပ်ပေးနိုင်သေးသည်။ အကယ်၍ တတိယအကြိမ် မိုးရွာခဲ့ပါမူကား ပဲပင် များတွင် မှိုတက် ကာ ဆွေးမြည့်ပုပ်သိုးကုန်တတ်၏။ ဤအဖြစ်မျိုးနှင့် ကြုံရပါမူ ပဲသီးနှံ ပျက်လေပြီ။

ပဲသိမ်းချိန်ရောက်၍ ပဲများ နေလှန်းဖို့ အချိန် နီးကပ်လာသောအခါ မယ်တော်မာရီယာကို ဖယောင်းတိုင် တစ်တိုင်ဖြင့် ဆီမီးပူဇော်ပြီး ဆုတောင်းသော

အလေ့အထသည် အဘွားကြီး၏ နှစ်စဉ် လုပ်နေကျအလုပ် ဖြစ်သည်။

ယခုနှစ် ပဲများ နေလှန်းချိန်တွင်လည်း အဘွားကြီးသည် မယ်တော်မာရီယာကို ဆီမီးပူဇော်ခြင်းပြုသည်။ တီရီဆီနာ၏အိမ်ထဲတွင်လည်း ပဲများထည့်သွင်းသိုလှောင်ရန်အတွက် ဂုန်နီအိတ်များ အသင့်ပြင်ထားပြီ။

ပဲကြိတ်စက်များကို ဆီထည့်သုတ်သင်ရှင်းလင်းထားပြီ။

မိုးတစ်ကြိမ် ရွာသည်။

ထိုအခါ ယာသမားများသည် အပြင်လူများကိုပါ ငှား၍ ယာခင်းထဲသို့ ဆင်းကာ ပဲပင်များပေါ်၌ အုပ်ထား သည့် ချုံပင်များကို ဖယ်ပြီး အသစ်ထပ်တင်ကြသည်။ အဘွားကြီးသည် နောက်ထပ် ဖယောင်းတိုင် တစ်တိုင်ဖြင့် မယ်တော်ကို ပူဇော်ပြန်သည်။

မိုးသည် နောက်တစ်ကြိမ် ထပ်၍ ရွာပြန်သည်။

ထိုအခါ အဘွားကြီးသည် ဖယောင်းတိုင်နှစ်တိုင်ဝယ်ပြီး သူ နှစ်ပေါင်းများစွာ အမြတ်တနိုး သိမ်းဆည်း လာခဲ့သည့် ရွှေရည်သုတ် ဖယောင်းတိုင်စင် ကလေးဖြင့် ဆီမီး ပူဇော်ပြန်သည်။ ယာသမားများသည် သူတို့ ပဲခင်းများသို့ ဝင်၍ အုပ်ထားသည့် ချုံပင်များကို ဖယ်ကာ နောက်ထပ် ချုံပင်အသစ်များ အုပ်ပြီး ပဲပင်များ ခြောက်သွေ့စေရန် အားထုတ်ကြပြန်သည်။ သို့သော်လည်း တတိယအကြိမ် မိုးသည်းထန်စွာ ရွာပြန်၏။ မွန်ထရေးမြို့ ကော်တီခရိုင် နယ်မြေအတွင်းမှ ပဲခင်းများ အားလုံးလိုလိုပင် ပျက်စီးကုန်ကြလေ၏။

ဆီနိုရာ တီရီဆီနာ ကော်တက်ဇ် အိမ်အတွင်းသို့ သောကသည် ဝင်ရောက်လာသည်။ သူတို့ဘဝ၏ အားထားမှီ ခိုရာသည် ပျက်စီးသွားခဲ့လေပြီ။ သူတို့ ဝမ်းဗိုက်များ၏ ခေါင်မိုးကလေးသည် ဖျက်ဆီးခံရလေပြီ။ ညပိုင်း တွင် သူတို့ထံ ချဉ်းကပ်လာနေသည့် အငတ်ဘေးကို ကြောက်ရွံ့သဖြင့် ကလေးများက ငိုကြသည်။ အငတ်ဘေး ကျရောက်လာလိမ့်မည်ဟု သူတို့ကို မည်သူကမျှ မပြော။ သို့သော်လည်းသူတို့က နားလည် နေကြသည်။

သူတို့ အဘွားသည် ယခုလို အဖြစ်မျိုးနှင့် ကြုံရသည့်အခါ သူပြုနေကျ ထုံးစံအတိုင်း ဘုရားရှိခိုးကျောင်းထဲ ရောက်နေသည်။ သို့သော်လည်း မယ်တော်မာရီယာ၏ ရုပ်တုကို ကြည့်နေသော သူ့မျက်လုံးများနှင့် သူ့နှုတ်ခမ်း များသည် လှောင်ပြောင်လိုသော သဘောနှင့် ပြစ်တင်ရှုတ်ချလိုသော သဘောများကို ဖော်ပြ နေကြသည်။"သခင်မဟာ တပည့်တော်မရဲ့ ဖယောင်းတိုင်တွေကိုတော့ ယူတယ်" ဟုတွေးသည်။

" ဖယောင်းတိုင် ရဖို့ကျတော့ လောဘ တက်တယ်၊ ဖယောင်းတိုင် လှူတဲ့လူကိုတော့ ဘာမှ မတုံ့ပြန်ချင်ဘူး" သူ၏ယုံကြည်ကိုးစားမှုသည် ဆန်တာက လာရာထံသို့ ကူးပြောင်းသွားသည်။ သူသည် မယ်တော်မာရီယာ လုပ်ပုံ မတရားဟု ထင်ကြောင်း ဆန်တာကလာရာထံ တိုင်တည်သည်။ သူ့ရင်ထဲသို့ အဘိဇ္ဈာစိတ် ဝင်လာသည်။ မယ်တော်မာရီယာ၏အပေါ် ငြိုငြင်သောစိတ်သည်

ပြင်းထန်လာသည်။"အရှင် သိတော်မူတဲ့ အတိုင်းပါ၊ တစ်ခါတစ်ရံ တပည့်တော်မရဲ့ သမီး တီရီဆီနာလည်း သူမွေးတဲ့ ကလေးအဖေကို သူမသိပါဘူး"ဟု ဆန်တာကလာရာကို ထပ်မံ တိုင်တည် ပြန်လေသည်။

ဂျီးဆပ်မေရီယာသည် ကြင်နာသော နှလုံးသားပိုင်ရှင် တစ်ဦးဖြစ်ကြောင်း သိခဲ့ကြရပြီးပြီဖြစ်၏။ လူလူချင်း ကိုယ် ချင်းစာတရား ထားတတ်သော ဂျီးဆပ်စ်မေရီယာ အဖို့တော့ လိုအပ်လာသည့်အခါများတွင် သူ၏ ကြင်နာမှုကို ပြဖို့ ဝန်လေးသူတစ်ဦး မဟုတ်ပေ။ သူသည် တီရီဆီနာနှင့် ခင်မင်ရင်းနှီးသူဖြစ်၏။

သို့သော်လည်း တီရီဆီနာ၏ အိမ်သို့ အဝင်အထွက် မလုပ်မိခဲ့သည် လပေါင်းအတော်ကြာခဲ့ပြီ။ အကယ်၍သာ တီရီဆီနာတို့ မိသားစု ရင်ဆိုင် နေရသော အခြေအနေကို စောစောကတည်းကသာ သိခဲ့ ရပါမူ စောစောကတည်းက လာ၍ အားပေးမည် ဖြစ်၏။ ယခုတော့မူ သူ အသိနောက်ကျခဲ့သဖြင့် တီရီဆီနာ တို့အိမ်တွင် နောက်ဆုံးချန်ထားသည့် လက်ကျန်ပဲ တစ်ဆုပ်စာကို အိုးထဲထည့်၍ ပြုတ်သည့် နေ့ကျ မှ ဤအိမ် သို့ သူရောက်လာခဲ့ရလေသည်။

ဂျီးဆပ်မေရီယာသည် ရီတီဆီနာ၏ အိမ် မီးဖိုခန်းထဲ၌ ထိုင်လျက်ရှိသည်။ ကလေးများသည် သူ့ ခြေထောက် အနီး တွင် ပွတ်သီးပွတ်သပ် လုပ်ကာ ကစားလျက်ရှိကြ၏။ သူသည် တီရီဆီနာက ပြောပြနေသော မိသားစု ရင်ဆိုင် ရတော့မည့် အငတ်ဘေးဒုက္ခအကြောင်းကို စိတ်အလွန် ထိခိုက်စွာဖြင့် နားထောင်နေသည်။ တီရီဆီနာက ခြင်းတောင်းထဲတွင် ပဲတစ်စေ့မှ မကျန်တော့ကြောင်းကို သက်သေပြသည့် အနေဖြင့် ခြင်းတောင်းကို ခါ၍ ခေါက်ပြသည်။ တီရီဆီနာက သူ့ကလေးများကို လက်ညှိုးထိုးပြပြီး ဤကလေးအားလုံး ငတ်မွတ်မှု ကြောင့် အရိုး ချည်းဖြစ်ရတော့မည် ဖြစ်ကြောင်း၊ နောက်ဆုံးတွင် အားလုံး သေကြရလိမ့် မည်ဖြစ်ကြောင်း ပြောပြသည်။ ဂျီးဆပ်စ်မေရီကတော့ တစ်ဖက်က ပြောသမျှကို စိတ်မကောင်းခြင်း ကြီးစွာဖြင့် နားထောင်ရင်း ခေါင်းတညိတ်ညိတ် လုပ်လျက်ရှိလေသည်။

ထို့နောက် တီရီဆီနာ၏အမေက မယ်တော်မာရီယာ၏ အလိမ်ကို သူ ခံရကြောင်းပြောသည်။ ဤစကား ကျတော့ ဂျီးဆပ်စ်မာရီယာက လက်မခံနိုင်။ ကိုယ်ချင်းစာတရားလည်း ထား၍မရ။

" ခင်ဗျား ဘာသိလို့လဲ အဘွားကြီးရဲ့"ဟု သူက ခပ်မာမာ လေသံဖြင့်"မယ်တော်မာရီယာက တခြား တစ်နေရာ မှာ အလုပ်ရှိချင် ရှိနေမှာပေါ့"

" ဒါပေမယ့်ကွယ်၊ ငါပူဇော်တာ ဆီမီးတိုင် လေးတိုင် တောင် ကုန်တယ်ကွယ့်"ဟု အဘွားကြီးက ပြန်ပြောသည်။

ဂျီးဆပ်စ်မေရီယာက အဘွားကြီးကို အေးစက်စက် မျက်နှာထားနှင့် ကြည့်သည်။"သူ့အတွက် ဖယောင်းတိုင် လေးတိုင် ဟာ ဘာများ ဖြစ်လောက်လို့လဲဗျာ"ဟု ပြောသည်။"ကျုပ် ဘုရားရှိခိုးကျောင်း တစ်ကျောင်းမှာ

မြင်ခဲ့ဖူးတာဖြင့် သူကို ပူဇော်ထားတဲ့ ဖယောင်းတိုင်ပေါင်း တစ်ရာကျော်တယ် သိလား၊ သူက ဖယောင်းတိုင်ကို သိပ်အရေးစိုက်တဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး"

အဘွားကြီးကို ခပ်ဆတ်ဆတ် ခပ်မာမာပြောနေသော်လည်း သူ့စိတ်ကတော့ တီရီဆီနာ၏ ဒုက္ခကြောင့် ဗလောင်ဆူလျက် ရှိသည်။ ထိုညတွင် သူဒင်နီအိမ်သို့ ပြန်ရောက်သောအခါ ဤအကြောင်းကို သူ့အပေါင်းအသင်းများအား ပြောပြသည်။ သူ၏ ကြွင်နာသော နှလုံးသားဖြင့် ကလေးများ၏ စားစရာပဲမရှိတော့သည့် အဖြစ်ကို သနားကရုဏာဖြစ်လာအောင် ပြောပြသည်။ ဤသို့ဖြင့် သူ့နှလုံးသားတွင် လောင်ကျွမ်းလျက် ရှိသော မီးတောက်သည် သူ့အပေါင်းအသင်းများ၏ နှလုံးသားများဆီသို့ ကူးစက် သွားသည်။ သူတို့သည် ထိုင်ရာ မှ ထကြသည်။

" ကလေးတွေကိုတော့ အငတ်ထားလို့ ဘယ်ဖြစ်မလဲ"ဟု တစ်ယောက်တစ်ပေါက် ပြောကြသည်။"ဒီကိစ္စကို ငါတို့ ကူညီရမှာပေ့ါ"

" ငါတို့ကတော့ စည်းစိမ်နဲ့ စတိုင်ကျကျ နေကြတယ် မဟုတ်လား"ဟု ပီလွန်က ရေရွတ်သည်။

" အေးပေ့ါ၊ အဲဒီတော့ ငါတို့မှာ ရှိတာကို ပေးရမယ်"ဟု ဒင်နီက ထောက်ခံသည်။"တကယ်လို့ သူတို့မှာ နေစရာ မရှိရင် သူတို့ ဒီအိမ်မှာ လာပြီး နေနိုင်တယ်ကွာ"

" မနက်ဖြန် စပြီး လုပ်ကြမှ ဖြစ်မယ်"ဟု ပက်ဘလိုက ဆိုသည်။"ပျင်းနေလို့ မဖြစ်တော့ဘူးကွ၊ အလုပ်လုပ် ကြရမယ်၊ လုပ်စရာအလုပ်တွေ အများကြီး ရှိနေတာပဲ"

သူတို့ စကားများသည် လေလုံးမိုးလုံး ထွားခြင်းမဟုတ်။ ငါးများရအောင် ရှာပြီး စုဆောင်းကြသည်။ ဒဲလ်မွန်တီ ဟိုတယ် မှ ဟင်းသီးဟင်းရွက်များကို အလစ်ဝင်၍ ခိုးကြသည်။ အောင်မြင်မှု အပြည့်အဝ ရရှိ သော ပွဲတစ်ခု ဖြစ်၏။ သူတို့သည် ခိုးပြီးရင်း ခိုးရင်းနှင့် ပြိုင်မှုများကို ကျူးလွန်ကြသည်။

ပင်လယ်စားပြဲက သူ့ထင်းကို လှည်းတစ်စီးစာ ဆင့်သုံးဆယ် တိုး၍ ယူပြီး မနက်တိုင်း စားသောက်ဆိုင် သုံးဆိုင် သို့ မှန်မှန် ပို့ပေးရသည်။ ကောင်ကြီးဂျိုးသည် မစ္စက်ပါလိုချီကို၏ ဆိတ်မကို သွားသွားခိုးသည်။ သို့သော်လည်း ဆိတ်မက မနေ၊ သူ့သခင်အိမ်သို့ ပြန်ပြန်သွားသည်။

တီရီဆီနာ၏ အိမ်ထဲတွင် အစားအစာ အသစ်အဆန်းများ ပြည့်လာသည်။ သူ့အိမ်ရှေ့ဆင်ဝင်တွင် ဆလတ်ရွက် ပုံများသည် တန်းစီနေကြသည်။ ငါးကွမ်းရှပ် အပုပ်များ၏ အနံ့သည် သူ့အိမ်နားနီးချင်းများ မခံမရပ် နိုင် လောက်အောင် နံစော်လျက်ရှိ၏။ ဤမျှလောက်အထိ အစားအစာ အလျှံပယ် ဖြစ်နေသော် လည်း သူ့မိတ်ဆွေ များ၏ စေတနာမီးတောက်မှာ တောက်လောင်ဆဲ။

မွန်ထရေး ပုလိပ်အဖွဲ့၏ အမှုတိုင်ချက် စာအုပ်တွင် ဤရက်အတွင်း ရာဇဝတ်မှု အသေးအဖွဲ့များဖြင့် ပြည့်နေသည်။ ပုလိပ်ကားသည် တစ်နေရာမှ

တစ်နေရာသို့ ကူးချည်ပြန်ချည် ဖြစ်နေသည်။ ဤနေရာတွင် ကြက်တစ် ကောင် အခိုးခံရပြီး နောက်တစ်နေရာတွင် ရွှေဖရုံသီး တစ်ခင်းလုံး ပြုတ်အောင် အခိုးခံရသည်။ ပလာဒီနီ ကုမ္ပဏီ မှ ကြော်ရန် ထားသော ပင်လယ်ခရု အသားပေါင်တစ်ရာဝင်ဘူး နှစ်ဘူး အခိုးခံရသည်ဟု ပုလိပ်အဖွဲ့ကို တိုင်ကြားလေသည်။

တီရီဆီနာ၏ အိမ်တွင် အစားအစာ ပစ္စည်းများဖြင့် အပြည့်အသိပ် ဖြစ်နေခဲ့လေပြီ။ မီးဖိုခန်းထဲတွင် အစားအစာ များသည် အစုလိုက် အပြုံလိုက် နောက်ဖေးခြံဝင်းထဲတွင် ဟင်းသီးဟင်းရွက်များ တောင်လို ပုံနေသည်။ အစားအစာထုတ်လုပ်သော နေရာဌာနမျိုးမှ ခိုးယူ၍ ရလာသော ပစ္စည်းများကို အသက်ပင် မှန်မှန်မရှူနိုင်ဘဲ အမော တကော ကဆုန်ပေါက် ပြေးလာပြီး အပ်လေ့ရှိသည်။ ထို့နောက် သူတို့သည် နောက်ထပ် ဘယ်လို အကြံအဖန် ဆက်လုပ်ရမည်ကို တီရီဆီနာနှင့် ဆွေးနွေးတိုင်ပင်ပြီး အစီအစဉ်များ ထပ်မံ ဆွဲကြပြန်လေသည်။

ပထမတွင် တီရီဆီနာသည် အစားအစာများ မကုန်မခန်းနိုင်လောက်အောင် ရနေသဖြင့် အပျော်ကြီး ပျော်ကာ အရူးအမူး ဖြစ်လျက်ရှိသည်။ တနင်္ဂနွေ တစ်ပတ်မျှ ကုန်လွန်သွားသောအခါတွင်မူ သူ့စိတ်သည် ဇဝေဇဝါ ဖြစ်လာသည်။ ပထမဆုံး သူ၏ နို့စို့ကလေးသည် ဗိုက်နာရောဂါကို အပြင်းအထန် ခံစားရသည်။ အီနီ ကတော့ မကြာခဏ အစာမကြေ ဖြစ်လာသည်။ အယ်လ်ဖရက်ဒိုးမှာလည်း ဘယ်လိုဖြစ်သည် မသိ၊ တစ်မျက်နှာလုံး နီရဲ နေသည်။ ကျန်ကလေးများမှာလည်း အချိန်ရှိသရွေ့ တဝိုဝို တယိုယိုနှင့် ပူပူဆာဆာ ဖြစ်လာကြ၏။ တီရီဆီနာသည် ဖြစ်နေသမျှကို သူ့မိတ်ဆွေများအား အသိပေးချင်သည်။ သို့သော်လည်း အသိပေးရ မှာ အားနာလျက်ရှိ၏။

သူတို့၏ စေတနာကို စော်ကားသလိုဖြစ်မှာ ကြောက်နေသည်။ ဤသို့ဖြင့် ပြောရမည့် ကိစ္စကို မပြောဖြစ်ဘဲ နောက်ထပ် ရက်ပေါင်းများစွာ ကုန်လွန်ခဲ့ပြန်သည်။ တစ်နေ့တွင် မုန်ညင်းရွက်ပေါင် ငါးဆယ် စည်းကြီး တစ်စည်းနှင့် ဖရဲသီးခြင်းကြီး တစ်ခြင်း ယူလာကြသည်။ ထိုအခါကျပင် တီရီဆီနာက သူ ကြုံတွေ့နေရ သည့် အဖြစ်ကို ဖွင့်ပြောမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။ ဤအချိန်တွင် တီရီဆီနာ၏ အိမ်နီးချင်း များကလည်း သူ့ကို သင်္ကာမကင်းသော မျက်လုံးများဖြင့် မျက်ခုံးများပင့်၍ ကြည့်စ ပြုနေကြလေပြီ။

တီရီဆီနာက ဒင်နီနှင့် သူ့အပေါင်းအသင်း အားလုံးကို မီးဖိုခန်းထဲသို့ ဖိတ်ခေါ်သည်၊ ထို့နောက် သူ ကြုံနေရ သည့် ဒုက္ခကို နားလည်အောင် ရှင်းပြသည်။

" လတ်လတ်ဆတ်ဆတ် ဟင်းသီးဟင်းရွက်နဲ့ သစ်သီးတွေဟာ

ကလေးတွေနဲ့ မသင့်ဘူး"ဟု သူက ရှင်းပြသည်။"နွားနို့ကျတော့လည်း နို့ဖြတ်စကလေးတွေကို တိုက်ရင် ဝမ်းချုပ်တတ်တယ်"ဟု သူက တစ်ကိုယ်လုံး နီရဲကာ စိတ်တိုနေကြသော ကလေးများကို လက်ညှိုးထိုးပြသည်။"မြင်တယ် မဟုတ်လား၊ သူတို့အားလုံး နေမကောင်း ဖြစ်ကုန်ကြပြီ၊ သူတို့နဲ့ သင့်တော်တဲ့ အစာကို မစားရလို့ ဖြစ်တာ"

" သူတို့နဲ့ သင့်တဲ့ အစားအစာက ဘာလဲ"ဟု ပီလွန်က မေးသည်။

" ပဲပေါ့"ဟု သူက ပြန်ပြောသည်။"ပဲကတော့ သူတို့အတွက် စိတ်အချရဆုံး အစာပဲ"

သူ့မိတ်ဆွေ များသည် ဘာမှ မပြောကြတော့ဘဲ အသာပင် ငြိမ်ကုပ်ပြီး ပြန်သွားကြသည်။ အမှန်အားဖြင့် တီရီဆီနာ၏စကားကို ကြားရသဖြင့် သူတို့ အားလုံး စိတ်ထိခိုက်ကြသည်။ သို့သော်လည်း စိတ်မထိခိုက် လေဟန်ဆောင် ၍ နေကြသည်။ မည်သို့ပင် ဖြစ်စေ စိတ်အားထက်သန်စွာဖြင့် ကူညီစောင့်ရှောက် လိုသည့် စိတ်ကတော့ များစွာ လျော့နည်းသွားခဲ့ရလေပြီ။

ဤကိစ္စနှင့် ပတ်သက်၍ သူတို့လူစုသည် ဒင်နီ၏ အိမ်တွင် ထပ်မံ၍ ဆွေးနွေး တိုင်ပင်ကြသည်။ ဤကိစ္စကို လူ သိခံ၍တော့ မဖြစ်။ အဘယ်ကြောင့်ဟူမူ ဤအမှုမျိုးကျတော့ ကြီးလေးသော အပြစ်ဒဏ်ကို ခံရဖွယ်ရာ ရှိနေခြင်း ကြောင့်ဖြစ်၏။

ညတစ်ည သန်းခေါင်ကျော် အချိန်တွင် လူရိပ်မည်းမည်း လေးခုသည် မွန်ထရေးမြို့တွင်းမှ ဖြတ်သွားသည်။ အနောက်ပိုင်း ဒေသ ကုန်ပစ္စည်းများ ရောင်းဝယ် ဖောက်ကားရေး ကုမ္ပဏီပိုင် ကုန်လှောင်ရုံကြီးဆီသို့ ချဉ်းကပ်သည်။ နောက်ပိုင်းတွင် ညစောင့်က ထိုညက အသံများ ကြားရသဖြင့် သူကိုယ်တိုင် လျှောက်၍ စစ်ဆေးကြည့်ရှု ခဲ့ကြောင်း သို့သော်လည်း ဘာကိုမှ မမြင်ရ မတွေ့ရကြောင်း ပြောပြသည်။ သော့ကို မည်ကဲ့ သို့ ရိုက်ချိုးသည်၊ တံခါးကို ဘယ်လိုဖွင့်သည်။ ပစ္စည်းများကို ဘယ်ပုံဘယ်နည်း ထုတ်ယူ သွားသည် ဟူသော အချက်များကိုမူကား သူ လုံးဝ မပြောနိုင်ချေ။ ထိုညက ညစောင့် ကုလားသေကုလားမော အိပ်မော ကျနေပါသည်ဟု ဘယ်တော့မှ ထုတ်ဖော်၍ ပြောကြလိမ့်မည်မဟုတ်ပေ။

ထိုညက လူရိပ်လေးခုသည် ဝန်ထုပ်ဝန်ပိုးများကို ထမ်း၍ ကုန်လှောင်ရုံအနီးမှ ကုန်းကုန်း ကုန်းကုန်းနှင့် ထွက်ခွာ သွားကြသည်။ ထိုအရိပ်မည်းမည်းလေးခုဆီမှ တဟောဟော တဟဲဟဲ မြည်နေသော အသက်ရှူသံများ ကိုခပ်လှမ်းလှမ်းမှပင် ကြားနိုင်လောက်၏။ ထိုညက မနက်သုံးနာရီထိုးခန့်တွင် အိမ်နောက်ဖေး တံခါးဖွင့်သံ ကြားရသဖြင့် တီရီစီနာသည် အိပ်ရာမှ လန့်နိုးလာသည်။"ဘယ်သူလဲ"ဟု သူက အော်မေးသည်။ အဖြေမရ၊ သို့သော်လည်း အတော်လေးပုံရသည့် ပစ္စည်းထုပ် လေးထုပ်ချသံကို သူကြားရသည်။ ပစ္စည်းထုပ် ချလိုက်တိုင်း တစ်အိမ်လုံး သိမ့်ခနဲ

လှုပ်ခါသွားသည်ကိုလည်း သူ သတိထားမိသည်။ သူသည် ဖယောင်းတိုင်တစ်တိုင် ကပျာကယာ ထွန်းကာ ဖိနပ်ပင် မစီးနိုင်တော့ဘဲ အိမ်နောက်ဖေး မီးဖိုချောင်ဘက်သို့ ခပ်သုတ်သုတ် ပြေးသွားသည်။ မီးဖိုချောင်ထဲတွင် နံရံကိုမှီ၍ ထောင်ထားသော ပေါင်တစ်ရာဝင် ပဲအိတ်လေးအိတ်။

တီရီဆီနာသည် သူ့အမေကို ပြေးနှိုးသည်။"မီးဖိုထဲကို လာကြည့်စမ်းပါဦး၊ မယုံနိုင်လောက်အောင်ကို ထူးဆန်း တာပဲ"ဟု အော်ပြောသည်။

အဘွားကြီးသည် ပဲအိတ်လေးအိတ်ကို ကြည့်ကာ အကြီးအကျယ် အံ့အားသင့်လျက်ရှိသည်။"တပည့်တော်မ ဟာ အင်မတန် ဆိုးသွမ်းယုတ်မာတဲ့ မိန်းမတစ်ယောက် ဖြစ်နေပါပြီ။ တပည့်တော်မကို ခွင့်လွှတ် တော်မူပါ။ သနားကရုဏာထားတော်မူပါ။ တပည့်တော်မ အသက်နဲ့ ကိုယ် မြဲနေသမျှ ကာလပတ် လုံး လစဉ် ဖယောင်းတိုင် တစ်တိုင် မယ်တော့်ကို ပူဇော်သွားပါ့မယ်"ဟု ရေရွတ် မြည်တမ်းလျက်ရှိသည်။

ဒင်နီ၏ အိမ်တွင်မူ သူငယ်ချင်း လေးယောက်သည် စောင်ကိုယ်စီ ခြုံကာ လဲလျောင်းလျက်ရှိကြ၏။ လေးယောက်စလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာလျက်ရှိကြ၏။ သူတို့သည် လုပ်သင့်လုပ်ထိုက်သည့် အလုပ်တစ်ခုကို လုပ်ပြီးခဲ့ပြီဖြစ်၍ စိတ်အေးနားအေး အိပ်ကြသည်။ နေဖင်ထိုးခါမှပင် နိုးကြတော့မည်ဖြစ်၏။

ထိုအချိန်တွင် တီရီဆီနာသည် မလွဲနိုင် မမှားနိုင်သည့် သူ့နည်းသူ့ဟန်ဖြင့် သူ့တွင် ကလေးတစ်ယောက် ကိုယ်ဝန် ရှိဦးတော့မည့် အခြေအနေကို အတိအကျ သိနေပြီဖြစ်၏။ သူသည် ပဲတစ်ခွက်ကို ခပ်၍ အိုးထဲ ထည့်ရင်းက ထိုကလေး၏ အဖေသည် ဒင်နီ၏ သူငယ်ချင်းများထဲမှ ဘယ်သူဖြစ်နိုင်မည်ကို အလုပ်မရှိ အလုပ်ရှာ ၍ စဉ်းစားတွေးတောလျက်ရှိလေသည်။

ဒင်နီ၏အိမ်မှ သာယာသောဘဝ၊ လက်ဆောင်ရလိုက်သည့် ဝက်တစ်ကောင်၊ အရှည်ကြီးဘော့ပ်၏ ဒုက္ခနှင့် အဘိုးအို ရာဗင်းနိုး၏ လွဲမှားသော အချစ်

တော်လီလာဖလက်ရပ်ကွက်မှ ပီဆာနိုးများသည် စားပွဲတင်နာရီနှင့် လက်ပတ်နာရီများကို ဘယ်တော့မှ မသုံးချေ။ ဒင်နီနှင့် သူ့အပေါင်းအသင်းများထဲမှ တစ်ဦးတစ်ယောက်သည် အလွန်ထူးဆန်းသောနည်းဖြင့် လက်ပတ်နာရီတစ်လုံး တလေကို မကြာမကြာရလာတတ်သည်။ သို့သော်လည်း ကုန်ပစ္စည်းချင်း ဖလှယ်ရာ၌ အဖိုးထိုက်တန်သည့် ပစ္စည်းတစ်ခု အဖြစ်သာ လူကြိုက်များခြင်းဖြစ်၏။ သူတို့၏ ဘဝတွင် လက်ပတ်နာရီသည် အရေးပါ အရာရောက်သည့် ပစ္စည်းတစ်ခုမဟုတ်ပေ။ အချိန်နာရီ သိဖို့ဆိုရင် ရွှေရောင်လွှမ်း နေသော နေမင်းကြီးသည် သူတို့အတွက် အဖိုးမဖြတ်နိုင်သော နာရီကြီးဖြစ်သည်။ နေနာရီသည် လက်ပတ်နာရီထက် ကောင်း၏။ ညပိုးတော့ လက်ပတ်နာရီထက် ပို၍ လုံခြုံသည်။ အဘယ်ကြောင့် ဆိုသော် နေနာရီကို တော်ရဲလီးဆိုင်သို့ ပို့ပြီး အရက်နှင့် လဲ၍ မသောက်နိုင်ခြင်းကြောင့်ပေတည်း။

နွေရာသီတွင် နာရီလက်တံက ခုနစ်ဂဏန်းကို ညွှန်ပြသည့်အခါ အိပ်ရာမှထရန် အချိန်ကောင်းဖြစ်၏။ သို့သော် လည်း ဆောင်းရာသီ၌ ထိုအချိန်သည် လုံးဝ တန်ဖိုးမရှိတော့ပေ။ ဆောင်းရာသီ၌ဆိုလျှင် နေက ညွှန်ပြသော အချိန်သည်သာလျှင် အကောင်းဆုံးဖြစ်၏။ အမှန်တော့ နွေရာသီ၌ဖြစ်စေ၊ ဆောင်းရာသီ ၌ ဖြစ်စေ၊ ထင်းရှူးပင် ထိပ်ဖျားကို နေကျော်လာပြီး အိမ်ရှေ့ဆင်ဝင်ထက်သို့ နေရောင်ထိုးလာသော အချိန်သည် အိပ်ရာမှ ထသင့် သည့်အချိန်ဖြစ်၏။ အူနှင့် ပောင်းလောင်း ဖြစ်နေသော ဝမ်းဗိုက် မလှုပ်ရှား တော့သည့် အချိန်ဖြစ်၏။

ပင်လယ်စားပြနှင့် သူ့ခွေးများသည် ညည့်ခန်းထဲရှိ သူတို့အတွက် ပေးထားသော ထောင့်တွင် လုံလုံခြုံခြုံ နွေးနွေး ထွေးထွေး အိပ်ပျော်လျက်ရှိကြသည်။ ပီလွန်၊ ပက်ဘလို၊ ဂျီးဆပ်စ်မေရီယာ၊ ဒင်နီနှင့် ကောင်ကြီးဂျိုး တို့ ကတော့ အိပ်ခန်းထဲတွင် အိပ်နေကြသည်။ ဒင်နီသည် သနားကြင်နာတတ်ပြီး အပေးအကမ်း ရက်ရောသူ တစ်ဦး ဖြစ်သည်မှာ မှန်သော်လည်း သူ့အိပ်ရာကိုမူ သူမှတစ်ပါး အခြားလူများကို အိပ်ခွင့် မပြုချေ။ ကောင်ကြီးဂျိုးသည် ဒင်နီ၏ အိပ်ရာပေါ် တက်အိပ်ရန် နှစ်ကြိမ်မျှ ကြိုးစားခဲ့ဖူးသည်။ သို့သော်လည်း ကျူးကျော် ၍ မရသဖြင့် ဒင်နီအိပ်ရာ၏ တန်ဖိုးကို နားလည်သွားသည်အထိ တုတ်တစ်ချောင်း ဒဏ် ခံလိုက်သဖြင့် နောက်ထပ် တက်အိပ်ဖို့ မကြိုးစားဝံ့တော့ချေ။

ဒင်နီ၏ သူငယ်ချင်း များသည် ကြမ်းပေါ်၌ အိပ်ကြသည်ဖြစ်ရာ သူတို့၏ အိပ်ရာခင်းနှင့် စောင်များသည် တွေ့နေကျ မြင်နေကျ ပစ္စည်းများမဟုတ်။ ပက်ဘလိုသည် သိုးရေသုံးချပ် စပ်ချုပ်ထားသည့် အရာကို စောင်အဖြစ် ခြုံအိပ်သည်။ ဂျီးဆပ်စ်မေရီယာတွင် အပေါ်ဝတ် ကုတ်အကျႌရှည်ကြီး တစ်ထည်ရှိရာ သူ့ခြေ ထောက်နှစ်ဖက်ကို အကျႌလက်မောင်း တစ်ဖက်တွင် သွင်းပြီး လက်နှစ်ဖက်ကို ကျန်အကျႌ လက်မောင်း တစ်ဖက် တွင် သွင်းအိပ်သည်။ ပီလွန်ကတော့ ကော်ဇောဟောင်းတစ်ခုနှင့် သူ့တစ်ကိုယ်လုံးကို ပတ်၍ အိပ်သည်။ ကောင်ကြီးဂျိုးကတော့ အချိန်ရှိသမျှ ခွေးတစ်ကောင်ကဲ့ သို့ ကွေး၍အိပ်သည်။ သူ့ကိုယ်ပေါ်တွင် သူ့အကျႌနှင့် ဘောင်းဘီ မှ လွဲ၍ အခြားဘာမှမရှိ။

ကောင်ကြီးဂျိုးသည် ဘာပစ္စည်းကိုမှ သူ့လက်ထဲတွင် ကြာကြာမြဲအောင် ထိန်းသိမ်းနိုင်သူမဟုတ်။ သူ့လက်ထဲ သို့ ရောက်လာသည့် ပစ္စည်းတိုင်းကို ဝိုင်နှင့် လဲသောက်ရာ၌ ပါရမီထူးသူ တစ်ဦးဖြစ်၏။ ဤသို့ဖြင့် သူတို့လူစုသည် တစ်ခါတစ်ရံတွင် ဟောက်သံများဖြင့် ဆူညံနေတတ်သော်လည်း အများအားဖြင့် သက်သောင့် သက်သာ အိပ်ကြရသည်။ အလွန် အေးသော ညတစ်ညတွင် ကောင်ကြီးဂျိုးသည် ပင်လယ်ဓားပြ ထံ မှ ခွေးတစ်ကောင်ကို ငှားပြီး သူ့ခြေထောက်များ အနွေးဓာတ်ရရန် အားထုတ်သည်။ သို့သော်လည်း သူ့သခင်ပင်လယ်ဓားပြ မှ လွဲ၍ ဘယ်သူ့ကိုမှ လူမထင်သော ခွေးက ကောင်ကြီးဂျိုး၏ ခြေထောက်ကို ကိုက်သဖြင့် ဒဏ်ရာရခြင်းသာလျှင် အမြတ်ထွက်ခဲ့လေသည်။

ဒင်နီ၏ အိမ်ပြတင်းပေါက်များတွင် ခန်းဆီးများ တပ်မထားပေ။ သို့သော်လည်း သဘာဝတရားက ဖန်တီးပေး ထားသဖြင့် ပြတင်းပေါက်မှန်များပေါ်တွင် ပင့်ကူအိမ်များသည် ဖုန်မှုန့်များရောကာ ခန်းဆီးများသဖွယ် ဖြစ်လျက် ရှိသည်။

" ပြတင်းပေါက် တွေကို ဆပ်ပြာနဲ့ တိုက်ပြီး ဆေးလိုက်ရင် ကောင်းမယ်"ဟု ဒင်နီက ပြောဖူးသည်။

ပီလွန်က သဘောမတူ။"ပြတင်းပေါက်ကို ရေဆေးလိုက်ရင် အပြင်က အလင်းရောင်တွေ အများကြီး ဝင်လာလိမ့်မယ်"ဟု ပြောသည်။"အိမ်ထဲမှာ အလင်းရောင် သိပ်များနေရင် ငါတို့ အပြင်ထွက်ပြီး အချိန်မဖြုန်း နိုင်ဘဲ ဖြစ်ကုန်မှာ။ ပြီးတော့လည်း ညညကျရင် လေက သိပ်အေးတာ၊ အဲဒီအချိန်မျိုး ကျတော့ လည်း အပြင်က အလင်းရောင်ကို ရဖို့ မလိုပါဘူး"

ထိုအခါ ဒင်နီက သူ့စိတ်ကူးကို အကောင်အထည် မဖော်တော့ပေ။ ပြတင်းပေါက်များသည် နဂိုအတိုင်းပင် တည် နေသည်။ ဤကြားထဲတွင် ယင်ကောင်များသည် တစ်ကောင်ပြီး တစ်ကောင် ပင့်ကူအိမ်များတွင် ဝင်၍ ငြိတွယ် ပြီး သူတို့၏ အသွေးအသားများကို ပင့်ကူမိသားစုအား ပူဇော်ကြသည်။ အချိန်တွေ ကြာလာသောအခါ ယင် ကောင်အသေများသည် ဖုန်မှုန့်များ၊ ပင့်ကူအိမ်များနှင့်

လုံးထွေးကာ ပြတင်းပေါက်မှန်များတွင် ကပ်နေကြသည်။ ဤသို့ဖြင့် နေ့ခင်းနေ့လယ်မှာပင် အပြင်မှ အလင်းရောင်သည် အတွင်းသို့ မဝင်နိုင် တော့ ဘဲ တစ်အိမ်လုံး အမြဲတစေ မှောင်မိုက်နေလေတော့သည်။

သူတို့အနေဖြင့် ငြိမ်းချမ်းစွာ အိပ်ကြရသည်ကား မှန်ပါ၏။ သို့သော်လည်း မနက်လင်း၍ ပြတင်းပေါက်မှန်များ ပေါ် နေရောင်ကျလာသည့်အခါတွင်မှ သူတို့အားလုံး အိပ်ရာမှ ထကြရလေတော့သည်။ ထိုအချိန်တွင် နေရောင်သည် အိမ်ထဲသို့ ရောက်အောင် မဝင်နိုင်သဖြင့် သူတို့လူစုသည် အနွေးဓာတ်ကို မရကြတော့ပေ။ ထိုအချိန် တွင် အပြင်ဘက် အိမ်ရှေ့ဆင်ဝင်၌ နေရောင်များ ကျနေပြီဖြစ်၍ နွေးနွေးထွေးထွေး ရှိနေပြီဖြစ်၏။ ထို့ကြောင့် လည်း သူတို့သည် အိပ်ရာမှ မထချင် ထချင်နှင့် ထကာ ဖိနပ်များကို ရှာ၍ စီးကြသည်။ မီးမွှေးပြီး လက်ဖက်ခြောက် နှပ်ကာ လက်ဖက်ရည် တစ်ယောက်တစ်ခွက် သောက်ကြသည်။ ထို့နောက် အိမ်ရှေ့ ဆင်ဝင် တွင် တန်းစီ၍ ထိုင်ကာ နေစာလှုံကြသည်။ ယင်ကောင် များသည် သူတို့ အနီး ပတ်ပတ်လည်တွင် တဝီဝီ ပျံသန်း နေလျက်ရှိကြ၏။

အိပ်ချင်စိတ်ကား မပြေသေး။ တစ်ယောက်နှင့် တစ်ယောက် စကားမပြောမဖြစ်၍သာ ပြောနေကြသည်၊ စိတ် ကတော့ မပါ။ နှေးကွေးလေးလံလှ၏။ ကြာလာသောအခါတွင်မှ အခြေအနေ ပြောင်းလာသည်။ ပြောစရာ အကြောင်းတွေ အများကြီးရှိလာသည်။ စိတ်ဝင်စားစရာ အကြောင်းတွေကလည်း တစ်ခုပြီးတစ်ခု ပေါ်လာသည်။ ထိုအခါ စကားပြောလို့ ကောင်းလာသည်။ သွက်လက်တက်ကြွလာသည်။ စိတ်အား ထက်သန် လာသည်။

သူတို့ကြားတွင် ရှိနေသော ရဲဘော်ရဲဘက်စိတ်သည် ပြန်လည် ရှင်သန်ကာ တည်ရှိလာသည်။ အများ အားဖြင့် သူတို့၏ အတွေးများသည် ကော်နဲလီယာရှဇ်ထံသို့ ရောက်သွားကြသည်က များ၏။ ယင်းကဲ့သို့ ဖြစ်ရခြင်း မှာလည်း အကြောင်းမဲ့တော့မဟုတ်။ ကော်နဲလီယာရှဇ်သည် နေ့စဉ်နေ့တိုင်း နေ့ရောညပါ ပြဿနာ ရှိ နေသူဖြစ်၏။ သူ့ပြဿနာများသည် စိတ်ဝင်စားစရာလည်း ကောင်းသည်။ ထူးလည်း ထူးဆန်းသည်။ သူဖြစ်လိုက်လျှင် ဖြစ်ရိုးဖြစ်စဉ်များ မဟုတ်။ သို့သော်လည်း သူ့ဖြစ်စဉ်များထဲတွင် ကိုယ်ကျင့် တရား ကောင်းမွန် ရေးအတွက် သင်ခန်းစာယူစရာဆို၍ ဘာတစ်ခုမျှ မရှိ။

ထိုနေ့မနက်က နေရောင်သည် ထင်းရှူးပင်များကြားမှ ဖောက်ထွင်းကာ တဝင်းဝင်း တလက်လက် တောက်ပနေသည်။ ခြောက်သွေ့နေသော မြေနံ့နှင့် ကတ်စတီလီ နှင်းဆီပန်းနံ့များသည် လေထဲတွင် တသင်းသင်းပျံ့နေသည်။ အခုလို သာယာနေသောအချိန်သည် ဒင်နီ တို့ လူစုအဖို့ အကောင်းဆုံးသော အချိန် ဖြစ်သည်။ သူတို့သည် သူတို့၏ မိတ်ဆွေ အပေါင်းအသင်းများအကြောင်း အတင်းအဖျင်း ပြော ကြသည်။ သို့သော်လည်း မကောင်းသောစိတ်ဖြင့်မဟုတ်။ စိတ်ဝင်စားစရာ အကြောင်းအရာအဖြစ် ထား၍ ပြောကြခြင်း။

" မနေ့က အဲလ်ဘတ်ရပ်စ်မတ်ဆင်နဲ့ ငါတွေ့ခဲ့ရတယ်"ဟု ဒင်နီက ပြောသည်။"သူ ကော်နဲလီယာ အိမ်က ပြန်လာတာလို့ ပြောတယ်။ ကော်နဲလီယာဆိုတဲ့ ကောင်မက ဘာပြဿနာ တက်ပြန်သလဲ မသိဘူး၊ ဒီကောင်မက နေ့စဉ် လိုလို ပြဿနာရှိတဲ့ ကောင်မပါလား"

" ဒါက သူ့အထာပဲလေကွာ"ဟု ပက်ဘလိုက ပြောသည်။"ကော်နဲလီယာမှာ အချစ်ပွဲနဲ့ ရန်ပွဲကလွဲလို့ တခြား ဘာမှ မရှိတာ မှ မဟုတ်ဘဲ"

" မင်းက သူ့ မှာ အဲဒီနှစ်ခုကလွဲပြီး တခြားဘာများ ရှိစေချင်သေးလို့လဲကွာ"ဟု ပီလွန်က မေးသည်။

" ဒီကောင်မက ဘယ်တော့မှ အေးအေးဆေးဆေး မရှိပါဘူးကွာ"ဟု ဂျီးဆပ်စ်မေရီယာက စိတ်မကောင်း ဖြစ်သော လေသံဖြင့် ပြောသည်။

" သူကိုယ်တိုင်ကလည်း အေးအေးဆေးဆေး နေတတ်တဲ့ ကောင်မမှ မဟုတ်တာ"ဟု ပီလွန်က ပြောသည်။"သူ့ကို အေးအေးဆေးဆေး နေခိုင်းလိုက်ရင် ချက်ချင်း အသက်ထွက်သွားမှာပေါ့၊ သူက ချစ်မယ်၊ ရန်ဖြစ်မယ် ဆိုတဲ့ မိန်းမစား တစ်ယောက်ကွ၊ မင်း ပြောဖူးတဲ့ စကားတစ်ခု ရှိတယ်လေ၊ အချစ်ပွဲရယ်၊ ရန်ပွဲရယ်၊ ပြီးတော့ ဝိုင်ရယ်၊ အဲဒီ သုံးမျိုးသာ ရှိနေရင် လူတစ်ယောက်ဟာ တစ်သက်လုံး စိတ်ပျိုကိုယ်နု ဖြစ်နေ မှာပေါ့ ဆိုတဲ့ စကားလေ၊အဲဒီစကားဟာ ကော်နဲလီယာအတွက် အလွန်မှန်တဲ့စကားပဲ ပက်ဘလို၊ ဒါနဲ့ နေစမ်းပါဦး၊ မနေ့က ကော်နဲလီယာ ဘာဖြစ်တာလဲ"

ဒင်နီက အပေါ်စီးရလိုက်ပြီဟူသော မျက်နှာပေးဖြင့် ပီလွန်ကို ကြည့်သည်။ ပီလွန်သည် တော်တီလာဖလက် ရပ်ကွက် အတွင်း၌ ဖြစ်ပျက်သမျှကို သိသူဟု နာမည်တစ်လုံးနှင့် နေသူဖြစ်၏။ အခုကိစ္စကျတော့ သူမသိ။

မင်းတို့ အားလုံး သိကြတာပဲ"ဟု ဒင်နီက ပြောသည်။"ယောကျ်ားတွေ ကော်နဲလီယာဆီ လာရင် လက်ဆောင် တစ်ခုခု ယူလာတတ်ကြတယ် မဟုတ်လား။ ကြက်တစ်ကောင်၊ ဒါမှမဟုတ် ယုန်တစ်ကောင်၊ ဒါမှ မဟုတ် ဂေါ်ဖီထုပ် တစ်ထုပ် စတဲ့ဟာမျိုး တစ်ခုခုပေါ့၊ အဖိုးတန်တဲ့ ပစ္စည်းတော့ မဟုတ်ပါဘူး။ ကော်နဲလီယာက လည်း အဖိုးတန်တာ မတန်တာ အဒိက မဟုတ်ဘူး။

လက်ဆောင်ပါရင် သိပ်သဘောကျတတ်တယ် မဟုတ်လား၊ အဲ ... မနေ့ကတော့ အီမီလီယို မူရီယက်တားက ကော်နဲလီယာအတွက် ဝက်ပေါက်စ တစ်ကောင် လက်ဆောင်ယူလာသတဲ့။ ဝက်က ပန်းရောင်တဲ့၊ အဲဒီဝက်ပေါက်စကို အီမီလီယိုက လိုက်လို့ သူက ဒုန်းစိုင်း ပြေးခဲ့ရသတဲ့၊ နောက်ဆုံး လွတ်လာခဲ့တယ် ဆိုပါတော့၊ လွတ်လည်းလွတ်ရော သူက ကော်နဲလီယာဆီ တန်း လာခဲ့သတဲ့။

" အီမီလီယို ဆိုတဲ့ ကောင်ကလည်း လေအိုးတစ်ယောက်ပါကွာ၊ သူက ကော်နဲလီယာကို ဝက်တစ်ကောင် မွေးရ တာ သိပ်ကောင်းတယ်၊ ဝက်ဆိုတဲ့ အကောင်မျိုးက ဘာကျွေးကျွေးစားတဲ့ ကောင်မျိုး၊ မွေးလို့ ကောင်း တဲ့ တိရစ္ဆာန်၊ ဒီဝက်ကလေးကို ချစ်ပါ၊ ဒါပေမယ့် ဒီဝက်ကြီးလာရင်တော့

အချိုးပြောင်းလာလိမ့်မယ်၊ ယုတ်မာ ညစ်ညမ်း လာလိမ့်မယ်၊ အဲဒီအခါကျရင်တော့ သူ့ကို မချစ်နဲ့တော့၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဲဒီဝက်က နင့်ကို ကိုက်ရင် နင်ဒေါသဖြစ်မယ်၊ အဲဒီတော့လည်း ဒီဝက်ကို သတ်ပြီး စားလိုက်ရုံပဲ၊ ဘယ်လောက် ကောင်းသလဲလို့ ပြောသတဲ့"

ဒင်နီ၏ သူငယ်ချင်းများက ခေါင်းတညိတ်ညိတ် လုပ်၍ နားထောင်ကြသည်။ ပီလွှန်က သူ့ထင်မြင်ချက်ကို ဝင် ပြောသည်။"အီမိလီယို ဆိုတဲ့ ကောင်က လေကြီးပေမယ့် လူအ တစ်ယောက်တော့ မဟုတ်ဘူးကွ၊ တချို့နေရာ တွေမှာ အင်မတန် လည်တယ်၊ ဒီဝက်ကို အရင်းပြုပြီး သူ့သာယာမှုအတွက် ဘယ်လောက်များ ကပ်တွယ်သွားမှန်းမှ မသိတာ၊ ငါသူနဲ့တွေ့ပြီး မေးကြည့်ရဦးမယ်"

" ဝက်အကြောင်း ဆက်ပြောစမ်းပါဦး"ဟု ပက်ဘလိုက ကြားဖြတ်မေးသည်။

ဒင်နီက ပြောလက်စ စကားကို ဆက်သည်။"ကော်နဲလီယာက သူပေးတဲ့ ဝက်ကို ယူတယ်၊ အီမီလီယို အပေါ် မှာလည်း ထုံးစံအတိုင်း သိပ်ကောင်းလိုက်တယ်၊ ကိစ္စဝိစ္စ ပြီးလို့လစ်ရော သူက သေတ္တာဟောင်း လေးတစ်လုံးကို မီးဖိုဘေးမှာထားပြီး ဝက်ပေါက်စကို အဲဒီထဲ ထည့်ထားသတဲ့။

" အဲဒီနောက်တော့ သူ့အပေါင်းအသင်း မိန်းမတွေက ဝက်ပေါက်စကို လာလာပြီး ကြည့်ကြသတဲ့။ သူ့ဝက်ပေါက်စကို ပွေ့ကလိုက် ပိုက်လိုက် လုပ်တော့လည်း ကော်နီလီယာက သဘောကျတာပေါ့၊ တစ်နေ့ကျ တော့ ရာမီးရက်ဇ်က ဝက်ပေါက်စကို လာကြည့်ရင်းနဲ့ ဝက်မြီးကို တက်နင်းမိသတဲ့၊ ဝက်က အော်လိုက်တာ ကြွက်ကြွက်ကို ညံရောတဲ့၊ ရထားခေါင်းဆွဲ ဥသြမှုတ်သံထက်တောင် ဆိုးသေးသတဲ့၊ အဲဒီအချိန် မှာ အိမ်ရှေ့တံခါးကလည်း ပွင့်နေတော့ အပြင်ဘက်က ဝက်မကြီး သူ့ကလေးဆီ ပြေးဝင်လာ တာပေါ့၊ အဲဒီမှာ ပွဲကြီး ပွဲကောင်းက စတော့တာပဲ၊ စားပွဲတွေ ကျွမ်းထိုးမှောက်ခုံဖြစ်၊ ပန်းကန်တွေကျကွဲ၊ ကုလားထိုင်တွေ ကျိုးနဲ့ တစ်အိမ်လုံး ပြောင်းဆန်သွားတာပဲတဲ့၊ ဝက်မကြီးက ရာမီးရက်ဇ်ကိုလည်း ကိုက်တယ်၊ ကော်နယ်လီယာရဲ့ စကက်ကိုလည်း ကိုက်ဆွဲလို့ ရစရာမရှိအောင် စုတ်ပြတ်ကုန်သတဲ့၊ သူတို့နှစ်ယောက်စလုံး မီးဖိုခန်းထဲ ဝင်ပြေး ပြီးတံခါးကို သော့ခတ်ထားတော့မှ ဝက်မကြီးက ပြန်သွားတယ်၊ ဝက်ပေါက်စ ကလည်း သူ့အမေ ဝက်မကြီးနောက်ကို လိုက်သွားတာပေါ့၊ သူက အီမီလီယိုကို ရိုက်မယ်လို့ တစ်ကြိမ်တည်း ကြိမ်းနေသတဲ့"

" အေး အဲဒါပဲ ကြည့်တော့"ဟု ပက်ဘလိုက ပြောသည်။"ဘဝဆိုတာ အဲဒါပဲကွ၊ မင်းတို့ ငါတို့ စီစဉ်ထားတဲ့ အတိုင်း ဘယ်တော့မှ မဖြစ်ဘူး၊ အရှည်ကြီး ဘော့ပ်စမုတ် တစ်ယောက် သူကိုယ်သူ သက်သေဖို့အထိ ဖြစ်သွား တာဟာ အဲဒီလို အဖြစ်မျိုးနဲ့ ကြုံရလို့ပေါ့"

သူငယ်ချင်းများ၏ မျက်နှာများသည် ပက်ဘလိုဘက်သို့ လှည့်လာကြပြီး

စိတ်ဝင်တစား ကြည့်နေကြသည်။

" ဘောပ်စမုတ်ကို မင်းတို့ သိကြပါလိမ့်မယ်" ပက်ဘလိုက ပြောသည်။"သူ့ပုံပန်းက တကယ့် ကောင်းဘွိုင် ပုံမျိုးပဲ၊ ခြေတံက ရှည်ရှည်၊ လူလုံးလူဖန်က ပိန်ပိန်ပါးပါးကွ၊ ဒါပေမယ့် ဟော့ မြင်းကောင်းကောင်း မစီးတတ်ဘူး၊ မြင်းရိုင်း နွားရိုင်း အစီးပြိုင်ပွဲတွေမှာ သူ ဝင်ပြိုင်လို့ကတော့ မြေကြီးပေါ် လိမ့်ကျပြီး ဖုတ်ထဲမှာ လူးနေတာက များတယ်ကွ သိလား၊ ခတ်တာက ဘောပ်ဆိုတဲ့ ငနဲက သူ့ကို လူအများက ဝိုင်းပြီး အံ့သြကြ၊ ချီးမွမ်းကြ၊ သြဘာပေးကြတာကို သိပ် ခံချင်တယ်၊ အခမ်းအနား ဖွင့်ပွဲတွေမှာ လူတွေ တန်းစီ လျှောက်ပြီ ဆိုရင် သူက ဒိုင်လူကြီး လုပ်ချင်တယ်၊ ပွဲတစ်ခုခု ရှိပြီဆိုရင် ငါရှေ့ဆုံးက နေမယ်လို့ ဦးအောင်ပြောတဲ့ လူဟာ သူပဲ၊ ဟုတ်တော့ ဟုတ်တယ်ကွ၊ လောကကြီးမှာ ကိုယ့်ကိုယ်ကိုယ် ကြီးကျယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ချင် တဲ့ လူဟာ ရှိတာပဲ၊ အဲဒီ လူစားမျိုးဆိုတာက လူအများဝိုင်းပြီး ကြည့်တာကို ခံချင်တယ်။

" တကယ်တော့ကွာ၊ ဒီလို လူစားဟာ သနားစရာ ကောင်းတဲ့ သတ္တဝါပဲကွ၊ မွေးကတည်းက အများက ဝိုင်းပြီး ရယ်တာ သရော်တာ ခံရဖို့ ဖြစ်လာတဲ့ လူတစ်ယောက်ပဲ၊ တချို့ကတော့ ရယ်ကြတာပဲ၊ အဲ ... အဲဒီ အရှည်ကြီး ဘောပ်စမုတ်ကိုလည်း ရယ်တဲ့လူကပဲ သတ်တာပဲ။

" မင်းတို့ မှတ်မိချင်လည်း မှတ်မိကြဦးမှာပါ၊ လူတွေ တန်းစီပြီး လျှောက်တဲ့ ပွဲတစ်ပွဲမှာ သူက ရှေ့ဆုံးက အလံ ကိုင်လေကွာ၊ ဘောပ်က မြင်းဖြူကြီး တစ်ကောင်ပေါ်မှာ အခံ့သား ထိုင်လိုက်လာတယ်၊ အဲ အရေးပါ အရာရောက် တဲ့ လူကြီးတွေ ထိုင်နေတဲ့ ပွဲကြည့်စင်ရှေ့ တည့်တည့်လည်း ရောက်ကရော သူစီးလာတဲ့ မြင်းက အပူဒဏ် မခံနိုင်လို့ လေးဖက်ပစ်ပြီး လဲပါလေရော၊ ဘောပ်လည်း မြင်းပေါ်က လွင့်ကျသွားတယ်။ အလံ ကလည်း လက်ထဲက ပစ်လွှတ်လိုက်တဲ့ လှံတစ်ချောင်းလို အဝေးကြီးကို ရောက်သွားတယ်။

" သူ့ အဖြစ်က အဲဒါပဲ၊ သိပ်ပြီး ကြီးကျယ်တဲ့ လူတစ်ယောက်ဖြစ်ဖို့ ကြိုးစားတိုင်း ကိုးရိုးကားရား တစ်ခုခု ဖြစ်ပြီး လူတိုင်းက ဝိုင်းရယ်တာကို ခံရတာချည်းပဲ၊ မင်းတို့ မှတ်မိကြလိမ့်ဦးမယ်လို့ ထင်ပါတယ်။ သူ ခွေးလေ ဖမ်းဆီးရေးမှူး လုပ်နေတုန်းက မွန်းလွဲပိုင်းဆိုရင် သူ ခွေးဖမ်းထွက်တယ်။ သူ ခွေးဖမ်းထွက်ပြီဟေ့ဆိုရင် မြို့ထဲက လူတွေက ပွဲကြည့်သလိုပဲ ဝိုင်းပြီး ကြည့်လေ့ရှိတယ်။ တစ်ရက်မှာ သူက ခွေးတစ်ကောင်ကို ကြိုးကွင်းနဲ့ ပစ်ဖမ်းတယ်၊ ခွေးက ဖျတ်ခနဲ ဆောင့်ကြောင့်ထိုင်လိုက်တော့ ကြိုးက မိမိရရ မစွပ်မိတော့ဘူး၊ ခွေး ထွက်ပြေး တော့ သူပါ တ`ဇွတ်တိုက် ပါသွားရော၊ ဟာ ဘာပြောကောင်းမလဲ၊ ဘေးက ရပ်ကြည့် နေကြ တဲ့ လူတွေက ဟားတိုက်ပြီး ရယ်ကြတာပေါ့။

သူလည်း သိပ်ရှက်သွားတယ်၊ ငါ့ကိုယ်ငါ သက်သေလိုက်တော့မယ်၊ ဒါဆိုရင် လူတွေအားလုံး ဝမ်းနည်းကြမှာပဲ၊ သူတို့ ငါ့ကို ဝိုင်းပြီး ရယ်မိကြတဲ့အတွက် စိတ်မကောင်းဖြစ်ကုန်ကြမှာ သေချာတယ်လို့ တွေးသတဲ့၊ အဲ

... နောက်ပြီးတော့မှ တစ်ခါ"ဒါပေမယ့် ငါ့ကိုယ်ငါ သက်သေလိုက်ရင် ငါပဲ သေသွားမှာပဲ၊ သူတို့တစ်တွေ၊ ဘယ်လောက်အထိ စိတ်မကောင်းဖြစ်ကြတယ်ဆိုတာကို ငါသိနိုင်ပါဦးတော့မလား"လို့ တစ်မျိုးထပ်တွေးမိပြန်တယ်။ အဲသလို တွေး မိတော့ အစီအစဉ် တစ်ခု လုပ်တယ်၊ သူလုပ်တဲ့ အစီအစဉ်က ငါ့အခန်းကို တစ်စုံတစ်ဦး လာတဲ့အချိန်ထိ ငါစောင့်နေမယ်၊ တစ်ယောက်ယောက် ဝင်လာပြီဆိုတော့မှ ငါ့ပစ္စတိုနဲ့ ငါ့ခေါင်းကို ချိန်ထားလိုက်မယ်၊ အဲဒီအခါ ကျရင် သူက ငါ့ကို တားမယ်၊ ငါ့ကိုယ်ငါ သေနတ်နဲ့ ပစ်မသေပါဘူးဆိုတဲ့ ကတိကို သူက တောင်းလိမ့်မယ်ဆိုတဲ့ စိတ်ကူးနဲ့ လုပ်ထားတဲ့ အစီအစဉ်ကွ၊ သူတွေးပုံက အဲသလိုကွ၊ သိလား။

" အဲသလိုတွေးပြီး သူ အိမ်ပြန်သွားရော၊ လမ်းမှာ တွေ့တဲ့လူတိုင်းက ခွေးလေဖမ်းလို့ ရခဲ့သလား ဘော့ပ်လို့ မေး ကြတယ်၊ အိမ်ပြန်ရောက်တော့ သူစိတ်က ပိုပြီး ထိခိုက်လာတယ်။ သူ့ပစ္စတိုကို ထုတ်ပြီး ကျည်ဆန် ထည့် တယ်၊ ပြီးတော့ မိတ်ဆွေတစ်ယောက် အိမ်ရောက်အလာကို စောင့်တယ်။

" သူ့ အစီအစဉ်ကို ဘယ်လို အကောင်အထည် ဖော်မယ်ဆိုတာကို စဉ်းစားတယ်၊ ပစ္စတို သေနတ်နဲ့ ဘယ်လို ချိန်ပြီး ဘယ်လို လုပ်လိုက်မယ် ဆိုတာ မျိုးပေါ့ကွာ၊ အဲ သူ လုပ်ကိုင်နေတာကို သူ့မိတ်ဆွေတွေက မြင်ရင်"ဟေ့ မင်း ဘာလုပ်မလို့လဲ၊ မင်းကိုယ်မင်း သေနတ်နဲ့ ပစ်မလို့လား၊ မလုပ်နဲ့လေကွာ"လို့ ပြောမယ်၊ အဲဒီအခါမှာ သူက လူတွေ ဆိုးသွမ်းယုတ်မာလွန်းလို့ လူ့ပြည်မှာ မနေချင်တော့ဘူးလို့ သူက ဖြေလိုက်မယ်ပေါ့၊ သူက သူ့စိတ်ကူးနဲ့သူ အဲသလို တွေးနေတယ်။

" အဲသလို တွေးရင်းတွေးရင်းနဲ့ စောင့်နေလိုက်တာ တစ်ကောင်မှ ပေါ်မလာဘူး၊ နောက်တစ်နေ့ ဆက်စောင့် တော့လည်း တစ်ယောက်မှ ပေးမလာဘူး၊ ဒါပေမယ့် နောက်တစ်ညကျတော့ ချာလီမီးလား ရောက်လာပါ လေရော၊ ချာလီမီးလား ဆင်ဝင်အောက် ရောက်လာတာကို သူကြားတော့ ဘော့ပ် ပစ္စတို သေနတ်ပြောင်းဝကို သူ့ခေါင်းမှာ တေ့ထားလိုက်တယ်၊ မြင်ရတဲ့လူ ပိုပြီး ယုံကြည်သွားအောင် သေနတ်မောင်းကိုလည်း တင်ထား လိုက်တယ်၊ ပြီးတော့ သူ ငါ့ကို တရားချတော့မှာပဲ၊ သူ တရားချတာကို ငါက နားထောင်လိုက်မယ်လို့ တွေး လိုက်သေးတယ်။

" ချာလီမီးလားက တံခါးဖွင့်ပြီး ဝင်လာရော၊ ဘော့ပ်က ပစ္စတိုနဲ့ သူ့ခေါင်းသူ ချိန်ထားတာမြင်ရော၊ ဒါပေမယ့် သူက ဘာမပြော ညာမပြောနဲ့ လန့်ဖျပ်ပြီး အတင်း ဝင်ဆွဲပါလေရော၊ အဲဒီတော့ သေနတ်ကျည်ဆန် ထွက်သွား တာပေါ့၊ ကျည်ဆန်က ရှိုးရှိုးတန်းတန်း ထွက်တယ်ဆိုရင် ဟုတ်သေးတယ်။ အခုဟာက ဘော့ရဲ့ နှာခေါင်း ထိပ်ဖျားကို ရှပ်မှန်သွားတာ ဆိုတော့ နှာခေါင်းထိပ်က ပြတ်ပါသွားတာပေါ့ကွ၊ အေး အဲဒီ နောက်တော့ လူတွေက အရင်ကထက် ပိုပြီး ရယ်ကြတာပေါ့၊ သူ့အကြောင်းက သတင်းစာထဲ ပါလာ

လိုက်သေးတယ်။ အဲဒီတော့ တစ်မြို့လုံးက ဝိုင်းရယ်ကြတာပေါ့။

" မင်းတို့ ဘော့ပ်ရဲ့ နှာခေါင်းကို မြင်ဖူးကြသားပဲ၊ ထိပ်က ပြတ်နေတယ်လေ၊ လူတွေကတော့ ရယ်တာပဲ၊ ဒါပေမယ့် ဒါမျိုးက ရယ်လို့ သိပ်မကောင်းတော့ဘူးကွ သိလား၊ လူတွေကလည်း သိပါတယ်။ အဲဒီ နောက်တော့ လူတွေက ဘာပွဲတွေလုပ်လုပ် ဘော့ပ်ကို ရှေ့ဆုံးမှာ အလံကိုင်ခိုင်းတာချည်းပဲ၊ ပြီးတော့ ခွေးဖမ်းဖို့ ပိုက် လည်း ဝယ်ပေးကြသေးတယ်။

" ဒါပေမယ့် သူ့ခမျာ ကတော့ အရင်လို မပျော်တော့ဘူးပေါ့ကွာ၊ ဒီလို နှာခေါင်းပြတ်နဲ့ ဘဝမျိုးမှာ ဘယ်လို လုပ်ပြီး ပျော်နိုင်ပါတော့မလဲ" ပက်ဘလိုသည် စကားကို အဆုံးသတ်ပြီး ငြိမ်နေသည်။သူသည် ဆင်ဝင် အောက် မှ တုတ် တစ်ချောင်းကို လှမ်းကောက်ပြီး သူ့ခြေသလုံးကို တဖျပ်ဖျပ် ရိုက်နေသည်။

" အေးကွ၊ ငါလည်း သူ့နှာခေါင်းကို မှတ်မိတယ်"ဟု ဒင်နီက ပြောသည်။ ဘော့ပ်က သိပ်တော့ ဆိုးတဲ့လူ မဟုတ်ပါဘူး။ ပင်လယ်စားပြတောင် သူ့အကြောင်း ကောင်းကောင်းသိတယ်။ တစ်ခါတလေ သူ ခွေးလေ တစ်ကောင်မှ မမိတဲ့အခါ ပင်လယ်အားပြက သူ့ခွေးတွေကို ဘော့ပ်ရဲ့ လှည်းပေါ်တင်ပေးထားတယ်။ လူတွေကတော့ ဘော့ပ် ခွေးတွေ အများကြီး ဖမ်းမိလာတယ်လို့ ထင်ကြတယ်၊ တကယ်တော့ကွာ၊ ခွေးဖမ်းဖို့ တာဝန်ပေးလိုက်ရင် ခွေးဖမ်းရတာ မလွယ်တော့ဘူးကွ၊ ဒီအလုပ်ကလည်း တစ်မျိုးပဲ"

ဂျီးဆပ်စ်မေရီယာသည် နံရံကို ခေါင်းနှင့်မှီပြီး တွေတွေငေးငေး ဖြစ်နေရာမှ လှမ်းပြောသည်။"လူတစ်ယောက်ကို ဝိုင်းပြီး ရယ်ကြတာ၊ သရော်ကြတာဟာ တကယ်တော့ မကောင်းပါဘူးကွာ၊ ဟို အဘိုးကြီး တောမတ်စ်ကို ကြည့်ပါလား၊ သူ့ခမျာ သေတဲ့အထိ သရော်ခံသွားရတာပဲ မဟုတ်လား။ သူလည်း သေ ရော သရော်တဲ့လူတွေလည်း စိတ်မကောင်းဖြစ်ကြရော၊ မင်းပြောတဲ့ အရှည်ကြီးဘော့ပ်ရဲ့ အဖြစ်က ရယ်စရာ ကောင်း တာတော့ မှန်ပါတယ်။ ဒါပေမယ့် ရယ်တော့မလို့ မင်းပါးစပ်ကို ဟလိုက်တိုင်း မင်းနှလုံးသားကို လက်နဲ့ ညှစ်လိုက်သလို ခံစားရမယ့် အခြေအနေမျိုးက ရှိနေတယ်ကွ၊ မင်းပြောတာ ကြားရတော့ မနှစ်က ကြိုးဆွဲချပြီး သေသွားတဲ့ မစ္စတာ ရာဇန်နိုးရဲ့ အဖြစ်ကို ငါသတိရလာတယ်။ သူ့အဖြစ် ကလည်း ရယ်စရာတော့ ကောင်း တာပဲ၊ ဒါပေမယ့် နှစ်ချစ်ခြိုက်ခြိုက် ရယ်ရတဲ့ အဖြစ်မျိုးတော့ မဟုတ်ဘူး"

" အေး ငါလည်း တစ်စွန်းတစ်စတော့ ကြားလိုက်မိတယ်"ဟု ပီလွန်က ပြောသည်။"ဒါပေမယ့် ဘယ်လိုဖြစ် တယ် ဆိုတာ ကတော့ သေသေချာချာ မသိပါဘူး"

" ဒီလိုဆိုရင်တော့ ငါက ပြောပြရဦးမှာပေါ့"ဟုဂျီးဆပ်စ်မေရီယာက ပြောသည်။"ရယ်သင့် မရယ်သင့် ဆိုတာ ကတော့ မင်းတို့ဘာသာ မင်းတို့ပဲ ဆုံးဖြတ်ကြပေါ့၊ ငါကလေးဘဝတုန်းက ငါဟာ ပီတီရာဇန်းနိုး နဲ့ အမြဲ ကစားတယ်။ ပီတီဆိုတဲ့ ကောင်က ခပ်သွက်သွက်ကွ၊ ဒါပေမယ့် အမြဲတမ်း ပြဿနာနဲ့

ရင်ဆိုင်နေရတာ ချည်းပဲ၊ သူ့မှာ အစ်ကိုနှစ်ယောက်နဲ့ အစ်မလေးယောက် ရှိတယ်။

သူ့ အဖေကြီးနဲ့အတူတူ နေကြတာ၊ အခုတော့ ဒီမိသားစုတစ်ခုလုံး မရှိတော့ပါဘူး၊ သူ့အစ်ကို တစ်ယောက်က ဆန်ကွင်တင် တဲ့၊ နောက် တစ်ကို တစ်ယောက် ကတော့ လှည်းပေါ်တင်ထားတဲ့ ဖရဲသီးတွေ ဝင်ခိုးတုန်း အခင်းစောင့် ဂျပန် တစ်ယောက်က သတ်လို့ သေသွားတယ်။ မိန်းကလေးတွေ ဆိုတာကတော့ မင်း တို့လည်း အသိသားပဲ၊ အချိန်တန်တော့ ထွက်သွားကြ တာပဲ၊ ဆူဆီဆိုတဲ့ သူ့အစ်မ တစ်ယောက်ဆိုရင် အခု ဆလိုင်းနတ်စ်မြို့က ဂျင်နီ တို့အိမ်မှာ ရောက်နေတယ်။

" အဲဒီတော့ သူတို့အိမ်မှာ ပီတီနဲ့ သူ့အဖေကြီးပဲ ကျန်ခဲ့ကြတယ်။ ပီတီ အရွယ်ရောက်လာတော့လည်း ထုံးစံ အတိုင်း အမြဲတမ်း ဒုက္ခနဲ့ ကြုံနေရတာပဲ၊ အကျင့်စာရိတ္တပြုပြင်ရေးကျောင်းကို အပို့ခံခဲ့ရသေးတယ်။ ဒါပေမယ့် မကြာခင် ပြန်ရောက်လာတယ်၊ စနေနေ့ညဆိုရင် သူ မူးနေပြီ၊ မူးတိုင်း အချုပ်ထဲ ရောက်သွားတာ ချည်းပဲ၊ တနင်္လာနေ့ကျမှပဲ လွတ်တာ၊ သူ့အဖကြီးကလည်း ပျော်ပျော်နေတတ်တယ်ကွ၊ အပတ်တိုင်း သူ့သား ပီတီ နဲ့ တွဲပြီး မူးနေတာပဲ၊ အချုပ်ထဲမှာ သားအဖနှစ်ယောက် အတူတူ နေရတာက များတယ်။ သူ့သားပီတီ အိမ် မှာ မရှိရင် အဘိုးကြီး ရာဗန်းနိုးဟာ တစ်ယောက်တည်း ပျင်းပြီး အထီးကျန် ဖြစ်နေတာပဲ၊ သူက သူ့သား ပီတီကို သိပ် ချစ်တာ၊ ပီတီ လုပ်သမျှအကုန်လိုက်လုပ်တာပဲ။

" မင်းတို့ ဂရေစီမွန်တကျ်ဇ်ကို မှတ်မိကြသေးလား"ဟု ဂျီးဆပ်စ် မေရီယာကမေးသည်။"အဲဒီ မိန်းကလေးက သိပ်ပြီး အကျင့်ကောင်း တဲ့ မိန်းကလေး တစ်ယောက်တော့ မဟုတ်ဘူးကွ၊ သူ့အသက် ဆယ့်နှစ်နှစ်အရွယ် လောက်မှာ မွန်ထရေးမြို့ကို ရေတပ်က တပ်ခွဲတစ်ခွဲ ရောက်လာတယ်၊ သူတို့လည်း ရောက်လာရော ဂရေစီ လည်း ဗိုက်ကြီးပြီး ကလေးမွေးတာပဲ၊ အသက်က ငယ်ငယ်ကလေး ရှိသေးတယ် သိလား၊ သူက လှတာ တော့ သိပ်ကိုလှတာ၊ အလွန်လည်း သွက်တယ်၊ စွာလိုက်တာလည်း အလွန်ပဲ၊ ယောကျ်ား တွေကလည်း သူ့နောက်က အမြဲတမ်း လိုက်နေသလိုပဲ၊ တစ်ခါတလေကျတော့လည်း ယောကျ်ားတွေက သူ့ကို ဖမ်းမိသွားသလိုပဲ၊ ဒါပေမယ့်ကွာ၊ မင်းသူ့အနားကိုတော့ ကပ်လို့ရလိမ့်မယ် မထင်လေနဲ့၊ ကြည့်ရတာ တစ်မျိုး ကွ သိလား၊ ဂရေစီဆီမှာ သူက မင်းကို မပေးတဲ့ အရာတစ်ခု ရှိနေသလိုလို စိတ်ထဲမှာ ခံစားရတယ်။

" ငါလည်း အဲဒါကိုတော့ သိခဲ့တယ်ကွ၊ ဘာဖြစ်လို့လည်းဆိုတော့ ငါကိုယ်တိုင် သူ့ကို လိုက်ခဲ့သေးတာကိုး၊ ပီတီ လည်း သူ့ကို လိုက်ခဲ့သေးတယ်၊ ပီတီကတော့ စိတ်တစ်မျိုးနဲ့ လိုက်ခဲ့တာ၊ ငါ့လိုစိတ်မျိုး မထားနိုင်ခဲ့ဘူး။ ပီတီ ကတော့ ဂရေစီကို သိပ်ကြိုက်နေတဲ့ကောင်ဆိုတော့ တဖြည်းဖြည်းနဲ့ အချစ်နာကျပြီး ပိန်ပိန် လိုက်လာတယ်၊ မျက်လုံးကြီးတွေကလည်း ဆေးခြောက်စွဲနေတဲ့ ကောင်လို ပြူးပြူးကြီး ဖြစ်ဖြစ်လာတယ်၊ အစာလည်း

မစားနိုင် ဘူး၊ နောက်ဆုံးမှာ တမှိုင်မှိုင် တတွေတွေနဲ့ အိပ်ရာပေါ်လဲတဲ့အထိ ဖြစ်လာတယ်။

သူ့အဖေ ရာဇန်းနိုးက ဂရေစီနဲ့ သွားတွေ့ပြီး နင် ပီတီကို ဒီလိုသာ ဆက်ဆံနေရင် သူသေတော့မှာပဲလို့ ပြောတယ်။ ဂရေစီကတော့ အကျင့်မှ မကောင်းတာ ဘယ်ဂရုစိုက်ပါ့မလဲ။ သူ့အဖို့တော့ ဒီစကားဟာ အလွန်ရယ်စရာကောင်းတဲ့ ပြက်လုံး တစ်ခုပေါ့၊ အဲသလို အဘိုးကြီးနဲ့ စကားပြောနေတုန်းမှာ ဂရေစီ ရဲ့ ညီမ တိုနီယာ အခန်းထဲ ဝင်လာတယ်၊ တိုနီယာက အသက်ဆယ့်လေးနှစ်ပဲ ရှိသေးတယ်၊ အဘိုးကြီးက တိုနီယာကိုမြင်တော့ အသက်ရှူတောင် မှားသွားသတဲ့၊ ဂရေစီယာနဲ့ အလွန်တူတယ်ဆိုပဲ၊ ဒါနဲ့ပဲ အဘိုးကြီး လည်း ကြံရာမရ ဖြစ်ပြီး ဟဲ့ မိန်းကလေး ဒီကို လာစမ်းပါဦး ခေါ်သတဲ့။

ဒါပေမယ့် တိုနီယာက အသက်သာငယ်တာ အသိက လူကြီးတစ်ပိုင်းဖြစ်နေတာဆိုတော့ ဒါမျိုးဆို ကျွန်မက နောကျေနေပြီရှင့်လို့ ဆိုတဲ့ အပေါက်မျိုးနဲ့ ရယ်ပြီး အခန်းထဲက ထွက်သွားသတဲ့။ အဘိုးကြီးလည်းဘာမှ မတတ်နိုင် တော့ဘဲ အိမ်ကို တပ်ခေါက်ပြီး ပြန်လာခဲ့ရသတဲ့၊ အိမ်ရောက်တော့ သူ့သား ပီတီက အဖေ ဘာဖြစ်နေတာလဲလို့ မေးတယ်၊ ငါတော့ ဘာမှ မဖြစ် ပါဘူး၊ ဂရေစီကို မင်းမရရင် မင်း ဒုက္ခ ရောက်တော့မှာကို စိတ်ပူတယ်လို့ အဘိုးကြီးက ပြန်ပြောတယ်။

" အဲဒီနောက် ဘာတွေ ဆက်ဖြစ်ကုန်တယ်လို့ မင်းတို့ ထင်သလဲ"ဟု ဂျီးဆပ်စ်မေရီယာက မေးခွန်းထုတ်လိုက်သည်။ ပြီးတော့မှ ပြောလက်စ ဇာတ်ကြောင်းကို ဆက်သည်။"ပီတီဆိုတဲ့ ကောင်က ချင်ကီးဆီသွားပြီး ငါးခွဲတဲ့ အလုပ် လုပ်တယ်၊ ရတဲ့လုပ်ခနဲ့ ပိုးခြေအိတ်တို့၊ ဖဲစည်းကြိုးတို့ ဝယ်ပြီး ဂရေစီယာကို လက်ဆောင်ပေးတယ်၊ ပြီး တော့ သူ့ပိုက်ဆံနဲ့ပဲ ဓာတ်ပုံရိုက်ပေးလိုက်သေးတယ်။ ဓာတ်ပုံကလည်း ရောင်စုံတွေ ဘာတွေ ခြယ်လို့ဆိုပဲ။

" ဂရေစီကလည်း သူပေးသမျှ လက်ဆောင်တွေ ယူပြီး လစ်သွားပြန်ရော၊ သူ့ကို အနားတောင် အကပ် မခံဘူး တဲ့၊ ကောင်မ လုပ်သွားပုံက တော်တော်ဆိုးတာ၊ နမ်းလည်းနမ်း၊ လည်ပင်းလည်းညှစ် လုပ်ချင်အောင်ကို ဆိုးတဲ့ ကောင်မကွ၊ အဲဒီတော့ ပီတီ ဆွေးပြန်ရောပေ့၊ အိပ်မပျော် စားမဝင် ဖြစ်ပြန်ရော၊ ပီတီက ငါ့ကိုပြောတယ်၊ တကယ်လို့သာ ငါနဲ့ ဂရေစီ ဘုရားရှိခိုးကျောင်းမှာ လက်ထပ်ဖြစ်မယ်ဆိုရင် သူအခုလို လုပ်ရဲ မှာ မဟုတ်ဘူး၊ လက်ထပ်ပြီးမှ ငါ့ဆီက ထွက်ပြေးရင် ဒုစရိုက်မှုတစ်ခုကို လုပ်ရာကျမှာ၊ ဒါမျိုးကျတော့ သူ ကြောက်မှာပဲ တဲ့၊ ဒါနဲ့ပဲ ပီတီက သူ့ကို လက်ထပ်ဖို့ ဂရေစီကို သွားပြောတယ်၊ ဂရေစီက ဟားတိုက်ပြီး ရယ်သတဲ့။

" ပီတီက ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်တာပေါ့၊ သူက

အိမ်ပြန်သွားပြီး ကြိုးတစ်ချောင်းကို အိမ်ခေါင်မိုး ထုပ်တန်း မှာ ချည်တယ်၊ သူက သေတ္တာတစ်လုံးပေါ် တက်ရပ်ပြီး လည်ပင်းကို ကြိုးကွင်းနဲ့ စွပ်လိုက်တယ်၊ ပြီး တော့ သူ့ခြေထောက် အောက်က သေတ္တာကို ခြေထောက်နဲ့ ကန်ပြီး ဖယ်ပစ်လိုက်တယ်၊ အဲဒီအချိန်မှာ သူ့အဖေ ကြီးက အခန်းထဲ ဝင်လာတော့ ကြိုးကို တက်ဖြတ်လိုက်တယ်၊ ဆရာဝန်လည်း ခေါ်တယ်၊ ဒီအကောင် နှစ်နာရီ လောက်ကြာမှ မျက်လုံးတွေ ဖွင့်နိုင်တယ်၊ လေးရက်တိတိကြာမှ စကားပြောနိုင်တယ်"

ဂျီးဆပ်စ်မေရီယာက စကားကို ဆက်မပြောဘဲ ရပ်ထားသည်။ သူ ပြောပြနေသည့် ဇာတ်ကြောင်းကို သူ့သူငယ် ချင်း များက စိတ်ဝင်တစား နားထောင်နေကြမှန်း သိသဖြင့် များစွာ ဂုဏ်ယူလျက်ရှိသည်။"အဖြစ် ကတော့ အဲဒါ ပဲကွ"ဟု ပြောသည်။

" ဒါပေမယ့် ဂရေစီမွန်တက်ဇ် ဆိုတဲ့ ကောင်မက ပီတီနဲ့ လက်ထပ်သွားတယ် မဟုတ်လားကွ" ဟုပီလွန်က မေးသည်။"ငါ သူ့ကို သိပါတယ်၊ မိန်းမကောင်းတစ်ယောက်ပါ၊ ဘုရားရှိခိုးကျောင်းလည်း မှန်မှန်သွားတယ်၊ တစ်လ တစ်ကြိမ် မှန်မှန် သူ့အပြစ် သူ ဝန်ခံတယ်၊ ဒါဆို မိန်းမကောင်းပေါ့"

" ဒါက အခုမှ ကောင်းသွားတာကွ"ဟု ဂျီးဆပ်စ်မေရီယာက ပြန်ပြောသည်။"သူ့သားပီတီ ကြိုးဆွဲချတော့ သူ့ဖခင်ကြီး ရာဗန်နိုးက အကြီးအကျယ် ဒေါပွတာပေါ့၊ ချက်ချင်းပဲ ဂရေစီအိမ်ကို သွားပြီး ဟဲ့ကောင်မ၊ နင် ဟာ ငါ့သားကို သတ်တဲ့ ကောင်မပဲ။ နင့်ကြောင့် သူ့ကိုယ်သူ သတ်သေမလို့ လုပ်တာလို့ ဒေါသတကြီးနဲ့ ပြောသတဲ့။

" ဂရေစီလည်း သိပ်ပြီး လန့်သွားတာပေ့ါ၊ ဒါပေမယ့် မိန်းမဆိုတော့ စိတ်က တစ်မျိုးပေါ့ကွာ၊ ယောကျ်ား တစ် ယောက်အနေ နဲ့ သူ့ အတွက် ဒီလောက်အထိ ဖြစ်သွားတယ်ဆိုတာ သိရတော့ ဝမ်းလည်းဝမ်းသာတာပေါ့၊ သူက လည်ပင်းကြီး ကောက်နေတဲ့ ပီတီကို သွားပြီး ကြည့်တယ်၊ အဲဒီနောက် မကြာပါဘူး။ သူတို့နှစ်ယောက် လက်ထပ်ကြတာပဲ၊ပီတီ တွက်ထားတဲ့အတိုင်း ဖြစ်လာတယ် ဆိုပါတော့ကွာ၊ ဘုရားရှိခိုးကျောင်းမှာ လက်ထပ်တာ ဆိုတော့ သူထင်တာ မလုပ်ဖြစ်ဘူးပေါ့။ ဘုန်းကြီးက မယားကောင်းဖြစ်အောင် နေရမယ်လို့ ပြောထားတော့ မယားကောင်းပီသအောင် နေသွားတဲ့သဘောပေါ့၊ အဲဒီအချိန်ကစပြီး ဂရေစီဟာ ယောကျ်ားတွေကို မြူလား ဆွယ်လား မလုပ်တော့ဘူး၊ ပီတီကလည်း ချင်ကီး ဆီမှာ ငါးခွဲတဲ့အလုပ် ဆက်လုပ်တယ်၊ သူတို့ အိမ်ထောင်ဟာ သာသာယာယာပဲ၊ ဒီအဖြစ်မျိုးကျတော့ ဘုန်းကြီးတစ်ပါး တရားဟောတဲ့ အခါမှာ ထည့်ပြီး ဟောရမယ့် အဖြစ်မျိုးပဲ"

" အေး ဟုတ်တယ်၊ ဒီဇာတ်ကြောင်းထဲမှာ သင်ခန်းစာတွေ အများကြီးပါတယ်ကွ"ဟု ပီလွန်က ပြောသည်။ ကျန် လူများ ကလည်း ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံကြသည်။

" ဂရေစီလို မိန်းမစားမျိုး တစ်ယောက်ကို ငါတက္ကဆက်စ် ပြည်နယ်ထဲမှာ တွေ့ခဲ့ဖူးတယ်"ဟု ဒင်နီက ပြောသည်။"သူတို့နှစ်ယောက် ခြားနားတာ တစ်ခုပဲရှိတယ်။ ဟိုကောင်မက အကျင့်စာရိတ္တ လုံးဝပြောင်း မသွားဘူး၊ အားလုံးက သူ့ကို ဒုတိယတပ်စိတ် ရဲ့ မယားလို့ ပြောကြတယ်။ သူတို့ပေးထားတဲ့ နာမည်က မစ္စက် ဒုတိယတပ် စိတ်တဲ့"

ပက်ဘလိုက လက်တစ်ဖက်ကို မြှောက်လိုက်သည်။"မင်းတို့ ဝင်မပြောကြနဲ့ဦး၊ ပီတီရဲ့ ဇာတ်လမ်းမှာ နောက် ဆက်တွဲတွေ ရှိသေးတယ်။ ဂျီးဆပ်စ်မေရီယာကို ဆက်ပြီး ပြောခွင့်ပေးလိုက်ကြပါဦး"

" အေး ဟုတ်တယ်၊ ကျန်သေးတယ်၊ နောက်ဆက်တွဲ ဇာတ်လမ်းက ဇာတ်သိမ်းမကောင်းဘူးကွ၊ ပီတီရဲ့ အဖေကြီးက မသေသေးဘူး၊ အသက်က ခြောက်ဆယ်ကျော်သွားပြီ၊ သူ့သားပီတီနဲ့ ဂရေစီတို့ လင်မယား အိမ် ခွဲသွားတော့ သူတစ်ယောက်တည်း ကျန်ခဲ့တယ်။ တစ်ယောက်တည်းဆိုတော့ အထီးကျန် နိုင်တာ ပေါ့ကွာ၊ သူက လည်း ပီတီနဲ့ အမြဲရှိသမျှ အိမ်ထဲမှာပဲ တငုတ်တုတ်တုတ် ထိုင်ပြီး စိတ်ထိခိုက် နေတာပေါ့။ တစ်နေ့ကျတော့ ဂရေစီရဲ့ ညီမတိုနီယာနဲ့ ဆုံမိကြတယ်။ တိုနီယာက အသက် ဆယ့်ငါးနှစ် ရှိနေပြီ၊ သူက ဂရေစီထက် ပိုပြီးတော့ တောင် လှသေးတယ်။ စစ်သား တစ်ဒါဇင်ဝက်လောက်ကလည်း ခွေးမ တစ်ကောင် နောက်က ခွေးတစ်အုပ် လိုက်နေသလို တိုနီယာရဲ့ နောက်က တကောက်ကောက် လိုက်နေကြ တဲ့ အချိန်ပေါ့။

" အဲသလိုလည်း ပြန်တွေ့ကြရော အဘိုးကြီးဟာ သူ့သားပီတီဖြစ်သလို ဖြစ်တော့တာပဲ၊ တိုနီယာကို စွဲလမ်းပြီး စိတ်ဒုက္ခ အကြီးအကျယ် ဖြစ်တာပေါ့။ စားမဝင် အိပ်မပျော်တဲ့ အဖြစ်မျိုးအထိ ရောက်လာပါလေရော၊ ပါးချောင် နားချောင်တွေကျပြီး သူ့မျက်လုံးတွေကလည်း ဆေးခြောက်သမား တစ်ယောက်ရဲ့ မျက်လုံးမျိုးတွေ ဖြစ်လာတာ ပေါ့၊ အဘိုးကြီးက ချိုချဉ်တွေ တိုနီယာကို လက်ဆောင်ပေးတယ်၊ တိုနီယာက ယူတယ်၊ ပြီးတော့ ထုံးစံအတိုင်း လှောင်တယ်၊ သရော်တယ်၊ အဘိုးကြီးက ကလေးရယ်၊ ငါ့ဆီလာပါဦး၊ ငါဟာ မင်းမိတ်ဆွေပါလို့ ပြောပေမယ့် တိုနီယာက အပါးကြီးပဲ၊ ဘယ်ရမှာလဲ။

" ဒါနဲ့ အဘိုးကြီးက သူ့စိတ်ထဲဖြစ်နေတာ ပီတီကို ပြောတယ်၊ ပီတီက ရယ်တာပေါ့၊ ဟာ အဖေကလည်း မဟုတ်တာ၊ အဖေ့ဘဝမှာ မိန်းမတွေ အများကြီးနဲ့ တွေ့ခဲ့ပြီးပြီပဲ။ တော်ရောပေါ့၊ ဒီအသက်အရွယ်ရောက်တော့မှ ကလေးပေါက်စလေးတွေကို လိုက်ပြီး ကြိုးစားမနေချင်ပါနဲ့တော့လို့ ပီတီက ပြောသတဲ့၊ ဒါပေမယ့် ပြောလို့မရဘူး၊ အဘိုးကြီးမှာ စားလည်း တိုနီယာ၊ အိပ်လည်း တိုနီယာ ဆိုတာမျိုး ဖြစ်နေ တယ်၊ အဘိုးကြီးက မြက်ပင်တွေကြားမှာ ပုန်းပြီး တိုနီယာ သွားလာနေတာကို အမြဲ ချောင်းကြည့်နေတာပဲတဲ့။

" နောက်ကျတော့ အဘိုးကြီးက စတင်းဒတ် ဓာတ်ဆီဆိုင်မှာ အလုပ်ဝင်လုပ်တယ်၊ ဓာတ်ဆီဆိုင်မှာ ပန်းပင်တွေ ရေလောင်းတယ်၊ ကားမှန်တွေ

ဘာတွေ ရေဆေးတယ်၊ အဲ သူရသမျှငွေကို စုပြီး တိုနီယာကို သကြားလုံးတို့၊ ဖဲပြားတို့ ဂါဝန် တို့ ဝယ်ပြီး လက်ဆောင်ပေးတယ်၊ အံ့မယ် သူ့ပိုက်ဆံနဲ့ ဓာတ်ပုံတောင် ရိုက်ပေး လိုက်သေးတယ်၊ ဓာတ်ပုံက ရိုးရိုးတောင် မဟုတ်ဘူး၊ ရောင်စုံဓာတ်ပုံတဲ့။

" တိုနီယာကတော့ အဘိုးကြီးပေးသမျှ ယူတယ်၊ ပြီးတော့ ရယ်တယ်၊ အဘိုးကြီးကလည်း ရှူးတော့မတတ် ခံစား နေရတယ်၊ ဒါနဲ့ပဲ အဘိုးကြီးက သူ့ချွေးမ ဂရေစီယာဟာ ဘုရားရှိခိုးကျောင်းမှာ လက်ထပ် လိုက်ကတည်းက ကောင်းသွားတယ်။ သူ့ညီမ တိုနီယာကလည်း သူ့လို လက်ထပ်လိုက်ရင် သူ့လို ကောင်းသွားမှာ မုချပဲလို့ တွေး သတဲ့၊ အဲဒီတော့ အရင်ကထက် ပိုပြီး ရယ်တာပေါ့"

" ဒီကိစ္စမှာ သူ့အပြစ် မဟုတ်ဘူးကွ၊ အဘိုးကြီး မိုက်တာ"ဟု ပီလွန်က ဝင်ပြောသည်။"အဘိုးကြီး တွေအနေနဲ့ ကလေးသာသာလောက် ရှိတဲ့ ကောင်မပေါက်စလေးတွေနောက် လိုက်ဖို့ ဘယ် သင့်တော် ပါ့မလဲ၊ သူတို့အနေနဲ့ နေဆာလှူရမယ့် အရွယ်ကွ"

" ဒါကတော့ကွာ၊ ရာဇဝန်းနိုး မျိုးရိုးက သူများတွေနဲ့မှ မတူတာဘဲ"ဟု ဂျီးဆပ်စ်မေရီယာက စိတ်မရှည်သံဖြင့် ပြောသည်။

" ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီအဘိုးကြီး ဒီလိုလုပ်တာကတော့ မကောင်းပါဘူး၊ သူ့သားပီတီကို သိက္ခာမဲ့အောင် လုပ်တာ နဲ့ အတူတူပဲပေါ့"ဟု ပီလွန်က ထပ်၍ ဟောဒကတက်သည်။

ပက်ဘလိုက ပီလွန်ကို မျက်စောင်းထိုးကြည့်သည်။"ဂျီးဆပ်စ်မေရီယာ ပြောပါစေကွာ၊ အခုဟာ မင်းဇာတ် လမ်း မဟုတ်ဘူး၊ သူ့ဇာတ်လမ်းကွ၊ မင်းဇာတ်လမ်းကျတော့မှ မင်းပြောတာ ငါတို့ နားထောင်မယ်"

ဂျီးဆပ်စ်မေရီယာက ပက်ဘလိုကို ကျေးဇူးတင်သော မျက်နှာထားဖြင့် တစ်ချက် လှမ်းကြည့်လိုက်ပြီး သူ့ဇာတ် လမ်းကို ဆက်ပြောသည်။

" ကြာလာတော့ အဘိုးကြီးသည်းမခံနိုင်တော့ဘူး၊ သူ့လက်ထဲ တိုနီယာရောက်လာအောင် ဘယ်လို လုပ်ရပါ့မလဲလို့ စဉ်းစားတယ်၊ ဒါပေမယ့် သူက အသစ်အဆန်းမှ စိတ်မကူးတတ်ဘဲ။ ပီလွန်လို စိတ်ကူးကောင်း ရင်တော့ ဒီနေရာမျိုးမှာ သိပ်ဟန်ကျမှာပေါ့၊ သူက ပီလွန်နဲ့မှ မတူဘဲကိုး၊ သူက ဘယ်လိုတွေးသလဲဆိုတော့ ဂရေစီက ပီတီကို လက်ထပ်တာ ဘာကြောင့်လဲ။ ပီတီ ကြိုးဆွဲချလို့။ ငါလည်း ကြိုးဆွဲချတုန်း ဘယ်သူမှမလာရင် ငါရှော့မှာ။ တစ်ယောက်ယောက်တော့ မလာလို့ မဖြစ်ဘူးလို့ တွေးသတဲ့။

" မင်းတို့လည်း ရောက်ဖူးကြသားပဲ၊ ဓာတ်ဆီဆိုင်က ပစ္စည်းတွေထားတဲ့ တဲလေ၊ မင်းတို့သိမှာပါ၊ တစ်မနက်ခင်းမှာ အဘိုးကြီးက တခြားအလုပ်သမားတွေ ရောက်မလာခင် အစောကြီး ဆိုင်ကိုသွားတယ်၊ အလုပ်ချိန်က ရှစ်နာရီထိုးမှ ဆိုတော့ တခြားလူတွေ မရောက်ကြသေးဘူး။ သူက ပစ္စည်းထားတဲ့ တဲထဲဝင်ပြီး ခုံတန်းလျားတစ်ခုပေါ်မှာ သူက တက်ရပ်ပြီး တခြားအလုပ်သမားတွေ

ရောက်လာချိန်အထိ စောင့်နေတယ်။ တခြား လူတွေ ရောက်လာတာလည်း မြင်ရော သူ့လည်ပင်းကို ကြိုးကွင်းနဲ့စွပ်ပြီး သူ့ခြေထောက် အောက်က ခုံတန်းလျားကို ကန်ထုတ်လိုက်တယ်၊ အဲဒီတုန်းမှာပဲ တံခါးကို လေက တစ်ချက်ဝင်ဆောင့်လိုက်တော့ ဖြုန်း ဆို ပိတ်သွားပါလေရော"

ဂျီးဆပ်စ်မေရီယာ၏ စကားကို နားထောင်နေကြသူ အားလုံးက ပြုံးနေကြသည်။ ဘဝဆိုသည်မှာ တစ်ခါတစ်ရံ တွင် အလွန်ရယ်စရာ ကောင်းသည်ဟုလည်း တွေးကြသည်။

" တခြားအလုပ်သမား တွေက သူ့ကိုတွေ့တော့တွေ့တယ်"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။"ဒါပေမယ့် နောက်တစ်နာရီလောက်ကြာမှ တွေ့တာ"

အားလုံးက ပြုံးနေကြဆဲ၊ သို့သော်လည်း သူတို့အပြုံးမှာ စောစောက အပြုံးနှင့်မတူ၊ ပြောင်းလဲသွားပြီဖြစ်၏။"အဲဒါပဲ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။"ရယ်စရာကောင်းတယ်၊ ဒါပေမယ့် ရင်နင့်စရာ လည်း ကောင်းတယ်"

" တိုနီယာ ကတော့ ဘာပြောသတဲ့လဲလဟု ပီလွန်က မေးသည်။"ဒီကောင်မ သင်ခန်းစာ ရမသွားဘူးလား၊ သူ့ အနေအထိုင် ကော ပြောင်းမသွားဘူးလား"

" ဟင့်အင်း ပြောင်းမသွားပါဘူး၊ ပီတီက သူ့အဖေအကြောင်း ပြောပြတော့ သူက ရယ်သတဲ့၊ ပီတီကလည်း လိုက်ရယ် သတဲ့၊ ဒါပေမယ့် သူက သူ့အဖေလုပ်ပုံတွေ ရှက်တော့ ရှက်တာပေါ့။ တိုနီယာက ဘာပြောသလဲ ဆိုတော့ အဘိုးကြီးက တော်တော့ကို ရူးတာပဲလို့ ပြောသတဲ့၊ ပြီးတော့ ပီတီကို သူက လှမ်းကြည့်လိုက်သတဲ့၊ သူ့အကြည့်က ယောကျ်ားတွေနဲ့ တွေ့ရင် ကြည့်လေ့ရှိတဲ့ အကြည့်မျိုးပေါ့။

" အဲဒီတော့ ပီတီက နင့်လို ခယ်မမျိုးရထားတာ ငါ့အဖို့ ကောင်းတယ်၊ တချို့ညတွေမှာ နင်နဲ့အတူ သစ်တောထဲ လမ်းလျှောက် ထွက်ချင် လိုက်တာလို့ ပြောသတဲ့၊ တိုနီယာက ရယ်ပြန်ပြီး ပီတီ နဲ့ ခပ်လှမ်းလှမ်း ရောက်အောင် ထွက်ပြေးသွားသတဲ့၊ ပြီးတော့ ပြန်လှည့်လာပြီး ရှင်က ကျွန်မကို ဂရေစီလောက် လှတယ်လို့ ထင် ရဲ့လားလို့ မေးသတဲ့၊ အဲဒီနောက် အိမ်ထဲဝင်သွားတဲ့ ပီတီနောက်ကို လိုက်သွားရော"

" ဇာတ်လမ်းက မကောင်းပါဘူးကွာ"ဟု ပီလွန်က မှတ်ချက်ချသည်။"အဓိပ္ပာယ်တွေကလည်း အများကြီး၊ သင်ခန်းစာ တွေကလည်း အများကြီး၊ တချို့ သင်ခန်းစာတွေက တစ်ခု နဲ့ တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေလိုက် သေး တယ်၊ ဇာတ်လမ်းက ခေါင်းထဲထည့်ဖို့ ကောင်းတဲ့ဟာမျိုး မဟုတ်ပါဘူး"

" ငါတော့ ကြိုက်တယ်ကွ"ဟု ပက်ဘလိုက ပြောသည်။"ဘာကြောင့်လဲဆိုတော့ လေးနက်တဲ့ အဓိပ္ပာယ် တစ်ခု ပါနေတယ်။ ဘာဆိုတာတော့ ငါမပြောတတ်ဘူး"

နေစွယ် ကျိုးသွားပြီး လေသည် ပူစပ်ပူလောင် ဖြစ်လာသည်။

" ကနေ့တော့ ပင်လယ်ဓားပြ ငါတို့အတွက် စားစရာ ဘာများ ယူလာမလဲ မပြောတတ်ဘူး"ဟု ဒင်နီက ပြောသည်။

" ငါးကွမ်းရှပ် တွေ တော်တော်ရတယ်လို့ သတင်းကြားတာပဲ"ဟု ပက်ဘလိုက လှမ်းပြောသည်။

ပီလွန်၏ မျက်လုံးများသည် တလက်လက် တောက်ပလာသည်။"ငါစဉ်းစားလို့ရတဲ့ အစီအစဉ်တစ်ခုရှိတယ်"ဟု သူက ဆိုသည်။"ငါ ငယ်ငယ်တုန်းက မီးရထားလမ်းဘေးမှာ နေခဲ့ဖူးတယ်၊ နေ့တိုင်းပဲ မီးရထား လာပြီ ဆိုရင် ငါနဲ့ ငါ့အစ်ကိုတွေဟာ လမ်းဘေးက ကျောက်ခဲတွေနဲ့ ခေါင်းတွဲကို လှမ်းလှမ်းပြီး ထုကြတယ်၊ ရထားစက်ခေါင်း သမားက ငါတို့ကို ကျောက်မီးသွေးတုံးတွေနဲ့ ပြန်ပစ်တယ်၊ တစ်ခါတလေများ ကျောက်မီးသွေး တုံးတွေ အများကြီး ရတယ်၊ အဲသလို ရပြီဆိုရင် ငါတို့အမေဆီ ပြေးပို့ကြတာပဲ။

အခုလည်း ငါတစ်ခု တွေးမိတယ်၊ ငါတို့ အနေနဲ့ ကျောက်ခဲတွေကို သဘော်ဆိပ် ဖောတံတားအထိ သယ်သွားမယ်၊ တံငါလှေတွေ အနားက ဖြတ်သွားရင် သူတို့ကို အော်အော်ခေါ်ပြီး ခဲတွေနဲ့ လှမ်းထုမယ်၊ တံငါသည်တွေကလည်း ဘယ်နည်းနဲ့မဆို ဒေါသ ဖြစ်ပြီး ငါတို့ကို ပြန်ပစ်ချင်မှာပဲ။ သူတို့ လှေပေါ်မှာ ပြန်ပစ်စရာ ဘာပါသလဲ။ တက်မတွေနဲ့ ပစ်လို့ရမလား။ မရဘူး။ ပိုက်တွေနဲ့ ပြန်ပစ်မလား၊ မရဘူး၊ သူတို့ ပြန်ပစ်မယ် ဆိုရင် ငါးကွမ်းရှပ် တွေနဲ့ပဲ ပြန်ပစ် ရမယ်၊ ဘယ်နှယ့်လဲ ငါပြောတာ"

ဒင်နီက ဝမ်းသာအားရ ထရပ်သည်။"ကောင်းလိုက်တဲ့ စိတ်ကူးကွာ"ဟု အော်ပြောသည်။"ငါတို့ သူငယ်ချင်း ပီလွန်ကဖြင့် စိတ်ကူးကောင်းတဲ့နေရာမှာ ရှာမှ ရှားပဲဟေ့။ ပီလွန်သာ မရှိရင် ငါတို့ ဘာမှ လုပ်တတ်မှာတောင် မထင်တော့ဘူး၊ ကဲ သယ်ငယ်ချင်းတို့ လာကြ၊ သွားကြစို့၊ ကျောက်ခဲများများ ဘယ်နေရာမှာ ရနိုင်မယ်ဆိုတာ ငါသိတယ်"

" အေးကွာ၊ ငါးထဲမှာတော့ ငါးကွမ်းရှပ်ဟာ ငါအကြိုက်ဆုံးငါးပဲဟေ့"ဟု ပက်ဘလိုက ပြောလိုက်သည်။

ဒင်နီ တမှိုင်မှိုင် တတွေတွေဖြစ်ကာ စိတ်ဖောက်ပြန်သွားခြင်း၊ နတ်ဆိုး နတ်မိစ္ဆာက တော်ရဲလီးကို ဝင်ပူးကာ ဒင်နီ၏အိမ်ကို အပိုင်စီးရန်အားထုတ်ခြင်း

မွန်ထရေးမြို့တွင် သိပ်ပြီး မပြောင်းလဲသော အရာများရှိသည်။ နေ့စဉ်နံနက်တိုင်း နေရောင်သည် လမ်းမ များ၏ အနောက်ဘက်ခြမ်းရှိ ပြတင်းပေါက်များထက်သို့ ကျသည်။ မွန်းလွဲပိုင်းရောက်သည့်အခါ နေရောင်သည် လမ်းမများ၏ အရှေ့ဘက်ခြမ်းရှိ နေအိမ်ပြတင်းပေါက်များပေါ်သို့ ကျသည်။ ဤကား ပုံမှန် တည်ရှိ နေသော ဖြစ်ရပ်တစ်ခုပေတည်း။

နေ့စဉ် ဘတ်စ်ကား အနီများသည် မွန်ထရေးနှင့် ပစိဖိတ် ဂရုကြားတွင် ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲ နေကြခြင်း၊ နေ့စဉ်နေ့တိုင်း ငါးစည်သွတ်ဘူး စက်ရုံများမှ ငါးအပုပ်နံ့များသည် လေထဲသို့ လွင့်ပါ လာလျက် ရှိခြင်း၊ နေ့စဉ် မွန်းလွဲပိုင်း အချိန်ရောက်လျှင် ပင်လယ်ကွေ့ဘက်မှ လာသော လေသည်တောင်ကုန်းပေါ်ရှိ ထင်းရှူးပင် များကို တယိမ်းယိမ်းတနွဲ့နွဲ့ လှုပ်ရှားနေအောင် တိုးဝှေ့တိုက်ခတ်လျက်ရှိ ခြင်း၊ ကျောက်ဆောင်များ ပေါ်၌ ကျက်စားလေ့ရှိသော တံငါသည်များသည် ငါးများတံများကို ကိုင်၍ ထိုင်ကာ ငါးများ နေကြခြင်း စသည်တို့မှာလည်း ပုံမှန်မြင်နေတွေ့နေကျ အရာများပင် ဖြစ်လေသည်။

မွန်ထရေးမြို့၏ အထက်ဘက်ရှိ တော်တီလာဖလက် ရပ်ကွက်အတွင်း၌လည်း အပြောင်းအလဲ သိပ်ပြီး မရှိသော ပုံမှန်လည်ပတ်နေသည့် ဖြစ်စဉ်များရှိသည်။ ချစ်သူများ တစ်ယောက်ပြီး တစ်ယောက် ထည်လဲနှင့် တွဲနေသော ကော်နယ်လီယာရုဇ်၏ အဖြစ်များသည် ပုံမှန်အဖြစ်များပင် ဖြစ်၏။ သူသည် ချစ်သူတစ်ဦးကို စွန့်ပစ်ပြီးပါက ချက်ချင်းလိုလိုပင် နောက်အသစ်တစ်ဦးကို ရအောင် ရှာတတ်သည်။

ဒင်နီ၏ နေအိမ်တွင်လည်း ဘာကီးမားသော အပြောင်းအလဲသည် မရှိသလောက်ပင် ဖြစ်၏။

စုပေါင်း ၍ နေထိုင်လျက်ရှိကြသော သူငယ်ချင်းတစ်စု နေမှု ထိုင်မှုမှာ နေ့စဉ်နေ့တိုင်း သမားရိုးကျပုံစံဖြစ်၏။ ပီဆာနိုး လူမျိုး တစ်ယောက်အဖို့ ဤသမားရိုးကျပုံစံသည် ငြီးငွေ့ဖွယ်ရာ မဟုတ်သော်လည်း အခြား လူတစ်ဦး တစ်ယောက် အဖို့ကား စိတ်ပျက်ဖွယ်ရာ ကောင်းလောက်အောင် ငြီးငွေ့ဖို့ ကောင်းသည့် အရာ တစ်ခု ဖြစ်နေချေသည်။ မနက်လင်း၍ အိပ်ရာမျထနေကျအချိန်တွင် သူတို့အားလုံး အိပ်ရာမှထသည်။ ဆင်ဝင် သို့ ထွက်၍ အိပ်ရာမှ ထနေကျအချိန်တွင် သူတို့အားလုံး အိပ်ရာမှထသည်။

ဆင်ဝင်သို့ ထွက်၍ နေဆာလှုံသည်။ ပြီးတော့ ပင်လယ်စားပြ စားစရာ ဘာယူလာမလဲဟု ပုံမှန်လုပ်သည်။ မနက်ဆိုလျှင် တောထဲဝင်၍ ထင်းခွေသည်။ မွန်ထရေးမြို့၏ လမ်းမပေါ်တွင် တစ်လမ်းဝင် တစ်လမ်းထွက် ထင်းရောင်းထွက်သည်။ သူ့ဘဝ တွင် အပြောင်းအလဲတစ်ခုတော့ရှိသည်။ အခုဆိုလျှင် သူသည် သူနေ့စဉ် ထင်းရောင်း၍ ရသော ငွေနှစ်ဆယ့်ငါးဆင့်ဖြင့် အစားအစာ ဝယ်သည်။ ရံဖန်ရံခါ သူ့မိတ်ဆွေများက ဝိုင် မရ ရအောင် ရှာလာတတ်သည်။ ထိုအခါ ကာလမျိုးတွင် သီချင်းဆိုသံများနှင့် ထိုးကြ ကြိတ်ကြ ရိုက်ကြ နှက်ကြ သည့် ရန်ပွဲများသည် ရှိစမြဲ။

ဒင်နီသည် သူ့အပေါင်းအသင်းများ၏ နေပုံထိုင်ပုံ လုပ်ပုံကိုင်ပုံများကို သတိထား၍ ကြည့်လာမိသည်။ သူတို့ လူစုသည် အချိုးပြောင်းသွားသည်ဟုမရှိ။ နေ့စဉ် တစ်ပုံစံတည်း ဖြစ်သည်။ တစ်ခါတစ်ရံ ညပိုင်းတစ်ရေးနိုး၍ အိပ်ရာ မှ နိုးလာသည့်အခါ ကြမ်းပြင်ပေါ်တွင် ပိုးလိုးပက်လက် အိပ်မောကျနေကြသော သူ့မိတ်ဆွေ ပီဆာနိုးများ ကိုကြည့်ကာ စိတ်ပျက်မိသည်။ ဤလူစု သူ့အိမ်ထဲရောက်နေသည့်အတွက်လည်း ဒေါသ ဖြစ်မိသည်။

ဆင်ဝင်သို့ထွက်၍ နေဆာလှုံသည့် အချိန်တွင် ဒင်နီသည် တစ်ချိန်သော အခါက သူ ပိုင်ဆိုင်ခဲ့သည့် ကိုယ်စိတ် နှစ်ပါး လွတ်လပ်မှု ရှိခဲ့သော နေ့ရက်များကို အိပ်မက် မက်နေတတ်သည်။ နွေရာသီကျလျှင် တောအုပ်များ အတွင်းသို့ ဝင်၍ စိတ်အေးနားအေး အိပ်ခဲ့ရသည်။ ဆောင်းရာသီ ရောက်၍ ရာသီဥတု အလွန် အေးလာချိန် တွင် သူသည် ပူနွေးလာသော မြက်ခြောက်ပင်များကြားသို့ တိုးဝင်၍ အိပ်ခဲ့သည်။ သူ့တွင် ဘာ ပစ္စည်းမှ အပိုင်မရှိ။ ကိုယ်ပိုင်ပူပင်ကြောင့်ကြနေရသော ဒဏ်ကို လုံးဝမခံခဲ့ရ။

ရန်ဖြစ်ပြီဟေ့ ဆိုလျှင်လည်း သူ ရှေ့ဆုံးက။ ဒင်နီသ် ရန်ဖြစ်သည့်နေရာတွင် မုန်တိုင်းဒင်နီဟူသော အမည်နာမကို ခံကာ နာမည်တစ်လုံးနှင့် နေခဲ့သူဖြစ်၏။ သူ ကြွက်ခိုးလာ၍ နောက်မှ လိုက်ဖမ်းသူများနှင့် တောအုပ် အတွင်း ၌ ချကြရသည့်ပွဲများ။ သူတစ်ပါးမယားနှင့် သွားအိပ်နေရာမှ မိသွားသဖြင့် ထွက်ပြေးပြီး မြောင်းထဲ ပုန်းနေခိုက် အကြီးအကျယ် ဒေါသူပုန်ထနေသော လင်ယောကျ်ားများနှင့် အကြိတ်အနယ် ဆော် ရသည့် ပွဲများ။ ထိုပွဲများသည် တကယ့်ရန်ပွဲ ကြီးများ ဖြစ်သည်။ ပြင်းထန်သော ပွဲကြီးများ ဖြစ်၏.။ သူ့ အဖို့တော့ ထိုကဲ့ သို့ ပွဲကြီး ပွဲကောင်းများနှင့် ရင်ဆိုင်ခဲ့ ရသည်မှာ အရသာရှိလှပါဘိခြင်း။

လွန်လေပြီးခဲ့သော အတိတ်က ဖြစ်ရပ်များကို တွေးမိသည့်အခါ ခိုး၍ စားရသော အစားတစ်ခု၏ အရသာ ထူးကဲခြင်းကို ပြန်သတိရမိ၏။ ဟိုတုန်းကလို နေချင်သော စိတ်များသည် ရင်ထဲတွင် ထိန်းမနိုင်သိမ်းမရ ဖြစ်လာသည်။ အမှန်တော့ သူ့ဘဝသည် အမွေပစ္စည်းများကို ဆက်ခံပြီးကတည်းက ပျက်လာခဲ့ခြင်း ဖြစ်သည်ဟု ထင်သည်။ သူ အမွေရ၍ သူ့ရပ်ကွက်ထဲ၌ လူတစ်လုံး

သူတစ်လုံး ဖြစ်လာကတည်းက မကြာ မကြာ ရန်ဖြစ်ခြင်း မပြုတော့ ဘဲရှောင်လာခဲ့ရသည်။ သူ့အနေဖြင့် အရက်ကိုတော့ မူးသည်။ သို့သော်လည်း ယခင် ကလို စွန့်စားမှုမျိုးတွေ မလုပ်နိုင်တော့။ ဤအိမ်ကို ပိုင်ဆိုင်ခဲ့ရသော အချိန်မှစ၍ သူ့အပေါင်းအသင်း များကို လက်ခံထားခဲ့ရသည့် တာဝန်မှာလည်း စိတ်ပျက်စရာ ကောင်းလှ၏။

ဒင်နီသည် အိမ်ရှေ့ဆင်ဝင်သို့ ထွက်ထိုင်သည့်အခါတိုင်း စကားမပြောဘဲ ငေးမှိုင်နေတတ်သည်။ သူ့အပေါင်း အသင်း များက သူတို့ သူငယ်ချင်း နေမကောင်းဟု ထင်ကြသည်။

" ဆေးလက်ဖက်ရည် မှန်မှန်သောက်သွားရင် နေကောင်းသွားမှာပါကွာ"ဟု ပီလွန်က အကြံပေးသည်။"ဟေ့ ဒင်နီ၊ မင်းအိပ်ရာထဲ ဝင်တဲ့အခါ ငါတို့ မင်းခြေထောက်အောက်မှ ကျောက်ခဲပူ ချပေးမယ်၊ ကျောက်ပူခံ လိုက်ပေ့ါ"

တကယ်တော့ ဒင်နီ လိုချင်သည်မှာ ဆေးဝါးမဟုတ်၊ လွတ်လပ်မှုသာ ဖြစ်သည်။ သူသည် တစ်လကြာမျှ တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည်။ ပြူးကြောင်ကြောင် မျက်လုံးများဖြင့် မြေပြင်ကို ငေးကြည့်လိုက်၊ သူ့ အပေါင်း အသင်း များကို ကြည့်လိုက်နှင့် အချိန်ကုန်သည်။ သူ့ရှေ့မှ ကာဆီး၍ ဆီးကြို့နှုတ်ဆက်နေသော ပင်လယ်စားပြ၏ခွေးများကို ယခင်ကလို မဆက်ဆံ။ ခြေဖြင့် ကန်ကျောက်ပြီး ဖယ်ရှားပစ်သည်။

နောက်ဆုံးတွင် သူသည် မျှော်လင့် စောင့်စားရသည့်အလုပ်ကို စွန့်လွှတ်လိုက်သည်။ တစ်ညတွင် အိမ်မှ ထွက် ပြေးသည်။ သူသည် ထင်းရှူးတောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

နံနက်လင်း ၍ သူ့အပေါင်းအသင်းများ အိပ်ရာမှ နိုးလာသည့်အခါ ဒင်နီမရှိတော့ကြောင်း သိသွားကြသည်။"မိန်းမ ကိစ္စဖြစ်မယ်ကွ၊ ဒီကောင် အချစ်ပွဲနဲ့ တွေ့ပြန်ပြီ ထင်တယ်"ဟု ပီလွန်က ပြောသည်။

လူတိုင်း တွင် အချစ်ပွဲ ဆင်နွှဲခွင့်ရှိသည်ဟူသော အယူအဆဖြင့် သူတို့သည် ဒင်နီကို လိုက်မရှာဘဲ ပစ်ထား လိုက်ကြသည်။

သူတို့ကတော့ ဒင်နီ၏ အိမ်တွင် ယခင်က ပုံစံအတိုင်း နေမြဲတိုင်း နေကြရသည်။ ရက်သတ္တတစ် ပတ်မျှ အချိန်ကုန် သွားသည်။ ဒင်နီ ပြန်ရောက်မလာ။ အားလုံး စိတ်ပူစ ပြုလာသည်။ သူတို့သည် ဒင်နီ သွားတတ် သည့် သစ်တောများဘက်သို့ အစုလိုက်ထွက်၍ ရှာကြသည်။

" အချစ်ဆိုတာ ကောင်းပါတယ်"ဟု ပီလွန်က ပြောသည်။"အချစ်ကြောင့် မိန်းမတစ်ယောက် နောက်က တ ကောက်ကောက် လိုက်နေတဲ့ လူကို ငါတို့က အပြစ်တင်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါပေမယ့် ခုနစ်ရက် တစ်ပတ် ဆို တာက ခုနှစ်ရက် တစ်ပတ်ပဲကွ၊ သိပ်ကြာသွားပြီ။ ဒါဆိုရင်တော့ ဒင်နီကို တစ်ပတ်လုံးလုံး သူ့အနားက ခွာမသွား နိုင်အောင် လုပ်ထားတဲ့ မိန်းမဟာ အချစ်ကိစ္စ မှာ အင်မတန် တက်ကြွတဲ့ မိန်းမ ဖြစ်ရမယ်"

" နည်းနည်းပါးပါး ချစ်ရင် ဝိုင်နည်းနည်း သောက်ရသလိုပဲ။ သိပ်များများ ချစ်လိုက်ရင် လူဟာ နေမကောင်း ဖြစ်လာရော၊ အခုလည်း ဒင်နီ နေမကောင်းဖြစ်နေပြီ ထင်တယ်ကွ၊ သူ့ကောင်မလည်း တော်တော် ကဲပုံ ရတယ်"ဟု ပက်ဘလိုက ပြောသည်။

ဂျီးဆပ်စ်မေရီယာကလည်း ဒင်နီအတွက် သောကရောက်သည်။"ဒင်နီဟာ ငါတို့ကို အသိမပေးဘဲနဲ့ အခု လောက်ကြာကြာ မသွားဖူးပါဘူး၊ မကောင်းတာ တစ်ခုခုတော့ ဖြစ်နေပြီလို့ ငါထင်တယ်"

ပင်လယ်စားပြကြ သူ့ခွေးများကို တောအုပ်များထဲသို့ ခေါ်လာသည်။ သူငယ်ချင်းများက ခွေးများအား"ဒင်နီကို ရှာကြကွာ၊ ဒင်နီဖျားပြီး လဲချင်လဲနေမှာ၊ တစ်နေရာရာမှာ သေချင်လည်း သေနေလိမ့်မယ်၊ ဒင်နီက မင်းတို့ကို သူ့အိမ်ထဲအိပ်ဖို့ ခွင့်ပြုထားတာဆိုတော့ မင်းတို့ရဲ့ ကျေးဇူးရှင်ကွ"ဟု ပြောကြသည်။

ပင်လယ်စားပြ ကလည်း သူ့ခွေးများအား ခိုင်းသည်။"ဟေ့ ကောင်တွေ၊ ငါ့သူငယ်ချင်းကို လိုက်ရှာကြစမ်း" သို့ သော်လည်း ခွေးများက အမြီးများနှန့်ပြီး ယုန်ကို အနံ့ခံကာ ယုန်နောက်သို့ ကဆုန်စိုင်း၍ လိုက်ကြသည်။

ပီဆာနိုး တစ်စုသည် တောအုပ်များအတွင်း၌ တလည်လည် လှည့်ပတ်သွားကာ ဒင်နီ၏ နာမည်ကို တကြော် ကြော် အော်၍ ခေါ်ကြသည်။ ဒင်နီအိပ်နေလိမ့်မည်ဟု ယူဆရသော သစ်ပင်ခြေရင်းများနှင့် ချုံကြီး ချုံကြားများ အထိ ပိုက်စိတ်တိုက်၍ ရှာကြသည်။ သို့သော်လည်း ဒင်နီ၏အရိပ်အယောင်ကို မတွေ့ရပေ။

" ဒီကောင် ရူးသွားပြီထင်တယ်"ဟု ပီလွန်က ထင်မြင်ချက်ပေးသည်။"လျှို့ဝှက်ချက် တစ်ခုခုကြောင့် သောက ရောက်ပြီး ရူးသွားတာ ဖြစ်ချင်ဖြစ်မယ်"

ညပိုင်း တွင် သူတို့သည် အိမ်ပြန်လာကြသည်။ တံခါးဖွင့်ပြီး အိမ်ထဲဝင်လိုက်သည်နှင့် တစ်ပြိုင်နက်အားလုံး တန့် ခနဲ ဖြစ်သွားကြသည်။ သူခိုးတစ်ယောက်တော့ အလုပ်ဖြစ်သွားခဲ့လေပြီ။ ဒင်နီ၏ စောင်များ မရှိတော့။ အစားအစာများ လည်း မရှိတော့။ အိုးနှစ်လုံးလည်း ပါသွားပြီ။

ပီလွန်က ကောင်ကြီးဂျိုး၏ မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ထို့နောက် ခေါင်းကို ယမ်းသည်။"အင်း မင်းတော့ မဖြစ်နိုင်ဘူး၊ မင်းက ငါတို့နဲ့ ပါလာတာပဲ၊ ဒီတစ်ခါ မင်းလုပ်တာ မဟုတ်ဘူး"ဟု ရေရွတ်သည်။

" ဟေ့ ဒါ ဒင်နီ လုပ်သွားတာကွ"ဟု ပက်ဘလိုက အလန့်တကြား ပြောသည်။"သေချာပါတယ်၊ ဒီကောင်ရူး နေ ပြီ၊ တိရစ္ဆာန် တစ်ကောင်ကို တောထဲလျှောက်ပြေးနေပြီနဲ့ တူတယ်"

" ငါတို့ သူ့ကို တွေ့အောင်ရှာမှဖြစ်မယ်"ဟု အားလုံးက တညီတညွတ်တည်း ပြောကြသည်။"ရူးနေတုန်း ဆိုရင် ဘေးအန္တရာယ် တစ်ခုခု

ဖြစ်သွားနိုင်တယ်၊ အဲဒီတော့ မတွေ့တွေ့အောင် ရှာမှဖြစ်မှာ"

သူတို့သည် သူတို့၌ စွဲကပ်နေသော ပျင်းရိခြင်းကို အရေခွာပစ်ကြပြီး ဒင်နီကို နေ့စဉ် အရှာထွက်သည်။

ဒင်နီနှင့် ပတ်သက်၍ ကြားရသည့် ကောလာဟလ သတင်းများကတော့ အမျိုးစုံဖြစ်သည်။"ဒင်နီ မနေ့ညက ဒီမှာရှိ တယ်။ အို ... အဲဒီ အမူးသမားလား၊ ဟာ ဒီအကောင် သူခိုးပဲ၊ မင်းတို့ မသိဘူးလား၊ အဘိုးကြီး တစ်ယောက်ကို ဝင်းထရံတိုင် တစ်တိုင်နဲ့ ရိုက်လှဲပြီး စပျစ်ဝိုင် တစ်ပုလင်းလို လုသွားတယ်၊ ဒီလောက် ဆိုးတဲ့ ကောင်ကို လိုက်ရှာ နေကြတဲ့ မင်းတို့ကကော ဘယ်လို ကောင်စားမျိုးတွေလဲကွာ"

" ဟုတ်တယ်၊ ကျွန်မတို့ ဒင်နီကို တွေ့လိုက်တယ်၊ မျက်စိတွေမှိတ်ပြီးသီချင်းဆိုသွားတယ်၊ သစ်တောထဲကို လာ ပါကွယ်။ နင်နဲ့ငါနဲ့ ကမယ်ဟယ်၊ မိန်းကလေးရယ်တဲ့၊ ကျွန်မတို့ကတော့ ဘယ်လိုက်ရဲမှာလဲ၊ ကြောက်တာ ပေါ့ ဒင်နီ ဆိုတဲ့ လူကြီး ကြည့်ရတာ အေးအေးဆေးဆေးတော့ ဟုတ်ပုံ မရပါဘူး"

ပင်လယ်ဆိပ် ဇာတံတားဘက် ရောက်သည့်အခါ ဒင်နီနှင့် ပတ်သက်၍ သဲလွန်စ ပို၍ရလာသည်။"သူ ဒီဘက်ကို ရောက်လာသေးတယ်"ဟု တံငါသည် တစ်ဦးက ပြောသည်၊"သူက လူတိုင်းကိုလိုက်ပြီး ရန်စနေ တာပဲ၊ ဘင်နီ တို့က တက်မနဲ့ ကောက်ရိုက်လို့ မင်းတို့ ဒင်နီ ခေါင်းကွဲသွားတယ် နောက်တော့ ဒင်နီက အိမ်ပြဲ တင်းပေါက် မှန်တွေကို လိုက်ခွဲတယ်။ ဒါကြောင့် ပုလိပ်တစ်ယောက် ရောက်လာပြီး ဖမ်းသွားရော"

ခြေဦးတည့်ရာ လျှောက်သွားပြီး ထင်ရာစိုင်းကာ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေသော သူတို့ သူငယ်ချင်း အား ပီလါန်တို့ လူစုသည် ဆက်၍ ရှာကြသည်။"မနေ့ညက ဒင်နီကို မက်နီးယား ဖမ်းလာတယ်"ဟု ပုလိပ်ဆာဂျင်တစ်ဦးက ပြောသည်။"မနက်မိုးမလင်းခင်ဘဲ လွတ်သွားတယ်၊ သူ့ကို ပြန်မိရင် ဒီကောင်ကို ထောင်ဒဏ် ခြောက်လတိတိ ချမယ်"

ပီလွန် တို့ လူစုမှာ ဒင်နီကို လိုက်ရှာရသည့်အတွက် စိတ်မော လူမော ဖြစ်လာကြသည်။ သူတို့သည် အိမ်သို့ ပြန် လာခဲ့ကြ၏။ အိမ်ရောက်သောအခါ အလန့်တကြား ဖြစ်ကြရပြန်သည်။ ယနေ့ မနက်ခင်းက ပီလွန် ရှာဖွေ လာ ခဲ့သော အာလူးတစ်ခြမ်း ပျောက်နေပြန်၏။

" ဒါကတော့ လွန်လွန်းပြီကွာ"ဟု ပီလွန်က ရေရွတ်သည်။"ဒင်နီဆိုတဲ့ကောင် ရူးနေပြီကွ၊ ဒီကောင် အန္တရာယ် ဖြစ်တော့မယ်။ ငါတို့သာ သူ့ကို မကယ်ရင် ဒီအကောင် ကြောက်စရာကောင်းတဲ့ ဘေးဒုက္ခနဲ့ ကြုံရတော့မယ်"

" ငါတို့ ထပ်ရှာကြဦးမှ ဖြစ်မှာပေါ့ကွာ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။

" တဲကြို့တဲကြား သစ်ပင်ကြို သစ်ပင်ကြားမကျန် ထောင့်စေ့အောင်

ရှာ ာကမှဖြစ်မယ်"ဟု ကောင်ကြီးဂျိုးက ပြောသည်။

" ပင်လယ်ကမ်းခြေက မှောက်ထားတဲ့ လှေတွေအောက်ကိုလည်း သွားရှာမှ ဖြစ်မျာ"ဟု ကောင်ကြီးဂျိုးက အကြံပြုသည်။

" ကျုပ်ခွေးတွေကလည်း ကူပြီး ရှာပေးရမှာပါ"ဟု ပင်လယ်စားပြက ဝင်ပြောသည်။

ပီလွန်က ခေါင်းယမ်းသည်။"မင်းတို့ ပြောတဲ့နည်း သုံးလို့ကတော့ မဖြစ်တော့ဘူးကွ၊ ဒင်နီ လစ်သွားပြီဆိုရင် သူရှိတဲ့ နေရာကို ငါတို့ရောက်သွားရော၊ ငါတို့နဲ့ တေ့လွဲချည်းဖြစ်နေတာပဲ၊ ဒီတစ်ခါတော့ သူရော်လာမယ်လို့ ထင်ရတဲ့ နေရာက ငါတို့ သွားပြီး စောင့်ကြရအောင်၊ ဒီတစ်ကြိမ်တော့ အရူးအမိုက်တွေ လုပ်သလိုလုပ်နေလို့ မဖြစ်တော့ဘူး၊ ပညာရှိ ဆန်ဆန် လုပ်မှ ဖြစ်တော့မယ်"

" ဒါပေမယ့်ကွာ သူ ဘယ်နေရာလာမယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိမလဲ"

သူတို့အားလုံး၏ ခေါင်းများထဲသို့ အလင်းရောင်တစ်ခု တစ်ပြိုင်တည်း ဝင်လာသည်။"တော်ရဲလီးဆိုင်ကွာ။ အနှေးအမြန် ဆိုသလို ဒင်နီဟာ တော်ရဲလီးဆိုင်ကိုတော့ လာမှာပဲ၊ ငါတို့ အဲဒီဆိုင်ကနေပြီး စောင့်ကြမယ်"

" အေး ဟုတ်တယ်"ဟု အားလုံးက သဘောတူကြသည်။"ဒီပုံအတိုင်းသာ ဆိုရင်တော့ ဒီကောင်ကို ငါတို့ ကယ် မှ ဖြစ်တော့မှာ"

သူတို့သည် တော်ရဲလီးဆိုင်သို့ သွားကြသည်။ တော်ရဲလီးက ဆိုင်ထဲသို့ အဝင်မခံ။ တံခါးကို ပိတ်ထားပြီး တံခါးကြား မှနေ၍ စကားလှမ်းပြောသည်။"မင်းတို့က ငါ့ကို ဒင်နီနဲ့များ မတွေ့ဘူးလားလို့ မေးတယ်၊ ငါပြောပြ မယ်၊ ဒင်နီ ဒီကို လာတယ်၊ စောင်သုံးထည် နဲ့ ဟင်းအိုးနှစ်လုံး ယူလာပြီး ဝိုင် နဲ့ လဲတယ်။

ငါက ဝိုင်တစ်ဂါလန်ပေးလိုက်တယ်၊ နောက်ကျတော့ အဲဒီသရဲက ဘာလုပ်တယ် ထင်သလဲ။ ငါ့မိန်းမကို စော်ကား တယ်၊ ငါ့ကို ရစရာမရှိအောင် ဆဲတယ်။ ငါ့ကလေးကို ရိုက်ပြီး ငါ့ခွေးကို ခြေနဲ့ ကန်သွားတယ်၊ ငါ့အိမ်ဆင်ဝင်က အဝတ်ပုခက်ကို ခိုးသွားတယ်" တော်ရဲလီးသည် စကားကို ဖြတ်၍ အမောဖြေသည်။ သူသည် ဒေါသကြောင့် စိတ်လှုပ်ရှားလျက်ရှိသည်။"ငါ့အဝတ်ပုခက် ပြန်ရချင်လို့ ငါသူ့နောက်က လိုက် သွားတယ်၊ သူ့ကို လိုက်ရှာတာ အနံ့ပဲ၊ တွေ့ဘူး၊ ငါအိမ်ကိုလည်း ပြန်ရောက်ရော သူ ငါ့မိန်းမနဲ့ အိပ်နေတာ တွေ့တယ်။ အလွန်ယုတ်မာတဲ့ ကာမေသုကောင်၊ သူခိုး၊ အရက်သမား၊ မင်းတို့ သူငယ်ချင်း ဒင်နီ ဆိုတဲ့ကောင် ဟာ အဲသလို အယုတ်တမာကောင်ကွ၊ သိလား၊ ဒီကောင်ကို ငါကိုယ်တိုင် ထောင်ကျအောင် လုပ်မယ်"

" ဟေ့ ကော်ဆီကန်ဝက်"ဟု ပီလွန်က အော်သည်။"မင်းက ငါတို့ သူငယ်ချင်းကို အပုပ်မချပါနဲ့ကွာ၊ ငါတို့ သူငယ်ချင်း နေမကောင်းဘူးကွ သိလား"

တော်ရဲလီးက တံခါးကို အတွင်းမှနေ၍ သော့ခတ်လိုက်သည်။

သော့ခလောက် ဂျက်ကျသံကို အားလုံးပင် ကြား လိုက်ကြရ၏။ သို့သော်လည်း ပီလွန်က တံခါးကြားမှနေ၍ သူ ပြောချင်သမျှ သံကုန်တင်၍ အော်ပြောသည်။"ဟော့ကောင် ဂျူး၊ မင်းကသာ မင်းဝိုင်ကို ကပ်စေးမနဲ့ဘဲ သူလဲတဲ့ ပစ္စည်းနဲ့ တန်အောင် ပေးရင် ဒါမျိုးတွေ ဘယ်တော့မှ မဖြစ်ဘူးကွ၊ သိလား၊ မင်းရဲ့ ဖားပြုတ်လျှာနဲ့ တို့သူငယ်ချင်းကို အပုပ် မချချင်ပါ နဲ့၊ သူ့အပေါင်း အသင်းတွေက အများကြီးကွ၊ မင်း ခံသွားချင်သလား၊ ငါတို့က မင်းဗိုက်ကို ဖောက်ပစ်မယ်ဟော့၊ သိလား"

အိမ်ထဲမှ တော်ရဲလီးသည် အသံပြန်မပေးဘဲ ငြိမ်ကုပ်၍ နေသည်။ အပြင်မှ ကြိမ်းဝါးသံများကြောင့် သူသည် ကြောက်လန့်တကြား ဖြစ်နေသည်။ အပြင်မှ ခြေသံများ ဝေးသွားမှပင် သူသည် စိတ်အေး နားအေး ဖြစ်သွားသည်။

ထိုညက ပီလွန်တို့လူစု အိပ်ရာဝင်ကြောအခါ ခပ်ဖော့ဖော့ နင်းသွားနေသည့် လူတစ်ယောက်၏ ခြေသံကို ကြား နေရသည်။ ဒင်နီမှန်း ချက်ချင်းသိကြ၏။ သို့သော်လည်း သူတို့ လက်မှ လွတ်သွားသည်။ သူတို့သည် အမှောင်ထဲတွင် စမ်းတဝါးဝါး လေဆာက်ကာ အသံပေးကြသည်။"ဟေ့ … ဒင်နီ၊ လာပါကွ၊ ငါတို့ဆီ ပြန်လာပါတော့ သူငယ်ချင်းရာ၊ မင်းမရှိရင် ငါတို့ မနေတတ်လို့ပါကွာ"ဟု လှမ်းပြောကြသည်။

အဖြေပေးသံ လုံးဝမကြားရ၊ သို့သော်လည်း ကျောက်ခဲကြီးတစ်လုံးသည် ကောင်ကြီးဂျိုး၏ ဗိုက်ကို ဝင်မှန်သည်။ ကောင်ကြီးဂျိုးသည် ကြမ်းပေါ်တွင် နှစ်ပတ်မျှ လိမ့်သွားသည်။ အားလုံး စိတ်ညစ် စိတ်ရှုပ်ကုန်ကြသည်။

" ဒင်နီတော့ သေမင်းဆီ ပြေးသွားနေတာပဲ"ဟု အချင်းချင်း ပြောကြသည်။"ငါတို့ သူငယ်ချင်းမှာ အကူအညီ လိုနေတာ အမှန်ပဲ၊ ခက်တာက ငါတို့ မကူညီနိုင်ဘဲ ဖြစ်နေပြီ"

ယခုအခါ တွင် အိမ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့မှာ ခက်ခဲသည်ထက် ခက်ခဲလာသည်။ အဘယ်ကြောင့် ဆိုသော် ဒင်နီသည် သူတို့ အလစ်တွင် ဝင်ပြီး အိမ်ထဲမှ ရှိသမျှ ပစ္စည်းကို ခိုးသွားနေသောကြောင့်ပေတည်း။

သူတို့အိမ်မှ ကုလားထိုင်တစ်လုံးကို အရက်ပုန်းရောင်းသူ တစ်ဦး၏ လက်ထဲတွင် တွေ့သည်။ အစားအစာ များကို အစအနပင် မကျန်အောင် ခိုးသည်။ တစ်ကြိမ်တွင် သူတို့အားလုံး တောထဲသို့ဝင်၍ ဒင်နီကို ရှာနေခိုက် လေမီးဖိုကို ဒင်နီက ဝင်ခိုးသွားသည်။ သို့သော်လည်း လေမီးဖိုမှာ အဆမတန်လေးလံလှသဖြင့် လမ်းဘေးမြောင်း တစ်ခုထဲ၌ ပစ်ချထားခဲ့သည်။ အိမ်တွင် ငွေကြေးဆို၍လည်း တစ်ပြားတစ်ချပ်မျှ မရှိတော့ချေ။ ဒင်နီသည် ပင်လယ်ဓားပြ၏ လက်တွန်းလှည်းကိုပင် မချန်တော့ဘဲ ခိုးယူသွားပြီး ဂျိုးအော်တစ်ဖ်ထံမှ ဝီစကီတစ် ပုလင်းနှင့် လဲယူသွားသည်။ ဒင်နီ၏ စိတ်ထဲ၌ ငြိမ်းချမ်းသာယာမှုသည်။ ချုပ်ငြိမ်းသွားခဲ့လေပြီ။ တစ်အိမ်လုံးတွင် သောကနှင့် ဝမ်းနည်းကြေကွဲမှုသာ ဖုံးလွှမ်းလျက်ရှိ၏။

" ငါတို့ရဲ့ သာယာပျော်ရွှင်မှုဟာ ဘယ်ဆီရောက်သွားပါလိမ့်"ဟု ပက်ဘလိုက ညည်းသည်။" တစ်နေရာရာမှာ ငါတို့ဘုန်းကြီးဆီသွားပြီး ကိုယ့်အမှားကိုယ် ဝန်ခံကြဖို့ သင့်တယ်"

သူတို့သည် ကော်နယ်လီယာရှ်၏ မကောင်းသတင်းများကို မပြောကြတော့ပေ။ ကိုယ်ကျင့်တရားများသည် ဝေးရာသို့ ရောက်ကုန်ပြီ။ လူအချင်းချင်း ကိုယ်ချင်းစာနာမှုများလည်း ဆုံးပါးခဲ့ရပြီ။ ကောင်းသော ဘဝဆိုသည် မှာ အဖျက်အဆီးများကြားတွင် ရောက်နေပြီ။ ပီလွန်တို့ လူစုသည် စိတ်အားပျက်ခြင်းနှင့် ရင်ဆိုင်လျက် ရှိကြရလေ၏။ ယင်းကဲ့သို့ ဖြစ်စေခိုက်မှာပင် ကောလာဟလ သတင်းများသည် အဆက် မပြတ် ရောက်လာလျက်ရှိသည်။

" ဒင်နီဆိုတဲ့ကောင် မနေ့ညက မုဒိမ်းမှုကျူးလွန်လို့တဲ့"

" ဒင်နီဆိုတဲ့ ကောင် မစ္စက်ပါလိုချီကိုရဲ့ ဆိတ်မကို နို့ဝင်ညှစ်သွားသဲတဲ့"

" တမြန်မနေ့ညက ဒင်နီ စစ်သားတေါ်နဲ့ ရန်ဖြစ်လို့တဲ့"

ပီလါန်တို့ လူစုသည် ဒင်နီ၏ ကိုယ်ကျင့်တရား ပျက်ပြားမှုများအတွက် များစွာ ဝမ်းနည်းကြသည်။ ဒင်နီ၏ ကောင်း ခဲ့ သည့် အချိန်ကာလများကို သတိမရဘဲ မနေနိုင်။

" တကယ်လို့သာ ဒီကောင်မရှူးဘူးဆိုရင်တော့ အခု ကျူးလွန်နေတဲ့ အမှုတွေအတွက် အပြစ်ပေး ခံရတော့မှာပဲ"ဟု ပီလွန်က ပြောသည်။"ဒါကတော့ သေချာတယ်တဲ့၊ ဒင်နီဟာ မကောင်းမှုကို မကောင်းမှု နဲ့ တုံ့ပြန်နေတာပဲ။ သူကျူးလွန်နေတာတွေဟာ တဖြည်းဖြည်းနဲ့ များများလာပြီ။ နောက် မကြာခင်မှာ အဘိုးကြီး ရိုဇယ်ငယ်တုန်းက ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေထက် များလာတော့မယ်"

ထိုညတွင် ဒင်နီသည် အိမ်ထဲသို့ ဝင်ပြန်သည်။ သူ့ကို ခင်နေသော ခွေးများက မဟောင်သဖြင့် သူဝင်လာသည်ကို မည်သူမျှ မသိလိုက်။ သူသည် ပီလွန်၏ ဖိနပ်များကို ခိုးသွားသည်။ နံနက်လင်း သောအခါ မိမိ၏ ဖိနပ်များ အခိုးခံရသည်ကို ပီလွန်ချက်ချင်းသိသည်။

သူသည် ဆင်ဝင်သို့ ထွက်ထိုင်ကာ ဖိနပ် မပါတော့ သည့် သူခြေထောက်များကို နေရောင်အောက်တွင် ထောင်၍ ကြည့်နေသည်။

" ဒင်နီလုပ်ပုံတွေဟာ တော်တော်ကို လွန်လာပြီ"ဟု ပီလွန်က ပြောသည်။"သူအပျော်လုပ်နေတာပဲဆိုပြီး ငါတို့က စိတ်ရှည်ရှည်နဲ့သည်းခံလာခဲ့ကြသည်။ ဒါပေမယ့် အခုကျတော့ သူလုပ်နေတာဟာ အပျော်မဟုတ် တော့ဘူး၊ ရာဇဝတ်မှုတွေ ဖြစ်လာညပီ၊ အခုလုပ်နေတဲ့လူဟာ ငါတို့နဲ့ သိကျွမ်းခင်မင်နေတဲ့ ဒင်နီ မဟုတ်တော့ဘူး၊ အခုဟာ တို့မသိတဲ့ တခြား လူတစ်ယောက် ဖြစ်နေပြီ၊ ဒီလူဆိုးကို ငါတို့ မိအောင်ဖမ်းမှ ဖြစ်တော့မယ်"

ပက်ဘလိုက သူ၏ဖိနပ်ကို ငုံ့ကြည့်ပြီး"အခုဟာလဲ အပျော်လုပ်တာ တစ်ခုပဲ ဖြစ်မှာပဲ"ဟု ပြောသည်။

" အဖြစ်နိုင်ဘူး"ဟု ပီလွန်က ပြန်ပြောသည်။"အခုလုပ်တာ ရာဇဝတ်မှုပဲတဲ့၊

ဒီဖိနပ်တွေဟာ သိပ်မကောင်း တော့ပါဘူး၊ ဒါပေမယ့် ဒီဖိနပ်စုတ် တွေ ခိုးတာဟာ သူငယ်ချင်းချင်း မိတ်ပျက်အောင် လုပ်တာပဲ၊ အဆိုးဆုံး ရာဇဝတ်မှု တစ်ခုပဲကွာ၊ သူငယ်ချင်းတွေရဲ့ ဖိနပ်ကိုတောင် ခိုးတယ်ဆိုကတည်းက ဒီအကောင် ရာဇဝတ်မှု တွေကို ဆက်တိုက်ကျူးလွန်တော့မှာ သေချာတယ်"

ကျန်လူစုက ပီလွန်၏ စကားကို ခေါင်းညိတ်၍ ထောက်ခံကြသည်။"အေး ဟုတ်တယ်၊ သူ့ကို မိအောင်ဖမ်းမှ ဖြစ်မယ်"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။"သူ နေမကောင်းဘူးဆိုတာ ငါတို့သိနေကြတာပဲ၊ သူ့ကို မိလာရင် သူ့အိပ်ရာပေါ် မှာ ကြိုးနဲ့ တုပ်ပြီး တင်ထားမယ်၊ ပြီးတော့ ဆေးကုကြတာပေါ့၊ သူ့ဦးနှောက်ထဲမှာ ဖုံးနေ တဲ့ အမှောင်ထုကို ငါတို့က ဖယ်ရှားပေးမှဖြစ်မှာ"

" တစ်ခုတော့ သတိထားဖို့လိုလိမ့်မယ်၊ သူ့ကို မိလာတဲ့အခါမှာ ငါတို့ အိပ်ရာဝင်တိုင်း ငါတို့ရဲ့ ဖိနပ်တွေကို ငါတို့ ရဲ့ ခေါင်းအုံးတွေအောက်မှာ ဝှက်ထားဖို့တော့ အမြဲသတိရကြမှ ဖြစ်မှာ"ဟု ပက်ဘလိုက စိုးရိမ်သော လေသံဖြင့် ပြောသည်။

အသို့ဖြင့် သူတို့နေသောအိမ်သည် ခံတပ်တစ်ခုနှင့် တူလာသည်။ ဒင်နီ အိမ်ထဲသို့ ဝင်၍ မခိုးနိုင်အောင် တင်းကျပ်စွာ စောင့်ရှောက်ကြသည်။ အိမ်ကို လုံခြုံအောင် လုပ်ထားသဖြင့် အဝင်ရခက်လာသောအခါ ဒင်နီသည် ဒေါသူပုန် ထသည်။ သို့သော်လည်း သူ့အဖို့ ယခင်ကထက် လွတ်လပ်နေသဖြင့် ပျော်စရာအကောင်းဆုံးသော အချိန်များနှင့် ကြုံတွေ့နေရသည်ကား အမှန်ပင် ဖြစ်လေသည်။

တော်ရဲလီး၏ မျက်နှာသည် မယုံသင်္ကာဖြစ်ခြင်းနှင့် ဒေါသဖြစ်ခြင်းဟူသော စိတ်ခံစားမှု နှစ်ခုမှလွဲ၍ အခြား စိတ်ခံစားမှုကို ဖော်ပြခြင်းမပြုသောမျက်နှာဖြစ်သည်။ အရက်ပုန်းရောင်းသူ တစ်ဦးအနေဖြင့် တော်တီလာ ဖလက် ရပ်ကွက် မှ လူများနှင့် ဆက်ဆံသည့်အခါတိုင်း တော်ရဲလီး၏ မျက်နှာတွင် သံသယနှင့် ဒေါသ ရောယှက် နေသော မျက်နှာဖုံးကိုသာ စွပ်ထားလေ့ရှိ၏။ ဤကား တောရဲလီး၏ အကျင့်စရိုက် တစ်ခုဖြစ်သည်။ ထို့ပြင်လည်း တောရဲလီးသည် မည်သူ့အိမ်ကိုမှ အလည်သွားခြင်းမပြု။

လူတိုင်းက သူ့ထံအလာကိုသာ အိမ်မှ ထိုင်၍ စောင့်သူတစ်ဦးဖြစ်သည်။ သို့သော်လည်း ထိုနေ့ နံနက်က တော်ရဲလီးသည် ဒင်နီ၏ အိမ်ဘက်သို့ ရှေးရှု၍ လျှောက်လာနေရုံမျှမက သူ့မျက်နှာကလည်း သွေးအေးအေး ဖြင့် ရက်စက်မည့် အပြုံးကို ဖော်ပြလျက် ရှိသဖြင့် ထူးခြားလျက်ရှိ၏။ သူ့ကို မြင်လိုက်သော ကလေး များသည် သူတို့ အိမ်ခြံဝင်းများအတွင်းသို့ ဒရောသောပါးပြေးဝင်ကာ ဝင်းထရံတိုင်များကြားမှ ချောင်းကြည့် နေကြသည်။ ခွေးများကတော့ အမြီးများကို ကုပ်၍ ကြောက်လန့်တကြားကြည့်ကာ နောက်သို့ ဆုတ်သွား ကြသည်။ သူနှင့် ဆုံမိကြသော ယောကျ်ားများသည် လမ်းဘေးသို့ ဆင်းကာ လက်သီး တဆုပ်ဆုပ် အံတကြိတ်ကြိတ်ဖြင့် အရှုးတစ်ယောက်ကို မောင်းထုတ်

မည့်အမူအရာမျိုးဖော်ပြကြသည်။

ယနေ့ နံနက်တွင် ကောင်းကင်၌ မြူနှင်းများဆိုင်းလျက်ရှိသည်။ နေသည် မြူနှင်းများကို ထိုးဖောက်၍ ထွက်ပြူ လာနိုင်ရန် အကြိမ်များစွာ အားထုတ်သည်။ နောက်ဆုံး မရတော့သည့်အခါ ညိုမှိုင်းမှိုင်း တိမ်လွှာများ အောက်သို့ ဝင်ရောက်တွယ်ကပ်နေသည်။ ထင်းရှူးပင်များတွင် တွဲလွဲခိုနေကြသော နှင်းပေါက်များသည် မြေပြင် သို့ ခုန်ဆင်း နေကြသည်။ လမ်းပေါ်၌ သွားလာနေကြသော လူတချို့၏ မျက်နှာများမှာလည်း ကြည်သာခြင်းမရှိ။ မှုန်မှိုင်းအုံ့ဆိုင်းနေသော ကောင်းကင်ပြင်ကဲ့သို့ပင် ညိုမှိုင်းလျက် ရှိကြသည်။ တရင်းတနှီး နှုတ်ဆက် သံ များကိုပင် မကြားရ။

တပြုံးပြုံးဖြင့် လျှောက်သိ ားနေသော တော်ရဲလီးကို မြင်လိုက်သည့် အဘိုးအို ရိုကာသည် အိမ်သို့ ပြန်ပြေးပြီး သူ့ မိန်းမကို ပြောသည်။"အဲဒီကောင်တော့ သူ့ကလေးတွေကို သတ်စားလာပြီထင်တယ်ကွ"

တော်ရဲလီးသည် ရွှင်လန်းမြူးထူးလျက်ရှိ၏။ အဘယ်ကြောင့် ဟူမူ သူ၏ ကုတ်အကျ ႌအိတ်ကပ်ထဲ၌ အဖိုးထိုက် တန်သော စာရွက်တစ်ရွက် ပါလာခြင်းကြောင့်ပေတည်း။ သူသည် အိတ်ကပ်ထဲ လက်နှိုက်ကာ စာရွက်ကို မကြာ ခဏ စမ်းကြည့်သည်။ အုံ့ပျပျ ညိုမှိုင်းမှိုင်းဖြစ်နေသော နံနက်ခင်း အလင်းရောင်အောက်၌ လျှောက်သွား နေရင်းမှပင် သူသည် တစ်ယောက်တည်း စကားပြောလာလျက် ရှိလေသည်။

"ဒီကောင် တွေ ဟာ မြွေဆိုးတစ်သိုက်ပဲ၊ ဒင်နီ သူငယ်ချင်းဆိုတဲ့ ဒီလူ ယုတ်မာကောင်တွေကို ရှင်းပစ်မယ်၊ သူတို့ ပစ္စည်း တွေ ခိုးခိုးလာပြီး ဝိုင်နဲ့လဲရင်လည်း လဲပေးစရာ မလိုတော့ဘူး။

ဒီကောင်တွေဟာ တစ်ဦးချင်းစီဆိုရင် သိပ်မဆိုးဘူး၊ အုပ်နဲ့ကျရင်တော့ မကောင်းဘူး၊ ငါသူတို့ကို လမ်းပေါ် ရောက်အောင် မောင်းထုတ်နိုင်တော့မယ်၊ ဒီအကောင်တွေဟာ ဖားပြုတ်တွေ၊သန်းတွေ၊ ယင်ကောင်တွေနဲ့ ဘာထူး လို့လဲ၊ ဒီအကောင်တွေဟာ တောထဲဝင် ပြီး ခွေးတွေလို အိပ်ရတဲ့အခါကျရင် ဘဝင်မြင့်နိုင်ဦး မှာတဲ့လား။

"တော်ရဲလီးဆိုတဲ့ကောင် အပေါ်စီးရပြီဆိုတာ ဒီအကောင်တွေ သိရစေမပေါ့ကွာ၊ သူတို့က ငါ့ကိုလိမ်ညာဖို့၊ ငါ့အိမ်ကပစ္စည်းတွေကို ယူယူဖို့၊ ခိုးယူဖို့ ငါ့မိန်းမကို ကြာခိုဖို့ လောက်ပဲ စဉ်းစားနေကြတာ၊ သူတို့ လုပ်သမျှ ခံနေရတဲ့ တောရဲလီးကလည်း သူတို့ကို ပြန်ချနိုင်တယ်ဆိုတာ ပြရဦးတော့မှာပေါ့"

တော်ရဲလီးသည် လမ်းတစ်လျှောက်လုံး စိတ်ရှိလက်ရှိ ရေရွတ်သည်။ သစ်ပင်များပေါ်မှ နှင်းသီး နှင်းပေါက် များသည် မက်မွန်တောထဲသို့ တစ်ပေါက်ပေါက်ကျလျက်ရှိကြ၏။ စင်ရော်များသည် တကျည်ကျည်တကျာကျာမြည်ကာ ကောင်းကင်တွင် ဝ ဲပျံနေကြသည်။ တော်ရဲလီးသည် ကံကြမ္မာဆိုးတစ်ကောင်သဖွယ် ဒင်နီ၏အိမ်ဆီသို့

ရွှေ့လျားသွားလျက်ရှိလေသည်။

ဒင်နီ၏ အိမ်တွင်လည်း သာယာမှုကင်းမဲ့လျက်ရှိသည်။ ပီလွန်တို့ လူစုသည် နေရောင်မရှိသဖြင့် ဆင်ဝင်သို့ ထွက် ၍ မထိုင်နိုင်ကြချေ။

အားလုံးပင် စိတ်ဓာတ်ကျကာ ညှိုးငယ်နေကြ၏။ ဘာကြောင့် ထိုကဲ့သို့ ဖြစ်ရပါ သနည်း။ တစ်ယောက်မှ အကြောင်းမည်မည်ရရ မပြနိုင်ကြပေ။ သူတို့သည် ဒင်နီ ခိုးသွားသော မီးဖိုကို မြောင်းထဲမှ ဆွဲတင်ကာ ပြန်၍ သယ်လာခဲ့ကြပြီး သူ့နေရာတွင် ပြန်ထားကြသည်။ ယနေ့လည်း သူတို့အားလုံး မီးဖိုအနီးတွင် စုထိုင်ကာ သူတို့ထံ အလည်ရောက်လာသော ဂျွန်နီပွမ်ပွမ်ထံမှ သတင်းမျိုးစုံကို နားထောင်နေကြသည်။

"ငါတို့မြို့တော် အချုပ်ခန်းက အချုပ်ခန်းစောင့် တီးတိုးရပ်ဖ်ကို သိတယ်မဟုတ်လား"ဟု ဂျွန်နီပွမ်ပွမ်က မေးသည်။"သူ အခု အချုပ်ခန်းစောင့် မဟုတ်တော့ဘူး၊ ကနေ့မနက်ပဲ တရားသူကြီးက အလုပ်ဖြုတ်ပစ်လိုက်ပြီ"

"ဟုတ်လား တီတိုးရပ်ဖ်နဲ့ ငါခင်တယ်ကွ"ဟု ပီလွန်က ပြောသည်။"လူတစ်ယောက် အချုပ်ထဲ ရောက်လာ ရင် တီတိုးရပ်ဖ်က ဝိုင်ယူလာပြီး ပေးတယ်၊ သူက အချုပ်ထဲရောက်လာသမျှ လူတွေရဲ့ အကြောင်းကို ကောင်း ကောင်းသိတယ်၊ ဘာပြုလို့ အလုပ်ပြုတ်ရတာလဲ ဂျွန်နီပွမ်ပွမ်ရာ"

"ငါ အခုလာတာ အဲဒီအကြောင်း ပြောပြချင်လို့လာခဲ့တာပဲ၊ တီတိုးရပ်ဖ် ဟာ အချုပ်ထဲ ခဏခဏ ရောက်ခဲ့တဲ့ ကောင်ဆိုတာ မင်းလည်း သိသားမဟုတ်လား၊ သူက အချုပ်သားကောင်း တစ်ယောက် လို့တောင် ပြောလို့ ရနေပြီ၊ အချုပ်ခန်းတစ်ခန်းကို ဘယ်လို ကြီးကြပ် အုပ်ချုပ်ရမယ်ဆိုတာလည်း ကောင်းကောင်း နားလည် နေပြီ၊ တခြားလူတွေထက် ပိုပြီး သူက နားလည်နေတာ၊ အဲဒီတုန်းက အချုပ်ခန်း စောင့် အဖေကြီး မတ်ခ် သေပါလေရော။

အဲဒီမှာတင် တီတိုးရပ်ဖ်ကို သူ့နေရာမှာ ခန့်တာ၊ အမှန်တော့ကွာ တီတိုးရပ်ဖ်လောက်တော်တဲ့ အချုပ်ခန်း စောင့်ဟာ မရှိပါဘူး၊ လူမှန်နေရာမှန်ပဲကွ၊ ဒါပေမယ့် သူ့မှာ မပြောပလောက်တဲ့ ချွတ်ယွင်းချက် ကလေးတစ်ခုက ရှိနေတယ်။ သူ့ဗိုက်ထဲ ဝိုင်ဝင်သွားရင် သူဟာ အချုပ်ခန်းစောင့် တစ်ယောက်ပါလားဆိုတဲ့ အချက်ကို မေ့သွားရော၊ အဲ သူပါ ထွက်ထွက် ပြေးတယ်၊ သူ့ကို ပုလိပ်တွေက ပြန် ပြန် ဖမ်းရတယ်"

အားလုံးက ခေါင်းညိတ်၍ ထောက်ခံကြသည်။"အေး ဟုတ်တယ်၊ အဲဒါတော့ ငါလည်း သိတယ်"ဟု ပက်ဘလို ကပြောသည်။"သူ ထွက်ပြေးရင်လည်း ပြန်ဖမ်းရတာ သိပ်ခက်တယ်ဆိုပဲ၊ သူက အပုန်းကောင်း တယ်တဲ့"

"ဟုတ်တယ်"ဟု ဆိုကာ ဂျွန်နီပွမ်ပွမ်က သူ့စကားကို ဆက်သည်။"အခုနက ငါပြောတဲ့ ချွတ်ယွင်းချက်က လွဲလို့ တခြားအပြစ်ကတော့ မရှိဘူးတဲ့၊ သူဟာ အကောင်းဆုံး အချုပ်ခန်းစောင့် တစ်ယောက်ပဲတဲ့၊ အဲ ငါပြော ချင်နေတဲ့ အဓိကအကြောင်းကို ရောက်လာပြီ၊ နားထောင်ကြ။ မနေ့ညက ဒင်နီက ဝိုင်ဝယ်ပြီး

လူဆယ်ယောက်ကို တိုက်တယ်၊ သူတော်တော် ချမ်းသာနေတယ်ကွ၊ သိလား၊ သူလည်း သောက်တာ ပေါ့ကွာ၊ နောက်တော့ သူက မှူးမှူးရူးရူးနဲ့ ပြတင်းပေါက်မှန်တွေပေါ်မှာ မဟုတ်တရုတ်ပုံတွေ ဆွဲတယ်၊ ပြီးတော့ သူက ကြက်ဥတွေဝယ် ပြီး တရုတ်တစ်ကောင်ကို ပေါက်တယ်၊ အဲဒါ ကြက်ဥတစ်လုံးက ဟိုတရုတ်ကို မမှန်ဘဲ ပုလိပ်တစ်ယောက်ကို သွားမှန်တယ်။ ဒါနဲ့ပြီ ဒင်နီကို ဖမ်းပြီး အချုပ်ထဲ ပို့လိုက်ရော။

လ ဒါပေမယ့် ဒင်နီက အတော်ချမ်းသာနေတာ ဆိုတော့ တီတိုးရပ်ဖ်ကို ဝိုင်ဝယ်ခိုင်းသတဲ့၊ တစ်ခါကုန်ရင်း တစ်ခါ ဝယ်ခိုင်းရင်းပေါ့ကွာ၊ အချုပ်ခန်းထဲမှာက အချုပ်သား လေးယောက်ရှိတယ်၊ လေးယာက်စလုံး အဝအပြဲ သောက်ကြတာကွ၊ ဒီလိုနဲ့ပဲ နောက်ဆုံးကျတော့ တီတိုးရပ်ဖ်ရဲ့ ချွတ်ယွင်းချက် ကလေး ပေါ်လာတယ်၊ အဲဒီည ကတီတိုးရပ်ဖ်က တခြား အချုပ်သားတွေနဲ့အတူ ထွက်ပြေးတယ်၊ ကနေ့မနက် သူ့ကို ပြန်မိတော့ သူတို့က မင်း ကိုအချုပ်ခန်းစောင့် အလုပ်က ဖြုတ်လိုက်ပြီလို့ ပြောကြတယ်။ အဲဒါ သူက စိတ် သိပ်ထိခိုက်ပြီး ပြတင်းပေါက် တစ်ချပ်ကို ဖျက်ပစ်တယ်၊ အဲဒီတော့ သူအဖမ်းခံရတာပေါ့၊ အခုတော့ သူ အချုပ်ခန်းထဲ မှာ ရောက်နေပြန်ပြီ"

"ဒင်နီကကော ဘယ်လိုဖြစ်သွားလဲ"ဟု ပီလွန်က မေးသည်။

"အို ... ဒင်နီလား၊ သူလည်း လွတ်သွားတယ်လေ။ သူ့ကိုတော့ ဖမ်းလို့ မမိဘူး"ဟု ဂျွန်နီပွမ်ပွမ်က ဖြေသည်။

အားလုံးက သက်ပြင်းချကြသည်။

"ဒင်နီလည်း အတော့်ကို ဆိုးနေပြီ"ဟု ပီလွန်က ပြောသည်။"ဒီကောင်ပြန်ကောင်းလာဖို့ မလွယ်တော့ဘူး၊ သူ ဒီလောက် သုံးဖြုန်းနေတယ်ဆိုတော့ ငွေတွေ ဘယ်ကများ ရလာပါလိမ့်"

ထိုအခိုက်မှာပင် အပေါ်စီး ရနေပြီဖြစ်သော တော်ရဲလီးသည် ဒင်နီ၏ အိမ်ဝင်းတံခါးကို ဖွင့်၍ အတွင်းသို့ ဝင်လာသည်။ ပင်လယ်ဓားပြ၏ ခွေးများသည် တံခါးဆီသို့ လျှောက်သွားကာ အပြင်သို့ ကြည့်ပြီး ဟိန်းသည်။

ပီလွန်တို့ လူစုသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ ကောင်ကြီးဂျိုးက ပေါက်တူးကို လှမ်းကိုင် ထားသည်။ တော်ရဲလီး၏ ခြေသံများသည် ဆင်ဝင်ပေါ်သို့ ရောက်လာသည်။ တံခါးပွင့်သွားသည်။ အဝတွင် ပြုံးဖြဲဖြဲလုပ်၍ ရပ်နေသော တော်ရဲလီး၊ သူသည် ဝုန်းဝုန်းဒိုင်းဒိုင်း မလုပ်၊ အိမ်ကြောင် တစ်ကောင် ပမာ အလွန် ညင်သာစွာဖြင့် ကြောင်တစ်ကောင်က ပိုးဟပ်တစ်ကောင်ကို ပုတ်ကစားနေသည့်နှယ် ပီလွန် တို့လူစု အား ကျောသပ်ရင်သပ် လုပ်သည်။

"ကဲ မိတ်ဆွေတို့"ဟု သူက အလွန်ချိုသာသော လေသံဖြင့် စကားစသည်။ ပီလွန်တို့ကတော့ တော်ရဲလီး၏ မျက်နှာကို အလန့်တကြား မော့ကြည့်နေကြသည်။"ကဲ ကဲ ကျုပ်ရဲ့ မိတ်ဆွေတွေ၊ ကျုပ်ရဲ့ ဖောက်သည်ကြီး

တွေကို မကောင်းသတင်း ပြောရမှာတော့ စိတ်မကောင်းပါဘူးဗျာ"ဟု ပြောသည်။

ပီလွန်က ထိုင်နေရာမှ ခုန်ထလိုက်သည်။"ဒင်နီလား၊ ဒင်နီဘာဖြစ်လို့လဲ၊ သူ နေမကောင်းဘူး၊ အခု ဘာဖြစ် သလဲ၊ မြန်မြန်ပြောဗျာ"

တော်ရဲလီးက ခေါင်းယမ်းသည်။"မဟုတ်ပါဘူး၊ မိတ်ဆွေတိုပရယ်၊ ဒင်နီကိစ္စ မဟုတ်ပါဘူး၊ မိတ်ဆွေတို့ကို စိတ်မကောင်းခြင်းကြီးစွာနဲ့ပဲ ပြောရပါလိမ့်မယ်၊ မိတ်ဆွေတို့ ဒီအိမ်မှာဆက်ပြီး နေပိုင်ခွင့် မရှိတော့ပါဘူး" သူ့စကားကြောင့် အားလုံး အံ့အားသင့်ကာ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေကြသည်။ ပါးစပ်အဟောင်းသား ဖြင့် ငေးကြည့်နေကြသည်။

"ဒါက ဘာစကားလဲဗျ"ဟု ပက်ဘလိုကမေးသည်။"ကျုပ်တို့က ဘာပြုလို့ ဒီအိမ်မှာ ဆက်ပြီးနေပိုင်ခွင့် မရှိ ရမှာလဲ"

တော်ရဲလီးက သူ့အကျႌ အိတ်ကပ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်၍ အားလုံးရှေ့တွင် ဝှေ့ယမ်းပြသည်။"ဒီ အိမ်ကို ဒင်နီမပိုင်တော့ဘူး ကိုယ့်လူတို့"

"ဘာ ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ၊ ဘယ်လိုကြောင့် ဒင်နီ မပိုင်တော့တာလဲ၊ ရှင်းရှင်းပြောစမ်းပါ၊ ကော်ဆီကန် ဝက်ကြီးရဲ့"

တော်ရဲလီးက ရယ်သည်။"ဘာကြောင့်လဲဆိုတော့ ဒီအိမ်ကို ငါပိုင်သွားပြီကွ၊ မနေ့ညက ဒင်နီ ငါ့ဆီရောက် လာပြီး ဒီအိမ်ကို နှစ်ဆယ့်ငါးဒေါ်လာနဲ့ အပြတ်ရောင်းသွားတယ်"

အားလုံး မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။"ဒါဟာ လိမ်တာ ဖြစ်မယ်၊ ဒင်နီဟာ ဒီလိုအလုပ်မျိုး လုပ်မှာ မဟုတ်ဘူး"ဟု တွေးကြသည်။ ထို့နောက်"ဒါပေမယ့် အခုတလော ဒင်နီဟာ သိပ်ပြီး သောင်းကျန်း နေတယ်၊ မကောင်းတာတွေ အများကြီး လုပ်နေတယ်၊ ငါတို့ ပစ္စည်းတွေကိုတောင် ခိုးနေတာ၊ သူ့ အိမ်ကို ရောင်းချင်ရောင်းမှာပဲ"

" ဒါဟာ မင်းလိမ်တာဖြစ်မယ်"ဟု ပီလွန်က ပြောသည်။

တော်ရဲလီးက အားရပါးရ ပြုံးလိုက်ပြီး လက်ထဲမှ စာရွက်ကို ဝှေ့ယမ်းပြတယ်။"ဟောဒီမှာ မြင်လား၊ သက်သေခံ ပစ္စည်း၊ ဟောဒီ အရောင်းစာချုပ်ပေါ်မှာ ဒင်နီ လက်မှတ်ထိုးထားတယ်"

ပက်ဘလိုက ဒေါသတကြီးဖြင့် တော်ရဲလီးအနီးသို့ တိုးကပ်သွားသည်။"မင်းသူ့ကို အရက်မူးအောင်တိုက်ပြီး လက်မှတ် ထိုးခိုင်း တာပဲ ဖြစ်ရမယ်၊ ဒင်နီအနေနဲ့ မူးနေတော့ သူ ဘာလုပ်လို့ လုပ်မိမှန်း သိမှာမဟုတ်ဘူး"

တော်ရဲလီးက စာရွက်ကို အနည်းငယ် ဖြန့်ပြလိုက်ပြီး" တရားဥပဒေက အဲဒီ စကားမျိုးကို စိတ်မဝင်စားပါဘူး ကွာ" ဟုပြောသည်။"ဒါကြောင့်မို့ ပြောရတာတော့ အားနာပါတယ်၊ မင်းတို့အားလုံး ငါ့အိမ်ပေါ်က အခု ချက်ချင်း ဆင်းသွားကြဖို့ ပြောပါရစေ၊ ဒီအိမ်ကို ဘယ်လို အသုံးချရမယ်ဆိုတာ ငါစီစဉ်ပြီးနေပြီ" တော်ရဲလီး၏မျက်နှာမှာ အပြုံးသည် ပျောက်ကွယ်သွားပြီး ထိုအပြုံးနေရာတွင် ရက်စက်သော အရိပ်လက္ခဏာများ ဝင်လာသည်။"မင်း တို့

ဒီအိမ်ထဲက မထွက်ရင် ငါပုလိပ်ခေါ်ပြီး နှင်ရလိမ့်မယ်"

ပီလွန်က တော်ရဲလီး၏ အနီးသို့ အသာအယာ ကပ်သွားသည်။ အို တော်ရဲလီး၊ ပီလွန် ပြုံးပြီး သင့်အနီးသို့ ကပ်လာပါမူ သတိသာထားပေရော့၊ ပြေးနိုင်လျှင် လွတ်အောင်ပြေးပြီး သံတံခါးများ အလုံပိတ်ထားသည့် အခန်း တွင်း ၌ ပုန်းနေပေတော့။

"ငါကတော့ ဒါတွေကို ဘာမှ နားမလည်ဘူး"ဟု ပီလွန်က လေအေးကလေးဖြင့် ပြောသည်။"အမှန်အ တိုင်း ဝန်ခံရရင်တော့ ဒင်နီ လိုလူက အခုလို လုပ်တဲ့အတွက်တော့ ငါစိတ်ထိခိုက်မိတယ်"

တော်ရဲလီးက မလိုတမာအသံဖြင့် ရယ်ပြန်သည်။

"ငါ့မှာ ရောင်းဖို့ အိမ် ဆိုလို့ တစ်လုံးတလေ တောင်မှ မပိုင်ခဲ့ဘူး"ဟု ပီလွန်က ဆက်ပြောသည်။"အခု ဒင်နီက အဲဒီစာရွက်ပေါ်မှာ လက်မှတ်ထိုးတယ်ပေါ့ ဟုတ်လား"

" မှန်ပါတယ်ခင်ဗျာ"ဟု တောရဲလီးက တမင်လုပ်ယူထားသော အသံဖြင့် လှောင်သလို ပြောင်သလိုလုပ်၍ ပြောသည်။"ဒင်နီက ဟောဒီစာရွက်ပေါ်မှာ လက်မှတ်ထိုးသွားပါတယ်၊ ယုံပါပြီလားခင်ဗျာ"

" ဒါဆိုရင် မင်း ဒီအိမ်ကို ပိုင်တယ်လို့ သက်သေပြနိုင်တဲ့ ပစ္စည်းဟာ အဲဒီစာရွက်ပေါ့ ဟုတ်လား"ဟု ပီလွန်က မေးသည်။

" သိပ် ဟုတ်တာပေါ့ သောက်ရူးရဲ့၊ ဟောဒီစာရွက်ဟာ အခိုင်အမာဆုံး သက်သေခံပေါ့"

ပီလွန်က အံ့အားသင့်သွားဟန်ဖြင့် မော့ကြည့်သည်။"ငါက ဒီစာရွက်ကို မင်း ယူသွားပြီး တရားဝင်ဖြစ်သွား အောင် အကြောင်းကြားပြီးပြီလို့ ထင်တာ"

တော်ရဲလီးက တမင်တကာ ဟားတိုက်၍ ရယ်သည်။ အို တော်ရဲလီး၊ သင် သတိရှိပေတော့၊ မြွေတွေ လှုပ်ရှား နေပုံကို သင် မမြင်ဘူးလား၊ အိမ်ရှေ့ တံခါးဝတွင် ဂျီးဆပ်စ်မေရီယာ ရပ်နေပြီ၊ ပက်ဘလိုကတော့ မီးဖိုချောင် တံခါးအဝမှာ၊ ဟိုအကောင် ကောင်ကြီးဂျိုးကတော့ ပေါက်တူးကြီး ကိုင်လို့၊ သင်တွေ့ရဲ့လား။

အလုပ်သဘောကို မင်းတို့လို လူလေလူလွင့် တေလေကြမ်းပိုးတွေ နားလည်မလားကွ၊ ငါအခု ဒီအိမ်ကပြန်မှ ဒီစာရွက်ကို ယူပြီး ရုံးကို တရားဝင်"

လုပ်လိုက်ပုံမှာ မြန်ဆန်လွန်းသဖြင့် တော်ရဲလီးသည် စကားကို ဆုံးအောင်မပြောနိုင်၊ ခြေနှစ်ချောင်းစလုံး ကြမ်းပြင်နှင့် လွတ်သွားပြီး လူတစ်ကိုယ်လုံးအပေါ်သို့ မြောက်တက်သွားကာ ကြမ်းပေါ်သို့ ဗိုင်းခနဲ ပြန်ကျလာသည်။ သူသည် ကြမ်းပြင်ကို လက်နှစ်ဖက်ဖြင့် တအားကုတ်ခြစ်ကာ ပြန်ထနိုင်ရန် ကြိုးစား နေသည်။ သူ့နားထဲသို့ မီးဖို အဖုံးဖွင့်သံ ဝင်ရောက်လာလေသည်။

"သူခိုးတွေ"ဟု တော်ရဲလီးက သံကုန်ဟစ်၍ အော်သည်။ သွေးရောင်သည်

လည်ပင်းမှတစ်ဆင့် မျက်နှာ ပေါ် သို့ ကူးသွားသည်။"သူခိုးတွေ၊ ကြွက်နာတွေ၊ ခွေးတွေ ငါ့စာရွက်ပြန်ပေး"

သူ့ရှေ့တည့်တည့်၌ ရပ်နေသော ပီလွန်က အလွန်အံ့အားသင့်နေသည့် မျက်နှာထားဖြင့် ငုံ့ကြည့်သည်။

"စာရွက်ဟုတ်လား"ဟု ယဉ်ကျေးချိုသာစွာဖြင့် မေးသည်။"ဒီလောက်ကြီး အငမ်းမရ တောင်းနေတာဟာ ဘာ စာရွက်ပါလိမ့်"

" အရောင်းစာချုပ် ကွ၊ ဒီအိမ်ကို ငါပိုင်ကြောင်း သက်သေခံမယ့် စာရွက်။ ငါပုလိပ်တိုင်မယ်ဟေ့ သိလား"

"စာရွက်တဲ့၊ ဘာစာရွက်ပါလိမ့်၊ ငါဖြင့် မသိပေါင်ကွာ"ဟု ပီလွန်က ပြောသည်။"ဟေ့ ပက်ဘလို၊ ဒီကောင် ပြောနေတာ ဘာစာရွက်လဲကွ၊ မင်းသိသလား"

" ဟေ့ ဂျွန်နီပွမ်ပွမ် မင်းကောသိသလား"ဟု ပီလွန်က မေးပြန်သည်။"သူ အိပ်မက်မက်ပြီး ပြောနေတာ ဖြစ်မယ်"ဟု ဂျွန်နီပွမ်ပွမ်က ဖြေသည်။

"ဟေ့ ဂျီးဆပ်စ်မေရီယာ၊ မင်းကော၊ သူ ပြောနေတဲ့ စာရွက်ကို သိသလား"

"ဟာကွာ၊ ဒီအကောင်ကြီး မူးနေတယ်လို့ ငါတော့ ထင်တာပဲ"ဟု ဂျီးဆပ်စ် မေရီယာက အဖြေပေးကာ"မနက် စောစောစီးစီး မူးတာကတော့ မကောင်းပါဘူးကွာ၊ စောလွန်းလှပါတယ်"ဟု မှတ်ချက်ချလိုက်သည်။

" ဟေ့ ကောင်ကြီးဂျိုး၊ မင်းကကော"

"ငါ အခုမှ ဝင်လာတာကွ၊ သူပြောတာ ငါဘာမျှမသိဘူး"

"ပင်လယ်စားပြကော"

"သူ့မှာ ဘာစာရွက်မှ ပါမလာပါဘူးဗျာ"ဟု ပြန်ဖြေလိုက်ပြီး သူ့ခွေးများဘက်သို့ လှည့်၍"မင်းတို့ကော သိကြသလား"ဟု မေးသည်။

ပီလွန်သည် အသနားခံသည့် မျက်နှာထားဖြင့် ကြည့်နေသော တော်ရဲလီးဘက်သို့ လှည့်ကြည့်လိုက်သည်။"မိတ်ဆွေကြီး အမှတ်မှားနေပြီထင်တယ်၊ ကျုပ် လွဲချင်လည်း လွဲမှာပေါ့၊ အဲဒီတော့ ကိုယ့်မျက်စိနဲ့ ကိုယ်ပဲ ကြည့် ပြီး ရှာပါတော့၊ အခန်းထဲမှာတော့ မြင်တဲ့အတိုင်းပဲ၊ ဒီလူတွေကလွဲပြီး ဘာစာရွက်မှ မရှိပါဘူးလို့ ပြောလိုက်ရင် ခင်ဗျားက ကျုပ်ကို အပြစ်တင်မှာလား၊ ခင်ဗျား အိမ်ပြန်ပြီး အနားယူလိုက်ရင် ကောင်းမယ် ထင်ပါတယ်ဗျာ"

တော်ရဲလီးသည် ထက်မံ၍ နောက်တွန့်လျက်ရှိသည်။ သူတို့သည် တော်ရဲလီးကို ဆွဲယူကာ အိမ်ပြင်သို့ ထုတ်သွားပြီး လမ်းမပေါ်အရောက်ပို့ပေးသည်။ အရှုံးနှင့် ရင်ဆိုင်နေရပြီဖြစ်သော တော်ရဲလီးသည် ထိတ်လန့် ကြောက်ရွံ့စွာဖြင့် ပြန်သွားသည်။

သူတို့သည် ကောင်းကင်ဆီသို့ မော့ကြည့်ပြီး ဝမ်းသာအားရ ဖြစ်သွားကြသည်။ နေသည် မြူနှင်းများကြားမှ အတင်း တိုးထွက်ရန်

ရှန်းကန်လှုပ်ရှားနေပြန်ပြီ။ ယခုတစ်ကြိမ်တွင်မူ မြို့နှင်းများကို တစ်နေရာမှ ဖောက်၍ ထွက် လာနိုင်သည်ကို တွေ့ရ၏။ သူတို့သည် အိမ်ထဲသို့ ပြန်မဝင်ကြတော့ဘဲ အိမ်ရှေ့ဆင်ဝင်၌ ထိုင်ကြသည်။

" နှစ်ဆယ့်ငါး ဒေါ်လာကြိုးများတောင် ဒီကောင် ဘာတွေသုံးပစ်ပါလိမ့်"ဟု ပီလွန်က ပြောသည်။

နေသည် မြို့နှင်းများကို အောင်မြင်စွာ မောင်းထုတ်နိုင်ခဲ့လေပြီ။ ဆင်ဝင်အောက်တွင် ပူနွေးလာပြီဖြစ်၍ ယင် ကောင် များသည် တဝီဝီ ပျံသန်းလျက်ရှိသည်။

" ဒင်နီဆိုတဲ့ကောင် ဒီလိုအလုပ်မျိုး မလုပ်သင့်ပါဘူးကွာ"ဟု ပက်ဘလိုက ပြောသည်။

ငှက်တစ်ကောင်သည် နှင်းဆီချုံထဲသို့ ခုန်ဆွ ခုန်ဆွလုပ်ကာ ဝင်သွားသည်။ မစ္စက်မော်ရေး၏ ကြက်ဖများသည် နေရောင်ခြည်ကို ဆီးကြိုနှုတ်ဆက်လိုက်သည့်နှယ် တစ်ကောင်ပြီး တစ်ကောင် တွန်လျက်ရှိကြသည်။ ခြံဝင်းထဲ ရောက်နေကြပြီဖြစ်သော ပင်လယ်ဓားပြ၏ ခွေးများသည် တစ်ကိုယ်လုံးကို ကုတ်လိုက်ဖဲ့လိုက် အမြီးများကို တဇတ်ဇတ်ကိုက်လိုက်။

လမ်းမပေါ်မှ လျှောက်လာနေသည့် ခြေသံများ၊ အားလုံးမျှော်ကြည့်လိုက်ကြသည်။ ဝမ်းသာအားရ ထလိုက်ပြီး အလွန် ရွှင်လန်းတက်ကြွသော အပြုံးများဖြင့် ဆီးကြိုနှုတ်ဆက်လိုက်ကြသည်။ ဒင်နီနှင့် တီတိုးရပ်ဖ် တို့သည် ဝင်းတံခါးမှ ဝင်လာကြသည်။ သူတို့သည် အလွန်လေးလံပုံရသော အိတ်နှစ်လုံးကို တစ်ယောက်တစ်လုံး ဆွဲလာ ကြသည်။ ဒင်နီသည် သူ့လက်ထဲမှ အိတ်ကို ဆင်ဝင်တွင် ချထားလိုက်၏။ သူ့မျက်နှာကတော့ ပင်ပန်းနွမ်းနယ် ခြင်းကို ဖော်ပြနေသည်။

" တောင်ကုန်းပေါ်တက်ရတာ အတော်ပူသားကွ"ဟု ဒင်နီက ပြောသည်။

" ဟေ့ တီတိုးရပ်ဖ်၊ မင်း အချုပ်ခံရတယ်ဆို"ဟု ဂျွန်နီပွမ်ပွမ်က မေးသည်။

" ငါထွက်ပြေး လာတာ၊ ငါ့လက်ထဲမှာ အခုထက်ထိ အချုပ်ခန်းသော့တွေ ရှိနေသေးတယ်"

ပီလါန်တို့ လူစုသည် တစ်ပြိုင်တည်းလိုလို သက်ပြင်းချလိုက်ကြသည်။ ပီလွန်က ဝိုင်ကို အားရပါး ရမော့သည်။"ဒီမှာဟေ့ ဒင်နီ၊ ဟိုဝက်ကောင်တော်ရဲလီးကနေ့မနက် ဒီကို ရောက်လာတယ်၊ သူ့ဆီမှာ မင်း လက်မှတ် ထိုးထား တဲ့စာရွက်စာတမ်းရှိတယ်လို့ ပြောတယ်"

" အဲဒီစာရွက် ဘယ်မှာလဲ"ဟု ဒင်နီက အလန့်တကြားမေးသည်။

" ငါတို့က သူ လိမ်ပြောတယ်ဆိုတာ သိလို့ စာရွက်ကို ယူပြီး မီးရှို့ပစ်လိုက်တယ်၊ မင်း အဲဒီ စာရွက်ပေါ်မှာ လက်မှတ်မထိုးခဲ့ဘူး မဟုတ်လား"ဟု ပီလွန်က မေးသည်။

" မထိုးပါဘူးကွာ"ဟု ဒင်နီက ပြောပြီး ဝိုင်ကို မော့သည်။

" စားစရာလေးများ ရှိရင် ကောင်းမှာပဲကွာ"ဟု ဂျီးဆပ်စ်မေရီယာက ညည်းသည်။

ဒင်နီက ပြုံးသည်။"ငါ မေ့နေတယ်၊ ဟိုအိတ်ထဲမှာ ကြက်သုံးကောင်နဲ့ ပေါင်မုန့်တွေပါတယ်"

အလွန် စိတ်အေးချမ်းသာသွားပြီဖြစ်သော ပီလွန်သည် ထိုင်နေရာမှ ထရပ်လိုက်ပြီး ဒင်နီ ပြန်ရောက် လာသည့် အထိမ်းအမှတ်အဖြစ်ဖြင့် စကားပြောသည်။"ငါတို့ သူငယ်ချင်း ဒင်နီနဲ့တူတဲ့ သူငယ်ချင်းမျိုးကို ဘယ်မှာသွားပြီး ရှာလို့ရမလဲ၊ သူဟာ ငါတို့ကို သူ့အိမ်ထဲမှာ နေခွင့်ပေးခဲ့တယ်၊ သူ ရတဲ့အစားအစာကို ခွဲဝေမျှတပြီး ကျွေးတယ်၊ သူ ရလာတဲ့ဝိုင်ကို ခွဲဝေမျှတပြီး တိုက်တယ်၊ ငါတို့ရဲ့ အချစ်ဆုံးသူငယ်ချင်းဟာ ကောင်းရှာပါတယ်ကွာ"

ဒင်နီသည် စိတ်အနှောင့်အယှက် ဖြစ်သွားဟန်ဖြင့် ခေါင်းကို ငိုက်စိုက်ချကာ ကြမ်းပြင်ကို ငေးစိုက်ကြည့်နေသည်။ နှုတ်မှလည်း"ဒါဟာ ဘာမှ မဖြစ်လောက်ပါဘူးကွာ၊ ချီးမွမ်းခံထိုက်တဲ့ ကိစ္စမျိုးမဟုတ်ပါဘူး"ဟု ခပ်တိုးတိုးရေရွတ်သည်။

အတိုင်းအဆ မသိနိုင်လောက်အောင် ပျော်ရွှင်နေသော ပီလွန်သည် စိတ်ကောင်း စေတနာကောင်း ဝင်လျက်ရှိသည်ဖြစ်ရာ"ငါတို့တစ်တွေ တော်ရဲလီးအတွက် ကောင်းတာလေး တစ်ခုခုတော့ လုပ်ပေးဦးမှ ဖြစ်မယ်"ဟု ပြော လိုက်လေသည်။

ဒင်နီ၏ ဝမ်းနည်းကြေကွဲမှုများနှင့် ဒင်နီ၏ သူငယ်ချင်းများက အနစ်နာခံ၍ ပေးသော ပါတီပွဲ

အိမ်မှ ထွက်သွားပြီးနောက် သောင်းကျန်းချင်တိုင်း သောင်းကျန်းကာ ရမ်းကားချင်တိုင်း ရမ်းကားပြီး အိမ်သို့ ပြန်ရောက်လာသော ဒင်နီသည် နောင်တတရားရပုံမပေါ်သော်လည်း လူကတော့ ကိုယ်ရောစိတ်ပါ အလွန်အမင်း ပင်ပန်းနွမ်းနယ်နေပုံရ၏။ သူ အပြင်လောကမှ ရခဲ့သော အတွေ့အကြုံများမှာမူ ယခုအချိန်ထိ သူ့ စိတ်ထဲ တွင် တစ်ရစ်ပတ်ပတ်နှင့် ဆန်းသစ်နေဆဲဖြစ်သည်။ သို့တစ်စေလည်း ဒင်နီသည် ယခင်ကလို ရွှင်လန်း တက်ကြွမှု မရှိတော့ပေ။ သူ၏ နေပုံထိုင်ပုံမှာ တွေတွေငေးငေး ဖြစ်နေသည်ကများ၏။ ဆင်ဝင်၌ ထိုင်နေရာမှ ထခြင်းသည် အစာစားရန်ဖြစ်၏။ စားပွဲ၌ ထိုင်နေရာမှ ထခြင်းသည် အိပ်ရာဝင်ရန်ဖြစ်၏။

သူ့ဘေးပတ်ပတ်လည်တွင် စကားတွေ အများကြီး ပြောနေကြသော်လည်း ပြောဆိုနေကြသမျှကို သူ နားထောင် နေသည်မှ တစ်ပါး တစ်ခွန်းတလေ မှ ဝင်ရောက် ပြောဆိုခြင်းမပြုချေ။ ကော်နယ်လီယာရှု၏ တစ်ယောက် ယောက်ျားများ ထည်လဲနှင့် လဲ၍ တွဲနေသည့် အကြောင်းကို သူကြားသော်လည်း ယခင်ကလို စိတ်လှုပ်ရှား သည့် အရိပ်လက္ခဏာ မပြချေ။

တစ်ညတွင် ကောင်ကြီးဂျိုးသည် ဒင်နီ၏ အိပ်ရာပေါ်တက်အိပ်သည်၊ ဒင်နီက ဘာမှမလုပ်ဘဲ ကြည့် နေသဖြင့် ပီလွန်နှင့် ပက်ဘလိုတို့က ဘေးမှဝင်၍ ကောင်ကြီးဂျိုးကို ရိုက်ကာ ခုတင်ပေါ်မှ မောင်းချ ခဲ့ရသည်။

တစ်ညတွင် ဆင်မီရက်စ်ပါး ဆိုသူသည် နှစ်သစ်ကူးပွဲ ကျင်းပသည်။ ဝီစကီတစ်ဂါလန်ကို သောက်ပြီး နွားမတစ်ကောင်ကို သတ်၍ ချက်စားသည်။ ထိုပြစ်မှုအတွက် ပုလိပ်က ဆင်မီရက်စ်ပါး ကိုဖမ်းပြီး အချုပ်သို့ပို့သည်။ ဤသတင်းကို ပီလွန်တို့ လူစုက ဒင်နီအနီး၌ ထိုင်၍ ပြောဆို ဝေဖန်ကြသည်။ ငြင်းကြခုံကြသည်။ သို့သော်လည်း ယခင်က ဤစကားဝိုင်းမျိုးတွင် စိတ်ဝင်စားတတ်သော ဒင်နီသည် တစ်ခွန်းတလေမျှပင် ဝင်ရောက် ပြောဆိုခြင်းမပြုချေ။

အနေအထိုင် အပြောင်းလဲကြီး ပြောင်းလဲနေသော ဒင်နီကို ကြည့်ကာ ပီလွန်တို့လူစု စိတ်ပူစ ပြုလာသည်။"သူ သိပ်ကို ပြောင်းလဲသွားတာပဲ"ဟု ပီလွန်က ပြောသည်။"အသက်ကလည်း ကြီးလာပြီမဟုတ်လား"

ဂျီးဆပ်စ်မေရီယာ ကတော့ တစ်မျိုးထင်သည်။"သူ အပြင်ထွက်ပြီးထင်ရာ မြင်ရာတွေလုပ်ခဲ့တာ တနင်္ဂနွေ သုံးပတ် တောင် ကြာတာကွ၊ အဲဒီတော့ ပျော်စရာ ရွှင်စရာဆိုတဲ့ အလုပ်မျိုးတွေကို ငြီးငွေ့နေပုံရတယ်"ဟု ဆိုသည်။

သူငယ်ချင်းများသည် အထီးကျန်စိတ်ဖြင့် ငြိမ်သက်နေသော ဒင်နီကို ယခင်ကလို ပြန်ဖြစ်လာအောင် ကြိုးစား အားထုတ်ကြသည်။ သို့သော်လည်း ဒင်နီကတော့ မလှုပ်မချောက်။ မနက်ခင်း ဆင်ဝင်အောက်၌ ထိုင်ကြ သည့်အခါတိုင်း အားလုံးက ရယ်စရာအကောင်းဆုံးသော ဝတ္ထုပုံပြင်များ ဖြစ်ရပ်များကို ပြောပြသည်။ တော်လီယာဖ လက်ရပ်ကွက်တွင်းမှ ချစ်ရေးချစ်ရာ ကိစ္စများကို ပြောကြသည်။ ပီလွန်သည် ရပ်ကွက်တွင်း မှ သတင်းမျိုးစုံကို ထောက်လှမ်းပြီး အိမ်သို့ သယ်ဆောင်လာလေ့ရှိသည်။ ပြီးတော့ ဒင်နီ စိတ်ဝင်စား လိမ့်မည်ဟု ယူဆရသော သတင်းများကို စီကာပတ်ကုံး ဖောက်သည် ပြန်ချသည်။ သို့သော်လည်း ဒင်နီ၏မျက်လုံးများတွင် စိတ်ဝင်စား သည့် အရိပ်အငွေ့ မမြင်ရ။ ပင်ပန်းနွမ်းနယ်နေသည့် လက္ခဏာ များကိုသာ ဖော်ပြနေသည်။

" မင်း ကြည့်ရတာ နေမကောင်းသလိုဘဲ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။"မင်း ဘာဖြစ်နေတာလဲ၊ စိတ် ညစ်စရာ တစ်ခုခု ရှိနေလို့လား"

" ဟင့်အင်း မရှိပါဘူး"ဟု ဒင်နီက ဖြေသည်။

ဒင်နီသည် သူ့ခြေထောက်များပေါ်၌ နားပြီး တရွရွလျှောက်သွားနေသော ယင်ကောင်များကိုပင် မောင်းခြင်း ခြောက်ခြင်းမပြု။ တစ်ခါတစ်ရံ ရိုက်ပြန်တော့လည်း စိတ်မပါ့တပါ။ တဖြည်းဖြည်းနှင့် တက်ကြွသော စိတ်များနှင့် ရယ်မောသံများသည် ဒင်နီ၏အိမ်အတွင်း၌ ချုပ်ငြိမ်းသွားသည်။

ဒင်နီကို ကြည့်ရသည်မှာ သနားစရာ ကောင်းနေသည်။ ဟိုတုန်းကအလွန် တက်ကြွနေသောဒင်နီ၊ ရန်ဖြစ်ပြီ ဟော့ဆိုလျှင် သူရှေ့ဆုံးက၊ အရက်သောက်ကြပြီဆိုလျှင်လည်း ဘယ်လိုလူစားမျိုးနှင့်မဆို သောက်နိုင်သူ၊ အချစ်ရေးရာ ကိစ္စများနှင့်ကြုံလျှင်လည်း ဘယ်တော့မှ နောက်မဆုတ်တတ်သူ၊ အခုကျတော့ သူသည် ဆင်ဝင်၌ လက်နှစ်ဖက်ကို တွဲလောင်းချ၍ ခြေထောက်များကိုပစ်၍ ဦးခေါင်းကို ချိုး၍ ငေးတိငေးမော ငိုင်တိ ငိုင်တိုင်၊ သူ့မျက်လုံးများသည် ဘာခံစားမှုကိုမှ မပြ။

" မင်း ဘယ်လိုဖြစ်နေတာလဲ ဒင်နီရယ်၊ မင်းကြည့်ရတာ ကမ္ဘာကြီးတည်စမှာ ပထမဆုံး လူဖြစ်လာရတဲ့ လူ တစ်ယောက်လိုပါလား၊ ကမ္ဘာကြီး ပျက်သုဉ်းသွားချိန်မှာ တစ်ယောက်တည်းကျန်ခဲ့တဲ့ လူတစ်ယောက် နဲ့ လည်း တူလှပါကလား၊ မင်း ဒီလိုတော့ မနေပါနဲ့ကွာ၊ မင်းတစ်ယောက်တည်း မဟုတ်ပါဘူး။ မင်းအနားမှာ မင်းသူငယ် ချင်းတွေ အများကြီးရှိနေပါသေးတယ်။ သူတို့က မင်းမျက်နှာအရိပ်အကဲကို မျက်ခြည်မပြတ် ကြည့်နေကြပါတယ်။ သူတို့ သခင်ရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်နေကြတဲ့ ခွေးတွေနဲ့ဘာမှ မထူးပါဘူး။ မင်းပါး စပ်က ပျော်မြူးစရာ စကားလေးတစ်လုံးလောက်သာ ကြားလိုက်ရရင်၊ မင်းမျက်နှာက ရွှင်လန်းတဲ့ အကြည့်နဲ့ သာ ကြည့်လိုက်ရင် အားလုံးက ဟောင်ဖို့ အမြီးနှန့်ဖို့ အဆင်သင့်ပါကွာ"

တစ်ရက်တွင် ပီလွန်သည် ဝိုင်အိုးကို ဒင်နီလက်တွင်းသို့ ထည့်ပေးပြီး"ကဲ

ချက်ကွာ၊ မင်းသောက်နိုင် သလောက် သောက်လိုက်စမ်း"ဟု ပြောသည်။

ဒင်နီက အိုးကိုကိုင်၍ မော့သည်။ ပြီးတော့ သူ့ ကုလားထိုင်တွင် ပြန်၍ မှီကာ ငြိမ်ဆိတ်နေသည်။ စိတ်၏ ငြိမ်းချမ်းရာ နယ်မြေတွင် ပြန်၍ အခြေစိုက်ရန် အားထုတ်နေသည့်နှယ် ရှိသည်။

" မင်းမှာ ဒဏ်ရာ တစ်ခုခု ရထားသလားကွာ"ဟု ပီလွန်က မေးသည်။

" မရပါဘူး"ဟု ဒင်နီက ဖြေသည်။

ပီလါန်သည် နောက်ထပ် ဝိုင်တစ်ခွက် ငှဲ့ပေးသည်။ ဒင်နီ၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေသည်။ ဒင်နီ၏ မျက်နှာသည် မျက်တွင်းဟောက်ပက်နှင့် ပါးချောင်နားချောင်များ ကျနေသည်။ ဟိုယခင်က ဒင်နီ၏ အကြည့်မျိုးသည်ဖျတ်ခနဲပေါ်လာသလို ရှိသည်။ သူသည် ယင်တစ်ကောင်ကို လက်ဝါးနှင့် ရိုက်သတ် လိုက် လေသည်။

ပီလွန်၏ မျက်နှာတွင် အပြုံးရိပ်ဝင်လာသည်။ သူသည် ပက်ဘလို၊ ဂျီးဆပ်စ်မေရီယာ၊ ကောင်ကြီးဂျိုး၊ ပင်လယ် စားပြ၊ ဂျွန်နီပွမ်ပွမ်နှင့် တီတိုးရပ်ဖ် တို့ကို စုလိုက်သည်။ ထို့နောက် အိမ်နောက်ဖေးဘက်မှ ချောက်ထဲ သို့ ခေါ် သွားသည်။"ငါ ဝိုင်လက်ကျန် ဒင်နီကို တိုက်ကြည့်တယ်၊ ဟန်ကျသွားသလိုပဲ။ အမှန်က ဒင်နီ မှာ လိုအပ်နေတာ ဝိုင်များများသောက်ဖို့ပဲ။ အဲဒီတော့ ငါတို့ သောက်ပွဲလေးတစ်ပွဲ လုပ်ပေးနိုင်ရင် ကောင်းမယ်လို့ ထင်တယ်၊ ဝိုင်များများ ဘယ်က ရနိုင်မလဲ"

ထိုအခါ ကျန်လူစုက ဝိုင်များများ ရနိုင်မည့် နေရာနှင့် နည်းလမ်းကို စဉ်းစား ကြံဆကြသည်။ နောက်ဆုံးတွင် ဂျီးဆပ်စ်မေရီယာက ပြောသည်။"ချင်ကီးဆီမှာတော့ ငါးခွဲတဲ့ အလုပ်ရှိတယ်၊ ငါးဗိုက်သွားခွဲရင် လုပ်ခရမယ်၊ လုပ်ခရရင် ဝိုင်ရနိုင်တာပဲ"

အားလုံး စဉ်းစားကြသည်။ ဤနည်းမှလွဲ၍ အခြားနည်းမရှိ။"အေးလေ ဒီအလုပ်ကို ငါတို့ဘာကြောင့် မလုပ် နိုင်ရမှာလဲ"ဟု ပြောကြသည်။"တစ်ရက်လုပ်ရင် အလုံအလောက် ရနိုင်ပါတယ်"ဟု ဆိုကြသည်။

" ငါတို့ လုပ်မယ်ကွာ"ဟု ပီလွန်က ဆုံးဖြတ်သည်။"မနက်ဖြန် ငါတို့အားလုံး ချင်ကီး ဆီသွားပြီး ငါး ဗိုက် ခွဲမယ်၊ ညပိုင်းကျတော့ ဒင်နီ အတွက် သောက်ပွဲလေး လုပ်မယ်"

နောက်တစ်နေ့နံနက် ဒင်နီအိပ်ရာမှနိုးသောအခါ တစ်အိမ်လုံး တိတ်ဆိတ်ခြောက်သွေ့လျက်နေသည်။ သူသည် အိပ်ရာမှထကာ လူသူ ကင်းမဲ့နေသော အခန်းများကို လျှောက်ကြည့်သည်။ သို့သော်လည်း ဒင်နီသည် ပြဿနာ တစ်ရပ်တွေ့လာလျှင် ကြာကြာစဉ်းစားနေတတ်သူမဟုတ်။ သူသည် တစ်အိမ်လုံး ငြိမ်ဆိတ် နေသည့် ကိစ္စကို ပြဿနာတစ်ရပ်ဟု မယူဆတော့ဘဲ အိမ်ရှေ့ဆင်ဝင်သို့ ထွက်ထိုင်နေသည်။

မကြာခင်မှာပင် သတင်းစကား တစ်ခုကို ကြားလာရသည်။ ဒင်နီ၏

သူငယ်ချင်းများ ချင်ကီးထံသွား၍ ငါးဗိုက်ခွဲ သော အလုပ်လုပ်နေကြသည်ဟူသော သတင်းစကားဖြစ်၏။ ဤသတင်းသည် တော်တီလာဖလက် ရပ်ကွက်သူ ရပ်ကွက်သားများအဖို့ အစိုးရအဖွဲ့ တစ်ဖွဲ့ကို ဖြုတ်ချလိုက်သည် ဟူသော သတင်းမျိုးနှင့် တစ်တန်းတည်းထား သည့် သတင်းဖြစ်သည်။ လမ်းထဲတွင်လည်း ပြောကြသည်။ အိမ်ထဲ တွင်လည်း ပြောကြသည်။ မိန်းမများသည် အိမ်နောက်ဖေး ဝင်းခြံ၏ ဟိုဘက်သည်ဘက် မျက်နှာချင်းဆိုင်၍ ရပ်ကာ ဤသတင်းကို အထူးအဆန်း သတင်း တစ်ပုဒ်အဖြစ် ပြောကြသည်။"အောင်မယ်လေးတော့ အံ့ဩစရာ ပါပဲ၊ ဒင်နီ သူငယ်ချင်းတွေက ချင်ကီးဆီသွား ပြီး ငါးဗိုက်ခွဲတဲ့အလုပ် လုပ်နေကြသတဲ့"

တစ်မနက်ခင်းလုံး ဤသတင်းသည် လူတိုင်း၏ ပါးစပ်ဖျား၌ ရေပန်းစားလျက်ရှိသည်။ ဘာကြောင့် သူတို့တစ် တွေ အခုလို လုပ်ကြပါလိမ့်၊ အကြောင်းတော့ ရှိရမယ်၊ ထိုအကြောင်းသည် လျှို့ဝှက်ရမည့်အကြောင်း ဖြစ်နိုင်စရာရှိသည်။ တချို့အမေများက သူတို့ သားသမီးများကိုလွှတ်၍ ဟုတ် မဟုတ်၊ မှန် မမှန် သေချာအောင် ကြည့် ခိုင်းသည်။ သူတို့သားသမီးများ ပြန်လာလျှင် သတင်းကို အတည်ပြုနိုင်တော့မည်။ မကြာခင် သတင်းစုံရောက် လာသည်။

" ပက်ဘလိုရဲ့လက်ကို ငါးခွဲတဲ့ ဓား ထိသွားသတဲ့"

" ချင်ကီးက ပင်လယ်ဓားပြရဲ့ ခွေးတွေကို ခြေနဲ့ လိုက်ကန်လို့တဲ့"

" ခွေးတွေ ပြန်ပို့လိုက်ရတယ်"

ဤသတင်းနှင့် ပတ်သက်၍ အလောင်းအစား လုပ်သူများက လုပ်ကြသည်။ ဤမျှလောက် ထူးခြားသည့် သတင်းသည် မရှိသလောက် ဖြစ်နေသည်။ ထိုနေ့တစ်နေ့လုံး ကော်နယ်လီယာရှ်ဇ်၏ သတင်းသည် တိမ်မြုပ် သွားသည်။ ထို့နောက် မွန်းတည့်အချိန်ခန့်တွင် နောက်ထပ်ထူးခြားသော သတင်းတစ်ပုဒ် ထွက်လာပြန်သည်။

" သူတို့က ဒင်နီ အတွက် ပါတီပွဲကြီး တစ်ခုလုပ်မလို့တဲ့"

" လူတိုင်းက သွားကြမလို့တဲ့"

ဤသတင်းကို အကြောင်းပြု၍ တော်တီလာဖလက် ရပ်ကွက်အတွင်း၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လာကြသည်။ မစ္စက်မော်ရေးသည် သူ့ဓာတ်စက်ကို ထုတ်၍ ဖုန်သုတ်သည်။ အကျယ်လောင်ဆုံးသော အသံများထွက် သည့် ဓာတ်ပြားများကို ရွေးသည်။ တော်တီလာဖလက် ရပ်ကွက်တွင် မီးတိုင်များဖြင့် တထိန်ထိန် တညီးညီးဖြစ် လာသည်။ ဒင်နီအတွက် ပါတီ ပေးမည့် လူများမှာ သူ့သူငယ်ချင်း ခုနစ်ယောက်။ ထို့ကြောင့် ဒင်နီတွင် မိတ်ဆွေ ခုနစ်ယောက်မျှသာ ရှိသည်ဟု ပြောရမလို ဖြစ်နေသည်။ သို့သော်လည်း သတင်း ကြားရုံဖြင့် လှုပ်လှုပ်ရှရှ ဖြစ်နေ သူများက လူများစု။ မစ္စက်ဆိုတိုသည် သားလှီးဓားတစ်လက်ကိုင်၍ သူ့ကြက်ခြံထဲ ဆင်းသွားသည်။ မစ္စက်ပါဆိုချီကိုကတော့ သကြားတစ်အိတ်ကို မုန့်အိုးထဲ လောင်းထည့်ကာ မုန့်လုပ် ဖို့

ပြင်ထားသည်။ မိန်းကလေးတစ်အုပ်သည် မွန်ထရေးမြို့ထဲမှ ဝူးလ်ဝတ်သ် စတိုး သို့ သွားကာ ရောင်စုံစက္ကူများ ဝယ်ကြသည်။ ဂီတာနှင့် အကော်ဒီယံ အသံညှိသံများသည် တစ်ရပ်ကွက်လုံးတွင် ပျံ့နှံ့ နေသည်။

သတင်းများ ထပ်ရောက်လာပြန်သည်။ ပါတီပွဲကို လုပ်မည်။ သတင်းအတည်ဖြစ်သွားပြီ၊ သူတို့အနေဖြင့် ပါတီပွဲ အတွက် အနည်းဆုံး သုံးဆယ့်လေးဒေါ်လာသုံးမည်။ ဝိုင်ဆယ့်လေးဂါလန်ကတော့ အဆင်သင့်။

တော်ရဲလီးသည် အရောင်းကိစ္စဖြင့် အလုပ်ရှုပ်လျက်ရှိသည်။ လူတိုင်းက ဒင်နီ၏ အိမ်သို့ ယူသွားဖို့ ဝိုင်တစ်ဂါလန် စီ လာ၍ လာ၍ ဝယ်နေကြသည်။ တော်ရဲလီးကိုယ်တိုင်မှာလည်း လှုပ်ရှားမှု ပိုက်ကွန်တွင် ငြိတွယ် လျက်ရှိသည်။"ဟေ့ ငါတို့လည်း ဒင်နီအိမ်ကို သွားဖြစ်ချင်မှ သွားဖြစ်မှာ၊ သွားရင်တော့ ငါ့မိတ်ဆွေ အတွက် ဝိုင် ဂါလန် နည်းနည်းပါးပါးတော့ ယူသွားဦးမှပဲ"ဟု သူ့မိန်းမကို ပြောသည်။

မွန်းလွဲပိုင်းသည် ကုန်လွန်သွားပြီ။ တစ်ရပ်ကွက်လုံး ပို၍ လှုပ်လှုပ်ရှရှ ဖြစ်လာသည်။

တစ်သက်လုံး ခေါက်၍ သိမ်းထားသော အဝတ်အစားများကို အနံ့အသက်ပျောက်ရန် ထုတ်လှန်းကြသည်။ တစ်ရပ်ကွက်လုံး လှုပ်လှုပ်ရှရှ ဖြစ်နေခိုက်တွင် ဒင်နီ၏ အခြေအနေမည်သို့ရှိပါသနည်း။ ဒင်နီသည် အရည် တစ်ဝက် ပျော်ကျနေ သည့်လူတစ်ယောက်သဖွယ် သူ့နေရာတွင် ခွေတီးခွေခေါက် ထိုင်နေသည်။ နေရောင်ခြည် နေရာရွေ့ကာမှပင် သူ လှုပ်ရှားသည်။ ရပ်ကွက်ထဲမှ လူများသည် သူ့အိမ်ခြံဝင်း တံခါးရှေ့မှ အစု လိုက် အပြုံလိုက် ဖြတ်သွားဖြတ် လာလုပ်လျက်ရှိကြ၏။ သို့သော်လည်း ဒင်နီ ကတော့ မလှုပ်မယှက်၊ ညနေလေးနာရီ ထိုးသောအခါ သူသည် ထိုင်ရာမှထပြီး မွန်ထရေးမြို့ဘက်သို့ ထွက်သွားလေသည်။

အစားအစာများ ရောက်လာကြသည်။ ထမင်းများနှင့် ကြက်သားဟင်းအိုးများ၊ ပြီးတော့ ဝိုင်များ တစ်ဂါလန်ပြီး တစ်ဂါလန်၊ ဂါလန်ပေါင်း အမြောက်အမြား ရောက်လာသည်။ မာတီနက်ဇ်သည် သူကိုယ်တိုင် စိမ်ပြီး မြေကြီးထဲ မြှုပ်ထားသည့် အထူးဝိစကီ အိုးကိုတူးကာ ဒင်နီအိမ်သို့ ယူလာသည်။

ညနေ ငါးနာရီခွဲတွင် ဒင်နီ၏ သူငယ်ချင်းများ ပြန်လာကြသည်။ အလုပ်ပင်ပန်း၍ နွမ်းနယ်နေကြသော်လည်း သူတို့ မှန်းခြေနှင့် ကိုက်သဖြင့် အားလုံး ပျော်ရွှင်နေကြသည်။ သူတို့သည် မီးရောင်ဖြင့် ထိန်ထိန်ညီးနေသော အိမ်ကို အဝေးမှပင် လှမ်းမြင်နေရ၏။ အားလုံးဝမ်းသာအားရ ရယ်ကြသည်။ ပင်ပန်းနွမ်းနယ်မှုများသည် သူတို့ ထံမှ ထွက်ပြေးကြသည်။ သူတို့သည် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် လည်လျက်ရှိလေသည်။

မာမာချီပိုသည် ဇလုံကြီးတစ်လုံးကို တစ်ယောက်တစ်ဖက် မ၍သယ်လာသော သားနှစ်ယောက်နှင့်အတူ ဒင်နီ၏ခြံဝင်းထဲသို့ ဝင်လာသည်။

လူချမ်းသာ လူ့ကတ်ဖဲ့တစ်ဦးဖြစ်သော ပေါ်လီကိုသည် ရေတ်သီးများနှင့် ချက်ထားသည့် အိုးတစ်လုံး တင်ထားသော မီးဖိုကို မ၍ ဝင်လာသည်။ အော်သံများ၊ သီချင်းဆိုသံများ၊ မိန်းမ များ၏ စကား ပြောသံများနှင့် ကလေးများ၏ ဆူသံပူသံ ငိုသံများ။

ဆူသံ ပူသံ အော်သံ ဟစ်သံများကြောင့် မွန်ထရေးမြို့မှ ပုလိပ်တစ်ယောက် ရောက်လာသည်။"အိုး ... ပါတီပွဲ လုပ်မလို့ ပါဗျာ၊ ဝိုင်တစ်ခွက်တစ်ဖလား လောက်ပဲ မော့ကြမှာပါ၊ ကျုပ်တို့ ဘယ်သူ့ကိုမှ မသတ် ပါဘူး၊ စိတ်ချပါ"ဟု ဆီးပြောကြသည်။

ဒင်နီတစ်ယောက် ဘယ်ဆီများ ရောက်နေပါလိမ့်။ အလွန်အေးသော အခုလို ညကျမှ ဒင်နီသည် မီးခိုးတန်း တစ်တန်း လွင့်မျောနေသည့်နှယ် မွန်ထရေးမြို့တွင်း၌ ခြေဦးတည့်ရာ လျှောက်သွားလျက်ရှိသည်။ သူသည် စာ တိုက်ဘက်သွားသည်။ ဘူတာရုံကိုလည်း ရောက်သည်။ ဘယ်လ်ဗာရေးဒိုး လမ်းမကြီးဘေးမျှ ဘိလိယက်ခုံကို လည်း ဝင်သည်။ သင်္ဘောဆိပ် ဗောတံတားများ ဘက်ကိုလည်း လျှောက်လိုက်သေးသည်။ ဒင်နီ ဘာဖြစ်နေပါ လိမ့်၊ ဘာကြောင့် သူ အခုလို လျှောက်သွားနေရပါသနည်း။ ဒင်နီကိုယ်တိုင်ပင် သူ ဘာဖြစ်နေမှန်း မသိ။

သူ့နှလုံး သားသည် သူအလွန်ချစ်မြတ်နိုးသော မိန်းမတစ်ယောက်ကို အပြီးအပိုင် ခွဲခွာရတော့မည့် အချိန် တွင် ဖြစ်ပေါ်လာတတ်သည့် ခံစားမှုမျိုးဝင်ကာ နာကျင်ကိုက်ခဲလျက်ရှိသည်။ အမျိုးအမည်မသိသော ကြေကွဲဝမ်းနည်းမှုကို ခံစားနေရသည်။ သူသည် သူယခင်က စားနေကျ စားသောက်ဆိုင်ရှေ့မှ ဖြတ်လျှောက်ခဲ့သည်။ အနံ့မျိုးစုံကို ရှူရပါ၏။ သို့သော်လည်း ဆာလောင်မွတ်သိပ်ခြင်းမဖြစ်၊ သူသည် နာမည်ကြီး မဒမ်ဇူကာ၏ ဇိမ်နန်းရှေ့မှ ဖြတ်လျှောက်သည်။ ပြတင်းပေါက်များမှ ပုံစံအမျိုးမျိုးဖြင့် ညစ်ညစ်ပတ်ပတ် လုပ်ပြနေသော မိန်းကလေးများကို ငဲ့စောင်း၍ပင် မကြည့်၊ သူသည် နောက်တစ်ခေါက် ပြန်လာကာ ဆိပ်ခံဗောတံတားဆီသို့ ဆိုက်ရောက်လာသည်။ သူသည် တံတားသံတိုင်ပေါင်ကို မှီ၍ အလွန့်အလွန် နက်သော ရေပြင်ကို စူးစိုက်၍ ကြည့်နေသည်။ သူသည် လှုပ်ရှားခြင်းမရှိ။

အမှောင်ရိပ်များ ကျလာသည့်အခါ ဒင်နီ၏ အိမ်မှလူများသည် ဒင်နီ အတွက် စိတ်ပူလာကြသည်။ သူ့သူငယ် ချင်းများသည် ပါတီပွဲမှ ထွက်ကြပြီး မွန်ထရေးမြို့ဘက်သို့ လျှောက်သွားကြသည်။ သူတို့သည် လမ်း၌ တွေ့သူများအား"ဒင်နီကို မတွေ့ကလိုက်ကြဘူးလား"ဟု စုံစမ်းကြသည်။

" တွေ့လိုက်တယ်၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ ဒီအနားက ဖြတ်လျှောက်သွားတာ မြင်လိုက်တယ်"

ပီလွန်နှင့် ပက်ဘလိုတို့သည် သူတို့ သူငယ်ချင်း သွားရာဘက်သို့ ထွက်လာခဲ့ကြသည်။ နောက်ဆုံးတွင် မှောင်မည်းနေသော သင်္ဘောဆိပ်ဗောတံတား၏ သံတိုင်ကို မှီရပ်နေသည့် ဒင်နီကို မြင်ကြသည်။ တံတား တွင် ထွန်း ထားသည့် လျှပ်စစ်မီးရောင်က ခပ်မှိန်မှိန်၊ သူတို့သည် စိုးရိမ်စိတ်ဖြင့်

ဒင်နီဆီသို့ အပြေးအလွှား သွားကြသည်။

ထိုနေ့က မြစ်ရပ်နှင့် ပတ်သက်၍ နောင်အခါ ပက်ဘလိုက ပြောပြသည့် အတိုင်းဆိုလျှင် အလွန် ထူးဆန်းအံ့သြ ဖို့ ကောင်းသည်။ ပက်ဘလို၏ အဆိုအရ သူနှင့် ပီလွန်တို့ ဒင်နီထံ လျှောက်သွားသည့်အခါ ဒင်နီသည် သံတိုင်ကိုမှီ၍ရပ်နေသည်။"သူ သံတိုင်မှီပြီး ရပ်နေတာမြင်တော့ ငါသေသေချာချာ ထပ်ကြည့်မိတယ်၊ ငါမြင် လိုက်တာကတော့ ဒင်နီတစ်ယောက်တည်း မဟုတ်ဘူး၊ ဒင်နီရဲ့ ခေါင်းအထက်နားမှာ တိမ်ပုပ်မည်းမည်းကြီးလို အရာဝတ္ထုတစ်ခု ရွေ့နေတာ မြင်လိုက်ရတယ်။

ပထမတော့ ငါ့စိတ်ထဲမှာ ငှက်မည်းကြီး တစ်ကောင်လို့ ထင်မိ တယ်၊ သေသေချာချာ ထပ်ကြည့် လိုက်တော့လည်း ဟုတ်တယ်၊ ငှက်မည်းကြီး၊ ကြီးသမှ အတော့ကိုကြီးတာ၊ ယုန်တစ်ကောင် ရဲ့ တွင်းပေါက် အထက်က တရစ်ဝဲဝဲပျံနေတဲ့ သိမ်းငှက်ကြီးတစ်ကောင် နဲ့ သိပ်တူတာပဲ၊ ငါ့စိတ်ထဲမှာ ကြောက်လာတာနဲ့ ဘုရားသခင် ကိုတောင် အာရုံပြုလိုက်မိသေးတယ်၊ ငါတို့ ဒင်နီအနား ရောက်သွားတဲ့ အခါမှာတော့ အဲဒီငှက်ကြီး မရှိတော့ဘူး"ဟု ပက်ဘလိုက ပြောလေ့ရှိသည်။

သို့သော်လည်း ထိုနေ့က သူနှင့် အတူတူသွားခဲ့သည့် ပီလွန်ကတော့ ထိုငှက်ကို မမြင်ခဲ့ချေ။ ထို့အပြင်လည်း ပက်ဘလို ဘုရားသခင်အား အာရုံပြုသည်ကို ပီလွန်မမြင်လိုက်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ ပက်ဘလို၏ ပြောစကား များကို မမှန်ပါဟုတော့ ပီလွန်ကမပြော၊ ဤစကားများမှာ ပက်ဘလို၏ စကားများသာ ဖြစ်သဖြင့် သူ ဘာမှဝင်ရောက် ပြောဆိုပိုင်ခွင့် မရှိဟု သူက ယူဆသည်။

ထိုနေ့ ထိုရက် ထိုအချိန်က သူတို့သည် ဒင်နီကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဒင်နီထံသို့ အပြေးအလွှား သွားကြသည်။ တံတားပေါ်၌ ခင်းထားသည့် သစ်သားများသည် သူတို့ ခြေထောက်များအောက်မှာ အသံမျိုးစုံ မြည်လျက်ရှိ၏။ ဒင်နီကတော့ လှည့်၍ပင် မကြည့်ပေ။ ပီလွန်နှင့် ပက်ဘလိုတို့က ဒင်နီ၏ လက်မောင်း များကို တစ်ယောက်တစ်ဖက် ဝင်ကိုင်ပြီး ဆွဲလှည့်ကာမှပင် လှည့်ကြည့်သည်။

" ဒင်နီ၊ မင်း ဘာဖြစ်နေတာလဲ"

" ဘာမှမဖြစ်ပါဘူး"

" မင်း နေမကောင်းဘူးလား ဒင်နီ"

" ကောင်းပါတယ်"

" ဒီလိုဆို ဘာဖြစ်နေတာလဲ၊ မင်းကြည့်ရတာ စိတ်မချမ်းသာသလိုလို တစ်ခုခုကြောင့် ဝမ်းနည်း နေ သလိုလိုပဲ"

" ငါလည်း မသိဘူး"ဟု ဒင်နီက ပြောသည်။"ငါ့စိတ်ထဲက အဲသလို ဖြစ်နေတာ၊ ဘာမှ လုပ်ချင်တဲ့စိတ်လည်း မရှိဘူး"

" ဆရာဝန်ပြကြည့်ရင် ကောင်းမယ်ထင်တယ် ဒင်နီ"

ငါ နေကောင်းတယ်လို့ မင်းတို့ကို ပြောပြီး ပါပကောလား"

" ဒီလိုဆို ရင် ငါပြောမယ်"ဟု ပီလွန်က ဝမ်းသာအားရ အော်သည်။"အခု ငါတို့ မင်းအိမ်မှာ မင်းအတွက် ပါတီ ပွဲတစ်ခု လုပ်ထားတယ်၊ တော်တီလာဖလက် ရပ်ကွက်ထဲက လူတိုင်းလိုလို ပါတီပွဲမှာ ရောက်နေ ကြတယ်။ တေးဂီတလည်း ပါတယ်၊ ဝိုင်လည်းပါတယ်၊ စားစရာတွေလည်း ပါတယ်၊ ဝိုင်ဆိုရင် ဂါလန်နှစ်ဆယ် သုံးဆယ် လောက် ရှိမယ်ထင်တာပဲ၊ ရောင်စုံစက္ကူတွေ ဘာတွေနဲ့ တခမ်းတနားကို ပြင်ဆင်ထားတာ၊ မင်း လိုက်မယ် မဟုတ်လား"

ဒင်နီသည် နောက်သို့လှည့်ပြီး ရေပြင်ကို တစ်ချက်မျှ ငုံ့ကြည့်လိုက်သေးသည်။ ပြီးမှ သူ့ သူငယ်ချင်းများဘက် ပြန်လှည့် ကြည့်သည်။ သူ့မျက်လုံးများမှာ ကြည်လင်တောက်ပခြင်းမရှိ။"အေး ဟုတ်တယ်၊ မင်းတို့ ပြောတဲ့ အတိုင်း ပဲ ငါလိုက်မယ်၊ ကဲကွာ မြန်မြန် သွားကြရအောင်၊ ငါလည်း ရေငတ်လှပြီ။ ပါတီပွဲမှာ ကောင်မလေးတွေ ကောရှိရဲ့လား"

" အများကြီးပဲ"

" ဒါဆိုရင် မြန်မြန် သွားကြရအောင်၊ ကဲ လာကြ"

ဒင်နီကပင် ပီလွန်တို့ရှေ့မှ ဦးအောင် ပြေးသွားသည်။ ပါတီပွဲဆီမှ တီးသံ မှုတ်သံများကို အဝေးမှပင် ကြားနေရ၏ ။ ပျော်ရွှင်မြူးထူး နေကြသည်။ လူသံများပါ ကြားနေရ၏။ သုံးယောက်သား အပြေးအလွှား သွားကြသည်။ ဒင်နီက သူ့ခေါင်းကို မော့ကာ ကိုယိုတီဝံပုလွေတစ်ကောင် အူသလို အူလိုက် သေးသည်။ လူအများက သူ့ကို ဝိုင် အိုးများ သူ့က်ငါ အလုအယက် ထိုးပေးကြသည်။ သူကလည်း ပေးသမျှအိုးကို တစ်အိုးချင်းစီယူ၍ တစ်ကျိုက်စီ မော့သွားသည်။

တော်တီလာဖလက် ရပ်ကွက်မှ လူတစ်ယောက်အနေဖြင့် ပါတီပွဲ အကြောင်း စကားစပ်မိသည့်အခါတိုင်း ထိုညက ဒင်နီ၏ ပါတီပွဲကို ထည့်သွင်းပြီး မပြောဘဲမနေနိုင်၊ ခင်ဗျား ဒင်နီအိမ်မှာလုပ်တဲ့ ပါတီပွဲကို ရောက်ခဲ့ဖူး တယ်မဟုတ်လား"ဟု မေးလေ့ရှိသည်။ ပြီးတော့"အဲဒီပါတီပွဲမှ တကယ့်ပွဲဗျ"ဟု ပြောလေ့ ရှိသည်။"ဒီလောက် ပျော်စရာကောင်းတဲ့ ပါတီပွဲမျိုးကို ဘယ်သူမှ ပေးနိုင်တော့မှာမ ဟုတ်ဘူး၊ သိလား၊ အဲသလို ပွဲမျိုးကို အိပ်မက်တောင်မက်လို့ မရနိုင်တော့ဘူး၊ တကယ့်ပွဲကြီးပွဲကောင်း တစ်ခုပဲ၊ အဲဒီညက ဒဏ်ရာအနာတရ မရတဲ့ အကောင် တစ်ကောင်မှ မရှိဘူး၊ နည်းတာများတာပဲကွာတယ်၊ အားလုံး ဒဏ်ရာ နဲ့ ချည်း ပြန်ကြရတာ၊ ဆော် လိုက်ကြတာမှ လူနှစ်ယောက်ရန်ဖြစ်ပြီး တစ်ဦးချင်းစီ ဆော်တဲ့ပွဲမျိုး မဟုတ်ဘူး၊ ပါတီပွဲမှာရှိနေတဲ့ ယောကျာ်း တိုင်းဘယ်သူဘယ်ဝါရယ်လို့ ရွေးမနေဘဲ ချကြနှက်ကြတဲ့ပွဲဗျို့"ဟု အားရပါးရ ဖောက်သည်ချလေ့ရှိ၏။

မှန်လည်းမှန်သည်။ ထိုညက ပါတီပွဲတွင် မိန်းမများ၏ ရယ်သံများသည် ကြွက်ကြွက်ညံနေသည်။ ပြီး တော့ အမျိုးသားများ၏ အသံသေး အသံကြောင်ဖြင့်

အော်သံများ၊ အိမ်အနီးအနားရှိ မြောင်းကြို မြောင်းကြား၊ ချောက်ကြို ချောက်ကြား များဆီမှ နှစ်ကိုယ်ကြား တွတ်ထိုးသံများ၊ ငြင်းသံ ခုန်သံများ၊ တွန်းထိုး ကန် ကျောက်သ ံများနှင့် တောင်းပန်တိုးလျှိုးသံများ၊ ပါတီပွဲ ပြီးဆုံးသွားသည့် နောက် တစ်ရက် မှ စ၍ တစ်ပတ် တိတိမျှ အမှားဝန်ခံသူများသည် ဘုန်းတော်ကြီး ရာမွန်ထံ ဝင်လာမစဲ တသဲသဲ ဖြစ်ကုန်သည်။ ထိုညက မြောင်းဆန် အောင် ကလိုက်ကြသော လူအများ၏ ဒဏ်ကြောင့် ကပွဲကြမ်းပြင်မှာ ပြန် သုံး၍ မရ လောက်အောင်ပင် ပျက်စီးသွားခဲ့ရ၏။

ထိုညက ပါတီပွဲတွင် ဒင်နီ၏ အခြေအနေ မည်သို့ ရှိခဲ့ပါသနည်း။ ဒင်နီတစ်ယောက် အကြီးအကျယ် သောက်ကာ အလွန်အကျွံ မူးခဲ့သည်။ သူသည် စားပွဲခြေထောက်တစ်ချောင်းဖြင့် မြင်မြင်သမျှ ယောက်ျား မိန်းမ ကလေး၊ လူကြီးမရွေး လှောက်ရိုက်သည်။ ဒင်နီသည် လူကောင်းတစ်ယောက်နှင့် မတူ၊ အရူး တစ်ယောက်နှင့် တူလျက်ရှိ၏။ ထိုညက ပါတီပွဲတက်ခဲ့ကြသော တော်လီလာဖလက် ရပ် ကွက်သူ ရပ်ကွက် သား များကတော့ ထိုညက ဒင်နီတစ်ယောက်တည်း ဝိုင်သုံးဂါလန်တိတိ သောက်သည်ဟု ပြောကြသည်။ မည်သို့ ပင်ဖြစ်စေ၊ ယခုအခါတွင် သူတို့၏ မျက်စိထဲ စိတ်ထဲ၌ ဒင်နီသည် လူစွမ်းကောင်းတစ်ဦး၊ နတ်သား တစ်ပါး ဖြစ်နေခဲ့လေပြီ။ နောင်နှစ်ပေါင်း အနည်းငယ်မျှ ကြာသောအခါ ထိုညက ဒင်နီတစ်ယောက်တည်း သောက်သွားခဲ့သည့် ဝိုင်မှာ ဂါလန်သုံးဆယ်တိတိ ရှိသည်ဟု ပြော ကောင်း ပြောကြပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ထိုညက ပါတီပွဲတွင် လူတိုင်းမူးကြသည်၊ လူတိုင်းရမ်းကြသည်။ ကြမ်းကြသည်၊ အား လုံးထဲ တွင် ဒင်နီသည် အမူးဆုံး အရူးဆုံး အရမ်းဆုံး အကြမ်းဆုံး။ ထိုညက မွန်ထရေးမြို့ထဲရှိ မီးသတ် ကားများသည် အရေးအခင်း ပေါ်လာသည်နှင့် တော်တီလာဖလက် ရပ်ကွက်သို့ လာနိုင်ရန် အသင့် ပြင်ထားကြသည်။ မီးသတ်သမား အားလုံးသည် ယူနီဖောင်းများ အသင့်ဝတ်ဆင်ပြီး စောင့်နေကြသည်။

ညသည် လျင်မြန်စွာ ကုန်ဆုံးသွားလျက် ရှိသည်။ ဒင်နီကတော့ ကြမ်းဆဲရမ်းဆဲ။

ထိုညကအဖြစ်ကို ပြောပြမည့် သက်သေအမြောက်အမြားရှိသည်။ သို့သော်လည်း ထိုသက်သေများ၏ စကားမှာ အတည်ယူရခက်သည်။ ဒင်နီ တစ်ယောက်တည်း ဝိုင်ဂါလန် သုံးဆယ်တိတိ သောက်ပါသည် ဟူသော ထွက်ချက်မျိုးသည် တရားဥပဒေ ရှုထောင့်မှကြည့်၍ ချေဖျက်လျှင် ပြိုပျက်သွားဖွယ်ရာ အကြောင်း ရှိ နေ၏။ အမှန်တော့ ထိုညက ထိုသက်သေများကိုယ်တိုင် ဆောက်တည်ရာ မရနိုင် လောက်အောင် မူးရူးနေကြသည်ဖြစ်ရာ ထိုညက အဖြစ်အပျက်များကို အမှန်အတိုင်း ပြောနိုင်ကြသည်ဟု အတိအကျ သတ်မှတ်ရန် ခက်သည်။ သို့သော်လည်း ပါတီပွဲပြီး၍ ရက်သတ္တပတ် နှစ်ပတ်သုံးပတ်ခန့်မျှ ကုန်လွန် သွားသောအခါ

ဖြစ်ရပ်အမှန်သည် သူပြောလူပြောနှင့် အမှန်အတိုင်း ရုပ်လုံးပေါ်လာသည်။

ထိုညက ဒင်နီသည် ကြောက်စရာကောင်းနေသည်မှာ အမှန်ပင် ဖြစ်သည်။ သူ့မျက်လုံးများသည် ရဲရဲ တောက်နေသည်။ သူ့ရုပ်သွင်မှာ တခြားလူတွေထက် အဆမတန် ကြီးမားထွားကျိုင်းသော လူကြီး တစ်ယောက်ဟုပင် ထင်ရသည်။ သူသည် သူ့အိမ်ခန်းထဲ၌ ရပ်နေသည်။ သူ့ညာဘက်လက်ထဲတွင် ထင်းရှူးသား စားပွဲခြေထောက်ကြီး တစ်ချောင်း ဆုပ်ကိုင်ထားပြီး ကမ္ဘာလောကကြီး တစ်ခုလုံးအား စိန်ခေါ် လျက်ရှိ၏။

"ဘယ်သူမိုက်သလဲ၊ မိုက်တဲ့ကောင်ရှိလား"ဟု အော်သည်။"သတ္တိရှိတဲ့ကောင် အခုထွက်ခဲ့စမ်း"ဟု သံကုန်အော်ဟစ်သည်။ အားလုံးက သူ့ကို ကြောက်နေကြသည်။ အထူးသဖြင့် သူ့လက်ထဲမှ ထင်းရှူးသားတုတ်ကြီးကို ကြောက်သည်။ ဒင်နီကတော့ တုတ်ကြီးကို ဝှေ့လိုက် ယမ်းလိုက်၊ အကော်ဒီယံများ၏ အသံသည် ရပ်သွားသည်။ ကနေသူများလည်း ဆက်မကနိုင်တော့။

" သတ္တိရှိတဲ့ကောင် တစ်ကောင်မှ မရှိဘူးလားကွ"ဟု ဒင်နီက ထပ်အော်ပြန်သည်။"ငါနဲ့ ချရဲတဲ့ကောင် ဘယ်သူ မှ မရှိတော့ဘူးလားကွ ဟေ" သို့သော်လည်း မည်သူမှ ထွက်မလာ။ ထိုအခါ ဒင်နီက အချိုးတစ်မျိုး ပြောင်းသွားသည်။"ငါနဲ့ ယှဉ်ဝံ့တဲ့ကောင်ကို လိုက်ရှာရတော့မှာပေါ့ကွာ"ဟု ဆိုကာ အိမ်အပြင်သို့ ဒယီးဒယိုင်ဖြင့် ထွက်သွားသည်။ မည်သူကမှ မတားဝံ့သဖြင့်သည်အတိုင်းရပ်၍ ကြည့်နေကြသည်။

အိမ်အပြင်ဘက်မှ ဒင်နီ၏စိန်ခေါ်သံများနှင့် တုတ်ဝှေ့ယမ်းသံများကို အိမ်အတွင်းမှ လူများအားလုံး ကြားနေကြ ရသည်။ ထို့နောက် အိမ်နောက်ဖေးချောင်းကမ်းပါးဆီမှ ဒင်နီကို ပြန်၍ စိန်ခေါ်သံတစ်သံ ကြား လိုက်ရသည်ဟု ဆိုသည်။ ထိုစိန်ခေါ်သံမှာ ကြောက်မက်ဖွယ်ကောင်းသည်ဟုလည်း ပြောကြသည်။ ဒင်နီက စိန်ခေါ်သူထံ ပြေးသွားသည်ကိုလည်း သူတို့အားလုံး ကြားလိုက်ကြသည်။ ထို့နောက် ဒင်နီ၏ ထိတ်လန့် တကြား အော်လိုက်သည့် အသံနှင့် လေးလံသော အရာဝတ္ထုတစ်ခု မြေကြီးပေါ်ကျသံ၊ ပြီးတော့ ငြိမ်တိတ် သွားသည်။

လူအားလုံး အံ့အားသင့်ကာ ငြိမ်နေကြသည်။ နောက်ထပ် ဘာသံကြားရဦးမလဲဟု နားစွင့်ကြသည်။ ဘာသံမှ မကြားရ၊ ညသည် ချောက်ချားဖွယ်ကောင်းလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေသည်။ အချိန်သည် တရွေ့ရွေ့ ကုန်လာသည်။ အရက်ဦး အလင်းရောင်သည် ဝင်ရောက်စပြုပြီ။

" တစ်ခုခုတော့ ဖြစ်ပြီ"ဟု ပီလွန်က ပြောကာ အပြင်သို့ ပြေးထွက်သွားသည်။ ထိုအခါကျမှပင် ကျန်လူစုက သူ့နောက် မှ လိုက်သွားကြသည်။ ဒင်နီ၏ခြေသံများကို ကြားခဲ့ရသော အိမ်နောက်ဖေးဘက်သို့

သွားကြခြင်း ဖြစ်၏။ ဒင်နီကို အရိပ်အယောင်ပင် မမြင်ရ၊ ချောက်ကမ်းပါး အစွန်းသို့ ရောက်သွားကြသည့် အချိန်ထိ ဒင်နီကို မတွေ့ရ။ လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာက ရေစီး ကြောင်းကြီးတစ်ခု ဖြစ်ခဲ့ဖူးဟန် တူသည့် အောက်ဘက် အနိမ့်ပိုင်း ချောက်ကမ်းပါး ကြမ်းပြင်ဆီသို့သွားရာ လမ်းကွေ့သို့ ရောက်သွား ကြသည်။

ပီလွန်သည် ထိုလမ်းအတိုင်း လိုက်ကာ အောက်ခြေသို့ ဆင်းသည်။ ကျန်လူများကလည်း သူ့နောက်မှ လိုက်သွားကြသည်။ ချောက်၏ အောက်ခြေတွင် တစ်ကိုယ် လုံး ကြွေမွကျိုးပဲ့ပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ မရှုမလှ ဖြစ်နေသော ဒင်နီ၏အနီး၌ ရပ်နေသည့် ပီလွန် ကိုတွေ့ကြရသည်။ ဒင်နီသည် ပေလေးဆယ် အမြင့် မှ လိမ့်ကျခဲ့ခြင်းဖြစ်၏။ ပီလွန်မီးခြစ်ကို ခြစ်၍ကြည့်သည်။

"ငါကတော့ သူမသေသေးဘူးလို့ ထင်တယ်" ဟုပြောသည်။"ဆရာဝန်တစ်ယောက်သွားပင့်ကြကွာ၊ ဘုန်းတော်ကြီး ရာမွန်ကိုလည်း တစ်ခါတည်း ပင့်ခဲ့"ဟု အော်သည်။

ပီလွန့်နောက်မှ လိုက်လာသူများသည် ကစဥ့်ကလျား ဖြစ်ကုန်သည်။ နောက်ဆယ့်ငါးမိနစ်ခန့် အတွင်း တွင် အိပ်ပျော်နေသော ဆရာဝန်လေးယောက်သည် အတင်းဝင်၍ အနှိုးခံရပြီး ပီဆာနိုး တစ်စု၏ ဆွဲခေါ် လာခြင်းကို ခံကြရသည်။ ဆရာဝန်များမှာ ဘာဖြစ်မှန်း သိကြသည်မဟုတ်၊ အတင်းအဓမ္မဆွဲထူပြီး ဆွဲ ခေါ်လာ၍သာ ပါလာကြခြင်းဖြစ်၏။ သူတို့ ဆေးအိတ်များကို အတင်းအဓမ္မ လက်ထဲထိုးထည့်၍သာ ကိုင်လာကြခြင်းဖြစ်၏။ ဘုန်းတော်ကြီး ရာမွန်မှာလည်း ဆရာဝန်များကဲ့သို့ပင် ဖြစ်သည်။

ပီဆာနိုးတစ်စု၏ လက်ထဲတွင် ဒရွတ်သီထိုးပါ လာသည်။ သရဲနှင်ပေးဖို့လား၊ မွေးစကလေးတစ်ဦး သေတော့မည် ဆဲဆဲ ဖြစ်နေသဖြင့် နှစ်ခြင်းမင်္ဂလာအမြန်ဆုံးပြုလုပ်ပေးဖို့လား ဘာကိုမျှ မည်မည်ရရမသိ။ ထိုအချိန် တွင် ပီလွန်၊ ပက်ဘလိုနှင့် ဂျီး ဆပ်စ်မေရီယာတို့သည် ဒင်နီကို ပွေ့ကာ ချောက်ထဲမှ တက်လာကြပြီး အိပ်ရာပေါ် တင်ပေးထားပြီးပြီ။ ဒင်နီ၏ပတ်ပတ်လည်တွင် ဖယောင်းတိုင်များ ထွန်းထားပြီးပြီ။ ဒင်နီ ကတော့ အသက်ကို မျှင်းမျှင်းရှူနေဆဲ။

ပထမဆုံး ဆရာဝန်များ ရောက်လာကြသည်။ သူတို့သည် အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ဘယ်သူက ဘယ်သူ့ကို ဦးစားပေးရပါ့မလဲဟု စဉ်းစားကြသည်။ ယင်းကဲ့သို့ စဉ်းစားနေ၍ အချိန် အနည်းငယ် ကြာသွားသဖြင့် ဘေးမှ ရပ်ကြည့်နေသူများက မျက်စောင်းတခဲခဲ အံတကြိတ်ကြိတ် လုပ်ခြင်းကိုပင် ခံကြရသည်။ ဒင်နီကို စစ်လိုက်ဆေးလိုက်ရသည့်အချိန်မှာ ဘာမှ မကြာလိုက်၊ ဘုန်းတော်ကြီးရာမွန် ဆိုက်ရောက်လာချိန်တွင် ဒင်နီကို စစ်ဆေးပြီးနေပြီ အိပ်ခန်းထဲတွင် ပီလွန်၊ ပက်ဘလို၊ ဂျီးဆပ်စ်မေရီယာ၊ ကောင်ကြီးဂျိုး၊ ဂွန်နီပွမ်ပွမ်၊ တီတိုးရပ်ဖ်၊ ပင်လယ်ဓားပြနှင့် သူ့ခွေးများသည် ဒင်နီ၏ အိပ်ရာဘေး ၌ ရပ်နေကြသည်။

တကယ်တော့ သူတို့အားလုံးသည် ဒင်နီ၏ မိသားစုပင် မဟုတ်ပါလား။ အိပ်ခန်းတံခါးကို သော့ပိတ်ထားသည်။

အပြင်ဘက် ခန်းမကြီးထဲတွင်မူ တော်တီလာဖလက် ရပ်ကွက်တွင်းမှ လူများဖြင့် ပြည့်နေသည်။ အားလုံးငြိမ် ဆိတ်ကာ အဖြေကို စောင့်မျှော်လျက်ရှိကြ၏။ ဘုန်းတော်ကြီးနှင့် ဆရာဝန်များသည် အချင်းချင်း ညှိနှိုင်း တိုင်ပင် ကြသည်။ အိပ်ခန်းထဲမှ ဘုန်းတော်ကြီးရာမွန် ထွက်လာသည်။ သူ့မျက်နှာတွင် အပြောင်းအလဲမရှိ၊ ပကတိ တည်ငြိမ်အေးဆေးစွာပင် ရှိသည်။ သို့သော်လည်း သူ့ကို မြင်လိုက်ရုံမျှဖြင့် မိန်းမများသည် ဝမ်းနည်းပက်လက်ဖြစ်ကာ ရှိုက်ကြီးတငင် ငိုကြွေးကြသည်။ ယောကျ်ားများ၏ ခြေထောက်များသည် လှုပ်ရှား လာကြသည်။ ထို့နောက် အပြင်ဘက်ရှိ အရက်အလင်းရောင်ဆီသို့ ထွက်သွားကြသည်။ ဒင်နီ၏အိပ်ခန်းတံခါးက ပိတ်မြဲတိုင်း ပိတ်လျက်။

သေခြင်းသည် လူတစ်ဦးနှင့်သာ ဆိုင်သော ကိုယ်ပိုင်ကိစ္စတစ်ရပ်ဖြစ်၍ ကြေကွဲဝမ်းနည်းခြင်း၊ စိတ်ဓာတ် ကျခြင်း၊ ပြင်းပြသော အပူမီး တောက်လောင်ခြင်းစသည့် စိတ်အာရုံခံစားမှုများကို ဖြစ်ပေါ်စေသည်။ သေသူကို သင်္ဂြိုလ် ခြင်းဟူသော ဈာပနကိစ္စမှာမူကား အများနှင့် သက်ဆိုင်သော လူမှုရေး ကိစ္စ တစ်ရပ် ဖြစ်လာပေသည်။ ဈာပန တစ်ခုကို ပို့ဆောင်ရာ၌ မိမိ၏ မော်တော်ကားကို ပြောင်လက်နေအောင် တိုက်ချွတ် ၍ ပို့ခြင်း၊ အနက်ရောင် ဝတ်စုံကိုဝတ်၍ အနက်ရောင် ဖိနပ်ကိုစီး၍ အသုဘမြုပ်နှံသည့် မြေပုံဘေး ၌ ရပ်ခြင်း၊ မည်သူမည်ဝါက ပို့သည် ဟူသော စာတန်းကတ်ပြားကလေး လှပစွာ ချည်နှောင် ထားသည့် လွမ်းသူ့ပန်းခွေပို့ခြင်း စသော အလုပ်များသည် လူမှုကိစ္စတစ်ရပ်ဖြစ်ကြောင်းကို သိသာ ထင်ရှား စေသောအရာများ ဖြစ်၏။ ဈာပနနှင့် ပတ်သက်လာလျှင် ဤအရာများသည် မလုပ်မဖြစ်သည့် အရာများဟု သတ်မှတ် လိုက်နာ ကြလေသည်။

ဒင်နီသည် သေဆုံးသွားခဲ့ပြီဖြစ်၏။ သူ သေဆုံးသွားသည်မှာ နှစ်ရက်ပင်ရှိခဲ့ပြီ။ ဒင်နီဟူသော လူသည် မရှိတော့။ လူတို့၏ မျက်နှာများသည် ဒင်နီသေဆုံးသွားသည့်အတွက် ဝမ်းနည်းကြေကွဲခြင်းတည်းဟူသော ခြုံလွှာ များကို မျက်နှာတွင် ဖုံးအုပ်ထားကြသော်လည်း သူတို့၏ နှလုံးသားများကတော့ စိတ်ဝင်စားဖွယ်ရာ ကောင်းသော အရာတစ်ခုကြောင့် လှုပ်ရှားလျက်ရှိကြသည်။ အစိုးရ ရဲဘော်ဟောင်းများ ကွယ်လွန်သည့်အခါ ကာယကံရှင်များ ဆန္ဒရှိပါက စစ်တပ်ထုံးစံဖြင့် သင်္ဂြိုလ်ပေးမည်ဟု ကတိပြုထားသည်။

ယခု ဒင်နီသေပြီ၊ ဒင်နီသည် စစ်သားဟောင်းတစ်ဦးဖြစ်၏။ တော်တီလာဖလက် ရပ်ကွက်မှ လူအများအဖို့တော့ အစိုးရ ကတိတည်မတည် စောင့်ကြည့်ရမည့် ပွဲတစ်ခု ဖြစ်နေသည်။ ဒင်နီကွယ်လွန်ကြောင်းကို မွန်ထရေးမြို့ရှိ စစ်တပ်သို့ အကြောင်းကြားခဲ့ပြီးပြီ။ ဒင်နီ၏ အလောင်းကို မပုပ်မသိုးရအောင် အစိုးရစရိတ်ဖြင့် ဆေးများ ထိုးထားပြီးပြီ။ အလောင်းတင်ရန် စစ်မြင်းရထားကိုပင်

ဆေးများ ပြင်သုတ်ထားပြီးပြီ။ ခေါင်းပေါ်လွှမ်းရမည့် အလံ အသစ်တစ်ခုကိုပင် အဆင်သင့် ပြင်ထားပြီးပြီ။ သောကြာနေ့ သင်္ဂြိုလ်မည်ဟူသော အမိန့်ပင် ထွက်ပြီးခဲ့ပြီ။

နံနက် ဆယ့်တစ်နာရီ ထိုးရန် ဆယ့်ငါးမိနစ်တွင် သင်္ဂြိုလ်မည်။ ပို့ဆောင်ရမည့် တပ်၊ တပ်စု-က၊ အမှတ်-၁၁ မြင်း တပ်၊ စစ်တီးဝိုင်းနှင့် သေနတ်ပစ်အဖွဲ့။

တော်တီလာဖလက် ရပ်ကွက်တွင်းမှ အမျိုးသမီးများသည် ဒင်နီ၏ ဈာပန အခမ်းအနား၌ အသုံးပြုရန် မွန်ထရေး မြို့ရှိ နေရှင်နယ် ဒေါ်လာစတိုးသို့ သွား၍ လိုအပ်သောပစ္စည်းများ ဝယ်ကြပြန်သည်။ ညစ်ပတ် ပေရေလျက် ရှိသော ကလေးများသည် မွန်ထရေးမြို့တွင်းရှိ ပန်းခြံများသို့သွားကာ ပန်းများ တောင်းကြသည်။ ဒင်နီအတွက် လွမ်း သူ့ပန်းခွေများ ပြုလုပ်ရန် ဖြစ်သည်။

ပါတီပွဲ ပြုလုပ်သည့်ညက ဝတ်လိုက်သဖြင့် သီးသန့်ထားသော ဝတ်စုံများမှာ ကြေမွကုန်ပြီ။ ဒင်နီ၏ အလောင်းကို နှစ်ရက်မျှ ထားလိမ့်မည်ဖြစ်ရာ ထိုနှစ်ရက်အတွင်း အဝတ်များကို လျှော်ရမည်။ ကော်တင် ရမည်။ အစုတ်အပြဲလေးများရှာ၍ ဖာထေးရမည်။ ပြီးတော့ မီးပူတိုက်ရမည်။ ဤ ကြိုတင်ပြင်ဆင်မှု မှာလည်း သူတို့အဖို့ အလွန်စိတ်ဝင်စားစရာကောင်းသည့် ပွဲတစ်ခုပင်ဖြစ်လေသည်။

အသုဘ၏ ဒုတိယနေ့ ညပိုင်းတွင် ဒင်နီ၏ မိတ်ဆွေအပေါင်းအသင်းများသည် ဒင်နီ၏ အိမ်တွင် လာရောက် စုရုံး ကြသည်။ ဝိုင်တစ်ဂါလန်ပြီး တစ်ဂါလန် သောက်ကြသည်။

သူတို့သည် တော်တီလာဖလက် ရပ်ကွက်များ၏ ရှိရှိသမျှ လူအားလုံးတွင် ဒင်နီနှင့် အခင်မင်ဆုံးသော အပေါင်းအသင်း များဖြစ်သည်။ ဒင်နီ မသေမီက ဒင်နီ၏ ပေး ကမ်းစွန့်ကြဲမှုကို အများဆုံး ရယူခဲ့သူများ ဖြစ်သည်။ သူတို့သည် ဒင်နီလိုပင် ပီဆာနိုးလူမျိုးများဖြစ်၏။ သို့ သော်လည်း သူတို့ ဒင်နီ၏ အသုဘ အခမ်းအနားကို လိုက်၍ ပို့နိုင်ကြမည်မဟုတ်၊ ဝမ်းနည်းကြေကွဲစရာကောင်း လှသည်။ သူတို့အဖြစ်ကို တနုံ့နုံ့ စဉ်းစားကာ ခေါင်းများပင် ကိုက်လျက်ရှိကြသည်။

မည်သို့ပင်ဖြစ်စေ စိတ်ထိခိုက်စရာ ကောင်းလှသည့် ဤအဖြစ်ကို ရင်မဆိုင်ချင်သော်လည်း ရနိုင်သည့် အခြေအနေ မရှိ၊ သူတို့တွင် အဝတ်အထည်ဆို၍ ခါးဝတ်ခါးစားသာရှိ၏။ ထိုခါးဝတ်ခါးစားများသည် နဂို ကတည်းက ဟောင်းနွမ်းနေရသည့်အထဲ ပါတီပွဲညက သောင်းကျန်းချင်တိုင်း သောင်းကျန်းခဲ့မိကြသဖြင့် စုတ်ပြတ် နေကြလေပြီ။

အမှန်တော့ သူတို့ ဝတ်ထားသည့် ဂျင်းဘောင်းဘီအပြာနှင့် ဂျင်းရှပ်အကျႌပြာတို့သည် သူတို့ကိုယ်ပေါ် ရောက်ခဲ့ ကြသည် မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၏။ ဘောင်းဘီဆိုလျှင် ဒူးခေါင်းနေရာများ၌ မြင်မကောင်း အောင် ပြဲ နေပြီ။ ရှပ်အကျႌကျတော့ ပို၍ ဆိုးချေသေး၏။

တခြားလူများထံမှ အဝတ်အစား ခဏ တဖြုတ် ငှားဝတ်ဖို့မှာလည်း လုံးဝမဖြစ်နိုင်စရာ မရှိ၊ ယခု ဒင်နီ၏ အသုဘတွင် တော်တီလာဖလက် ရပ်ကွက်တွင်း မှ လူများသည် အားလုံးပင် လိုက်ပို့ကြလိမ့်မည်ဖြစ်သည်။ သူတို့အနေဖြင့် ယခုလို ပွဲမျိုးကျမှ သူတို့တွင် ရှိနေသည့် အဝတ် အစားများကို လူအများ မြင်သာအောင် ဝတ်၍ ကြွားခွင့်ဝါခွင့် ရကြသည် မဟုတ်ပါလော။

ဒင်နီ၏အသုဘကို လိုက်မပို့မည့်လူမှာ ကော့ကီရီအိုဒန် ဆိုသူတစ်ဦးသာရှိ၏။ သူ့ထံမှ အဝတ်များကို ငှား၍ ဝတ်ဖို့ မှာလည်း လုံးဝ မဖြစ်နိုင်။ ကော့ကီရီအိုဒန်သည် ကျောက်ပေါက်နေသဖြင့် သူ့အဝတ်များကိုသာ ယူ၍ ဝတ်လိုက် လျှင် ရောဂါကူးစက်ခြင်း ခံရပေလိမ့်မည်။

ပီဆာနိုးများအဖို့ ဝတ်စုံသစ်တစ်စုံ ဝယ်ဖို့အတွက် ငွေလို၏။ ထိုလိုငွေကို သူတောင်းစားလို လိုက်၍ တောင်းပါမှသို့မဟုတ် ခိုးယူပါမှသာ ရနိုင်စရာရှိ၏။ ပို၍ ဆိုးနေသည်ကား လူခြောက်ဦးအတွက် ဝတ်စုံ ခြောက်စုံ ဝယ်ဖို့ ဆိုသည်မှာ အူလွှန်ခက်ခဲသော ကိစ္စတစ်ခု ဖြစ်နေခြင်းပင်တည်း။

မိမိတို့ အလွန်ချစ်သော သူငယ်ချင်း ဒင်နီ၏ အသုဘကို အဝတ်အထည် စုတ်စုတ်ပြတ်ပြတ်နှင့် လိုက်မပို့ချင်စိတ် ကိန်းအောင်းနေခြင်းသည် ဒင်နီကို မခင်၍ မချစ်၍လော၊ ရပ်ကွက်တွင်း၌ အတူနေကြသူ အားလုံးက အဝတ်အစားသစ်တွေဝတ်ပြီး မိမိတို့က စုတ်စုတ်ပြတ်ပြတ် ဖြစ်နေသည်ကို ရှက်ခြင်းသည် မှန်မှ မှန် ပါ့မည်လော၊ သူငယ်ချင်း တစ်စုသည် မေးထောက်၍ ထိုင်ကာ ဝတ်စုံသစ် ရနိုင်မည့် နည်းလမ်းများကို စဉ်းစား ကြံဆကြသည်။ တိုင်ပင်ကြသည်။

" ငါတို့ ညပိုင်းမှာထွက်ပြီး ကိုယ့်အတွက်ကိုယ် ဝတ်စုံတစ်စုံစီရအောင် ခိုးနိုင်ရင်ကော မဖြစ်နိုင်ဘူးလား"ဟု ပီလွန်က ပြောသည်။ အမှန်တော့ ထိုစကားကို ပီလွန်သည် နည်းလမ်းရှာမရ၍သာ ပြောခြင်းဖြစ်၏။ ဘယ်နည်း နှင့်မှ မဖြစ်နိုင်သည်ကို သူကိုယ်တိုင် နားလည်သည်။ ထိုညအဖို့ လူတိုင်းသည် ဝတ်စုံသစ်ကို သူတို့ အိပ်ရာဘေး ၌ထား၍ အိပ်ကြမည်မှာ သေချာ၏။ အကယ်၍ သွားခိုးခဲ့ပါမူ ကိုယ့်သေတွင်း ကိုယ်တူး သလိုဖြစ်ပေတော့မည်။

" တစ်ခါတလေ ကယ်တင်ခြင်းတပ်ဖွဲ့က ဝတ်စုံတွေ အခမဲ့ လှူတတ်တယ်ကွ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။

" ငါရောက်ခဲ့ပြီးပါပြီကွာ"ဟု ပက်ဘလိုက ပြောသည်။"သူတို့မှာလည်း ဝတ်စုံသစ် ပြတ်နေတယ်တဲ့"

ကံကြမ္မာသည် သူတို့ကို အဘက်ဘက်မှ ဆန့်ကျင်လျက်ရှိသည်။ တီးတိုးရဖ်သည် ဘယ်က ရလာမှန်း မသိသော အစိမ်းရောင် လက်ကိုင်ပဝါသစ် တစ်ထည်ကို သူ့အကျႌရှေ့ အိတ်ကပ်ထဲရှိ ခေါက်ထည့်ပြီး အခန်းထဲသို့ ဝင်လာသည်။ သို့သော်လည်း သူ့လက်ကိုင်ပဝါကို ဝိုင်းကြည့်နေသည့် မျက်လုံးများက မလိုလားမှုကို ဖော်ပြနေကြသဖြင့် အသာတပ်ခေါက်ပြီး

ပြန်ထွက်သွားလေသည်။

" အချိန် တစ်ပတ်လောက်ရရင်လည်း အကောင်းသားကွာ"ဟု ပီလွန်က ညည်းသည်။"တစ်ပတ်သာ အချိန် ရရင် ငါတို့ ငါးဗိုက်ခွဲတဲ့အလုပ် လုပ်နိုင်တယ်၊ ခက်တာက အသုဘချမှာက မနက်ဖြန် ဖြစ်နေတာဆိုးတယ်၊ အသုဘ လိုက်ပို့နိုင်မယ့် နည်းတစ်နည်းတော့ ရှိတယ်ကွ သိလား"

" ဘယ်လိုလဲ"ဟု အားလုံးက ဝိုင်းမေးကြသည်။

"စစ်တီးဝိုင်း အဖွဲ့နဲ့ လိုက်ပို့တဲ့သူတွေက လမ်းမကြီးအတိုင်း လျှောက်ကြမှာဆိုတော့ ငါတို့က လမ်းဘေးက လိုက် နိုင်တယ်၊ သုသာန်ရောက်တော့လည်း မြက်တွေက သိပ်ထူတယ် မဟုတ်လား၊ ငါတို့က မြက်ပင်တွေ ကြားမှာ ဝပ်ပြီး အသုဘ အခမ်းအနားကို ကြည့်ကြတာပေါ့"

ကျန်လူစုက ပီလွန်ကို အလွန်ကျေးဇူးတင်သော မျက်နှာထားဖြင့် ကြည့်ကြသည်။ ပီလွန်သည် အလွန်ဉာဏ် ထက်သူ တစ်ဦးဖြစ်၏။ ဖြစ်နိုင်သည့် နည်းလမ်းကို မရအရ ရှာနိုင်သည်။ သို့သော်လည်း အခု သူပေးသည့် နည်းလမ်းမှာ မိမိတို့၏ ဆန္ဒတစ်ဝက်သာလျှင် ပြည့်မည်ဖြစ်၏။ အသုဘအခမ်းအနားကို မြင်တော့မြင်ရမည်။ သူတို့ လူစု အသုဘအခမ်းအနား တွင် ပါဝင်နေသည်ကိုမူ မည်သူကမှ မြင်ကြတော့မည်မဟုတ်။

"အခု ကြုံနေရတဲ့ အခက်အခဲထဲက ငါတို့အတွက် သင်ခန်းစာတစ်ခုတော့ရတယ်"ဟု ပီလွန်က ပြောသည်။"ငါတို့မှာ ဝတ်စုံတစ်စုံကို အမြဲတမ်း အပိုဆောင်ထားမှ ဖြစ်တော့မယ်၊ လိုမယ် မလိုဘူးဆိုတာ ဘယ်သူက ကြိုပြီး ပြောနိုင်မှာလဲ"

ပီလွန်တို့ လူစုသည် အိမ်ထဲမှ ထွက်သွားကြသည်။ သူတို့သည် တစ်ညလုံး မြို့ထဲ၌ တလည်လည် လျှောက် သွားနေကြသည်။ တွေ့သမျှ မြင်သမျှ အလှဆုံးပန်းများကို ခူးကြသည်။ နောက်တစ်နေ့ နံနက်လင်းသောအခါ ဒင်နီကို မြှုပ်ရန် အသင့်တူးထားသော တွင်းပတ်ပတ်လည်တွင် မွန်ထရေးမြို့တွင်းမှ အလှဆုံး အကောင်းဆုံး ပန်းများ ရောက်နေသည်ကို တွေ့ကြရလေသည်။

သဘာဝတရားသည် အမြဲတစေ အဆင်ပြေနေအောင် လုပ်ပေးတတ်သည်မဟုတ်။ ဝါတာလူးပွဲမတိုင်မီ မိုးကြီးသည်းထန်စွာ ရွာသွန်းခြင်း၊ ဘွဲ့နှင်းသဘင်များ ကျင်းပသည့်နေ့ကျခါ့မှ မြေပြင်တွင် ပေလေးဆယ်ထုရှိသော ဆောင်းဆီးနှင်းများ အဆက်မပြတ် ကျခြင်း စသည်တို့သည် ဤစကားမှန်ကြောင်း ထောက်ခံနေသည့် သာဓကများ ဖြစ်၏။ သို့သော်လည်း ဒင်နီ အသုဘချမည့် သောကြာနေ့သည် သာယာသော နေ့တစ်နေ့ဖြစ်သည်။

နေသည် ပျော်ပွဲစား ထွက်ဖို့ကောင်းသည့် နေ့တစ်နေ့ဟုပင် သတ်မှတ်ချင် လောက် ကြည်လင် တောက်ပ နေလျက်ရှိသည်။ စင်ရော်များသည် အုပ်လိုက် သင်းလိုက်ဖွဲ့ကာ ငါးစည်သွတ်စက်ရုံများဘက်သို့ ရွေ့ရှုပ်သန်းနေကြသည်။ ကျောက်ဆောင်များပေါ်၌ လာ၍ ငါးမျှားလေ့ရှိသူ များသည် သူတို့ လာနေကျ

နေရာများ၌ ထိုင်ကာ ငါးမျှားနေကြပြီ။ စက်ချုပ်သမား မစ္စတာ မာချာဒိုးသည် သူ့ဆိုင် ပြတင်းပေါက်တွင်"ဆယ်မိနစ်အတွင်း ပြန်ရောက်မည်"ဟူသော ဆိုင်းဘုတ်ချိတ်နေပြီ။ သူသည် အသုဘ ပို့ရန် အိမ်ပြန်၍ အဝတ်အစား လဲရဦးမည် မဟုတ်ပါလား။ လူဝီလူယက်တီးသည် သူ့လှေကို ဆေးအသစ်သုတ်ကာ လိုလီတာဟူသော အမည်ကို ဖျက်၍ ညီနောင်သုံးဖော်ဟူသော အမည်သစ် ရေးနေသည်။ ပုလိပ်သား ဂျိတ်လိတ်သည် ဒဲလ်မွန်တီမှ အဖိုးဖွင့် နှစ်ယောက်စီးကားတစ်စီးကို ဖမ်းဆီး လာသည်။

ဒင်နီ၏ သူငယ်ချင်းများသည် အိပ်ရာမှ နိုးလာကြသည်။ ဒင်နို၏ အိပ်ရာသည် လွတ်လျက်ရှိ၏။ စီးသူမဲ့ နေသော မြင်းတစ်ကောင်နှင့် တူလျက်ရှိသည်။ ယခင်က ဤအိပ်ရာကို မက်မောခဲ့ဖူးသော ကောင်ကြီးဂျိုးသည်ပင်လျှင် အလွန်စိတ်မကောင်းသော မျက်နှာထားဖြင့် အိပ်ရာဆီသို့ တွေဝေငေးမောလျက်ရှိသည်။

"အခုလို သာယာတဲ့ မနက်ခင်းမျိုးကို ဒင်နီ သိပ်သဘောကျတာ"ဟု ပီလွန်က ပြောသည်။ သူတို့သည် အိမ်ရှေ့ ဆင်ဝင်တွင် ထိုင်၍ နေစာလှုံရင်း သူတို့ သူငယ်ချင်း ဒင်နီကို အောက်မေ့ သတိရနေကြသည်။ တမ်းတ လွမ်းဆွတ်နေကြသည်။ သူတို့သည် ဒင်နို၏ ကောင်းကွက်များကိုချည်း သတိရကြသည်။ ဒင်နီ၏ ချွတ်ယွင်း ချက်များ အားနည်းချက်များနှင့် အပြစ်များကို မေ့သွားကြသည်။

"ဒီကောင်ကြီးဟာ သန်လည်း သိပ်သန်တာ"ဟု ပက်ဘလိုက ပြောသည်။"သန်တဲ့နေရာမှာ လားတစ်ကောင် ကျနေတာပဲကွ၊ သိလား၊ မြို့က်ခြောက်အိတ်ကြီး တစ်လုံးလောက်များ အသာလေး မနိုင်တယ်"

သူတို့သည် ဒင်နီ၏ ကောင်းခြင်း၊ ဒင်နို၏ သတ္တိနှင့် ဒင်နီ၏ ဘာသာတရား ကြည်ညိုကိုင်းရှိုင်းမှုများကို တစ်ယောက်တစ်ပေါက် ပြောနေကြပြန်သည်။

မကြာမီအတွင်းမှာပင် အသုဘအခမ်းအနားမစမီ ဆုတောင်းပွဲပြုလုပ်ရန် ဘုရားရှိခိုးကျောင်းအတွင်း၌ လူအများ စုဝေးရမည့်အချိန်သို့ ဆိုက်ရောက်လာသည်။

ပီလွန်တို့လူစုသည် စုတ်ပြတ်ပေရေနေသော အဝတ်အစားများနှင့် ဘုရားရှိခိုးကျောင်းရှေ့ လမ်းမကြီး၏ တစ်ဖက် ပလက်ဖောင်းပေါ်မှရပ်ကာ ငေးမောနေကြသည်။ သူတို့ထက် ကံကောင်းသူများကတော့ အဝတ်အစား သစ်များဖြင့် ဘုရားရှိခိုးကျောင်းထဲသို့ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်သွားနေကြသည်။ ပီလွန်တို့သည် ဘုရားရှိခိုးကျောင်းထဲမှ ထွက်ပေါ်လာသော ဓမ္မတေး ဂီတသံများ ဓမ္မတေး သီဆိုသံများနှင့် တရားဟောသံ များကို ကြားနေကြရ၏။

မြင်းတပ်များ တပ်ဖွဲ့စစ်သားများ ရောက်လာသည်။ စစ်ဘင်ခရာ အဖွဲ့နှင့် သေနတ်ပစ်အဖွဲ့ဝင်များပါ ပါလာသည်။ မြင်းခြောက်ကောင်တပ် အလောင်းတင်

မြင်းရထားကိုလည်း လှမ်းမြင်နေကြရ၏။ ကတ္တရာ လမ်းပေါ် သို့ တဖြောင်းဖြောင်းကျနေသော မြင်းခွာသံများသည် သူတို့၏ နှလုံးသားများကို ကြေမွသွားအောင် လုပ်နေသည်နှင့် တူလှသည်။

ဘုရားရှိခိုးကျောင်းထဲမှ ဒင်နီ၏ ခေါင်းကို မထုတ်လာကြပြီး မြင်းရထားပေါ်တင်သည်။ ပီလွန်တို့သည် ဘာလုပ် ၍ ဘာကိုင်ရမှန်း မသိ၊ သည်အတိုင်းပင်ရပ်၍ ကြည့်နေကြသည်။

မြင်းရထားပေါ် ခေါင်းရောက်သွားသည့်အခါ အလံတစ်ခုဖြင့် လွှမ်းလိုက်သည်။ စစ်ဗိုလ်တစ်ဦးက ခရာမှုတ် လိုက်ပြီး သူ့လက်တစ်ဖက်ကို အပေါ်သို့ မြှောက်ကာ ပြန်ချလိုက်သည်။ တပ်စုသည် ဖြည်းဖြည်းနှင့် မှန်မှန် ချီတက်သွားသည်။ နောက်မှ ကပ်လိုက်လျက်ရှိသော သေနတ်ပစ်အဖွဲ့ တပ်ဖွဲ့ဝင်များသည် သူတို့၏ ရိုင်ဖယ် သေနတ်ပြောင်းများကို အောက်စိုက်ထားကြသည်။

စစ်တီးဝိုင်းအဖွဲ့ မှ ဘင်ခရာသံသည် ပီလွန်တို့လူစု၏ နှလုံးသားများကို နာကျင်သည်ထက် နာကျင်အောင် ရိုက် ပုတ်နေသည့်နှယ် ရှိသည်။ ဘင်ခရာ အဖွဲ့နောက်မှ အလောင်းတင် မြင်းရထားသည် ဖြည်းဖြည်းချင်း ရွေ့လျား ၍ လိုက်လာလျက်ရှိ၏။ အသုဘပို့ ပရိသတ်ကတော့ အလောင်းနောက်မှ ကပ်၍ အမျိုးသား များသည် တည်ငြိမ် ရင့်ကျက်သော ဣန္ဒြေဖြင့် ရှေ့တည့်တည့်ကို ကြည့်လျက် အမျိုးသမီးများကတော့ သူတို့၏ ဂါဝန်စ၊ စကတ်စ များကို လက်နှစ်ဖက်ဖြင့် မသိမသာ မလျက်။ ရပ်ကွက်အတွင်းမှ လူတိုင်းလိုလိုပင် လိုက်ပို့ကြသည်။ ကော်နယ် လီယာရှ၏၊ မစ္စက်မော်ရေး၊ ဂလ်ဗက်စ်၊ တော်ရဲလီးနှင့်သူ့ဇနီး၊ မစ္စက်ပါလိုချီကို၊ တီးတိုးရပ်ဖ်၊ ရာမီရက်ဇ်၊ စမ္ဘတာမာချာဒိုး စသည့် စသည့် လူများ။

ဒင်နီ၏သူငယ်ချင်းများ ဖြစ်ကြသော ပီလွန်တို့လူစုသည် မြင်ကွင်းကို ကြည့်ကာ ရှက်ခြင်း၊ ကြောက်ခြင်း၊ စိတ်ဆင်းရဲခြင်း စသည့် ဝေဒနာများကို အပြင်းအထန် ခံစားကြရ၏။ သူတို့သည် တတ်နိုင်သမျှ အားတင်း ကာ လမ်း ဘေးပလက်ဖောင်းပေါ် အတိုင်း လျှောက်၍ လိုက်လာကြသည်။

ပထမဆုံး သူ့စိတ်သူ မထိန်းနိုင်ဘဲ ပေါက်ကွဲသူမှာ ဂျီးဆပ်စ်မေရီယာဖြစ်၏။ သူသည် ရှက်လွန်းသဖြင့် ရှိုက်ကြီး တငင် ငိုကြွေးသည်။ သူ့အဖေသည် လူချမ်းသာတစ်ဦးဖြစ်ခဲ့ဖူးသည်။ လူအများက လေးစား ကြည်ညို ခဲ့ရသော နာမည်ကြီး လက်ဖွေ့ သမားတစ်ဦးဖြစ်ခဲ့ဖူးသည်။ ဂျီးဆပ်စ်မေရီယာသည် သူ့မျက်နှာကို လူအများမမြင်နိုင် အောင် ငိုက်စိုက်ချကာ ခပ်ကုပ်ကုပ် လျှောက်သွားသည်။ သူ့သူငယ်ချင်း ငါးယောက် ကလည်း သူ့လိုပင် လုပ် ကာ ခပ်ကုပ်ကုပ် လျှောက်ကြသည်။ ခွေးငါးကောင်ကလည်း သူတို့နောက်မှ သူတို့ လိုပင်။

အသုဘပို့သူများ သုသာန်တွင်းသို့ မဝင်မီ ပီလွန်တို့ လူစုသည် ရှေ့မှ

ဦးဆောင်သွားကာ ဒင်နီ၏ အလောင်း မြေချသည့် တွင်းနှင့် မလှမ်းမကမ်းရှိ မြက်ပင်ရှည်ကြီးများ ကြား၌ ဝင်ပုန်းနေကြသည်။ အသုဘမြေချသည့် အခမ်းအနား မှာ တိုတောင်းလွန်းလှချေသည်။ ခေါင်းကို မြေတွင်းထဲသို့ ဖြည်းဖြည်းချင်းချသည်။ ရိုင်ဖယ်သေ နတ်သံများ ကြားသောအခါ ကြောက်လန့်ခြင်းမဖြစ်။ သူတို့ သေနတ်များ မောင်းတင်သံကို ကြားရ၏။ ထို့နောက် ခရာမှုတ်သံ၊ ပြီးတော့ သေနတ်ပစ်ဖောက်သံများ၊ ပင်လယ်ဓားပြ၏ ခွေးများသည် ဦးခေါင်းများကို မော့ကာ သံရှည်ဆွဲ၍ အူကြသည်။ ပင်လယ်ဓားပြသည် သူ့ခွေးများ အတွက် ဂုဏ်ယူ၍ မဆုံးနိုင်အောင် ဖြစ်လျက် ရှိ လေသည်။

ဒင်နီ၏အလောင်း မြေမြှုပ် သင်္ဂြိုလ်သည့် အခမ်းအနားသည် လျင်မြန်စွာပင် ပြီးဆုံးသွားသည်။ ပီလွန်တို့ လူစုသည် အသုဘပို့ ပရိသတ် လူစုမကွဲမီ စော၍ သုသာန်အပြင်သို့ ထွက်ကာ တိတ်တဆိတ် ပြန်ခဲ့ကြသည်။ ဤ နည်းဖြင့် သူတို့အဖြစ်ကို လူအများမမြင်အောင် ကာကွယ်နိုင်ခဲ့ကြလေ၏။

သူတို့သည် လူသူမရှိသဖြင့် တိတ်ဆိတ်နေသော တော်ရဲလီး၏ အိမ်အနီးမှ ဖြတ်ကြရသည်။ ပီလွန်သည် ပြတင်း ပေါက်တစ်ခု ကိုဖွင့်ပြီး ဝိုင်တစ်ဂါလန် အိုးနှစ်လုံးကို ယူသည်။ သူတို့သည် ငြိမ်ဆိတ်နေသော ဒင်နီ၏ အိမ် သို့ တိတ်တဆိတ်ပင် ပြန်ရောက်လာကြသည်။ ရောက်သည်နှင့် တစ်ပြိုင်နက် သူတို့သည် ဝိုင်အိုးနှစ်လုံးကို အလယ်တွင် ချကာ သောက်ကြလေသည်။

"ဒင်နီဟာ ဝိုင် သိပ်ကြိုက်တဲ့ကောင်"ဟု ပြောမိကြသည်။"သောက်စရာ ဝိုင်သာ ရှိနေလို့ကတော့ ဒီကောင်ကြီး ဟာ ပျော်နေတာပဲ"

မွန်းလွဲပိုင်းကုန်သွားပြီး ညပိုင်းသို့ ရောက်လာသည်။ ခုနစ်နာရီထိုးသောအခါ တီးတိုးရပ်ဖ်သည် ဆေးပြင်းလိပ် တစ်ထုပ်ကိုင်ပြီး ပြန်ရောက်လာသည်။ သူငယ်ချင်းများက တစ်ယောက်တစ်လိပ်ယူပြီး မီးညှိကာ ဖွာကြသည်။ ထိုအခါ တံတွေးတပျစ်ပျစ် ဖြစ်လာသည်။ ဝိုင် ဒုတိယအိုးကို ဖွင့်ကြရပြီ။ ပီလွန် က"တူလီပန်း" သီချင်းကို ဆိုရန် ကြိုးစားသည်။

"ကနေ့ည သူ့အိမ်မှာ ကော်နဲလီယာရစ်ဇ် တစ်ယောက်တည်းရယ်ကွ"ဟု ပီလွန်က တစ်စုံတစ်ရာ စဉ်းစားနေမိ သည့် လေသံဖြင့် ပြောသည်။

"အလွမ်းသီချင်းတွေ ဆိုရင်တော့ ဘာမှ ထိခိုက်စရာ မရှိပါဘူး ထင်ပါတယ်ကွာ"ဟု ဂျီးဆပ်စ်မေရီယာက ပြောသည်။

"ဒါပေမယ့်ကွာ ငါတို့ သူငယ်ချင်း ဒင်နီ ဟာ အလွမ်းသီချင်းတွေကို မကြိုက်ဘူးကွ" ပက်ဘလိုက ကန့်ကွက်သည်။"သူက မြူးမြူးကြွကြွ သီချင်းတွေမှ ကြိုက်တာ၊ အထူးသဖြင့် ခပ်ထထ မိန်းမတွေအကြောင်း ရေးစပ် ထားတဲ့ သီချင်းတွေကို ပိုပြီး ကြိုက်သေးတယ်"

အားလုံးက ခေါင်းညိတ်၍ ထောက်ခံကြသည်။"အေး ဟုတ်တယ်၊ ဒင်နီဟာ မိန်းမတွေအဖို့ မဟာ သူရဲကောင်း ကြီးတစ်ယောက်ပဲကွ"

ပက်ဘလို က"တူလီပန်း" သီချင်း ဒုတိယအပိုဒ်ကို

တစ်ပိုင်းတစ်စည်းသည်၊ ပီလွှန်က လိုက်ဆိုသည်။ ထိုအခါ ကျန်လူများကပါ သီချင်းအဆုံးအထိ လိုက်ဆိုကြလေသည်။

သီချင်းဆုံးသောအခါ ပီလွှန်က လက်ထဲမှ ဆေးပြင်းလိပ်ကို ပါးစပ်တွင်တပ်၍ တအားဖွာသည်။ မီးက ငြိမ်းနေပြီ။"ဟေ့ တိတိုးရပ်ဖ်၊ မင်း ဂီတာသွားယူလာပါလားကွ၊ ဂီတာနဲ့ဆိုတော့ ပိုပြီး မြိုင်တာပေါ့" သူသည် ဆေးလိပ်ကို မီးပြန်ညှိကာ ဖွာသည်။ လက်ထဲမှ မီးမငြိမ်းသေးသော မီးခြစ်ဆံကိုမူ လက်ညှိုးဖြင့် တောက်ထုတ် လိုက်လေသည်။

မီးခြစ်ဆံသည် တစ်ဖက်နံရံတွင် ကပ်၍ ချထားသည့် သတင်းစာအဟောင်းတစ်စောင်ပေါ်သို့ ကျသည်။ အား လုံးက မီးကိုငြိမ်းရန် တစ်ပြိုင်တည်းလိုလို ခေါင်းထောင် ကြည့်လိုက်ကြသေးသည်။ သို့သော်လည်း အတွေး တစ်မျိုး ဝင်လာဟန် တူ၏။ မည်သူမှ ထိုင်နေရာမှ မထ။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ ပြုံးကြသည်။ သူတို့သည် သတင်းစာပေါ်မှ မီးခြစ်ဆံ မီးတောက်ကို မျက်ခြည်မပြတ် ကြည့်နေကြသည်။ မီး တောက်သည် သေသွားတော့မည့်နှယ် တဖြည်းဖြည်းချင်း မှေးမှိန်သွားသည်။ ထို့နောက် ဖျတ်ခနဲ အရောင်လက်ကာ မီးတောက် ပြန်ထလာသည်။ မီးတောက်သည် သတင်းစာ တစ်စောင်လုံးကို ကုန်အောင်ဝါးမျို ပြီးသော် နံရံသို့ကူးကာ ခြောက်သယောင်းနေသော သစ်သားကို စွဲသည်။

ပီလွှန် တို့ လူစုသည် အပြုံးမပျက်။ မီးတောက်သည် မြွေတစ်ကောင်လျှောက်သွားနေသည့်နှယ် နံရံတစ်လျှောက် တွယ်ကပ်တက်ကာ ခေါင်မိုးအထိ ရောက်သွားသည်။ ထို့နောက် ခေါင်မိုးမျ ဖောက်ထွက် ကာ တလူးလူး တလွန့် လွန့် လူးပ်ရှားသည်။ မီးတောက်မီးလျှံများသည် ကြီးထွား လာသည်နှင့် အမျှ ဆူညံသော အသံကို ပြုသည်။ ထို အခါကျမှပင် ပီလွှန်တို့လူစုသည် ထိုင်နေရာမှထကာ အိမ်အပြင်သို့ ဒယီးဒယိုင်ဖြင့် ထွက်လာခဲ့ကြလေသည်။

ဘယ်အချိန် ဘယ်အခါမဆို သင်ခန်းစာယူလေ့ရှိသော ပီလွှန်သည် ဝိုင်လက်ကျန် ရှိနေသေးသည့်အိုးကို ချိုင်း တွင် ညှပ်ကာ ယူလာခဲ့သည်။

မွန်ထရေးမြို့ဘက်မှ မီးသတ်ကား ခေါင်းလောင်းသံများသည် ဆူညံစွာ အော်မြည်လျက် ရှိကြသည်။ မီးသတ် ကားများသည် စက္ကင်းဂီယာဖြင့် တော်တီလာဖလက် ရပ်ကွက်တည်ရာ တောင်ကုန်းပေါ်သို့ အပြေးအလွှား တက်လာကြသည်။ မီးမောင်း များမှ အလင်းရောင်တန်းများသည် သစ်ပင်များပေါ်သို့ ဖြန့်၍ ဖြန့်၍ ကျလာ နေသည်။

မီးသတ်ကားများ ဆိုက်ရောက်ချိန်တွင် တစ်အိမ်လုံးကို ဝါးမျိုထားသည့် မီးတောက်ကြီးတစ်ခုသာ ကျန် တော့သည်။ မီးသတ် သမားများသည် ဘေးအိမ်များသို့ မီးမကူးရန် အနီးအနား တစ်ဝိုက်ရှိ အိမ်များနှင့် သစ်ပင်များ ကိုသာ ရေဖျန်းပေးကြသည်။

မီးလောင်ရာကို လာ၍ ကြည့်နေကြသော တော်တီလာဖလက်

ရပ်ကွက်အတွင်းမှ လူများကြားတွင် ဒင်နီ၏ သူငယ်ချင်း များသည် ရပ်နေကြ၏။ သူတို့သည် တစ်အိမ်လုံး ပြာကျသွားသည့်အချိန်အထိ စောင့်ကြည့် နေကြသည်။ မီးသတ်ကားများသည် နောက်ပြန်လှည့်ကာ လာလမ်းအတိုင်း ပြန်သွားကြလေပြီ။

တော်တီလာဖလက် ရပ်ကွက်အတွင်းမှ လူများသည် အမှောင်ထုအတွင်းသို့ တိုးဝင် ပျောက်ကွယ် သွားကြသည်။ ဒင်နီ၏ သူငယ်ချင်းများကတော့ မီးခိုးတလူလူ ထွက်နေသေးသော ပြာပုံကို ရပ်၍ ကြည့်နေကြဆဲ။ သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ထူးဆန်းသော အကြည့်ဖြင့် ကြည့်လိုက် ကြ၏။ ထို့နောက် မီးလောင်ထား သော အိမ်နေရာသို့ လျှောက်သွားကြသည်။ အတန်ကြာသောအခါ သူတို့သည် မီးလောင်မြေ အပါးမှ ထွက်ခွာ သွားကြသည်။ နှစ်ယောက်ပင် အတူတူ တွဲမလျှောက်၊အားလုံး တကွဲတပြား၊ တစ်ဦးချင်းစီ။

ပြီးပါပြီ

စာရေးသူ - မောင်ထွန်းသူ

၁၉၈၆ ခု၊ စက်တင်ဘာလ ၂၁ ရက်

https://t.me/TheBookR